www.foreverspace.com.mm

# LIVING COLOR

ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် | No. 159,October, 2008

## မြန်မာလူငယ်များနှင့်
## စင်ကာပူပညာရေး



www.foreverspace.com.mm

**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေးဦးတည်ချက် (၄) ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

This magazine is founded and managed by board of directors of Myanmar Partners Think Tank Group in june, 1995 underlicensed of Living Color.

RECYCLE

KEEP THE WORLD GREEN.

၁။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်း၊ သတင်းဆောင်းပါး ဓာတ်ပုံများနှင့် အခြား ဖော်ပြချက်အားလုံး တရားဝင်အမည် ဖော်ပြထားသည်ဖြစ်စေ၊ တရားဝင်အမည် မဖော်ပြထားသည်ဖြစ်စေ၊ LIVING COLOR အယ်ဒီတာအဖွဲ့၏ အာဘော် ဖြစ်သည်။

၂။ ဤစာအုပ်တွင် ဖော်ပြထားသော သတင်းအချက်အလက်များကို LIVING COLOR မှ ရရှိကြောင်း ဖော်ပြ၍ လွတ်လပ်စွာ ကိုးကားနိုင်ပါသည်။

၃။ ဤစာအုပ်၏ မြန်မာ့စီးပွားရေးသတင်းကဏ္ဍတွင် ဖော်ပြထားသော သတင်းများ ( အထူးသဖြင့် ဈေးကွက်ဖော်ပြထားသောသတင်းများ ) ကို နိုင်ငံခြားဘာသာဖြင့် ထုတ်ဝေသည့် မီဒီယာကော်ပီကူးယူ၍ အစိတ်လိုက်သော်လည်းကောင်း၊ တစ်ပိုင်းလုံးသော်လည်းကောင်း ဘာသာပြန်ဆိုဖော်ပြခြင်းကို လုံးဝ (လုံးဝ) တားမြစ်သည်။ ဘာသာပြန်ဆိုဖော်ပြလိုပါက LIVING COLOR ၏ ခွင့်ပြုချက် ရယူရမည် ဖြစ်ပါသည်။

www.foreverspace.com.mm



# နိုင်ငံရပ်ခြားတွင် ပညာရှာခြင်းနှင့် နိုင်ငံတည်ဆောက်ခြင်း

ရှေးက မင်းညီမင်းသားများသည် တစ်တိုင်းတစ်ပြည် တက္ကသိုလ်ပြည်သို့ သွားရောက်၍ အဋ္ဌာရသ ဆယ့်ရှစ်ရပ်ကို သင်ကြားပြီး ပညာပြည့်စုံသောအခါမှ နိုင်ငံသို့ပြန်လာကာ ထီးနန်းအရိုက်အရာကို ဆက်ခံ တတ်ကြကြောင်း ဇာတ်နိပါတ်တော်များတွင် အထင်အရှားပါရှိသည့်အတွက် နိုင်ငံတည်ဆောက်ရေးနှင့် နိုင်ငံခြားပညာသင်ခြင်းမှာ ရှေးကပင် တိုက်ရိုက်ဆက်စပ်နေကြောင်း မြင်နိုင်သည်။

မြန်မာနိုင်ငံတစ်ခုလုံးကို အင်္ဂလိပ်တို့သိမ်းပိုက်လုဆဲဆဲ ကုန်းဘောင်ခေတ်နှောင်းတွင် အင်္ဂလိပ်တို့၏ နည်းပညာသာလွန်မှုကိုတင်ပြရန် မြန်မာလူငယ်များထဲမှ လက်ရွေးစင်များကို ဥရောပသို့ ပညာသင်ရန် စေလွှတ်ခဲ့ခြင်းသည်လည်း အတန်ငယ်နောက်ကျသည်မှတစ်ပါး အမြော်အမြင်ကြီးသော နိုင်ငံတည် ဆောက်ရေးဆုံးဖြတ်ချက်တစ်ရပ် ဖြစ်သည်။

မြန်မာလူငယ်ရဲဘော်သုံးကျိပ်သည် ဂျပန်နိုင်ငံတွင် စစ်ပညာသွားရောက်သင်ကြားပြီး မြန်မာ့ခေတ်သစ် တပ်မတော်၏မူလအစ BIA ကို တည်ထောင်ခဲ့ကာ ထိုတပ်မတော်သည် ဖက်ဆစ်တို့ကို တော်လှန်နိုင်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေးကို ဗြိတိသျှတို့ထံမှ တောင်းဆိုသောအခါတွင်လည်း နောက်ခံအင်အားအဖြစ် မားမားရပ် တည်နိုင်ခဲ့သောကြောင့် မြန်မာတို့ လွတ်လပ်ရေးရရှိကာ နိုင်ငံတည်ဆောက်နိုင်ခဲ့သည်မှာ မြန်မာပြည်သူတို့ အသိပင် ဖြစ်သည်။

အိမ်နီးချင်းအင်အားကြီးတရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ခေတ်မီနိုင်ငံတည်ဆောက်ရေးစတင်သည့် ၁၉၇၀ ပြည့်နှစ်များကအစပြုကာ တရုတ်လူငယ်အများအပြားကို တိုးတက်သောနိုင်ငံများတွင် ပညာတော်သင် အဖြစ် ဆယ်ယောက်လျှင် တစ်ယောက်ပြန်လာလျှင် တော်ပြီဟုဆုံးဖြတ်ကာ စေလွှတ်ခဲ့သည့်မူဝါဒမှာ အချိန် အခါသင့်သည့် ယခုအခါတွင် ထိုသူများသည် ကျောင်းသင်ပညာများသာမက လုပ်ငန်းခွင်အတွေ့အကြုံများ၊ အဆက်အသွယ်များကိုပါ တစ်ပါတည်းယူဆောင်၍ ပြန်လည်ရောက်ရှိကာ ကိုယ်ပိုင်လုပ်ငန်းတည်ထောင် လုပ်ကိုင်ကြသောကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ နိုင်ငံတည်ဆောက်ရေးကို အရှိန်ပိုမြန်အောင် တွန်း တင်ပေးလိုက်သကဲ့သို့ဖြစ်သည်။

အထူးသဖြင့် တိုင်းတစ်ပါးသို့ ပညာသွားရောက်ဆည်းပူးကြသူများသည် ထိုနိုင်ငံများတွင်ပင် နေထိုင် လုပ်ကိုင်သောကြောင့် အမိနိုင်ငံအဖို့ လူသားအရင်းအမြစ် ထာဝရဆုံးရှုံးရသည်ဆိုသောယူဆချက် Brain Drain Concept အစား တိုင်းတစ်ပါးမှ ပညာရပ်များ၊ အဆက်အသွယ်များကိုဆောင်ယူပြီး ပြန်လာမည့် လူသားအရင်းအမြစ်များဟု ယူဆသည့် Brain Gain Concept ကို ပိုမိုလက်ခံလာကြသည့်ခေတ်အခါတွင် ယနေ့မြန်မာနိုင်ငံ၌ နိုင်ငံရပ်ခြားသို့ ပညာသွားရောက်ဆည်းပူးသူများ များပြားလာခြင်းသည် နိုင်ငံတည် ဆောက်ရေးအတွက် အရေးပါလှသည့်အင်အားဟု Living Color က ခံယူပါသည်။

**အယ်ဒီတာ**

**၁၃-၉-၂၀၀၈**

# LIVINGCOLOR

LIVING COLOR. No.159, OCTOBER. 2008.


၁ အယ်ဒီတာ့အာဘော်

၅ ယခုလအကြိုက်ဆုံးကုန်ပစ္စည်း

၆ ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

၆(A) ယခုလအကြိုက်ဆုံးကြော်ငြာ

၆(B) ယခုလသတင်းအညွှန်း

၈ မြန်မာ့စီးပွားရေးသတင်း

၁၆ မျက်နှာဖုံးဆောင်းပါး

မြန်မာလူငယ်များနှင့် စင်ကာပူပညာရေး

အယ်ဒီတာအဖွဲ့

၂၄ အထူးဆောင်းပါး/စကားဝိုင်း

"မြန်မာကျောင်းသားတွေက အရမ်းစည်းလုံးတယ်"

စင်ကာပူ Singapore Polytechnic တွင်

ဒုတိယနှစ်တက်ရောက်နေသော မြန်မာကျောင်းသား၊

ကျောင်းသူများနှင့် စကားဝိုင်းဆွေးနွေးပွဲ

အဖွဲ့ဝင်အယ်ဒီတာ

၄၀ မြန်မာ့စီးပွားရေးမြင်ကွင်း

မေလနောက်ပိုင်း လှည့်ပြောင်းလာသည့် မြစ်ဝကျွန်းပေါ်

ဒေသ၏ စကားပြောကြေးနန်းဆက်သွယ်ရေး

နိုင်မင်းဝေ

၄၆ ကမ္ဘာကြည့်သော မြန်မာပြည်က ငှက်တစ်ကောင်

တင်အောင်ကျော်

၅၄ နာဂစ်အလွန်လပွတ္တာနှင့် ပြောင်းလဲလာသည့်လုပ်ငန်းခွင်

ကျော်ဆန်းမင်း၊အောင်စိုး၊

၅၈(B) မြန်မာ့ဆော့ဖ်ဝဲလောက ပြိုင်ဘက်တွေနဲ့ယှဉ်ရှေ့နိုင်ပါသည်

ကိုအောင်ဘုန်း

၆၀ ရန်ကုန် ကုန်စည်ဈေးကွက်

နိုင်မင်းဝေ၊ဓာလီကျော်

၆၈ အသွင်သစ်ဖြင့် နီးထလာမည့်ဆားအိုးကြီး

ဟန်စိုးထိုက်

၇၆ မြန်မာ့ရေလုပ်ငန်း ၂၀၀၉ အလားအလာ

ကျော်ဆန်းမင်း၊ကြူကြူသင်း၊မိုးနိုင်

၈၂ မြန်မာ့စီးပွားရေးအမြင်

အမှားများနှင့်ဖွံ့ဖြိုးရေး (၂) နွဲ့ကေခိုင်




# CONTENTS

LIVING COLOR. 159, OCTOBER. 2008.

www.foreverspace.com.mm


၅၃(B) မြန်မာ့ဆော့ဖ်ဝဲလောက ပြိုင်ဘက်တွေနှင့်ယှဉ်ပြိုင်နိုင်ပါသည် — ကျော်အောင်ဘုန်း

၆၀ ရန်ကုန် ကုန်စည်ဈေးကွက် — နိုင်မင်းဝေ၊ ဇာလီကျော်

၆၈ အသွင်သစ်ဖြင့် နီးထလာမည့်ဆားအိုးကြီး — ဟန်နိုးထိုက်

၇၅ မြန်မာ့ရေလုပ်ငန်း ၂၀၀၈ အလားအလာ — ကျော်ဆန်းမင်း၊ ကြူကြူသင်း၊ မိုးနိုင်

၈၂ မြန်မာ့စီးပွားရေးအမြင်

အမှားများနှင့်ဖွံ့ဖြိုးရေး(၂) — ခွဲ့ကေနိုင်

၈၆ ဓာတ်သည်တွေကိုရေရှည်ထိန်းထားနိုင်ဖို့ — မှူးခန့်စံ

၉၀ တွေ့ဆုံဆွေးနွေးမှုများ

၉၂ ရက်စွဲမှတ်တမ်း

၉၄(A) ဘယ်ပစ္စည်းဘာ့ကြောင့်

၉၆ မြန်မာပြည်တွင်လုပ်သည်

၉၈ ဈေးဝယ်လမ်းညွှန်

၁၀၀ ကာတွန်း

ဒါရိုက်တာအောင်ကြူကြူ — စိုးသော်တာ

၁၂၂ ကုန်ဈေးနှုန်း

၁၂၈ ထင်ရှားကျော်ကြားမြန်မာ့စီးပွား

၁၃၁ တစ်ဦးတည်းကိုယ်စားလှယ်

၁၃၂ အတွေးအမြင်

နည်းပညာနှင့်လူသား — မြသန်းသန်းနု

၁၄၀ တောင်ကြီးသို့နောက်တစ်ခေါက်(၁) — သခင်တင်မြ

၁၄၆ သူတို့ဆီက စည်ပင်သာယာ — ကိုဝမ်း

၁၅၀ လုပ်ငန်းတွင်းမှ နိုးလိုးစုလုများ — မောင်မောင်တင်

၁၅၄ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၁၃) — ဦးလှဝင်း(လေသူရဲတစ်ဦး)




www.foreverspace.com.mm

# Contents




## Board of Editors

**Chief Editor** – ကျော်မင်းဆွေ

**Deputy Chief Editor** – ဇေယျာသူ

**Editor In Charge (Production)** – မင်းဇင်

**Editor In Charge** – ကျော်နိုင်

**Senior Executive Editor** – ရဲမင်းဦး

**Research & Development Editor** – ရွှေအိမြင့်

**Executive Editors** – နိုင်ချိုဇော်ဝင်းတင်၊ ဇင်ဇင်သော်၊ နွဲ့ကေနိုင်၊ သီရိဇော်

**Editors** – မိုးကျော်လွင်၊ စန်းမော်အောင်၊ သိဂီထိုက်၊ မြနှင်းအေး

**Senior Reporters** – တင်လင်း၊ စိုးယုဝေ၊ ကျော်ဆန်းမင်း၊ လှိုင်းသစ်ဇင်ဆေ၊ ကျော်ကျော်မင်း၊ နိုင်မင်းဝေ၊ ကေနိုင်ကျော်၊ ဇာလီကျော်

**Staff Reporters** – ကျော်ဇေယျာထွန်း၊ အောင်စိုး၊ အိမ္မနဲကျော်၊ ခင်ငွေးကြယ်၊ ဟန်နိုးထိုက်၊ ကျော်ဇေယျာဝင်း

## DTP Department

**Supervisor** – မနိုင်

**Staff Operators** – ငုဝါနိုင်၊ အေးမို့မို့အောင်၊ ခင်မာလွင်၊ သီတာစန်း

## Finance Department

**General Manager** – ပေအောင်ဇင်

**Manager (Admin and Finance)** – စန်းသီတာ

**Manager (Account)** – မဆင့်

**Deputy Manager (Account)** – ပြည့်ပြည့်ဝန်းအေး

**Assistant Manager** – နိုင်ရတနာထိုက်

**(Marketing/Distribution Accounts)**

## Marketing Department

**Manager** – ကျော်သန်း

**Assistant Manager** – ဖြူဖြူသီ

**Designer** – သိန်းအောင်ထွန်း

**Marketing Supervisor** – စန္ဒာလှိုင်

**Marketing Assistants** – ခင်မျိုးချစ်၊ မင်းအောင်၊ ပြည့်ဖြိုးအောင်

**Receptionist** – ဆုအိမ်ဖြူဦး

## Printing Department

**Manager** – စောမိုးဇက်

## Production Department

**Manager (Production & External Relation)** – အောင်ကျော်ဆန်း

**Assistant Manager** – ဟန်မြင့်

## Distribution Department

**General Manager** – မင်းဇင်

**Assistant Manager** – ထက်ဝေါင်

**Assistants** – ရွှေဥမ်းအေး၊ ကြည်သာဝင်းမြ

## Creation Department

**Art Director** – စိုးသော်တာ

**Cover Idea** – KMS

**Cover Logo** – အောင်မင်း၊ ဘငွေးကြည်၊ မြင့်မောင်ကျော်

**Illustrator** – စိုးသော်တာ၊ ဖေသစ်တည်



## Publisher

ဒေါ်ဝင်းကလျာဆွေ (ယာယီမှတ်ပုံတင်အမှတ်-၁၁၅၉)
အမှတ် ၁၄၈–B၊ အေဝမ်းလမ်း၊ ရှစ်မိုင်ခွဲ၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

## Press

Living Color ပုံနှိပ်တိုက် (မြ-၀၆၃၄၈)

အမှတ် ၂၇၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်။

## Office

သမ္မတဟိုတယ် (Business Suite)
အမှတ် (၅)၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၄၂၄၂၄၊ ၀၉-၅၀၀၀၉၉၇၊ ၀၉-၉၉၇၄၃၄၃
ဖက်စ်– ၂၄၂၄၂၄၊ ၃၃၃၅၉၂၈၊
hot line – ၀၉-၉၉၇၄၃၄၃

## E-mail

Chief Editor - c-editor@myanmar.com.mm

News Room - myanfo@myanmar.com.mm

Marketing - paz@myanmar.com.mm

livingcolor@mail4u.com.mm

## Web Site - www.foreverspace.com.mm

Photographers – မိုးကျော်လွင်

B/W Film – PERFECT

Binding – သန္တာ စာအုပ်ချုပ်

## Upper Myanmar Distributor

ထွန်းဦးစာပေ၊ မန္တလေး။

Cover Permission – ၅၄၀၉၀၆၀၉၀၈

Circulation – ၁၀၀၀

Distribution Price – ၁၃၅၀ ကျပ်


Copyright – Living Color ( ကြော်ငြာနှင့်ဈေးဝယ်လမ်းညွှန် )


### ကျေးဇူးတင်လွှာ

ဤမဂ္ဂဇင်းပါ သတင်း၊ ဆောင်းပါးနှင့် ကုန်ဈေးနှုန်းများအတွက် အကူအညီပေးခဲ့ကြသော OK အီလက်ထရောနစ်၊ ဂမုန်းပွင့်ကုန်တိုက်၊ ကျောက်မြောင်းစတိုး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၊ ရွှေအိုးဆာန်ဆိုင် (သက်န်းကျွန်း)၊ ဦးဘစိန် အဆင့်မြင့်လျှပ်စစ်၊ ဒေါ်မေး အဆင့်မြင့်လျှပ်စစ်၊ Mr.Slim, Ever Fine, KMD Computer Center, Client Focus Technology Group, စာပေလောက (၃) တို့နှင့် ညောင်ပင်လေးဈေး၊ မင်္ဂလာဈေးမှ မိတ်ဆွေများ၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်းဆရာ၊ ဒီဇိုင်းဆရာနှင့် မိတ်ဆွေသဂ်ဟာများ၊ ပုံနှိပ်၊ ဖလင်၊ စာအုပ်ချုပ်အဖွဲ့၊ ရောင်းဝယ်သူများ၊ ငှားရမ်းသူများ၊ ဖတ်ရှုအားပေးသူများနှင့် စာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ပါဝင်ကူညီသူအားလုံးကို Myanmar Partners Think Tank Group မှ ကျေးဇူးတင်ရှိပါသည်။

www.foreverspace.com.mm



# PRODUCT OF THE MONTH


# ယခုလအကြိုက်ဆုံးကုန်ပစ္စည်း

ယခုလအကြိုက်ဆုံးကုန်ပစ္စည်းအဖြစ် Singapore Tourism Board က စီစဉ်ထုတ်ဝေသော 'Studying and Living in Singapore' နိုင်ငံတကာကျောင်းသားများအတွက်လမ်းညွှန်စာအုပ်ကို ရွေးချယ်လိုက်ပါသည်။

ယင်းစာအုပ်တွင် စင်ကာပူနိုင်ငံ၏သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် နေထိုင်သူလူမျိုးများအကြောင်းကို နိဒါန်းတွင်မိတ်ဆက်ဖော်ပြထားပြီး စင်ကာပူနိုင်ငံ လူဝင်မှုကိစ္စရပ်များ၊ စင်ကာပူနိုင်ငံတွင် ပညာသင်ကြားခြင်း၊ ကျောင်းသားများအတွက် ဝန်ဆောင်မှုများ၊ နေထိုင်ရေးကိစ္စ၊ ငွေရေးကြေးရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ပြည်သူ့ဝန်ဆောင်မှုများနှင့် ဥပဒေရေးရာကိစ္စရပ်များနှင့်ဆိုင်သော အရေးကြီးသတင်းအချက်အလက်များကို အခန်းများခွဲ၍ ဖော်ပြထားပါသည်။ စင်ကာပူ၌ဈေးဝယ်ထွက်ခြင်း၊ ပြင်ပတွင်စားသောက်ခြင်း၊ အပန်းဖြေစရာများ၊ သင်ကြားရေးဆိုင်ရာအကြံပေးချက်များ၊ ထူးခြားသောစင်ကာပူသုံး အတိုကောက်အခေါ်အဝေါ်များနှင့် အင်္ဂလိပ် စင်ကာပူ ရောစပ်ထားသည့် Singlish ဝေါဟာရများကိုပါ အခန်းခွဲ၍ ဖော်ပြထားသည်။ ထို့ပြင် အသေးစိတ် သတင်းအချက်အလက်ရယူနိုင်သည့် ဆက်သွယ်ရန်ဖုန်းနံပါတ်များ၊ Website လိပ်စာများကိုပါ ထည့်သွင်းဖော်ပြထားပါသည်။

စင်ကာပူနိုင်ငံသို့ မြန်မာနိုင်ငံမှ လူငယ်အများအပြား ပညာဆည်းပူးရန်နှင့် အလုပ်အကိုင်ရရှိရန် သွားရောက်နေချိန်တွင် ယခုကဲ့သို့ စင်ကာပူနိုင်ငံနှင့်စပ်လျဉ်း၍ သိသင့်သိထိုက်သည်များကို ကျစ်လျစ်ပြည့်စုံစွာ မြန်မာဘာသာဖြင့် အရည်အသွေးမီ ပုံနှိပ်ဖော်ပြထားပြီး Singapore Education Services အသိအမှတ်ပြု ပညာရေးဝန်ဆောင်မှုအေဂျင်စီလေးခုမှတစ်ဆင့် အခမဲ့ဖြန့်ချိပေးသဖြင့် ယခုကဲ့သို့ ရွေးချယ်ဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

**အယ်ဒီတာ**



www.foreverspace.com.mm


## SERVICE OF THE MONTH

# ယခုလအကြိုက်ဆုံးဝန်ဆောင်မှု

ယခုလအကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် MRTV 4 နှင့် Family Entertainment တို့ပူးပေါင်းစီစဉ်မှုဖြင့် MRTV 4 ရုပ်မြင်သံကြားအစီအစဉ်များတွင် ပထမဦးဆုံး ထုတ်လွှင့်ဖော်ပြခဲ့သော ဘေဂျင်းအိုလံပစ်–၂၀၀၈ အားကစားပွဲစဉ်များတိုက်ရိုက်ထုတ်လွှင့်ဖော်ပြမှုကို ရွေးချယ်လိုက်ပါသည်။

အားကစားဝါသနာရှင် မြန်မာပရိသတ်များအဖို့ မိမိတို့နေအိမ်မှပင် ကမ္ဘာတစ်ဝန်းလုံးရှိ အားကစားပရိသတ်များနည်းတူ တစ်ပြိုင်နက် အားပေးကြည့်ရှုနိုင်ခြင်း၊ ဂြိုဟ်တုစလောင်းများနှင့် အခပေး 5 Movies Channel တို့တွင် ထုတ်လွှင့်ပြသလျက်ရှိသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ပုံမှန်ကြည့်ရှုနေသည့်ပရိသတ်များနှင့် ရုပ်မြင်သံကြားအစီအစဉ်များကို ပုံမှန်ကြည့်ရှုလေ့ ကြည့်ရှုထမရှိသည့်ပရိသတ်များကပါ တစ်ခဲနက် အားပေးကြည့်ရှုကြခြင်း၊ ပွဲစီစဉ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ခမ်းနားကြီးကျယ်လှသည့် ပြိုင်ပွဲစီစဉ်ကျင်းပနိုင်ပုံကို ကြည့်ရှုလေ့လာခွင့်ရခြင်း စသည်တို့ကြောင့် ယခုကဲ့သို့ အကြိုက်ဆုံးဝန်ဆောင်မှုအဖြစ် ရွေးချယ်ရခြင်းဖြစ်သည်။

**အယ်ဒီတာ**






www.foreverspace.com.mm




# ADVERTISEMENT OF THE MONTH

# ယခုလအကြိုက်ဆုံးကြော်ငြာ

ယခုလအကြိုက်ဆုံးကြော်ငြာအဖြစ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြပါရှိသည့် Jasmine Phyu Gem & Jewellery ဆိုင်ကြော်ငြာကို ရွေးချယ်လိုက်ပါသည်။ စတင်ကြော်ငြာချိန်မှစပြီး လူအများ သတိပြုမိလာခြင်း၊ စိတ်ဝင်စားဖွယ်ရာစာသားများဖြင့် ဆွဲဆောင်မှုရှိစေရန် တင်ဆက်ထားခြင်း၊ ကြော်ငြာများတွင် စာသားနှင့်ဆိုင် Logo သာ ထည့်သွင်းထားသည့်အတွက် ရိုးရှင်းပြီး ကြော်ငြာလိုသည့်အချက်ကို ပေါ်လွင်စေခြင်း စသည့်အချက်များကြောင့် ရွေးချယ်ဖော်ပြရခြင်း ဖြစ်ပါသည်။

စတင်ကြော်ငြာသည့်ရက်စွဲ – ၉–၈–၂၀၀၈

**အယ်ဒီတာ**



www.foreverspace.com.mm



## NEWSMAKER OF THE MONTH

# ယခုလသတင်းအညွှန်း

'ယခုလသတင်းအညွှန်း' ကဏ္ဍကို တစ်လအတွင်းဖြစ်ပေါ်ခဲ့သည့် ထူးခြားသည့်သတင်းတစ်ရပ်ကို ရည်ညွှန်းမှတ်တမ်းတင်သည့်ကဏ္ဍအဖြစ် ဖွင့်လှစ်ထားခြင်း ဖြစ်ပါသည်။ ဤကဏ္ဍကို လစဉ် ဖောင်ပိတ်ရက်ဖြစ်သော လ၏ ၂၅ ရက်ကို မူတည်၍ ရက်ပေါင်း ၃၀ အတွင်း မီဒီယာမျိုးစုံမှ ဖော်ပြခဲ့သောသတင်းများအနက်မှ အထူးခြားဆုံးသတင်းကို အယ်ဒီတာက စာဖတ်သူများအား သတိပြုမိစေလို၍ ဖော်ပြခြင်းဖြစ်ပါသည်။ **အကြောင်းအရာရွေးချယ်သည့်မူဝါဒမှာ အယ်ဒီတာအဖွဲ့၏အာဘော်ဖြစ်ပြီး ဖော်ပြချက်များသည် မူလသတင်းစာစ်မြစ်၏အာဘော်အတိုင်း ဖြစ်ပါသည်။**

နံနက် ၈ နာရီမှ ၈ နာရီ ၂၅ မိနစ်အထိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းရှေ့မှနေ၍ လက်ကိုင်အသံချဲ့စက်ဖြင့် ကုလသမဂ္ဂမှ Mr.Gambari ၏ ကိုယ်စားလှယ်နှစ်ဦး လာရောက်တွေ့ဆုံပါကြောင်း ကြိမ်ဖန်များစွာအော်ဟစ်၍ ဆက်သွယ်မှုရရန် ကြိုးပမ်းခဲ့သော်လည်း တစ်စုံတစ်ရာတုံ့ပြန်မှု မရှိခဲ့ကြောင်း သိရှိရသည်။ ထို့ကြောင့် Mr.Gambari အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ရရန် ဒုတိယအကြိမ် ကြိုးပမ်းခဲ့သော်လည်း တွေ့ဆုံခွင့်မရခဲ့ပေ။

ဩဂုတ်လ ၂၄ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၆ တွင် ဖော်ပြထားသည့် "ဒေါ်အောင်ဆန်းစုကြည်အား တွေ့ဆုံခွင့်ရရန် Mr. Gambari အနေဖြင့် အမျိုးမျိုးကြိုးစားခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည် ငြင်းပယ်ခဲ့သည့်အတွက် တွေ့ဆုံခွင့်မရခဲ့" ဆိုသောသတင်းမှ ကောက်နုတ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

မြန်မာ့စီးပွားရေးသတင်း

LIVING COLOR. No.159, OCTOBER. 2008.

www.foreverspace.com.mm

# မြန်မာ့စီးပွားရေးသတင်း

**B U S I N E S S N E W S**

အမှတ် ၁၅၉ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ

# မာတိကာ


- **ဆေးပစ္စည်း၊ သက်န်းနှင့်ဝတ်စုံများ ဇီဝိတဒါနသံဃာ့ဆေးရုံ ပြန်လည်လှူဒါန်း**
- **ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း အပ်စိုက်ကုခံယူသူ တစ်ရက် ၂၀၀ ဦးခန့်ရှိ**
- **မြောက်ဦးတွင် အဆင့်မီဟိုတယ်များတိုးချဲ့တည်ဆောက်**
- **ဒဂုံဆိပ်ကမ်းစက်မှုဇုန် မြေကွက်ပိုင်ရှင်များ ဆက်သွယ်ရန်ပျက်ကွက်ပါက စီမံခန့်ခွဲမှုကော်မတီ အရေးယူမည်ဟုဆို**
- **စင်ကာပူနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းခွင် ကျွမ်းကျင်လုပ်သားလိုအပ်မှုမြင့်တက်**
- **တောင်ငူမြို့တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်း ထက်ဝက်ကျော်လျော့ကျ**
- **ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းများ သက်တမ်းတိုးလက်မှတ်ရှိ မရှိ ပုံမှန်စစ်ဆေးမည်**
- **စပါးလေလွင့်ဆုံးရှုံးမှု တစ်နှစ်တန်ချိန် သုံးသန်းခန့်ရှိ**


## မြေဂရန်မရှိသော်လည်း ဆောက်လုပ်ခွင့်လိုင်စင်ရှိပါက သုံးထပ်အဆောက်အအုံထိ ဆောက်လုပ်ခွင့်ပြု

**ရန်ကုန်၊ စက်တင်ဘာ ၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ရာတွင် မြေဂရန်မရှိသော်လည်း ဆောက်လုပ်ခွင့်လိုင်စင်ရှိပါက သုံးထပ်အဆောက်အအုံအထိ ဆောက်လုပ်ခွင့်ပြုထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန (အဆောက်အအုံ) မှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

မြေဂရန်မရှိဘဲ ဆောက်လုပ်ရာတွင် ဆောက်လုပ်ခွင့်လိုင်စင်ရကန်ထရိုက်များကိုသာ ခွင့်ပြုကြောင်း၊ ၎င်းတို့အနေဖြင့် ဆောက်လုပ်ခွင့်လိုင်စင်ရရှိထားသော်လည်း မြို့တော်စည်ပင် အင်ဂျင်နီယာဌာန (အဆောက်အအုံ)၏ စစ်ဆေးမှု၊ မီးသတ်ဦးစီးဌာန၏ မီးဘေးအန္တရာယ်ကင်းရှင်းမှုရှိ မရှိ စစ်ဆေးမှု စသည်တို့ဆောင်ရွက်ပြီးမှသာ ဆောက်လုပ်ခွင့်ပြုကြောင်း လမ်းနှင့်တံတားဌာနမှ အင်ဂျင်နီယာတစ်ဦးက ဆိုသည်။

ဆောက်လုပ်ရေးလုပ်ငန်းအများစုမှာ မီးလောင်ပြီး ကွက်လပ်ဖြစ်သွားသည့် မြေဂရန်မရသေးသောနေရာများ၊ ကျူးကျော်နယ်မြေများ၊ ဆင်ခြေဖုံးရပ်ကွက်များတွင် ဆောက်လုပ်လေ့ရှိကြောင်း၊ ယင်းကိစ္စကို လတ်တလောတွင် ခွင့်ပြုပေးထားသော်လည်း ရေရှည်တွင် ဆောင်ရွက်ခွင့်ပြုမည်မဟုတ်ကြောင်း၊ မြေဂရန်အတိအကျမရှိသည့်နေရာတွင် သုံးထပ်အထက် အထပ်မြင့်အဆောက်အအုံဆောက်လုပ်လျှင်လည်း လုံးဝခွင့်ပြုမည်မဟုတ်ကြောင်း အထက်ပါအရာရှိကြီးက ထပ်လောင်းပြောကြားသည်။

www.foreverspace.com.mm

# သင်္ဘောသားသစ်များအတွက် လေ့ကျင့်ရေးသင်္ဘောများ ထားရန်လို

**ရန်ကုန်၊ ဩဂုတ် ၂၈**

ပြည်ပနိုင်ငံအသီးသီးသို့ သင်္ဘောသားအသစ်အဖြစ် သွားရောက်တာဝန်ထမ်းဆောင်မည့် ပြည်တွင်းသင်္ဘောသားသစ်များအတွက် ကြိုတင်လေ့ကျင့်ရန် Training Ship (လေ့ကျင့်ရေးသင်္ဘော) များ ထားရှိရန်လိုအပ်လျက်ရှိကြောင်း မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်း အတွင်းရေးမှူး ဦးမင်းဇော်က ပြောကြားသည်။

အတွေ့အကြုံမရှိဘဲ သင်္ဘောလိုက်ခြင်းကြောင့် အသက်အန္တရာယ်နှင့် မကြာခဏရင်ဆိုင်ရကြောင်း၊ အတွေ့အကြုံမရှိခြင်းကြောင့် မည်သည့်သင်္ဘောအမျိုးအစား ရွေးချယ်ရမည်ကို မသိကြောင်း၊ အထူးသဖြင့် လေးလံသည့်ပစ္စည်းတင်သင်္ဘောများ၊ သစ်လုံးတင်သင်္ဘောများတွင် ထိခိုက်ဒဏ်ရာရ၍ အသက်ဆုံးရှုံးခဲ့ရသည့်အဖြစ်မျိုးထိ ရှိခဲ့ကြောင်း၊ ထို့ကြောင့် သင်္ဘောလိုက်မည့်သူများအတွက် လက်တွေ့လေ့ကျင့်ရေးသင်တန်းမျိုးပေးနိုင်ရန် လေ့ကျင့်ရေးသင်္ဘောများ သီးသန့်ထားရှိသင့်ကြောင်း ၎င်းက ဆိုသည်။

ပြည်ပသင်္ဘောလိုက်သူများအနက် ရေကြောင်းပညာသိပ္ပံသင်တန်းဆင်းသင်္ဘောသားအရေအတွက်မှာ နည်းပါးနေပြီး အတွေ့အကြုံမရှိသည့် ပြင်ပသင်္ဘောသားများသာများပြားကြောင်း၊ ရေကြောင်းပညာသိပ္ပံကျောင်းဆင်းများမှာ တစ်နှစ်ခန့် လက်တွေ့လေ့ကျင့်ထားကြခြင်းကြောင့် ပြဿနာဖြစ်ပွားမှုနည်းပါးကြောင်း၊ သက်ဆိုင်ရာဌာနအနေဖြင့် လေ့ကျင့်ရေးသင်္ဘော သီးသန့်မထားပေးသေးသော်လည်း ရေကြောင်းသိပ္ပံတွင်ဖွင့်လှစ်ပေးနေသည့် သင်တန်းများကိုမည်သူမဆိုတက်ရောက်၍ လက်တွေ့လေ့ကျင့်နိုင်ကြောင်း ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။



# ဆေးပစ္စည်း၊ သက်န်းနှင့် ဝတ်စုံများ ဇီဝိတဒါနသံဃာ့ဆေးရုံ ပြန်လည်လှူဒါန်း

**ရန်ကုန်၊ စက်တင်ဘာ ၃**

ဇီဝိတဒါနသံဃာ့ဆေးရုံကြီးက ပြည်တွင်းရှိ အစိုးရဆေးရုံကြီးများသို့ ဆေးဝါးများနှင့် သံဃာသီလရှင်များသုံး သင်္ကန်းနှင့် ဝတ်စုံများ၊ ဘီးတပ်ကုလားထိုင် (Wheel Chair) များကို အခါအားလျော်စွာ ပြန်လည်ပေးအပ်လှူဒါန်းလျက်ရှိကြောင်း ယင်းဆေးရုံ၏အကျိုးဆောင်အတွင်းရေးမှူး ဦးမောင်မောင်က Living Color သို့ ပြောကြားသည်။

အဆိုပါဆေးရုံက ၂၀၀၈ ခုနှစ် မေလအတွင်း လေဘေးဒဏ်ခံရသည့် ဒေးဒရဲမြို့နယ်တွင် သံဃာတော်များအတွက် သင်္ကန်း ၂၅၈ စုံ၊ သီလရှင်များအတွက် ဝတ်စုံ ၆၅ စုံနှင့် ကွမ်းခြံကုန်းပြည်သူ့ဆေးရုံသို့ Wheel Chair တစ်လုံး၊ ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံသို့ Wheel Chair တစ်လုံးနှင့် ဆေးဝါး၊ ဂွမ်းလိပ်မျိုးစုံနှင့် ကျပ် ၁၀၀,၀၀၀ တို့ကို လှူဒါန်းပေးခဲ့ကြောင်း ယင်းဆေးရုံမှ သိရသည်။

ထို့ပြင် နှင်းဆီကုန်းဘိုးဘွားရိပ်သာ၊ ခရစ်ယာန်သာသနာပြုဆေးရုံ၊ အင်းစိန်ပြည်သူ့ဆေးရုံ၊ ရန်ကုန်အရှေ့ပိုင်းဆေးရုံ၊ တိုင်းရင်းဆေးရုံ၊ ကြည့်မြင်တိုင်အရိုးဆေးရုံကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့သို့ ဘီးတပ်ကုလားထိုင် စုစုပေါင်း ၆၈ လုံး လှူဒါန်းခဲ့ကြောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနသို့လည်း ဝါတွင်းကာလတိုင်း စုပေါင်းသွေးလှူပွဲများပြုလုပ်ရာ ယခုနှစ်ဆိုပါက သတ္တမအကြိမ်ရှိပြီဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါ ဆေးရုံကြီးသို့ ပြည်တွင်းပြည်ပမှ လှူဒါန်းကြသော အလှူရှင်များအနက် ၇၀ ရာခိုင်နှုန်းမှာ အလှူရှင်အဟောင်းများဖြစ်ပြီး ၃၀ ရာခိုင်နှုန်းမှာ အလှူရှင်သစ်များဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

**သင်းမာသန်း**

www.foreverspace.com.mm

# ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်း အပ်စိုက်ကုခံယူသူ တစ်ရက် ၂၀၀ ဦးခန့်ရှိ

**ရန်ကုန်၊ ဩဂုတ် ၁၁**



ရန်ကုန်မြို့တော်ရှိ အခမဲ့ဆေးခန်းများအနက် အောင်မြင်မှုအရရှိဆုံးဆေးခန်းတစ်ခုဖြစ်သော ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းတွင် နိုင်ငံခြားဆေးဝါးများအပြင် အပ်စိုက်ကုထုံးများဖြင့် ကုသပေးလျက်ရှိရာ အပ်စိုက်ကုသမှုခံယူလိုသူများ ပိုမိုများပြားလာပြီး တစ်ရက်လျှင် ၂၀၀ ဝန်းကျင်ဦးရေ အထိရှိကြောင်း ရွှေပြည်ဟိန်းကျောင်းဆရာတော် အရှင်ခေမာသီရိလင်္ကာရက မိန့်ကြားသည်။

ယင်းကုထုံးသည် အဓိကအားဖြင့် အကြောဝေဒနာရှင်များကို သဃ်န်းကျွန်းစံပြဆေးရုံမှ အပ်စိုက်အထူးကုသမားတော် ဆရာဝန်ကြီးက ကုသပေးခြင်းဖြစ်ကြောင်း၊ ကုသမှုခံယူလိုသူများကို အပတ်စဉ် တနင်္ဂနွေနေ့တိုင်း မွန်းလွဲ ၁၂ နာရီမှစ၍ ကုသပေးလျက်ရှိကြောင်း ဆရာတော်၏မိန့်ကြားချက်အရ သိရသည်။

ယင်းကုသိုလ်ဖြစ်ဆေးခန်းကို ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၂၈ ရက်မှ စတင်ကာ သီတဂူအာယုဒါန၊ အမျိုးဘာသာ သာသနာတော်အတွက် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ပြီး ဆင်းရဲချမ်းသာမရွေး အခမဲ့ကုသိုလ်ဖြစ် ကုသပေးလျက်ရှိကြောင်း၊ ကုသပေးသောဆရာဝန်များကလည်း မေတ္တာဖြင့် အခမဲ့ကုသပေးခြင်းဖြစ်ကြောင်း၊ အပ်စိုက်ကုထုံးအဖြစ် အထွေထွေရောဂါ၊ ကလေးရောဂါ၊ သွားရောဂါ၊ မျက်စိရောဂါ၊ အကြောရောဂါနှင့် ပြန်လည်သန်စွမ်းရေးတို့ကိုလည်း အထူးကုသပေးလျက်ရှိကြောင်း ဆရာတော်က မိန့်ကြားသည်။

အပ်စိုက်ကုထုံးဖြင့် ဆေးကုသမှုခံယူလိုသူများသည် တစ်ရက်လျှင် ၂၀၀ ဦးခန့် လာရောက်ကြသော်လည်း နေရာအခက်အခဲကြောင့် ၁၂၀ ဦးခန့်သာ ကုသပေးနိုင်ကြောင်း၊ အထွေထွေဆေးကုသမှုအတွက် လစဉ်ကုန်ကျငွေမှာ ကျပ်သိန်း ၇၀ ကျော်ရှိကြောင်း၊ ယင်းဆေးကုသမှုကုန်ကျစရိတ်များအတွက် နယ်လှည့်အလှူခံခြင်းမျိုးမရှိဘဲ အလှူရှင်များက လာရောက်လှူဒါန်းခြင်းသာလက်ခံလျက်ရှိကြောင်း၊ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ရွှေပြည်ဟိန်းကျောင်း၊ ပြည်သာယာ၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ် (ကျိုက္ကဆံဆူပါဝမ်း၊ တာမွေလေး၊ သံလမ်းအနီး) ဖုန်း–၅၄၁၄၉၃၊ ၀၉–၅၁၀၂၁၉၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း ၎င်းက မိန့်ကြားသည်။

**ဖြိုးဝေစိုး၊ ဓာတ်ပုံ ထွဏ်း**

# ပြည်ပအလုပ်အကိုင်ရှာဖွေရေးဈေးကွက်တွင် တရားဝင်လိုင်စင်ရကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် Sub-Agent များပေါ်ပေါက်

**သတင်းဆောင်းပါး–Mass Peafowl News၊ ၉–၈–၂၀၀၈**

**စီးပွားရေးကောင်းမွန်သည့် ပြည်ပနိုင်ငံများသို့ မြန်မာနိုင်ငံမှ သွားရောက်အလုပ်လုပ်ကိုင်သူ တစ်နေ့တခြား များပြားလာမှုကြောင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေးဈေးကွက်တွင် လိုင်စင်ရ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများ စီးပွားရေးတိုးတက်ကောင်းမွန်လျက်ရှိရာ ယင်းတရားဝင်လိုင်စင်ရကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် Sub-Agent အများအပြား ပေါ်ပေါက်လာကြောင်း ရန်ကုန်မြို့ ပြည်ပအလုပ်အကိုင်ရှာဖွေရေးဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။**

www.foreverspace.com.mm

၁၉၉၉ ခုနှစ် ဇူလိုင်လ ၉ ရက်နေ့တွင် အစိုးရက ဥပဒေအမှတ် ၃/ ၉၉ ဖြင့် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီးနောက်ပိုင်း မြန်မာနိုင်ငံတွင် လိုင်စင်ဖြင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး လုပ်ငန်းလုပ်ကိုင်သည့် အေးဂျင့်ကုမ္ပဏီ အများအပြားပေါ်ထွန်းလာကြောင်း၊ ယင်းအေဂျင်စီများနှင့်အတူ တစ်နိုင်တစ်ပိုင် ပြည်ပသို့ အလုပ်သမားစေလွှတ်သည့်ကုမ္ပဏီများသဖွယ်ဆောင်ရွက်သည့်အုပ်စုများလည်း ပေါ်ထွန်းလာကြောင်း၊ ယင်းအုပ်စုများက စီးပွားရေးကောင်းမွန်လာသောအခါ လိုင်စင်ရ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများနှင့်ပူးပေါင်းကာ Sub-Agent များအဖြစ် လုပ်ငန်းဆောင်ရွက်လာကြကြောင်း ပြည်ပအလုပ်အကိုင်ရှာဖွေရေးဈေးကွက်မှ ဝါရင့်အကျိုးဆောင်ပွဲစားကြီးများက ရှင်းပြသည်။

"Sub-Agent တွေရဲ့ သဘောတရားက နိုင်ငံခြားကို လူပို့တဲ့ပွဲစားကနေ စတာ။ ပွဲစားတွေက အဆက်အသွယ်ကောင်းတော့ လူများများရှာနိုင်တော့ စီးပွားရေး အရမ်းကောင်းတယ်။ နောက် တဖြည်းဖြည်း ပွဲစားအသွင်ကနေ ကုမ္ပဏီအသွင်ဆောင်လာတယ်။ နောက်တော့ အေးဂျင့်လိုင်စင် လျှောက်ကြတယ်။ လိုင်စင်မရခင်စပ်ကြား လိုင်စင်ရကုမ္ပဏီတွေရဲ့ Sub-Agent အဖြစ်နဲ့ အလုပ်ဆက်လုပ်တယ်။ ဒါပေမဲ့ တချို့ကတော့ အေးဂျင့်လိုင်စင်မလျှောက်ဘဲ Sub-Agent အဖြစ်နဲ့ပဲ ဆက်ပြီးရပ်တည်သွားကြတယ်" ဟု ပြည်ပအလုပ်အကိုင်ရှာဖွေရေးဈေးကွက်မှ အကျိုးဆောင်ပွဲစားကြီး ဦးထွန်းဦးက ရှင်းပြသည်။

Sub-Agent အများစုမှာ လက်ဖက်ရည်ဆိုင်များတွင်ထိုင်ရင်း ပြည်ပသို့ သွားရောက်လုပ်သူများအတွက် နိုင်ငံကူးလက်မှတ်ကအစ လေယာဉ်လက်မှတ်အဆုံး စီစဉ်ပေးကြသည့်အခြေအနေမှ ပြောင်းလဲတိုးတက်လာခြင်းဖြစ်ကြောင်း လမ်းမတော်မြို့နယ်တွင်နေထိုင်ပြီး Sub-Agent တည်ထောင်ထားသူတစ်ဦးက ရှင်းပြသည်။

"ပထမတော့ လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး နိုင်ငံခြားသွားချင်တဲ့သူရဲ့ နိုင်ငံကူးလက်မှတ်ကအစ တာဝန်ယူလုပ်ပေးတယ်။ တဖြည်းဖြည်း လူအရမ်းများလာတော့ ရုံးခန်းငှားပြီးလုပ်ရတယ်" ဟု အဆိုပါ Sub-Agent တည်ထောင်သူက ဆိုသည်။

Sub-Agent ဆိုသည်မှာ လိုင်စင်ရ ပြည်ပအလုပ်အကိုင်အေဂျင်စီ၏နာမည်နှင့် လိုင်စင်အမှတ်ကို အခကြေးငွေပေးငှားရမ်းဆောင်ရွက်ခြင်း သို့မဟုတ် အဆိုပါလိုင်စင်ရကုမ္ပဏီအတွက် ပြည်ပသို့သွားလိုသူ



# ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းများ သက်တမ်းတိုးလက်မှတ် ရှိ မရှိ ပုံမှန်စစ်ဆေးမည်

**ရန်ကုန်၊ ဩဂုတ် ၁၀**

သက်တမ်းတိုးလက်မှတ်များမရှိဘဲ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းများ လုပ်ကိုင်နေခြင်းကို မြန်မာနိုင်ငံစာရင်းကိုင်ကောင်စီက ပုံမှန်စစ်ဆေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါကောင်စီ၏ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းထုတ်ပြန်ချက်များအရ အဆိုပါသက်တမ်းတိုးလက်မှတ်များမရှိဘဲ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းများလုပ်ကိုင်နေကြောင်း စစ်ဆေးတွေ့ရှိလျှင် မြန်မာနိုင်ငံစာရင်းကိုင်ကောင်စီဥပဒေပုဒ်မ ၂၁(ဂ) အရ ကိုယ်ပိုင်စာရင်းကိုင်လုပ်ကိုင်ခွင့်ကို ကာလအပိုင်းအခြားသတ်မှတ်၍ ယာယီရုပ်သိမ်းခြင်းနှင့် အမြဲတမ်းရုပ်သိမ်းခြင်းကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိလိုသူများသည် မြန်မာနိုင်ငံ စာရင်းကိုင်ကောင်စီမှ နှစ်စဉ်ထုတ်ပေးသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်မှတ်ပုံတင်လက်မှတ်နှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်လက်မှတ် နှစ်မျိုးရှိရမည်ဖြစ်ကြောင်း၊ အဆိုပါသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (CPA) များသာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ အထူးကုမ္ပဏီများအက်ဥပဒေတို့အရ ဖွဲ့စည်းထားသည့်ကုမ္ပဏီများတွင် ပြင်ပစာရင်းစစ် (External Auditor) အဖြစ် ဆောင်ရွက်ခွင့်ရှိကြောင်း ယင်းကောင်စီမှ စုံစမ်းသိရသည်။

www.foreverspace.com.mm



ရှာပေးခြင်းဖြစ်ကြောင်း၊ Sub-Agent များမှာ ကုမ္ပဏီလိုင်စင်ကြေးအပါအဝင် အခွန်အခပေးဆောင်ရန်လည်း မလိုအပ်သည့်အတွက် လိုင်စင်ရကုမ္ပဏီများထက် များစွာတွက်ခြေကိုက်ကြောင်း Sub-Agent တည်ထောင်သူများထံမှ သိရသည်။

"Sub-Agent လုပ်ရင်းကနေ တရားဝင်လိုင်စင်ရကုမ္ပဏီအဖြစ် ရပ်တည်နိုင်လာကြတယ်။ Sub-Agent အများစုက မလေးရှား၊ စင်ကာပူကို အများဆုံး အလုပ်သမားပို့ကြတယ်" ဟု အကျိုးဆောင်ပွဲစား ဦးထွန်းဦးက ဆိုသည်။

ပြည်ပအလုပ်အကိုင်ရှာဖွေရေးဈေးကွက်တွင် ပြည်ပနိုင်ငံများရှိ လုပ်ငန်းခွင်များသို့စေလွှတ်ရန် အလုပ်သမားရရှိရေး အပြိုင်အဆိုင်ရှာဖွေလျက်ရှိရာ တရားဝင်လိုင်စင်ရအေးဂျင့်ကုမ္ပဏီများနှင့်အပြိုင် Sub-Agent များကလည်း အကျိုးဆောင်ပွဲစားများစေလွှတ်၍ အလုပ်သမားများရရှိရေး ဆောင်ရွက်လာသည်ကို တွေ့ရှိရသည်။

တရားဝင်လိုင်စင်ရ ပြည်ပအလုပ်အကိုင်အေဂျင်စီများက အကျိုးဆောင်ပွဲစားများကို မလေးရှားသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူတစ်ဦးရှာဖွေပေးပါက အကျိုးဆောင်ခအဖြစ် ငွေကျပ် တစ်သိန်းပေးပြီး စင်ကာပူနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့်သူတစ်ဦးရှာဖွေပေးပါက အကျိုးဆောင်ခ စင်ကာပူဒေါ်လာ ၁၀၀ ပေးလေ့ရှိကြောင်း၊ လိုင်စင်ရအေးဂျင့်ကုမ္ပဏီများနှင့်အပြိုင် လိုင်စင်ရအေဂျင်စီနာမည်ကို ငှားရမ်းအသုံးပြုသည့် Sub-Agent များကလည်း အလားတူအကျိုးဆောင်ခ ပေးကြကြောင်း ဝါရင့်အကျိုးဆောင်ပွဲစားကြီးများက ပြောကြားသည်။

အချို့သော Sub-Agent များမှာ ပြည်ပနိုင်ငံသို့သွားရောက်သည့် မြန်မာလုပ်သားများကို ဝန်ဆောင်ခမယူဘဲ ပြည်ပအလုပ်ရှင်နှင့်ညှိနှိုင်းကာ လစာဖြတ်တောက်စနစ် (အကြွေးစနစ်)ဖြင့် ပြည်ပပို့ဆောင်ခြင်းဖြင့် ပြည်ပနိုင်ငံများသို့ ပို့ဆောင်ကြသည့်အတွက် ဝန်ဆောင်ခငွေကြေး အများအပြားမတတ်နိုင်သော ပြည်ပထွက်လိုသည့် မြန်မာများက Sub-Agent များနှင့် ဆက်သွယ်အလုပ်လုပ်ကြကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

သို့ရာတွင် Sub-Agent များကြောင့် ပြည်ပရောက်မြန်မာအများစုမှာ လုပ်ငန်းခွင်အဆင်မပြေမှု၊ လစာ ပုံမှန်မရရှိမှု၊ အလုပ်ရှင်၏ဖိနှိပ်မှုများကြောင့် ပြည်တော်ပြန်ခဲ့ရသည်များရှိသကဲ့သို့ တရားဝင်အလုပ်သမားဘဝမှ တရားမဝင်အလုပ်

## မြောက်ဦးတွင် အဆင့်မီဟိုတယ်များတိုးချဲ့တည်ဆောက်

**ရန်ကုန်၊ ဩဂုတ် ၁၁**

မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခုဖြစ်သော ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် အဆင့်မီဟိုတယ်များ တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း တည်ဆောက်လျက်ရှိသည့် ရွှေမင်းသမီးဟိုတယ်လုပ်ငန်းခွင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

'သဇင်ပန်းခိုင်တမြိုင်မြိုင် ရခိုင်ဘုရားပေါင်း' ဆိုသည့်စကားအတိုင်း မြောက်ဦးမြို့သည် မြန်မာနိုင်ငံတွင် ရှေးဟောင်းဘုရားများ အများဆုံးဖူးတွေ့ရသည့်နယ်မြေတစ်ခုဖြစ်ပြီး ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်များ တစ်နှစ်ထက်တစ်နှစ်များပြားလာရောက်သည့်အတွက် ဟိုတယ်များ တိုးချဲ့တည်ဆောက်ရခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

"တည်ဆောက်နေမှုကတော့ တစ်ဝက်ကျော်လောက် ပြီးစီးနေပါပြီ။ ၂၀၀၉ ခုနှစ်မှာ ဖွင့်နိုင်မယ်လို့ ရည်မှန်းထားပါတယ်" ဟု တည်ဆောက်ဆဲဟိုတယ်လုပ်ငန်းခွင်တစ်ခုမှ အင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

မြောက်ဦးမြို့တွင် ယခုလက်ရှိ ဟိုတယ်လေးလုံးနှင့် အဆင့်မြင့်ဧည့်ရိပ်သာ တည်းခိုခန်းပေါင်း ရှစ်လုံးရှိပြီး ရခိုင်ပြည်နယ်တွင် နိုင်ငံခြားသားဧည့်သည် အများဆုံးလာရောက်လေ့လာသည့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတစ်ခုဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

**လင်းလက် (မြောက်ဦး)**

www.foreverspace.com.mm

ဘ၀ခါးဘ၀ ရောက်ရှိခဲ့ရသည်များလည်းရှိကြောင်း မလေးရှားရောက် မြန်မာအလုပ်သမားများ၏ ပြောကြားချက်အရ သိရသည်။

"လိုင်စင်ရအေးဂျင့်တွေရော၊ Sub-Agent တွေပါ အလုပ်သမားပို့ပြီးရင် နောက်ဆက်တွဲပြဿနာကို ရှင်းမပေးကြဘူး။ Sub-Agent က ပိုဆိုးတယ်။ သူက လိုင်စင်လည်းမရှိ၊ တရားဝင်မဟုတ်တော့ ပြီးစလွယ် လုပ်လွှတ်တတ်ကြတယ်။ တကယ်ခံရတာက ပြည်ပရောက်သွားတဲ့ မြန်မာတွေပဲ" ဟု စင်ကာပူပြန်မြန်မာများက ဆိုသည်။

Sub-Agent များက စင်ကာပူနိုင်ငံတွင် သူနာပြုနှင့် အကူသူနာပြုအလုပ်များ ရရှိမည်ဟုဆိုကာ အိမ်အကူလုပ်ငန်းများသို့ မြန်မာအမျိုးသမီးများစေလွှတ်မှု အများအပြားရှိနေပြီး စင်ကာပူရောက် မြန်မာအမျိုးသမီးများမှာ အိမ်ကူလုပ်ငန်းများတွင် အခက်အခဲများကြုံတွေ့ရကာ အသက်ဆုံးရှုံးရသည်ထိ ဘဝပျက်ခဲ့ရသောဖြစ်ရပ်များလည်းရှိကြောင်း စင်ကာပူပြန်မြန်မာများက ဆိုသည်။

"Sub-Agent တွေက ငွေနှစ်သိန်းနဲ့ စင်ကာပူပို့ပေးမယ်ပြောပြီး အမျိုးသမီးတွေကို စင်ကာပူပို့တယ်။ ဟိုရောက်တော့ အိမ်ဖော်အလုပ်တွေလုပ်၊ ဘဝတွေပျက်ကုန်ကြတယ်။ တရားဝင် Agent မဟုတ်တော့ ဖြေရှင်းမပေးနိုင်ကြဘူး" ဟု စင်ကာပူတွင် ကြုံတွေ့ခဲ့ရသော ၎င်း၏အတွေ့အကြုံ စင်ကာပူပြန် မြန်မာအင်ဂျင်နီယာတစ်ဦးက ပြောပြသည်။

မြန်မာနိုင်ငံတွင် အလုပ်သမားဝန်ကြီးဌာန၏ တရားဝင်ခွင့်ပြုချက်ဖြင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး ဆောင်ရွက်နေသည့် လိုင်စင်ရအေးဂျင့် ၁၁၀ ကျော်ရှိပြီး ယင်းတို့နှင့်အတူ အကျိုးတူပူးပေါင်းဆောင်ရွက်သည့် Sub-Agent ရာဂဏန်းနီးပါးရှိနိုင်ကြောင်း ဝါရင့်အကျိုးဆောင် ဦးထွန်းဦးက ပြောကြားသည်။

■

# စပါးလေလွင့်ဆုံးရှုံးမှု တစ်နှစ်တန်ချိန် သုံးသန်းခန့်ရှိ

**နေပြည်တော် ပျဉ်းမနား၊ ဩဂုတ်၃၀**

**ဒေါက်တာမျိုးအောင်ကျော် (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း)**

မြန်မာနိုင်ငံ၏ စပါးစိုက်ပျိုးထုတ်လုပ်မှုမှာ တစ်နှစ်လျှင် မက်ထရစ်တန်ချိန်သန်း ၃၀ ခန့် ရှိနေသကဲ့သို့ စပါးစိုက်ပျိုးထုတ်လုပ်မှုမှ ဈေးကွက်ဖြန့်ချိနိုင်သည်အထိ လေလွင့်ဆုံးရှုံးမှုပမာဏမှာ တစ်နှစ်လျှင် တန်ချိန် သုံးသန်းခန့်ရှိနေကြောင်းနှင့် ယင်းလေလွင့်ဆုံးရှုံးမှုပမာဏကို လျော့နည်းစေရန် စပါးအခြောက်ခံစက်နည်းပညာနှင့် ဆောင်ရွက်သွားရန်လိုအပ်နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးအောင်ကျော်က ပြောကြားသည်။

ဩဂုတ်လ ၂၈ ရက်နေ့၌ နေပြည်တော်ပျဉ်းမနားမြို့ စိုက်ပျိုးရေးသိပ္ပံတွင် ကျင်းပသည့် ဆန်စပါးအရည်အသွေး တိုးတက်မြင့်မားရေး ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းတွင် ၎င်းက ပြောကြားသွားခြင်းဖြစ်သည်။ စပါးစိုက်ပျိုးထုတ်လုပ်မှုမှ စပါးဈေးကွက်ဖြန့်ချိနိုင်သည်အထိ စပါးလေလွင့်ဆုံးရှုံးမှုပမာဏသည် ၃၅.၆ ရာခိုင်နှုန်း၊ (လယ်သမား ၁၀.၂ ရာခိုင်နှုန်း၊ ဆန်စက်ကုန်သည် ၂၅.၄ ရာခိုင်နှုန်း)ရှိနေပြီး လေလွင့်ဆုံးရှုံးမှုပမာဏ၏ ၅ ရာခိုင်နှုန်းကို သက်သာလျော့နည်းအောင် လုပ်ဆောင်နိုင်လျှင် လယ်ဧက တစ်သန်း စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ယင်းပမာဏကို နိုင်ငံခြားတင်ပို့ပါက ဒေါ်လာသန်း ၄၅၀ ရရှိနိုင်မည်ဖြစ်ကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

စပါးစိုက်တောင်သူလယ်သမားများ၏ စပါးစိုက်ပျိုးထုတ်လုပ်မှုမှ စပါးဈေးကွက်ဖြန့်ချိနိုင်သည့်အဆင့်ထိ သုတေသနပြုချက်အရ စပါးလေလွင့်ဆုံးရှုံးမှု ၅ ရာခိုင်နှုန်းသည် လူဦးရေ ငါးသန်းအသုံးပြုသည့်ပမာဏနှင့်ညီမျှနေကြောင်း၊ ယင်းလေလွင့်ဆုံးရှုံးမှုပမာဏကို ကာကွယ်ထိန်းသိမ်းနိုင်လျှင် ယခုနာဂစ်မုန်တိုင်းအတွက် ဆုံးရှုံးခဲ့သမျှကို ပြန်ကာမိနိုင်မည်ဟု ဒေါက်တာမျိုးအောင်ကျော်က ဆိုသည်။

ကမ္ဘာ့ဆန်ဈေးကွက်တွင် ဆန်တစ်တန်လျှင် ဒေါ်လာ ၁၀၀၀ ဈေး ပေါက်နေပြီး ကမ္ဘာ့ဆန်ဈေးကွက်သည် နောက်လာမည့် ၁၀ နှစ်တိုင် ဈေးကျရန် မလွယ်ကူကြောင်း၊ မြန်မာနိုင်ငံတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် တစ်နှစ်လျှင် နှစ်သီး သုံးသီးစိုက်ပျိုးရန် လိုအပ်သကဲ့သို့ စပါးလေလွင့်ဆုံးရှုံးမှုပမာဏ လျော့နည်းရေးအတွက် နည်းပညာသစ်များ ရှာကြံဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက အကြံပြုသုံးသပ်သည်။

မြန်မာနိုင်ငံအတွင်း စပါးလေလွင့်ဆုံးရှုံးမှုပမာဏလျော့ကျရေးအတွက် ဗီယက်နမ်နိုင်ငံကဲ့သို့ စပါးလေးတန်ကျ အခြောက်ခံစက်နည်းပညာဖြင့် ပြန့်ပွားဆောင်ရွက်ခဲ့ရာ ၂၀၀၈ ခုနှစ် မတ်လအထိ တည်ဆောက်ပြီး စပါးအခြောက်စက်ခံမှာ ဧရာဝတီတိုင်းတွင် ရှစ်လုံး၊ ပဲခူးတိုင်း အနောက်ပိုင်း ၁၁ လုံး၊ မန္တလေးတိုင်း ငါးလုံး၊ မကွေးတိုင်း သုံးလုံး၊ ရန်ကုန်တိုင်း နှစ်လုံး၊ စစ်ကိုင်းတိုင်း တစ်လုံး၊ ရှမ်းပြည်နယ်တောင်ပိုင်း တစ်လုံး စုစုပေါင်း ၃၁ လုံးရှိကြောင်း၊ ယင်းအခြောက်ခံစက်ကို တစ်မြို့နယ် စက်တစ်လုံးတည်နိုင်လျှင် စပါးလေလွင့်ဆုံးရှုံးမှုပမာဏ လျော့နည်းသွားမည်ဖြစ်သကဲ့သို့ ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းမှတစ်ဆင့် နည်းပညာပြန့်ပွားဆောင်ရွက်ပြီး အခြောက်ခံစက်နည်းပညာနှင့် တဖြည်းဖြည်း ပြောင်းလဲလုပ်ဆောင်သွားပါက စပါးလေလွင့်ဆုံးရှုံးမှုပမာဏ လျော့ကျမည်ဖြစ်ကြောင်း ဒေါက်တာမျိုးအောင်ကျော်က ပြောကြားသည်။

**မင်းသုခိုင်**

www.foreverspace.com.mm

# ဒဂုံဆိပ်ကမ်းစက်မှုဇုန် မြေကွက်ပိုင်ရှင်များ ဆက်သွယ်ရန်ပျက်ကွက်ပါက စီမံခန့်ခွဲမှုကော်မတီ အရေးယူမည်ဟုဆို

**ရန်ကုန်၊ စက်တင်ဘာ ၁**



ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ ဒဂုံဆိပ်ကမ်းစက်မှုဇုန်တွင် မြေကွက်များ ဝယ်ယူထားပြီး ယင်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီနှင့် လာရောက်ဆက်သွယ်ခြင်းမရှိသည့် မြေကွက် ၁၈၃ ကွက်၏ ပိုင်ရှင်များကို အောက်တိုဘာလ ၃၁ ရက် နောက်ဆုံးထားလာရောက်၍ ကော်မတီသို့ ဆက်သွယ်ရန်နှင့် ဆက်သွယ်ရန်ပျက်ကွက်ပါက သက်ဆိုင်ရာသို့ တင်ပြ၍ အရေးယူမည်ဟု ဩဂုတ်လ ၃၁ ရက်ထုတ်နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ကြေညာချက်ထုတ်ပြန်သည်။

အဆိုပါမြေကွက်များမှာ ဒဂုံဆိပ်ကမ်းစက်မှုမြို့ ဇုန် (၁) အတွင်းမှ မြေကွက် ၈၅ ကွက်နှင့် ဇုန် (၂) အတွင်းမှမြေကွက် ၉၈ ကွက်ဖြစ်ကြောင်း၊ ပိုင်ရှင်အချို့မှာ ဝယ်ယူပိုင်ဆိုင်ပြီးကတည်းက စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီနှင့် တစ်ကြိမ်သာ လာရောက်တွေ့ဆုံခဲ့ပြီး အချို့မှာ လုံးဝလာရောက်ဆက်သွယ်ခဲ့ခြင်းပင်မရှိကြောင်း၊ ယခုကဲ့သို့ ထုတ်ပြန်ကြေညာပြီး နှစ်လအတွင်း မြေကွက်ပိုင်ရှင်များအနေဖြင့် အမှတ် ၉၇၊ ဖန်ချက်ဝန်ဦးရွှေအိုးလမ်း၊ ဒဂုံဆိပ်ကမ်းစက်မှုမြို့ရှိ ယင်းစက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီနှင့် လာရောက်ဆက်သွယ်ရမည်ဖြစ်ကြောင်း၊ အကယ်၍ ပျက်ကွက်ပါက မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ညှိနှိုင်းပြီး အထက်အဖွဲ့အစည်းများသို့ တင်ပြအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းကြေညာချက်တွင် ပါရှိသည်။

မြန်မာနိုင်ငံ စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်းတစ်ခုတည်း၌ပင် ရန်ကုန်အရှေ့ပိုင်းစက်မှုဇုန်၊ ရန်ကုန်အနောက်ပိုင်းစက်မှုဇုန်၊ ရန်ကုန်တောင်ပိုင်းစက်မှုဇုန်နှင့် ရန်ကုန်မြောက်ပိုင်းစက်မှုဇုန်ဟူ၍ ထူထောင်ထားပြီး ရန်ကုန်အရှေ့ပိုင်းစက်မှုဇုန်တွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) စက်မှုဇုန်အပါအဝင် ဇုန်ငယ်ကိုးခုအထိ ပါဝင်သည်။

# ပြောင်းစေ့ဈေးနှုန်းအနည်းငယ်အေးသော်လည်း အတက်ဘက်သို့ဦးတည်

**သတင်းဆောင်းပါး–နိုင်မင်းဝေ၊ ၅–၈–၂၀၀၈**

**ပြည်** **ပပို့ကုန်လယ်ယာထွက်ကုန်သီးနှံမျိုးစုံဈေးကွက်တွင် ပြောင်းစေ့ဈေးနှုန်းမှာ ဇူလိုင်လအတွင်းက နှစ်ဆနီးပါးခုန်တက်ခဲ့သော်လည်း နောက်ပိုင်းတွင် အနည်းငယ်ပြန်အေးလာကြောင်း၊ သို့ရာတွင် ပြည်ပဝယ်လိုအားကောင်းနေသဖြင့် ယခုနှစ်သည် ပြောင်းဈေးသိသိသာသာကောင်းမွန်သည့် နှစ်တစ်နှစ်ဖြစ်နိုင်ကြောင်း ဘုရင့်နောင် ကုံ့ကော်လမ်း ကုန်စည်ဒိုင်အခြေပြု၍ ပြည်ပသို့သီးနှံမျိုးစုံတင်ပို့နေသူတစ်ဦးက ခန့်မှန်းပြောကြားသည်။**

ဇူလိုင်လအတွင်း ပြည်တွင်းပြောင်းဈေးကွက်တွင် ပြည်ပတင်ပို့ရန်အတွက် အဝယ်များ၍ ပြောင်းစေ့ဈေးကောင်းလာချိန်၌ လှောင်လက်ကြီးများက ဈေးအမြင့်သို့ ဆွဲတင်လိုက်သဖြင့် ပြည်ပဝယ်လက်နောက်ဆုတ်သွားပြီး တစ်အိတ်လျှင် ကျပ် ၂၀၀၀၊ ၃၀၀၀ ခန့် ပြန်အေးသွားကြောင်း၊ သို့ရာတွင် သဘော်တင်ဦးမည်ဆိုပါက ပြောင်းလက်ကျန်ကုန်နည်းနေသဖြင့် ဈေးထပ်မြောက်နိုင်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။

ဇူလိုင်လ ပထမပတ်အတွင်းက ၅၄ ပိဿာဝင် ပြောင်းတစ်အိတ်ကို ၁၅၀၀၀ မှ ၂၇၀၀၀၊ ၂၈၀၀၀ ကျပ်သို့ ခုန်တက်ပြောင်းလဲခဲ့ကြောင်း၊ နောက်ပိုင်းတွင် တစ်အိတ် ၂၅၀၀၀ ကျပ်အထိ ပြန်ဆင်းလာကြောင်း ကုန်စည်ဒိုင်သို့ နေ့စဉ်လာရောက်လေ့ရှိသူတစ်ဦးထံမှ သိရှိရသည်။

www.foreverspace.com.mm



"ပြီးခဲ့တဲ့နှစ်က ပြောင်းတစ်အိတ် ၂၀၀၀၀ က အမြင့်ဆုံးပဲ။ ဒီနှစ်က ၂၀၀၀၀ ကျော်ရုံသာမက ၃၀၀၀၀ နား ကပ်နေတယ်။ ငွေလဲနှုန်းနဲ့ဆို ပြောင်းဈေးကောင်းတဲ့နှစ် ဖြစ်လာမယ်" ဟု ၎င်းက ခန့်မှန်းပြောကြားသည်။

လက်ရှိရာသီဥတုအနေအထားကြောင့် ပြည်တွင်း၌ ပြောင်းလက်ကျန် နည်းနေပြီး ဇလွန်၊ ဟင်္သာတနှင့် ရှမ်းပြောင်းများမှာ ကုန်သလောက်ဖြစ်နေကြောင်း၊ သြဂုတ်လတွင်မှ နေပြည်တော် ပျဉ်းမနား၊ ရေနီဘက်မှ ပြောင်းပမာဏ အနည်းငယ်ထွက်ရန်ရှိ၍ ပြောင်းဈေး ထောင်ဂဏန်းခန့် ပြန်အေးလာကြောင်း ကုန်စည်ဒိုင်သတင်းများအရ သိရသည်။

လက်ရှိနိုင်ငံတကာတွင် ပြောင်းတစ်တန်ကို အမေရိကန်ဒေါ်လာ ၂၅၀ မှ ၃၀၀ ခန့်အထိ အရောင်းအဝယ်ဖြစ်ပြီး နိုင်ငံတကာပြောင်းဈေးကွက်တွင် ပြောင်းစေ့များ၏စိုထိုင်းဆပါဝင်မှုပေါ်မူတည်၍ ဈေးနှုန်းဖြတ်လေ့ရှိကြောင်း၊ စိုထိုင်းဆပါဝင်မှု ၁၄ ရာခိုင်နှုန်းအောက်ကိုသာ နှစ်သက်ကြောင်း၊ ယခင်နှစ်များက မြန်မာနိုင်ငံမှ ပြောင်းများကို အိန္ဒိယနှင့် စင်ကာပူနိုင်ငံတို့ကသာ ဝယ်ယူခဲ့သော်လည်း ယခုအခါ ဗီယက်နမ်နှင့် အင်ဒိုနီးရှားနိုင်ငံတို့ကလည်း ဝယ်ယူလာကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသည် ပြောင်းအကြီးအကျယ် စိုက်ပျိုးထုတ်လုပ်သော်လည်း မြန်မာနိုင်ငံ၏ ပြောင်းဈေးနှုန်းကို စောင့်ကြည့်လေ့လာ၍ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် ဝယ်ယူမှုများလည်းရှိသည်။ မြန်မာနိုင်ငံမှ အရည်အသွေးအကောင်းဆုံးပြောင်းစေ့များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် တင်ပို့မှုများလည်းရှိနေသည်ဟု ဈေးကွက်အတွင်းမှ သိရှိရသည်။

နိုင်ငံတကာတွင် ပြောင်းကုန်ကြမ်းကို အချိုရည်လုပ်ငန်း၊ သကြားချက်လုပ်ငန်း၊ ကော်ဖီမှုန့်ထုတ်လုပ်သည့်လုပ်ငန်း၊ ပြောင်းဆီနှင့် ဇီဝလောင်စာချက်လုပ်သည့်လုပ်ငန်းများတွင် တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသဖြင့် နှစ်စဉ် ကမ္ဘာ့ဈေးကွက်၌ ပြောင်းဝယ်လိုအား မြင့်တက်လျက်ရှိကြောင်း ဈေးကွက်သတင်းများအရ သိရှိရသည်။

မြန်မာနိုင်ငံတွင် ပြောင်းစေ့ကို ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း တောင်တွင်းကြီး၊ အောင်လံ၊ ပြည်၊ ပုလို့ ကိုးပင်၊ ပခုက္ကူခရိုင်၊ မင်းဘူးခရိုင်နှင့် သရက်ခရိုင်တို့တွင် စီးပွားဖြစ်စိုက်ပျိုးကြသကဲ့သို့ ဧရာဝတီတိုင်း ဇလွန်နှင့် ဟင်္သာတမြို့နယ်တို့တွင်လည်း စိုက်ပျိုးထွက်ရှိသည်။ ပြောင်းကို မိုးရာသီတွင် အများဆုံးစိုက်ပျိုးပြီး မေလ၊ ဇွန်လတို့တွင် စတင်စိုက်ပျိုးကာ နိုဝင်ဘာနှင့် ဒီဇင်ဘာ



# မုံရွာကုန်စည်ဒိုင် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်ရေး အလုပ်ရုံဆွေးနွေး

**ရန်ကုန်၊ သြဂုတ် ၁၄**

ပြည်ပဈေးကွက်သို့ တင်ပို့လျက်ရှိသော ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှုမြှင့်တင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ယခုလ ၁၂ ရက်နေ့က မုံရွာမြို့ ကုန်စည်ဒိုင်တွင် ပြုလုပ်ခဲ့ကြောင်း ရန်ကုန်မြို့သို့ခေတ္တရောက်ရှိနေသော မုံရွာမြို့ ပဲနှမ်းကုန်သည်တစ်ဦးက ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် မုံရွာကုန်စည်ဒိုင်၏ ပဲမျိုးစုံရောင်းဝယ်မှုအခြေအနေ၊ မုံရွာမြို့ပတ်ဝန်းကျင်မှ စိုက်ပျိုးထွက်ရှိသော ပဲမျိုးစုံအခြေအနေနှင့် ပဲစိုက်တောင်သူများ၏ တစ်ဇကအကျိုးအမြတ်များကိုပါ ထည့်သွင်းဆွေးနွေးခဲ့ကြသည်ဟုလည်း ၎င်းက ဆိုသည်။

အလားတူပြည်ပဈေးကွက်တွင် ဈေးနှုန်းမြင့်မားလာသည့် ပဲပုပ်စေ့များစိုက်ပျိုးထုတ်လုပ်နိုင်ရန်လည်း ထည့်သွင်းဆွေးနွေးခဲ့ကြောင်း၊ ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ မုံရွာမြို့မှ ပဲကုန်သည် ၁၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း ယင်းဆွေးနွေးပွဲမှ သိရသည်။

Phoenix News Agency (PNA)

www.foreverspace.com.mm



ထွင် ချိုးယူရရှိကြောင်း၊ ဆောင်းရာသီ၌ အောက်တိုဘာ၊ နိုဝင်ဘာလများ၌ စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီနှင့် မတ်လတွင် ဆွတ်ခူးရရှိကြောင်း၊ တစ်နှစ်ပတ်လုံး ပြောင်းစိုက်ပျိုးထုတ်လုပ်နိုင်ကြောင်း ပြောင်းစိုက်တောင်သူများက ဆိုသည်။



မြန်မာနိုင်ငံမှထွက်ရှိသည့် ပြောင်းစေ့များကို နယ်စပ်ကုန်သွယ်ရေး၊ ပုံမှန်ကုန်သွယ်ရေးတို့မှတစ်ဆင့် နှစ်စဉ် ပြောင်းတန်ချိန် နှစ်သိန်းကျော်တင်ပို့လျက်ရှိကြောင်း၊ ၂၀၀၈ ခုနှစ် ဇွန်လအထိ တန်ချိန် ခုနစ်သောင်းကျော်တင်ပို့ပြီးဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရှိရသည်။

မြန်မာနိုင်ငံမှ ပြောင်းတင်ပို့မှုပမာဏသည် ၂၀၀၃-၂၀၀၄ ခုနှစ်မှ စတင်၍ သိသိသာသာတိုးမြှင့်လျက်ရှိသော်လည်း ဈေးကွက်ဝေစုမှာ အိမ်နီးချင်း အာဆီယံနိုင်ငံများသာဖြစ်ကြောင်း၊ ရောင်းဈေးနှုန်းပိုမိုရရှိသည့် အာရှဈေးကွက်သို့ ထိုးဖောက်မည်ဆိုပါက ပြောင်းဧကတိုးချဲ့စိုက်ပျိုးရုံသာမက ရိတ်သိမ်းခြွေလှေ့မှုမှအစ မျိုးရွေးချယ်မှုအထိ နည်းပညာဖွံ့ဖြိုးရန် လိုအပ်ကြောင်း၊ တောင်သူများအနေဖြင့် ငွေရသည့်သီးနှံကို ဦးစားပေးရွေးချယ်စိုက်ပျိုးကြမည်ဖြစ်သော်လည်း အရည်အသွေးမြင့်ပြောင်းတင်ပို့နိုင်ရေးသည် ခေတ်မီနည်းပညာဖွံ့ဖြိုးမှုအပေါ်တွင် တည်မှီကြောင်း ဈေးကွက်လေ့လာသူ သုတေသီများက ဆိုသည်။

# လုပ်သားများကျွမ်းကျင်မှု "စံ" အဆင့်လေးဆင့် သတ်မှတ်မည်

**ရန်ကုန်၊ ဩဂုတ် ၁၉**

မြန်မာနိုင်ငံဆိုင်ရာလုပ်သားများ ကျွမ်းကျင်မှု 'စံ' သတ်မှတ်နိုင်ရေးအတွက် အာဆီယံလုပ်သားများကျွမ်းကျင်မှု 'စံ' သတ်မှတ်ပြုစုရေးအစီအစဉ်အရ ကျွမ်းကျင်မှုအဆင့် လေးဆင့်သတ်မှတ်မည်ဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကုန်) တွင် ဩဂုတ်လ ၁၂ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော လုပ်သားများကျွမ်းကျင်မှု 'စံ' များ ပြုစုရေးသားရေးနှင့် သင်ရိုးညွှန်းတမ်းရေးဆွဲရေးဆိုင်ရာ အထောက်အကူပြုဆွေးနွေးပွဲတွင် ၎င်းကအထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။


လုပ်သားများကျွမ်းကျင်မှုအတွက် 'စံ' သတ်မှတ်ရာတွင် တစ်စိတ်တစ်ဒေသ ကျွမ်းကျင်လုပ်သား၊ ကျွမ်းကျင်လုပ်သား၊ အဆင့်မြင့်ကျွမ်းကျင်လုပ်သား၊ နည်းပညာရှင် စသည့် အဆင့်လေးဆင့်ခွဲခြား သတ်မှတ်မည်ဖြစ်ကြောင်း၊ ယင်းသို့ သတ်မှတ်ရာတွင် လုပ်ဆောင်မှု (Work Activity)၊ လိုအပ်သောကျွမ်းကျင်မှု (Skills Required)၊ လိုအပ်သည့် ကျွမ်းကျင်မှုအဆင့် (Level of Skills Required)၊ လုပ်ဆောင်ရမည့်အခြေအနေ (Conditions Relating to Work Activity) နှင့် ကျွမ်းကျင်မှုရှိကြောင်း အထောက်အထား (Evidance of Competency) များဖြင့် ညှိနှိုင်းဆုံးဖြတ်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံတွင် လုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ခြင်းအပြင် ကျွမ်းကျင်မှုအသိအမှတ်ပြုနိုင်ရန် ကျွမ်းကျင်မှုစံများ သတ်မှတ်ရန် အလုပ်အကိုင်များ ရွေးချယ်ခြင်း၊ အလုပ်အကိုင်များ၏ စံသတ်မှတ်ခြင်း၊ ကျွမ်းကျင်မှုစံများပေါ်တွင် အခြေခံသော သင်ရိုးညွှန်းတမ်းများပြုစုခြင်း၊ လေ့ကျင့်သင်ကြားမှုဆောင်ရွက်ခြင်း၊ ကျွမ်းကျင်မှုအကဲဖြတ်ခြင်းနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်း စသည့် လုပ်ငန်းအဆင့်ဆင့်တို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

www.foreverspace.com.mm

# စင်ကာပူနိုင်ငံ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းခွင် ကျွမ်းကျင်လုပ်သားလိုအပ်မှု မြင့်တက်

**ရန်ကုန်၊ ဩဂုတ် ၁၈**



လာမည့် ၂၀၀၉ နှင့် ၂၀၁၀ တို့တွင် ဖွင့်လှစ်မည့် အဆင့်မြင့် မီဂါအပန်းဖြေစခန်းသစ်ကြီးနှစ်ခုအတွက် စင်ကာပူဒေါ်လာ ၁၁ ဘီလီယံ ရင်းနှီးမြှုပ်နှံထားသော စင်ကာပူနိုင်ငံတွင် ဟိုတယ်နှင့်ခရီးသွား စီးပွားရေးလုပ်ငန်းခွင်၌ မကြာမီကာလအတွင်း ကျွမ်းကျင်ပညာရှင်နှင့် လုပ်သားအင်အား သုံးသောင်းငါးထောင်ခန့် လိုအပ်မည်ဖြစ်ရာ ယင်းနိုင်ငံရှိ နိုင်ငံတကာဟိုတယ်ကြီးများတွင် လုပ်ကိုင်လိုသူ မြန်မာလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရှိနေကြောင်း MAA Learning Centre မှ သိရသည်။

နိုင်ငံလူဦးရေ ၄.၅ မီလီယံတွင် နိုင်ငံခြားလုပ်သား တစ်မီလီယံရှိပြီး စင်ကာပူအစိုးရက လက်ရှိလူဦးရေကို ၆.၅ မီလီယံသို့တိုးမြှင့်ရန် စီစဉ်နေခြင်း၊ ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်အတွင်း အနုပညာပြခန်း၊ ပြတိုက်ကြီးများ၊ ကာစီနိုခန်းမကြီးများ၊ အားကစားခန်းမကြီးများဖွင့်လှစ်ရန် စီစဉ်နေခြင်းနှင့် ဖော်မြူလာဝမ်းကားပြိုင်ပွဲကဲ့သို့ ထင်ရှားသောပြပွဲပြိုင်ပွဲများ ကျင်းပပြုလုပ်နေခြင်းတို့ကြောင့် စင်ကာပူနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းခွင်တွင် လုပ်သားလိုအပ်ချက် မြင့်တင်လျက်ရှိသည်။

ထို့ကြောင့် ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်များကို တက်ရောက်ဆည်းပူးလိုသူများအတွက် စင်ကာပူနိုင်ငံရှိ ဟိုတယ်လုပ်ငန်းခွင်များ၌ အခြားသော ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းများထက် ကျောင်းသားအများဆုံး ဝင်ရောက်လုပ်ကိုင်လျက်ရှိသော နန်ယန်းစီမံခန့်ခွဲမှုကောလိပ်က ၎င်း၏ မြန်မာနိုင်ငံတစ်ဦးတည်းသော Twining Partner သင်တန်းကျောင်းဖြစ်သည့် MAA Learning Centre (Myanmar Accountancy Academy) နှင့် ပူးပေါင်း၍ Diploma in Tourism and Hospitality Management သင်တန်းကို ၂၀၀၆ မှစ၍ ဖွင့်လှစ်ခဲ့ရာ ယခုအခါ တစ်လခွဲတစ်ကြိမ်သင်တန်းများ လက်ခံဖွင့်လှစ်လျက်ရှိသည်ဟု MAA Learning Centre မှ စီးပွားရေးဖွံ့ဖြိုးမှုအတိုင်ပင်ခံ ဒေါ်သင်ဇာဦးက ပြောကြားသည်။

ယင်းသင်တန်းကို မြန်မာနိုင်ငံတွင် MAA၌ သုံးလ၊ စင်ကာပူနိုင်ငံတွင် နန်ယန်းစီမံခန့်ခွဲမှုကောလိပ်၌ သုံးလ၊ စုစုပေါင်း စာတွေ့ခြောက်လပြီးဆုံးပါက အဆိုပါကောလိပ်နှင့် အကျိုးတူပူးပေါင်းသည့် ကြယ်လေးပွင့်နှင့်အထက် ဟိုတယ်ကြီး ၆၂ ခုတွင် Paid Internship ခေါ် လက်တွေ့ပညာသင်ကာလ ရှစ်လအတွင်း တစ်လလျှင် အနည်းဆုံး စင်ကာပူဒေါ်လာ ၅၀၀ မှ ၁၀၀၀ အတွင်း ရရှိမည်ဖြစ်ကြောင်း၊ ကြိုးစားအားထုတ်မှုပေါ်မူတည်၍ အခြေခံလစာ၊ အချိန်ပိုကြေးနှင့် အခြားအခွင့်အလမ်းကောင်းများ ရရှိမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

စင်ကာပူနိုင်ငံတွင် သင်တန်းကာလ ၁၁ လအတွင်း Student Visa ဖြင့်နေထိုင်ရမည်ဖြစ်ပြီး ဒီပလိုမာရပြီးလျှင် Work Permit သို့မဟုတ် Skill Pass ဖြင့် အနည်းဆုံး လစာ စင်ကာပူဒေါ်လာ ၁၄၀၀ မှ ၁၈၀၀ အတွင်းရှိ လုပ်ငန်းခွင်များသို့ ဝင်ရောက်နိုင်ကြောင်း၊ သို့မဟုတ်ပါက Advanced Diploma ကို ခြောက်လ ထပ်မံတက်ရောက်ရယူနိုင်ပြီး ဘွဲ့ဒီဂရီကို စင်ကာပူအပြင် ဩစတြေးလျနှင့် အင်္ဂလန်နိုင်ငံတို့သို့ ဆက်လက်ရယူနိုင်ကြောင်း ယင်းစင်တာမှ စုံစမ်းသိရှိရသည်။

၂၀၀၇ ခုနှစ် တစ်နှစ်အတွင်း စင်ကာပူနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား ၁၀ သန်းခန့်လာရောက်ခဲ့ပြီး စင်ကာပူဟိုတယ်နှင့်ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ပြည်တွင်းအသားတင်ထုတ်လုပ်မှုကို သုံးရာခိုင်နှုန်း အထောက်အကူဖြစ်စေခဲ့သည်။

**ဇွန်စံပယ်ဖြူ**

www.foreverspace.com.mm

# တောင်ငူမြို့တွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုနှုန်း ထက်ဝက်ကျော်လျော့ကျ

**တောင်ငူ၊ ဩဂုတ် ၂၆**

တောင်ငူမြို့၏ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုရာခိုင်နှုန်းမှာ ယမန်နှစ်ထက် သုံးပုံနှစ်ပုံခန့် လျော့ကျသွားကြောင်း ခရိုင်ကျန်းမာရေးဦးစီးမှူး ဦးမြင့်စိုးက ပြောကြားသည်။

တောင်ငူမြို့တွင် ယခုနှစ်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားမှုနှုန်းမှာ ဩဂုတ်လကုန်အထိ ၁၃၀ ဦးဝန်းကျင်သာရှိသေးကြောင်း၊ ၂၀၀၇ ခုနှစ်က သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ၃၀၀ ကျော်ရှိပြီး ၂၀၀၆ ခုနှစ်တွင် ၁၀၀ ကျော်ဖြစ်ပွားခဲ့ကြောင်း၊ ယခုနှစ်တွင် ဩဂုတ်လမှစတင်၍ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု သိသိသာသာလျော့ကျလာပြီး ယခုအချိန်ထိ သွေးလွန်တုပ်ကွေးရောဂါနှင့် သေဆုံးသူမရှိသေးကြောင်း ၎င်းက ဆိုသည်။

သွေးလွန်တုပ်ကွေးရောဂါသည် သုံးနှစ်တစ်ကြိမ် အဖြစ်များလေ့ရှိကြောင်း၊ ထို့ကြောင့် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုနှုန်းကို တွက်ချက်ရာတွင် သုံးနှစ်လျှင်တစ်ကြိမ် (Mediam Epidemic Index- MEI) ဖြင့် ပျမ်းမျှတွက်ချက်ပေးလေ့ရှိကြောင်း၊ ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈ ခုနှစ်တို့၏ ပျမ်းမျှဖြစ်ပွားမှုကို MEI အရ အမြင့်ဆုံးဖြစ်ပွားနှုန်းဖြစ်သည့် လူဦးရေ ၁၆၇ ဦးအထိ မရောက်ရှိသေးသဖြင့် စိုးရိမ်ဖွယ်အနေအထားမရှိကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါမှာ ကာကွယ်ဆေးမရှိသဖြင့် ကြိုတင်ကာကွယ်ရေးနည်းလမ်းမှာ ဖုံး၊ သွန်၊ လဲ၊ စစ်ဟု အတိုကောက်ခေါ်သည့် ပိုးလောက်လမ်းကာကွယ်နှိမ်နင်းရေးတစ်ခုသာရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



"သွေးလွန်တုပ်ကွေးဆိုတာ ကိုယ်တိုင်ကာကွယ်မှပဲရမှာပါ။ ရေအိုး၊ ရေခွက်တွေကို ဖုံးအုပ်ထားတာတွေ၊ လဲလှယ် ဆေးကြောတာတွေ၊ ရေဟောင်း၊ ရေကျန်တွေ မလိုအပ်ရင် သွန်ပစ်တာတွေ၊ ပိုးလောက်လမ်းရှိ မရှိ စစ်ဆေးတာတွေကို သုံးရက်တစ်ကြိမ် မိမိကိုယ်တိုင်လုပ်ရမယ့်ကိစ္စတွေပါ" ဟု ၎င်းက ရှင်းပြသည်။

# ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံ အပ်စိုက်ကုထုံးကုသ

**ရန်ကုန်၊ စက်တင်ဘာ ၁**

စစ်ကိုင်းတိုင်း ဝါးချက်ကျေးရွာရှိ ကျစ္စာချောင်ဆရာတော် ဦးလက္ခဏ တည်ထောင်သည့် ဝါးချက်ဇီဝိတဒါန သံဃာဆေးရုံကြီးတွင် အနောက်တိုင်းဆေးပညာကုထုံးဖြင့် မပျောက်ကင်းနိုင်သော ရောဂါများကို အပ်စိုက်ကုထုံးဖြင့် ကုသပေးလျက်ရှိကြောင်း ဩဂုတ်လ ၂၀ ရက်နေ့တွင် ဆေးရုံကြီးကြပ်ရေး ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းထံမှ သိရသည်။

အဆိုပါဆေးရုံကြီးတွင် အနောက်တိုင်းဆေးပညာ၊ တိုင်းရင်းဆေး၊ တရုတ်ရိုးရာအပ်စိုက်ကုထုံးတို့ဖြင့် သံဃာတော်နှင့် သီလရှင်တို့ကို အာမခံကုသပေးလျက်ရှိကြောင်း၊ ထိုအပ်စိုက်ကုထုံးဖြင့် ထုံကျင်၊ ကိုက်ခဲ၊ ဒူးနာ၊ ခါးနာ၊ လေငန်း၊ လေဖြတ်ရောဂါ၊ ကျီးပေါင်းရောဂါ၊ သွေးတိုး၊ ဆီးချို၊ နှလုံးသွေးကြောကျဉ်း၊ အဖောအရောင်၊ အမျိုးသမီးရောဂါများ၊ နားနှင့် နှာခေါင်းရောဂါများနှင့် အထွေထွေရောဂါမျိုးကို ကုသပေးပြီး ကုသရာတွင် သန့်စင်ပြီး တစ်ခါသုံးအပ်များ အသုံးပြုကြောင်း၊ အပ်စိုက်ကုသမှုကို အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တို့တွင် ကုသကြောင်း၊ လူပုဂ္ဂိုလ်များကုသမှုခံယူလို့ပါက ဆေးဖိုးနှင့် အပ်ဖိုးကိုသာ ဆေးရုံသို့ပေးလှူ၍ ကုသမှုခံယူနိုင်ကြောင်း အဆိုပါဆေးရုံတွင် အပ်စိုက်ကုသပေးသည့် တိုင်းရင်းဆေးနှင့် အပ်စိုက်ကုကျွမ်းကျင်သူများထံမှ သိရသည်။

**Ko Htun Thine**

LIVING COLOR MEDIA
၂၄၂၄၂၄ ၊ ၃၉၃၁၃၂

www.foreverspace.com.mm



# ကလေးများအား နို့တိုက်ကျွေးရာတွင် နို့သီးခေါင်းပါဘူးများ အသုံးမပြုသင့်

**ရန်ကုန်၊ ဩဂုတ် ၁၅**

နို့စို့အရွယ်ကလေးများနှင့် မွေးကင်းစကလေးငယ်များကို အသင့်သုံးကလေး နို့မှုန့်များ တိုက်ကျွေးရာ၌ နို့သီးခေါင်းပါဘူးများကို လုံးဝအသုံးမပြုသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ ကလေးအထူးကုဆရာဝန်တစ်ဦးက ပြောကြားသည်။

နို့တိုက်ကျွေးရာ၌ နို့သီးခေါင်းပါဘူးများအစား ဇွန်းကိုသာ အသုံးပြုသင့်ကြောင်း၊ နို့ဘူးများကို အသုံးပြုရာတွင် သန့်စင်အောင် ဆေးကြောရန် ခက်ခဲခြင်းကြောင့် နို့ဘူးမှတစ်ဆင့် ကူးစက်ရောဂါ ဖြစ်ပွားလာနိုင်ကြောင်း၊ ယင်းမှတစ်ဆင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားတတ်ပြီး ကလေး၏ အသက်အန္တရာယ်ကိုပါ ထိခိုက်နိုင်ကြောင်း၊ အသင့်သုံးရေသန့်ပုလင်း၊ ဘူးတိုင်းသည် ပိုးသတ်ထားပြီးသားမဖြစ်နိုင်ကြောင်း၊ ထို့ကြောင့် နုနယ်သည့်ကလေးငယ်များအတွက် ရောဂါကူးစက်ပျံ့နှံ့မှု ပိုမိုလွယ်ကူနိုင်ကြောင်း ၎င်းကဆိုသည်။

ကလေးငယ်များကို အသင့်သုံးနို့မှုန့်၊ နို့ဘူးများအစား ဖြစ်နိုင်ပါက မိခင်နို့တစ်မျိုးတည်းကိုသာ တိုက်ကျွေးသင့်ကြောင်း၊ အထူးသဖြင့် မီးဖွားပြီးတစ်နာရီအတွင်းမှစ၍ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်းသာ တိုက်ရန်လိုကြောင်း၊ အသက်ခြောက်လအတွင်းရှိ ကလေးငယ်များကို မိခင်နို့မှလွဲ၍ ရေကိုပင်မတိုက်သင့်ကြောင်း၊ မိခင်နို့မစို့ရသောကလေးများသည် မိခင်နို့စို့ရသော ကလေးများထက် အဆုတ်ရောင်ရောဂါ (နမိုးနီးယား) ဖြစ်ပွားတတ်ပြီး သေဆုံးမှုမှာ ငါးဆရှိကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားရန်လည်း ပိုမိုလွယ်ကူတတ်ပြီး သေဆုံးနိုင်မှုပမာဏမှာ ၁၄ ဆထိများပြားနိုင်ကြောင်း ၎င်းထံမှ သိရသည်။

---

# တစ်ပင်တိုင်မြနန်းကို စီးပွားဖြစ်စိုက်ပျိုးလျှင် ပြည်တွင်းပြည်ပဈေးကွက်၌ အလားအလာကောင်း

**သတင်းဆောင်းပါး–နိုင်မင်းဝေ၊ အောင်စိုး၊ ၅–၈–၂၀၀၈**

**မြန်မာနိုင်ငံတွင် အလေ့ကျပေါက်သည့် ဆေးဖက်ဝင်တစ်ပင်တိုင်မြနန်းကို စီးပွားဖြစ်စိုက်ပျိုးပါက ပြည်တွင်းပြည်ပဈေးကွက်နှစ်ရပ်စလုံး၌ အလားအလာကောင်းပြီး အလွယ်တကူစိုက်ပျိုးရသဖြင့် ဝင်ငွေအလွယ်တကူရရှိနိုင်ကြောင်း ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မဟိဒ္ဓိတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက အကြံပြုပြောကြားသည်။**

တစ်ပင်တိုင်မြနန်းသည် ရှမ်းပြည်နယ်(တောင်ပိုင်း) တွင် အနှံ့အပြားပေါက်ရောက်သကဲ့သို့ မန္တလေးတိုင်းအတွင်းရှိ ပုပ္ပားတောင်၊ မိုးကုတ်နှင့် ကချင်ပြည်နယ် အင်းတော်ကြီးအိုင်အနီးတစ်ဝိုက်တွင်လည်း အလေ့ကျပေါက်ရောက်ပြီး ကင်ဆာရောဂါပျောက်ကင်းသက်သာသည်ဟုဆိုကာ ဈေးကောင်းပေးဝယ်ယူမှုကြောင့် ရှာဖွေရရှိမှု ခက်ခဲလာကြောင်း၊ အကယ်၍ စီးပွားဖြစ်မဟုတ်သော်လည်း တောင်ယာများ၊ ခြံများတွင် စိုက်ပျိုးပါက ယင်းမြေယာများကို ကာကွယ်ထိန်းသိမ်းရာရောက်ကြောင်း ၎င်းက သုံးသပ်ပြောကြားသည်။




တစ်ပင်တိုင်မြနန်းပင်များသည် အမြင့်ပေ ၃၀၀၀ မှ ၅၀၀၀ တွင် ပေါက်ရောက်လေ့ရှိပြီး ရှမ်းပြည်နယ် တောင်တန်းများပေါ်တွင် အများအပြားပေါက်ရောက်သကဲ့သို့ မြန်မာနိုင်ငံအတွင်းရှိ စိုစွတ်၍အေးသော ရာသီဥတုရှိရာဒေသများတွင်လည်း စိုက်ပျိုးနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနက ၂၀၀၃ ခုနှစ်တွင် ထုတ်ဝေသည့် လက်တွေ့အသုံးချဆေးဖက်ဝင်အပင်များပေါင်းချုပ်စာအုပ်၏ စာမျက်နှာ ၇၂ တွင် ဖော်ပြထားသည်။

"စိုက်ရတာ မခက်ပါဘူး။ ဘာကြောင့်မှန်းမသိဘူး။ ကျွန်မတို့အိမ်ရှေ့မှာ ပန်းအိုးနဲ့ စိုက်ထားတာတောင် ရှင်တာပဲ။ တောင်ယာတွေမှာစိုက်ရင် ဖြစ်မှာပါ" ဟု ရန်ကင်း ၁၂ လုံးတန်းတိုက်ခန်းရှေ့တွင်

www.foreverspace.com.mm





စိုက်ပျိုးဖြစ်ထွန်းနေသည့် တစ်ပင်တိုင်မြနန်းပင်များကိုညွှန်ပြ၍ မဟိဒ္ဓိဆေးဝါးထုတ်လုပ်ရေးမှ တာဝန်ရှိသူအမျိုးသမီးက ဆိုသည်။

တစ်ပင်တိုင်မြနန်းပင်သည် နွယ်ပင်မျိုးဖြစ်ပြီး ပင်စည်သေးသွယ်ကာ လုံးဝိုင်းမှုမရှိဘဲ ထောင့်လေးဖက်ရှိသည်။ ကိုင်းငါးကိုင်းမှ သုံးကိုင်းအထိ ဖြာထွက်တတ်ပြီး ချိတ်နှာမောင်းကလေးများဖြင့် တွယ်တက်လေ့ရှိသည်။ အရွက်မှာ ဘဲဥပုံသဏ္ဍာန်ရှိပြီး တစ်ရွက်နှင့်တစ်ရွက်လွဲ တစ်ဆင့်ဆီတွယ်တတ်သည်။ ဥမှာ မျက်နှာပြင်ညီညာခြင်းမရှိဘဲ ပုံစံမျိုးစုံရှိပြီး အညိုရောင်သုံးစုံဖြစ်သည်။ အနည်းငယ်မာကြောသောဥများဖြစ်သည်ဟု လက်တွေ့အသုံးချ ဆေးပင်များပေါင်းချုပ်စာအုပ်တွင် ဖော်ပြထားသည်။

"အနီရောင်နဲ့အဖြူရောင် နှစ်မျိုးအပြင် အရမ်းရှားတဲ့ အနက်မျိုးလည်းရှိတယ်။ တချို့က သိဒ္ဓိဝင်ပင်လို့ပြောတယ်" ဟု လှိုင်မြို့နယ်တွင် နေထိုင်သည့် တိုင်းရင်းဆေးဆရာကြီးတစ်ဦးက တစ်ပင်တိုင်မြနန်းအပင်ဥအကြောင်း ရှင်းပြသည်။

ယခုနောက်ပိုင်း နှစ်ချို့တစ်ပင်တိုင်မြနန်းဥများ ရှားပါးလာပြီး ဈေးနှုန်းမှာလည်း လွန်ခဲ့သည့် လေးငါးနှစ်ကထက် ၁၀ ဆခန့်မြင့်တက်ခဲ့ကြောင်း၊ အထူးသဖြင့် တရုတ်နယ်စပ်ကုန်သွယ်ရေးနှင့် ပြည်တွင်းဆေးဝါးကုမ္ပဏီအချို့၏ ဈေးကောင်းပေးဝယ်မှုကြောင့် တဖြည်းဖြည်း ဈေးကောင်းလာကာ ဝယ်ယူရခက်လာသကဲ့ သို့ သိသိသာသာအထွက်လျော့လာပြီး ယခင်နှစ်များ၏ လေးပုံတစ်ပုံခန့်သာ ဝယ်ယူရကြောင်း မဟိဒ္ဓိဆေးထုတ်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"ဒီကတောင်ပေါ်သားတွေက ဆေးဖက်ဝင်တာပဲ သိတယ်၊ ဘာရောဂါအတွက်ကောင်းလဲတော့ သိတာမဟုတ်ဘူး။ ဈေးကောင်းရတော့ တစ်တောလုံး တစ်တောင်လုံး လိုက်ရှာကြတာ၊ လွန်ခဲ့တဲ့ လေးငါးနှစ်က ဆယ်ပိဿာလောက် အလွယ်တကူရှာလို့ရပေမယ့် အခု တစ်ပိဿာကို မနည်းရှာရတယ်" ဟု ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် နောင်တရားကျေးရွာမှ ရိုးရာတိုင်းရင်းဆေးဆရာကြီးတစ်ဦးက တစ်ပင်တိုင်မြနန်းဥများ ရှားပါးလာမှု အခြေအနေကို ရှင်းပြသည်။

"ဒီအပင်က သဘာဝပေါက်ပင်ဆိုတော့ အလွယ်တကူစိုက်လို့ရတယ်။ ဂျင်း (ချင်း) တက်တို့၊ အာလူးတို့စိုက်သလိုမျိုးပဲ။ ခြံစည်းရိုးတွေ၊ တောင်ယာခင်းတွေမှာ စိုက်လို့ရတယ်။ ဆောင်းရာသီ နိုဝင်ဘာ၊ ဒီဇင်ဘာဆို ဥစုဆောင်းလို့ရတယ်။ အပင်၊ အရွက်၊ ဥအားလုံး ဆေးဖက်ဝင်တယ်" ဟု အဆိုပါ တိုင်းရင်းဆေးဆရာက ဆိုသည်။

တစ်ပင်တိုင်မြနန်းနာမည်ကျော်ရ

# ဝက်သားပေါက်များ ဘင်္ဂလားဒေ့ရှ် ဝယ်ယူ

**မောင်တော၊ ဩဂုတ် ၃၁**

မောင်တောမြို့နယ်အထက်ပိုင်း တောင်ပေါ်ကျေးရွာများမှ ဝက်သားပေါက်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပေါ်ကျေးရွာများသို့ နယ်စပ်ဖြတ်ကျော်ရောင်းချလျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ တောင်ပေါ်ဒေသများတွင် ရခိုင်မျိုးနွယ်စုဝင်များ နေထိုင်လျက်ရှိကြပြီး နယ်စပ်ဒေသအတွင်း ကူးလူးဆက်သွယ်မှုများရှိနေတတ်ကြောင်း၊ ဒေသမျိုးရင်းဝက်များကိုသာ တင်ပို့ရောင်းချကြကြောင်း၊ အသားတိုးဝက်များကိုမူ ဝယ်ယူခြင်းမရှိကြောင်း၊ ဝက်များမှာ အရွယ်ကိုလိုက်၍ တစ်ကောင်လျှင် ငွေကျပ်တစ်သောင်းအထက်ပေါက်ဈေးရှိကြောင်း ၎င်းတို့က ဆိုသည်။

မောင်တောအထက်ပိုင်း ကျေးရွာများမှ အရွယ်ကြီးဝက်များကို အသားပေါ်၍ တစ်ဖက်နိုင်ငံသို့လည်း ပိဿာဆွဲဖြင့် တင်ပို့ရောင်းချကြကြောင်း ၎င်းတို့ထံမှ စုံစမ်းသိရသည်။

**သတင်းထောက်ကောင်း**

www.foreverspace.com.mm



ခြင်းမှာ ကင်ဆာရောဂါပျောက်ကင်းသည်ဟု နာမည်ထွက်လာခြင်းကြောင့်ဖြစ်ပြီး အထူးသဖြင့် အမျိုးသမီးများတွင်ဖြစ်တတ်သည့် ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ သားအိမ်ခေါင်းကင်ဆာရောဂါများ ပျောက်ကင်းသက်သာသကဲ့သို့ အမျိုးသားများတွင် ဖြစ်ပွားလေ့ရှိသည့် ဆီးကျိတ်ကင်ဆာလည်း ပျောက်ကင်းသည့်အပြင် အစာအိမ်နာရောဂါလည်း ပျောက်ကင်းသည်ဟုယူဆပြီး နိုင်ငံကျော် တိုင်းရင်းဆေးတိုက်ကြီးများတွင်ပါ ကင်ဆာရောဂါကုဆေးအဖြစ် တစ်ပင်တိုင်မြနန်းကို အသုံးပြု၍ ကုသလာကြကြောင်း တိုင်းရင်းဆေးဆရာများထံမှ စုံစမ်းသိရှိရသည်။

ယခင်က ရောင်းချလေ့မရှိသော သိမ်ကြီးဈေးအတွင်းရှိ ပရဆေးဆိုင်များသည်လည်း လူအများ မကြာခဏ စုံစမ်းမေးမြန်းကြသောကြောင့် ယခုအခါ တစ်ပင်တိုင်မြနန်းဥကို ရှာဖွေရောင်းချလာရကြောင်း၊ တစ်ပိဿာ ၂၅၀၀၀ ကျပ်မှ ၃၀၀၀၀ ကျပ်ခန့်ရှိကြောင်း ယင်းဈေးအတွင်းမှ စုံစမ်းသိရှိရသည်။

မြန်မာနိုင်ငံတွင် ပေါက်ရောက်သည့် တစ်ပင်တိုင်မြနန်းကို စီးပွားဖြစ် သုတေသနပြုစိုက်ပျိုးထုတ်လုပ်ပါက မျိုးတုံးမည့်အန္တရာယ်ကို ကာကွယ်ရာရောက်သကဲ့သို့ ကမ္ဘာကျော် ကိုရီးယား ဂျင်ဆင်းကဲ့သို့ ကမ္ဘာကျော် မြန်မာ့ဆေးပင်ဖြစ်လာနိုင်ကြောင်း တိုင်းရင်းဆေးဆရာများက ရှုမြင်ထားကြသည်။

ကမ္ဘာကျော် ကိုရီးယားဂျင်ဆင်းသည် နတ်ဆေးမြစ်ဟု ယူဆချက်နှင့်အတူ ဝေးလံသည့်တောင်တန်းများမှ ရှားရှားပါးပါးရှာဖွေသော ဆေးမြစ်အဆင့်မှ စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်လာနိုင်သည်အထိ အမြောက်အမြားထွက်ရှိမှုနှင့် ကိုရီးယားနိုင်ငံ၏ ကမ္ဘာကျော်ဆေးကောင်းတစ်ခု ဖြစ်လာခဲ့သည်ဟု တိုင်းရင်းဈေးကွက်လေ့လာသူများက သုံးသပ်ပြောကြားသည်။

၂၄၂၄၂၄ ၊ ၃၉၃၁၃၂



# နာဂစ်ကြောင့်ပျက်စီးသွားခဲ့သည့် လျှပ်စစ်စွမ်းအင်ကဏ္ဍ အပြည့်အဝနီးပါး ပြန်လည်ပတ်နေဟုဆို

**ရန်ကုန်၊ ဩဂုတ် ၁၆**

မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ၉၀ ရာခိုင်နှုန်းပျက်စီးဆုံးရှုံးခဲ့သည့် မုန်တိုင်းသင့်ဒေသများ၏ လျှပ်စစ်စွမ်းအင်ကဏ္ဍမှာ မုန်တိုင်းတိုက်ခတ်ပြီး သုံးလကျော်အကြာတွင် အပြည့်အဝနီးပါး ပြန်လည်ပတ်နေပြီဟုဆိုနိုင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ပြောကြားသည်။

ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်တွင် ဩဂုတ်လ ၁၅ ရက်နေ့ကကျင်းပပြုလုပ်သည့် နာဂစ်မုန်တိုင်းသင့်ဒေသများတွင် အသုံးပြုရန် ဘတ် ၆.၅ သန်းတန် ဆိုဒီယမ်လမ်းမီးအစုံများ ထိုင်းစွမ်းအင်ဝန်ကြီးဌာနကလှူဒါန်းသည့် အခမ်းအနားတွင် ၎င်းက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

နာဂစ်မုန်တိုင်းကြောင့် လျှပ်စစ်စွမ်းအင်ကဏ္ဍတွင် ငွေကျပ် ၁၅ ဘီလီယံဖိုး ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ အထူးသဖြင့် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် ကရင်ပြည်နယ်သို့ ပို့လွှတ်နေသည့် ဓာတ်အားစနစ်ကြီးပျက်စီးထိခိုက်ခဲ့ကြောင်း၊ သို့ရာတွင် ယင်းပျက်စီးထိခိုက်မှုများ အပြည့်အဝနီးပါး ပြန်လည်နာလန်ထူနိုင်ပြီဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

နာဂစ်မုန်တိုင်းကြောင့် မြန်မာနိုင်ငံတွင်လူဦးရေ ၁၄၀,၀၀၀ နီးပါး သေဆုံးပျောက်ဆုံးခဲ့ပြီး ပျက်စီးမှုတန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ လေးဘီလီယံတန်ဖိုးရှိကြောင်း သုံးပွင့်ဆိုင်ဗဟိုအဖွဲ့၏ထုတ်ပြန်ချက်အရ သိရသည်။

နာဂစ်မုန်တိုင်းအပြီး လျှပ်စစ်စွမ်းအင်ကဏ္ဍ၌ရန်ကုန်တိုင်းအတွင်း ကျပ်သန်းပေါင်း ၅၀၀၀ ကျော်ဖိုး ဆုံးရှုံးပျက်စီးခဲ့ပြီး ဧရာဝတီတိုင်းတွင် ကျပ်သန်းပေါင်း ၃၂၂၀ ဒသမ ၃၀၃ သန်း ပမာဏ ဆုံးရှုံးပျက်စီးခဲ့သည်။

■

www.foreverspace.com.mm

# ပြည်တွင်း NGO များပူးပေါင်း၍ Social Enterprise ထူထောင်ရန်စီစဉ်

**သတင်းဆောင်းပါး–ကျော်ကျော်မင်း၊ ၉–၈–၂၀၀၈**

**မြန်မာနိုင်ငံရှိ ကဏ္ဍအသီးသီးတွင် လက်ရှိလုပ်ငန်းဆောင်ရွက်နေသည့် အကျိုးအမြတ်မယူသော NGO များ ပူးပေါင်း၍ Social Enterprise တစ်ခု ထူထောင်လုပ်ကိုင်ဆောင်ရွက်ရန် စီစဉ်နေကြောင်း ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။**







နာဂစ်မုန်တိုင်းကြောင့် ထိခိုက်ခဲ့သော သစ်တောများ၊ လူမှုဘဝများ၊ ဂေဟဗေဒစနစ်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ရေရှည်၌ အလှူငွေသက်သက်ဖြင့်ရပ်တည်ရန် မလွယ်ကူကြောင်း၊ ထို့ကြောင့် အကျိုးအမြတ်ယူသောစီးပွားရေးလုပ်ငန်းတစ်ခုအသွင်ဆောင်ပြီး အကျိုးအမြတ်များကို အများအကျိုးအတွက် အသုံးချမည့် Social Enterprise ပုံစံထူထောင်လုပ်ကိုင်သွားရန် စီစဉ်လျက်ရှိကြောင်း ၎င်းက ဆိုသည်။

Social Enterprise မှာ မြန်မာနိုင်ငံတွင် လုံးဝမရှိသေးသော သီးခြားရပ်တည်မှုပုံစံတစ်မျိုးဖြစ်ပြီး ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းအသွင်နှင့် NGO များ၏ အသွင်သဏ္ဌာန်ကို ရောယှက်ထားခြင်းဖြစ်ကြောင်း၊ Community Base Organization၊ Faith Base Organization၊ Seft-help Organization များ၊ NGO များကဲ့သို့ အကျိုးအမြတ်မယူသော အဖွဲ့အစည်းမျိုးမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ပြီး ရရှိသောအကျိုးအမြတ်များကို လှူဒါန်းသွားမည်ဖြစ်ကြောင်း ဒေါက်တာအောင်ထွန်းသက်က ရှင်းပြသည်။

"အဓိကရည်ရွယ်ချက်က လှူထားတဲ့ Fund တွေကို Substainable ဖြစ်ဖို့၊ ရေရှည်တည်တံ့ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးလုပ်ငန်းတွေလုပ်ကိုင်နိုင်ဖို့ ကိုယ့်ဘာသာကိုယ် စီးပွားရေးလုပ်ငန်းပုံစံနဲ့ ရပ်တည်နေပြီး အကျိုးအမြတ်နဲ့ ပရဟိတတွေလုပ်မှာဖြစ်တဲ့အတွက် Fund မရှိလို့ ဆက်မလုပ်ရဘဲ ရပ်ထားရတာမျိုး မကြုံတွေ့နိုင်တော့ဘူး" ဟု မြစ်ဝကျွန်းပေါ်ဒေသ ဒီရေတောပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အဓိကဆောင်ရွက်နေသည့် ပြည်တွင်း NGO တစ်ခုဖြစ်သော FREDA ၏ အတွင်းရေးမှူးဦးအုန်းက ဖြည့်စွက်ပြောကြားသည်။

ယခုဖွဲ့စည်းထူထောင်မည့် Social Enterprise သည် အကျိုးအမြတ်များကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်

# နာဂစ်ကြောင့်ထိခိုက်ခဲ့သော အီလက်ထရွန်နစ်ဈေးကွက် ပြန်လည်ဦးမော့

**ရန်ကုန်၊ ဇူလိုင် ၂၅**

နာဂစ်မုန်တိုင်းတိုက်ခတ်မှုဒဏ်ခံရပြီးနောက်ပိုင်း အေးစက်ငြိမ်သက်နေခဲ့သော အီလက်ထရွန်နစ်အသုံးအဆောင်ပစ္စည်းဈေးကွက် ပြန်လည်ဦးမော့လာပြီဖြစ်ကြောင်း ရန်ကုန်မြို့ရှိ Khind အီလက်ထရိုကမ္ဘာမှ အထွေထွေမန်နေဂျာ ဦးထွန်းမင်းက ပြောကြားသည်။

နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် မေလမှ ဇွန်လလယ်ခန့်ထိ မိမိတို့ခန့်မှန်းထားသောရောင်းအားစံချိန်၏ ထက်ဝက်အောက်သို့ ကျဆင်းသွားခဲ့ကြောင်း၊ ဇွန်လကုန်ပိုင်းမှ အရောင်းအဝယ်အနည်းငယ်ပြန်တက်လာခဲ့ကြောင်း ၎င်းထံမှ သိရသည်။

အီလက်ထရွန်နစ်ပစ္စည်းများတွင် လူ့အသုံးအဆောင်ပစ္စည်းများသာ အဓိကအရောင်းအဝယ်ပြန်လိုက်လာခြင်းဖြစ်ကြောင်း၊ TV၊ VCD ၊ DVD ၊ ရေခဲသေတ္တာစသည့်ဇိမ်ခံပစ္စည်းများမှာ ဈေးကွက်အနေအထား ပုံမှန်အခြေအနေသို့ မရောက်ရှိသေးကြောင်း ခေတ္တာအီလက်ထရွန်နစ်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ခံတစ်ဦးက ပြောကြားသည်။

"အီလက်ထရွန်နစ်ပစ္စည်းဈေးကွက်က လုံးဝကို ငြိမ်သွားခဲ့တာ။ အခုမှပြန်လှုပ်လာတာပါ" ဟု OK Myanmar Co., Ltd. မှ ဒါရိုက်တာတစ်ဦးက ပြောကြားသည်။

www.foreverspace.com.mm

ငန်းများ၊ လူမှုဝန်းကျင်နှင့် သဘာဝဂေဟစနစ်ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အဓိကရည်ရွယ်အသုံးချသွားမည်ဖြစ်ကြောင်း ယင်းလုပ်ငန်းများကို ရေရှည်စဉ်ဆက်မပြတ်လုပ်ကိုင်နိုင်ရေးအတွက် အဖြစ်နိုင်ဆုံးပုံစံတစ်ခုဖြစ်မည့် Social Enterprise ပုံစံကိုရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် ပြည်တွင်း NGO မင်္ဂလာမြန်မာ၏ တာဝန်ရှိသူ ဒေါ်ယုဇမော်ထွန်းက ပြောကြားသည်။

"မြန်မာနိုင်ငံအတွက် ပုံစံအသစ်တစ်ခုဖြစ်ပေမယ့် ကမ္ဘာမှာ ဒီပုံစံကို အသုံးပြုပြီး အောင်မြင်နေတဲ့နိုင်ငံတွေ ရှိပါတယ်။ Private Sector နှင့် Social Sector တို့ပေါင်းတဲ့ Outcome ဆိုရင်လည်း မမှားနိုင်ဘူး။ စီးပွားရေးလုပ်ငန်းရှင်တွေ ပူးပေါင်းပါဝင်တဲ့အတွက် စီးပွားရေးလုပ်ငန်းရှင်တွေ Entrepreneur တွေရဲ့ စီးပွားရေးအမြင်တွေ၊ အားတွေအပြင်၊ အလှူအတန်းထက်ပိုတဲ့ လူမှုရေးစွမ်းဆောင်မှုတွေ လုပ်နိုင်ဖို့အတွက်လည်း လက်ရှိလုပ်ကိုင်နေတဲ့ လူမှုရေးလုပ်ငန်းတွေကို ပူးပေါင်းထားတဲ့ အားတွေပါဝင်မှာမို့ အားသာချက် နှစ်ရပ်ကျွန်မတို့မှာရှိနေပါတယ်" ဟု ၎င်းကရှင်းပြသည်။

မြန်မာနိုင်ငံရှိ လူမှုရေးလုပ်ငန်းအများစုသည် စေတနာရှင်များ၏ ထောက်ပံ့လှူဒါန်းငွေများကို အားထားနေရကြောင်း၊ ယင်းသို့ထောက်ပံ့လှူဒါန်းငွေများကိုသာ အားထားနေရသည့်ပုံစံကို ယင်းသို့ Social Enterprise ပုံစံဖြင့် ပြောင်းလဲအစားထိုးရန်လိုအပ်ကြောင်း၊ မိမိတို့က စံပြအနေဖြင့် စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဦးအုန်းက ပြောကြားသည်။

ပုဂ္ဂလိကလုပ်ငန်းများကဲ့သို့ စီးပွားရေးလုပ်ငန်းများကို အကျိုးအမြတ်ရယူလုပ်ကိုင်သွားမည်ဖြစ်ကြောင်း၊ ရရှိသည့်အမြတ်အစွန်းကို အစုရှယ်ယာထည့်ပြီး ရင်းနှီးမြှုပ်နှံသူများအတွက် သင့်လျော်သည့် အမြတ်ဝေစုကို ခွဲဝေပေးပြီး ကျန်ငွေများကို လှူဒါန်းသွားမည့်ပုံစံဖြစ်ကြောင်း Social Enterprise ၏ အသွင်သဏ္ဍာန်အကြမ်းဖျင်းကို ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ပြောကြားသည်။

Social Enterprise တွင် ပါဝင်မည့် အဖွဲ့အစည်းများနှင့် အဖွဲ့အစည်း၏ ရှေ့စီမံချက်များကို ဆွေးနွေးညှိနှိုင်းနေဆဲဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမည်ဆိုသည်ကိုပါ တိုင်ပင်ဆွေးနွေးဆဲဖြစ်ကြောင်း ဒေါ်ယုဇမော်ထွန်းက ဆိုသည်။

နာဂစ်မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့ရသောမြန်မာနိုင်ငံတွင် သဘာဝနှင့် လူမှုဝန်းကျင်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မဖြစ်မနေလုပ်ကိုင်ရန် လိုအပ်လျက်ရှိပြီး မူလဆောင်ရွက်ဆဲ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက် ဆက်လက်လုပ်ကိုင်နိုင်ရန် လိုအပ်နေကြောင်း၊ သို့ဖြစ်ရာ အဆိုပါလုပ်ငန်းများကို စဉ်ဆက်မပြတ်လုပ်ဆောင်သွားနိုင်မည့် ပြည်တွင်းအဖွဲ့အစည်းတစ်ခု အလျင်အမြန်ပေါ်ထွက်လာရေးအတွက် မည်သူမဆို ပူးပေါင်းပါဝင်နိုင်ကြောင်း အဆိုပါပညာရှင်များက တိုက်တွန်းပြောကြားသည်။

# ဘင်္ဂလားဒေ့ရှ် ငရုတ်ကောင်းဈေးကွက် အိန္ဒိယထိုးဖောက်၍ မြန်မာငရုတ်ကောင်းတင်ပို့မှု လျော့ကျ

**မောင်တော၊ ဩဂုတ် ၃၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ငရုတ်ကောင်းဈေးကွက်သို့ အိန္ဒိယနိုင်ငံမှ ငရုတ်ကောင်းများထိုးဖောက်နေရာယူမှုကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ် မြန်မာနိုင်ငံမှ ငရုတ်ကောင်း တန် ၁၀ ကျော် တင်ပို့ရောင်းချခဲ့ရာမှ ၂၀၀၆ ခုနှစ်မှစတင်၍ ငရုတ်ကောင်းတင်ပို့မှု လျော့နည်းကျဆင်းလာကြောင်း နယ်စပ်ကုန်သည်များက ဆိုသည်။

၂၀၀၆ ခုနှစ်တွင် ရခိုင်ပြည်နယ်မှ ငရုတ်ကောင်းထွက်ရှိမှု ကျဆင်းခဲ့ကြောင်း၊ ယင်းနှစ်က ငရုတ်ကောင်း တစ်ပိဿာလျှင် ၃၄၀၀ ကျပ်ဝန်းကျင်မှ ကျပ်တစ်သောင်းထိဖြစ်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့မှုနည်းပါးခဲ့ကြောင်း ကုန်သည်တစ်ဦးကဆိုသည်။ ယင်းကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ မြန်မာနိုင်ငံဘက်မှ ငရုတ်ကောင်းတင်ပို့မှုနည်းပါးသည့်အတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံမှ မှာယူတင်သွင်းခဲ့ကြောင်း၊ ထို့ကြောင့် ဘင်္ဂလားဒေ့ရှ်သို့ မြန်မာနိုင်ငံဘက်မှ တင်ပို့နေသော ငရုတ်ကောင်းဈေးကွက် ပျက်ခဲ့ရကြောင်း လေ့လာသုံးသပ်သူတစ်ဦးကဆိုသည်။ ငရုတ်ကောင်းနည်းတူ မြန်မာနိုင်ငံမှ ဆားတင်ပို့မှုမှာလည်း ၂၀၀၄ ခုနှစ်တွင်ရပ်ဆိုင်းခဲ့ပြီး ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ပြန်လည်တင်ပို့ခဲ့သော်လည်း ဈေးကွက်ဝေစု ထိုးဖောက်နိုင်ခြင်းမရှိဘဲ တင်ပို့မှုကျဆင်းခဲ့ရကြောင်း နယ်စပ်ကုန်သည်များထံမှ စုံစမ်းသိရသည်။

အိန္ဒိယနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်းလမ်းဖြင့် နယ်စပ်ဖြတ်ကျော်တင်ပို့မှုများရှိနေရာ ကုန်ပစ္စည်းတင်ပို့မှုတွင် မြန်မာနိုင်ငံနယ်စပ်မှ တင်ပို့သည်ထက် အားသာချက်များရှိနေကြောင်း၊ ယခုအခါ ငါးမြစ်ချင်းကဲ့သို့ ရေချိုငါးများကိုလည်း ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ ထိုးဖောက်နေရာယူလျက် ရှိနေပြီဖြစ်ကြောင်း မောင်တောမြို့ဒေသခံ ကုန်သည်တစ်ဦးက ဆိုသည်။

**သတင်းထောက်ကောင်း**

www.foreverspace.com.mm



# အာဆီယံကုန်သွယ်ဝန်ဆောင်မှု အကန့်အသတ်လျှော့ပေးရေးနှင့် စာရင်းစစ်နယ်ပယ် လွတ်လပ်စွာလုပ်ကိုင်ခွင့်ရရှိရေးညှိနှိုင်း

**ရန်ကုန်၊ ဩဂုတ် ၁၀**

အာဆီယံအဖွဲ့အနေဖြင့် ကုန်သွယ်ဝန်ဆောင်မှုဆိုင်ရာ အကန့်အသတ်များ လျှော့ပေးရေးနှင့် စာရင်းစစ်နယ်ပယ်တွင် အာဆီယံနိုင်ငံများကြား လွတ်လပ်စွာ ကူးလူးသွားလာလုပ်ကိုင်နိုင်ရန် မြန်မာနိုင်ငံစာရင်းကိုင်ကောင်စီက ဦးဆောင်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း အာဆီယံစာရင်းကိုင်များအဖွဲ့ (AFA) ၌ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းနာယကဗိုလ်ချုပ်လွန်းမောင်က ပြောကြားသည်။

ဩဂုတ်လ ၉ ရက်နေ့တွင် ရန်ကုန်မြို့ IBC ခန်းမ၌ ကျင်းပခဲ့သည့်အဆိုပါအသင်း၏ လေးကြိမ်မြောက် နှစ်ပတ်လည်အခမ်းအနား၌ အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ညှိနှိုင်းဆောင်ရွက်ချက်များအရ အာရှနှင့် အာဆီယံနိုင်ငံများ၏ စာရင်းစစ်နှင့် စာရင်းကိုင်များကို မြန်မာနိုင်ငံသို့ လာရောက်၍ လွတ်လွတ်လပ်လပ်လုပ်ကိုင်ခွင့်ပြုရတော့မည့်အချိန်ကာလမှာ မဝေးတော့ကြောင်း၊ ထို့အတူ မြန်မာစာရင်းကိုင်၊ စာရင်းစစ်များမှာလည်း ၎င်းနိုင်ငံအသီးသီး၌ လွတ်လပ်စွာ သွားလာလုပ်ကိုင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။


မြန်မာနိုင်ငံစာရင်းကိုင်ကောင်စီအနေဖြင့် အာဆီယံနိုင်ငံများအကြားတွင်သာမက အာဆီယံမဟုတ်သည့် တရုတ်၊ ကိုရီးယား၊ ဩစတြေးလျ၊ ဆွစ်ဇာလန်နိုင်ငံနှင့်အလားတူနိုင်ငံများတွင်လည်း လွတ်လပ်စွာ ကူးလူးသွားလာလုပ်ကိုင်နိုင်စေရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံစာရင်းစစ်နှင့် စာရင်းကိုင်များအနေဖြင့် ကမ္ဘာ့အဆင့်အတန်းနှင့်အညီ ရင်ပေါင်တန်း၍ အပြိုင်အဆိုင်ဆောင်ရွက်ရမည့်အနေအထားကို ရောက်ရှိလာတော့မည်ဖြစ်ကြောင်း၊ ယခုအခါ ပညာရပ်ဆိုင်ရာကျွမ်းကျင်ပြီး စွမ်းဆောင်ရည်ပြည့်ဝသည့် လက်မှတ်ရပြည်သူ့စာရင်းကိုင်တစ်ဦးအဖြစ် ရပ်တည်နိုင်ရေးအတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးမှု (CPE) ကို မလွဲမသွေဆောင်ရွက်နေရန် လိုအပ်လာပြီဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ စာရင်းကိုင်ကောင်စီအနေဖြင့် ၂၀၀၉ ခုနှစ်မှစတင်၍ CPE Hours ကို စိစစ်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းရှင်းပြသည်။

# တန်ဖိုးနည်း Notebook PC ဈေးကွက်ဝေစု အပြိုင်အဆိုင်ရှာဖွေ

**သတင်းဆောင်းပါး–ကျော်ကျော်မင်း၊ ၂၀–၈–၂၀၀၈**

**ကွန်ပျူတာဆက်စပ်ပစ္စည်းဈေးကွက်အတွင်းသို့ တန်ဖိုးနည်း Notebook PC များကို ကုမ္ပဏီများ အပြိုင်အဆိုင် တင်သွင်းဖြန့်ချိလာကြပြီး ဈေးကွက်ဝေစုအပြိုင်အဆိုင်ရှာဖွေလာကြကြောင်း ရန်ကုန်မြို့ရှိ Desktop နှင့် Notebook PC ရောင်းဝယ်ရေးလုပ်ငန်းများထံမှ စုံစမ်းသိရှိရသည်။**

ဈေးကွက်အတွင်းသို့ အမေရိကန်ဒေါ်လာ ၅၀၀ အောက်တန်ဖိုးရှိ ASUS အမှတ်တံဆိပ် Notebook PC များကို Golden Power Technology က တင်သွင်းဖြန့်ချိလာသကဲ့သို့ Smart Computer Technology ကလည်း ကန်ဒေါ်လာ ၅၀၀ ဝန်းကျင်ရှိ MSI U 100 အမျိုးအစား Wind First Look အမှတ်တံဆိပ် Notebook များကို ကျပ်ခြောက်သိန်းဖြင့် တင်သွင်းဖြန့်ချိလာသည်ကို တွေ့ရှိရသည်။



ပြည်တွင်းဈေးကွက်အတွင်းသို့ ပထမဦးဆုံးတင်သွင်းလာသော တန်ဖိုးနည်း Notebook PC မှာ ASUS အမှတ်တံဆိပ် Eee PC 2G Surf, 4G, 4G Surf, 8G အမျိုးအစားများဖြစ်ပြီး ဈေးကွက်အောင်မြင်မှုရရှိခဲ့သဖြင့် ပိုမိုမော်ဒယ်လ်မြင့်သော 900, 901, 903, 1000 နှင့် 1000 H အမျိုးအစားများကို ထပ်မံတင်သွင်းဖြန့်ချိခဲ့ကြောင်း Golden Power Technology မှ အထွေထွေမန်နေဂျာ ဦးထွန်းထွန်းအောင်က ပြောကြားသည်။

အဆိုပါ Eee PC များတွင် ကြိုးမဲ့

www.foreverspace.com.mm

စနစ်ပါရှိပြီး 3G Sim Card ပါ ထည့်သွင်းအသုံးပြုနိုင်သဖြင့် မြန်မာနိုင်ငံတွင် အသုံးပြုရန်စီစဉ်နေသော ဆက်သွယ်ရေးကွန်ရက်များနှင့် အံဝင်ခွင်ကျဖြစ်ကြောင်း ၎င်းကဆိုသည်။

“Eee PC ရဲ့ အဓိကအားနည်းချက်က Storage ပါ။ Storage ပမာဏနည်းတော့ ပေါင်ပေါ်တင်ထားမယ့် ကိုယ့်ရုံးခန်းတစ်ခုဖြစ်ဖို့ အားနည်းချက်ဖြစ်နေတယ်” ဟု Eee PC ဝယ်ယူအသုံးပြုသူ အိုင်တီပညာရှင်တစ်ဦးက ဆိုသည်။

ယခုထပ်မံတင်သွင်းလာမည့် Eee PC များသည် Solid-State Drive-SSD ပမာဏ 20 GB မှ 80 GB ကြား ပမာဏအထိ ထည့်သွင်းပေးထားပြီး သိုလှောင်မှုပမာဏ နည်းပါးမှုကို ဖြေရှင်းထားကြောင်း၊ ထို့ပြင် ပုံမှန် CPU များထက် ဓာတ်အားသုံးစွဲမှု သက်သာသော Atom CPU ကို ထည့်သွင်းပေးထားခြင်း၊ ကြိုးမဲ့စနစ်ပါဝင်ပြီး အသံထွက်ကောင်းမွန်ခြင်းစသည့် အခြားအားသာချက်များရှိသောကြောင့် အထက်ပါအားနည်းချက်ကို ကျော်လွှားနိုင်ကြောင်း ဦးထွန်းထွန်းအောင်က ပြောကြားသည်။

အလားတူပင် Smart Computer Technology ကလည်း MSI အမှတ်တံဆိပ် U 100 မော်ဒယ်လ် Notebook များကို ယင်းဈေးနှုန်းဝန်းကျင်ဖြင့် တင်သွင်းလာပြီး လုပ်ငန်းခွင်တွင် အသုံးချနိုင်မည့် Function အပြည့်အစုံထည့်သွင်းပေးထားကြောင်း Smart Computer Technology မှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

“ဈေးကွက်ထဲမှာ Notebook PC သုံးတဲ့သူ များလာတယ်။ တချို့လည်း သုံးချင်တယ်။ မတတ်နိုင်တာတွေလည်း တွေ့တော့ လုပ်ငန်းသုံးပဲဖြစ်နိုင်တယ်။ တန်ဖိုးသင့်တင့်တဲ့ဈေးနှုန်းရှိတဲ့ ဒီမော်ဒယ်လ်ကို တင်သွင်းလာတာပါ” ဟု ၎င်းက ပြောကြားသည်။

Notebook PC ဈေးကွက်အတွင်း ရောင်းအားအကောင်းဆုံးမှာ ယင်း MSI အမှတ်တံဆိပ် U 100 Notebook, ASUS အမှတ်တံဆိပ် Eee PC များအပြင် MSI အမှတ်တံဆိပ် VR 321, 340, 420 နှင့် PR 200x တို့ပါဝင်ကြောင်း၊ PR 200 မှာ ပေါက်ဈေး အမေရိကန်ဒေါ်လာ ၈၂၀ (ကျပ် ၉၀၀,၀၀၀) နီးပါးရှိသော်လည်း သပ်ရပ်သောဒီဇိုင်းအသွင်အပြင်နှင့် Memory 2GB အထိပါရှိပြီး Core 2 Duo CPU ကို အသုံးပြုထားခြင်းကြောင့် လူကြိုက်များခြင်းဖြစ်ကြောင်း Technoland ကွန်ပျူတာပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ



# ရန်ကုန်မျက်စိဆေးရုံကြီး ဆေးပဒေသာပင် ၁၆ လအတွင်း ကျပ်သိန်း ၄၀၀ ကျော် ထပ်တိုး

**ရန်ကုန်၊ ဩဂုတ် ၂၄**

ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးတွင် ကုသရန်အခက်အခဲရှိသူများကို အခမဲ့ ကုသမှုပေးနိုင်ရန်အတွက် ထူထောင်ထားသည့် ဆေးပဒေသာပင်သည် ၂၀၀၇ ဧပြီလမှ ၂၀၀၈ ဇူလိုင်လအတွင်း စုစုပေါင်း ကျပ်သိန်းလေးရာကျော် ထပ်တိုးလာခဲ့ကြောင်း အဆိုပါဆေးရုံကြီးမှ သိရသည်။

အဆိုပါဆေးရုံကြီး၏ ဆေးပဒေသာပင်သည် ၂၀၀၇ နှစ်ဆန်းအထိ ကျပ်သိန်း ၂၀၀ ခန့်သာရှိခဲ့ရာမှ ယင်းနှစ် ဧပြီလမှ ယခု ဇူလိုင်လအတွင်း ကျပ်သိန်း ခြောက်ရာကျော်အထိရှိလာခဲ့ကြောင်း၊ ထို့အတူ မျက်စိခွဲစိတ်ကုသရန် အခက်အခဲရှိနေသည့် ဝေဒနာရှင်များကိုလည်း ဆေးရုံကြီးအနေဖြင့်သော်လည်းကောင်း၊ အဖွဲ့အစည်းနှင့် စေတနာရှင်တို့၏ ခွဲစိတ်ကုသမှုအလှူဖြင့်သော်လည်းကောင်း လက်ခံဆောင်ရွက်ပေးနိုင်ခဲ့ရာ ၂၀၀၇ ဧပြီလမှ ဒီဇင်ဘာအထိ ၄၅၆ ဦးရှိခဲ့ပြီး ယခုနှစ်တွင်မူ ဇန်နဝါရီလမှ ဇူလိုင်လအထိ ၇၂၂ ဦးရှိသွားပြီဖြစ်ကြောင်း ထပ်မံသိရှိရသည်။

မျက်စိဝေဒနာရှင်တို့အတွက် လှူဒါန်းလိုသူများအနေဖြင့် ရန်ကုန်မျက်စိအထူးကုဆေးရုံ ဆေးရုံအုပ်ကြီးနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ကြောင်း ယင်းဆေးရုံ၏အဆိုအရ သိရှိရသည်။

www.foreverspace.com.mm

အရောင်းတာဝန်ခံတစ်ဦးက ဆိုသည်။

Desktop PC များ၏ လုပ်ဆောင်ချက်များကို Notebook PC များအနေဖြင့် အမီမလိုက်နိုင်သေးသော်လည်း စာရိုက်ခြင်း၊ ဓာတ်ပုံကြည့်နိုင်ခြင်း၊ အင်တာနက်ချိတ်ဆက်အသုံးပြုနိုင်ခြင်း ပြုလုပ်နိုင်ရုံမျှဖြင့် နေရာမရွေး သယ်ဆောင်သွားလာနိုင်သည့် Notebook PC များကို ပိုမိုသုံးစွဲလာကြကြောင်း၊ ဈေးနှုန်းအလွန်မြင့်မားသော Notebook များအစား တန်ဖိုးနည်း Notebook များ အစားထိုးဝင်ရောက်လာခြင်းကြောင့် ဈေးကွက်တွန်းအားတစ်ရပ်ဖြစ်ပြီး သုံးစွဲသူတိုးလာစေကြောင်း ASUS Indochina မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ဒါပေမဲ့ တန်ဖိုးနည်း Notebook User နဲ့ ဒီ Toshiba တို့လို အမြင့်လိုင်းသုံးတဲ့သူကတော့ သီးခြားစီပါပဲ။ တန်ဖိုးနည်း Notebook ဈေးကွက်က သုံးစွဲနိုင်တဲ့သူများတော့ ပိုပြီး Improve ဖြစ်လာတဲ့သဘောပါ" ဟု Technoland မှ ဈေးကွက် မန်နေဂျာ ဒေါ်သပြေအောင်က ပြောကြားသည်။




**ဈေးကွက်အတွင်းရှိ တန်ဖိုးနည်း Notebook PC အချို့၏ ဈေးနှုန်းများနှင့် ပါဝင်သည့်လုပ်ဆောင်ချက်များ**

| Model/Brand | CPU | Momery | HDD | Optical Drive/Wireless | Price (US$) |
|---|---|---|---|---|---|
| MSI U 100 | Atom/ 1.6 GHz | 1GB | 80 GB | 802.11 b/g, n, Card Reader, Bt,WC | 499 |
| VR 321 | VIA C7/1.6 GHz | 1GB | 80 GB | DVD-RV, 902.11 b/g | 570 |
| VR 340 | Celeron M 550/2.0 GHz | 512MB | 80GB | DVD-RW,802.11b/g, WC, Card Reader | 570 |
| Eee PC 901 | Atom/N2 701.6 GHz | 1GB | 20 GB | WiFi 802.11b/g, Card Reader BT | 599 |
| Eee PC 900 | Celeron M 353 900 MHz | 1GB | 16 GB | WiFi 802.11 b/g , Card Reader | 499 |

# အကူစားဖိုမှူး လုပ်သက်တစ်နှစ်ရှိသူများ သဘောၤသားအလုပ်လျှောက်ထားနိုင်

**ရန်ကုန်၊ ဩဂုတ် ၂၀**

ဟိုတယ်များ၌ အကူစားဖိုမှူး လုပ်သက်တစ်နှစ်နှင့်အထက်ရှိသူ မည်သူမဆို မြန်မာနိုင်ငံပင်လယ်ကူးသဘောၤသားများအသင်း (MOSA) က ဖွင့်လှစ်သည့် မွမ်းမံသင်တန်းနှစ်လတက်ရောက်ပြီးပါကပြည်ပ သဘောၤသားအလုပ်လျှောက်ထားနိုင်ကြောင်း အသင်းအတွင်းရေးမှူး ဦးမင်းဇော်က ပြောကြားသည်။

လျှောက်ထားလိုသူများသည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက အသိအမှတ်ပြုထားသည့် ဟိုတယ်တစ်ခုခု၌ စာဖိုးမှူးလုပ်ကိုင်သည့်အတွေ့အကြုံရှိရန်လိုအပ်ပြီး မွမ်းမံသင်တန်းကို နှစ်လကြာတက်ရမည်ဖြစ်ကြောင်း၊ အလုပ်လျှောက်ထားရာတွင် ၎င်းတို့ကို ဦးစားပေးရမည်ဖြစ်ကြောင်း၊ စားဖိုမှူးများအပြင် သဘောၤမလိုက်ဖူးသူများလည်း တက်ရောက်နိုင်ကြောင်း ဦးမင်းဇော်က ရှင်းပြသည်။

သင်တန်းပေးရာ၌ နိုင်ငံတကာမှ သတ်မှတ်စံနှုန်းအတိုင်း သင်ခန်းစာများ သင်ကြားပေးပြီး၊ Chief Cook၊ သန့်ရှင်းရေး၊ လုံခြုံရေး၊ ရောဂါကူးစက်မှုကင်းဝေးရေး၊ အင်္ဂလိပ်စာ၊ အခြေခံလိုအပ်ချက်များ စသည်တို့ကို ဝါရင့်သဘောၤသားကြီးများ၊ ရေကြောင်းကျွမ်းကျင်ပညာရှင်များက သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းကာလနှစ်လပြီးဆုံးပါက မည်သည့်နိုင်ငံသဘောၤလိုင်းတွင်မဆို အလွယ်တကူ အလုပ်လျှောက်ထားနိုင်ရန် MOSA က ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း အသင်းအုပ်ချုပ်ရေးအဖွဲ့ဝင်တစ်ဦးက ထပ်လောင်းပြောကြားသည်။

www.foreverspace.com.mm



# ဗားကရာပိဋကတ်တိုက် ကျောင်းသားများ လေ့လာနိုင်

**မန္တလေး၊ ဩဂုတ် ၈**

မန္တလေးတိုင်း အမရပူရမြို့နယ် ဗားကရာတိုက် မဟာဝေယံဘုံသာကျောင်းတော်ရှိ ပိဋကတ်တော်စာကြည့်တိုက်ရှိ ပေ၊ ပုရပိုက်များကို သုတေသနပြုလုပ်လိုသည့် ကျောင်းသားများ လာရောက်လေ့လာနိုင်သည်ဟု သမိုင်းသုတေသနပညာရှင်တစ်ဦးက ပြောကြားသည်။

ယင်းပိဋကတ်တော်နှင့် စာကြည့်တိုက်သည် မဟာဝေယံဘုံသာကျောင်းတော်ကြီးကို ရှေးမူမပျက် ပြန်လည်တည်ဆောက်ပြီး ပင်မအဆောင်၏ အပေါ်ထပ်တွင် ဗုဒ္ဓဆင်းတုတော်ပြတိုက်နှင့် အောက်ထပ်တွင် ပိဋကတ်တော်စာကြည့်တိုက် အဖြစ်ထားရှိကြောင်း၊ သမိုင်းသုတေသီ ကျောင်းသားများ သုတေသနပြုနိုင်ရေးအတွက် ရွှေပိန်းကြိုးဆစ်ပေ၊ ရွှေမျဉ်းကြိုးဆစ်ပေ၊ မျဉ်းနီပေ၊ မျက်နက်ပေ၊ ပေဖြူ စသည့် ရှေးဟောင်းစာပေအမျိုးအစားပေါင်း ၅၂၈၀ နှင့် ပေ၊ ပုရပိုက်ပေါင်း ၂၃၁ ခုရှိသည်ဟု အဆိုပါသုတေသီက ထပ်လောင်းပြောကြားသည်။

ဗားကရာတိုက် မဟာဝေယံဘုံသာကျောင်းတော်ကြီးကို ၁၉၉၃ ခုနှစ်တွင် တောင်သမန်ကျောက်တော်ကြီးဘုရားနံရံပန်းချီပုံကို အခြေခံ၍ ရှေးမူမပျက်ပြန်လည်တည်ဆောက်ခဲ့ပြီး မြန်မာသက္ကရာဇ် ၁၃၁၃ ခုနှစ်မှစ၍ မြသိန်းတန်ဆရာတော် အရှင်ဉာဏတ္တရတက ဗားကရာတိုက်ဟောင်းကို ပြန်လည်ဖော်ထုတ်ကာ မန္တလေးဝန်းကျင်အနယ်နယ်အရပ်ရပ်မှ ဆင်းတုတော်ပေါင်း ၅၀၀ ကျော်နှင့် ရှေးဟောင်းစာပေပေါင်း ၅၀၀၀ ကျော်တို့ကို စုဆောင်းထားရှိခဲ့သည်။

■

# နာဂစ်နောက်ပိုင်း NGO များ Notebook ဝယ်ယူမှုများပြား

**ရန်ကုန်၊ ဩဂုတ် ၂၂**

နာဂစ်မုန်တိုင်းတိုက်ခတ်ပြီးနောက်ပိုင်း NGO များမှ Notebook များကို အစုံလိုက်ဝယ်ယူမှုများပြားလာကြောင်း တိုရှီဘာ Notebook များ ဖြန့်ဖြူးရောင်းချခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးနေသော ကုမ္ပဏီ Lucky Bird Co., Ltd. မှ ဒါရိုက်တာ ဒေါ်မေဖြူသွယ်က ပြောကြားသည်။

နိုင်ငံတကာ NGO များအနေဖြင့် လေဘေးသင့်ဒေသများသို့ ရုံးခွဲများသွားရောက်ဖွင့်လှစ်ခြင်း၊ ကွင်းဆင်းသုတေသနပြုလုပ်ခြင်းများ ပြုလုပ်ရာတွင် Desktop PC များကိုသယ်ယူခြင်းမပြုဘဲ Notebook PC များကိုသုံးစွဲလာကြကြောင်း အဆိုပါဒေသများတွင် လေဘေးကူညီဆောင်ရွက်ရေးလုပ်ငန်းများလုပ်ဆောင်ရာ၌ Notebook PC များသည် ၎င်းတို့အတွက် မရှိမဖြစ် လိုအပ်ချက်တစ်ခုဖြစ်နေကြောင်း ၎င်းက ဆိုသည်။

"Notebook ဈေးကွက် Improve ဖြစ်လာတဲ့အထဲမှာ အဲဒါလည်း တစ်ချက်ပါတယ်" ဟု ၎င်းက ပြောကြားသည်။

ကွန်ပျူတာအမာထည်ဈေးကွက်အတွင်း Notebook PC များ သိသိသာသာ ရောင်းအားတက်လာပြီး ယခင်နှစ်များထက် ရာနှုန်းပြည့်နီးပါး မြင့်မားလာကြောင်း Notebook PC ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

**Living Color၊ မြသဲခိုင**

# လက်ပံတန်းမြို့ နာရေးကူညီမှုအသင်း နာရေး ၂၀၀ ကျော် ဆောင်ရွက်ပြီး

**ရန်ကုန်၊ ဩဂုတ် ၂၀**

ပဲခူးတိုင်း လက်ပံတန်းမြို့ နာရေးကူညီမှုအသင်း (မအူကုန်း) သည် အသင်းစတင်ဖွဲ့စည်းခဲ့သည့် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၀၈ ခုနှစ် ဩဂုတ်လဆန်းထိ နာရေးပေါင်း ၂၁၀ ကို ရွှံ့ဖြင့်ပြုလုပ်ထားသည့် မီးသင်္ဂြိုဟ်ရန်နေရာ၌ သင်္ဂြိုဟ်ပေးခဲ့ကြောင်း အသင်းဥက္ကဋ္ဌ ဦးသောင်းမြင့်က ပြောကြားသည်။

ယင်းဒေသ၌ မီးသင်္ဂြိုဟ်စက်မရှိသဖြင့် ယင်းသို့ခက်ခဲခြင်းဖြစ်ပြီး နိဗ္ဗာန်ယာဉ်လည်း မရှိသောကြောင့် တွန်းလှည်းများကို အသုံးပြုရကြောင်း၊ မြို့နေသူအများစုသည် ဝင်ငွေနည်းသူများဖြစ်၍ နာရေးကိစ္စဆောင်ရွက်ရာတွင် မြေချခြင်းသာရှိခဲ့ကြောင်း၊ ထို့ကြောင့် နာရေးကူညီရန်ရည်ရွယ်ပြီး ပရဟိတစိတ်ရှိသူကိုးဦးက မတည်ခဲ့သည့် ကျပ်ခုနစ်သောင်းခွဲဖြင့် အသင်းတည်ထောင်ခဲ့ကြောင်းနှင့် ယခုအခါ အသင်းဝင် ၄၀ ဦးထိ ရှိပြီဖြစ်ကြောင်း ဦးသောင်းမြင့်က ဆိုသည်။

အသင်းစတင်ဖွဲ့စည်းချိန်တွင် နာရေးတစ်ခုဖြေရှင်းကူညီပေးမည်ဆိုပါက ပစ္စည်းကိရိယာအစုံဝယ်ယူရခြင်းကြောင့် နာရေးတစ်ခုလျှင် ကျပ်ငါးသောင်းဝန်းကျင် ကုန်ကျကြောင်း၊ အလှူရှင်များ၏စေတနာကြောင့် ယခုအခါပစ္စည်းအချို့ စုံလင်လာ၍ နာရေးတစ်ခုလျှင် ကျပ်ငါးထောင်ကျပ်သာကုန်ကျကြောင်း၊ မီးသင်္ဂြိုဟ်စက်နှင့် နိဗ္ဗာန်ယာဉ် ရရှိလာပါက ကုန်ကျမှုပိုမိုလျော့နည်းသွားမည်ဖြစ်ပြီး ပိုမိုထိရောက်စွာ ကူညီနိုင်မည်ဖြစ်ကြောင်းနှင့် လှူဒါန်းလိုသူများရှိပါက အသင်းဥက္ကဋ္ဌ ဦးသောင်းမြင့် (ဖုန်း-၀၅၃-၃၂၂၁၁) သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသင်းဝင်တစ်ဦးက၇ ဆိုသည်။

www.foreverspace.com.mm



# လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ CPE နာရီပြည့်မီမှသာ သက်တမ်းတိုးခွင့်ပြုမည်

**ရန်ကုန်၊ ဩဂုတ် ၁၀**

လက်မှတ်ရပြည်သူ့စာရင်းကိုင်အဖြစ် မှတ်ပုံတင်ခြင်းနှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်သက်တမ်းတိုးခြင်းများကို မြန်မာနိုင်ငံစာရင်းကိုင်ကောင်စီအနေဖြင့် သတ်မှတ်ထားသည့် စဉ်ဆက်မပြတ်လေ့လာဆည်းပူးမှု (CPE) နာရီပြည့်မီမှသာ ထုတ်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါကောင်စီ၏ ညွှန်ကြားထုတ်ပြန်ချက်များအရ သိရသည်။

ယင်းညွှန်ကြားချက်များအရ CPE Hours ကို ၂၀၀၉ ခုနှစ် ပြက္ခဒိန်နှစ်မှ စတင်ရေတွက်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ သတ်မှတ် CPE Hours ပြည့်မီအောင် ဆောင်ရွက်ကြောင်း ကျေနပ်လက်ခံနိုင်မှသာ ၂၀၁၀ ခုနှစ်အတွက် သက်တမ်းတိုးမှတ်ပုံတင်လက်မှတ်များကို ထုတ်ပေးမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် CPE နာရီမှာ Practising CPAs များအတွက် ပြက္ခဒိန်တစ်နှစ်လျှင် စဉ်ဆက်မပြတ်လေ့လာဆည်းပူးမှု (CPE) ၄၀ နာရီရှိရမည်ဖြစ်ပြီး သုံးနှစ်အတွင်း စုစုပေါင်း နာရီ ၁၂၀ ပြည့်မီအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အလားတူ Non-Practising CPAs များသည်လည်း တစ်နှစ်လျှင် CPE နာရီ ၃၀ ဆောင်ရွက်ရမည်ဖြစ်ပြီး သုံးနှစ်အတွင်း CPE ၉၀ နာရီ ပြည့်မီအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

CPE ကို ပုံစံနှစ်မျိုးဖြင့် သတ်မှတ်ထားကြောင်း၊ အစီအစဉ်ချမှတ်ထားသည့် လေ့လာဆည်းပူးခြင်း (Structured Learning) တွင်အသိအမှတ်ပြုထားသည့် ပညာရပ်ဆိုင်ရာ တက္ကသိုလ်၊ အသင်း၊ အဖွဲ့အစည်း၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းများက ကျင်းပပြုလုပ်သည့် သင်တန်းများသို့ တက်ရောက်သင်ကြားခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ညီလာခံများတွင် တက်ရောက်ဆွေးနွေးခြင်း၊ အစီအစဉ်ချမှတ်ထားသည့် သင်တန်း (Structured Courses) များတွင် ကထိက၊ သင်တန်းဆရာ၊ စာစစ်မှူး၊ ဆွေးနွေးပွဲဦးဆောင်သူအဖြစ် ဆောင်ရွက်ခြင်း၊ ပညာရပ်ဆိုင်ရာ ဆောင်းပါးများ၊ စာတမ်းများ၊ စာအုပ်များ ရေးသားပြုစုခြင်း၊ ပညာရပ်ဆိုင်ရာလက်စွဲများ၊ ကိုးကားစာအုပ်များ သုတေသနပြုလုပ်ခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် ခေတ်နှင့်အညီ မွမ်းမံခြင်း၊ အသိအမှတ်ပြုပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၏ စာစစ်ကော်မတီတွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ဆောင်ရွက်ခြင်းတို့ ပါဝင်ကြောင်း၊ အစီအစဉ်ချမှတ်မှုမရှိသေးသည့် လေ့လာဆည်းပူးခြင်း (Unstructural Learning) တွင် နည်းပညာဆိုင်ရာ၊ ပညာရပ်ဆိုင်ရာ၊ ဘဏ္ဍာရေးရာ၊ စီးပွားရေးရာစာတမ်း၊ စာစောင်များ လေ့လာဖတ်ရှုမှတ်သားခြင်း၊ မိမိကိုယ်တိုင်လေ့လာဆည်းပူးခြင်းနှင့် သုတေသနပြုလုပ်ခြင်းတို့ ပါဝင်ကြောင်း ဖော်ပြထားသည်။

# နေပြည်တော် ပြောင်ခေါင်းကြီး မွေးမြူရေးဇုန် အသားတိုးကြက်နှင့်ဝက် တိုးမြှင့်ထုတ်လုပ်

**နေပြည်တော်ပျဉ်းမနား၊ ဩဂုတ် ၂၁**



နေပြည်တော် ပျဉ်းမနားမြို့နှင့် မိုင် ၂၀ ခန့်အကွာ နေပြည်တော် လယ်ဝေးမြို့နယ်အတွင်း ကန်စွန်းခင်းကျေးရွာအနီးရှိ ပြောင်ခေါင်းကြီးမွေးမြူရေးဇုန် (ဇုန် ၃) က တစ်လလျှင် အသားတိုးကြက်ပိဿာ ၆၀၀၀ မှ ပိဿာ ၁၀၀၀၀ နှင့် အသားတိုးဝက်မျိုး တစ်လလျှင် ၂၀ ကောင်ထုတ်လုပ်နေပြီဖြစ်ကြောင်း နေပြည်တော် ပျဉ်းမနားခရိုင် မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြောင်ခေါင်းကြီးမွေးမြူရေးဇုန် (ဇုန် ၃) တွင် နေပြည်တော်ဒေသ မြို့နယ်များရှိ မွေးမြူရေးလုပ်ငန်းရှင်လေးဦးက အသားတိုးကြက် (CP) အကောင်ရေ ၂၀၀၀၀ ၊ ဆိတ်အကောင်ရေ ၃၀၀ နှင့် အသားတိုး

www.foreverspace.com.mm



ဝက် (CP ဝက်ကြီး၊ ဝက်လတ်၊ ဝက်ငယ်) အကောင်ရေ ၁၀၀ ကျော် မွေးမြူထားရှိကြောင်း၊ ယခုအခါ နေပြည်တော်ဒေသမြို့နယ်များတွင် CP အသားတိုးကြက်၊ CP အသားတိုးဝက်နှင့် CP ဥစားကြက် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများပြားလာကြောင်း ၎င်းက ရှင်းလင်းပြောကြားသည်။

အသားတိုး CP ဝက်မွေးမြူရေးလုပ်ငန်းကို မြန်မာနိုင်ငံတွင် ၁၉၉၇ ခုနှစ်မှ စတင်မွေးမြူခဲ့ပြီး ယခုအခါတွင် CP အသားတိုးဝက် ဈေးကွက်သည် ပြည်တွင်းဈေးကွက်သာရှိကြောင်း၊ ပြောင်ခေါင်းကြီးမွေးမြူရေးဇုန်သည် ၂၀၀၉ ခုနှစ်တွင် ဆိတ်မွေးမြူထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်အပြင် ပြည်ပဈေးကွက်သို့ပါ ထုတ်လုပ်ရောင်းချနိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အဆိုပါ မွေးမြူရေးဇုန် (၃) တွင် ယခုအခါ တယ်လီဖုန်းလိုင်းများ တပ်ဆင်ထားပြီး ၂၀၀၉ ခုနှစ် နှစ်ဦးပိုင်းတွင် လျှပ်စစ်ဓာတ်အားလိုင်းများ တပ်ဆင်သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း ခရိုင်မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူက ဆက်လက်ပြောကြားသည်။

CP အသားတိုးဝက်မျိုးများ ဝယ်ယူမွေးမြူလိုသူများအတွက် ယင်းဇုန်၌ CP အသားတိုးဝက်မျိုး (သားခွဲဝက် 10 Kg) တစ်ကောင်ကို ၆၅၀၀၀ ကျပ်နှင့် ရောင်းချလျက်ရှိကြောင်း၊ CP အသားတိုးဝက် (သားခွဲဝက် 10 Kg) ကို လေးငါးလအတွင်းမွေးလျှင် ကုန်ချိန်ပိဿာ ၆၀ ဈေးကွက်ဝင်နိုင်ပြီး CP အသားတိုးဝက်မှာ အဆီနည်း၍ အသားများခြင်းကြောင့် တစ်နိုင်မွေးမြူရေး အိမ်မွေးဝက် (မြန်မာဝက်) ထက်ဈေးပိုရကြောင်း မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။


ကြက်၊ ဝက်၊ ဆိတ် CP မွေးမြူရေးအစာများကို မွေးမြူရေးလုပ်ငန်းရှင်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်သကဲ့သို့ နေပြည်တော်ဒေသမြို့နယ်များတွင် CP ဥစားကြက်နှင့် CP အသားတိုးကြက် မွေးမြူရေးမှာ စီးပွားရေးတွက်ခြေကိုက်လျက်ရှိကြောင်း၊ ယခု CP အသားတိုးဝက် (ဝက်ကြီး) အသားဈေးကွက်မှာ ကတ္တားဈေးတစ်ပိဿာ ၂၈၀၀ ကျပ်ဈေး၊ အိမ်မွေးမြန်မာဝက်အသားဈေး၊ ကတ္တားဈေး တစ်ပိဿာ ၂၅၀၀ ကျပ်၊ CP အသားတိုးကြက်ဈေး (အရှင်) တစ်ပိဿာ ၃၈၀၀ ကျပ်၊ ကြက်ဥဈေး တစ်လုံးကို ၁၁၀ ကျပ်မှ ၁၃၀ ကျပ်ဈေးရှိနေကြောင်း ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

အဆိုပါ ပြောင်ခေါင်းကြီး မွေးမြူရေးဇုန်ကို ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး စုစုပေါင်း ဧရိယာ ၆၂၃ ဧက ကျယ်ဝန်းသည်။

**မင်းသုခိုင်**

# ပထမအကြိမ် IDF စုပေါင်းမျက်ကြည်လွှာလှူဒါန်းပွဲ ကျင်းပ

**ရန်ကုန်၊ ဩဂုတ် ၂၀**



အပြည်ပြည်ဆိုင်ရာ ဓမ္မစက္ကဖောင်ဒေးရှင်း(IDF) ဖြစ် ဗုဒ္ဓအဘိဓမ္မာနှင့် ဝိပဿနာပြန့်ပွားရေးတရားအလှူတော်လုပ်ငန်းမှ ပထမအကြိမ် ဒါနဥပပါရမီ မျက်ကြည်လွှာစုပေါင်းလှူဒါန်းပွဲကို စက်တင်ဘာလ ၁၄ ရက် (တော်သလင်းလပြည့်) နေ့တွင် ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ရှင်သာမဏေဗိမာန်တွင် ကျင်းပမည်ဖြစ်ကြောင်း ဓမ္မစက္ကဦးမောင်မောင်က ပြောကြားသည်။

မျက်ကြည်လွှာပျက်စီးမှုတွင် မတော်တဆထိခိုက်မှုများကြောင့် မျက်ကြည်လွှာတွင် ဒဏ်ရာဖြစ်ပြီး အပြင်တိမ်နှင့် အမာရွတ်များဖြစ်ပေါ်ကာ မျက်ကြည်လွှာပျက်စီးကြောင်း၊ မျက်ကြည်လွှာထုတ်ယူရာတွင် အပေါ်ယံအကြည်လွှာပါးပါးကိုသာ ထုတ်ယူခြင်းဖြစ်ပြီး မျက်လုံးပုံမပျက်ကြောင်း၊ အလှူရှင်ကွယ်လွန်ပြီး လေးနာရီအတွင်း မျက်ကြည်လွှာကို မျက်စိဘဏ်က လာရောက်ယူဆောင်ကြောင်း ၎င်းကဆိုသည်။

အပြင်တိမ်မျက်ကြည်လွှာပျက်စီးမှုကြောင့် မျက်စိကွယ်သူ တစ်သိန်းခန့်ရှိပြီး ဝေဒနာရှင် ၁၅၀၀ ခန့်သည် မျက်ကြည်လွှာအလှူရှင်ကိုစောင့်မျှော်နေကြပြီး မျက်စိတစ်စုံလှူဒါန်းခြင်းသည် ဝေဒနာရှင် နှစ်ဦး၏ မျက်စိအလင်းရရှိရေးအတွက် အကျိုးကျေးဇူးရှိသည်ဟု မျက်ကြည်လွှာအလှူရှင်များအတွက် သိမှတ်ဖွယ်ရာ ဗဟုသုတများ လက်ကမ်းစာစောင်တွင် ဖော်ပြပါရှိသည်။

မျက်ကြည်လွှာလှူဒါန်းရန် စာရင်းပေးသွင်းလိုသူနှင့် အာဟာရဒါနလှူဒါန်းလိုသူများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ဓမ္မစက္ကဖောင်ဒေးရှင်း (IDF) ဖုန်း–၀၉–၅၁၂၇၃၃၀၊ ဓမ္မရောင်ခြည် တရားအလှူတော် (သိမ်ကြီးဈေး) ဖုန်း–၃၇၁၈၀၀ (၁၆၄) နှင့် ရှင်သာမဏေဓမ္မ ဗိမာန် ဖုန်း–၃၈၇၃၆၁ သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

IDF မှ ဘဝနေနည်းဓမ္မဒါနစာစောင်များ လှူဒါန်းမည်ဖြစ်ပြီး (လက်တွေ့အသုံးချ) ဘဝနေနည်းဓမ္မပညာ ဟောပြောပွဲကို ကျင်းပမည်ဖြစ်ကြောင်း IDF မှ စုံစမ်းသိရှိရသည်။

www.foreverspace.com.mm

# ဆိုင်ကယ်လုသူနှစ်ဦး ငါးလအကြာဖမ်းဆီးရမိ

**ရန်ကုန်၊ ဩဂုတ် ၄**

သန်လျင်မြို့နယ်အတွင်း ဖေဖော်ဝါရီလက လူသတ်ပြီး ဆိုင်ကယ်လုယူသွားခဲ့သူနှစ်ဦးကို ရန်ကုန်တိုင်း ဒုစရိုက်နှိမ်နင်းရေးအဖွဲ့က ငါးလအကြာ ဇွန်လတွင် ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သန်လျင်မြို့နယ် ရဲစခန်းထံမှ သိရသည်။

ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် သန်လျင်မြို့နယ် ကျောက်ကုန်းဆိပ်ကြီးကျေးရွာ မြေနီလမ်းပေါ်တွင် လူတစ်ဦး လဲကျသေဆုံးနေကြောင်း သိရှိခဲ့သဖြင့် သက်ဆိုင်ရာရဲတပ်ဖွဲ့စခန်းက စစ်ဆေးရာ လူသတ်၍ ဆိုင်ကယ်လုယက်သွားခြင်းဖြစ်ပြီး သေဆုံးသူသည် သန်လျင်မြို့နယ် ဖို့မြေကားမှတ်တိုင်တွင် မော်တော်ဆိုင်ကယ်ကယ်ရီမောင်းနှင်သူတစ်ဦးဖြစ်ကြောင်း တွေ့ရှိသဖြင့် သက်ဆိုင်ရာရဲတပ်ဖွဲ့ စခန်းက (ပ) ၁၈၈/၀၈၊ ပုဒ်မ ၃၀၂၊ ၃၉၂ အရ အမှုဖွင့်စုံစမ်းခဲ့ကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။

ရန်ကုန်တိုင်း ဒုစရိုက်နှိမ်နင်းရေးအဖွဲ့က သန်လျင်မြို့နယ် ထမလုံလက်ယက်စမ်းကျေးရွာနေ ဂျပန်ကြီး (ခ) ကျော်ဇေယျဆိုသူသည် အဆိုပါအမှုနှင့် သက်ဆိုင်နိုင်ကြောင်းသတင်းရရှိသဖြင့် ၎င်းကို ဇွန်လ ၂၉ ရက်နေ့တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အထက်ပါရဲစခန်းထံမှ သိရသည်။

၎င်းကို စစ်ဆေးခဲ့ရာ လူသတ်၍ ဆိုင်ကယ်လုယက်မှုကို ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် လေးထောင့်ကန်ကျေးရွာနေ ကျော်သူ (ခ) ကျော်သူထွန်းနှင့်အတူ ပူးပေါင်းကျူးလွန်ခဲ့ကြောင်း၊ ဖေဖော်ဝါရီလ ၂၇ ရက် ည ၈ နာရီခန့်တွင် ၎င်းတို့နှစ်ဦးသည် သန်လျင်မြို့ ဖို့မြေကားမှတ်တိုင်မှ မော်တော်ဆိုင်ကယ်ကယ်ရီတစ်စီးကို ထမလုံကျေးရွာသို့သွားရန် ငှားရမ်းခဲ့ကြောင်း၊ ကျောက်ကုန်းဆိပ်ကြီးကျေးရွာ တံတားအလွန် မြေနီလမ်းအရောက်တွင် ဆိုင်ကယ်သမားနောက်ကျောကို ဝက်အူလှည့်ဖြင့် တစ်ချက်ထိုးပြီး ဆိုင်ကယ်ပေါ်မှ တွန်းချကာ ဆိုင်ကယ်ကို လုယက်မောင်းနှင်ခဲ့ကြောင်း၊ ထို့အပြင် ကျော်ဇေယျသည် ကျော်သူထွန်းနှင့်အတူ သန်လျင်မြို့နယ်အတွင်း အခြားဆိုင်ကယ်ခိုးယူလုယက်မှုများကိုလည်း ကျူးလွန်ခဲ့ကြောင်း သန်လျင်မြို့နယ် ရဲတပ်ဖွဲ့စခန်းထံမှ စုံစမ်းသိရှိရသည်။

**ရန်နိုင်ဦး**

# လူမှုဝန်ထမ်းက စောင့်ရှောက်ထားသည့်ခိုကိုးရာမဲ့ ကလေးငယ်တစ်ဦးလျှင် တစ်ရက်ငွေကျပ်သုံးရာဖိုး ကျွေးမွေးဟုဆို

**ရန်ကုန်၊ ဇူလိုင် ၂၅**



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် အစိုးရ၏ ပံ့ပိုးထောက်ပံ့မှုဖြင့် ပြုစုစောင့်ရှောက်ထားသည့် ခိုကိုးရာမဲ့ကလေးငယ်တစ်ဦးလျှင် တစ်ရက် ငွေကျပ်သုံးရာဖိုး အကုန်အကျခံ၍ အာဟာရပြည့်အစားအစာများ ကျွေးမွေးနေကြောင်း လူမှုဝန်ထမ်းဦးစီးဌာန ကလေးနှင့် လူငယ်ညွှန်ကြားရေးမှူး ဦးစိန်ဝင်းက ဇူလိုင်လ ၂၄ ရက်နေ့တွင် ပြောကြားသည်။

လူမှုဝန်ထမ်းဦးစီးဌာနက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြုစုစောင့်ရှောက်ထားသည့် ခိုကိုးရာမဲ့ကလေးငယ်ဦးရေ ၁၅၀၀ ရှိကြောင်း၊ ကလေးငယ်တစ်ဦးလျှင် အစိုးရက ၂၃၅ ကျပ်ဖိုး ကျွေးမွေးပြီး

www.foreverspace.com.mm

လူမှုဝန်ထမ်းဦးစီးဌာနက ၆၅ ကျပ် ထပ်မံဖြည့်စွက်ကျွေးမွေးကြောင်း၊ ယင်းသို့ ဦးစီးဌာနက ဖြည့်စွက်ကျွေးမွေးသည့် ၆၅ ကျပ်သည် အလှူရှင်များနှင့် ဦးစီးဌာနလက်အောက်ရှိကျောင်းများ၏ ငွေပဒေသာပင် မှဖြစ်ကြောင်း ၎င်းကဆိုသည်။

လူမှုဝန်ထမ်းဦးစီးဌာနလက်အောက်ရှိ သင်တန်းကျောင်းများနှင့် ဂေဟာများတွင် ကလေးငယ်များကို တစ်ရက်လျှင် သုံးကြိမ်ကျွေးမွေးပြီး နေ့စဉ်ငွေကျပ်သုံးရာဖိုးဖြင့် ပဲဟင်း၊ ငါးပိရည်၊ ဟင်းရွက်ပြုတ်၊ အသားဟင်းများဖြင့် အာဟာရပြည့်စေရန် စီမံချက်ပြုတ်ကျွေးမွေးနေကြောင်း လူမှုဝန်ထမ်းဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

ယင်းကြောင့် လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ လူငယ်သင်တန်းကျောင်းများသို့ မည်သူမဆို အလှူငွေလှူဒါန်းနိုင်ကြောင်း၊ ယင်းဦးစီးဌာနအောက်ရှိ ကမ္ဘာအေး လူငယ်သင်တန်းကျောင်းတွင် ဇူလိုင်လ ၂၄ ရက်နေ့အထိ ခိုကိုးရာမဲ့ ကလေးငယ်ပေါင်း ၃၂၅ ဦးရှိကြောင်း၊ ယင်းကလေးငယ်များ၏ တစ်ရက် အာဟာရကျွေးမွေးစရိတ်မှာ ထမင်းမပါ ဟင်းသီးသန့်အတွက် တစ်နပ်စာ တစ်သိန်းနှစ်သောင်းကျော်ကျသင့်ကာ ထမင်းပါပါက ကျပ်တစ်သိန်းခွဲနီးပါး ကျသင့်ကြောင်း၊ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် လူမှုဝန်ထမ်းဦးစီးဌာန ဖုန်း-၀၁-၅၅၂၈၂၇၊ ဗိုလ်မှူးတင့်လွင်ဦးသို့ ဆက်သွယ်၍ ငွေသားဖြစ်စေ၊ ကိုယ်ကိုယ်တိုင်ထမင်း၊ ဟင်းများချက်ပြုတ်၍ဖြစ်စေ လှူဒါန်းနိုင်ကြောင်း ယင်းဦးစီးဌာနထံမှ စုံစမ်းသိရှိရသည်။

# ယန်း ၁၀၂ သန်း ကုန်ကျမည့် တိရစ္ဆာန်ရောဂါ ထိန်းချုပ်ရေး သုံးနှစ်စီမံကိန်း ခြောက်နိုင်ငံ၌စတင်

**ရန်ကုန်၊ ဩဂုတ် ၁၁**

ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) က ဂျပန်ယန်း ၁၀၂ သန်းတန် တိရစ္ဆာန်ရောဂါ ထိန်းချုပ်ရေး သုံးနှစ်စီမံကိန်းကို မြန်မာ နိုင်ငံအပါအဝင် နိုင်ငံခြောက်ခုတွင် စတင်ဆောင်ရွက်ရန်စီစဉ်နေပြီဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အကြီးတန်းအရာရှိတစ်ဦးက Living Color သို့ ပြောကြားသည်။

JICA က မလေးရှား၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်၊ မြန်မာ ခြောက်နိုင်ငံတွင် တိရစ္ဆာန်ရောဂါထိန်းချုပ်ရေးစီမံကိန်းကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၀၈ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ သုံးနှစ်စီမံကိန်းအဖြစ် ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံတွင် နို့စားနွားမွေးမြူမှုများပြားသည့် မန္တလေးတိုင်းအတွင်းရှိ အမရပူရမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် အဆိုပါစီမံကိန်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ နို့စားနွားများတွင် ဖြစ်ပွားတတ်သော တီဘီရောဂါနှင့် သားလျှောရောဂါ ဖြစ်ပွားမှုများကို ထိန်းချုပ်သည့်လုပ်ငန်းစဉ်များ ပါဝင်မည်ဖြစ်ပြီး တစ်နိုင်တစ်ပိုင်မွေးမြူသူများ၏ လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

မန္တလေးတိုင်းတွင် နို့စားနွားကောင်ရေ နှစ်သန်းခန့် မွေးမြူထားပြီး အမရပူရမြို့နယ်နှင့် ပြင်ဦးလွင်မြို့နယ်တို့တွင် နို့စားနွားကောင်ရေ နှစ်သိန်းခန့်ရှိကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော စာရင်းများအရ သိရသည်။

# ခေတ်မီဆန်စက်နှင့် စက်အစိတ်အပိုင်းများပြခန်း ဆန်စက်လုပ်ငန်းရှင် အသင်း စီစဉ်

**ရန်ကုန်၊ ဩဂုတ် ၁၁**

မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်းက ဦးစီး၍ ခေတ်မီဆန်စက်နှင့် စက်အစိတ်အပိုင်းများကို ပြခန်း (Show Room) တစ်ခု ဖွင့်လှစ်ပြသရန် စီစဉ်လျက်ရှိကြောင်း အဆိုပါအသင်း၏ အတွင်းရေးမှူး ဦးသောင်းဝင်းက ပြောကြားသည်။

အဆိုပါပြခန်းကို ခေတ်မီဆန်စက်များ ဖြစ်ပေါ်လာရေးအတွက် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက ထုတ်လုပ်သော ဆန်စက်အင်္ဂါရပ်အပြည့်အစုံဆန်စက်ငယ်၊ ဂျာမနီနိုင်ငံထုတ် ဆန်ဖြူကျောက်၊ ဆန်အရောင်တင်စက်များပါ ထည့်သွင်းပြသမည်ဖြစ်ကြောင်း၊ ပြခန်းကို မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ် (၆၉) သိမ်ဖြူလမ်းတွင် ဩဂုတ်လ နောက်ဆုံးပတ်၌ ဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းကို ၁၉၄၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဖွဲ့စည်းပြီးနောက် မြန်မာနိုင်ငံတွင် ဒုတိယမြောက်ဖွဲ့စည်းထားသော အဖွဲ့အစည်းဖြစ်၍ သက်တမ်းအားဖြင့် ၅၉ နှစ်ရှိပြီဖြစ်သည်။

**စိုင်းအောင်**

LIVING COLOR MEDIA

၂၄၂၄၂၄ ၊ ၃၉၃၁၃၂

www.foreverspace.com.mm



# တိုရှီဘာ Notebook များ၏ အာမခံသက်တမ်း တိုးမြှင့်နိုင်

**ရန်ကုန်၊ ဩဂုတ် ၂၂**





တိုရှီဘာ Notebook PC များ၏ မူလအာမခံသက်တမ်း ကုန်ဆုံးသွားပါက အာမခံသက်တမ်းကို ထပ်မံတိုးမြှင့်နိုင်ကြောင်း Lucky Bird Co., Ltd. မှ ဒါရိုက်တာ ဒေါ်မေဖြူသွယ်က ပြောကြားသည်။

**Warranty သက်တမ်းတိုးနှုန်းထားများ**

| Years | Describe | Price |
|---|---|---|
| 1 | Local Limited Warranty Extention | USD 89.00 |
| 2 | Local Limited Warranty Extention | USD 95.00 |
| 3 | Local Limited Warranty Extention | USD 129.00 |
| 1 | International Warranty Extention | USD 125.00 |
| 2 | International Warranty Extention | USD 135.00 |
| 3 | International Warranty Extention | USD 215.00 |

Notebook ကို ပြုပြင်ထိန်းသိမ်းစရိတ်များ ကုန်ကျမှုများပြားခြင်း မရှိစေရန် Notebook ၏ အာမခံသက်တမ်းကို Select Serv Program ဖြင့် အမြင့်ဆုံးကာလ ၃ နှစ်အထိ ထပ်မံတိုးမြှင့်နိုင်ကြောင်း၊ တိုရှီဘာကော်ပိုရေးရှင်းမှ ထုတ်လုပ်သော မည်သည့် Notebook ကိုမဆို အာမခံသက်တမ်း တိုးနိုင်မည်ဖြစ်ပြီး ပြည်တွင်းအာမခံနှင့် နိုင်ငံတကာအာမခံဟူ၍ နှစ်ခုခွဲထားကြောင်း ၎င်းက ဆိုသည်။

ပြည်တွင်းတွင် ဝယ်ယူသော Note-book များသာမက နိုင်ငံတကာမှ ဝယ်ယူလာသော တိုရှီဘာ Notebook များကိုလည်း Toshiba iServe & iShop တွင် လာရောက်သက်တမ်းတိုးနိုင်ပြီး တိုရှီဘာကော်ပိုရေးရှင်းအသိအမှတ်ပြု အဆိုပါ Service Centre နှင့် အရောင်းဆိုင်ကို ၂၀၀၇ ခုနှစ်ဆန်းတွင် စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**Living Color၊ ဇာဏီထွဏ်း**

# ရန်ကုန်မြို့တွင် SHG အဖွဲ့ ၆၀ ကျော်ရှိ

**ရန်ကုန်၊ ဇူလိုင် ၂၄**

ရန်ကုန်မြို့တော်၌ HIV/AIDS ရောဂါနှင့်စပ်လျဉ်း၍ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကိုယ်ထူကိုယ်ထအဖွဲ့ Self Help Group (SHG) အဖွဲ့အစည်း ၆၀ ကျော်ရှိကြောင်း SHG အဖွဲ့တစ်ခု၏ ခေါင်းဆောင်တစ်ဦးက ပြောကြားသည်။

ယင်း SHG အဖွဲ့များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ Network ချိတ်ဆက်၍ သင်တန်းများပေးခြင်း၊ သတင်းများဖလှယ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး မိမိတို့အဖွဲ့ဝင်အချင်းချင်း နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ ဆေးရုံတွင် လူနာစောင့်ပေးခြင်း၊ Micro Finance (ငွေစုငွေချေးခြင်း) ဆောင်ရွက်ပေးခြင်း၊ ကွန်ဒုံးအသုံးပြုမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းနှင့် အခြားလူမှုရေးအကူအညီများကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း အဖွဲ့ဝင်တစ်ဦး၏ အဆိုအရ သိရသည်။

SHG အဖွဲ့အားလုံးနီးပါးကို PLHA (People Living with HIV/AIDS) များဖြင့် အဓိကဖွဲ့စည်းပြီး အချို့ SHG အဖွဲ့များမှာ HIV/AIDS မဖြစ်သော်လည်း ဝေဒနာသည်များကို ကူညီအားပေးရန် အဖွဲ့များလည်း ဖွဲ့ထားကြောင်း သိရသည်။

ယခင်ကဆိုလျှင် HIV/AIDS ဝေဒနာရှင်အများစုမှာ အပြင်လောကသို့ မထွက်ရဲဘဲ နာဂစ်မုန်တိုင်းအပြီးတွင် ဘဝရပ်တည်ရန်အတွက် အခက်အခဲရှိ၍ SHG အဖွဲ့သို့ ဝင်ရောက်လာကြကြောင်း၊ မိမိကိုယ်ကိုယ် HIV Positive ဟု ဝန်ခံ၍ SHG အဖွဲ့ထံသို့ ဝင်ရောက်လာကြခြင်းဖြစ်ကြောင်း စီစဉ်သူများထံမှ သိရှိရသည်။

SHG အဖွဲ့ဖွဲ့ခြင်း၏ အကျိုးရလဒ်မှာ ဝေဒနာတူသူအချင်းချင်း အတူတကွပူးပေါင်းလုပ်ဆောင်ခြင်းဖြင့် အားပေးနှစ်သိမ့်ခြင်း၊ သတင်းများ အပြန်အလှန်ဖလှယ်ခြင်းတို့ကို ပြုလုပ်နိုင်ကြကြောင်း ယင်းလုပ်ငန်းများတွင်ပါဝင်လုပ်ဆောင်နေသူများက ပြောကြားသည်။

**မျိုးကိုကို**

www.foreverspace.com.mm



# မျက်စိဝေဒနာရှင် ၄၈၀၀ ကျော် IBTC အခမဲ့ စမ်းသပ်ခွဲစိတ်

**ရန်ကုန်၊ ဩဂုတ် ၁၂**

မကွေးတိုင်း ချောက်မြို့ရှိ မြို့နယ်ဆေးရုံတွင် IBTC (International Beverages Trading Co., Ltd.) ၏ ပံ့ပိုးစီစဉ်မှုဖြင့် မျက်စိဝေဒနာရှင် စုစုပေါင်း ၄၈၀၃ ဦးကို စမ်းသပ်စစ်ဆေးခြင်း၊ ခွဲစိတ်ကုသခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ မျက်စိအခမဲ့ စမ်းသပ်ခွဲစိတ်ဆောင်ရွက်ခြင်းကို ဩဂုတ်လ ၂ ရက်နေ့မှ ၅ ရက်နေ့အထိ လေးရက်ကြာဆောင်ရွက်ပေးခဲ့ကြောင်း၊ မျက်စိရောဂါဝေဒနာရှင်များတွင် ပြင်ပလူနာ ၂၇၅၆ ဦး၊ မျက်မှန်စမ်းသပ်ဦးရေ ၁၁၄၂ ဦး၊ မျက်မှန်တပ်ဆင်ပေးသည့်ဦးရေ ၅၀၀ ဦး၊ အတွင်းတိမ်ခွဲစိတ်လူနာ ၄၀၅ ဦး စုစုပေါင်း ၄၈၀၃ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ကြောင်း၊ အတွင်းတိမ်ခွဲစိတ်ရန် ကျန်ရှိနေသေးသောလူနာများကိုလည်း ချောက်၊ မင်းဘူး၊ ကျောက်ပန်းတောင်းမြို့နယ်တို့ရှိ မျက်စိအထူးကုဆရာဝန်ကြီးများက ဆက်လက်ခွဲစိတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ရပ်ဝေးမှလာရောက်ခွဲစိတ်ကုသသည့် ဝေဒနာရှင်များကို နံနက်စာ၊ ညစာထမင်းကျွေး၍ ကုသပေးခဲ့ကြောင်း၊ ယင်းမျက်စိခွဲစိတ်ကုသခြင်းကို ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်များ၊ သူနာပြုဆရာမများ အပါအဝင် ဆရာဝန်စုစုပေါင်း ၂၀ ကျော်ခန့်က အခမဲ့ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ အဆိုပါ ခွဲစိတ်ကုသမှုအားလုံးအတွက် ငွေကျပ်စုစုပေါင်း ကျပ်သိန်း ၂၂၀ ကျော်ခန့် အသုံးပြုခဲ့ကြောင်း ၎င်းက ပြောကြားသည်။ ■



# ရွှေတိဂုံစေတီတော် နိုင်ငံခြားသားဝင်ရောက်မှုမြင့်တက်ဟုဆို

**ရန်ကုန်၊ ဩဂုတ် ၂၂**

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ယခုရက်ပိုင်းအတွင်း လာရောက်သော နိုင်ငံခြားသားဦးရေမှာ နာဂစ်အလွန် အစပိုင်းလများထက် နှိုင်းယှဉ်လျှင် သိသာစွာ မြင့်တက်လာခဲ့ကြောင်း ဘုရားဂေါပကရုံး အဖွဲ့ခွဲမှူးဖြစ်သူ ဒေါ်သန်းသန်းညွန့်က ပြောကြားသည်။

နာဂစ်မုန်တိုင်းတိုက်ခတ်ခဲ့ချိန် မေလအတွင်းက ကမ္ဘာလှည့်ခရီးသည် ဝင်ရောက်မှုမှာ ၁၉၉၈ ဦးအထိသာ ရှိခဲ့သော်လည်း ဇွန်လတွင် ၂၂၁၀ ဦးနှင့် ဇူလိုင်လတွင် ၃၀၂၄ ဦးအထိ တိုးမြင့်လာခဲ့ကြောင်း ၎င်းက ဆိုသည်။

အဆိုပါ ကမ္ဘာလှည့်ခရီးသည်များထံမှ ကောက်ခံရရှိသည့်ဝင်ငွေမှာ မေလတွင် အမေရိကန်ဒေါ်လာနှင့် FEC ၉၉၉၀ သာရရှိခဲ့ပြီး ဇွန်လတွင် အမေရိကန်ဒေါ်လာနှင့် FEC ၁၁၀၉၀ သို့ ပြန်လည်တိုးတက်လာကြောင်း၊ ဇူလိုင်လတွင်မူ အမေရိကန်ဒေါ်လာနှင့် FEC ၁၅၁၂၀ ရရှိခဲ့ပြီး တစ်လအတွင်း အမေရိကန်ဒေါ်လာနှင့် FEC ငါးထောင်ကျော်ထိ တိုးတက်လာကြောင်း၊ ယခုဩဂုတ်လ ၁ ရက်မှ ၁၅ ရက်နေ့အထိ ကမ္ဘာလှည့်ခရီးသည် ၁၈၂၁ ဦးဝင်ရောက်ခဲ့ပြီး ဝင်ငွေအမေရိကန်ဒေါ်လာနှင့် FEC ၉၁၀၅ ရရှိခဲ့ကြောင်းလည်း ၎င်းက ဆိုသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ထိုင်း၊ တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံများမှ အများဆုံး ဝင်ရောက်ခဲ့ပြီး အနောက်နိုင်ငံသားများမှာ မျှတစွာ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း၊ ယခုမိုးတွင်းကာလတွင် စပိန်၊ ဂျာမနီ၊ ပြင်သစ်နိုင်ငံများမှလည်း အများအပြားလာရောက်ခဲ့ကြောင်း ၎င်းကထပ်မံပြောကြားသည်။

၂၀၀၈ ဇန်နဝါရီလမှ ဧပြီလကုန်အထိ ရွှေတိဂုံစေတီတော်ကြီးသို့ ကမ္ဘာလှည့်ခရီးသည် ၄၂၆၂၆ ဦး ဝင်ရောက်ခဲ့ပြီး ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာနှင့် FEC ၂၁၃၁၉၀ ရှိခဲ့ကြောင်း၊ မေလမှ ဩဂုတ်လဝက်အထိ ကမ္ဘာလှည့်ခရီးသည် ၉၀၆၁ ဦး ဝင်ရောက်ခဲ့ပြီး ဝင်ငွေစုစုပေါင်း အမေရိကန်ဒေါ်လာနှင့် FEC ၄၅၃၀၅ ရရှိခဲ့ကြောင်း ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့၏ တရားဝင်ထုတ်ပြန်ချက်အရ သိရှိရသည်။

**သက်ဦး**

www.foreverspace.com.mm

# မကွေးတိုင်းအတွင်း ဆိတ်မွေးမြူရေးလုပ်ငန်းရှင် နှစ်ထောင်ကျော်ရှိ

**မကွေး၊ ဩဂုတ် ၂၀**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက မကွေးတိုင်း ဆိတ်မွေးမြူရေးလုပ်ငန်းရှင်များကို ချေးငွေ ကျပ် ၂၄၄၄ သိန်းခန့် ထုတ်ချေးပေးသဖြင့် ဆိတ်ကောင်ရေ ၂၃,၀၀၀ ကျော် ဝယ်မွေးမြူခဲ့ရာ တစ်နှစ်အတွင်း ကောင်ရေ ၂၀၀၀ ကျော်အထိ တိုးပွားလာပြီး မွေးမြူရေးလုပ်ငန်းရှင် ၂၀၂၈ ဦးရှိလာကြောင်း ၎င်းတို့ထံမှ သိရသည်။

လက်ရှိ မကွေးတိုင်း တစ်တိုင်းလုံး အနေဖြင့် ဆိတ်ကောင်ရေ ၇၀,၀၀၀ ကျော်ရှိရာမှ တစ်နှစ်အတွင်း ဆိတ်ကောင်ရေ တစ်သိန်းဝန်းကျင်အထိ တိုးပွားလာကြောင်း ၎င်းတို့က ပြောကြားသည်။

၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း သက်ဆိုင်ရာက ချေးငွေများ ထုတ်ချေးပေးရာတွင် မကွေးခရိုင်မှ သိန်း ၈၀၀၊ ပခုက္ကူခရိုင်မှ သိန်း ၈၀၀၊ သရက်ခရိုင်မှ သိန်း ၅၅၀၊ မင်းဘူးခရိုင်မှ ၂၉၄ သိန်း စုစုပေါင်း ကျပ် ၂,၄၄၄ သိန်း ထုတ်ချေးထားပေးပြီးဖြစ်ကြောင်း၊ ယင်းချေးငွေကို သုံးလတစ်ကြိမ် ဘဏ်တိုးနှင့် ပြန်လည်ပေးသွင်းရမည်ဖြစ်ပြီး ချေးငွေအားလုံး သက်ဆိုင်ရာသို့ အကျေဆပ်ပြီးပါက နောက်တစ်နှစ်အတွက် ထပ်မံပြီးချေးယူနိုင်ကြောင်း ဆိတ်မွေးမြူသူများထံမှ သိရသည်။

**သီတာဌေး (GTC) မကွေး**

# ဇီဝိတဒါနသံဃာ့ဆေးရုံ မျက်ကပ်မှန် အခမဲ့တပ်ဆင်ပေး

**ရန်ကုန်၊ စက်တင်ဘာ ၂**

ဇီဝိတဒါနသံဃာ့ဆေးရုံ မျက်စိအထူးကုဌာနတွင် မျက်စိရောဂါခံစားရသော ဆင်းရဲနွမ်းပါးသူ မျက်စိဝေဒနာရှင်များကို မျက်စိစမ်းသပ်ပေးပြီး လိုအပ်ပါက ခွဲစိတ်ကုသ၍ မျက်ကပ်မှန် IOL ထည့်ပေးခြင်းကို အခမဲ့ဆောင်ရွက်ပေးလျက်ရှိကြောင်း အဆိုပါဆေးရုံမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မျက်မှန်ပါဝါ စမ်းသပ်စစ်ဆေးခြင်း၊ မျက်စိခွဲစိတ်ကုသပေးခြင်း၊ မျက်ကပ်မှန်တပ်ဆင်ပေးခြင်းတို့အတွက် ငွေကြေးအမှန်တကယ် မတတ်နိုင်သော ဆင်းရဲနွမ်းပါးသူ လူပုဂ္ဂိုလ်များအနေဖြင့် ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်ဖြင့် IOL မျက်ကပ်မှန်ကို အခမဲ့ လှူဒါန်းပေးကြောင်း ၎င်းက ဆိုသည်။

အဆိုပါဆေးရုံတွင် ၁၉၄၀ ခုနှစ်မှစ၍ အခမဲ့ဆေးပေးခန်းငယ်တစ်ခုအဖြစ် စေတနာရှင် ဆရာဝန်၊ ဆရာမများက လာရောက်ပြသသူများကို လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး အခမဲ့ စမ်းသပ်ပေးပြီး တွေ့ရှိချက်များအရ အမှန်တကယ်ကုသမှု လိုအပ်သောလူနာများကို အတွင်းလူနာအဖြစ် ဆေးရုံတင်ကုသပေးကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မျက်စိအထူးကုပြသလိုသူများကို ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလမှစ၍ မျက်စိအထူးကုဆေးရုံကြီးမှ မျက်မှန်ပါဝါကျွမ်းကျင်သူများက ပြန်တမ်းဝင်ရုံးပိတ်ရက်များမှအပ တနင်္လာနေ့ နံနက် ၉ နာရီနှင့် ကြာသပတေးနေ့ နေ့လယ် ၁ နာရီ မိနစ် ၃၀ နာရီတို့တွင် ကုသဝန်ဆောင်ပေးလျက်ရှိကြောင်း ၎င်း၏အဆိုအရ သိရသည်။

**သင်းမာသန်း**

# အပြင်းစားကြက်ငှက်တုပ်ကွေးကာကွယ် ထိန်းချုပ်ရေးအလုပ်ရုံဆွေးနွေး

**ရန်ကုန်၊ ဩဂုတ် ၂၀**

မြန်မာနိုင်ငံ အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာလ ၄ ရက်နေ့တွင် ဆီဒိုးနားဟိုတယ် ရန်ကုန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ဆွေးနွေးပွဲတွင် လက်ရှိဆောင်ရွက်နေမှုအခြေအနေများကို ပြန်လည်သုံးသပ်ရန်၊ ကမ္ဘာ့ဘဏ်အကူအညီဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များချမှတ်ရန်၊ စီမံကိန်းတစ်ခုလုံးအတွက် လုပ်ငန်းအစီအစဉ်ဆောင်ရွက်မှုများအကောင်အထည်ဖော်ချမှတ်ဆုံးဖြတ်ပေးရန်နှင့် စီမံကိန်းလုပ်ငန်းတစ်ခုလုံးနှင့် စီမံကိန်း၏ အဓိကအချက်များကို ပြန်လည်ဆန်းစစ်ရန် စသည်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

အဆိုပါဆွေးနွေးပွဲသို့ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ကမ္ဘာ့ဘဏ်၊ အလှူရှင်နိုင်ငံသံရုံးများဖြစ်သော ဂျပန်၊ အမေရိကန်ပြည်ထောင်စု၊ ဩစတြေးလျသံရုံးတို့မှ ကိုယ်စားလှယ်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (UNICEF) စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ဆွေးနွေးမည်ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

www.foreverspace.com.mm



# ပျဉ်းမနားမြို့ ကရုဏာနာမှုကူညီရေးအသင်း နာရေး ၆၀၀၀ ကူညီဆောင်ရွက်ပြီး

**နေပြည်တော် ပျဉ်းမနား၊ စက်တင်ဘာ ၁**

နေပြည်တော် ပျဉ်းမနားမြို့ ကရုဏာနာမှုကူညီရေးအသင်းကို ၁၉၉၉ ခုနှစ် ဒီဇင်ဘာ ၃ ရက်နေ့မှ ထူထောင်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာ ၂၀၀၈ ခုနှစ် ဇန်နဝါရီလအထိ စုစုပေါင်း နာရေး ၆၃၅၄ ခုကို အခမဲ့ကူညီဆောင်ရွက်ပေးခဲ့ကြောင်း အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာ၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ စတင်၍ မြို့တွင်း နာရေးကိစ္စများကို အဓိကထားကာ အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း၊ အဆိုပါ ကရုဏာနာမှုကူညီရေးအသင်းတွင် နာရေးကိစ္စစိတ်ဝင်စားသူ လူငယ် ၂၅ ဦးနှင့် စိတ်တူကိုယ်တူ ပါဝင်ကူညီဆောင်ရွက်လျက်ရှိပြီး ယင်းလူငယ်အဖွဲ့သည် ကရုဏာနာမှုကူညီရေးအသင်း၏ နာယကဆရာတော်ကြီးများ၊ ကရုဏာနာမှုကူညီရေးအသင်းလူကြီးများ၏ ဩဝါဒအဆုံးအမအောက်၌ ကူညီဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ လုပ်ဆောင်ကူညီပေးမှုမျိုးမှာ အခြားမြို့နယ်များတွင် မရှိသေးကြောင်း ကရုဏာနာမှုကူညီရေးအသင်း၏ တွဲဖက်အတွင်းရေးမှူး (၁) ဦးအောင်လှိုင်မိုးက ပြောကြားသည်။

ကရုဏာနာမှုကူညီရေးအသင်း (လူငယ်အဖွဲ့) သည် ဆင်းရဲနွမ်းပါးသူ နာရေးကိစ္စဖြစ်လျှင် အခေါင်းဖိုး၊ မြေချခ၊ မိသားစုဝင် လိုက်ပါပို့ဆောင်ပေးမည့် ယာဉ်တစ်စီး စီစဉ်ပို့ဆောင်ပေးခြင်း၊ နာရေးမဏ္ဍပ် အခမဲ့ငှားရမ်းကူညီပေးခြင်း၊ အလောင်းကိုသယ်ဆောင်မြေချပေးခြင်း စသည့် လုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသကဲ့သို့ ငွေကြေးတတ်နိုင်သူများ၏ နာရေးကိစ္စများအတွက်လည်း အကူအညီလိုအပ်ပါက အလျဉ်းသင့်သလို အောက်ခြေသိမ်းကူ ညီဆောင်ပေးလျက်ရှိကြောင်း ၎င်းက ထပ် လောင်းပြောကြားသည်။

ယခု နေပြည်တော် ပျဉ်းမနားမြို့ ကရုဏာနာမှုကူညီရေးအသင်းမှ နာရေးကူညီမှုမော်တော်ယာဉ်သုံးစီး၊ ဓမ္မစကြာမော်တော်ယာဉ်တစ်စီးတို့ဖြင့် မြို့တွင်းနာမှုကိစ္စများအတွက် အခမဲ့ပို့ဆောင်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ယင်းအသင်းမှ စုံစမ်းသိရှိရသည်။

**မင်းသုခိုင်**

# ပြည်ပပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့

**ရန်ကုန်၊ ဩဂုတ် ၇**

နိုင်ငံတကာဈေးကွက်သို့ လက်ရှိမြန်မာနိုင်ငံမှ တင်ပို့လျက်ရှိသော ကုန်ပစ္စည်းများအပြင် အမယ်သစ်ကုန်ပစ္စည်းများကို ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွင်း တိုးချဲ့တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဈေးကွက်အချက်အလက်နှင့် သုတေသနဌာနမှ သိရသည်။

ယင်းသို့ နိုင်ငံတကာဈေးကွက်သို့ တိုးချဲ့တင်ပို့ခဲ့သော ကုန်ပစ္စည်းအမယ်သစ်များမှာ လင်းနေ၊ ပဲနံ့သာ၊ ကွမ်းစားဂမုန်း၊ ပင်ပွား၊ ဆေးကုလားမ၊ ခွေးလှေးယားသီးအစေ့၊ ငရုတ်ပွ၊ ပန်းဂေါ်ဖီအစိမ်းရောင်၊ ကလိန်စေ့၊ နမ်းလုံးနှင့် ပဲစိမ်းနီတို့ဖြစ်ကြောင်း ယင်းဌာန၏ စာရင်းများအရ သိရသည်။

ပင်ပွားတစ်တန်လျှင် အမေရိကန်ဒေါ်လာတစ်ထောင်နှုန်းဖြင့် ဂျပန်နိုင်ငံသို့လည်းကောင်း၊ ပန်းဂေါ်ဖီအစိမ်းရောင်နှင့် ငရုတ်ပွကို တစ်တန်လျှင် အမေရိကန်ဒေါ်လာတစ်ရာနှုန်းဖြင့် ထိုင်းနိုင်ငံသို့လည်းကောင်း ကွမ်းစားဂမုန်းတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၈၀ နှုန်းဖြင့် အိန္ဒိယ၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့လည်းကောင်း၊ ဆေးကုလားမ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၀၀ နှုန်းဖြင့် အိန္ဒိယ၊ ပါကစ္စတန်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့လည်းကောင်း၊ ပဲနံ့သာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၉၀၀ နှုန်းဖြင့် အင်္ဂလန်နှင့် မလေးရှားနိုင်ငံများသို့ လည်းကောင်း ခွေးလှေးယားသီးအစေ့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀ နှုန်းဖြင့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ လင်းနေတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၄၅၀ နှုန်းဖြင့် ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ ပဲစိမ်းနီတစ်တန်လျှင် ၇၅၀ ကျပ်နှုန်းဖြင့် ဘင်္ဂလားဒေ့ရှ် နှင့် အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ ကလိန်စေ့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၅၀ နှုန်းဖြင့် တောင်ကိုရီးယားနိုင်ငံသို့လည်းကောင်း၊ နမ်းလုံးတစ်တန်လျှင် အမေရိကန်ဒေါ်လာ ၆၀၀ နှုန်းဖြင့် တောင်ကိုရီးယားနိုင်ငံသို့လည်းကောင်း တင်ပို့ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ အမယ်သစ်ပို့ကုန်များထဲတွင် နမ်းလုံးကို အသားအလှဆီပြုလုပ်ရာတွင်လည်းကောင်း၊ ရိုးရာမုန့်ပြုလုပ်ရာတွင်လည်းကောင်း အသုံးပြုကြပြီး ငရုတ်ပွနှင့် ပန်းဂေါ်ဖီအစိမ်းရောင်ကို ဟိုတယ်များနှင့် အစားအသောက်ဆိုင်များက အသုံးပြုကြခြင်းဖြစ်သည်။ အလားတူ ပဲစိမ်းနီ၊ ကလိန်စေ့၊ လင်းနေ၊ ခွေးလှေးယားသီးစေ့နှင့် ကွမ်းစားဂမုန်းများကို တိုင်းရင်းဆေးဖော်စပ်ရာတွင် အသုံးပြုကြသည်။ ပင်ပွားနှင့် ဆေးကုလားမကိုမူ ဖျော်ရည်ပြုလုပ်ရာတွင် အသုံးပြုကြပြီး ပဲနံ့သာကိုမူ ဟင်းခတ်အမွှေးအကြိုင်အဖြစ် အသုံးပြုကြသည်ဟု ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

**Phoenix News Agency (PNA)**

www.foreverspace.com.mm



# ပင်လယ်ပြင်ကမ်းနီးငါးဖမ်းလုပ်ငန်းများ အကျိုးတူပူးပေါင်း

**ဟိုင်းကြီး၊ စက်တင်ဘာ ၃**

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ် အပြင်းအထန်ခံခဲ့ရသော ဟိုင်းကြီးကျွန်းမြို့နယ်ခွဲအတွင်းရှိ ပင်လယ်ပြင် ကမ်းနီး ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သူများသည် ပစ္စည်းချင်းစပ်ကာ အကျိုးတူပူးပေါင်း ဆောင်ရွက်လာကြကြောင်း အဆိုပါမြို့နယ်ခွဲရှိ ရေလုပ်ငန်းအများဆုံး လုပ်ကိုင်သည့် အဏ္ဏဝါရပ်ကွက်မှ ရေလုပ်သားများက ပြောကြားသည်။

မုန်တိုင်းနှင့်အတူ မုန်တိုင်းဒီရေပါ တက်ခဲ့ခြင်းကြောင့် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲရှိ ငါးဖမ်းလှေငယ်များ အပါအဝင် ငါးဖမ်းကိရိယာများ ဆုံးရှုံးခဲ့ရာ လုပ်ငန်းများ ပြန်လည်လုပ်ကိုင်ချိန်တွင် ရေလုပ်သားများသည် လှေရှိသူ၊ ပိုက်ရှိသူ စသည်ဖြင့် ကွဲပြားသွားပြီး အချင်းချင်းညှိနှိုင်း၍ အကျိုးတူ ဆောင်ရွက်လာကြကြောင်း ကမ်းနီးငါးဖမ်းအဖွဲ့ ခေါင်းဆောင်တစ်ဦးက ပြောကြားသည်။

ယင်းကဲ့သို့ ပူးပေါင်းလုပ်ကိုင်ကြရာတွင် လှေပိုင်ရှိသူက အကျိုးအမြတ်ပိုရပြီး ပိုက်ပိုင်ဆိုင်သူက (ဒေသအခေါ် ပိုက်ကပ်သမား) က အကျိုးအမြတ်ဝေစုရရှိမှုနည်းကြောင်း၊ ယင်းကဲ့သို့ လုပ်ဆောင်ခြင်းကို ပိုက်ရှိပြီး လှေမရှိသော ရေလုပ်သားများ အများဆုံးပြုလုပ်ကြကြောင်း ၎င်းကဆိုသည်။

"လတ်တလော စီးပွားရေးအဆင်ပြေဖို့အတွက် အချင်းချင်းကူညီတဲ့သဘောလည်းပါတယ်။ အခုချိန်က ငါးကျချိန်ဆိုတော့ ရေလုပ်သားမှန်ရင် ငါးဖမ်းထွက်ချင်ကြတာပဲ။ ဒါပေမဲ့ လှေမရှိတဲ့သူတွေအတွက် အခက်အခဲရှိတယ်။ ဒါကြောင့် လှေရှင်တွေက သူတို့ပိုက်တွေကိုပါ လက်ခံပြီး အတူတကွလုပ်ကိုင်ကြတာပါ" ဟု ငါးဖမ်းလှေပိုင်ဆိုင်သူတစ်ဦးက ပြောကြားသည်။

အကျိုးအမြတ်ခွဲဝေရာတွင် လှေပိုင်ရှိသူသည် ၎င်းကိုယ်ပိုင်ပိုက်ဖြင့် ဖမ်းဆီးရမိသည့်ငါးအပြင် ၎င်းလှေနှင့် ငါးဖမ်းပိုက်ပါသူ ဖမ်းဆီးရမိသော ငါးဝေစု ငါးပုံတစ်ပုံကိုရယူကြောင်း ၎င်းထံမှ သိရသည်။

**Living Color၊ စိုင်းအောင်**

# နေပြည်တော် ပျဉ်းမနားခရိုင် မျိုးစေ့ချကိရိယာဖြင့် တိုးချဲ့စိုက်ပျိုး

**နေပြည်တော် ပျဉ်းမနား၊ စက်တင်ဘာ ၂**

နေပြည်တော် ပျဉ်းမနားခရိုင်ရှိ မြို့နယ်များတွင် မျိုးစေ့ချကိရိယာ (Seeder) ဖြင့် စပါးစိုက်ပျိုးမှုမှာ စုစုပေါင်း စပါးစိုက်ပျိုးမှု၏ ၉၀ ရာခိုင်နှုန်းရှိနေပြီး မိုးစပါးစိုက်ပျိုးမှု၏ ၂၅ ရာခိုင်နှုန်းမှာ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးကြကာ ၇၅ ရာခိုင်နှုန်းမှာ ကောက်စိုက်သမများဖြင့် စိုက်ပျိုးကြခြင်းဖြစ်ကြောင်း နေပြည်တော် ပျဉ်းမနားမြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဒေါ်အေးအေးမြင့်က ပြောကြားသည်။



မျိုးစေ့ချကိရိယာဖြင့် စပါးစိုက်ပျိုးမှုနည်းပညာကို မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက လွန်ခဲ့သော ငါးနှစ်ကတည်းက နည်းပညာပေး စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၀၅-၂၀၀၆ ခုနှစ်က စတင်၍ လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ရာ ယခုအခါ မျိုးစေ့ချကိရိယာနှင့် စိုက်ပျိုးခြင်းကို တွင်တွင်ကျယ်ကျယ်အသုံးပြုနေပြီဖြစ်ကြောင်း၊ မျိုးစေ့ချကိရိယာကို နေပြည်တော် ပျဉ်းမနားမြို့မှ ပုဂ္ဂလိကလုပ်ငန်းရှင်များက ထုတ်လုပ်၍ ကိရိယာတစ်လက်ကို တန်ဖိုးကျပ် ငါးသောင်းခွဲမှ ကျပ်ခြောက်သောင်းဈေးရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယင်းမျိုးစေ့ချကိရိယာနှင့် စိုက်ပျိုးပါ

www.foreverspace.com.mm

ဥ တစ်ရက်လျှင် လယ်သုံးဧက၊ လေးဧကအထိ ကျွမ်းကျင်မှုပေါ်မူတည် စိုက်ပျိုးနိုင်ပြီး တစ်ဧကစိုက်ပျိုးစရိတ် ၄၀၀၀ ကျပ်မျှသာရှိကြောင်း၊ စပါး တစ်ဧကစိုက်ပျိုးလျှင် ကောက်စိုက်သမ ၁၅ ဦးခန့် အသုံးပြုနိုင်ပြီး တစ်ဧက စပါးစိုက်ပျိုးစရိတ်မှ ငွေကျပ်တစ်သောင်းခွဲ၊ နှစ်သောင်း ကုန်ကျသဖြင့် မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးပါက စပါးစိုက်ပျိုးစရိတ်များစွာ သက်သာမှုရှိကြောင်း၊ ယခုအခါ နေပြည်တော် ပျဉ်းမနားမြို့တွင် နေပြည်တော် တည်ဆောက်ရေးလုပ်ငန်းခွင်များ၌ အလုပ်သမားများသွားရောက်လုပ်ကိုင်မှုများရှိနေ၍ အလုပ်သမားငှားရမ်းမှု အခက်အခဲ၊ လုပ်အားခဈေးမြင့်မှု အခက်အခဲများကြောင့် မျိုးစေ့ချကိရိယာကို အသုံးပြု၍ စိုက်ပျိုးမှုများ ပိုများလာကြောင်း မြို့နယ်မန်နေဂျာဒေါ်အေးအေးမြင့်က ဆိုသည်။

မြန်မာနိုင်ငံတွင် မျိုးစေ့ချကိရိယာတီထွင် အသုံးပြုစိုက်ပျိုးမှုကို အင်္ဂလန်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင်များ လာရောက်လေ့လာမှုများရှိနေကြောင်း၊ ယင်းမျိုးစေ့ချကိရိယာကို ပလတ်စတစ်ဖြင့်လည်းကောင်း၊ သံထည်ဖြင့်လည်းကောင်း ပြုလုပ်ထားပြီး သံထည်ဖြင့် ပြုလုပ်ထားသည့် ကိရိယာများကို ပိုမိုအသုံးပြုကြကြောင်း ဒေသခံများထံမှ စုံစမ်းသိရှိရသည်။

**မင်းသုခိုင်**

# ကြက်၊ ဘဲထွက်ပစ္စည်းများ ဆော်ဒီအာရေးဘီးယား ဝယ်ယူရန်ကမ်းလှမ်း

**ရန်ကုန်၊ စက်တင်ဘာ ၂**

မြန်မာနိုင်ငံမှ မွေးမြူထုတ်လုပ်သည့် ကြက်၊ ဘဲထွက်ပစ္စည်း (Poultry Products) များကို ဆော်ဒီအာရေးဘီးယားနိုင်ငံသို့ တိုက်ရိုက်တင်ပို့နိုင်ရန် အဆိုပါနိုင်ငံက ကမ်းလှမ်းလာကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းအရာရှိတစ်ဦးက စက်တင်ဘာလ ၂ ရက်နေ့တွင် ကျင်းပသော ၃၀/၂၀၀၈ သားငါးကဏ္ဍဆိုင်ရာ အစည်းအဝေးတွင် ပြောကြားသည်။

မြန်မာနိုင်ငံသည် ကြက်ငှက်တုပ်ကွေးရောဂါကင်းရှင်းသည့်နိုင်ငံဖြစ်လာခြင်းကြောင့် ဝယ်ယူရန် ကမ်းလှမ်းခြင်းဖြစ်ကြောင်း၊ လက်ရှိ မြန်မာနိုင်ငံ၏ ကြက်မွေးမြူထုတ်လုပ်မှုစနစ်မှာ Open Type ပုံစံဖြင့် မွေးမြူထုတ်လုပ်လျက်ရှိကြောင်း၊ နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်ရန်အတွက် မွေးမြူထုတ်လုပ်မှုကို အဆင့်မြှင့်တင်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံဘက်ကလည်း ယခု ဝယ်ယူရန်ကမ်းလှမ်းလာသည့် ဆော်ဒီအာရေးဘီးယားဈေးကွက်၏ လိုအပ်ချက်ပုံစံများအတိုင်း တင်ပို့နိုင်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

ဆော်ဒီအာရေးဘီးယားနိုင်ငံ၏ တိရစ္ဆာန်ကျန်းမာရေးလိုအပ်ချက် လက်မှတ်များနှင့် ကြက်၊ ဘဲထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်မှု အရည်အသွေးလိုအပ်ချက်များကို မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေးဘီးယားနိုင်ငံသံရုံးသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ရောဂါရှာဖွေရေးဌာနက ဆက်သွယ်မေးမြန်း၍ လုပ်ငန်းရှင်များသို့ အသိပေးထုတ်ပြန်သွားမည်ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦး၏အဆိုအရ မြန်မာနိုင်ငံ၏ ကြက်မွေးမြူထုတ်လုပ်သည့်လုပ်ငန်းတွင် စနစ်တကျ ကြက်သန့်စင်စက်ရုံ၊ အအေးခန်းများဖြင့်ထုတ်လုပ်နိုင်သည့် ပုဂ္ဂလိကလုပ်ငန်းများ မရှိသေးကြောင်း၊ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်းတစ်ခုတည်းသာ စက်ရုံအအေးခန်းဖြင့် ထုတ်လုပ်နိုင်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ပြည်ပသို့တင်ပို့နိုင်ရန်အတွက် ခေတ်မီစနစ်ကျသန့်ရှင်းသည့် ကြက်သန့်စင်စက်ရုံများနှင့် အအေးခန်းများတည်ဆောက်၍ ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း ၎င်းက ရှင်းပြသည်။

**Living Color၊ မြသဲခိုင်**

# အမရပူရမြို့တွင် PAC ဖွင့်မည်

**မန္တလေး၊ ဩဂုတ် ၉**

မန္တလေးတိုင်း အမရပူရမြို့နယ်တွင် ပထမဆုံး အများပြည်သူသုံး အင်တာနက်ဆက်သွယ်ရေးဝန်ဆောင်မှုစင်တာ (PAC)တစ်ခုကို မြို့နယ်ဆက်သွယ်ရေးစခန်းအတွင်း ၂၀၀၈–၂၀၀၉ အတွင်း ဖွင့်လှစ်ရန် အစီအစဉ်ရှိသည်ဟု ဩဂုတ်လ ၈ ရက်နေ့တွင် ယင်းမြို့နယ်ရှိ ဆက်သွယ်ရေးစခန်းမှ သိရှိရသည်။

အမရပူရမြို့တွင် ဖွင့်လှစ်ဝန်ဆောင်ပေးမည့် ယင်း PAC တွင် ကွန်ပျူတာ ၂၀ လုံးထားရှိပေးမည့်အပြင် အင်တာနက်ဝန်ဆောင်မှုနှင့်အတူ ကဖေးဆိုင်တစ်ခုကိုပါ တွဲ၍ဖွင့်လှစ်ရန်အတွက် ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုက ရုံးအတွင်း မြေနေရာများကို လာရောက်ကြည့်ရှုနေကြောင်း ဆက်သွယ်ရေးစခန်းမှ တာဝန်ရှိသူတစ်ဦးက ထပ်လောင်းပြောကြားသည်။

မန္တလေးမြို့တွင်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းဘဲလ်ကုမ္ပဏီက ပညာရေးကဏ္ဍတွင် အသုံးပြုရန် ပေးအပ်လှူဒါန်းသော ကြိုးမဲ့လိုင်းနှုန်းခွင်ကျယ် အင်တာနက်ဆက်သွယ်မှု (Wi Max)စနစ်ဖြင့် ဝန်ဆောင်မှုပေးရန် စီစဉ်လျက်ရှိကြောင်း နိုင်ငံပိုင်သတင်းဌာနများ၏ ဖော်ပြချက်အရ သိရသည်။

www.foreverspace.com.mm

# မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးမှု ပြည်ပနိုင်ငံအချို့နှင့် ပူးပေါင်းဆောင်ရွက်

**ရန်ကုန်၊ ဩဂုတ် ၂၈**

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို ပြည်ပနိုင်ငံအချို့နှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က ပြောကြားသည်။

အဓိကပူးပေါင်းဆောင်ရွက်လျက်ရှိသော နိုင်ငံများမှာ တရုတ် (တိုင်ပေ)၊ ကူဝိတ်၊ ကိုရီးယားနှင့် မလေးရှားနိုင်ငံတို့ဖြစ်ကြောင်း၊ ၎င်းတို့ထံမှ နည်းပညာအကူ



အညီနှင့် ဓာတ်မြေဩဇာများကို ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့နှင့် အတူပူးပေါင်းဆောင်ရွက်ခြင်းကြောင့် ထွက်ရှိလာသောစပါးများအနက် မြန်မာနိုင်ငံ၏စားသုံးမှုမှ ပိုလျှံသောဆန်များကို အဆိုပါနိုင်ငံများသို့ ပြန်လည်ရောင်းချမည်ဖြစ်ကြောင်း ယင်းအသင်းဝင်တစ်ဦး၏ အဆိုအရ သိရသည်။

ထိုကဲ့သို့ ပူးပေါင်းဆောင်ရွက်ရခြင်းမှာ မြေလွတ်မြေရိုင်းများ ပိုမိုအသုံးချလာနိုင်ရေး၊ နာဂစ်ကြောင့် ပျက်စီးသွားခဲ့သည့် စိုက်ပျိုးမြေများ ပြန်လည်ကောင်းမွန်လာရေး၊ အထွက်နှုန်းပိုမိုမြင့်မားရေးတို့အတွက် အဓိကဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ယင်းပူးပေါင်းဆောင်ရွက်မှုကို လက်ရှိတွင် မှော်ဘီမြို့နယ်တွင် စမ်းသပ်ဆောင်ရွက်လျက်ရှိပြီး၊ ယင်းမှတစ်ဆင့် အခြားနေရာများ၌ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် နွေစပါးစိုက်ဧကနှင့် မိုးစပါးစိုက်ဧကစုစုပေါင်း သန်း ၂၀ ရှိပြီး တစ်ဧကလျှင် စပါး ၇၂ တင်း ထွက်ရှိရန် မျှော်မှန်းထားကြောင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းထံမှ စုံစမ်းသိရှိရသည်။

# အာဆီယံအစားအစာနှင့် အဖျော်ယမကာပြပွဲ ပြည်တွင်းကုမ္ပဏီသုံးခု ရွေးချယ်မည်

**ရန်ကုန်၊ ဩဂုတ် ၁၈**

ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်မည့် အာဆီယံအစားအစာနှင့် အဖျော်ယမကာပြပွဲ (ASEAN Food and Beverage Exhibition 2008) တွင် ပြသရန် မြန်မာကုမ္ပဏီ သုံးခုကို ဂျပန်ကျွမ်းကျင်သူပညာရှင်များ လာရောက်ရွေးချယ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်သူများအသင်း မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းပြပွဲကို ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အောက်တိုဘာလ ၂၀ ရက်နေ့မှ ဒီဇင်ဘာလ ၁၉ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပြီး အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံလျှင် ကုမ္ပဏီခြောက်ခုမှ ရှစ်ခုအထိ လျှောက်ထားနိုင်ကြောင်း၊ ပါဝင်ပြသခွင့်ရမည့် ကုမ္ပဏီ သုံးခုကို ရွေးချယ်ရန်အတွက် ASEAN Japan Centre သည် ဩဂုတ်လအတွင်း လာရောက်မည်ဖြစ်ကြောင်း ၎င်းကဆိုသည်။

ပြပွဲတွင် တစ်စိတ်တစ်ပိုင်းပြုပြင်ထားသည့် အစားအစာ၊ စည်သွတ်အစားအစာ၊ အအေးခဲထားသော အစားအစာ၊ ဟင်းသီးဟင်းရွက်၊ သစ်သီးများ၊ အခြောက်ခံထားသော အစားအစာများ၊ မုန့်၊ အရက်၊ အချိုရည်၊ ဟင်းခတ်အမွှေးအကြိုင်များဖြစ်သည့် ပြုပြင်ထားသောအစားအစာနှင့် အဖျော်ယမကာများကို ခင်းကျင်းပြသမည်ဖြစ်ကြောင်း၊ အချိုပွဲများနှင့် ဆက်စပ်ပစ္စည်းများနှင့် အချိုရည်များမှာ ဂျပန်နိုင်ငံတွင် အလားအလာရှိသည့်ပစ္စည်းများဖြစ်ကြောင်း ၎င်း၏အဆိုအရ သိရသည်။

**မီးသတိပြုပါ**

www.foreverspace.com.mm



# နေပြည်တော် ပျဉ်းမနားခရိုင် မိုးစပါးတစ်ဧက ၁၀၃.၅၅ တင်း ထွက်ရှိမည်

**နေပြည်တော် ပျဉ်းမနား၊ စက်တင်ဘာ ၁**

နေပြည်တော် ပျဉ်းမနားခရိုင်တွင်း ယခုနှစ် ၂၀၀၈–၂၀၀၉ ခုနှစ်တွင် မိုးစပါးတစ်ဧက ၁၀၃.၅၅ တင်းနှုန်းထွက်ရှိနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော် ပျဉ်းမနားခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးမှတ်ကြီးက ပြောကြားသည်။

နေပြည်တော် ပျဉ်းမနားခရိုင်တွင်း ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်တို့တွင် ၂၀၀၇–၂၀၀၈ ခုနှစ် မိုးစပါးစိုက်ပျိုးမှု ခရိုင်စာချုပ်စာရင်းအရ စိုက်ဧက ၁၇၅,၄၉၇ စိုက်ပျိုးခဲ့ပြီး နေပြည်တော် ပျဉ်းမနားခရိုင်တွင် တစ်ဧက ၉၆.၂၀ တင်းနှုန်းထွက်ရှိခဲ့ကြောင်း၊ နေပြည်တော် ပျဉ်းမနားခရိုင်တွင်း ယခုနှစ် ၂၀၀၈–၂၀၀၉ မိုးစပါးစိုက်ဧက ၁၇၁၆၄၃ ဧကရှိပြီး စိုက်ပျိုးပြီးဧက ၁၆၆၈၂၄ ဧကနှင့် စိုက်ပျိုးပြီးစီးမှု ၉၇ ဒသမ ၁၇ ရာခိုင်နှုန်း ရှိကြောင်း၊ သတ်မှတ်သည့်အတိုင်း စိုက်ပျိုးပြီးစီးရေးအတွက် ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း ၎င်းက ရှင်းပြသည်။

နေပြည်တော် ပျဉ်းမနားခရိုင်တွင်း မြို့နယ်များတွင် မိုးစပါးအပြင် နွေစပါး စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ၂၀၀၆–၂၀၀၇ ခုနှစ် နွေးစပါးစိုက်ပျိုးမှု စိုက်ဧက (ခရိုင်ချုပ်စာရင်းအရ) ၃၂၇၀၇ ဧက စိုက်ပျိုးခဲ့ပြီး နွေစပါးစိုက်ပျိုးထွက်ရှိမှုမှာ တစ်ဧက ၁၁၁.၀၂ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း၊ ၂၀၀၇–၂၀၀၈ ခုနှစ် နွေစပါး ၃၁၇၃၅ ဧက စိုက်ပျိုးခဲ့ပြီး စပါးထွက်ရှိမှုမှာ တစ်ဧက ၁၁၆.၃၉ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း ၎င်းက ဆိုသည်။

နေပြည်တော် ပျဉ်းမနားခရိုင်၌ ယခုနှစ်တွင် ဆင်းသွယ်လတ်၊ မနောသုခ၊ ရွှေသွယ်ယဉ်၊ ဆင်းနွယ်ယဉ်၊ ရတနာတိုး၊ ရေဆင်းလုံးသွယ်၊ ဆင်းသုခ စပါးမျိုးများကို စိုက်ပျိုးခဲ့ပြီး ယင်းစပါးမျိုးများထဲမှ မနောသုခစပါးမျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ ဒုတိယအများဆုံးအဖြစ် ဆင်းသွယ်လတ်စပါးမျိုးနှင့် တတိယအများဆုံး ရေဆင်းလုံးသွယ် စပါးမိုးများကို စိုက်ပျိုးကြကြောင်း၊ နေပြည်တော် ပျဉ်းမနားခရိုင်ဆန်ဈေးကွက်တွင် မနောသုခဆန်မှာ စားသုံးမှု အများဆုံးနှင့် အရောင်းအဝယ်ဈေးကွက် အကောင်းဆုံးဖြစ်နေသောကြောင့် မနောသုခစပါးကို အများဆုံးစိုက်ပျိုးကြခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှ စုံစမ်း သိရှိရသည်။

**မင်းသုခိုင်**

LIVING COLOR MEDIA

သမ္မတဟိုတယ် (Business Suite)
အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။

ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm




# မြန်မာလူငယ်များနှင့်
# စင်ကာပူပညာရေး

www.foreverspace.com.mm



**မင်းညီမင်းသားတို့ မိမိတို့တိုင်းပြည်မှခွာ၍ တက္ကသိုလ်ပြည်တွင် အဋ္ဌာရသပညာရပ်များကို သွားရောက် သင်ကြားခဲ့သည်ကို ဇာတ်နိပါတ်များအရ သိရသည့်အတွက် နိုင်ငံရပ်ခြားသို့ ပညာသွားရောက်သင်ယူကြသည်မှာ ရှေးအတီအတောကပင်ဖြစ်သည်။ ယနေ့အခါတွင်မူ နိုင်ငံခြားပညာသင်ရေစီးတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအသီးသီးက အထက်လွှာများသာမက သာမန်ပြည်သူများပါ သိန်းသန်းချီ၍ မျောပါကူးခတ်နေကြသောကြောင့် နှစ်ဆယ့်တစ်ရာစုကို Transnational Education Age နိုင်ငံနယ်နိမိတ်အလွန် ပညာရေးခေတ်ဟုပင် ဆိုနိုင်ပေသည်။ မြန်မာနိုင်ငံသူနိုင်ငံသားတို့ ရည်ရွယ်ချက်အမျိုးမျိုးဖြင့် အလုံးအရင်း သွားရောက်ပညာသင်ကြားကြသည့် နိုင်ငံမှာ ဒေသတွင်း ပညာရေး ဗဟိုဌာန Education Hub ဖြစ်လာရန် ကြိုးပမ်းနေသည့် တတိယကမ္ဘာမှ ပထမကမ္ဘာသို့ မျိုးဆက်နှစ်ဆက်အတွင်း ခုန်ကူးနိုင်သည့် စင်ကာပူဖြစ်သည်။**

## အာရှပညာရေး ဗဟိုချက် ရန်ကုန်သို့ခဏအရွေ့ (Singapore Education Admissions Fair 2008)

ရန်ကုန်မြို့တော်၏ အချက်အချာအကျဆုံးနေရာရှိ ကုန်သည်ကြီးများဟိုတယ်အတွင်း လူငယ်အချို့ နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ တဖွဲဖွဲဝင်လာနေကြသည်။ ဤဟိုတယ်၌ ပြုလုပ်သည့် အာရှ၏ ပညာရေးဗဟိုချက် (Asia Education Hub) ဟု ဝင့်ကြွားစွာဆိုသည့် စင်ကာပူနိုင်ငံက ပြုလုပ်သော စင်ကာပူပညာရေးပြပွဲ (၂၀၀၈)သို့ လာရောက်ကြခြင်းဖြစ်ပါသည်။ ရန်ကုန်မြို့၏ နေပူပူရာသီဥတုနှင့် ခြားနားသည့် အေးစက်နေသည့် ပြပွဲခန်းမအတွင်းတွင် စားသုံးသူ၏ယုံကြည်မှုကို အပြည့်အဝရရှိနိုင်မည့် Black Suit ခေါ် အနက်ရောင် အနောက်တိုင်းဝတ်စုံများကို သပ်ရပ်ကျနစွာ ဝတ်ဆင်ထားကြသော ပြည်တွင်း ပညာရေးအေဂျင်စီများမှ တာဝန်ရှိသူကြီးငယ်များက ဖော်ရွေစွာ ဆီးကြိုနေကြသည်။ ယခုပွဲသည် တစ်နှစ်တစ်ကြိမ် လာရောက်ကျင်းပသော စင်ကာပူပညာရေးပြပွဲ၏ သုံးကြိမ်မြောက်ပြပွဲဖြစ်ပါသည်။ စင်ကာပူသံအမတ်ကြီး Mr. Robert Chua ကိုယ်တိုင်တက်ရောက်ခဲ့သည့်ပွဲလည်း ဖြစ်သည်။ မြန်မာနိုင်ငံသို့ ပညာရေးပြပွဲ လာရောက်ပြုလုပ်သည့်နိုင်ငံသည် စင်ကာပူနိုင်ငံထက်အရင် ဗြိတိန်တစ်နိုင်ငံတည်းသာရှိသေးသည်ဖြစ်၍ အာရှနှင့် ဒေသတွင်းနိုင်ငံများအနက် စင်ကာပူ



www.foreverspace.com.mm



၏သွက်လက်မှုကို မြင်ရသည်။


ယခုပြပွဲသို့ စင်ကာပူ အစိုးရတက္ကသိုလ် သုံးခုအနက် SMU ဟုခေါ်ကြသည့် Singapore Management University အပါအဝင် ပုဂ္ဂလိကပညာရေးအဖွဲ့အစည်းနှင့် ကျောင်းပေါင်း ၂၃ ခု လိုက်ပါပြသကြသည်။ ဤကျောင်းများတွင် မြန်မာကျောင်းသားများသည် နိုင်ငံတကာကျောင်းသားများအနေနှင့် အသက် ၇ နှစ်အရွယ် မူလတန်းမှ ပါရဂူဘွဲ့အထိ သင်ကြားနိုင်မည်ဖြစ်သည်။ ဘာသာရပ်များကလည်း ယခုလက်ရှိ မြန်မာကျောင်းသားများအကြား ရေပန်းစားနေသော ဘာသာရပ်အချို့ အပါအဝင် ရွေးချယ်ရန်စုံလင်စွာ ပြသထားပြီး ပြပွဲကာလဖြစ်သည့် စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်တွင် ကျောင်းတစ်ခုချင်းစီ၏ ပညာရေးဆွေးနွေးပွဲများကို ခန်းမသီးသန့်ပြုလုပ်၍ တောက်လျှောက်ကျင်းပနေသည်။

စင်ကာပူတွင် Singapore Quality Class (SQC) ဆိုသည်ကို ပညာရေးအဖွဲ့အစည်းတိုင်း ရရှိထားသည်မဟုတ်။ မြန်မာကျောင်းသားနှင့် မိဘတော်တော်များများ သိထားပြီးသားဖြစ်သည့် Cast Trust ကမူ ပညာရေးအဖွဲ့အစည်းတစ်ခုအတွက် အနိမ့်ဆုံးလိုအပ်ချက်ဖြစ်၍ Cast Trust ရရှိထားသည့် အဖွဲ့အစည်းအရေအတွက် မနည်းလှဟု ယခုပြပွဲပြုလုပ်သည့် စင်ကာပူအစိုးရ၏ ပညာရေးအဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

"စင်ကာပူမှာ SQC ရထားတဲ့ အဖွဲ့အစည်း ၆၀ မကျော်ပါဘူး။ အဲဒီအထဲက ၂၃ ဖွဲ့ ပါလာတယ်ဆိုတော့ အခုလာတာ မနည်းဘူး။ အတော်များပါတယ်။ NUS တို့ NTU တို့လို လူတစ်အားသိပြီး ထင်ရှားတဲ့တက္ကသိုလ်တွေတော့ ပါမလာဘူး" ဟု စင်ကာပူအစိုးရ၏ အဖွဲ့အစည်းဖြစ်သည့် Singapore Tourism Board (TSB) ၏ ပညာရေးဈေးကွက်မြှင့်တင်မှုဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး Ms. Chris YEO Kia Miang က ပြောကြားသည်။

သူနှင့်အတူ မြန်မာနိုင်ငံကို ရောက်လာကြသည့် တာဝန်ရှိသူတွေက သတင်းစာရှင်းလင်းပွဲပြုလုပ်၍ စင်ကာပူနိုင်ငံနှင့် နိုင်ငံတကာကျောင်းသားများ ရရှိမည့်အခွင့်အလမ်းကိုပြောပြကြသည်။ ၎င်းတို့က ယခုလက်ရှိစင်ကာပူနိုင်ငံတွင် နိုင်ငံတကာကျောင်းသားပေါင်း ရှစ်သောင်းခြောက်ထောင်ကျော် တက်ရောက်နေသည်ဟု ဆိုသည်။

Chris YEO က သူတို့၏ အဓိကဈေးကွက်များသည် မလေးရှား၊ အင်ဒိုနီးရှား၊ တရုတ်၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် တောင်ကိုရီးယားနိုင်ငံတို့ဖြစ်သည်ဟု ဆိုသည်။ ထိုနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံအချို့တို့အပြင် နိုင်ငံတကာကျောင်းသား အများဆုံးရရှိသည့် အမေရိကနှင့် ဗြိတိန်တို့ကဲ့သို့ နိုင်ငံကြီးများတွင်ပါ TSB ၏ရုံးခွဲများ ဖွင့်ထားသည့် စင်ကာနိုင်ငံအတွက် ယခုကဲ့သို့ နိုင်ငံတကာကျောင်းသားအရေအတွက် ရရှိမှုသည် စင်ကာပူက ကြိုးစားနေသည့် အာရှဒေသ၏ ပညာရေးဗဟိုချက်မဖြစ်လာရေး အကောင်အထည်ဖော်မှု၏ ရလဒ်တစ်ခုဟု ဆိုနိုင်သည်။ နိုင်ငံတကာကျောင်းသားအရေအတွက်အနေနှင့်ဆိုရလျှင် Chris YEO က "စင်ကာပူမှာ မြန်မာကျောင်းသားအရေအတွက်က နှစ်တိုင်းတိုးလာနေတယ်" ဟု ဆိုသည်။ ထို့ကြောင့်ပင် မန္တလေးကဲ့သို့ ဒုတိယမြို့တော်များတွင်ပါတိုးချဲ့



www.foreverspace.com.mm



ပြသနိုင်ရန် စဉ်းစားနေသည်ဟု သူက ဆိုပြန်သည်။

ယခုပြပွဲတွင် ပြုလုပ်သည့် သတင်းရှင်းလင်းပွဲ၌ ပြောကြားသော တာဝန်ရှိသူများ၏ ရှင်းလင်းချက်များအရ ကမ္ဘာကျော် ဖော်မြူလာဝမ်းကားမောင်းပြိုင်ပွဲ၊ ညပွဲကို လက်ခံပြုလုပ်နိုင်သော နှစ်ရက်ကြာပြုလုပ်မည့် ဤပွဲတစ်ပွဲတည်းကိုပင် ကမ္ဘာလှည့်ခရီးသွား လေးသောင်းကျော် လာရောက်မည်ဟု ခန့်မှန်းထားသော၊ ကာစီနိုများ ပါဝင်သော Marina Bay Resort ကို ဖွင့်လှစ်မည်ဖြစ်သော၊ လူငယ်အိုလံပစ်ပြိုင်ပွဲကိုလည်း ၂၀၁၀ ခုနှစ်၌ လက်ခံကျင်းပမည်ဖြစ်သော စင်ကာပူတွင် နိုင်ငံတကာကျောင်းသားများအတွက် ထိုနေရာများ၌ အလုပ်အကိုင်အခွင့်အလမ်းနှင့် လက်တွေ့လုပ်ငန်းခွင်လေ့လာသင်ကြားမှုများ ရရှိပြုလုပ်နိုင်ကြမည်ဟု ပညာဆုံးခန်းတိုင်ပြီးနောက် ရလာမည့်အခွင့်အလမ်းများကို တစ်ပါတည်း အာမခံချက်ချပြပေးသွားသည်။

ပြပွဲလာ ကျောင်းသားအရေအတွက်သည် ဗြိတိန်ပညာရေးပြပွဲထက်မများဟု ဆိုနိုင်သည်။ သို့ရာတွင် စင်ကာပူရောက် မြန်မာကျောင်းသားများထံမှ စင်ကာပူပညာရေးအကြောင်းကို အတော်အတန်သိနှင့်ပြီးဖြစ်ခြင်း၊ ပြည်တွင်းပညာရေးအေဂျင်စီများ၏ အားကောင်းသည့် ထိုးဖောက်မှုများကြောင့် ကျောင်းအများစုအကြောင်းကို လေ့လာထားနှင့်ပြီးဖြစ်၍ စိတ်ဝင်တစား လာရောက်စုံစမ်းကြည့်ခြင်းနှင့် စရိတ်စကများနှင့် ခရီးအလှမ်းဝေးမှု အပါအဝင်၊ ယဉ်ကျေးမှုများစွာ မကွာခြားခြင်း စသည့် အမှန်တကယ်သွားရောက်သင်ကြားနိုင်ရန် နီးစပ်မှုများကြောင့် ပြပွဲလာကျောင်းသားအများစုသည် ယောင်လည်လည်လှည့်ပတ်ကြည့်ရှုနေကြခြင်း ထက် စိတ်ဝင်စားရာကျောင်းများ၏ ပြခန်းများတွင် ဝင်ရောက် မေးမြန်းဆွေးနွေးနေကြသည်။

"Poly တွေက အမှတ်ကောင်းတဲ့သူတွေကိုပဲ ရွေးခေါ်သွားတာ" ဟု ပြပွဲလာ TTC ခေါ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်းမှ တက္ကသိုလ်ဝင်တန်းအောင်ထားသူ ကျောင်းသူတစ်ဦးက ဆိုသည်။ သူသည် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသည်မှာ သုံးလခန့်သာရှိသေးသော်လည်း စင်ကာပူနိုင်ငံ၌ အစိုးရတက္ကသိုလ်များတွင် တက်ရောက်မှသာ ပညာသင်စရိတ်အထောက်အပံ့ ရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကျောင်းများတွင် တက်ရောက်ပါက ကျောင်းတက်နေစဉ် တရားဝင်အလုပ်လုပ်ခွင့်ရမည်မဟုတ်ကြောင်း၊ ယခုလက်ရှိ အင်္ဂလိပ်ဘာသာလိုအပ်ချက်အတွက် ပြင်ဆင်နေပြီဖြစ်ကြောင်း၊ ပြပွဲမတိုင်မီ ပြည်တွင်းပညာရေးအေဂျင်စီများထံ သွားရောက်မေးမြန်းစုံစမ်းထားပြီးဖြစ်ကြောင်း ပြောသည်။



"ပညာရေးအေဂျင်စီတွေဆီသွားတယ်။ သူတို့က ဒုံး၊ ဒုံး၊ ဒုံးဆိုပြီး တစ်ခါတည်းချပြသွားတာ။ ဒီကျောင်းမမီဘူး။ ဒီကျောင်းဆို

www.foreverspace.com.mm

ဒီလိုလျှောက်ဆိုပြီး” ဟု သူ အတော်အတန်လေ့လာထားပြီးသည်များကို ပြောပြသည်။

ပြည်တွင်းရှိ အသက်မွေးကျောင်းတက္ကသိုလ်တစ်ခုမှ ဘွဲ့ရရှိထားပြီးသူတစ်ဦးကမူ “ပုဂ္ဂလိကကျောင်းတွေ တက်တာက တချို့ဆို နိုင်ငံကြီးတွေက တကယ့်တက္ကသိုလ်ကြီးတွေရဲ့ ဘွဲ့ကို ရမှာ။ အဲဒီတော့ ကိုယ်ဘွဲ့ရပြီးရင် အလုပ်လျှောက်ရင် ကိုယ်ရထားတဲ့ဘွဲ့နဲ့တက္ကသိုလ်က ကိုယ့်ရဲ့အရည်အချင်းကို နိုင်ငံတကာအသိအမှတ်ပြုတဲ့နေရာမှာဝင်ပြီး ပံ့ပိုးပေးဦးမှာ။ ဒါပေမဲ့ တစ်ခုရှိတာက စင်ကာပူကမှ နိုင်ငံတကာတက္ကသိုလ်ကြီးတွေရဲ့ဘွဲ့ကို လှမ်းယူပေမယ့် တချို့တက္ကသိုလ်က ဘွဲ့လက်မှတ်မှာ အဝေးရောက်ဆိုပြီး ရိုက်ထည့်ပေးလိုက်မှာဆိုတော့ ကိုယ်တက်မယ့်ကျောင်းက ကမ္ဘာကျော်ဆိုပေမယ့် ရမယ့်ဘွဲ့လက်မှတ်ကအစဘယ်လိုရမှာလဲဆိုတာ သေသေချာချာမေးတတ်ဖို့ အရမ်းအရေးကြီးတယ်” ဟု လုပ်ငန်းခွင်ဝင်ရောက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများအကြား ဝင်ဆံ့နေရေးကိုပါ မျှော်တွေး၍ ဆိုသည်။

‘စင်ကာပူက Plastic ပလတ်စတစ်ဆန်တယ်။ ဘန်ကောက်မှာပဲ ဈေးဝယ်ရတာ ပျော်တယ်’ ဟု မြန်မာအမျိုးသမီးကြီးတစ်ဦးက ပြောဖူးသည်။ ဟုတ်ပါလိမ့်မည်။ အကန့်အသတ်ဖြင့် လွတ်လပ်ခွင့်ပြုသော စည်းကမ်းရှိမှုကို ဂုဏ်ယူဝံ့ကြွားစွာ ရှေ့တန်းတင်သည့် စင်ကာပူကို ညမိုးချုပ် စာကြည့်တိုက်မှ ကြိုက်သည့်အချိန်တွင် အေးအေးဆေးဆေးအိမ်ပြန်နိုင်သည်ဟု မြန်မာကျောင်းသားများပင် ထောက်ခံလာသည်ကို ကြည့်ခြင်းဖြင့် ထိုသို့ တင်းကျပ်သော စည်းကမ်းများက ထိုသို့ အေးချမ်းလုံခြုံမှုကို အထောက်အကူပေးနေသရွေ့ သူတို့ရဲဝံ့စွာ မြှင့်တင်နေသော ပညာရေးဈေးကွက်အတွင်း မူလတန်းပညာရေးမှစ၍ နိုင်ငံတကာကျောင်းသားများ လာရောက်နေကြသည်မှာ အဆန်းတကြယ်မဟုတ်ပါ။

ထို့ကြောင့်ပင် စင်ကာပူအစိုးရ တက္ကသိုလ်ကြီးများ၏ မဟာဘွဲ့တစ်ခု၏ တစ်နှစ်စာ ကျောင်းလခထက်ပင် များပြားသည့် သင်တန်းကြေးပေးသွင်းရသော စင်ကာပူအစိုးရ အခြေခံပညာကျောင်း ဝင်ခွင့်ပြင်ဆင်မှု ပုဂ္ဂလိကသင်တန်းသို့ နိုင်ငံတကာမှ ကျောင်းသားများ လာရောက်ပြင်ဆင်လေ့ကျင့်ကြသည်ဟု SSTC School For Further Education မှ ဈေးကွက်မြှင့်တင်မှု မန်နေဂျာ Mr.Vernon Sim ၏ရှင်းလင်းပြောပြမှုများအရ သိရသည်။

၁၉၇၈ ခုနှစ်ကတည်းက ဖွင့်လှစ်ထားသော SSTC သို့ နိုင်ငံ



www.foreverspace.com.mm



တကာမှ ကျောင်းသားများ လာရောက်ကြကြောင်း၊ ကျောင်းသားများ၏ ၉၅ ရာခိုင်နှုန်းဝင်ခွင့်ရကြပြီး ကျန်ရာခိုင်နှုန်းသည် ပြင်ဆင်ချိန် အနည်းငယ်သာရပြီး ကျောင်းသို့ နောက်ကျမှ ရောက်လာကြသူများဖြစ်ကြောင်း၊ Primary I အတွက် အသက် ခုနစ်နှစ်မှစ၍ တက်ရောက်နိုင်ကြောင်း Mr. Sim က ဆိုသည်။ သူ၏ကျောင်းသို့ လာရောက်သော နိုင်ငံတကာကျောင်းသား၏ ၃၀ ရာခိုင်နှုန်းသည် တရုတ်ကျောင်းသားများဖြစ်ပြီး မြန်မာကျောင်းသားများအနေနှင့် အတန်းငယ်လေးများတွင် တက်ရောက်သူမရှိသေးဘဲ အခြားအင်္ဂလိပ်စာသင်တန်းသို့ တက်ရောက်သော မြန်မာသင်တန်းသား ငါးဦးသာ ရှိသေးကြောင်း ၎င်းကဆိုသည်။

မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံမှ ကျောင်းသားများအနေဖြင့် ပညာရေးအဆင့်အတန်း မြင့်မားပြီး ကမ္ဘာ့နိုင်ငံကြီးများနှင့်နီးပါး ယဉ်ကျေးမှုစုံလင်စွာဖြင့် တန်းတူဖွံ့ဖြိုးနေပြီဖြစ်သည်။ စင်ကာပူနိုင်ငံသို့ သွားရောက်ပညာသင်ယူမှုသည် ကမ္ဘာ့နိုင်ငံသားတစ်ယောက်အဖြစ် ဝင်ရောက်စီးမျောခွင့်ရခြင်းအပြင် ပညာသင်ယူပြီးနောက် အလုပ်အကိုင် အခွင့်အလမ်းရရှိနိုင်မှု အာမခံချက်လည်း မနိမ့်ပါးလှ၍ တစ်ချက်ခုတ်နှစ်ချက်ပြတ် အောင်မြင်ပြီးမြောက်မှု ရယူခြင်းဟု ဆိုနိုင်ပါသည်။

စက်တင်ဘာနှင့် အောက်တိုဘာလတွင်ပြုလုပ်သည့် စင်ကာပူအစိုးရ အခြေခံပညာကျောင်းသို့ တက်ရောက်ခွင့်ရရေး စင်ကာပူသို့ ဝင်ခွင့်သွားရောက် ဖြေဆိုနေပြီဖြစ်၍ သူနှင့်အတူ သူ့မိဘနှစ်ပါးပါ ဤပြပွဲသို့ရောက်မလာနိုင်တော့ခြင်း ဖြစ်ပါသည်။ သူ့သူငယ်ချင်းများနှင့် သူတို့၏မိဘများပါ ပြပွဲသို့ ရောက်မလာကြပါ။

အစိုးရတက္ကသိုလ်ကြီးနှစ်ခုဖြစ်သည့် NUS မှ၊ NTU မှ တက်မည်ဆိုသူများနှင့် Poly များကိုသာ တက်မည်ဟုဆိုသူ ကျောင်းသားများကလည်း Online မှနေ၍ သူတို့တက်မည့် တက္ကသိုလ်နှင့် ဘာသာရပ်အကြောင်း ဖတ်ရှုပြင်ဆင်နေကြ၍ Offline သို့ ရောက်မလာနိုင်ကြတော့ပါ။

## စင်ကာပူမှာ ပညာတွေသင်

ယခင်က ပြည်တွင်းရှိ စင်ကာပူပညာရေးအေဂျင်စီများမှာ ပညာသင်ကြားရေးကိုသာ အဓိကဝန်ဆောင်မှုပေးခဲ့ကြရာမှ ယခုအခါ၌ အေဂျင်စီအမြောက်အမြား ပေါ်ထွန်းလာပြီး စီးပွားရေးလုပ်ငန်း (Business) တစ်ခုအသွင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာကြကြောင်း KMD Computer Group ၏အကြီးအကဲနှင့် CEO ဦးသောင်းတင်က သုံးသပ်သည်။

“ကျွန်တော်တို့ဆီက လူငယ်တွေရော




မိဘတွေရဲ့ အတွေးအမြင်တွေပါ ပြောင်းလဲလာကြတာလည်း ပါတယ်။ ကျွန်တော်တို့ခေတ်က နိုင်ငံခြားပညာသွားသင်တယ်ဆိုတာက ဒီမှာပညာတွေသင်ပြီး တော်တော်ကြာမှ သွားခွင့်ရခဲ့တာမျိုး။ အခုကတော့ ပညာသင်ယူဖို့ကို သွားနေကြပြီ။ အရင်တုန်းက ဒီမှာကျောင်းပြီးလို့ ဘွဲ့ရမယ်၊ လုပ်ငန်းခွင်ဝင်မယ်။ ပြီးမှ ဘွဲ့လွန်ဒီဂရီတစ်ခုသွားတက်မယ်။ ကျွန်တော်တို့ခေတ်က လုပ်ငန်းခွင်ဆိုတာကလည်း အစိုးရအလုပ်ပဲရှိတာ။ အဲဒီမှာ Experience ယူပြီးမှ နိုင်ငံခြားသွားကြတာ။ သင်တန်းပဲတက်တက်၊ အလုပ်ပဲသွားလုပ်လုပ်ပေါ့။ အခုကတော့ ပြောင်းလဲသွားပြီ။ ပုံစံမျိုးစုံနဲ့ကို သွားနေကြပြီ။ ကျွန်တော်တို့တုန်းက အတန်းထဲမှာအတော်ဆုံးသူ၊ ဝန်ထမ်းဆိုရင်လည်း စာမေးပွဲတွေမြောက်မြားစွာဖြေပြီးမှ အောင်မြင်လာတဲ့သူတွေမှ သွားခွင့်ရခဲ့တာလေ။ အခုတော့ Unskilled Labour အနေနဲ့လည်း သွားလို့ရတယ်။ ပညာသင်ဖို့လည်း သွားလို့ရတယ်။



www.foreverspace.com.mm

ကလေးတွေကအစ ကျောင်းသွားတက်နေကြတာ။ High School ပြီးတာနဲ့ တန်းသွားကြတယ်”ဟု အငြိမ်းစားအရာထမ်းတစ်ဦးက ရှင်းပြသည်။

“စင်ကာပူရဲ့ ရည်ရွယ်ချက်က Regional Education Hub ဖြစ်အောင် ကြိုးစားနေတယ်။ အာရှတိုက်တစ်ခွင်လုံးမှာပေါ့။ ထိုင်းတို့၊ မလေးရှားတို့လည်း ကြိုးစားကြတာပဲ။ စင်ကာပူရဲ့ အားသာချက်က Safe ဖြစ်တယ်။ နောက်တစ်ချက်က နိုင်ငံတကာနဲ့ ပိုထိစပ်မှုရှိတယ်။ နိုင်ငံတကာကုမ္ပဏီတွေ ပိုများပြီး အလုပ်ရတဲ့အခါမှာလည်း လခပိုကောင်းတယ်။ Education ရဲ့ အရည်အသွေးကလည်း မြင့်တယ်။ တက္ကသိုလ်တွေကလည်း ကမ္ဘာ့အသိအမှတ်ပြုတက္ကသိုလ်တွေဖြစ်တယ်။ တစ်ဖက်ကကျတော့လည်း ဈေးပိုကြီးတယ်”ဟု စင်ကာပူနိုင်ငံပညာရေး၏ အားသာချက်နှင့်အားနည်းချက်များကို ဦးသောင်းတင်က ထောက်ပြပြောဆိုသည်။



လက်ရှိလူဦးရေ ၄.၅ သန်းခန့်ရှိသော စင်ကာပူနိုင်ငံ၌ နှစ်အနည်းငယ်အတွင်း လူဦးရေခြောက်သန်းပြည့်မီရန် မျှော်မှန်းထားရာ လိုအပ်နေသည့် လူဦးရေ ၁.၅ သန်းခန့်ကို ပြည်ပနိုင်ငံများမှ အရည်အချင်းရှိသောလူငယ်များဖြင့် ဖြည့်ဆည်းသွားရန် လိုလားကြောင်း၊ ယင်းကြောင့် စင်ကာပူနိုင်ငံ၌ လာရောက်ပညာဆည်းပူးသူများနှင့် ကျွမ်းကျင်သူတစ်ဦးအဖြစ် လုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်သူများကို စင်ကာပူအစိုးရက လိုလိုလားလား လက်ခံလျက်ရှိကြောင်း နိုင်ငံရေးလေ့လာသူတစ်ဦးက သုံးသပ်သည်။

“စင်ကာပူမှာက ပညာရေးက နှစ်မျိုးရှိတယ်။ Higher Education ရှိတယ်။ Singapore University သုံးခုပေါ့။ နောက်ဆိုလေးခုဖြစ်တော့မယ်။ Undergrad (ဘွဲ့ကြို) တွေတက်ဖို့ခက်တယ်။ Scholarship ပေးတာတော့ရှိတယ်။ ဒါပေမဲ့ Government အနေနဲ့ ပေးတာဆိုတော့ အရေအတွက် နည်းတယ်။ သွားချင်တဲ့သူတိုင်း သွားတက်လို့မရဘူး။ နောက်တစ်ခုက Poly။ Poly ကိုတော့ အရင်ကတည်းကပဲ ထောင်နဲ့ချီသွားကြတယ်။ ကောင်းတဲ့အချက်ထဲမှာ ပထမအချက်က Grant ရတဲ့အတွက် ပိုက်ဆံသိပ်ရှာစရာမလိုဘူး။ ဒုတိယအချက်က အလုပ်ရဖို့ သေချာတယ်။ ပြီးရင် PR လည်း ပေးတယ်။ PR ဖြစ်သွားရင် အလုပ်လျှောက်တဲ့အခါမှာ Chance က ပိုများသွားပြီ။ အလုပ်ပြုတ်သွားလည်း စိတ်ပူစရာမလိုဘူး။ ဆက်နေခွင့်ရှိသေးတာကိုး”ဟု စင်ကာပူပညာရေးစနစ်နှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဦးသောင်းတင်က ဆက်စပ်ရှင်းပြသည်။ “နိုင်ငံခြားပညာသင်လို့ပြောပေမယ့် အဓိကအချက်က ဟိုမှာအလုပ်ရဖို့ပဲ”ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။



တစ်ချိန်က စင်ကာပူနိုင်ငံသို့ ဘွဲ့လွန်နှင့် ဘွဲ့ကြိုဒီဂရီသင်တန်းများကို တက်ရောက်ရန် သွားရောက်ကြသော်လည်း ယခုအခါ အောင်လက်မှတ် Certificate Level သင်တန်းများကိုပါ ရွေးချယ်တက်ရောက်လာကြသည်ကို တွေ့ရသည်။ ထို့ပြင် စင်ကာပူ၌ Private (ပုဂ္ဂလိက) ကျောင်းအရေအတွက်ပါ တိုးပွားလာခဲ့သည်။

“စင်ကာပူက အခုအချိန်မှာ Education Hub ဖြစ်ရမယ်လို့ဆိုထားတော့ ပုဂ္ဂလိကကျောင်းတွေ များလာတာပဲ။ သူတို့ဟာ သူတို့ ပြည်ပကကျောင်းတွေနဲ့ ချိတ်ထား

www.foreverspace.com.mm




တယ်။ ဥပမာ–US နဲ့ ချိတ်တယ်။ UK ကျောင်းတွေနဲ့လည်း ချိတ်တယ်။ ဒီနှစ်ကုန်ဆိုရင်ပဲ ဩစတြေးလျ University သုံးခုရှိလာပြီ။ တက္ကသိုလ်တွေဖွင့်မယ်ဆို အစိုးရက မြေနေရာပေးတယ်။ University Campus နဲ့ ရှိနေချင်တယ်။ နောက်ပိုင်းမျှော်လင့်ရမယ့် ကျောင်းတွေက အဲဒီ Private ကျောင်းတွေပဲ" ဟု စင်ကာပူရောက် မြန်မာကျောင်းသားတစ်ဦးက ဆိုသည်။

သို့သော် ကျောင်းပညာသင်ယူမှု ပြီးဆုံး၍ အလုပ်အကိုင်ရှာဖွေရာတွင် စင်ကာပူအစိုးရကျောင်းများနှင့် Poly ကျောင်းဆင်းများက ပုဂ္ဂလိကကျောင်းများထက် အခွင့်အရေးပိုရှိပါကြောင်း၊ ပုဂ္ဂလိကကျောင်းဆင်းပြီးသူတစ်ဦးအနေဖြင့် အလုပ်အကိုင်ရရှိရန် အောင်လက်မှတ်တစ်ခုတည်းနှင့် မလုံလောက်တော့ဘဲ အရည်အချင်းပေါ်တွင်မူတည်နေကြောင်း ပညာရေးအေဂျင်စီများနှင့် ကျောင်းသားအများစုက ဆိုကြသည်။ "တချို့ကြတော့လည်း စင်ကာပူမှာရှိတဲ့ ပုဂ္ဂလိကကျောင်းတွေကိုသွားတက်တာ။ အဲဒီကျောင်းနဲ့ချိတ်ထားတဲ့ ဩစတြေးလျတို့၊ US တို့က တက္ကသိုလ်တွေကို ဆက်တက်ဖို့ Step တစ်ခုအနေနဲ့ တက်ကြတာရှိတယ်။ ဒီက တိုက်ရိုက်သွားတက်တာထက် အဲဒီကျောင်းတွေကတစ်ဆင့်သွားတက်တော့ပိုလွယ်တယ်။ US တို့လိုမျိုးကျောင်းတွေက ဒီက တိုက်ရိုက်တန်းလျှောက်ဖို့ နည်းနည်းခက်တယ်။ ကျွန်တော်တို့ ပညာရေးစနစ်နဲ့မတူဘူး" ဟု ဦးသောင်းတင်က ဖြည့်စွက်ရှင်းပြသည်။

"အခုနောက်ပိုင်းစင်ကာပူမှာ ACCA တို့လို Account ဘာသာရပ်တွေကို ရွေးချယ်တက်ကြတဲ့ မြန်မာလူငယ်တွေများလာတယ်။ ဘာလို့တက်ကြလဲဆို ပွင့်ပွင့်လင်းလင်းပြောရရင် ဒီက အလုပ်သွားလုပ်တဲ့သူတွေ အလုပ်မရသေးခင်ကြားမှာ Stay ရဖို့လိုတယ်။ ကျောင်းတစ်ခုခုတက်မှ Stay ရတာဆိုတော့ Account ဘာသာရပ်တွေက ဈေးအပေါဆုံးဖြစ်နေတော့ တက်ကြတာပဲ။ ကျောင်းကြီးတွေတက်တာထက် ၁၀ ချိုးတစ်ချိုးလောက်ပဲ ကုန်တယ်။ အချိန်ကလည်း ခြောက်လလောက်နဲ့ပြီးတယ်။ ဒီကြားထဲမှာ ပညာယူရင်းနဲ့ အေးအေးဆေးဆေးအလုပ်ရှာလို့ရတယ်" ဟု ပညာရေးအေဂျင်စီတစ်ခုမှ အကြီးအကဲတစ်ဦးက ထောက်ပြပြောကြားသည်။

လာမည့် ၂၀၀၉ ခုနှစ်အကုန်နှင့် ၂၀၁၀ ခုနှစ်၌ စင်ကာပူနိုင်ငံတွင် ကာစီနိုရုံကစားရုံ၊ ရုပ်ရှင်ရုံစသည်တို့ပါဝင်မည့် Entertainment Resort တစ်ခုကို အကောင်အထည်ဖော်တော့မည်ဖြစ်ရာ လိုအပ်သော ကျွမ်းကျင်လုပ်သားများကို ဒေသတွင်းနိုင်ငံများမှ ဖြည့်ဆည်းနိုင်ရန် ကြိုးပမ်းလာသည်ကို တွေ့ရသည်။ ယင်း Resort တွင် ဝင်ရောက်အလုပ်လုပ်ကိုင်မည့်သူများအတွက် Hotel and Tourism သင်တန်းများသာမက Casino ဘွဲ့ဒီဂရီအဆင့်သင်တန်းများကိုပါ ကျောင်းများတွင် လက်ခံဖွင့်လှစ်လာကြသည်။

"အဲဒီအတွက် လူများများကို မြန်မြန်လိုချင်နေကြတယ်။ သီအိုရီသင်တာထက် Practical (လက်တွေ့) လုပ်ရတဲ့ On the Job Training သင်တန်းမျိုးတွေ၊ အချိန်ပိုင်းသင်တန်းတွေ ခေတ်စားလာကြတယ်။ ကောင်းတာ မကောင်းတာထက် လောလောဆယ် အသက်မွေးဝမ်းကျောင်းပညာတစ်ခုတတ်ပြီး အလုပ်အကိုင်အခွင့်



www.foreverspace.com.mm

အသိမ်းရကုန်တာပေါ့။ ဒီကသွားရင် ဟိုမှာ သင်တန်းတက်ရင် ဝင်ငွေလည်းရမယ်။ ပြီးရင် အလုပ်အကိုင်လည်း ရနိုင်တယ်။ အဲဒီမှာ မြန်မာလူငယ်တွေဝင်တိုးနေကြပြီ" ဟု အထက်ပါအကြီးအကဲက ၎င်း၏အမြင်ကို ရှင်းပြသည်။

"IT နယ်ပယ်နဲ့ ပတ်သက်လို့တော့ စင်ကာပူက Service Industry ဖြစ်တဲ့အတွက် Software Technician တွေ အများကြီး လိုတယ်။ နေရာတိုင်းမှာ ကွန်ပျူတာသုံးကြတယ်။ အစိုးရကလည်း SME တွေကို IT သုံးဖို့ ထောက်ပံ့ပေးတယ်။ ကျွန်တော်တို့ဆီက Software Technician တွေ၊ Programmer တွေ တော်တော်များများ ဟိုမှာအလုပ်ရကြတယ်။ ကျွန်တော်တို့ဆီကလည်း လစဉ်ထွက်နေကြတာ တွေ့ရတယ်။ ဟိုမှာ Programmer ကောင်းကောင်းတစ်ယောက်ဆို စင်ကာပူဒေါ်လာ သုံးထောင်လောက်ရတတ်တယ်။ Skill Pass လစာအပြည့်ရရင် သူ့အတွက် လုံလောက်သွားပြီ။ Software ထုတ်လုပ်မှုနဲ့ Hardware က ဒီလောက်ကြီး လူမလိုဘူး။ Technician အပိုင်းပဲ လိုတယ်" ဟု ကွန်ပျူတာလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

## ဝါသနာပါရန် အရေးကြီး

"စင်ကာပူမှာ အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုခုလုပ်ဖို့ အသက်မွေးဝမ်းကျောင်းဘာသာရပ်တွေကိုတက်မယ်ဆိုရင် ကိုယ်တကယ်ဝါသနာပါတဲ့ ဘာသာရပ်ကိုပဲ ရွေးပြီးတက်စေချင်တယ်။ ဝါသနာမပါဘဲနဲ့ မတက်ပါနဲ့။ အလုပ်မှာ အောင်မြင်မှာမဟုတ်ပါဘူး။ ဝါသနာအခြေခံမှပဲ အောင်မြင်မှာပါ" ဟု Raffles Design Institute မှ မြန်မာနိုင်ငံကိုယ်စားလှယ် ဒေါ်မေမျိုးဟန်က ဆိုသည်။

မြန်မာနိုင်ငံ၌ ဒီဇိုင်းပညာနှင့်ပတ်သက်သော သင်တန်းကျောင်းမှာ မရှိသလောက်နည်းပါးကြောင်း၊ ဒေသတွင်း၌ ဒီဇိုင်းပညာနှင့်ပတ်သက်သောသင်တန်းကျောင်းများမှာ စင်ကာပူနိုင်ငံတွင် အများဆုံးဖွင့်လှစ်ထားကြပြီး ၎င်းတို့အနက် နိုင်ငံတကာတက္ကသိုလ်ကြီးများနှင့် ချိတ်ဆက်ထားသော Raffles Design Institute မှာ နာမည်အကြီးဆုံးဖြစ်ကြောင်း၊ သင်တန်းပြီးဆုံးသွားပါက အလုပ်အကိုင်ရရှိရန်ပါ ချိတ်ဆက်ပေးကြောင်း ၎င်း၏အဆိုအရ သိရသည်။

အဆိုပါ ကျောင်း၌ ဒီဇိုင်းပညာရပ်ဖြင့် ဒီပလိုမာသင်တန်းတက်ရောက်နေသူ မြန်မာကျောင်းသား ၁၀၀ ဦးကျော်ရှိပြီး ဒီပလိုမာရရှိပြီး၍ စင်ကာပူအပါအဝင် ပြည်ပနိုင်ငံများနှင့် မြန်မာနိုင်ငံ၌ ယင်းပညာဖြင့် လုပ်ငန်းလုပ်ကိုင်နေသူ ၂၀ ဦးကျော် ရှိသွားပြီဖြစ်ကြောင်း စုံစမ်းသိရှိရသည်။



www.foreverspace.com.mm



ထို့အပြင် စင်ကာပူနိုင်ငံ၌ စက်တင်ဘာလ ၂၇ ရက်နေ့တွင် လက်ခံကျင်းပသော Formula One ပြိုင်ကားမောင်းပြိုင်ပွဲတွင် နိုင်ငံတကာ ကျောင်းသားကျောင်းသူများ နည်းတူ လုပ်အားပေး ပါဝင်ကူညီရန် Raffels College မှ မြန်မာနိုင်ငံမှ ကျောင်းသားလေးဦး ရွေးချယ်ခြင်းခံရကြောင်း၊ ယင်းကဲ့သို့ ပညာဆည်းပူးနေစဉ်ကာလ အတွင်း နိုင်ငံတကာနှင့်သက်ဆိုင်သည့် လှုပ်ရှားမှုများတွင် စေတနာ့ဝန်ထမ်း ပါဝင်ခွင့်ရခြင်းသည် လုပ်ငန်းခွင်ဝင်သည့်အခါ၌ များစွာအထောက်အကူပြုကြောင်း သူမက သုံးသပ်ပြောကြားသည်။



## ရေပန်းစားလျက်ရှိသည့် Hospitality and Tourism ဘာသာရပ်နှင့် အလုပ်အကိုင်အခွင့်အလမ်း

မြန်မာကျောင်းသားများ စင်ကာပူနိုင်ငံသို့ ပညာသင်သွားရောက်ရန် ယခုနှစ်အတွင်း စိတ်ဝင်တစား ရွေးချယ်တက်ရောက်လာသည့် ဘာသာရပ်တစ်ခုမှ ခရီးသွားလုပ်ငန်းဆိုင်ရာ ဘာသာရပ်များဖြစ်ကြောင်း ပြည်တွင်းအခြေစိုက် ပညာရေးအေဂျင်စီများထံမှ သိရှိရသည်။ ခရီးသွားလုပ်ငန်းဆိုင်ရာ ဘာသာရပ်များကို သုံးမျိုးခွဲခြားနိုင်ပြီး ယင်းတို့မှာ အကြမ်းဖျင်းအားဖြင့် Tourism၊ Hospitality and Tourism Management ၊ Hotel ဆိုင်ရာ ဘာသာရပ်တို့ဖြစ်သည်။ ကျောင်းသားအများစုမှာ Hospitality and Tourism Management ဘာသာရပ်များကို တက်ရောက်မှုများသည်ကို တွေ့ရသည်။

ခရီးသွားလုပ်ငန်းဆိုင်ရာ ဘာသာရပ်များကို Advanced Certificate၊ Diploma နှင့် Bachelor အထိ တက်ရောက်နိုင်ပြီး ကျောင်းသားအများစုမှာ Certificate Course နှင့် Diploma တန်းကို တက်ရောက်ကြသူများသည်။ Advanced Certificate တက်ရောက်လျှင် တစ်နှစ်စာအတွက် စင်ကာပူဒေါ်လာ ၉၀၀၀ ကျော် ကျသင့်မည်ဖြစ်ပြီး Diploma တက်ရောက်လျှင် စင်ကာပူဒေါ်လာ ၉၀၀၀ မှ ၁၀၀၀၀ ကြားကုန်ကျမည် ဖြစ်သည်။ ဘွဲ့အတွက် သုံးနှစ်ပညာသင်စရိတ်မှာ စင်ကာပူဒေါ်လာ အနည်းဆုံး သုံးသောင်းကျော် ကုန်ကျမည် ဖြစ်သည်။ ခရီးသွားလုပ်ငန်းဆိုင်ရာ ဘာသာရပ်များ၏ အားသာချက်မှာ အတန်းတက်ရောက်နေစဉ်မှာပင် အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်နိုင်ခြင်း၊ စာသင်ခြောက်လ၊ လက်တွေ့ခြောက်လဖြစ်ခြင်း၊ လက်တွေ့ခြောက်လတွင် အလုပ်သင်အဖြစ် တစ်လလျှင် စင်ကာပူဒေါ်လာ ၆၀၀ မှ ၈၀၀ ကြား ရရှိနိုင်ခြင်းတို့ဖြစ်ကြောင်း ပညာရေးအေဂျင်စီများထံမှ သိရှိရသည်။

ခရီးသွားလုပ်ငန်းဆိုင်ရာ ဘာသာရပ်များကို မြန်မာကျောင်းသားများ တက်ရောက်မှုများလာခြင်းမှာ အလုပ်အကိုင်အလွယ်တကူရရှိမှုကြောင့် ဖြစ်သည်။ တက်ရောက်သူအများစုမှာ မြန်မာနိုင်ငံတွင် ရိုးရိုးဘွဲ့ရရှိထားပြီး ပညာသင်စရိတ်နည်းပါးခြင်းကြောင့် ယင်းဘာသာရပ်ကို ရွေးချယ်တက်ရောက်ခြင်းလည်း ဖြစ်သည်။ ကျောင်းတက်နေစဉ်အတွင်းမှာပင် အလုပ်သင်အဖြစ် လစာရရှိခြင်းက ကျောင်းသားများကို အဓိကဆွဲဆောင်စရာ မက်လုံးတစ်ခုဖြစ်ကြောင်း ပညာရေးအေဂျင်စီတစ်ခုမှ အကြီးအကဲတစ်ဦးက ပြောကြားသည်။

စင်ကာပူနိုင်ငံတွင် ၂၀၁၀ ခုနှစ်၌ ဖွင့်လှစ်မည့် Resort တွင် အခန်းပေါင်း ၂၀၀၀ ကျော်၊ ပြဇာတ်ရုံနှစ်ရုံ၊ ပြတိုက်နှစ်ခု၊ Ca




www.foreverspace.com.mm



sino ကစားရုံများကို ထည့်သွင်းဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း၊ ယင်းအတွက် အလုပ်သမားဦးရေ ၇၀၀၀၀ ကျော်ကို အလုပ်ခန့်အပ်ရန်ရှိပြီး အချို့ရာထူးများမှာ စင်ကာပူနိုင်ငံသားများဖြစ်ကာ အများစုမှာ အခြားနိုင်ငံသားများဖြစ်ကြောင်း၊ စင်ကာပူနိုင်ငံရှိ ခရီးသွားလုပ်ငန်းများကလည်း လုပ်ငန်းတိုးချဲ့ရန်ရှိသောကြောင့် Hospitality and Tourism ဆိုင်ရာ ဘွဲ့ ဒီပလိုမာ ရရှိပြီးပါက အလုပ်ခက်ခဲမည်မဟုတ်ကြောင်း Singapore Tourism Board မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ခရီးသွားလုပ်ငန်းဆိုင်ရာဘာသာရပ်ကို တက်ရောက်ပြီး လက်မှတ်ရရှိပြီးဖြစ်သော်လည်း အလုပ်အကိုင်ရရှိရန်မှာ မသေချာကြောင်း၊ ကျောင်းသား၏ ကျွမ်းကျင်မှု အရည်အချင်းကသာ အရေးကြီးကြောင်း၊ ကျောင်းသားအများစုမှာ ကျောင်းပြီးလျှင်ပြီးချင်း အလုပ်ရရှိနိုင်မည်ဟု ထင်မှတ်ထားကြောင်း Advacne Technologies & Solutions မှ အကြီးအကဲ ဒေါ်မေဇင်အေးက ပြောကြားသည်။ "ဘွဲ့လက်မှတ်ဆိုတာ အင်တာဗျူးကိုဖွင့်ဖို့ သော့တစ်ချောင်းပဲ။ အဓိက,က ကိုယ့်ရဲ့ကျွမ်းကျင်မှု၊ စိတ်ဝင်စားမှုအပေါ်မှာ ရွေးပြီးမှ ကျောင်းရွေးသင့်တယ်။ သူများ Tourism ဆိုတိုင်း လိုက်တက်တာ မကောင်းဘူး" ဟု ၎င်းက ပြောကြားသည်။

မြန်မာကျောင်းသားအများစုမှာ Tourism ဘာသာရပ်ကို အလုပ်အကိုင်အခွင့်အလမ်းတစ်ခုတည်းဖြင့် တက်ရောက်သည် မဟုတ်ဘဲ ပညာရေးအေဂျင်စီများ၏ တိုက်တွန်းချက်များဖြင့် ရွေးချယ်တက်ရောက်ဖြစ်သည်များလည်း ရှိသည်။ ယခင်က Environmental Engineering ဘာသာရပ်ကို တက်ရောက်ရန် စီစဉ်ထားသော်လည်း ပြည်တွင်းပညာရေးအေဂျင်စီတစ်ခုသို့ သွားရောက်စုံစမ်းရာမှ Tourism ဘာသာရပ်ကို တက်ရောက်ရန် စီစဉ်ဖြစ်ကြောင်း၊ ယင်းအေဂျင်စီမှ ယင်းနေ့တစ်နေ့တည်းတွင်ပင် Tourism ဘာသာရပ်ကို ညွှန်းဆိုသူ ၁၀ ဦးကျော်ရှိကြောင်း၊ အခြားကျောင်းနှင့် ဘာသာရပ်ကို ရှင်းလင်းပြောကြားခြင်းမရှိကြောင်း ၂၀၀၇ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ကျောင်းသူတစ်ဦးက ပြောကြားသည်။






www.foreverspace.com.mm



## စင်ကာပူပညာရေးဆိုင်ရာ လေ့လာသင့်သော Website များ

စင်ကာပူနိုင်ငံတွင် သွားရောက်ပညာသင်ယူလိုသည့် ကျောင်းသားလူငယ်များအတွက် မိမိနှစ်သက်ရာ အသက်မွေးဝမ်းကျောင်း ဘာသာရပ်များ၊ သင်ကြားပို့ချသည့်ကျောင်းများ၊ လျှောက်ထားနိုင်သည့် ပညာသင်ဆုများကို ကိုယ်တိုင်လေ့လာနိုင်ရန် အဆိုပါကျောင်းများနှင့် ပညာရေးအဖွဲ့အစည်းများ၏ အင်တာနက် Website များကို လက်လမ်းမီသလောက် ရွေးချယ်စုစည်းဖော်ပြလိုက်ပါသည်။

| | | |
|---|---|---|
| ၁။ | www.moe.gov.sg | ပညာရေးဝန်ကြီးဌာန |
| ၂။ | www.case.org.sg | Case Trust ရရှိထားသောကျောင်းများ |
| ၃။ | www.singaporeedu.gov.sg | စင်ကာပူပညာရေးဆိုင်ရာ သတင်းအချက်အလက်များ |
| ၄။ | www.nus.edu.sg | National University of Singapore (NUS) |
| ၅။ | www.ntu.edu.sg | Nanyan Technological University(NTU) |
| ၆။ | www.smu.edu.sg | Singapore Management University (SMU) |
| ၇။ | www.bca.gov.sg/citi | Construction Industry Training Institute |
| ၈။ | www.nyp.edu.sg | Nanyang Polytechnic (NYP) |
| ၉။ | www.np.edu.sg | Ngee Ann Polytechnic (NP) |
| ၁၀။ | www.rp.edu.sg | Republic Polytechnic (RP) |
| ၁၁။ | www.sp.edu.sg | Singapore Polytechnic (SP) |
| ၁၂။ | www.tp.edu.sg | Temasek Polytechnic (TP) |
| ၁၃။ | www.enterpriseone.org.sg/sac | Singapore Quality Class |
| ၁၄။ | www.studying-singapore.com | စင်ကာပူပညာရေးဆိုင်ရာ သတင်းအချက်အလက်များကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည်။ |
| ၁၅။ | www.visitsingapore.com.sg | စင်ကာပူနိုင်ငံတွင် လေ့လာနိုင်စရာအကြောင်းအရာများ ဖော်ပြထားသည်။ |
| ၁၆။ | www.asa.or.sg | Overseas Student Association |
| ၁၇။ | www.nexusaffinity.com.sg | International Student Privalege Card |
| ၁၈။ | www.stb.com.sg | Singapore Tourism Board |
| ၁၉။ | www.ica.gov.sg | Immigration & Checkpoints Authority |
| ၂၀။ | www.mesingapore.org.sg | စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံး |
| ၂၁။ | www.nlb.gov.sg | ပြည်သူ့စာကြည့်တိုက်များ |
| ၂၂။ | www.moh.gov.sg | ကျန်းမာရေးဝန်ကြီးဌာန |
| ၂၃။ | www.mom.gov.sg | Ministry of ManPower |

စင်ကာပူတွင် Tourism ဘာသာရပ်ကို တက်ရောက်ခဲ့သူ တစ်ဦးကလည်း "စိတ်ဝင်စားလို့ သွားတက်ခဲ့တယ်။ ကျောင်းက လည်း ကောင်းပါတယ်။ ကိုယ်ပိုင်စီးပွားရေးပဲလုပ်ဖို့ အလုပ်မလုပ် ဘဲ ပြန်လာတယ်။ သွားတက်မယ်ဆို ကျောင်းအကြောင်းကို သေချာ စုံစမ်းပြီးမှ သွားသင့်တယ်။ အလုပ်သင်ဆင်းရတယ်ဆိုပေမယ့် ကိုယ် ဆင်းရတဲ့ဟိုတယ်၊ စားသောက်ဆိုင်က ဘယ်လိုလဲဆိုတာ သိထား ရမယ်" ဟု ၎င်းက ပြောကြားသည်။

အလုပ်အကိုင်အခွင့်အလမ်းရှိသောကြောင့် မြန်မာကျောင်း သားများ တက်ရောက်သော်လည်း မိမိ၏အရည်အချင်းနှင့် အင်္ဂလိပ် စာကောင်းမွန်မှသာ စင်ကာပူနိုင်ငံတွင် အလုပ်အကိုင်ရရှိမည် ဖြစ်ကြောင်း ပညာရေးလေ့လာဆန်းစစ်သူများက သုံးသပ်ပြော ကြားသည်။

### ဆောင်ရန်၊ ရှောင်ရန်၊ စိန်ခေါ်ချက်များ

ပြင်ပ ပညာသင်သွားရောက်မည့်သူများအတွက် မိမိသင်ယူ လိုသည့် ဘာသာ၊ တက်ရောက်လိုသည့် ကျောင်းအကြောင်းကို ဦးစွာစုံစမ်းစဉ်းစားရမည်ဖြစ်ကြောင်း၊ မြန်မာကျောင်းသားအများ စုမှာ ပညာရေးအေဂျင်စီများထံသို့သွား၍ မည်သည့်ကျောင်း ကောင်းလဲဟု မေးမြန်းသည်ကများကြောင်း၊ ကျောင်းသားကိုယ် တိုင် ကျောင်းနှင့်ဘာသာရပ်ကို ဦးစွာစဉ်းစားပြီးမှသာ ပညာရေး အေဂျင်စီများထံသို့ စုံစမ်းမေးမြန်းသင့်ကြောင်း ပြည်တွင်းပညာ ရေးအေဂျင်စီတစ်ခုဖြစ်သည့် Smart Resources Co., Ltd. ၏

www.foreverspace.com.mm

## အေဂျင်စီသို့ မေးရန်မေးခွန်းများ

* ဝန်ဆောင်ခ မည်မျှပေးရမည်လဲ။
* အကယ်၍ ပေးရပါက ၎င်းဝန်ဆောင်မှုတွင် မည်သည့်အချက်များ အကျုံးဝင်ပါသလဲ။
* ဝန်ဆောင်ခ မယူဘဲ ဆောင်ရွက်ပေးပါက အခြား စာရွက်စာတမ်းကြေးများ ပေးရန် လိုအပ်ပါသလား။
* Student Pass Approval ရရှိပြီးပါက ဗီဇာကို တာဝန်ယူ လျှောက်ထားပေးပါမည်လား။
  (မှတ်ချက် ။ ။ အချို့စင်ကာပူကျောင်းများသည် Student Pass Approval ရရှိပြီးပါက တစ်ကြိမ်ပြည်ဝင်ခွင့်ဗီဇာကို တာဝန်ယူ လျှောက်ထားပေးပြီး မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ Agent/Representative သို့ ပို့ဆောင်ပေးပါသည်။ ကျောင်းသားကိုယ်တိုင် လျှောက်ထားရန် မလိုအပ်ပါ။)
* မိမိ အင်္ဂလိပ်စာ၏ ကျွမ်းကျင်မှုလက်မှတ် IELTS/TOEFL အမှတ်များ မပါဘဲ ကျောင်းလျှောက်ထားနိုင်ပါသလား။
* အကယ်၍ သက်ဆိုင်ရာ ကျောင်း၏ ဝင်ခွင့် Placement Test ကို မြန်မာနိုင်ငံတွင် ဖြေဆိုရမည်ဆိုပါက အခကြေးငွေပေးရန် လိုအပ်ပါသလား။
* အကယ်၍ မိမိ စင်ကာပူနိုင်ငံတွင် အလုပ်လျှောက်ထားခဲ့ဖူးခြင်း၊ ကျောင်းလျှောက်ထားခဲ့ဖူးခြင်းရှိပါက Student Pass Approval ဘယ်လောက်အခွင့်အရေး ရှိပါသလဲ။

## တက်ရောက်မည့် ကျောင်းသို့ ကြိုတင်စုံစမ်းရန် အချက်များ

* မိမိလျှောက်ထားမည့် ကျောင်းသည် Singapore Quality Class ကျောင်းဖြစ်ရဲ့လား။
* မိမိလျှောက်ထားမည့်ကျောင်းသည် Case Trust for Education ကျောင်းဖြစ်ရဲ့လား။
* အရည်အချင်းပြည့်မီသော ဆရာ ဆရာမများ ခန့်ထားခြင်း ရှိရဲ့လား။
* မိမိလျှောက်ထားမည့် ကျောင်းနှင့်ပတ်သက်၍ ဝင်ခွင့်လိုအပ်ချက်တွေက ဘာလဲ။
* မိမိမှာလျှောက်ထားနိုင်သည့် အရည်အချင်းရှိရဲ့လား။
* ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လိုအပ်ပါသလား။
* Industrial Attachment မိမိသင်ကြားမည့်ဘာသာရပ်ကို ဘယ်တော့စတင်ပြီး ဘယ်တော့ပြီးဆုံးမှာလဲ။ သင်ယူမည့် နှစ်ကာလအတွင်း Terms Break ရှိပါသလား။
* အကယ်၍ မိမိအနေဖြင့် လက်ရှိသင်ကြားနေသောဘာသာရပ်ကို စိတ်ဝင်စားမှုမရှိပါက အခြားဘာသာရပ်တစ်ခုကို ပြောင်းလဲသင်ကြားခွင့် ရှိပါသလား။
* Tuition Fees အပြင် အခြား Fees များ ရှိပါသလား။ ရှိပါက နောက်ထပ် မည်မျှကုန်ကျမည်လဲ။
* Security Deposit ပေးရန် လိုအပ်ပါသလား။ အကယ်၍ ပေးရမည်ဆိုပါက မည်သူ့ကို ပေးရမည်လဲ။ မည်မျှပေးရမည်လဲ။
* ဘယ်တော့ Security Deposit ကို ပြန်လည်ထုတ်ယူနိုင်ပါမည်လဲ။
* ကျောင်းရဲ့ Refund Policy ကို ပြောပြပေးပါ။
  (Refund Policy ဆိုသည်မှာ အကယ်၍ ကျောင်းဝင်ခွင့်လျှောက်ထားသူအနေဖြင့် Application Fee ပေးသွင်းပြီး ကျောင်းဝင်ခွင့်မရရှိသည့်အခါ (သို့မဟုတ်) Tutior Fee အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမှ ဆက်လက်သင်ကြားနိုင်စွမ်းမရှိသောအခါ စသည့် အကြောင်းများ ဖြစ်ပေါ်လာပါက ကျောင်းမှ မည်မျှ ငွေပြန်အမ်းရမည်။ မည်သည့်အချိန်တွင် ငွေပြန်အမ်းရမည် စသည်တို့ကို ဖော်ပြထားသောအချက် ဖြစ်ပါသည်။)

Source : www.studying.singapore.com

အကြီးအကဲ ဦးအောင်ကျော်ဆန်းက ပြောကြားသည်။

ပညာသင်သွားရောက်မည့် ကျောင်းသားသည် အင်္ဂလိပ်စာကို အဓိကပြင်ဆင်သင့်ကြောင်း၊ အဓိကမှာ အပြောနှင့် နားထောင်စွမ်းရည်အပိုင်းတွင် မြန်မာကျောင်းသားများအားနည်းတတ်ကြောင်း၊ အင်္ဂလိပ်စာ IELTS ရမှတ် 6.0၊ 6.5 ရရှိထားသော်လည်း ကျောင်းသွားတက်ပါက အင်္ဂလိပ်စကားပြောတွင် အလေ့အကျင့်မရှိ၍ အားနည်းကြောင်း၊ နားထောင်စွမ်းရည်မှာ နိုင်ငံစုံမှ လာရောက်သည့် ဆရာ ဆရာမ၊ ကျောင်းသားများနှင့် စင်ကာပူတွင် Singalish ဟု တင်စားပြောဆိုသည့် ဒေသသုံးအင်္ဂလိပ်စာကြောင့် အခက်အခဲရှိနိုင်ကြောင်း၊ ယင်းကြောင့် ငွေကြေးတတ်

www.foreverspace.com.mm

နိုင်ငံပါက စင်ကာပူနိုင်ငံရှိ မိမိတက်ရောက်မည့်ကျောင်းတွင် အင်္ဂလိပ်စာအခြေခံတန်းများကို သုံးလတက်ရောက်သင့်ကြောင်း၊ သင်တန်းကြေးမှာ စင်ကာပူဒေါ်လာ ၂၀၀၀ မှ ၃၀၀၀ ကုန်ကျနိုင်ကြောင်း၊ ယင်းသို့ တက်ရောက်ပါက ၎င်းတို့၏ စကားပြောများကို လေ့လာနိုင်ပြီး စာသင်ရာတွင် အခက်အခဲမတွေ့နိုင်ကြောင်း Advance Technolgies & Solution မှ အကြီးအကဲ ဒေါ်မေဇင်အေးက အကြံပြုပြောဆိုသည်။ စင်ကာပူတွင် ကျောင်းတက်ရောက်လိုပါက အင်္ဂလိပ်စာအပြင် တရုတ်ဘာသာကို သင်ယူထားသင့်ကြောင်း၊ ဒေသခံများမှာ တရုတ်ဘာသာသုံးစွဲသူများပြားခြင်းကြောင့်ဖြစ်ကြောင်း၊ Nanyang Tachenological University မှ အင်ဂျင်နီယာဆိုင်ရာ မဟာဘွဲ့ရရှိခဲ့သူ မြန်မာကျောင်းသားတစ်ဦးက ပြောကြားသည်။



ကျောင်းသားများအနေဖြင့် ကျောင်းတက်ရောက်စအချိန်များတွင် ယင်းနိုင်ငံနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသေးခြင်း၊ မိဘအိမ်ဖြင့် ခွဲခွာမနေဖူးခြင်း၊ အခန်းဖော်ဖြင့်မနေတတ်ခြင်း၊ နိုင်ငံတကာစာသင်ကြားမှုပုံစံ မသိရှိခြင်းတို့ကြောင့် အခက်အခဲဖြစ်နိုင်ကြောင်းကို "ဟိုမှာက ကျူရှင်မရှိဘူး။ စာမသိရင် မရှင်းရင် ဆရာတွေကို သွားမေးရမှန်းမသိဘူး။ ဆရာတွေကို E-mail ပို့ပြီး စာမေးလို့ရတယ်။ စာကြည့်တိုက်အသုံးပြုချိန်ဆိုတာ ရှိတယ်။ အဲဒီအချိန်မှာ စာကြည့်တိုက်မသွားဘဲ လျှောက်သွားနေရင် အမှတ်လျှော့မယ်ဆိုတာ မသိဘူး။ နောက်ကိုယ့် Assignment ကို သူများကိုပြရင် အဖြေတွေက သုံးလေးယောက်တူနေရင် စာမေးပွဲကျနိုင်တယ်" ဟု အမေရိကန်ပြည်ထောင်စုတွင် နှစ်အတန်ကြာ ပညာသင်သွားရောက်ခဲ့သူတစ်ဦးက ပြောကြားသည်။

မြန်မာကျောင်းသားများအနေဖြင့် နိုင်ငံတကာစာသင်ကြားမှုပုံစံဖြင့် မရင်းနှီးသောကြောင့် အဖွဲ့လိုက် Project များ ပြုလုပ်ရသောအခါ ပါဝင်ဆွေးနွေးမှုအားနည်းကြောင်း၊ မိမိတွင် အရည်အချင်းရှိသော်လည်း ဆွေးနွေးတွေးခေါ်ပြောကြားမှုတွင် အားနည်းကြောင်း၊ ထို့ကြောင့် မြန်မာကျောင်းသားများ ပါဝင်ဆွေးနွေးမှုတွင် မကြောက်ရွံ့ရန်လိုကြောင်း၊ အခြားနိုင်ငံများမှကျောင်းသားများနှင့်အပြိုင် ပါဝင်ယှဉ်ပြိုင်ဆွေးနွေးရန်လိုအပ်ကြောင်း စင်ကာပူနိုင်ငံ ပညာရေးအတိုင်ပင်ခံတစ်ဦးက ပြောကြားသည်။

မိဘများနှင့် ကျောင်းသားများမှာ တက်ရောက်လိုသည့်ကျောင်းနှင့် ဘာသာရပ်ကို စဉ်းစားပြီး ကျောင်းကို တိုက်ရိုက်ဆက်သွယ်နိုင်ကြောင်း၊ အေးဂျင့်မှတစ်ဆင့်ဆက်သွယ်ပါက ယင်းအေးဂျင့်၏ နောက်ကြောင်းရာဇဝင်ကို စုံစမ်းစစ်ဆေးပြီးမှသာ ဆောင်ရွက်သင့်ကြောင်း Singapore Tourism Board မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"အခု Education Seminor တွေ ကျင်းပလာတာ ကောင်းတယ်။ ဒါပေမဲ့ ပြောတိုင်းမယုံနဲ့။ ကိုယ်တိုင်စဉ်းစားနိုင်မလား။ ကိုယ်နဲ့ကိုက်ချင်မှကိုက်မယ်။ ကိုယ်က ဘာဖြစ်ချင်တာလဲ။ သူများကိုမေးတာ များနေတယ်။ ကျောင်းသားက ကိုယ့်ကိုယ်ကိုယ်မေးရမယ်။ အဲဒီအပိုင်းတွေ နည်းနေတယ်" ဟု ပြည်တွင်းပညာရေးအတိုင်ပင်ခံတစ်ဦးက ဆိုသည်။

'ကျောင်းလခများကို ကျောင်းရောက်ပြီးမှသာ ပေးသွင်းရမည်' စသည့်အခြေခံသိထားရမည့်အချက်များကို ကျောင်းသားမိဘများ



www.foreverspace.com.mm



အနေဖြင့် သိရှိရန်လိုအပ်ကြောင်း၊ ကျောင်းသားနှင့် အေးဂျင့်များကြားတွင် အယုံလွယ်၍ ငွေကြိုတင်ပေးသွင်းမှုများကြောင့် ပြဿနာဖြစ်ရကြောင်း "အခု မိဘတွေကိုယ်တိုင်က မြန်မာ Culture အရ ဆရာကို ယုံပါတယ်ဆိုပြီး ပိုက်ဆံတွေပေး။ ကိုယ့်သားသမီးက အရည်အချင်းမပြည့်မီရင် ကျောင်းဝင်ခွင့်ရမှာမဟုတ်ဘူး။ ဒီတစ်ခုတည်းနဲ့ မယုံနဲ့ Decision က မိဘနဲ့ ကျောင်းသားပဲရှိတယ်" ဟု ၎င်းက ဆိုသည်။

"သမီးသွားစုံစမ်းတဲ့နေ့မှာပဲ Placement Test ဖြေလို့ရတယ်ဆိုလို့ ဝင်ဖြေလိုက်တယ်။ တစ်နာရီပဲ။ ဖြေပြီးသားကို အဲဒီအစ်မက သူပြန်ရေးပြီးတင်ပေးမယ်တဲ့။ NIM ကျောင်းဝင်ကြေး စင်ကာပူ ဒေါ်လာ ၄၂၉ ပေးခဲ့ရတယ်။ ရှစ်သောင်းခွဲက သက်သက်ပေးရသေးတယ်။ နောက်တော့ ဟိုက PR ရပြီးသား ဦးလေးကို စုံစမ်းခိုင်းတော့ ကျောင်းမှာ နာမည်မဝင်ဘူး။ နာမည်မဝင်ဘူးဆိုတော့ ကျောင်းမတက်တော့ဘူးဆိုပြီး ပိုက်ဆံပြန်တောင်းတာ လုံးဝပြန်မရဘူး။ စိတ်ညစ်သွားပြီး စင်ကာပူပညာရေးကို မသွားတော့ဘူး" ဟု ပြည်တွင်းပညာရေး အေဂျင်စီတစ်ခုနှင့် ဆက်သွယ်ခဲ့သူ အသက် ၁၇ နှစ်အရွယ် ကျောင်းသူတစ်ဦးက ၎င်း၏ အတွေ့အကြုံကို ရှင်းပြသည်။

ပညာသင်မသွားရောက်မီ ပြင်ဆင်သင့်သည်များကို မိမိဘက်မှ သေချာစွာပြင်ဆင်ပြီးမှသာ သွားရောက်သင့်ကြောင်း၊ အင်္ဂလိပ်စာအပြင် လူနေမှုစရိုက်၊ ယင်းနိုင်ငံတွင် တွေ့ကြုံရမည့် အခက်အခဲတို့ကို ဖြေရှင်းနိုင်ရန် စိတ်ဓာတ်အင်အားကို ပြင်ဆင်ထားသင့်ကြောင်း ပညာရေးဆန်းစစ်သူများက ဆိုသည်။

## စင်ကာပူမှသည်…

စင်ကာပူသို့ သွားရောက်ပညာသင်ကြားကြသည့် မြန်မာကျောင်းသူ၊ ကျောင်းသားတို့သည် စာသင်ခန်းများထဲတွင်သာ အချိန်မကုန်လွန်စေဘဲ နိုင်ငံငယ်သလောက် စွမ်းရည်မြင့်သည့် နိုင်ငံထံမှ စည်းကမ်း၊ အလုပ်လုပ်ကိုင်ပုံ၊ ကြိုးစားအားထုတ်မှုစသည့် ကျောင်းပြင်ပပညာများကိုလည်း ဆည်းပူးရပေဦးမည်။ နေပျော်သည့်ပတ်ဝန်းကျင် စင်ကာပူတွင်နေထိုင်ရင်း နေထိုင်မှုပုံစံအပြောင်းအလဲ၊ မိဘအထိန်းအကွပ်မှ အလစ်အဟာတွင် အပျော်လွန်ကာ မိမိလိုရာပန်းတိုင်သို့ မချီတက်နိုင်ဘဲ လှေလှော်ရင်း မနစ်အောင်လည်း သတိပြုရပေသည်။ မိဘများသည်လည်း ငွေကြေးပုံပိုးရုံတစ်ခုတည်းဖြင့် မကျေနပ်ဘဲ စင်ကာပူသည် မြန်မာနိုင်ငံနှင့် မည်မျှဆင်ဆင် မြန်မာနိုင်ငံမဟုတ်သည့်အတွက် မိမိသားငယ်သမီးငယ်များ တိုင်းတစ်ပါးတွင် မိမိခြေထောက်ပေါ် ရပ်တည်နိုင်အောင် ပြုစုပျိုးထောင်ပေးရန် တာဝန်ရှိပါသည်။

## တစ်ဆင့်မြှင့်ရန်လိုပါသည်

ပညာသင်ရန်၊ အလုပ်လုပ်ရန်၊ စီးပွားရှာရန်အလို့ငှာ စင်ကာပူသို့ရောက်ရှိနေကြသည့် မြန်မာများကိုကြည့်လျှင် ကျောင်းသား၊



www.foreverspace.com.mm



အင်ဂျင်နီယာ၊ ဆရာဝန်၊ သူနာပြု၊ ဟိုတယ်ဝန်ထမ်းနှင့် အခြား(အနည်းအကျဉ်း)ကိုသာ တွေ့ရပါသည်။



စင်ကာပူတွင် ပညာသင်နေကြသူ မြန်မာလူငယ်အများစုမှာ Engineering နယ်ပယ်ကိုသာ ရွေးချယ်လေ့ရှိကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် ၁၉၅၀ ပြည့်လွန်နှစ်များမှစ၍ ၁၉၈၀ ပြည့်လွန်နှစ်များအထိ ဒေသတွင်းနိုင်ငံများအကြား အတိုင်းအတာတစ်ခုအထိ ဝင်ဆံ့နိုင်ခဲ့သည့် GTI ခေါ် အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ပုံစံအတိုင်း အတုယူထားသည့် Polytechnic ဒီပလိုမာကျောင်းများသို့ တက်ရောက်နေသူအများစုဖြစ်သည်။ ထိုမှတစ်ဆင့် အမှတ်ကောင်းလျှင်ကောင်းသလို အင်္ဂလိပ်စာကောင်းလျှင်ကောင်းသလို စင်ကာပူအမျိုးသားတက္ကသိုလ် (NUS) တွင် ဘွဲ့ ဒီဂရီရရှိရန် ကြိုးစားကြသည်။ အများစုသော Poly ကျောင်းဆင်းများမှာ NUS ဆက်မတက်နိုင်ကြဘဲ အလုပ်ခွင်အသီးသီးတွင်သာ နစ်မြုပ်လျက်ရှိကြသည်။ မြန်မာနိုင်ငံရှိ စင်ကာပူပညာရေးအေးဂျင့်အများစုသည် ကျောင်းသားအရေအတွက်များများရရေးနှင့် ကိုယ်စားလှယ်ခများများရရေး အလို့ငှာ စင်ကာပူနိုင်ငံရှိ ၎င်းတို့နှင့်ချိတ်ဆက်ထားသော ကျောင်းများသို့ တက်ရောက်ကြစေရေးကိုသာ အင်တိုက်အားတိုက် လုပ်ဆောင်လေ့ရှိကြသည်။

ဤသည်မှာ တမင်ရည်ရွယ်ခြင်းမရှိကြသော်ငြား မြန်မာလူငယ်များကို စင်ကာပူနိုင်ငံ၏ စက်ရုံအလုပ်ရုံများ၏ ဖိုမင်အဆင့်မျိုးကိုသာ ဇောင်းပေးပညာသင်ခိုင်းသကဲ့သို့ ဖြစ်နေပါသည်။ တစ်နည်းအားဖြင့် စင်ကာပူရှိ ကျောင်းအများစုတွင် မြန်မာကျောင်းသူ၊ ကျောင်းသားများ လျှောက်ထားနိုင်သည့် ဘာသာရပ်အများစုမှာ စင်ကာပူ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် အားစိုက်ရုန်းကန်ပေးမည့် ကျွမ်းကျင်လုပ်သား Skillful Labour အဆင့်မျိုးသာရှိပါသည်။ ထို့အတွက် စီးပွားရေးပညာ၊ ခေါင်းဆောင်မှုပညာနှင့် စီမံခန့်ခွဲမှုပညာရပ်များသင်ယူကာ မိမိတို့၏အရည်အချင်း နောက်တစ်ဆင့်မြှင့်လိုသော ခံယူချက်အတွေးအမြင်များကိုလည်း တိုက်တွန်းအကြံပြုပေးရန် လိုအပ်နေသည်ဟု Living Color က ယူဆပါသည်။




လောလောဆယ်အခြေအနေအရပ်ရပ်ကြောင့် စင်ကာပူတွင် ပညာသင်၊ စင်ကာပူတွင် အလုပ်လုပ်၊ စင်ကာပူတွင်နေထိုင်နေကြသော်လည်း နောင်တစ်ချိန် လိုအပ်ချက်ရှိလာသောအခါ မိမိတို့ လေ့လာတတ်မြောက်ထားသော ပညာရပ်များဖြင့် နိုင်ငံတည်ဆောက်ရေးကဏ္ဍတွင် ပါဝင်ကူညီနိုင်ကြမည့် တာဝန်သိမြန်မာနိုင်ငံသားများ ဖြစ်လာကြမည်ဟု Living Color က ယုံကြည်ပါသည်။

**အယ်ဒီတာအဖွဲ့.**

www.foreverspace.com.mm

# “မြန်မာကျောင်းသားတွေက အရမ်းစည်းလုံးတယ်”

## Singapore Polytechnic တွင် ဒုတိယနှစ်တက်ရောက်နေသော မြန်မာကျောင်းသူ၊ ကျောင်းသားများနှင့် စကားဝိုင်းဆွေးနွေးပွဲ

အဖွဲ့ဝင်အယ်ဒီတာ

**လောလောဆယ် အရှေ့တောင်အာရှနှင့် အာရှတွင်သာမက ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးမှုအရှိဆုံးနိုင်ငံစာရင်းဝင်နေသော စင်ကာပူနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း မြန်မာလူငယ်အများအပြား ပညာသင်ကြားလျက်ရှိသလို ပညာသင်ကြားရန် ကြိုးစားနေသူလည်း ဒုနှင့်ဒေးရှိနေပါသည်။ အာရှ၏ ပညာရေးဗဟိုချက်မဖြစ်လာစေရန် ကြိုးစားလျက်ရှိသော စင်ကာပူတွင် မြန်မာအပါအဝင်ဒေသတွင်းနိုင်ငံအချို့မှ လူငယ်များလည်း ပညာသင်ကြားလျက်ရှိနေပါသည်။ မြန်မာကျောင်းသားများအနေဖြင့် နိုင်ငံအသီးသီးမှ လာရောက်သော ကျောင်းသားများနှင့် စာသင်ခန်းအတွင်း၌ရော ပြင်ပလူမှုဆက်ဆံရေးနယ်ပယ်တွင်ပါ ယှဉ်ပြိုင်မှုများနှင့် ကြုံတွေ့ကြရသည်။ ကောင်းသောယှဉ်ပြိုင်မှုဖြစ်သော်လည်း မြန်မာလူငယ်များ ကြိုတင်ပြင်ဆင်မှုအားနည်းပါက ဒေသတွင်းနိုင်ငံများနှင့် စင်ကာပူလူငယ်များအကြား နောက်တန်းကနေရမည် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရှိနေစဉ် ပြင်ဆင်သင့်သည်များ၊ တက်ရောက်သင့်သည့် သင်တန်းများ၊ လေ့လာသင့်သည်များ အားနည်းပါက နောက်တန်းကနေရသည့်အပြင် စိတ်ဓာတ်ရေးရာအရပါ သိမ်ငယ်အားငယ်စိတ်ဝင်ကာ အရာရာကို လက်မြှောက်အရှုံးပေးချင်စိတ်ဝင်သွားနိုင်ပါသည်။ ထို့အတူ မိမိတို့၏ သား၊ သမီးကို ပညာတတ်စေချင်ဇောကြီးကာ လုံလောက်သော ချင့်ချိန်တွေးဆမှုမရှိဘဲ စင်ကာပူပညာသင်ပို့ချင်စိတ်ကဲနေသော မိဘများ၊ မိမိသားသမီး စင်ကာပူတွင် ကျောင်းတက်နေသည်ဟု ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွင် မော်ကြွားချင်သူ မိဘများ၊ မစားရဝခမန်းကြွားလုံးများထုတ်၍ ဝန်ဆောင်ခ တစ်နင့်တစ်ပိုးယူကာ မည်ကာမတ္တကျောင်းအမည်ခံကျောင်းများသို့သာ ပို့ပေးနေသော အမည်ခံ ပညာရေးအေဂျင်စီများ၊ သားသမီး၏ ဝါသနာနှင့် ဗီဇကို မျက်ကွယ်ပြု၍ မိမိတို့ဖြစ်စေချင်သည့်အတိုင်း ပုံသွင်းလိုသူမိဘများ၊ စင်ကာပူတွင် ကျောင်းတက်လိုခြင်းသာသိပြီး မိမိဘယ်လမ်းကိုရွေးချယ်ရမည်ကို ဝေခွဲမရသေးသူ ကျောင်းသားလူငယ်များ သတိပြုဆင်ခြင်နိုင်ရန်အလို့ငှာ စင်ကာပူပိုလီတက်ကနစ် (Singapore Polytechnic) တွင် ဒုတိယနှစ် တက်ရောက်နေကြသော မြန်မာကျောင်းသူ၊ ကျောင်းသားများ ဖြစ်ကြသည့် မြသီတာဝင်း၊ ခင်ယုယထွန်း၊ စည်သူအောင်၊ ဇော်ရဲနိုင်၊ ပြည့်စိုးစံ၊ ရဲနိုင်ဇော်တို့နှင့် ထိုကျောင်းမှ ဒီပလိုမာရရှိအောင်မြင်ထားပြီး ယခုလောလောဆယ် စင်ကာပူအိုင်တီ ကုမ္ပဏီတစ်ခုတွင် လက်ထောက်အင်ဂျင်နီယာ အလုပ်တစ်ဖက်ဖြင့် စင်ကာပူအမျိုးသားတက္ကသိုလ် NUS တွင် B.Tech ဒုတိယနှစ် သင်တန်းတက်ရောက်နေသူ မင်းသက်နိုင်တို့နှင့် Singapore Poly ကျောင်းဝင်းအတွင်းရှိ Canteen တွင် စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ထားပါသည်။**

**LC ။ ။ စင်ကာပူမှာ ပညာသင်ဖို့ ဘယ်လိုရောက်လာတာရယ်၊ ဘာကြောင့် Poly ကို တက်ဖို့ ရွေးချယ်လိုက်တယ်ဆိုတာရယ် တစ်ယောက်ချင်းစီ အရင်ဆုံး ပြောပြပေးပါလား။**

**ပြည့်စိုးစံ ။ ။** ဒီကိုရောက်လာတယ်ဆိုတာ ဒီအတိုင်းပါပဲ။ ဆယ်တန်းပြီးတော့ အိမ်က ဆေးကျောင်းတက်ခိုင်းတယ်။ ကျွန်တော်က Medical လည်း သိပ်စိတ်မဝင်စားတာနဲ့ Engineering လိုင်းလိုက်မယ်ဆိုပြီး လုပ်ဖြစ်သွားတာ။ အစ်မတွေကလည်း ဒီမှာရှိနေတော့ လာလို့အဆင်ပြေတယ်လေ။

**LC ။ ။ ကိုယ်တိုင်ကရော Engineering ကို စိတ်ဝင်စားလား။**

**ပြည့်စိုးစံ ။ ။** ကျွန်တော်ကိုယ်တိုင် စိတ်ဝင်စားတယ်။ ကွန်ပျူတာ စိတ်ဝင်စားတော့ Computer Engineering တက်တယ်။

www.foreverspace.com.mm



**LC ။ ။ ဘယ်လိုကြိုးစားပြီး ပြင်ဆင်ခဲ့ရလဲ။**

**ပြည့်စိုးစံ ။ ။** ဘာတွေပြင်ဆင်ခဲ့ရလဲဆိုတော့ ဆယ်တန်းအောင်တော့ ဆယ်တန်းအမှတ်ကတော့ အတိုင်းအတာတစ်ခုထိတော့ အရေးကြီးတာပေါ့။ ပြီးတော့ ကျွန်တော်က စင်ကာပူက Uni (တက္ကသိုလ်) တွေ Try (ကြိုးစား) ကြည့်တယ်။ ကျွန်တော် Reject (အပယ်ခံ) ထိတယ်။ Reject ထိတော့ Poly ကို ပြန် Join တယ်။ ကျွန်တော့်အတွက် Poly က သိပ်အခက်အခဲမရှိပါဘူး။ သင်တန်းက ဘာတွေသင်လိုက်လဲဆိုတော့ သိပ်တော့ အခက်အခဲကြီး မဟုတ်ပါဘူး။ ဆယ်တန်းစာ နိုင်နိုင်နင်းနင်းရှိခဲ့တယ်ဆိုရင် အင်္ဂလိပ်စာလည်း သိပ်မခက်ပါဘူး။ ကျွန်တော်တို့ First Year အထိ ဆယ်တန်းစာတွေတော်တော်ပါတယ်။ အခု ကျွန်တော်တို့ နည်းနည်းစိမ်းတာဆိုလို့ Software ပိုင်း နည်းနည်းစိမ်းတယ်။ Programming ပိုင်းလောက်ပဲစိမ်းမယ်။ နောက် Physics ၊ Chemistry ၊ သင်္ချာတွေက ရင်းနှီးပြီးသား။

**မြသီတာဝင်း ။ ။** မြကတော့ ဆယ်တန်းအောင်လောက်ကတည်းက Uni (တက္ကသိုလ်) ပဲ တက်ရင်ကောင်းမလား။ Poly ပဲတက်ရင်ကောင်းမလားစဉ်းစားတော့ ရှေ့ကလူတွေကြည့်တာတော့ Uni ကကျတော့ SAT လုပ်ရမှာ ဘာညာနဲ့ တစ်နှစ်ကျော်၊ ၂ နှစ်ကြာဦးမယ်။ အဲဒါနဲ့ မထူးပါဘူးလေ Poly ပဲသွားပါတော့မယ်ဆိုပြီး ကိုယ်နဲ့တန်ရာတန်ရာ ရွေးမယ်ဆိုတော့ Poly ပဲတက်လိုက်တာ။ RV Agent ဆိုတာ လသာမှာရှိတယ်။ အဲဒီမှာ တက်လိုက်ပြီးတော့ အဲဒီမှာ Poly ဖြေလိုက်တယ်။ Poly ဖြေတော့ နည်းနည်းရွေးတယ်။ Poly က ငါးကျောင်းရှိတာကိုး။ ဘယ်ကျောင်းက အကောင်းဆုံးလဲပေါ့နော်။ လူတိုင်းက အကောင်းဆုံးကျောင်းပဲ တက်ချင်ကြတယ်။ ကြည့်လိုက်တဲ့အခါမှာ SP (Singapore Poloytechnic) က အကောင်းဆုံးလို့ ပြောကြတယ်။ အဲဒါနဲ့ SP ကို ရောက်သွားတယ်။

**LC ။ ။ ကိုယ်နဲ့တန်ရာတန်ရာကို ရွေးတယ်ဆိုတာ ဘာကိုပြောတာလဲ။**

**မြသီတာဝင်း ။ ။** University တက်မယ်ဆိုရင် သွားလို့မရတာမဟုတ်ဘူး။ သွားလို့ရတယ်။ အချိန်အရမ်းကြာတယ်။ ကိုယ် University ရောက်သွားတဲ့အချိန်မှာ တကယ်လို့ ဆေးကျောင်းတက်နေတဲ့သူတွေက 3rd MB ရောက်နေပြီ။ ကိုယ်က University တက်ဖို့ ကြိုးစားနေတုန်းပဲ။ အသည်းအသန်ရုန်းနေတုန်းရှိသေးတယ်။ အချိန်တွေ Waste ဖြစ်တယ်။ ရမယ်လည်း မသေချာဘူး။ Poly ကျတော့ များသောအားဖြင့် သေချာတယ်ပေါ့။ သုံးနှစ်လောက်ကြိုးစားလိုက်တယ်။ သုံးနှစ်နေလို့မှ ရမယ်လို့ကော သေချာလား။ ရမယ်လည်း မသေချာဘူး။ Poly ကကျတော့ သေချာတယ်ပေါ့နော်။ များသောအားဖြင့် ဖြစ်နိုင်တဲ့နည်းလမ်းဆိုတော့ သွားကြတာများတယ်။ University က အထူးသဖြင့် International

www.foreverspace.com.mm





**မြသီတာဝင်း**

School တွေ ဝင်ခွင့်ရဖို့ တစ်အားခက်တယ်။ ပြီးတော့ သူတို့က တစ်အားရွေးတာ။ အမှတ်တွေဆို SAT ဆို ဖြတ်ချတယ်။ University က မလွယ်ဘူး။

**LC ။ ။ အခု ဒီမှာရွေးထားတဲ့ Major က။**

**မြသီတာဝင်း ။ ။** သမီးက Mechatronics ရွေးထားတာ။ Mechatronics ဆိုတာ Mechnical နဲ့ Electronic နဲ့ ပေါင်းထားတာ။

**LC ။ ။ ဒီ Mechatronics ကို တကယ်စိတ်ဝင်စားပြီး ရွေးထားတာလား။**

**မြသီတာဝင်း ။ ။** Mechatronics ကို ရွေးတုန်းက ဘာမှန်းကို မသိဘူး၊ ရွေးလိုက်တာ။ ဘာမှန်းမသိလို့ကို ရွေးလိုက်တာ။ Mechnical ဆိုရင် လူတွေက စက်အကြီးကြီးတွေမြင်တယ်။ Electronic က စက်သေးသေးလေးတွေ၊ ဘာပြင်ရမှန်းကို မသိဘူး။ သြော် ပျော်စရာကြီးပေါ့ဆိုပြီး ရွေးလိုက်တာ။ အခု ဒီရောက်တော့ သမီးစိတ်ဝင်စားတာတွေနဲ့ မကိုက်ဘူး။ ငါရွေးတာ မှားနေသလားပေါ့။ သူများတွေက Business ရနိုင်ရဲ့သားနဲ့ ဘာလို့ရွေးတာလဲ။ များသောအားဖြင့် မိန်းကလေးတွေက Engineering မှာ အရမ်းနည်းတယ်။ သမီးဘက်မှာ သမီးတစ်ယောက်တည်း မိန်းကလေးရှိတာ။ Business ကို ဘာလို့မရွေးတာလဲပေါ့။ ငါ ရွေးတာပဲ မှားသွားပြီလားပေါ့။ ဒါပေမဲ့ သမီးတို့ဆီမှာ ဂျန်ဆိုတာ ရှိတယ်။ ဂျန်ဆိုတာ ကိုယ်နဲ့မဆိုင်တဲ့အပြင် Module တစ်ခုကို သက်သက်ယူရတာ။ အဲဒီ Module ကိုယူလိုက်တော့ သမီးက Business ကို လုံးဝစိတ်မဝင်စားဘူး။ အတန်းထဲမှာ ငိုက်သလားမမေးနဲ့။ အဲတော့မှပဲ ငါမှန်သွားပါလားပေါ့။ သမီးအတန်းထဲမှာ အိပ်ငိုက်လေ့မရှိဘူး။ Business တန်းတက်တော့မှ တော်တော် စိတ်မဝင်စားဘူးဆိုတာ သိလာတယ်။ ကိုယ့်ဆုံးဖြတ်ချက်လေးမှန်သွားလို့ တော်သေးတယ်။

**ပြည့်စိုးစံ ။ ။** ကျွန်တော်ကတော့ ဆယ်တန်းမပြီးခင်ကတည်းက ဒီဘက်ကို ထွက်လာဖို့ စီစဉ်ထားတယ်။ ဒါပေမဲ့ ဘာတက်မယ်၊ မတက်ဘူးဆိုတာမှာ မူတည်တာပါ။ ဆယ်တန်းပြီးတော့ Uni (တက္ကသိုလ်) နဲ့ Poly ကို Try ကြည့်တယ်။ Poly က ကျွန်တော် ကျောင်းသုံးကျောင်း လျှောက်တယ်။ NP (Nanyang Poly) ရယ်၊ SP (Singapore Poly) ရယ်၊ TP( Temarseck Poly) ရယ် သုံးကျောင်း လျှောက်တယ်။ Call List က NP က ကျွန်တော် လျှောက်တဲ့ အချိန်မှာ ခေါ်တာပြီးသွားပြီ။ SP တစ်ကျောင်းပဲ ပါ တဲ့အတွက် ဒီကို ပါလာတာပေါ့။ NTU ကို ဖြေခွင့်ရတယ်။ ဒါ ပေမဲ့ NTU (Nanyang Technological University) က ဒီတစ်ခေါက်ခေါ်တော့ မြန်မာတွေ လုံးဝမပါဘူး။ ပြီးတော့ ကျွန်တော် ကိုယ်တိုင်လည်း ကောင်းကောင်းမဖြေနိုင်ဘူး။ စာက တော်တော် ခက်တယ်။ အဲဒီတော့ ထွက်ဖို့အစီအစဉ်လည်းရှိတယ်။ အမှတ်က ဆေးကျောင်းတက်ဖို့မှီတယ်။ ကျွန်တော်က ဆေးကျောင်းတက်ဖို့ အစီအစဉ်မရှိတဲ့အတွက် အဖေက အဲဒါဆိုရင် ဆေးကျောင်း လျှောက်မယ့်အစား တစ်ခါတည်း ဒီဘက်မှာ တောက်လျှောက်လုပ်ပါလားဆိုတော့ SAT တို့ IELTS လုပ်ပြီး SAT ဖြေပြီး ပါလာတာ။

**LC ။ ။ ဝါသနာပါတာကိုရွေးတာလား။ အရင်ကရော Poly နဲ့ပတ်သက်ပြီး ကြားဖူးထားတာ၊ သိထားတာရှိလား။**

**ပြည့်စိုးစံ ။ ။** အဲလိုမျိုးတော့မရှိဘူး။ အစကတော့ ကျွန်တော် ထင်တယ်ပေါ့နော်။ Poly ကို မချိန်ခဲ့ဘူး။ NTU တို့ NUS တို့ ချိန်ခဲ့တယ်။ NUS က SAT အရမ်းမြင့်တယ်။ သူ့အမှတ်တောင်းတာတွေ အရမ်းမြင့်တယ်။ ဝင်ခွင့်ကလည်း တော်တော်ကျပ်တယ်။ သွားဖြေတဲ့အခါကျတော့ တော်တော်ခက်တယ်။ Poly ကို ကျွန်တော်က Back Up အနေနဲ့ဖြေထားတာ။ SP နဲ့ NP ရယ်။ ကျွန်တော် SP ပါလာတာ။

**LC ။ ။ ကိုဇော်ရဲနိုင်ရဲ့ မေဂျာက ဘာလဲ။**

**ဇော်ရဲနိုင် ။ ။** Mechatronics မေဂျာပါ။ ကျွန်တော် စလျှောက်တုန်းက Aerospace လျှောက်တာပါ။ Aerospace မပါလို့ Mechatronics ပါလာတာ။ ဒါပေမဲ့ Mechatronics ကို စိတ်ဝင်စားပါတယ်။ စိတ်ဝင်စားတယ်ဆိုတာ ကျွန်တော်က Physics ကို စိတ်ဝင်စားတယ်။ ပြီးတော့ ညပိုင်းမှာ ကျွန်တော် Business ယူတယ်။ Business ကို Diploma နောက်တစ်ခုအနေနဲ့ယူတယ်။ Business Diploma မှာ သင်ရတဲ့ Course တွေ တက်ရတယ်။

**မြသီတာဝင်း ။ ။** သမီးကတော့ Poly ပဲတက်ဖို့ စဉ်းစားထားတယ်။ အစကတော့ စိတ်ကူးမရှိဘူးပေါ့။ ဆေးကျောင်းတက်ရ

www.foreverspace.com.mm



မယ်ဆိုတော့ အစပိုင်းတော့ ဆေးကျောင်းဝါသနာပါတယ်။ သင်လိုက်တော့ Chemistry ကို သမီးက အရမ်းမုန်းတယ်။ မရဘူးပေါ့နော်။ အဲဒါနဲ့ Poly က ဒီလိုပဲ ဝင်ဖြေလိုက်တာ။ ဖြေပြီးတော့လည်း မေမေက သိပ်မသွားစေချင်သေးဘူး။ ဒီမှာလည်း ဆေးကျောင်းက လုံးဝမတက်ချင်တော့ဘူး။ အဲဒါနဲ့ Poly ရောက်လာရော။ Poly ရောက်တော့ Engineering က သမီးက အရင်ကတည်းက ဝါသနာပါတယ်။ ဆရာဝန်က ဖြစ်ချင်တယ်။ ဒါပေမဲ့ Engineering Electronic က ဝါသနာပါတော့ ယူလိုက်တာ။ အဲဒါနဲ့ တက်ဖြစ်သွားတာ။ တခြားကျောင်းက သမီးလည်း RV မတက်ဘူး။ RV မတက်တော့ တခြားလည်း မဖြေဖြစ်ဘူး။ တခြားကျောင်းတွေလည်း မ Join ဖြစ်ဘူး။ ကျူရှင်တစ်ခုပဲ ဆရာဦးဝင်းခိုင်တို့ဆီမှာ တက်တယ်။ အစ်မတွေကလည်း Poly ပဲ တက်စေချင်တယ်။

**LC ။ ။ အစ်မတွေက Poly တက်စေချင်တယ်ဆိုတော့ ကိုယ့်ညီအစ်ကိုမောင်နှမတွေထဲက Poly ပြီးသွားတဲ့သူရှိလား။**

**မြသီတာဝင်း ။ ။** ရှိတယ်။ သူတို့တုန်းက Poly က အဲလို ခေတ်စားတာမဟုတ်ဘူး။ သူတို့တွေက Engineering မှ Engineering ပဲ။ သူတို့တုန်းက လွန်ခဲ့တဲ့ ၇ နှစ်လောက်ပေါ့။ သူတို့က Poly တက်ပါတဲ့။ ဝါသနာမပါတဲ့အလုပ်ကို အစကတည်းက မလုပ်တာကောင်းတယ်တဲ့။ ဒါနဲ့ သမီးလည်း အစပိုင်းတော့ စမ်းကြည့်တာပေါ့နော်။ Back up အနေနဲ့ ဆေးကျောင်းတက်လိုက်တယ်။ ဝါသနာဘယ်လိုမှမပါဘူး။ အဲဒါနဲ့ ဝါသနာပါတဲ့ဘက်ကို ရောက်အောင်ရွေးလိုက်တာ။

**ဇော်ရဲနိုင် ။ ။** ကျွန်တော်က မြန်မာပြည်က ၅ တန်းပဲအောင်တယ်။ ၅ တန်းအောင်တော့ ကျွန်တော် ကျောင်းကြီးကထွက်ပြီး ILBC တက်တယ်။ ILBC မှာ Secondary 2 ရောက်တော့ ကျွန်တော့်ကို ဒီလာခဲ့တဲ့။ ဟိုမှာ ပညာရေးက အတူတူပဲဆိုတော့ Secondary 2 လည်းအောင်ရော ကျွန်တော် ဒီရောက်ရော။ ဒီ Secondary 2 ရောက်တော့ ကျွန်တော့်အသက် ၁၄ နှစ်ပဲရှိတယ်။ ၁၄ နှစ်မှာ Part 3 အောင်တော့ 'O' Level ဖြေမယ်လုပ်တော့ ၁၅ နှစ်မှာ ကျွန်တော့်ကို 'O' Level ပေးမဖြေဘူး။ အသက်ငယ်တယ်ဆိုပြီးတော့ ၁၆ နှစ်ပြည့်မှ 'O' Level ဖြေလို့ရမယ်တဲ့။ တစ်နှစ်အောက်သွားတာပေါ့။ ၁၆ နှစ်မှာ 'O' Level ဖြေ၊ 'O' Level အောင်တော့ Poly တက်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့အောင်တော့ Poly လျှောက်တယ်။ Poly လျှောက်တော့ Singapore Poly၊ Temarseck Poly၊ Nanyang Poly တို့ကို လျှောက်တယ်။ Temarseck က Chemical Engineer ဆိုတာ သူက လက်ခံတယ်။ ဒါပေမဲ့ Dead Line က စင်ကာပူပိုလီတို့က အဖြေမသိခင်မှာ သူ့ကိုအကြောင်းပြန်ပါဆိုတော့ Temarseck က သူက ဝေးလွန်းတော့ မသွားချင်ဘူး။ စင်ကာပူနဲ့ Nanyang နှစ်ကျောင်းလောက်က ကျွန်တော်ကြိုက်တဲ့ Chemical Engineering က ရမှာပါဆိုပြီး



ပြည့်စိုးစံ

ကျွန်တော် စောင့်နေတယ်။ Nanyang က Reject ထိရော၊ အဲဒါနဲ့ စင်ကာပူပိုလီပဲ စောင့်လိုက်တာ။ စင်ကာပူပိုလီက First Choice မရဘူး။ Second Choice ပဲရတယ်။ Information Technology ရတယ်။ အဲဒါနဲ့ IT က အရမ်းကြီးတော့ မဆိုးပါဘူးဆိုပြီး ယူလိုက်တာ။ အရမ်းကြီးတော့ ဝါသနာမပါပါဘူး။ First Choice ကဝါသနာပိုပါတယ်။ အဲဒါနဲ့ IT ပဲယူဖြစ်သွားတယ်။ IT ပဲ တက်တယ်။ အခု Second Year ။ အရမ်းကြီးတော့ ဝါသနာမပါဘူးဆိုတော့ အမှတ်ကသိပ်မကောင်းဘူး။ IT ကို ကျွန်တော်ယူတုန်းက IT က အသိတွေ၊ ကျွန်တော့်သူငယ်ချင်းတွေရှိတာပေါ့။ သူတို့တွေက ဝါသနာပါကြတယ်။ သူတို့တွေက IT က ကောင်းပါတယ်ဆိုတော့ ကျွန်တော် IT ယူဖြစ်တယ်။ အဲဒါနဲ့ ကျွန်တော်လည်း IT ကောင်းမလားဆိုပြီး စမ်းကြည့်တာပေါ့။ ဝါသနာတော့ သိပ်မပါဘူး။ ဟိုကောင်တွေကကျတော့ ကွန်ပျူတာသုံးနေရရင် ပျော်နေတဲ့ကောင်တွေဆိုတော့ သူတို့တွေက IT မှာကျတော့ တော်တော်လေးကောင်းကြတယ်။

**LC ။ ။ အခု ဒီမှာ ကျောင်းတက်နေကြတော့ တော်တော်များများက ကိုယ်ဝါသနာပါတယ်ဆိုတော့ မြန်မာကျောင်းသားတစ်ယောက်အနေနဲ့ Poly ကျောင်းမှာ ဘာအခက်အခဲတွေ့ရလဲ။ ကိုယ့်အတွက် ဘာက Challenge အဖြစ်ဆုံးလဲ။**

**ပြည့်စိုးစံ ။ ။** အစကတော့ ကျွန်တော်စင်ကာပူမှာ နေသားကျသွားအောင် လုပ်ရတာပေါ့။ ကိုယ်က မိသားစုနဲ့နေလာတော့ ဒီမှာ

www.foreverspace.com.mm




**ခင်ယုယထွန်း**

က အားလုံးလုပ်ပေးကြတာ။ ကျောင်းသွားကျောင်းပြန်က အစ။ ဒီရောက်လာတော့ အားလုံးကိုယ်ဘာသာလုပ်ရတယ်။ နောက် ဒီရောက်ရောက်ချင်းပြဿနာက ပတ်ဝန်းကျင်နဲ့ နေသားကျရေး၊ နိုင်ငံခြားသားတွေနဲ့ ပေါင်းသင်းရအောင် အဆင်ပြေအောင်ပေါ့။ အဲလောက်ပါပဲ။ တခြားအခက်အခဲတွေ ထွေထွေထူးထူးတော့ မရှိပါဘူး။ မြန်မာကျောင်းသားတွေက တော်ပြီးသားပါ။ ခဏလေးဆို ပတ်ဝန်းကျင်နဲ့ အဆင်ပြေပါတယ်။

**မြသီတာဝင်း ။ ။** သမီးတုန်းက အခက်အခဲက တော်တော်ရှိတယ်။ စလာလာချင်း နေစရာအိမ်မရှိဘူး။ ဘယ်မှာကပ်နေရမှန်းမသိဘူး။ အစက သူငယ်ချင်းတွေနဲ့စုပြီး အိမ်ငှားမယ်ဆိုပြီး အိမ်ငှားတယ်။ အဲဒီအိမ်က အဆင်မပြေဘူး။ အဲဒါနဲ့ ကိုယ့်နိုင်ငံလည်း မဟုတ်ဘူး။ အမျိုးတွေအိမ်လည်း ကပ်နေလို့မရဘူး။ အဲတော့ ကျောင်းမှာတော့ Hostal တော့ရှိတာပေါ့။ ကျောင်းက Hostal က Intake လုပ်ရတာ အရမ်းခက်တယ်။ သူတို့ဆီမှာ Waiting List ဆိုပြီး စာရွက်ကြီးက နှစ်မျက်နှာ သုံးမျက်နှာ ထွက်လာတယ်။ အဲဒါနဲ့ ဘယ်လိုမှမရေရာဘူး။ အမျိုးမရှိတဲ့သူအတွက် အိမ်ရှာရတာ တော်တော်ခက်တယ်။ အခုထိ သမီးသူငယ်ချင်းတွေ Stable မဖြစ်တာ အများကြီးရှိသေးတယ်။ ကျောင်းနဲ့တစ်အားဝေးတဲ့နေရာမှာ နေရတာတို့၊ လာရတာတို့ တမျှော်ကြီးတွေ၊ သူတို့မှာ မနက်မနက်ဆို ကျောင်းကိုလာရတာ ၄၅ မိနစ်၊ တစ်နာရီ ရထားစီးပြီးလာရတာ။ အဲလိုမျိုးဆိုတော့ နေရေးထိုင်ရေးက အခက်အခဲရှိတယ်။ ဒီမှာနေရတာ နောက်တစ်ခုက နေရာတိုင်းမှာ ထိပ်ရောက်ဖို့ဆိုတာ တော်တော်ခက်တယ်။ နေရာတိုင်းမှာ Pass ဖြစ်ရုံလေးပဲလွယ်တယ်။ Top ဖြစ်ဖို့က တော်တော်ခက်တယ်။ Top ဖြစ်အောင် တော်တော်လိုက်ရတယ်။ သမီးတို့ပြိုင်ရတာလည်း သူတို့ကျောင်းက Poly ဝင်တဲ့သူတွေကို ပြိုင်ရတယ်။ ကိုယ့်မေဂျာနဲ့ကိုယ်လိုက်ပြီးတော့ သူ့ဟာနဲ့သူ ထူးချွန်တဲ့သူလည်းရှိတယ်။ သူတို့ ပိုလီဝင်တယ်ဆိုတာကလည်း သူတို့ GCE 'O' Level ကောင်းလို့ ဝင်တာ။ ပြိုင်ရတဲ့အချိန်မှာ သမီးတို့ မြန်မာကျောင်းသားတွေ တစ်ခုအားနည်းတာက ရန်ကုန်မှာ Practical လုပ်ရတာ တစ်ခုမှမရှိဘူး။ သမီးတို့ Engineering တွေဆိုရင် ပိုဆိုးတယ်။ အဲဒီဟာတွေက မလုပ်တတ်ဘူး။ မလုပ်တတ်တော့ Practical လုပ်ရရင် တစ်အားကိုဖိပြီးလုပ်ရတယ်။ အဲဒါတွေ အများကြီးရှိတယ်။ အခု သမီးဆိုရင် မိန်းကလေးတစ်ယောက်အနေနဲ့တွေ့ရတဲ့အခက်အခဲဆိုရင် အခု Mechnical ယူထားတော့ Mechnical ပိုင်းတွေပါတယ်။ စက်တွေက အကြီးကြီးတွေ၊ ခြေဖျားထောက်ရင်တောင် မမီဘူး။ အဲဒါတွေလည်း တော်တော်ခက်ခဲတယ်။ ပြီးခဲ့တဲ့အခေါက် Semester ဆိုရင် ရှုန်းနေရတာ။ အဲဒီတော့ ကိုယ်ယူတဲ့ဘာသာကလည်း ဝါသနာပါလို့ သာယူလိုက်တာ။ တော်တော်လိုက်ယူရတယ်။ မိန်းကလေးအနေနဲ့ မသင့်တော်ဘူးပေါ့နော်။ မိန်းကလေးက တော်တော်နည်းတယ်။ သမီးအခန်းထဲမှာ သမီးတစ်ယောက်တည်း။ ကျန်တဲ့အခန်းမှာ မိန်းကလေး နှစ်ယောက်သုံးယောက် ရှိသေးတယ်။ ကံကဆိုးတော့ သမီးတစ်ယောက်တည်းကျတယ်။ ကျန်တဲ့သူတွေက Group လိုက် ကျတယ်။ အဲဒီတုန်းကဆို စစရောက်ချင်းလည်းဖြစ်တယ်။ ပြီးတော့ တစ်ခါမှလည်း မလုပ်ဖူးဘူး။ ပြီးတော့ စက်တွေဆိုရင် ဆရာက ပထမဆုံးဝင်တဲ့နေ့က ပြောတယ်။ လက်ကို အဲဒီလိုလေး သွားမတို့ လိုက်နဲ့ လက်ချောင်းပါသွားမယ်တဲ့။ သေတဲ့သူတွေက ဘယ်နှ ယောက်ရှိတာ။ အဲဒီလိုပြောတာ။ အဲဒါ စက်ကိုင်ရင် စက်ကို လှည့် ပတ်ရှိခိုးရတာ။ ကြောက်လို့။ အခက်အခဲတွေက အများကြီးပေါ့။ ဒီလိုပဲ First Year တော့ ပြီးသွားပြီဆိုတော့ Second Year ကျ ရင် အဆင်ပြေမယ်လို့ မျှော်လင့်တာပဲ။

**ဇော်ရဲနိုင် ။ ။** ကျွန်တော်ကတော့ နေရေး၊ ထိုင်ရေး သိပ်ပြဿနာမရှိပါဘူး။ ဦးလေးက PR၊ အဒေါ်က Citizen ဆိုတော့ ပြဿနာမရှိဘူး။ ဒီမှာ ပတ်ဝန်းကျင်နဲ့ နေသားကျဖို့ပဲ အခက်အခဲရှိတယ်။ ကျန်တာက ဒီဘက်ပိုင်းက နည်းနည်း။ Communication ပိုင်းကျတော့ ထွေထွေထူးထူးပိုင်းတော့မရှိဘူး။ စာပိုင်းတော့ ကျွန်တော်က Theroy ပိုင်းကို အားသန်တော့ Practical ပိုင်းလုပ်ရတော့ တချို့တွေ ITE (Institute of Technological Education) က လာတဲ့သူတွေရှိတယ်။ အဲလိုမျိုးအပိုင်းတွေနဲ့ Project လုပ်တဲ့အခါကျမှ တချို့ဟာတွေက ဆရာတွေနဲ့ညှိပြီး လုပ်ရတာရှိတယ်။ တချို့ Project တွေက ဆရာတွေနားမှာကပ်ပြီး ဆရာတွေနဲ့ အတူတူလုပ်ရတာရှိတယ်။ အဲဒီအပိုင်းတွေကျတော့ ကျွန်တော်က သူတို့ Flow

www.foreverspace.com.mm



မသိဘူး။ အဲဒီလောက်ပဲ အခက်အခဲရှိတယ်။ ကျန် 'စာ' ပိုင်းနဲ့ ဒီဘက်ပိုင်းတွေမှာ ပြဿနာမရှိဘူး။ စာပိုင်းတော့ ကောင်းကောင်းလိုက်နိုင်ပါတယ်။

**ခင်ယုယထွန်း ။ ။** သမီးအတွက်ကျတော့ သမီးက အင်္ဂလိပ်စာ အဲဒီလောက်မကောင်းဘူး။ ဒီရောက်တော့ Language က ပထမဆုံးဖြစ်နေတယ်။ ရောက်ရောက်ချင်း သမီးယူတဲ့ဘာသာက အသားကုန်ငြင်းရတဲ့ဘာသာ။ လူးနေတာပဲ။ ပြီးတော့ သမီးအတန်းထဲက တစ်ယောက်က နည်းနည်းနှိမ်တယ်။ လေယာဉ်ပျံတွေဖြတ်သွားရင် နင်တို့နိုင်ငံမှာ လေယာဉ်ပျံရှိလားတို့၊ ကွန်ပျူတာ နင်တို့ဆီမှာ ရှိလားတို့။ အဲဒီအခါကျရင် သမီးက သိပ်စိတ်တိုတာ။ စစချင်းကဆိုရင် ငိုနေရတယ်။ နောက်ပြီးတော့ Practical ပါတယ်ပေါ့။ သီအိုရီပိုင်းကျတော့ သူတို့ သမီးလောက်မရဘူး။ အထူးသဖြင့် သင်္ချာပေါ့နော်။ သူတို့ ဘာမှမရဘူး။ အဲဒီကျတော့မှ အဆင်ပြေသွားတယ်။ Practical ဆိုလည်း သမီးအတန်းထဲမှာ မိန်းကလေးသုံးယောက်ရှိတယ်။ တစ်ယောက်ကျတော့ ITE က။ Practical ရယ်၊ သင်္ချာဆိုရင် တစ်လုံးမှမရဘူး။ ကျန်တာတွေက ယောကျ်ားလေးတွေ။ လှည့်ကိုမကြည့်ဘူး။ Practical ဆိုရင် တစ်ယောက်တည်းလုပ်ရတဲ့ဟာဆိုရင် ရှုးနေတာ။ ဝါယာကြိုးတွေနဲ့။ ဘာတွေလုပ်ရမှန်းမသိဘူး။ နောက် အဲဒီတစ်ယောက်က သူက အထာကြီးနဲ့။ သူက ITE ကလာတော့ အကုန်သိပြီးသားပေါ့။ သူတို့က ကျွမ်းတော့ ဆရာက နင်ဒါတောင်မသိဘူးလားဆိုပြီး သမီးကိုလာပြော။ အဲဒီကျရင် မတတ်နိုင်ဘူးပေါ့။ သူ့ကို နည်းနည်းပါးပါးမေးရတယ်။ နောက် Project တွေလုပ်ရတယ်။ Project တွေလုပ်တော့ သမီးက သူတို့တွေနဲ့ တွဲရတယ်။ တွဲရတော့ နည်းနည်းတော့ တစ်မျိုးပေါ့နော်။ ဘယ်လိုလဲမသိဘူး။ နည်းနည်းတော့ နှိမ်သလိုပဲ။ မုန့်တွေဘာတွေကအစ နင်တို့နိုင်ငံမှာ ဒီမုန့်တွေရှိလားက အစပေါ့။ သမီးကလည်း ငါတို့နိုင်ငံမှာ အကုန်ရှိတယ်ဆိုပြီးတော့ သမီးက အမြင်ကတ်ကတ်နဲ့ပြန်ပြောတာ။ လေယာဉ်ပျံမြင်ဖူးလားဆိုတော့ ငါဒီလာတာ သင်္ဘောနဲ့လာရမှာလားပေါ့။ လေယာဉ်ပျံနဲ့လာတာ။ ကွန်ပျူတာတွေဘာတွေဆိုရင် နည်းနည်းနှိမ်တယ်။ အခုထက်ထိပါပဲ။ ဒါပေမဲ့ နောက်ပိုင်းကျတော့ မြန်မာကျောင်းသားတွေ အရမ်းတော်မှန်းသိလာတယ်။ သမီးအတန်းထဲမှာဆိုရင် မြန်မာကောင်လေးတစ်ယောက်။ သူဆိုရင် အရမ်းတော်တယ်။ နောက်ပိုင်း ဆရာတွေက မြန်မာကျောင်းသားတွေက ရိုးလည်းရိုးသားတယ်။ နင်တို့လိုမဟုတ်ဘူးတဲ့။ နင်တို့မှာ ဘာမှမပူရဘဲနဲ့ စာလေးပဲလုပ်ရမယ့်ဟာလေးကို စာမလိုက်နိုင်ဘူးပေါ့။ ဆရာတွေကပြောတော့မှပဲ နည်းနည်းအပိုးကျိုးသွားတယ်။ သမီးအတန်းထဲကတစ်ယောက်ဆိုရင် အရမ်းတော်တယ်။ အခု အတန်းမတူတော့ဘူး။ သူက Aero-space ပြောင်းသွားတယ်။ အတန်းမတူတော့တာတောင်မှ ဖုန်းတဂွမ်ဂွမ်ဆက်ပြီး နင် Project တွေ ဘာတွေအဆင်ပြေလားမေးတယ်။ အဲဒီတစ်ယောက်က ကူလုပ်ပေးတာပေါ့။ Second Year ရောက်မှ အဲဒီတစ်ယောက်က သိလာတာပေါ့။ အဲဒီတော့မှ အဆင်ပြေသွားတယ်။



မင်းသက်နိုင်

**LC ။ ။ နှိမ်ပြီးပြောတယ်ဆိုတာ ဘယ်နိုင်ငံသားတွေက ပြောတာလဲ။**

**ခင်ယုယထွန်း ။ ။** စင်ကာပူတွေ။ သမီးအတန်းထဲမှာ သမီးတစ်ယောက်တည်း International Student ။ ကံဆိုးတာပေါ့နော်။ သူများအတန်းတွေကိုကြည့်ရင် China တွေရှိတယ်။ သမီးအတန်းထဲမှာ သမီးတစ်ယောက်တည်းရှိတယ်။ အတန်းထဲမှာ Project လုပ်တယ်ပေါ့။ တစ်ခုဆို တရုတ်လိုပြောတယ်။ သမီးက မျက်လုံးလေး ပေကလပ်ပေကလပ်နဲ့။ သမီးတို့သူငယ်ချင်းတွေကလည်း ကွယ်တာနဲ့ ဗမာလိုပြောကြ၊ စာရှင်းပြနဲ့။ နင်တို့က ဗမာလိုတွေပြောတော့ ငါတို့က ဘယ်လိုနားလည်မှာလဲတဲ့။ နင်တို့ကျတော့ တရုတ်လိုပြောနေပြီးတော့ဆိုမှ နောက်ကျတော့မှ အင်္ဂလိပ်လိုပြောတာ။ နို့မို့ဆို တရုတ်လိုချည်းပြောတာ။ သူတို့စာရှင်းရင်လည်း ဒီနှစ် ဆရာမတစ်ယောက်ဆို တရုတ်လိုပဲပြောတာ။ အဲဒီတော့ သမီးက မသိတော့ဘူးပေါ့နော်။ ဒါပေမဲ့ လှည့်ပြီး ဆရာမကို သေချာကြည့်နေရင်တော့ သူက ပြန်ပြောင်းပြောတယ်။ သမီး အတန်းထဲက Singaporian ကောင်မလေးတွေက အင်္ဂလိပ်စာ အဲဒီလောက်မကောင်းဘူး။ သူတို့အချင်းချင်း တရုတ်လိုချည်းပြောကြတယ်။ Singaporian တွေက အင်္ဂလိပ်လိုပဲ ပြောကြပါတယ်။ ဒါပေမဲ့ သမီးကျမှ ဘာလို့ကံဆိုးသွားလဲမသိဘူး။ တရုတ်လိုပဲ ပြော

www.foreverspace.com.mm



ဇော်ရဲနိုင်

ကြတယ်။

**LC ။ ။ Singaporian တွေ အခု ဘယ်လိုအမြင်ပြောင်းသွားလဲ။**

**ခင်ယုယထွန်း ။ ။** အခုကျတော့ ဟိုတလောတုန်းကတော့ နာဂစ်ဖြစ်တုန်းကပေါ့။ ငါတို့မှာ Electronic Market က ရှိပြီးသားပဲလို့။ Develop က အမြင်က သိပ်မလှတော့ သမီးက ပန်းခြံပုံတွေပြပြီးမှ အဲဒီတော့မှ နည်းနည်းတော်သွားတယ်။ Second Year က နည်းနည်းအဆင်ပြေပါတယ်။ နေစရာထိုင်စရာက သမီးလည်း ရှုးတာပဲ။ သူများတွေလို RV တို့ ဘာတို့ကဆိုရင် အဖွဲ့လိုက်လာကြတာလေ။ လာကြတော့ သူငယ်ချင်းတွေနဲ့ နေတယ်။ သမီးကျတော့ ကျူရှင်မှာရှိတာ ခုနစ်ယောက်၊ မိန်းကလေးက သုံးယောက်ပါတယ်။ တစ်ယောက် မအောင်ဘူး။ နှစ်ယောက်က အောင်တယ်။ သမီးနဲ့အတူတူအောင်တဲ့အစ်မက NTU ဖြေထားတယ်။ NTU က အခြေအနေကောင်းတော့ သူက မလာဘူး။ ယောကျ်ားလေးတွေပဲရှိတယ်။ နေဖို့ထိုင်ဖို့က ညှိစရာသူငယ်ချင်းလည်း မရှိဘူး။ ကျောင်းတက်နေရင်းနဲ့မှ ညှိမယ်ဆိုပြီး အစ်မအိမ်မှာ ကပ်နေလိုက်တယ်။ ကပ်နေရင်းနဲ့မှ မဆင်းဖြစ်တော့ဘဲ အခုအထိ အတူနေတုန်းပဲ။ သူက ဒီမှာ တက္ကသိုလ်တက်နေတယ်။ နောက်ပိုင်းတော့ အဆင်ပြေသွားတာပေါ့နော်။

**မြသီတာဝင်း ။ ။** အခုတော့ အဆင်ပြေသွားပါပြီ။ ရောက်ရောက်ချင်းလက ရတဲ့နေရာကလည်း တော်တော်ချောင်ကျတယ်။ Part Time လုပ်တော့ ညဘက်အိမ်ပြန်နောက်ကျတယ်။ အိမ်ပြန်နောက်ကျတော့ အိမ်ရှင်ကပွားတယ်။ ပွားတော့ အထုပ်ဆွဲပြီးဆင်းတာ။ အထုပ်ဆွဲပြီးဆင်းလာပြီးတော့ ဘယ်အိမ်ပေါ်တက်ရမလဲ မသိဘူး။ ကျောင်းက စီနီယာအစ်မကြီးတစ်ယောက်ကို အကူအညီတောင်းပြီး သူ့အိမ်မှာ တစ်လလောက်ကပ်နေလိုက်တယ်။ ပြီးမှ အိမ်ပြန်ရှာတယ်။ အဲဒီတုန်းကလည်း လကကုန်တော့မယ်။ အိမ်က ရှာလို့မတွေ့သေးဘူး။ ရှာတွေကိုပတ်နေတာပဲ။ အခု အိမ်မှာတော့ မြဲတယ်။ နောက်နှစ်လည်း မောင်လေးတို့လာမယ်ဆိုတော့ အဆင်ပြေမှာပါ။ ဒါစင်ကာပူမို့လို့ တော်သေးတယ်။ Security က တော်တော်ကောင်းတယ်။ ရောက်ခါစက ၁၀ နာရီကျော်ရင် အိမ်မပြန်ရဲဘူး။ သူငယ်ချင်းတွေ လိုက်ပို့ပေးရတယ်။ အခုကျမှ အထာလည်းနပ်သွားတယ်။

**စည်သူအောင် ။ ။** ဝါသနာမပါတော့ လိုက်ရတာနည်းနည်းခက်တယ်။ သူများတွေက ဝါသနာမပါမှန်းသိတာ စောတဲ့သူတွေကျတော့ ပထမ Semester ပြီးတဲ့အချိန်မှာ ဘာသာပြောင်းမယ်ဆိုပြီး ပြောင်းကြတယ်။ ပြောင်းဖို့ ပြောလို့ရတယ်။ ကျွန်တော်ကတော့ သိပ်လည်းမသေချာသေးတော့ ကိုယ်လည်း လိုက်နိုင်ရင်လိုက်နိုင်မှာပဲဆိုပြီး ဆက်လုပ်တယ်။ အဲဒီလိုနဲ့ First Semester ပြီးတော့ Result က သိပ်မကောင်းဘူး။ သိပ်မကောင်းတော့ ကိုယ့်ကိုယ်ကိုယ် စဉ်းစားတော့ ကျွန်တော်ဝါသနာပါတဲ့ Engineering က လက်မခံဘူး။ အဲဒါနဲ့ မထူးပါဘူးလေဆိုပြီး ဒီဟာပဲလုပ်ပြီးသားပဲ ဆက်လုပ်တယ်။ ကျွန်တော့်အတွက် အခက်အခဲက စာပါပဲ။ အတန်းထဲကသူတွေက တော်ကြတယ်။ ဒီဟာကို ဝါသနာပါကြတော့ သူတို့က ဆရာတစ်ခုခိုင်းလိုက်ပြီဆိုရင် ပြီးတဲ့သူနဲ့။ Practical တစ်ခုလုပ်ပြီဆိုရင် ၁၅ မိနစ်နဲ့ ပြီးတယ်။ ကျွန်တော်က နာရီဝက်၊ တစ်နာရီလည်း မပြီးသေးဘူး။ သူတို့ကို လှည့်ပတ်မေးနေရတယ်။ သူတို့က ၁၅ မိနစ်နဲ့ပြီးသွားရင် ဂိမ်းဆော့နေတယ်။ ကျွန်တော်လည်း လိုက်ဆော့ရော။ ကျွန်တော့်အတန်းထဲကကောင်တွေက တော်တော်တော်တယ်။ အိမ်မှာ စာတွေဘာတွေလည်းလုပ်ကြတယ်။ အတန်းဖော်တွေက စလုံး (စင်ကာပူ) တွေချည်းပဲ။ သူတို့တွေက တရုတ်လို နည်းနည်းပါးပါး ပြောကြတာပေါ့။ နည်းနည်းပါးပါးတော့ ကျွန်တော်လည်း နားလည်တယ်။ ဘာမှမဖြစ်ပါဘူး၊ ဒီမှာနေတာလည်း ကြာပြီဆိုတော့ ပေါင်းရသင်းရလည်း လွယ်ပါတယ်။ တော်တဲ့သူတွေကျတော့ Assignment တွေဆိုရင် အဖွဲ့လိုက်ပေးရင် တစ်ယောက်တည်းလုပ်သွားတယ်။ တစ်ယောက်တည်းလုပ်သွားတော့ ကိုယ်က တစ်ခါတလေကျတော့ ဘာလုပ်လို့လုပ်ရမှန်းမသိဘူး။ တော်တဲ့သူတွေနဲ့ သိပ်မပေါင်းတော့ဘူး။ ကိုယ်နဲ့မတိမ်းမယိမ်းတွေနဲ့ တစ်ယောက်နဲ့တစ်ယောက် ကူရင်းလုပ်ရတာပေါ့။ အခုကျတော့ အဆင်တော့ပြေပါတယ်။ နေရထိုင်ရတာက ကျွန်တော်က အစ်မနဲ့နေတာဆိုတော့။ ကျွန်တော်မရောက်ခင်ကတည်းက သူက ဒီမှာနေတာကြာပြီ။ အခု သူက စင်ကာပူနိုင်ငံ

www.foreverspace.com.mm

သွားခဲ့ယူထားတာ။ အစ်မက အိမ်ဝယ်ထားတော့ ကျွန်တော်က သူ့အိမ်မှာတက်နေတာ။ လေးနှစ်ရှိပြီ ကျွန်တော်ဒီမှာနေတာ။

**LC ။ ။ အခု ဒီမှာ Second Year ရောက်လာပြီဆိုတော့ နောက်တစ်ဆင့်အနေနဲ့ ကိုယ့်ရဲ့ Mission၊ Vision တွေ တစ်မျိုးပြောင်းသွားတာရှိလား။ ဒါမှမဟုတ် ဒီမှာတက်တဲ့ ၂ နှစ်အတွင်းမှာ ကိုယ့်မှာ ဘာတွေ Change သွားလဲ၊ မြန်မာပြည်မှာရှိတဲ့အချိန်နဲ့ ဒီမှာလာတဲ့အခြေအနေနဲ့ ကိုယ့်မှာ ဘာတွေ အသိတွေတိုးသွားလဲ၊ ကိုယ့်ဘဝနောက်တစ်ဆင့်တက်ဖို့ ကိုယ့်မှာ ဘာတွေလိုအပ်နေသေးလဲဆိုတာ နည်းနည်းပြောပြပေးပါဦး။**

**ပြည့်စိုးစံ** ။ ။ နေရတာတစ်ယောက်တည်းဆိုတော့ Independent တွေ ဖြစ်ကြတာပေါ့။ ကိုယ်တစ်ယောက်တည်း နေရဲသွားတာတို့။ ရောက်ခါစက မနေရဲကြဘူးလေ။ ငိုတဲ့သူနဲ့၊ ပြန်ချင်တဲ့သူနဲ့။ ကြာလာတော့လည်း တစ်ယောက်တည်း နေတတ်သွားတာပေါ့ဗျာ။ တစ်ယောက်တည်းနေတဲ့သူတွေက ပိုပြီးကောင်းတယ်ဗျ။ ဆိုးကျိုးတွေလည်းရှိတယ်။ ကောင်းကျိုးတွေလည်း ရှိတယ်။ ကောင်းကျိုးတွေက ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်တာပေါ့ဗျာ။ အဝတ်တွေဘာတွေလည်း ကိုယ့်ဘာသာလျှော်၊ ကိုယ့်အချိန်နဲ့ကိုယ်လုပ်ရတာဆိုတော့။ ရောက်ခါစက ဖြစ်ကတတ်ဆန်းပေါ့။ နောက်ပိုင်းကျတော့ အဆင်ပြေသွားတယ်။ ရန်ကုန်မှာနေတာက ကျောင်းသွားကျောင်းပြန်ကအစ အကုန်အပြီးအစီးဆိုတော့ ကျောင်းမှာ စာသွားသင်ရုံပဲ။ ဒီမှာကျတော့ ဟင်းတွေထမင်းတွေ ချက်စား၊ တစ်ခါတလေ အိမ်ကပို့တဲ့ပိုက်ဆံ မလောက်တာတွေရှိရင် Part Time တွေဘာတွေ ဝင်လုပ်နေရတယ်။ စာပိုင်းတွေက လိုက်နိုင်ကြပါတယ်။ မြန်မာတွေအတော်များများက စာတော်ကြတယ်။ Top Ten ထဲမှာ မြန်မာတွေပါတယ်။ မြန်မာတွေက Poly မှာ စာတော်တယ်။ ဆိုးတဲ့သူတွေလည်းရှိတာပေါ့။ ဆိုးတဲ့သူတွေက နည်းပါတယ်။

**ဇော်ရဲနိုင်** ။ ။ ပြောင်းသွားတာတော့ အများကြီးပဲ။ မလာခင်နဲ့ လာခါစက နေ့တိုင်းကျောင်းလာတယ်။ ကျောင်းပြီးရင်ပြန်တယ်။ အချိန်တန်ရင် စာလုပ်တယ်။ ဒီလောက်ပဲ။ ဘာမှသိပ်မရှိဘူး။ ဒါပေမဲ့ ကျောင်းမှာ ကလပ်တွေအများကြီးရှိတယ်။ ကျွန်တော် ဟိုအသင်းဝင်၊ ဒီအသင်းဝင်ပြီး Join ကြည့်တယ်။ Join ကြည့်တော့ ဒီမှာ International Club ဆိုတာရှိတယ်။ အဲဒါကို ကျွန်တော် ဝင်သွားတော့ သူတို့က ပွဲတွေဘာတွေကို Organize လုပ်တယ်။ တချို့ပွဲတွေဆို အရမ်းကြီးတယ်။ လူ ၂၀၀၀ ကျော်ဟာကို စီစဉ်တာဆိုတော့ အဲတော့ စာချည်းသက်သက်မဟုတ်တော့ဘဲ အပြင်လောကနဲ့ပါ ထိတွေ့လာရတယ်။ လူတော်တော်များများနဲ့ ဆက်ဆံလာရတယ်။ ဒါပေမဲ့ ပြန်ပြောင်းသွားလားဆိုတော့ မပြောင်းဘူး။ ဒီမှာက အချိန်ကကျပ်တော့ စာကိုလုပ်ပြီးလုပ်ရတယ်။ အရင်လို စိမ်ပြေနပြေစာထိုင်လုပ်ဖို့ အချိန်မရှိဘူး။ အတန်းထဲမှာ လိုက်နိုင်သလောက်လိုက်။ Education ထဲက Higher Limit ပုံစံပေါက်လာတာပေါ့။ Mission၊ Vision တွေက ဘာပြောင်းသွားလဲဆိုတော့ ပတ်ဝန်းကျင်အသိတရားတိုးလာတာပေါ့။ ဒီမှာ အိမ်မှာကပ်ပြီး စာလုပ်နေတာနဲ့စာရင် တခြားဒီလိုဟာမျိုးတွေ ရှိပါသေးလားဆိုပြီး သိလာတယ်။

**ပြည့်စိုးစံ** ။ ။ အရင်ကထက်စာရင် ပိုပြီးရင့်ကျက်လာတာပေါ့။ လူတွေနဲ့ ဆက်ဆံရတဲ့အခါ ပိုပြီးသိလာတာပေါ့ဗျာ။ နည်းနည်းပါးပါးတော့ တစ်ကိုယ်ကောင်းဆန်လာတယ်လို့ ပြောလို့ရမလားမသိဘူးဗျ။ နည်းနည်းလေးတော့ ရှိတာပေါ့။ မြန်မာပြည်က ထွက်လာတုန်းက မိဘရင်ခွင်က ထွက်ခါစက ရိုးရိုးသားသား ဖြူဖြူစင်စင်လေး။ ဘာမှ မသိကြဘူး။ အားလုံးအဖြူထည်ပဲ။ ဘယ်သူလာလာ အကောင်းကြီးပဲ။ တဖြည်းဖြည်းနဲ့ သိကြတယ်။

ဘယ်လိုပြိုင်ကြတယ် ဘာညာပေါ့။ တကယ့်တကယ်တမ်း ပြိုင်လာကြတော့ နောက်ကွယ်က ခွက်ပုံးခုတ်လာတာတို့ပေါ့။ အများကြီးပဲ တွေ့လာတော့ ကျွန်တော်တို့ အရင်လိုစိတ်နဲ့ မိဘရင်ခွင်ထဲက ကလေးစိတ်လိုမျိုးနဲ့ တွေးလို့မရတော့ဘူး။ အဘက်ဘက်က တောက်လျှောက်ကြည့်ပြီး တကယ့်တကယ်မျိုး လောကရဲ့ပုံစံမျိုးတွေ တွေ့လာရတာပေါ့။

စနစ်ကျကျနဲ့လုပ်လာတာတို့ပေါ့။ ကျွန်တော်တို့ဆိုရင် အမြဲတမ်း deadline တွေနဲ့ချည်းပဲ။ Assignment တွေကို အဲဒီကျတော့ ပြင်ပြင်နေရတယ်။ ဘယ်နေ့ဆိုရင် ဘာတွေလုပ်မယ်။ ဖုန်းတွေမှာဆို Calender တွေနဲ့ ဘယ်နေ့မှာ ဘာလုပ်မယ်ဆိုပြီး အချိန်တွေချတတ်လာပြီ။

မနက်ဖြန်တွေး မနက်ဖြန်လုပ်စရာချည်းပဲ။ ကျွန်တော်တို့ အတွက် တစ်လတစ်လအတွက် ကြိုပြီးစဉ်းစားထားရတယ်။ ရှေ့လရှေ့လအတွက် အချိန်တွေက ပြည့်နေတယ်။

**မြသီတာဝင်း** ။ ။ ရည်မှန်းချက်က မပြောင်းသေးဘူး။ စလာတည်းက Poly အောင်ရုံနဲ့ လုပ်စားလို့မရဘူးဆိုတာသိတယ်။ အဲဒီတော့ ကိုယ်က ၁၈၀၀ လောက်လူပဲဖြစ်မှာပါလို့။ ဒါပေမဲ့ Poly အောင်ရုံနဲ့ ဘာမှဖြစ်မသွားဘူး။ စဉ်းစားတာက တစ်ခုတော့ရှိတယ်။ စစချင်းလာတုန်းကတော့ အို NUS ရောက်ရင် ကျေနပ်နေပြီ။ အခု သူတို့နိုင်ငံက ဘာပြောမလဲဆိုတော့ သူတို့ နိုင်ငံကလည်း Oversea ကို အထင်ကြီးတယ်။ NUS က သူတို့အတွက် Local ပဲလေ။ အဲတော့ သူတို့အတွက် Oversea ထွက်နဲ့ အလုပ်လျှောက်တာနဲ့ Local ထွက်နဲ့ လျှောက်တာ မတူဘူး။ အဲဒီတော့ သမီးတို့မှာ ထပ်ပြီးတော့ ရွေးချယ်စရာတွေက များလာတယ်။ အစတုန်းက NUS ဆို တော်တော်အထင်ကြီးနေပြီပေါ့နော်။ နောက်မှ NUS က Senior တွေကပြောမှ အမြင်လေးတွေ ကျယ်လာတယ်။

**ခင်ယုယထွန်း** ။ ။ သမီးလည်း အဲဒီလိုပဲ။ မရောက်ခင်တုန်းက ဘာမှမလုပ်တာ။ ဒီရောက်တာတောင် အမေက လွှတ်လို့ရောက်လာတာ။ ဒီရောက်တော့မှ ကိုယ့်ဘာသာကိုယ်လုပ်ရ

www.foreverspace.com.mm




**ဇာနည်ထွန်း**

တာပေါ့နော်။ သူများပြောသမျှ ယုံနေတာလေ။ NUS က Top 20 ထဲမှာပါတယ် ဆိုတော့ ဆိုးတော့မဆိုးဘူးပေါ့။ ဒါပေမဲ့ စင်ကာပူမှာပဲ နေနေရမှာကိုတော့ မနေချင်ဘူး။ ဒီမှာနေလှ နောက်ထပ် ခြောက်နှစ်ပဲ။ ကြိုးစားရမှာပေါ့။ ဩစတြေးလျသွားမယ်ဆိုလည်း ဩစတြေးလျတက္ကသိုလ်တိုင်းလည်း ကောင်းတာမဟုတ်ဘူး။ ဩစတြေးလျက ဘွဲ့ရပြီးလည်း ဒီမှာအလုပ်မရတဲ့သူတွေလည်း အများကြီးပဲဆိုတော့ တခြားနိုင်ငံသွားမယ်ဆိုရင်တောင်မှ အဲဒီနိုင်ငံက အကောင်းဆုံးတက္ကသိုလ်ကို ကိုယ်က ဝင်နိုင်ဦးမှဆိုတော့ အဲဒီ Pressure ရှိတာပေါ့နော်။ စာလုပ်ဖို့က သိတော့သိနေတာပေါ့။ Try တော့ Try နေတယ်။ ဒီမှာတော့ အဲဒီလို အကြာကြီး မနေချင်ဘူး။

**ဇော်ရဲနိုင်** ॥ ॥ များသောအားဖြင့် ဒီက မြန်မာတွေက စင်ကာပူမှာ အကြာကြီးနေဖို့ ရည်ရွယ်ချက်ကမရှိဘူး။ ဓဏပညာလေး ဘာလေးသင်ပြီး၊ များသောအားဖြင့် Bond ထိုးကြတာဆိုတော့ များသောအားဖြင့် နေရတာပေါ့ဗျာ။ Poly ပြီးတော့ Uni တက်တဲ့သူကတက်။ Uni တွေ ဘာတွေ မရောက်တဲ့သူက အလုပ်တွေ ဘာတွေလုပ်ပေါ့။

**မင်းသက်နိုင်** ॥ ॥ အဲဒီတုန်းက ကျွန်တော်တို့တုန်းက YIT မှာ First Year ပြီးရင် Poly ကို တိုက်ရိုက်တက်ဖို့ First Year အမှတ်နဲ့ လက်ခံတယ်။ အဲဒီတုန်းက အေးဂျင့်တွေဘာတွေ ရှိတယ်။ ဒါပေမဲ့ တိုက်ရိုက်လက်ခံတော့ ကျွန်တော် ကျောင်းကနေ First Year Grade နဲ့ လျှောက်လိုက်တော့ ၂၀၀၁ မှာ Poly စရောက်တယ်။ ကျွန်တော်က Electronic နဲ့ အဲဒီမှာ သုံးနှစ်တက်ပြီးတော့ အောင်တော့ Bond လည်းရှိတော့ ကျွန်တော် အလုပ်လုပ်ရတယ်။ လုပ်တာတော့ စင်ကာပူမှာရှိတဲ့ Electronic ကုမ္ပဏီတစ်ခုမှာလုပ်တယ်။ လုပ်ပြီး ၂ နှစ်လောက်နေတော့ ကျွန်တော် ကျောင်းဆက်တက်ဖို့ပြင်တယ်။ အဲဒီတုန်းက ကျွန်တော်ကျောင်းတက်ဖို့ စဉ်းစားကြည့်တာ Local မှာ တက်မလား၊ တခြားဩစတြေးလျတို့၊ USA တို့ကို သွားချင်ရင်လည်း သွားလို့ရတာပေါ့။ အဲဒီမှာ အလုပ်မှာ အခွင့်အရေးတစ်ခုက Local မှာ၊ NUS တို့မှာတက်ရင် အလုပ်က Sponsor ပေးတာပေါ့နော်။ ကျွန်တော်စိတ်ဝင်စားသွားတယ်။ Sponsor အတွက် လျှောက်ကြည့်တော့ ကျွန်တော့်မန်နေဂျာကလည်းထောက်ခံတယ်။ ကျွန်တော်ရဲ့ Performance တွေဘာတွေကြည့်ပြီး ကျွန်တော် ကျောင်းဆက်တက်ဖို့ စင်ကာပူဒေါ်လာသုံးသောင်း ကျောင်းစရိတ်အတွက် အလုပ်ကပေးတယ်။ သုံးသောင်းက အားလုံးအတွက်။ သူက Full time တက်ခွင့်မပေးဘူး။ Part time ကို သူက NTU မှာပဲတက်တက်၊ NUS မှာပဲတက်တက် အလုပ်က Performance တွေပါကြည့်ပြီး တစ်ဝက်ပေးတယ်။ ကံကောင်းစွာနဲ့ပဲ ကျွန်တော်က အပြည့်ရခဲ့တယ်။ အပြည့်ရတော့ NUS မှာပဲ တက်ဖြစ်တယ်။ Electronic နဲ့ပဲ Part Time ပေါ့။ NTU မှာလည်း လျှောက်လို့ရတယ်။ NTU က ငါးနှစ်၊ အဲဒီမှာ နှစ်ပိုင်းရှိတယ်ဗျ။ Part time NTU နဲ့ NUS ဒီဂရီမှာ နာမည်တပ်တာ ကွာတယ်။ NTU က Bachelor of Engineering ပေါ့။ NUS က Part Time ကို Bachelor of Technology ။ ကျွန်တော့်သူငယ်ချင်းတွေနဲ့ ကျွန်တော်စကားပြောကြည့်တယ်ဗျ။ တချို့တွေက Engineering တက်တာချင်းအတူတူ ငါတို့က Engineering မှ၊ ဒါပေမဲ့ ဘာကွာလဲဆိုတော့ သူက NTU မှာတက်ရင် ငါးနှစ်တက်ရတယ်။ NUS မှာတက်ရင် လေးနှစ်တက်ရတယ်။ ငါးနှစ်က သူ့ Course Structure က Full Time နဲ့ Alliance လုပ်ထားတာ။ အဲဒီတော့ Tech သမားကလုပ်သလောက် လုပ်ရတယ်။ တကယ်တမ်း NTU က ကျွန်တော် လေ့လာသိသလောက်က Dropping ပဲဖြစ်တဲ့သူများတယ်။ အဲဒီလို Part Time နဲ့ ပြီးသွားတဲ့သူတွေက တော်တော်လေးချီးကျူးဖို့ကောင်းတယ်။ ကျွန်တော်က လေးစားပါတယ်။

ကျွန်တော်ကတော့ အခြေအနေ၊ အလုပ်နဲ့ဘာနဲ့ ချိန်ဆကြည့်လိုက်တော့ B.Engineering ပဲဖြစ်ဖြစ်၊ B.Tech ပဲဖြစ်ဖြစ် ဒါ Engineering ဘွဲ့တစ်ခုပဲ။ ကျွန်တော်သဘောကျတာကတော့ NUS က National University Campus တစ်ခုဆိုတော့ အဲဒီအတွက်လည်း သဘောကျတော့ ကျွန်တော်လျှောက်ဖြစ်ပါတယ်။ အခု ကျွန်တော် NUS မှာ Second Year တက်နေပါတယ်။

အခက်အခဲကတော့ စရောက်တော့ Language ပေါ့။ ပြီးတော့ သူတို့ပြောသလိုမျိုး ဒီက Singaporian တွေနဲ့ ကတောက်

www.foreverspace.com.mm



ကဆဖြစ်တာလေးရှိတယ်။ Singaporian က သူတို့နိုင်ငံ Divers City (ပဒေသာစုံမြို့တော်) ဘာညာပေါ့။ အစိုးရကတော့ တွန်းအားပေးပြီး လုပ်နေတာပေါ့။ လူငယ်တွေ စိတ်ထဲမှာလည်း နည်းနည်း သူတို့နိုင်ငံကိုအထင်ကြီးပြီး မြင့်တာတွေရှိတယ်။ အဲဒီမှာ ကျွန်တော်တို့နဲ့ စကားကတောက်ကဆ အဆင်မပြေတာလေးတွေရှိပါတယ်။ ကျွန်တော်တို့ဆိုလည်း မြန်မာနိုင်ငံကလာတာပေါ့နော်။ အင်္ဂလိပ်စကားကို ပြောတတ်ရေးတတ်တယ်။ ဒါပေမဲ့ ပြောကျင့်မရှိဘူး။ ပြောကျင့်မရှိတော့ ဒီမှာပြောရင် အခက်အခဲရှိတာပေါ့။ သူများပြောသလို ပြောလို့မရဘူး။ အဲဒါဆိုရင် သူတို့က နည်းနည်းအထင်သေးချင်တဲ့သဘောမျိုး၊ အဲဒါမျိုးလေးတွေရှိတယ်။ ကျောင်းမှာ Group လေးတွေစုပြီး စာလုပ်တဲ့အခါမျိုး။ စာကတော့ မြန်မာကျောင်းသားတွေ လိုက်နိုင်ပါတယ်။

**LC ။ ။ ဒီမှာ မြန်မာ Community တစ်ခုဖွဲ့ပြီး တစ်ယောက်နဲ့ တစ်ယောက်အကူအညီပေးလို့မရဘူးလား။**

**ပြည့်စိုးစံ** ။ ။ ကျွန်တော်တို့မှာ လုပ်ထားတာရှိတယ်။ မြန်မာ Community ဆိုပြီး ဒီမှာ မြန်မာအချင်းချင်း ဒီရောက်လာပြီဆိုသူတွေ အကုန်လုံးကို အဆင်ပြေအောင် တတ်နိုင်သမျှ ကူညီကြပါတယ်။ ဒီရောက်လာပြီဆိုတော့ ကိုယ်အိမ်ကနေခွဲပြီး လာကြတာဆိုတော့ အကုန်လုံးက အထီးကျန်ဆန်တယ်။ ကျွန်တော်တို့က သိုက်သိုက်ဝန်းဝန်းလေးဖြစ်အောင် စီစဉ်ကြတယ်။ ကျောင်းမှာရှိတဲ့ မြန်မာတွေအားလုံးစုပြီး ကလပ်လေးဖွဲ့ထားတာရှိပါတယ်။ ရောက်လာတဲ့ Fresher တွေကိုလည်း Fresher Welcome လုပ်တယ်။ ပြီးတော့ သူတို့မှာဖြစ်နိုင်တဲ့ အိမ်ပြဿနာတို့ အမျိုးမျိုးရှိနိုင်တယ်။ အဲဒါတွေကို တစ်ယောက်နဲ့တစ်ယောက်ဝိုင်းပြီး ဖြေရှင်းပေးကြတယ်။ အဓိက,က လူမှုရေး၊ သာရေး၊ နာရေးတို့ကို ဆောင်ရွက်ကြတယ်။ ရောက်လာကြတဲ့သူတွေက ဘာပဲပြောပြော အားငယ်ကြတဲ့သူတွေချည်းပဲ။ ဘာပဲပြောပြော မြန်မာတွေ မြင်နေရတော့ ပျော်နေကြတယ်ဗျာ။ အဆောင်ရှာမတွေ့ရင် ဝိုင်းရှာပေးကြတယ်ဗျာ။ တကယ်လို့ ရှာမတွေ့သေးရင်လည်း ကိစ္စမရှိဘူးဗျာ။ ကျွန်တော်တို့ထဲက အဆင်ပြေတဲ့တစ်ယောက်ယောက်ဆီမှာ လာနေလို့ရတယ်။

**LC ။ ။ Community တစ်ခုလုပ်တော့ မြန်မာကျောင်းသာတွေ ပါကြလား။**

**ပြည့်စိုးစံ** ။ ။ တော်တော်များများပါကြတယ်။ တချို့ဆို အကုန်ပါလာကြတယ်။ တစ်ခါတလေကျရင် တရုတ်တို့၊ မလေးတို့က ကျောင်းသားတွေက ပြောတယ်။ သူတို့အရမ်းအားကျတယ်တဲ့။ မြန်မာကျောင်းသားတွေက အရမ်းစည်းလုံးတယ်။ ဥပမာ– ထမင်းစားနေတယ်ဆိုရင်လည်း ငါတို့ဘယ်မှာ ထမင်းစားနေတယ်ဆိုပြီး ခဏလေးရောက်လာကြတယ်။ သူတို့တွေက အံ့သြကြတယ်။ အရမ်းစည်းလုံးတာပဲလို့။ ကျွန်တော်တို့တွေက တစ်အားစည်းလုံးကြတယ်။ တကယ့်ကို သိုက်သိုက်ဝန်းဝန်းနဲ့။

**LC ။ ။ မြန်မာနိုင်ငံက နောင်လာမယ့်လူငယ်တွေ မိဘကလွှတ်လို့ပဲဖြစ်ဖြစ်၊ ကိုယ်တိုင်ဘဝတက်လမ်းရှာချင်တဲ့သူတွေပဲဖြစ်ဖြစ် နောက် လာမယ့်ညီငယ်၊ ညီမငယ်တွေ ဘာတွေပြင်ဆင်ထားဖို့လို့လဲ။ ဒီကိုလာရင် ကိုယ့်ဘက်က ဘာတွေဖြည့်ဆည်းထားဖို့လိုမလဲ။**

**ပြည့်စိုးစံ** ။ ။ ကျွန်တော်ပြောချင်တာက အချိန်မဖြုန်းနဲ့၊ ရသမျှသင်တန်းအကုန်တက်၊ အကျိုးရှိရာပေါ့။ တကယ်သာ ကိုယ်က ကောင်းကောင်းသာ သင်ထားခဲ့ရင် တကယ်ကို အကျိုးရှိတယ်။ ပြီးတော့ ဖြစ်နိုင်ရင် ကိုယ့်ကိုယ်ကိုယ် အားကိုးပါ။ အထင်ကြီးပြီး ဟိုလူပြောသမျှ၊ ဒီလူပြောသမျှ မယုံပါနဲ့။

**LC ။ ။ မြန်မာနိုင်ငံမှာပဲ ပြင်သွားရမယ့်အနေအထား၊ Language၊ ဒီမှာ ကြိုတက်ထားရမယ့် သင်တန်းတွေက ဘာတွေတက်ထားရမလဲ။**

**ဇော်ရဲနိုင်** ။ ။ အင်ဂျင်နီယာကျောင်းတွေက များသောအားဖြင့် Auto CAD ပါပါတယ်။ C Programming ရယ်၊ Auto CAD က များသောအားဖြင့်ပါတော့ Engineering ဘာသာရပ်ယူမယ်ဆိုရင်တော့ အဲဒီနှစ်ဘာသာကို ပိုင်ဖို့လိုမှာပေါ့။ များသောအားဖြင့် မြန်မာတွေက Engineering ရောက်ရင်၊ IT ရောက်ရင် အဲဒီနှစ်ခုမှာ များတယ်။ တခြားကျောင်းတွေမှာ နှစ်ယောက်သုံးယောက်ပဲ ပါကြတာများတယ်။ Engineering မှာ Auto CAD နဲ့ C Programming က အရေးကြီးတယ်။

**မင်းသက်နိုင်** ။ ။ Language ပိုင်းမှာ IELTS သို့မဟုတ် TOEFL လိုမျိုး ဖြေထားသင့်တယ်။ ဆယ်တန်းပြီးရင် ပြီးပြီဆိုပြီး ငြိမ်နေကြတဲ့သူတွေများတယ်။ များသောအားဖြင့် အောင်စာရင်းထွက်တဲ့အချိန်ထိ နားကြတာများတယ်။ အောင်စာရင်းထွက်တဲ့အထိနားရင် လေသွားတတ်တယ်။ ဆယ်တန်းက စာလုပ်တဲ့အရှိန်လေးရှိတုန်း နားတာလည်းနားပေါ့။ ဖြစ်နိုင်လို့ရှိရင် သင်တန်းကို တက်နိုင်သမျှတက်ပါ။ ဘာတွေတက်သင့်သလဲဆိုတော့ ကိုယ်တက်ချင်တဲ့ကျောင်းကို အထောက်အကူပြုမယ့်သင်တန်းတွေပေါ့။ ဥပမာအားဖြင့် ကိုယ် Poly တက်မယ်ဆိုရင် Poly တက်မယ့် ဘာသာရပ်တွေအကြောင်း တက်ထားပေါ့။ Language အပိုင်းဆိုလည်း IELTS နဲ့ TOEFL တစ်ခုခုကို အပိုင်လုပ်ထားသင့်တယ်။ အမှတ်ကောင်းကောင်းလေးအတွက်။ ကျန်တာတော့ သိပ်မရှိပါဘူး။ ဒီ တချို့တွေကျတော့ ဒီမှာ First Semester လာတက်ပြီး ကျောင်းပိတ်ချိန်မှာ ပြန်သွားပြီးတော့ တက်သင့်တဲ့ဟာတွေကို ပြန်တက်တယ်။ ကျွန်တော်ဆိုရင် First Year First Semester ပြီးတော့ Programming ပြန်တက်တယ်။ အဲလိုမျိုး လိုတဲ့အချိန်မှာ ပြန်ပြီးသွားတက်တာဆိုတော့ကောင်းတယ်။ နောက် ဒီကိုလ မယ်ဆိုတော့ စိတ်ဓာတ်အင်အားပြင်ထားဖို့လိုမယ်။ စိတ်အားငယ်ပြီး မနေအောင် ကိုယ့်အားကိုယ်ကိုးနိုင်အောင် ပြင်ထားသင့်တယ်။

**ဇော်ရဲနိုင်** ။ ။ ကံဆိုးတဲ့သူက အတန်းထဲမှာ တစ်ယောက်

www.foreverspace.com.mm




တည်းကျ၊ ပြီးတော့ အတန်းထဲမှာ သူများတွေနဲ့ ကိုယ်နဲ့ သိပ်မခင်တဲ့သူငယ်ချင်းတွေနဲ့တွေ့ရရင် အဲဒီလူတွေအနေနဲ့ အားငယ်တာပေါ့။ ပြင်ဆင်ထားသင့်တာတော့ သူငယ်ချင်းတွေ ဒီမှာရှိနေတာပဲလေဆိုပြီး မနေဖို့ပေါ့။ တချို့လူတွေက ကံကောင်းတာပေါ့။ အတန်းထဲမှာ ဗမာတွေ သုံးလေးယောက်ရှိတယ်။ အဲဒီတော့ အဖွဲ့လိုက်လေးတွေကျတော့ ပျော်ဖို့ကောင်းတာပေါ့။ တချို့တွေကျ အတန်းထဲမှာ တစ်ယောက်တည်း၊ တစ်ကျောင်းလုံးမှာ တစ်ယောက်တည်းကျတော့ အဲဒီလူတွေအနေနဲ့ အပြင်လူတွေနဲ့ ဆက်ဆံရတာ ရောက်ကာစက အားငယ်တာပေါ့။ ရောက်ကာစဆိုတော့ နည်းနည်းအခက်အခဲတွေ တွေ့တာပေါ့။ စကားပြောတတ်ပေမယ့် ရောက်ကာစ အင်္ဂလိပ်စကားပြောရတာ ကိုယ်ဘာပြောရမလဲသိပေမယ့် ထစ်တာပေါ့ဗျာ။ ရန်ကုန်မှာတည်းက လုပ်သင့်တာပေါ့ဗျာ။ ကျွန်တော်တို့တွေ ဒီမှာချရေးဆိုလည်း ချရေးရတာလွယ်တယ်။ ပြောတာက မလွယ်ဘူးထစ်တယ်။ ရောက်ကာစ တစ်လနှစ်လက ထစ်တယ်။ နောက်ပိုင်းကျမှ အဆင်ပြေသွားတယ်။

**မင်းသက်နိုင်** ॥ ॥ နောက်တစ်ခုပြင်ဆင်ထားသင့်တာ ဖြစ်နိုင်ရင် တရုတ်စာကို လုပ်ထားသင့်တယ်။ ဒီမှာ တရုတ်စကားပြောလေးဆိုရင် Good Point ပဲ။ ဘာပဲပြောပြော တရုတ်စကားနားလည်တယ်၊ ပြန်ပြောတတ်တယ်ဆိုရင် အသိုင်းအဝိုင်းတစ်ခုတည်းကို ပိုပြီးတော့ ဝင်ဆံ့နိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီမှာက လာသမျှ International Studentအကုန်လုံးက တရုတ်တို့၊ မလေးတို့ အကုန်လုံးက တရုတ်လိုပြောတတ်ကြတယ်။ မပြောတတ်တာက မြန်မာတစ်ခုတည်းလိုဖြစ်နေတယ်။ အဲဒီတော့ အနည်းဆုံး တရုတ်စာကို ရေးတတ်ဖတ်တတ်အောင် နေ့စဉ်သုံးလေးကို မမေ့အောင် ဖြစ်နိုင်ရင် သင်ထားသင့်တယ်။

**ပြည့်စိုးစံ** ॥ ॥ Class တိုင်းတက်နေတဲ့သူတွေ ရတာမှန်သမျှ အကုန်သင်ထားဗျာ။ Class ထဲရောက်ရင် Activity တွေက တစ်ခုပြီးတစ်ခုရှိတော့ ကိုယ်တတ်တာ ကိုယ်ပြနိုင်ရင်၊ ကိုယ်တော်ရင် နေရာပေးတယ်။ နောက်ပိုင်း ကိုယ့်ကို သူတို့က တောင်းဆိုလာကြတယ်။ ဥပမာ–ပိုစတာတွေပါလုပ်ရင် Photoshop ပိုင်းတွေလုပ်ခိုင်းတာ။ ဒီမှာ တကယ့်ကို Organization တစ်ခုခုရှိကြတယ်။ တတ်ထားရင်တော့ အကုန်လုပ်ပြလို့ရတာချည်းပဲ။

**LC** ॥ ॥ **မိန်းကလေးတွေအနေနဲ့ရော ဘာတွေ ရှောင်ကြဉ်ရမလဲ၊ မိန်းကလေးတွေအနေနဲ့ ယောကျ်ားလေးတွေထက်စာရင် အခက်အခဲ ပိုတွေ့ရသလားလို့။**

**မြသီတာဝင်း** ॥ ॥ စိတ်အရမ်းပျော့လို့မရဘူး။ ဒီနှစ်ဆို တစ်

www.foreverspace.com.mm

ယောက်ရှိတယ်။ သမီးတို့က သူငယ်ချင်းတွေ ခင်ခင်မင်မင်နေတတ်တော့ Family လိုနေတော့ သိပ်အားငယ်ချိန် သိပ်မရှိလိုက်ဘူး။ ဒီနှစ်ဆို ကောင်မလေးတစ်ယောက်ရှိတယ်။ ပြန်မယ်တကဲကဲလုပ်နေတာ။ အဲဒီတော့ သမီးတို့သူငယ်ချင်းလေးငါးယောက်က သူ့အိမ်ကိုသွား၊ သူ့အမေကလည်း သမီးလေးကို မထားခဲ့ရဲဘူးပေါ့။ အဲဒီလိုဖြစ်နေတော့ တစ်ချိန်လုံးငိုနေတာ။ ပြန်မယ်ဆိုတာချည်းပဲ။ အဲဒီလိုမျိုးမဖြစ်သင့်ဘူးပေါ့။ သမီးတို့ဆိုလည်း တစ်ခါမှမခွဲဖူးဘူး။ မိဘနဲ့တစ်ညတောင် မခွဲဖူးဘူး။ ရောက်ကာစတစ်ရက်၊ နှစ်ရက်ကတော့ ငိုတာပေါ့။ နောက်သူငယ်ချင်းတွေနဲ့တွေ့ပြီး မငိုတော့ဘူး။ တစ်ခါတလေကျတော့ ငိုတာပေါ့။ ဥပမာ–အတန်းထဲမှာ ပြဿနာဖြစ်လာရင် ဖုန်းဆက်ပြီး အော်ငိုလိုက်တာပဲ၊ အဲဒီလောက်ပဲ။

**LC ။ ။ သားသမီးတွေ ဒီကိုရောက်တဲ့အခါမှာ မိဘတွေအနေနဲ့ ဘယ်လိုလုပ်ပေးဖို့သင့်လဲ။**

**ပြည့်စိုးစံ ။ ။** မိဘတွေအနေနဲ့ အရမ်းကြီး ရုန်းထွက်ချင်လောက်အောင် ထိန်းချုပ်ထားဖို့ မလိုဘူး။ ကျွန်တော်ဆိုလည်း ကျွန်တော့်အသက်အရွယ်နဲ့ ကျွန်တော် အသိဉာဏ်ရှိတယ်။ စဉ်းစားဉာဏ်ရှိတယ်။ ဆုံးဖြတ်တတ်တယ်။ အဲဒီလို ဆုံးဖြတ်တတ်တာကို လွတ်လွတ်လပ်လပ်ဆုံးဖြတ်နိုင်ဖို့ အကယ်၍ မှားသွားသည့်တိုင် အဲဒီအမှားတွေကနေ လေ့လာနိုင်တယ်။ သင်ယူနိုင်တယ်ပေါ့။ အောက်ခြေသိမ်းလိုက်လုပ်ပေးတာထက်ဆိုရင် အရာရာကို သူတို့ဘာသာသူတို့ ပေးလုပ်လိုက်၊ နောက်ဆုံးတစ်ခုခုကို တိုင်ပင်ချင်တဲ့အခါ တိုင်ပဲတိုင်ပင်ပါ။ ဆုံးဖြတ်ချက်ချဖို့ တာဝန်ယူပါစေ၊ မိဘက မင်းတို့ဘာသာလုပ်ချင်ရာလုပ်ဆိုပြီး လွှတ်ထားပေးတာမဟုတ်ဘူး။ အပေါ်ကနေတော့ Check နေတယ်။ ဒါပေမဲ့ ဘာမှဝင်မပြောနဲ့။ ပေးလုပ်ကြည့်မှ သူတို့လည်းမှားမှသိမှာ။ ဒါပေမဲ့ အရမ်းမှားသွားပြီး ဘာမှဂရုမစိုက်ဘဲ၊ မပစ်ထားဘဲ ထိန်းထိန်းသိမ်းသိမ်းလေးပေါ့။ ဟိုဘက်မရောက်ဒီဘက်မရောက် လုပ်နိုင်မှာ။

**မြသီတာဝင်း ။ ။** သမီးဆို ဒုက္ခရောက်တဲ့နေရာမှာ မချက်တတ်တဲ့မပြုတ်တတ်တဲ့နေရာမှာ ဒုက္ခရောက်တယ်။ ခေါက်ဆွဲပြုတ်နဲ့ပဲ နှစ်ပါးသွားနေတယ်။ ခေါက်ဆွဲပြုတ်တွေ၊ ကော်ဖီတွေပဲ။ သမီးက မလုပ်တာလည်းမဟုတ်ဘူး။ လုပ်တယ်။ အမေကမသင်ပေးလိုက်တာလည်းမဟုတ်ဘူး။ သင်တယ်။ မရတာ။ ထမင်းတည်လိုက်ရင် မာတောင်ပြီးထွက်လာတာ။ နောက်ဆုံးကျတော့ အလွယ်နည်းလမ်းပဲရောက်သွားရော။

**ဇော်ရဲနိုင် ။ ။** နောက်တစ်ခုရှိတယ်။ ဒီဘက်ကိုလာမယ်ဆိုရင် မိဘတွေရဲ့ ဆုံးဖြတ်ချက်တွေပေါ့။ တချို့မိဘတွေရှိတယ်။ ငါ့သားနဲ့သမီး ဆေးကျောင်းအမှတ်မီတယ်။ ဆေးကျောင်းပဲတက်ရမယ်ဆိုတာမျိုးရှိတယ်။ အဲဒီကျတော့ စိတ်ကနှစ်ခွဖြစ်သွားတယ်ဗျ။ အမေပြောလို့ တက်နေရတာ။ တချို့ ကျွန်တော့်သူငယ်ချင်းတွေရှိတယ်။ အခုချက်ချင်းလာမယ်ဆိုတာတွေရှိတယ်။ သူတို့က အခုမှ လာမယ်လုပ်နေတာ၊ ဆေးကျောင်းကို သူ့အမေက တက်ခိုင်းလို့ တက်နေတာ။ စိတ်ကလုံးဝမပါဘူး။ အဲဒီလိုမျိုးတွေရှိတယ်။ အဲဒီအခါကျတော့ ဘဝတစ်ကွေ့စာကိုရွေးတဲ့အခါကျတော့ မိဘတွေရဲ့ Influance ပါတာထက် ကိုယ့်ဘာသာလွတ်လွတ်လပ်လပ်လေး ပေးလုပ်ကြည့်တာက ပိုကောင်းမယ်။ ကျွန်တော့်အဖေဆိုရင် ကျွန်တော်ဆေးကျောင်းအမှတ်မီတယ်၊ ဆေးကျောင်းတက်မှာလား၊ ဘာလုပ်မှာလဲမေးတယ်။ ကျွန်တော်က ဆေးကျောင်းမတက်ချင်ဘူးဆိုတော့ အဲဒါဆို မင်းဆေးကျောင်းမှာ သွားရှုပ်မနေနဲ့တဲ့။ ဘာပဲပြောပြော မင်းတစ်ယောက် မလုပ်လိုက်တဲ့အတွက် နောက်တစ်ယောက်က အဲဒီမှာရသွားတယ်။ မင်းလည်း ကုသိုလ်ရတယ်။ မင်းလည်းဒီဘက်မှာ အချိန်ပိုရတယ်တဲ့။ နို့မို့ဆို ဆေးကျောင်းပဲတက်ဖြစ်မယ်။ ဝါသနာမပါတဲ့အရာကိုလုပ်မယ့်အစား ကိုယ်တကယ်ဝါသနာပါတဲ့အကြောင်းအရာကို ဖြစ်ဖြစ်မြောက်မြောက်လုပ်တာပိုကောင်းမယ်တဲ့။ အဖေကစီးပွားရေးသမား၊ အင်ဂျင်နီယာ။ ကျွန်တော် ၁၀ တန်းကတည်းက ကိုယ့်ဘာသာလုပ်ပဲ။ စာကျက် ဘာသာ တစ်ခုမှမပြောဘူး။ လိုအပ်တဲ့ဟာကို ဖြည့်ဆည်းပေးတယ်။ ကျန်တာ ကိုယ့်ဘာသာလုပ်။ မင်းအသိတရားရှိရင် မင်းဘာသာမင်းလုပ်၊ မင်းဘာသာရမယ်တဲ့။ ဒီဘက်လာဖို့ကလည်း ကျောင်းတွေ၊ ကျူရှင်တွေဘာတွေလည်း ကျွန်တော့်ဘာသာပဲ။ သူဘာမှဝင်မပြောဘူး။

**LC ။ ။ အခုဒီမှာကျောင်းလာတက်နေကြသူတွေ အများစုက ပညာရေးကို အလေးထားသူတွေဖြစ်တော့ မြန်မာပြည်ရဲ့ပညာရေးကိုရော ဘယ်လိုမြင်ကြလဲ။ အခုဒီမှာလာတော့ ကိုယ့်နိုင်ငံမှာ ကိုယ်သင်ခဲ့ရတာတွေက အထောက်အကူဖြစ်ရဲ့လား။**

**ဇော်ရဲနိုင် ။ ။** တစ်ယောက်စ၊ နှစ်ယောက်စတော့ လုပ်လို့မရဘူး။ အားလုံးဝိုင်းလုပ်ပေးရမှာပဲ။ ကျွန်တော့်အနေနဲ့ စိတ်ဓာတ်ကောင်းအောင်လုပ်ရမယ်ထင်တယ်။ ဒီဘက်မှာ ပြန်စနိုင်တာက ပညာရေးပဲဆိုတော့ အဆင့်မြင့်ပညာရေးကို လေ့လာရေးအတွက် အစမှာ စလုံးရေးစဆိုကတည်းက သူတို့ကိုစိတ်ဓာတ်ကောင်းအောင်၊ အစအဆုံးဘက်စုံဖြစ်အောင် လုပ်ပေးရမယ်။ သူတို့ Level ရှိတဲ့အတိုင်း အသိတရားလေးတွေ ကောင်းအောင်လုပ်ပေးရမယ်လို့ ကျွန်တော်ထင်တယ်။

**ပြည့်စိုးစံ ။ ။** ကျွန်တော်တို့ Society ကကောင်းတယ်။ ကျွန်တော်တို့ကျောင်းသားဘဝက Activity လေး၊ Gathering လေးလုပ်ကြရသလိုမျိုး လုပ်ကြရင်ကောင်းတာပေါ့။ ဒီရောက်ကာ စဆိုတခြားကျောင်းသားတွေလုပ်ရင် ဟာ သူတို့တွေလုပ်သလိုငါတို့တွေ လုပ်နိုင်ပါ့မလားပေါ့။ စာလည်းလုပ်နေရင်း လုပ်နိုင်တယ်ပေါ့။ တကယ်တမ်းကျတော့ ကိုယ်ဝင်လုပ်ကြည့်တော့လည်း လုပ်တတ်သွားတာပဲ။ အတွေ့အကြုံပဲ။ သူတို့ကတော့ Primary ထဲက လုပ်လာတာဆိုတော့ နားလည်တယ်။ ဘာဖြစ်ရင် ဘာလိုတယ်ပေါ့။ နောက် ကျွန်တော်တို့က တဖြည်းဖြည်းသင်ယူရတာ

www.foreverspace.com.mm

ပေါ့။ ကျောင်းသားဘဝက စာတစ်ခုတည်းမဟုတ်ဘူးပေါ့။ အပြင်နဲ့ပတ်သက်ပြီး လုပ်လာကြတာပေါ့။

**ဇော်ရဲနိုင် ။** ။ ပညာရေးအနေနဲ့ မြန်မာပြည်က နိမ့်တဲ့ထဲမှာလည်းမပါဘူး။ မြန်မာပြည်က ဆယ်တန်းအောင်တဲ့သူတွေလည်း တော်တဲ့အထဲမှာ ပါကြတယ်။ သူတို့လက်တွေ့လုပ်ဖို့အတွက်သာ။ ဒီကကျောင်းသားတွေဆိုရင် ငယ်ငယ်ရွယ်ရွယ်နဲ့ Event လုပ်ကြတယ်၊ လုပ်ရဲကိုင်ရဲတာရှိတာပေါ့ဗျာ။ ရန်ကုန်က ကျောင်းသားတွေက တစ်ချိန်လုံး စာပဲလုပ်နေကြတယ်။ ကျောင်းပြီးရင် ကျူရှင်တက် အဲဒီလိုပဲဖြစ်နေကြတယ်။ ဒီမှာကျတော့ ကျောင်းက စီစဉ်ပေးတယ်။ ကျောင်းက ဆရာဆရာမတွေအပေါ်မှာရော မူတည်တာပေါ့။ ဆရာ ဆရာမတွေက ခိုင်းတယ်။ ကျောင်းသားတွေကို ဒီပွဲလေးလုပ်ပေးပါ။ ကျွန်တော်တို့ကျောင်းသားတွေကလည်း ကိုယ့်ဘာသာ ရန်ပုံငွေရှာ၊ အလှူငွေကောက်ကြတာရှိတယ်။ အလှူငွေကောက်၊ ပွဲလေးဖြစ်အောင်လုပ်ကြတယ်။ အဲဒီကျတော့ ပိုပြီးတော့ လုပ်ရဲကိုင်ရဲရှိတာပေါ့ဗျာ။ ရန်ကုန်မှာထက်စာရင် လုပ်ရဲကိုင်ရဲ ပြောရဲဆိုရဲ ဖြစ်လာတယ်။ ကျွန်တော်တို့ဆိုရင် Nargis Charity ပွဲလေးအတွက် Concert လုပ်သွားတယ်။ ရန်ကုန်မှာလှူဖို့အတွက် MAI တို့ကို သွားပြောရတာရှိတယ်။ ရန်ကုန်မှာဆို အဲလိုပွဲမျိုးလုပ်ဖို့မလွယ်ဘူး။ ဒီမှာ အလှူငွေရဖို့ အလှူငွေကောက်ရတာ။ ကျောင်းထဲမှာ ကျွန်တော်တို့လိုက်ကောက်ကြတယ်။ ဆရာ ဆရာမတွေဆီက အကူအညီတောင်းတယ်။ ရလာတာပေါ့ဗျာ။ ဟိုမှာလည်း အဲလိုပွဲမျိုးလေးတွေ လုပ်သင့်တာပေါ့။

**ပြည့်စိုးစံ ။** ။ နောက် မြန်မာကျောင်းသားတွေက အကျင့်ပါနေကြပြီ။ ဆရာက တစ်ခုခုပြောရင် ကျွန်တော်တို့က ခေါင်းပဲညိတ်နားထောင်ပြီး ဒါပဲအသေမှတ်ထားကြတယ်။ ဒီမှာကျတော့ ဆရာကပြောရင် မေးရင် ပြန်ဖြေ။ ကိုယ်ကမှန်တယ်ထင်ရင် ပြန်ငြင်းတာ။ အဲဒီလိုမျိုး အငြင်းအခုံလေးတွေ ကျွန်တော်တို့ မြန်မာတွေက အဲဒီလိုမျိုး မလုပ်ရဲကြဘူး။ ဆရာပြောသမျှ အမှန်ချည်းထင်ပြီး ခေါင်းညိတ်နေကြတယ်။ တစ်ခုခုဆို သူတို့က ထပြောပါဆိုရင် ကျွန်တော်တို့တွေ မပြောနိုင်ကြဘူး။ ပြောကျင့်မရှိတာပါတယ်။ ဒါပေမဲ့ ခေါင်းထဲမှာ မေးခွန်းတွေက အများကြီးပဲ။ မေးချင်တာတွေပေါ့။ အဲဒါအလေ့အကျင့်နည်းနည်းရှိရင် ပိုကောင်းမယ်။

**ရဲဇော်နိုင် ။** ။ သူတို့တွေပြောတာတော့ တော်တော်စုံနေပြီ။ အထက်တန်းကျောင်းမှာ ပညာရေးကကောင်းတယ်။ လေ့ကျင့်ခန်းလုပ်တာတို့၊ အားကစားလုပ်တာတို့ကျတော့ သိပ်မတွေ့ဘူး။ အဲဒါတွေကလိုတယ်။ အားကစားကလည်း အားလုံးအတွက်လိုအပ်တာပဲ။ စိတ်ဓာတ်ပိုင်းဆိုင်ရာလည်းကောင်းတယ်။ ဒီမှာဆိုရင် ကလပ်တွေ ထောင်ပေးထားတယ်။ အဲဒါလေးတွေ တော်တော်ကောင်းတယ်။ ကိုယ်ဝါသနာပါတာလေးတွေအတွက် ကိုယ်ကြိုက်တာ ရွေးလုပ်ခွင့်ရှိတယ်။ ကျွန်တော့်အစ်ကိုဝမ်းကွဲတစ်ယောက်က ဒီမှာ IR တက်နေတယ်။ ဒီမှာစာမေးပွဲဖြေတော့ သူတစ်ယောက်တည်း ကျန်ခဲ့တယ်။ သူလည်း ၂၈ နှစ်ကျော်လောက်ဆိုတော့ သူ့တက်လမ်းအတွက် သူရှာမယ်ပေါ့။ နိုင်ငံခြားသွားလို့ရတုန်းသွားဆိုပြီး ကျွန်တော့်ကို တိုက်တွန်းတယ်။

**LC ။** ။ **မြန်မာနိုင်ငံအတွက် ကိုယ်က တစ်ခုခုလုပ်ပေးမယ်ဆိုရင် ဘာလုပ်ပေးချင်လဲ။**

**ခင်ယုယထွန်း ။** ။ စာအုပ်တွေလှူချင်တယ်။ GCE စာအုပ်တွေပေါ့။ ဟိုမှာထက်စာရင် ဒီမှာကအများကြီးလေ။ ဒီမှာ ပင်နီဆူလာသွားလိုက်တာနဲ့ Practice လုပ်လို့ရတဲ့စာအုပ်တွေက အများကြီး။ စာအုပ်တွေလှူချင်တယ်။ ပြန်ရင်ဆရာတွေအတွက် ဝယ်သွားချင်တယ်။ ဟိုမှာသင်တန်းတွေအတွက်ပေါ့နော်။ ပိုပြီး အထောက်အကူပြုနိုင်အောင် မေးခွန်းဟောင်းတို့၊ SP နဲ့ ပတ်သက်တဲ့ ဝင်ခွင့်စာမေးပွဲမေးခွန်းဟောင်းတို့။

**ဇော်ရဲနိုင် ။** ။ စာသင်ပေးတာတို့ ဘာတို့တော့ သိပ်မရဘူး။ ကိုယ်ကိုယ်တိုင်က သိပ်မရတော့ လူများတွေလုပ်နေတာကို တတ်နိုင်သလောက် သူငယ်ချင်းအဖွဲ့အနေနဲ့ သင်တန်းလေးတွေ ဖွင့်ပေးဖို့ပေါ့။ သင်တန်းဖွင့်ဖို့ဆိုတာကလည်း ရန်ကုန်မှာ သင်တန်းတွေ အရမ်းများတယ်ဆိုတော့ သင်တန်းမတက်နိုင်တဲ့သူတွေလည်း ရှိတာပေါ့။ သင်တန်းမတက်နိုင်တဲ့သူတွေအတွက် အခမဲ့လေးဖွင့်ပေးချင်တာပေါ့။ ပညာရေးနဲ့သင်တန်းလေးတွေ အထောက်အကူဖြစ်စေအောင်လို့ တတ်နိုင်သလောက်ဖွင့်ပေးချင်တယ်။ ကျွန်တော်တစ်ယောက်တည်းရှာတဲ့ငွေနဲ့ မတတ်နိုင်သေးဘူး။ အဲဒီလိုဟာမျိုးလေးတွေအတွက် လုပ်ပေးချင်တာပေါ့။ တတ်နိုင်သလောက်ပေါ့။ ကိုယ့်မြို့နယ်အတွက်ဆို ကိုယ့်မြို့နယ်အတွက်ပေါ့။ ဆင်းရဲတဲ့သူတွေအတွက် အခြေအနေတွေက ကွာဟနေတယ်။ ဆင်းရဲနေတဲ့သူတွေကို မြှင့်ပေးချင်တယ်။

**မြသီတာဝင်း ။** ။ ဆင်းရဲလို့ ပညာသင်တာကနေ ထွက်ကြတယ်။ ထွက်လိုက်တော့ ပညာမတတ်တော့ဘူး။ ပြန်ဆင်းရဲကြတယ်။ လည်နေတာပဲ။ ဆင်းရဲလည်း ပညာတတ်သင့်တယ်။

**ရဲနိုင်ဇော် ။** ။ ကျွန်တော့်အဖေရွာမှာ ကျွန်တော် မွေးတာပေါ့။ ဇာတိရွာကိုပြန်ရင် ၁၀ တန်းဖြေတော့ကျကြတယ်။ လယ်ယာစိုက်ပျိုးဟာဒီဟာစိုက်ဆိုတော့ ဆယ်တန်းကျတယ်။ ဆယ်တန်းကျတော့ မိဘတွေက ထပ်မဖြေနဲ့ပေါ့။ မိဘလက်ငုတ်လက်ရင်းပဲလုပ်ပေါ့။ သူတို့တွေအတွက် ၁၀ တန်းတွေဘာတွေမရှိဘူးဗျ။ ရန်ကုန်တွေ ဘာတွေလိုမရှိတော့ ကျကြတယ်။ အဲဒီလိုလူတွေအတွက် နယ်လေးတွေ ဘာတွေမှာ ဖွင့်စေချင်တာပေါ့။ ချမ်းသာတဲ့သူတွေလည်းရှိတာပေါ့။ လှူလို့တန်းလို့တော့ ရတာပေါ့။ ဖြစ်နိုင်ရင် လုပ်ပေးချင်တယ်။ ပညာရေးက အဓိကပါပဲ။ ပညာရေးတစ်ခုတည်းနဲ့တော့ ပြည့်စုံမလာပါဘူး။ ငွေရေးကြေးရေးတွေလည်း အရေးကြီးတာပေါ့။ သူများတွေက အဲဒီလိုခံယူထားတဲ့သူလည်းရှိတာပေါ့။ တချို့တွေကျတော့ ကျောင်းတွေဘာတွေထွက်ပြီး စီးပွားရေးတွေလုပ်ပေါ့။ တချို့တွေ ငယ်ငယ်ရွယ်ရွယ်နဲ့ အလုပ်လုပ်တာရှိတယ်။ ဆင်း

www.foreverspace.com.mm



ရတဲ့သူတွေကို မြှင့်ပေးချင်တယ်။ ဘယ်လိုစီစဉ်ပေးရင်ကောင်းမလဲ လို့။

**မြသီတာဝင်း ။** ။ သမီးတို့စဉ်းစားတာက သမီးတို့ကျောင်းမှာဆိုရင် Community Project ဆိုတာရှိတယ်။ ဖိလစ်ပိုင်မှာရှိတဲ့ သူတွေကို သွားကူတာပေါ့နော်။ ဒီကကျောင်းသားတွေကိုရွေးတယ်။ ဟိုကိုသွားတယ်။ Project တစ်ခုချပေးလိုက်တာပေါ့။ အဲဒီ Project ကို ၂၃ ရက်အတွင်းပြီးအောင်လုပ်၊ အဲလိုမျိုး အိမ်ဆောက်တာပဲဖြစ်ဖြစ်၊ တံတားဆောက်တာပဲဖြစ်ဖြစ်၊ လမ်းဖောက်တာပဲဖြစ်ဖြစ်၊ အိမ်သာကျင်းတူးတာပဲဖြစ်ဖြစ် အဲလိုမျိုးတွေ လုပ်ခိုင်းတာပေါ့။ အဲဒီဟာမျိုးတွေအတွက် သမီးတို့တွေ ဘာလုပ်ပေးနိုင်လဲ။ သမီးတို့ကျောင်းကရော သမီးတို့ ဒီမှာဖြစ်တာသိတယ်။ တစ်ချိန်တည်းမှာပဲ China မှာ ငလျင်လှုပ်သွားတယ်။ Project တွေလုပ်ပေးရင်ရတယ်။ NUS က အစ်မတစ်ယောက်ဆို လာပြောတယ်။ သူတို့ဆိုရင် လူတွေစုပြီး မုဆယ်နယ်စပ်တွေဘာတွေသွားပြီးလှူတယ်။ အိမ်ဆောက်ပေးတာတို့၊ ဘာတို့လုပ်တယ်တဲ့။ အဲဒီတုန်းကဆိုရင် လုပ်ပေးချင်တယ်။ စိတ်ဝင်စားတယ်။ သမီးတို့ SP မှာ မရှိဘူး။ NUS မှာ သူတို့ဘာသာ ထောင်ထားတာလား ဘာလားဆိုတာတော့ သမီးတို့မသိဘူး။ သူတို့ဘာသာ Project တစ်ခုအနေနဲ့ လုပ်လိုက်တာလားမသိဘူး။ ဒါပေမဲ့ သမီးတို့ဆီမှာလည်း ရှိရင်ကောင်းမယ်။ သမီးက ဖိလစ်ပိုင်သွားတဲ့ကိစ္စကို ဆရာ့ကိုပြောလိုက်သေးတယ်။ ဆရာ မြန်မာပြည်မှာလည်း လိုအပ်ပါတယ်။ ဖိလစ်ပိုင်မှ မဟုတ်ပါဘူးလို့။ နာဂစ်က ဒီမှာ ဆိုးဆိုးရွားရွားဖြစ်သွားပါတယ်လို့၊ လူကုံထံအသိုင်းအဝိုင်း၊ မြို့ထဲမှာတောင် စုတ်ပြတ်သွားပါတယ်လို့၊ ဓာတ်ပုံကြည့်ချင်ရင် ဓာတ်ပုံတွေပါ သမီးကပြတာ။ အဲဒီတော့ ကြည့်လိုက်ရတဲ့ပုံတွေရော ဖြစ်သွားတဲ့သတင်းတွေရော ကြောင့် ကူညီတဲ့သူတွေ ရောက်လာတယ်။ အဲဒါမျိုးတွေကြောင့် တစ်ခုခုလုပ်ပေးချင်တယ်။ အဲဒီကိစ္စက တစ်အားကိုကြီးနေသေးတယ်ပေါ့။ ဘာမှလုပ်ပေးလို့မရဘူး။ ကိုယ့်အခြေအနေနဲ့ကိုယ်ဆိုတော့ ဆရာက ဒီဖိလစ်ပိုင်ဆိုတာ နှစ်စဉ်ရက်ဆက်လုပ်လာတာ။ နှစ်တိုင်းနှစ်တိုင်း အဲဒါကြီးက ရှိတယ်။ အဲလိုဆိုတော့ သမီးပြောတဲ့ဟာကို တစ်ခုခုတော့ ခေါင်းထဲရောက်သွားမှာပါ။ ဘာမှတော့သူလည်း လုပ်ပေးလို့မရဘူး။ ကျောင်းအနေနဲ့ ဆိုင်တာကို။ သူကလည်း Teacher တစ်ယောက်ပဲဆိုတော့ တစ်အားကြီးတော့ မပိုင်ဘူးပေါ့။

**LC ။ ။ သူငယ်ချင်းတွေစုပြီး Project တစ်ခုလုပ်ကြည့်လို့မရဘူးလား။**

**မြသီတာဝင်း ။** ။ မရဘူး။ ဟိုတစ်ခါက NUS က လက်တွေ့တစ်ခေါက်သွားလုပ်ကြည့်သေးတယ်။ လုပ်ကြည့်တော့ စင်ကာပူတွေ အပါအဝင်အားလုံးကို ခေါင်းခံပြီးခေါ်သွားတာ။ နောက် ဒီ ဖိလစ်ပိုင်သွားတယ်ဆိုတာကလည်း အဲဒီဆရာကိုယ်တိုင်က ဖိလစ်ပိုင်။ သူကိုယ်တိုင်ခေါင်းခံပြီး လုပ်ပေးနိုင်တယ်။ ဒီမှာလည်း



**ရဲဇော်နိုင်**

ကျွန်တော်တို့ဆရာတွေ ရှိတယ်ဗျာ။ ရှိပေမယ့် သူတို့ခေါင်းခံပြီး လုပ်ပေးနိုင်မလားဆိုတော့ လုပ်ပေးနိုင်စရာအကြောင်းမရှိဘူး။ နိုင်ငံချင်းက အခြေအနေမှမတူတာ။

**မြသီတာဝင်း ။ ။** ပေးဝင်ဖို့ ဗီဇာတွေဘာတွေကလည်းလိုတယ်။ ဖိလစ်ပိုင်က ဗီဇာမလိုတာ။

**ရဲနိုင်ဇော် ။** ။ ဖိလစ်ပိုင်ကိုသွားကြတယ်ဆိုတာ ကျောင်း Project အနေနဲ့ သွားကြတာဆိုတော့ သူတို့ကူညီနိုင်သလောက်ကူညီကြတာပဲ။ ကျွန်တော်တို့ ကူညီမယ်ဆိုလည်း ကျောင်းသားအယောက် ၂၀၊ ၃၀ လောက်နဲ့ သိပ်ကူညီနိုင်မှာ မဟုတ်ဘူး။

**LC ။ ။ အခုအတိုင်းအတာတစ်ခုအထိ အဆင့်မြင့်တဲ့ ပညာဆည်းပူးခွင့်၊ အဆင့်မြင့်တဲ့လူနေမှုစနစ်နဲ့ ထိတွေ့ခွင့်ရနေတဲ့ လူငယ်တွေအနေနဲ့ အနိမ့်ဆုံး ကိုယ့် Community အတွက် လောလောဆယ်အဖြစ်နိုင်ဆုံး ဘာလုပ်ပေးရင်ကောင်းမလဲ။ ဒီကိုကျောင်းလာတက်ဖို့ ပြင်နေတဲ့ မြန်မာလူငယ်တွေကို ဘာအကြံပေးနိုင်မလဲ။**

**ဇော်ရဲနိုင် ။** ။ အဲဒါကျတော့ ဒီဘက်ကိုလာရင်ဆိုတဲ့လမ်းကို ပြောရမယ်။ တစ်ယောက်ချင်းဆီမှာ တစ်ခုစီတော့ရှိမှာပဲ။ ဘာတွေလုပ်လို့ရတယ်၊ ဘယ်လိုတွေလုပ်လို့ရလဲ၊ ဘယ်လိုပြင်ဆင်

www.foreverspace.com.mm





**ရဲနိုင်ဇော်**

မိဘအမည် – ဦးစိုးအောင်–ဒေါ်ခင်မြင့်ကြည်
မွေးဇာတိ – မိတ္ထီလာ
လက်ရှိတက်ရောက်နေသောအတန်း/ ကျောင်း – Mechatronics (ဒုတိယနှစ်) Singapore Poly Technic
လက်ရှိလိပ်စာ – Blk 210, # 04-371 Jurong East St-2 Singapore 600210
ဖုန်း – ၉၆၄၉၂၄၂၅
E-mail - wakitlay@gmail.com



**စည်သူအောင်**

မိဘအမည် – ဦးဝင်းအောင်–ဒေါ်ဆွေဆွေသက်
မွေးဇာတိ – မုံရွာ
လက်ရှိတက်ရောက်နေသောအတန်း/ ကျောင်း – Information Technology (ဒုတိယနှစ်) Singapore Poly Technic
လက်ရှိလိပ်စာ – Blk 26B Jln Membina Tiong Bchru, Singapore
ဖုန်း – ၉၀၂၉၆၈၄၇
E-mail - sithu18@gmail.com



**ခင်ယုယထွန်း**

မွေးသက္ကရာဇ် – ၆–၁၂–၁၉၈၉
မိဘအမည် – ဦးသန်းဦး–ဒေါ်ခင်သီတာထွန်း
မွေးဇာတိ – ရန်ကုန်
လက်ရှိတက်ရောက်နေသောအတန်း/ ကျောင်း – Electrical and Electronics (ဒုတိယနှစ်) Singapore Poly Technic
လက်ရှိလိပ်စာ – Blk 106, # 16-216 Jurong East, St-13 Singapore
ဖုန်း – ၈၂၈၂၃၆၅၆
E-mail - yuyak1989@gmail.com



**မြသီတာဝင်း**

မွေးသက္ကရာဇ် – ၁၄–၁၂–၁၉၈၉
မိဘအမည် – ဦးကျော်ဝင်း–ဒေါ်စန်းစန်းခင်
မွေးဇာတိ – ရန်ကုန်
မိဘအလုပ်အကိုင် – ကုန်သည်
လက်ရှိတက်ရောက်နေသောအတန်း/ ကျောင်း – Mechatronics (ဒုတိယနှစ်) Singapore Poly Technic
လက်ရှိလိပ်စာ – Blk 414, # 13-3005 Common Wealth Ave, West, Singapore
ဖုန်း – ၉၂၃၀၅၄၆၉
E-mail - cmte.mtw@gmail.com

ပြီး ဘယ်လိုလာသင့်လဲဆိုတာ လာချင်တဲ့သူတိုင်းရဲ့ခေါင်းထဲမှာ အသိဝင်သွားအောင် ဘာလမ်းတွေရှိတယ်၊ ဘယ်လိုမျိုးတွေရှိတယ်၊ ဘယ်ကျောင်းတွေ ဘယ်တော့ခေါ်လဲ၊ ဘယ်လိုမျိုးတွေလျှောက်လို့ရလဲပေါ့။ အေးဂျင့်တွေတစ်ခုချင်းစီ လိုက်မေးနေတာထက်စာရင်

www.foreverspace.com.mm





**ပြည့်စိုးစံ**

| | |
|---|---|
| မွေးသက္ကရာဇ် | – ၂၇–၁၀–၁၉၈၈ |
| မိဘအမည် | – ဦးစိုးနိုင်–ဒေါ်လှကြည် |
| မွေးဇာတိ | – တောင်ကြီး |
| မိဘအလုပ်အကိုင် | – ကုန်သည် |
| ပညာအရည်အချင်း | – Computer Engineering |
| လက်ရှိလိပ်စာ | – Blk 42, # 01-203 Taug Lin Halt Road Singapore 141042 |
| ဖုန်း | – ၉၀၀၇၀၁၉၄ |
| E-mail - | pyaesoesan@gmail.com |



**ဇော်ရဲနိုင်**

| | |
|---|---|
| မွေးသက္ကရာဇ် | – ၈–၁၂–၁၉၈၉ |
| မိဘအမည် | – ဦးကျော်မြင့်–(ဒေါ်ခင်မမိုး) |
| မွေးဇာတိ | – မန္တလေး |
| မိဘအလုပ်အကိုင် | – ကုန်သည် |
| ပညာအရည်အချင်း | – Mechatronics (ဒုတိယနှစ်) |
| လက်ရှိလိပ်စာ | – Blk 32, # 14-11 Sturdee Road Singapore |
| ဖုန်း | – ၉၀၀၅၈၆၁၁ |
| E-mail - | meet.he.rrry@gmail.com |



**မင်းသက်နိုင်**

| | |
|---|---|
| မွေးသက္ကရာဇ် | – ၁၉၇၈ |
| မိဘအမည် | – ဦးနိုင်ဝင်း၊ ဒေါ်ခင်ဝင်းတင့် |
| မွေးဇာတိ | – ပြင်ဦးလွင် |
| ပညာအရည်အချင်း | – Diploma in Electronics |
| လက်ရှိအလုပ်အကိုင် | – လက်ထောက်အင်ဂျင်နီယာ |
| လက်ရှိတက်ရောက်နေသောအတန်း/ကျောင်း | – B-Tech (2nd Year) National University of Singapore |

ကိုယ့်ဘာသာကိုယ် ဘယ်လိုလုပ်နိုင်မလဲ။ အဲဒီအသိတရားလေးတွေ ဖြန့်ပေးဖို့လိုမယ်။

**မင်းသက်နိုင်** ။ ။ နောက်တစ်ခု ကျွန်တော်ကျောင်းတက်ခဲ့တုန်းကပေါ့။ အဲဒီလိုမေးခွန်းတွေ မေးခဲ့ကြဖူးတယ်။ ဘာလုပ်နိုင်မလဲ၊ ဘာလုပ်ချင်လဲ၊ ဘာလုပ်လို့ရလဲ။ အဲဒီတုန်းက ကျွန်တော်တို့ သူငယ်ချင်းတွေလုပ်ချင်တာ ကျောင်းမှာ မြန်မာစာပေနဲ့ပတ်သက်တဲ့ဟာမျိုးလေးလုပ်ချင်တယ်။ ကျွန်တော်တို့လည်း စာအုပ်တွေ ဘာတွေဖတ်နေလို့ သူငယ်ချင်းတွေ၊ ကျောင်းသားတွေကို Sharing လုပ်ပေးချင်တယ်။ ကျောင်းမှာ မြန်မာစာအုပ်စုထားတဲ့ Library နေရာတစ်ခုလုပ်ချင်တယ်။ အဲဒါလေးကို အကောင်အထည်ဖော်ပေးချင်တယ်။ အဲဒါလေးက အခုထိရှိနေသေးတယ်။ အဲဒါနောက်အသစ်ရောက်လာတဲ့ ကျောင်းသားတွေက Library လေးကို ဆက်ပြင်ဆင်ပေးကြပေါ့။ အဲဒီတုန်းက ကျွန်တော်တို့လုပ်နိုင်တာဘာရှိလဲ။ လုပ်ချင်တာ ဖြစ်ချင်တာတွေ အများကြီးပဲ။ အားမရတဲ့ဟာတွေ နောက် ခုနကပြောသလိုပဲ နိုင်ငံရေးလုပ်သလိုပဲ နိုင်ငံအတွက် ပါတီအနေနဲ့ ရွေးကောက်ပွဲဝင်မှမဟုတ်ဘူးဗျ။ ကျွန်တော်တို့သိတဲ့အသိက ကိုယ်ကျတဲ့နေရာမှာ တစ်နိုင်တစ်ပိုင်လေးကောင်းတာတွေရော၊ တိုးတက်ရာ တိုးတက်ကြောင်းတွေရော လုပ်ပေးလိုက်တယ်။ အဲဒါလေးက ကိုယ့်တာဝန်ကို ကိုယ်ကျေပွန်လိုက်တာပဲ။ အဲလိုကျေပွန်တဲ့သူများလာရင် အများကြီးကောင်းလာမှာပေါ့။ ဒီမှာရှိတဲ့ကျောင်းသားလူငယ်တွေအနေနဲ့ Website လေးတွေကတစ်ဆင့် အသိပညာလေးတွေ Share လုပ်တာတွေ။ နောက်ပိုင်းအခုလိုမျိုး Group လေးတွေနဲ့ ဝိုင်းပြီး Knowledge လေးတွေဖလှယ်တာ။ အဲဒါမျိုးလေးတွေ ဒါကိုယ်တတ်နိုင်တဲ့ဘက်ကနေပြီးမှ နောက်ပိုင်းအဲဒါမျိုးလေးတွေ တိုင်းပြည်အတွက်လုပ်တယ်လို့ပြောလို့ရပါတယ်။

**အဖွဲ့ဝင်အယ်ဒီတာ**

■





# မေလနောက်ပိုင်း လှည့်ပြောင်းလာသည့် မြစ်ဝကျွန်းပေါ်ဒေသ၏ စကားပြောကြေးနန်းဆက်သွယ်ရေး

နိုင်မင်းဇေ



www.foreverspace.com.mm

www.foreverspace.com.mm



ဤကဏ္ဍတွင် . . . . .

၄၀ မေလနောက်ပိုင်းလည်ပြောင်းလာသည့် မြစ်ဝကျွန်းပေါ်ဒေသ၏ စကားပြောကြေးနန်းဆက်သွယ်ရေး
၄၆ ကမ္ဘာကြည့်သော မြန်မာပြည်ကင်္ဂကျက်တစ်ကောင်
၅၄ နာဂစ်အလွန် လပွတ္တာနှင့် ပြောင်းလဲလာသည့်လုပ်ငန်းခွင်
၅၈(B) မြန်မာ Software လောက ပြိုင်တူတွန်းလျှင်ရွှေ့နိုင်ပါသည်
၆၀ ရန်ကုန် ကုန်စည်ဈေးကွက်
၆၈ အသွင်သစ်ဖြင့် နိုးထလာမည့်ဆားအိုးကြီး
၇၆ မြန်မာ့ရေလုပ်ငန်း ၂၀၀၉ အလားအလာ

**"ဟုတ်ကဲ့မမ . . . ဟုတ်ကဲ့မမ . . . ကျွန်မ အခုပဲ သမီးဆီကို လှမ်းမေးလိုက်မယ်" ဟု ဒေါ်သန်းသန်းဆင့်တစ်ယောက် ပြောပြောဆိုဆိုနှင့် ဖုန်းကိုချ၍ နောက်ထပ် ဂဏန်းအက္ခရာရှစ်လုံးကိုနှိပ်၍ ဖုန်းခေါ်နေသည့်မြင်ကွင်းသည် မျက်မှောက်ကာလ ဧရာဝတီတိုင်း ဘိုကလေးမြို့၏ သိပ်မဆန်းသည့်မြင်ကွင်းတစ်ခုဟု ဆိုရမည်ဖြစ်သည်။**

၁၉၇၃ ခုနှစ်က ရန်ကုန်တက္ကသိုလ်မှ ဘူမိဗေဒဘွဲ့ရရှိခဲ့သူ ဒေါ်သန်းသန်းဆင့် အတွက် ဘိုကလေးမြို့ တတိယလမ်း (၃) ရပ်ကွက်တွင် နေထိုင်ခဲ့သည့် ၂၅ နှစ်တာ ကာလအတွင်း ယခုအချိန်ဖုန်းပြောရသည်မှာ ထူးထူးခြားခြားစိတ်လှုပ်ရှားဖွယ်အမှန် ဖြစ်ခဲ့သည်။

ရန်ကုန်တွင် ကျောင်းသွားတက်နေသည့် တစ်ဦးတည်းသောသမီးဖြစ်သူ၏ ကျောင်းနှင့်သက်ဆိုင်သည့်သတင်းတစ်ပုဒ်ကို စင်ကာပူနိုင်ငံတွင် ပညာသင်ကြားနေသောသမီး၏ အစ်ကိုဝမ်းကွဲ (ဒေါ်သန်းသန်းဆင့်၏တူတော်စပ်သူ) က အင်တာနက်ဝက်ဘ်ဆိုက်ပေါ်တွင် ဖတ်ရှုလိုက်ရသဖြင့် ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ်ရှိ ဒေါ်ကြီးများထံလှမ်း၍ မေးမြန်းစဉ် ဒေါ်ကြီးများကလည်း ဘိုကလေးမြို့ရှိ ညီမဖြစ်သူ ဒေါ်သန်းသန်းဆင့်ထံ တူမဖြစ်သူ၏အခြေအနေကို ဖုန်းဖြင့် အကျိုးအကြောင်းလှမ်း၍ စုံစမ်းလာသဖြင့် ဒေါ်သန်းသန်းဆင့်က ရန်ကုန်ရောက် သမီးထံသို့လှမ်း၍ အတည်ပြုရန် ကြိုးစားနေခြင်းဖြစ်သည်။

လွန်ခဲ့သည့် လေးငါးလကဆိုလျှင် ဤကဲ့သို့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးသတင်းများကို သဘောလူကြုံနှင့် စာထည့်ကာ မေးမြန်းရသည့် အခြေအနေမှ ယခု မိနစ်ပိုင်းအတွင်း သိရှိနိုင်ခွင့်ရရှိလာခြင်းဖြစ်သကဲ့သို့ ဆက်သွယ်ရေးခက်ခဲသည့်နယ်မြို့လေးတစ်မြို့တွင် နေထိုင်ခဲ့သူ ခေတ်ပညာတတ် အသက် ၅၈ နှစ်အရွယ် ဒေါ်သန်းသန်းဆင့်အနေနှင့်လည်း ဘဝတွင် အင်တာနက်ဆိုသော အရာကို ပထမဆုံးအကြိမ် နဖူးတွေ့၊ ဒူးတွေ့ ရင်ဆိုင်ရခြင်းလည်းဖြစ်သည်။

## အရေးပါသည့်ဆက်သွယ်ရေး

ဆက်သွယ်ရေးသည် သမိုင်းမတင်မီခေတ်ကပင် လူသားများအတွက် အထူးအရေးပါခဲ့သည်။ သွားလာရန်ခက်ခဲသဖြင့် လျှိုကြား၊ မြောင်ကြား တစ်တောင်နှင့်တစ်တောင် မီးဖို၍ မီးခိုးနှင့် အချက်ပြဆက်သွယ်ခဲ့ကြသလို အလယ်ခေတ်စစ်ဘုရင်များ ကြီးစိုးစဉ်ကလည်း ခိုငှက်များ၏ခြေထောက်တွင် စာချိတ်ဆွဲ၍ တစ်မြို့နှင့်တစ်မြို့ အပြန်အလှန် သတင်းပို့သတင်းယူ၍ ဆက်သွယ်ခဲ့ကြသည်။ ပဒေသရာဇ်ခေတ် မြန်မာရာဇဝင်များတွင် ခြေမြန်တော်များသည် ရွေးချထားသည့် ဇီးသားယောင်းမကို ခါးကြားထိုးထား၍ မည်သည့်ကျေးရွာ မည်သည့်အိမ်တွင်မဆို ထမင်းဝင်ရောက်စားသုံးနိုင်ပြီး သတင်းများ အလွယ်တကူလျင် မြန်စွာဆက်သွယ်နိုင်ရေးအတွက် စီစဉ်ထား ခဲ့ကြသည်။

၁၉၀၀ ပြည့်နှစ်က ရေဒီယိုဖုန်းကို တီထွင်ပြီးနောက် နှစ်ပေါင်း ၅၀ ခန့်အကြာ



www.foreverspace.com.mm

၁၉၅၀ ခုနှစ်တွင် အမေရိကန်နိုင်ငံသား AL Gross က ကြိုးမဲ့တယ်လီဖုန်းကို တီထွင်နိုင်ခဲ့သည်။ ပစ္စုပ္ပန်ကာလ အာရှနိုင်ငံများ၏ဆက်သွယ်ရေးကဏ္ဍကို လေ့လာကြည့်လျှင် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုဘိုင်းလ်ဖုန်းအသုံးပြုသူ ၄၄ ဒသမ ၈ သန်းကျော်ရှိလာသကဲ့သို့ စင်ကာပူ၊ အိန္ဒိယ၊ ဖိလစ်ပိုင်ဈေးကွက်အတွင်းသို့ Apple ကုမ္ပဏီက 3Gi ဖုန်းများဖြန့်ချိခဲ့ကြောင်း၊ ပုံစံသစ်၊ ဒီဇိုင်းသစ် မိုဘိုင်းလ်ဖုန်းများ တရုတ်နိုင်ငံကထုတ်လုပ်မည်ဖြစ်ပြီး တရုတ်ပြည်တွင်း၌ ဖုန်းအသုံးပြုမှု ၂၀၅ သန်းရှိရာ ၁၇ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်းနှင့် လာအိုနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးအတွက် တရုတ်အစိုးရက ကူညီခဲ့ကြောင်း စသည့်သတင်းများကို နိုင်ငံပိုင်သတင်းစာများ၊ ပုဂ္ဂလိကသတင်းစာစောင်များ၌ ဝေဝေဆာဆာဖော်ပြနေချိန်တွင် မြစ်ဝကျွန်းပေါ်ဒေသ၏ စကားပြောကြေးနန်းခေါ် ဖုန်းဆက်သွယ်ရေး၏ အလှည့်အပြောင်းနှင့် ကြုံတွေ့နေရခြင်းကို တွေ့မြင်ခဲ့ရခြင်းဖြစ်သည်။

## အလှည့်အပြောင်းသော့ချက် CDMA

လူအများစုလက်ခံထားသည့် အယူအဆတစ်ခုမှာ တာဝါတိုင်ရှိမှ မိုဘိုင်းလ်ဖုန်းသုံးစွဲနိုင်သည်ဆိုသည့်အယူအဆဖြစ်သည်။ သို့ရာတွင် CDMA ကမ်းရိုးတန်းဖုန်းများမှာ ကားလမ်းတစ်လျှောက်၊ မြစ်ကြောင်းတစ်လျှောက်၊ လမ်းတစ်လျှောက် ဆက်သွယ်ပြောဆိုနိုင်ခြင်းဖြစ်ပြီး မြန်မာ့ဆက်သွယ်ရေးက ကမ်းနီးကမ်းဝေးဆက်သွယ်ရေး CDMA ဟု ခေါ်ဆိုခြင်းဖြစ်သည်။ ယခုကမ်းရိုးတန်းဖုန်းများကို နာဂစ်မုန်တိုင်းမတိုက်မီ ၂၀၀၈ ခုနှစ် နှစ်ဆန်းပိုင်းကတည်းက လျှောက်လွှာများခေါ်ယူ၍ ကြိုတင်ငွေပေးသွင်းထားစေသည့်အတွက် မုန်တိုင်းဒဏ်ကြောင့် ဖုန်းလိုင်းများ ပျက်စီးချိန်တွင်



အရေးပေါ်ဆက်သွယ်သုံးစွဲခွင့်ရရှိလာခြင်းပင်ဖြစ်သည်။

GSM ဖုန်းများက မြန်မာတစ်နိုင်ငံလုံး မြို့ပေါင်း ၄၅ မြို့သာ သုံးစွဲနိုင်သေးချိန်တွင် အသစ်တပ်ဆင်သည့် CDMA ကမ်းရိုးတန်းဖုန်းများက ယခင် CDMA သုံးနိုင်သည့် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာမြို့များတွင်လည်း သုံးစွဲနိုင်သဖြင့်



www.foreverspace.com.mm

ပေါက်ရှိတပ်ဆင်သည့်ကမ်းရိုးတန်းမြို့များဖြင့် ပေါင်းလိုက်လျှင် စုစုပေါင်း မြို့ ၅၀ အသုံးပြုလာနိုင်သည့် အားသာချက်ရှိသွားသည်ကို တွေ့ရသည်။

အဆိုပါ မြို့ ၅၀ တွင် မွန်ပြည်နယ် မော်လမြိုင်မြို့မှစပြီး ရန်ကုန်ကားလမ်းတစ်လျှောက်၊ တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်၊ မြိတ်၊ ထားဝယ်မြို့များ၊ ပဲခူးတိုင်း၌ ပဲခူးမြို့နှင့် ဝေါမြို့၊ ရန်ကုန်တိုင်းအတွင်း ခရမ်း၊ သုံးခွ၊ သန်လျင်မြို့များ၊ ဧရာဝတီတိုင်းတွင် ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ လပွတ္တာ၊ ပုသိမ်၊ ဟိုင်းကြီးကျွန်း၊ ဟင်္သာတ၊ ငွေဆောင်မြို့များကို ဆက်သွယ်နိုင်သည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းထံမှ သိရှိရသည်။

ယခုအသစ်တပ်ဆင်ပေးသည့် CDMA ၄၅၀ မီဂါဟတ်လိုင်းကို နာဂစ်မုန်တိုင်းအပြီး အရေးပေါ်တပ်ဆင်ပေးခဲ့ခြင်းဖြစ်ပြီး မေလ ၅ ရက်နေ့တွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်း၊ ကျောက်တန်း၊ ခရမ်း၊ ကော့မှူး၊ မေလ ၇ ရက်နေ့တွင် မြောင်းမြ၊ မေလ ၈ ရက်တွင် ငပုတော၊ ဘိုကလေး၊ မေလ ၉ ရက်နေ့တွင် ဒေးဒရဲ၊ ဟိုင်းကြီးကျွန်း၊ မေလ ၁၀ ရက်နေ့တွင် ဖျာပုံနှင့် မေလ ၁၆ ရက်နေ့၌ လပွတ္တာ၊ ကျောင်းကုန်းမြို့များ၌ တပ်ဆင်ပေးခဲ့သည်။

## ZTE နှင့် မြန်မာ့ဆက်သွယ်ရေးနယ်ပယ်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဆက်သွယ်ရေးစက်ပစ္စည်းနှင့် ဆက်သွယ်ရေးအတိုင်ပင်ခံကုမ္ပဏီဖြစ်သည့် ZTE ကော်ပိုရေးရှင်းက အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ သန်းတန်ဖိုးရှိ CDMA ၄၅၀ လိုင်း သုံးသောင်းကျော် တပ်ဆင်နိုင်သော ရေဒီယိုစခန်း ၁၅ ခုနှင့် မိုဘိုင်းလ်အခြေခံစခန်းတစ်ခုကို နာဂစ်မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ခဲ့ရသောဒေသများတွင် မေလဆန်းပိုင်းက တပ်ဆင်လှူဒါန်းခဲ့သည်။


အဆိုပါကုမ္ပဏီသည် ၂၀၀၆ ခုနှစ်ကလည်း အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ သန်းတန်ဖိုးရှိ WCDMA လိုင်း ၃၀,၀၀၀ ကျော်ကို ရန်ကုန်တိုင်းတွင် တပ်ဆင်ရန်

**ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို အပြင်းအထန်ခံခဲ့ရသော ဖျာပုံ ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်များတွင် စက်လှေဆိပ်များတွင်လည်းကောင်း၊ သင်္ဘောများပေါ်တွင်လည်းကောင်း၊ ဈေးများ၊ လူစည်ကားရာစားသောက်ဆိုင်များတွင်လည်းကောင်း CDMA ဖုန်းကိုင်ဆောင်ထားသူများကို တွေ့မြင်နေရသည်။**

အတွက်လည်းကောင်း၊ ၂၀၀၇ ခုနှစ်တွင် ဒေါ်လာ ၄ ဒသမ ၄ သန်းတန်ဖိုးရှိ CDMA လိုင်း သုံးသောင်းကို မန္တလေးတိုင်းတွင် တပ်ဆင်ရန် ပေးအပ်ခဲ့ဖူးကြောင်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြပါရှိခဲ့သည်။

## နာဂစ်ဖက်ရှင်

ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကို အပြင်းအထန်ခံခဲ့ရသောဖျာပုံ၊ ဘိုကလေး၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်များတွင် မုန်တိုင်းလွန်ကာလပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အကူအညီပေးနေသည့် NGO များ၏ ရုံးများရှေ့တွင်လည်းကောင်း၊ ကုလသမဂ္ဂအေဂျင်စီရုံးများတွင်လည်းကောင်း၊ အထိမ်းအမှတ်တံဆိပ်ပါရှိသည့် တီရှပ်များကိုဝတ်ဆင်၍ CDMA ဖုန်းကိုင်ထားသည့် အမျိုးသမီးငယ်၊ အမျိုးသားငယ်များသည် နာဂစ်နောက်ပိုင်း ဖက်ရှင်တစ်ခုပမာ တွေ့မြင်နေရသည်။ ထို့အတူ စက်လှေဆိပ်များတွင်လည်းကောင်း၊ သင်္ဘောများပေါ်တွင်လည်းကောင်း၊ ဈေးများ၊ လူစည်ကားရာ



www.foreverspace.com.mm

စားသောက်ဆိုင်များတွင်လည်းကောင်း CDMA ဖုန်းကိုင်ဆောင်ထားသူများကို တွေ့မြင်နေရသည်။

## တံတားမလို ဖုန်းသာလို

နာဂစ်မုန်တိုင်းဒဏ်ကို အပြင်းအထန် ခံခဲ့ရသည့် လပွတ္တာမြို့နယ်အတွင်းရှိ ဘီတွတ်ကျေးရွာသည် လယ်ယာလုပ်ငန်းနှင့် ရေလုပ်ငန်းကို အဓိကလုပ်ကိုင်သည့်စီးပွားရေးဖွံ့ဖြိုးသော ကျေးရွာကြီးတစ်ရွာဖြစ်သည်။ နာဂစ်မတိုင်ခင်ကာလကဆိုလျှင် ရန်ကုန်သို့ ဘီတွတ်မှ တစ်ပတ်လျှင် ဆန်အိတ်တစ်သောင်းခွဲခန့် တင်ပို့နိုင်သည့် အပြင် သုံးရက်လျှင် ရေထွက်ကုန် ငါး၊ ပုစွန်မျိုးစုံ ပိဿာချိန် ၁၀၀၊ ၁၅၀ ကြား တင်ပို့လျက်ရှိသည့် ရွာကြီးတစ်ရွာ ဖြစ်သည်။ အဆိုပါ ဘီတွတ်ကျေးရွာတွင် အော်တိုအိတ်ချိန်းဖုန်း အလုံး ၇၀ ခန့်၊ CDMA ခြောက်လုံးခန့် ကိုယ်ထူကိုယ်ထတပ်ဆင်ထားသည်။ ရွှေးမြစ်နှင့် ပြန်မလော့မြစ်ပြင်ကျယ်ကြီး နှစ်ခုက ဝိုင်းရံနေသော ဘီတွတ်ကျေးရွာအနေဖြင့် တံတားထိုး ကားလမ်းဖောက်၍ လမ်းပန်းဆက်သွယ်ရေးကောင်းရန်မှာ နေ့ချင်းညချင်း မဖြစ်နိုင်သေး၍ မရှိမဖြစ် ဆက်သွယ်ရေးအလို့ငှာ ဖုန်းလိုင်းများ ပိုမိုချထားပေးရန် ဒေသခံများက လိုလားလျက်ရှိကြသည်။



## ရန်ကုန်ထက်သက်သာ

ဧရာဝတီတိုင်း ဘိုကလေးမြို့ရှိ အခပေးဖုန်းခေါ်ဆိုခနှုန်းထားများသည် ရန်ကုန်ထက် ထက်ဝက်ခန့်သက်သာပြီး တစ်မိနစ်လျှင် ကျပ် ၅၀ ခန့်ကျသင့်ကြောင်း၊ ယခင်က လက်လှည့်ဖုန်း ၃၀၈ လုံးရှိခဲ့ပြီး ယခု CDMA အလုံး ၂၀၀ ကျော်ချပေးပြီး နာဂစ်နောက်ပိုင်း ကြိုးဖုန်း ၇၅၀ ခန့်ရှိလာ၍ ဖုန်းဆိုင်များအနေဖြင့် အပြိုင်အဆိုင်ဖြစ်လာ၍ ဈေးနှုန်းများ လျှော့ယူနေကြသဖြင့် ရန်ကုန်ထက်သက်သာခြင်းဖြစ်သည်။



"အရင်က သမီးဆီကို ဖုန်းသိပ်မပြောဖြစ်ပေမယ့် အခုနှစ်ရက်ကို တစ်ခါလောက်ခေါ်ဖြစ်တယ်။ သုံးလေးရာဖိုးဆို အကြာကြီးပြောရတယ်" ဟု နာဂစ်နောက်ပိုင်း ဖုန်းခေါ်ဆိုခများ သက်သာသည့်အကြောင်းကို ဒေါ်သန်းသန်းဆင့်က ပြောပြသည်။

မည်သို့ပင်ဖြစ်စေ မရှိမရှား ရှိမရှား အမေနှင့်သမီး နှစ်ဦးတည်းသာရှိသည့် ဒေါ်သန်းသန်းဆင့်အနေဖြင့် ကြိုးဖုန်းတစ်လုံးကို ၁၁ သိန်းဆိုသည်မှာ လက်လှမ်းမီသော အနေအထားတွင်ရှိသည်။ ထို့အတူ အသက်အရွယ်ထောက်လာသော ညီအစ်ကိုမောင်နှမများ တစ်ဦးနှင့်တစ်ဦး သတင်းစကားများဖလှယ်ရန် အနိမ့်ဆုံး ကျန်းမာရေးသတင်းများ ဆက်သွယ်ပြောဆိုရန် မော်ကျွန်းရှိ အစ်မများက ဖုန်းတစ်လုံးဝယ်ပေးမည်ဟု သူ့ထံ ကမ်းလှမ်းနေကြသည်။

"အန်တီ့အိမ်နားတစ်ဝိုက်ပတ်ပတ်လည်မှာ အခု ဖုန်းရှစ်လုံးလောက်ရှိနေပြီပဲ။ ၁၁ သိန်းဆိုတာက အန်တီ့အနေနဲ့ ကောင်းကောင်းရင်းလို့ရတယ်။ လောလောဆယ်တော့ ဖုန်းဝယ်ဖို့ စိတ်ကူးမရှိသေးဘူး" ဟု တယ်လီဖုန်းနှင့်ပတ်သက်၍ ၎င်း၏ဆန္ဒကို ဒေါ်သန်းသန်းဆင့်က ထုတ်ဖော်ပြောဆိုသည်။

**နိုင်မင်းဝေ**

www.foreverspace.com.mm

# ကမ္ဘာကြည့်သော မြန်မာပြည်က ငှက်တစ်ကောင်

တင်အောင်ကျော်



နတ်မတောင်တွင်သာတွေ့ရှိနိုင်သည့် မြန်မာ့ဒေသရင်း မျက်ခုံးဖြူရှက်ပြာခမြောက်



www.foreverspace.com.mm

**ကြက်သွေးရောင် တောင်ဇလပ်ပန်းနီနီများ၊ တမျှော်တခေါ်၊ အရွက်ချွန်းထင်းရှူးပင်တန်းများ၊ ဝက်သစ်ချပင်များ ပေါက်ရောက်ရာ ချင်းပြည်နယ် နတ်မတောင်ပေါ်တစ်နေရာတွင် ၁၉၉၆ ခုနှစ်တွင်းက ငှက်ကြည့်ဝါသနာရှင်များအတွက် အမှတ်တရဟုဆိုနိုင်သော အဖြစ်ပျက်တစ်ခုဖြစ်ပွားခဲ့သည်။**

စနစ်တကျကာကွယ်ထိန်းသိမ်းခြင်း မပြုဘဲထားရှိပါက နောင်နှစ်ပေါင်း ၁၀၀ ကျော်တွင် ကမ္ဘာပေါ်မှ မျိုးသုဉ်းပျောက်ကွယ်တော့မည့် ငှက်တစ်မျိုးကို အဆိုပါ တောင်ကြောတစ်နေရာ၌ သတ္တဗေဒ မဟာသိပ္ပံကျောင်းသား ကိုသက်ဇော်နိုင် အပါအဝင် လေ့လာရေးအဖွဲ့ဝင်အချို့ တွေ့မြင်ခဲ့ကြရသည်။

ကမ္ဘာပေါ်၌ မြန်မာနိုင်ငံရှိ နတ်မတောင်ဟုခေါ်ဆိုသည့် ဝိတိုရိယတောင်ခြေတစ်ဝိုက် တစ်နေရာတည်းတွင်သာ တွေ့ရှိနိုင်သည့် မျက်ခုံးဖြူငှက်ပြာခြောက် White-browed Nuthatch ငှက်သည် မြင်တွေ့ဖူးသူအရေအတွက်မှာ ရာဂဏန်းအရေအတွက်သာရှိပြီး မြန်မာနိုင်ငံသားများနှင့် ငှက်ကြည့်ဝါသနာရှင်များအနေဖြင့် ဆယ်ဂဏန်းဝန်းကျင်သာ တွေ့မြင်ခွင့်ရသည့် ငှက်တစ်မျိုးလည်း ဖြစ်သည်။

"အဲဒီအချိန်တုန်းက ငှက်ကြည့်စာအုပ် (Field Guide) က ရောင်စုံမဟုတ်ဘူး။ အဖြူအမည်းနဲ့။ ဘာငှက်လဲဆိုတာ မနည်းမျိုးခွဲယူရတယ်"ဟု သူ့အတွေ့အကြုံကို ပြန်ပြောင်းပြောပြသည်။ နောက်ထပ်ခြောက်နှစ်အကြာ ၂၀၀၂ ခုနှစ်တွင် အဆိုပါငှက်ကိုတွေ့ရှိခဲ့သူများအနက် ကိုသက်ဇော်နိုင်တစ်ဦးတည်း နတ်မတောင်ခြေသို့ တစ်ခေါက်ပြန်လည်ရောက်ရှိခဲ့သည်။

ထိုအချိန်မှစတင်ရေတွက်သော် ၂ နှစ်ခန့်အကြာ ကိုသက်ဇော်နိုင်သည် ၎င်းအချိန်ယူလေ့လာခဲ့သည့် အဆိုပါ မျက်ခုံးဖြူငှက်ပြာခြောက်ငှက်နှင့် ပတ်သက်သည့် အသေးစိတ်စာတမ်းတစ်စောင်ကို ရေးသားခဲ့သည်။

"ဒီငှက်အကြောင်းကို မှတ်တမ်းတင်ထားနိုင်တာ ကမ္ဘာပေါ်မှာ အဲဒီတုန်းက ကျွန်တော်တစ်ယောက်တည်းပဲရှိသေးတယ်" ဟု ကိုသက်ဇော်နိုင်က ဂုဏ်ယူဝံ့ကြွားသံရောယှက်နေသည့် စကားများဖြင့် ပြောပြနေသည်။

မျက်ခုံးဖြူငှက်ပြာခြောက်သည် မြန်မာနိုင်ငံ ချင်းပြည်နယ် နတ်မတောင်ခြေတွင်သာ တွေ့ရှိနိုင်သည့် ငှက်မျိုးစိတ်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ရှားပါးစာရင်းဝင် ဇာတိငှက် (Endemic Species) ငါးမျိုးအနက် တစ်မျိုးအပါအဝင်ဖြစ်သည်။ အဆိုပါငှက်ကို မြင်တွေ့ဖူးရန်အတွက် နိုင်ငံတကာမှ သုတေသီဝါသနာရှင်များသည် ဒေါ်လာငွေထောင်ချီ၍ ကုန်ကျခံကာ မြန်မာနိုင်ငံသို့ လာရောက်လျက်ရှိကြသည်ဟုလည်း ငှက်ကြည့်ခရီးစဉ်များကို စီစဉ်ပေးနေသော S.S.T Tourism ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၂၀၀၅ ခုနှစ်တွင်မူ ကိုသက်ဇော်နိုင်၏ မျက်ခုံးဖြူငှက်ပြာခြောက်ငှက်စာတမ်းသည် အင်္ဂလန်ရှိ အရှေ့တိုင်းငှက်အသင်း (Oriental Bird Club) က ထုတ်ဝေသည့် ဂျာနယ်တွင် ဖော်ပြသည်အထိ ကျော်ကြားခဲ့သည်။ ကိုသက်ဇော်နိုင်အပါအဝင် ကမ္ဘာပေါ်ရှိ ငှက်ကြည့်ဝါသနာရှင်များ မကြာခဏမေးခံရသည့် မေးခွန်းတစ်ခုရှိသည်။ "ဘာဖြစ်လို့ ဒီငှက်တစ်ကောင်ကို ကြည့်ရဖို့ အရူးအမူးဖြစ်နေတာလဲ" ဆိုသည့် မေးခွန်းပင်ဖြစ်သည်။ ငှက်ကြည့်ခြင်းသည် စွဲလမ်းလွယ်သောဝါသနာဖြစ်သည်ဟု မြန်မာနိုင်ငံမှ ငှက်ဝါသနာရှင်တစ်ဦးက ဆိုသည်။

"ငှက်ကြည့်တာက ဘိန်းစွဲသလိုပဲ။ မှန်ဘီလူး (Binoculars) နဲ့ ကြည့်တဲ့အခါ ငှက်ရဲ့အရောင်တွေက ပိုပြီးကြွလာတယ်။ ပိုလှတယ်ဗျ။ တစ်ခါကြည့်ပြီးရင် နောက်ထပ်ကြည့်ချင်ရောပဲ။ ကမ္ဘာအနှံ့ ငှက်လိုက်ကြည့်နေတဲ့သူဆိုရင် သူတို့ဘယ်နှနိုင်ငံရောက်ပြီးပြီ၊ ငှက်ဘယ်နှမျိုးတွေ့ပြီးပြီဆိုတဲ့ Lister တွေများတယ်။ ဝါသနာပဲခေါ်မလား။ သူတို့ ငှက်တစ်ကောင်မြင်ရဖို့ ပိုက်ဆံဘယ်လောက်ကုန်ကုန်၊ ဂရုမစိုက်

**မြန်မာဒေသရင်း ဇွေ့ငှက်**



www.foreverspace.com.mm

ကြဘူး” ဟု မြန်မာနိုင်ငံငှက်ဝါသနာရှင်အသင်း၏ အမှုဆောင်တစ်ဦးက ရှင်းပြသည်။

ဆိတ်ငြိမ်သောတော၏အလှ၊ အဝေးမှကြားရသော ငှက်တို့၏အသံ၊ အရောင်အသွေးစုံသောသဏ္ဍာန်ကို ကြည့်ရှု၍ စွဲလမ်းနေသူတို့ ယခုအခါ ကမ္ဘာပေါ်တွင် သန်းနှင့်ချီ၍ရှိသည်ဟုလည်း ၎င်းကဆိုသည်။

လွန်ခဲ့သော ၁၀ နှစ်ဝန်းကျင်ကတည်းက ဝါသနာရှင်အဖြစ်လည်းကောင်း၊ ငှက်ကြည့်ဧည့်လမ်းညွှန်အဖြစ်လည်းကောင်း ကျင်လည်ခဲ့သူ ကိုသက်နိုင်ဇော်က မူ “ကျီးကန်းဆိုတဲ့ အပြင်မှာမြင်နေကျ ငှက်တောင် မှန်ဘီလူးနဲ့ သေချာကြည့်ရင် တခြားအရောင်တွေ တွေ့ရတယ်။ တခြားငှက်တွေဆိုရင် ဒီထက်အများကြီးပိုလှတာပေါ့ဗျာ” ဟု ငှက်ကြည့်သည့်ဝါသနာနှင့်ပတ်သက်၍ သူ၏ရှုမြင်ပုံကို ပြောပြခဲ့သည်။

## အင်ဒိုချိုင်းနားမှ ထူးခြားသောနေရာတစ်ခု

ငှက်ကြည့်ခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံရေမြေသဘာဝကို လေ့လာသောအခါ အိမ်နီးချင်းနိုင်ငံများနှင့်မတူ စိတ်ဝင်စားဖွယ်ရာအခြေအနေများ ပြည့်နှက်နေသည်ဟုလည်း မြန်မာနိုင်ငံ၏ ဆယ်ဂဏန်းအရေအတွက်အနည်းငယ်မျှသာရှိသည့် ငှက်ကြည့်ဧည့်လမ်းညွှန်တစ်ဦးက ရှင်းပြသည်။

“မြန်မာပြည်မှာ လူသူအရောက်ပေါက်နည်းတဲ့ဒေသတွေ အများကြီးရှိတယ်။ အမျိုးအမည်မသိတဲ့ငှက်တွေအများကြီးရှိသေးတာကြောင့် နိုင်ငံခြားသားတွေလာဖို့ စိတ်ဝင်စားကြတယ်” ဟု ၎င်းကရှင်းပြသည်။

မြန်မာနိုင်ငံမြေပုံ အပေါ်ပိုင်း စွန်ပုံသဏ္ဍာန်နေရာဖြစ်သည့် ကချင်ပြည်နယ် ပူတာအိုဒေသ၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ဟိမဝန္တာတောင်တန်းနှင့် ဆက်စပ်နေသောဒေသများသည် ငှက်ဝါသနာရှင်များကို အထူးဆွဲဆောင်နိုင်သောနေရာတို့ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယနေ့အချိန်ထိ မှတ်တမ်းတင်ထားနိုင်သော ငှက်အမျိုးပေါင်း ၁၀၆၇ မျိုးရှိပြီး ရှားပါးသောငှက်စာရင်းဝင် ၁၁၄ မျိုးရှိသည်ဟု မြန်မာနိုင်ငံ ငှက်ဝါသနာရှင်များအသင်း၏ မှတ်တမ်းများအရ သိရှိရသည်။

ကမ္ဘာကျော်ရှေးဟောင်းယဉ်ကျေးမှုဒေသ ပုဂံမြို့ဟောင်းသည်ပင် မြန်မာနိုင်ငံရှိ ဇာတိငှက်မျိုးရင်းကို လိုက်လံကြည့်ရှုနိုင်သည့် နေရာကောင်းဖြစ်သည်ဟုလည်း ငှက်ကြည့်ဧည့်လမ်းညွှန်များက ပြောဆိုကြသည်။

မြန်မာနိုင်ငံရှိ ရှားပါးငှက်များအနက် နိုင်ငံခြားသားများ စိတ်ဝင်စားသည့်ဌာနေငှက်ငါးမျိုးတို့မှာ မျက်ခုံးဖြူငှက်ပြာခြောက် (White-browed Nuthatch)၊ စွေ့ (White-throaded Babbler)၊ နဖားကြူး (Hooded Treepie)၊ ငှက်မင်းသားပိုက်ဖြူ (Jerdon's Minivet)၊ မြန်မာဘီလုံးငှက် (Burmese Bushlack) တို့ဖြစ်သည်ဟု ငှက်ဝါသနာရှင်အတွင်းရေးမှူး ဦးသက်ဇော်နိုင်က ရှင်း



www.foreverspace.com.mm



ပြသည်။

မြန်မာနိုင်ငံရှိ ရှားပါးငှက်များသည် ကမ္ဘာလှည့်များထံမှ ဝင်ငွေရရှိနိုင်ရုံသာမက Ecosystem ဟုခေါ်ဆိုသည့် သစ်တော၊ သဘာဝဝန်းကျင်နှင့် ဂေဟဗေဒစနစ်များကို အထောက်အကူပေးလျက်လည်း ရှိသည်။

အကြောင်းကြောင်းသော အကြောင်းများအနက် ပြည်တွင်းဝင်ငွေရရှိစေသည့် မြန်မာ့ခရီးသွားလုပ်ငန်းကို မြှင့်တင်ပေးနိုင်သော သဘာဝအခြေခံငှက်ကြည့်ခရီးသွားလုပ်ငန်းသည် မြန်မာနိုင်ငံတွင် ရေပန်းစားခြင်းမရှိဘဲ မေးမှိန်လျက်ရှိသော်လည်း များမကြာမီအချိန်တစ်ချိန်တွင် ဖွံ့ဖြိုးလာမည့် အခြေအနေများရှိသည်ဟု ခရီးသွားကုမ္ပဏီတစ်ခုမှ Tour Operator တစ်ဦးက သုံးသပ်သည်။

“အဲဒီအချိန်ကျမှ ထပြင်ဆင်မယ်ဆိုရင်တော့ နောက်ကျသွားလိမ့်မယ်။ အခုထဲက အားနည်းနေတဲ့အပိုင်းတွေကို ပြင်ထားဖို့လိုတယ်” ဟု ၎င်းက ပြောကြားသည်။ ဧည့်လမ်းညွှန်တစ်ဦးကမူ နိုင်ငံခြားသားဧည့်သည်များအတွက် City Birding Tour ကို ပွင့်လင်းရာသီ နိုဝင်ဘာလမှ ဖေဖော်ဝါရီလကြားတွင် ယခင်က စီစဉ်ပေးရလေ့ရှိသည်ဟု ဆိုသည်။

“ငှက်ဆိုတိုင်း ကျီးကန်းတို့၊ စာကလေးတို့ကို သူတို့က ကြည့်တာမဟုတ်ဘူး။ သူတို့ဆီမှာ မတွေ့နိုင်တဲ့ငှက်တွေကို လာကြည့်ကြတာ” ဟု ၎င်းအဆိုအရ သိရသည်။ မြန်မာနိုင်ငံအထက်ပိုင်းသည် ဟိမဝန္တာတောင်တန်းများနှင့် ဆက်စပ်ကာ တောင်ပိုင်း တနင်္သာရီတိုင်းသည်လည်း မလေးကျွန်းဆွယ်နှင့် ဆက်စပ်နေခြင်းကြောင့် အခြားနိုင်ငံများထက် ရှားပါးငှက်မျိုးစိတ်များပြားသည်ဟုလည်း ဆိုကြသည်။

“ဒီမှာက ဟိမဝန္တာက ငှက်မျိုးစိတ်တွေရော၊ မလေးကျွန်းက ငှက်မျိုးစိတ်ပါ တွေ့နိုင်တဲ့ အားသာချက်တွေရှိတယ်” ဟုလည်း ငှက်ကြည့်သူတို့က ပြောဆိုကြသည်။ မြန်မာနိုင်ငံရှိ နာမည်ကျော် ငှက်ကြည့်နေရာများတွင် ရန်ကုန်မြို့ရှိ လှော်ကားသဘာဝဥယျာဉ်သည် ထင်ရှားသည့်နေရာတစ်ခုဖြစ်သည်ဟုလည်း ငှက်ကြည့်ဧည့်လမ်းညွှန်တို့က ပြောဆိုကြသည်။



**မြန်မာဒေသရင်း နဖားကြူးငှက်**

“လှော်ကားမှာရှိတဲ့ငှက်မျိုး ၁၈၀ ကျော်လောက်ထဲမှာ နိုင်ငံခြားသားစိတ်ဝင်စားတာ သုံးမျိုးလောက်ရှိတယ်။ Rocket-tailed Treepie, Pale-capped Pigeon နဲ့ Oriental Darter အဲဒီသုံးမျိုးကို ကြည့်ဖို့ လာတာများတယ်” ဟုလည်း ရှင်းပြခဲ့သည်။

ရန်ကုန်မြို့ရှိ နာမည်ကျော် အင်းလျားကန်သည်ပင် အာရှငှက်နှင့် မြန်မာငှက်များကို တွေ့နိုင်သောနေရာတစ်ခုဖြစ်ပြီး နိုင်ငံခြားသားများအား အာရှငှက်နှင့် မြန်မာငှက်များကို မိတ်ဆက်ပေးနိုင်သော နီးနီးနားနားနေရာတစ်ခု ဖြစ်သည်။

နှစ်စဉ်ဥရောပနှင့် အမေရိကန်ပြည်ထောင်စုတို့မှ ငှက်ကြည့်သူများက မြန်မာနိုင်ငံသို့ တကူးတကလာရောက်ကြည့်ရှုနေကြသလို ယင်းဝါသနာစွဲလမ်းနေသူ ကမ္ဘာပေါ်တွင် သန်းနှင့်ချီ၍ များပြားသော်လည်း ရှားပါးငှက်အများအပြား နေထိုင်ကျက်စားလျက်ရှိသည့် မြန်မာနိုင်ငံတွင် ငှက်ကြည့်ရန် ဝါသနာပါသူများ စုစည်းထားသည့် ဝါသနာရှင်အသင်းတွင် အဖွဲ့ဝင်ဦးရေ ၄၀၀ ကျော်ခန့်သာရှိသည်ဟု သိရှိရသည်။

## နတ်မ ကယ်လီဖိုးနီးယား

အမေရိကန်ပြည်ထောင်စုတွင် ငှက်ကြည့်သည့် အလေ့အထသည် မကြာသေးခင် ဆယ်စုနှစ်အတွင်းက ရေပန်းစားလာခဲ့ပြီး လူထောင်ပေါင်းများစွာသည် ငှက်ကြည့်သည့်အလုပ်ကို အလေးအနက်ထားပြီးလုပ်ကိုင်လာခဲ့ကြကာ သန်းပေါင်းများစွာသော အမေရိကန်နိုင်ငံသားတို့မှာမူ ငှက်ကြည့်သောအလေ့အထနှင့် ယဉ်ပါးလျက်ရှိကြသည်။ သို့ရာတွင် ငှက်ကြည့်ခြင်းသည် အမေရိကန်ပြည်ထောင်စုထက် အင်္ဂလန်တွင် ပို၍ရေပန်းစားသည်ဟုလည်း ဆိုသည်။

အင်္ဂလန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့တွင် ငှက်ကြည့်သည့်အလေ့အထထွန်းကားလာရန်နှင့် ငှက်ကြည့်သည့်အလေ့အထမည်သို့ဆိုသည်ကို သတ်မှတ်၍ Roger Tory Peterson ဆိုသူက အဓိကကြိုးပမ်းခဲ့သည်ဟုလည်း အမေရိကန်ငှက်ကြည့်သမိုင်းတွင် အားထားရသော Scott Weidensaul 2007 ရေးသားသည့် စာအုပ်

www.foreverspace.com.mm



**ချင်းပြည်နယ် နတ်မတောင်အလှ**

တွင် ဖော်ပြထားသည်။

အဆိုပါစာအုပ်တွင် အမေရိကန်နိုင်ငံတွင် ငှက်ကြည့်သည့် အလေ့အထသည် ၂၀ ရာစုအစပိုင်းနှင့် အလယ်ပိုင်း၌ အရှေ့ပိုင်းပင်လယ်ကမ်းခြေဒေသတွင် စတင်ပေါ်ပေါက်လာခဲ့သည်ဟု ခန့်မှန်းထား၏။ Roger Tory Peterson နှင့် Ludlow Griscon တို့သည် ထိုအချိန်က အဓိကဦးဆောင်သူများဖြစ်သည်ဟုလည်း ဆက်လက်ရေးသားထားသည်။ ၂၀ ရာစုအလယ်ပိုင်းနှင့် နှောင်းပိုင်းတွင် ငှက်ကြည့်သည့်အလေ့အထသည် ကယ်လီဖိုးနီးယားတွင် အထူးဖွံ့ဖြိုးရေပန်းစားလာခဲ့သည်။

မြန်မာနိုင်ငံတွင် ငှက်ကြည့်သည့်အလေ့အထသည် ၁၉၉၃ ခုနှစ်ခန့်၌ စတင်ခဲ့ပြီး သစ်တောပညာရှင်များ သုတေသနပြုရာမှ စတင်ခဲ့သည်ဟုလည်း ငှက်ဝါသနာရှင်တို့က ပြောဆိုကြသည်။

မြန်မာနိုင်ငံတွင် ငှက်ကြည့်ခြင်းသဘာဝအခြေခံခရီးသွားလုပ်ငန်းကို ပထမဆုံး စတင်ဝန်ဆောင်မှုပေးသောကုမ္ပဏီမှာ WATT (Wildbird Adventure Travel & Tour) ဖြစ်ပြီး ၁၉၉၅ ခုနှစ်က စတင်တည်ထောင်ခဲ့သည်။

ကိုသက်ဇော်နိုင် လုပ်ကိုင်နေသည့် SST Tourism ကမူ ၁၉၉၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ကာ ငှက်ကြည့်ခြင်းကို ဝန်ဆောင်မှုပေးခဲ့သည်။

“အဲဒီအချိန်တုန်းက Fax ပဲသုံးရတယ်။ အင်တာနက်၊ E-mail တွေ မရှိသေးဘူး” ဟုလည်း ကိုသက်ဇော်နိုင်ကရှင်းပြသည်။ ရှားပါးငှက်မျိုးစိတ်စာရင်းဝင်မျက်ခုံးဖြူငှက်ပြာခြောက်သည် ချင်းပြည်နယ်တောင်ပိုင်း နတ်မတောင်ခြေ ပလက်ဝမြို့နယ်အနီးတစ်ဝိုက်တွင်သာ တွေ့နိုင်သည်ဟုလည်း SST Tourism လုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

“ဧည့်သည်တွေကို ငှက်ကြည့်ဖို့ ခေါ်သွားပြီဆိုရင် အဲဒီမှာရှိတဲ့ ငှက်တွေထဲက ၈၀ ရာခိုင်နှုန်းလောက် ပြနိုင်ရမယ်။ ငှက်ရဲ့သဘာဝက နေရာအတည်တကျမရှိဘဲ သွားနေတာဆိုတော့ အဲဒါကိုလည်း လာကြည့်တဲ့သူတွေက နားလည်ကြတယ်။ ဒါပေမဲ့ နဖားကြူးလိုငှက်မျိုးကို နတ်မတောင်ပေါ် ရှိတယ်ဆိုပြီး သွားပြရင်တော့ ကွဲမှာပဲ။ တောင်အောက်မှာနေတဲ့ငှက်ကို တောင်ပေါ်မှာပြလို့ ဘယ်တွေ့ပါ့မလဲ” ဟုသူကဆိုသည်။ ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်တွင်းက မြန်မာနိုင်ငံသို့ ငှက်ကြည့်ရန် လာရောက်ကြသည့် ကမ္ဘာလှည့်များ အထူးများပြားလာခဲ့သည်။ ၂၀၀၃ ခုနှစ်နောက်ပိုင်းတွင် ခရီးသွားကုမ္ပဏီများသည် ကိုယ်ပိုင် Website များဖြင့် မြန်မာ့ငှက်မျိုးစိတ်ပုံများကိုတင်ကာ ငှက်ကြည့်ခြင်းကို ဝန်ဆောင်မှုပေးခဲ့ကြသည်။

“ငှက်အကြောင်း Guide လုပ်မယ့်လူတစ်ယောက်က လက်တွေ့လေ့လာထားဖို့လိုတယ်။ ဘာငှက်လဲမေးရင် စာအုပ်မကြည့်ဘဲ လက်တန်းပြောနိုင်ရမယ်။ နောက်ငှက်ကြည့်တဲ့အခါ လိုက်နာရမယ့်ဆောင်ရန်ရှောင်ရန်တွေ သိထားရမယ်။ အဲဒီလိုမှမဟုတ်ဘဲ တွေ့ကရာ စာကလေး၊ ကျီးကန်းကိုပဲလက်ညှိုးထိုးပြတာတို့၊ ဧည့်သည် ငှက်ကြည့်နေတဲ့အခါ စကားပြောတာတို့လုပ်ရင် နောင်ဧည့်သည် ထပ်လာမှာမဟုတ်တော့ဘူး” ဟု ဝါရင့်ငှက်ကြည့်ဧည့်လမ်းညွှန်တစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံရှိ ခရီးသွားကုမ္ပဏီအချို့သည် ငှက်ကြည့်ခရီးစဉ်နှင့် ပတ်သက်၍ လွဲမှားမှုများရှိခဲ့ကြောင်းနှင့် ကျွမ်းကျင်မှုမရှိသော ငှက်ကြည့်ဧည့်လမ်းညွှန်များကြောင့် နာမည်မရဘဲ ဖြစ်ခဲ့ဖူးကြောင်းလည်း Tour Operator တစ်ဦးက ဆိုသည်။

“ဒါတွေက အလွတ်ကျက်ထားလို့မရသလို အခြေအနေတွေက အပြောင်းအလဲတွေရှိတယ်။ တကယ်ပဲစိတ်ဝင်စားတဲ့ ကျွမ်းကျင်တဲ့ ငှက်ကြည့်ဧည့်လမ်းညွှန်တွေများများပေါ်လာဖို့လည်းလိုတယ်” ဟုလည်း ကိုသက်ဇော်နိုင်ကဆိုသည်။ ငှက်ကြည့်ဧည့်လမ်းညွှန်များအနေဖြင့် ဧည့်သည်က သွားရောက်ကြည့်ရှုလိုသည့်နေရာများကို ကိုယ်တိုင်သွားရောက်လေ့လာထားရန် လိုသလို ထင်ရှားသည့်ငှက်ကြည့်နေရာများကို လေ့လာထားရန် လိုအပ်သည်ဟုလည်း ငှက်ဝါသနာရှင်တစ်ဦးက ဆိုသည်။

လက်ရှိမြန်မာနိုင်ငံတွင် လိုင်စင်ရဧည့်လမ်းညွှန် ၄၂၇၈ ဦးရှိသည့်အနက် ကျွမ်းကျင် ငှက်ကြည့်ဧည့်လမ်းညွှန်မှာ ၂၀ ဦးဝန်းကျင်ခန့်သာရှိသည်ဟု ဧည့်လမ်းညွှန်တစ်ဦးက ပြောကြားသည်။ “ငှက်ကြည့်သင်တန်းတွေရှိဖို့လိုလာမယ်။ ကုမ္ပဏီတွေကလည်း အားပေးပြီးမွေးထားရမယ်။ Eco-Tour တွေအများကြီးဝင်လာမှ ထလုပ်လို့မရဘူး” ဟုလည်း ကိုသက်ဇော်နိုင်က

www.foreverspace.com.mm

ဆိုသည်။ လာမည့်သုံးနှစ်အတွင်း ငှက်ကြည့်ခရီးသွားလုပ်ငန်းအပါအဝင် Ecotourism ခရီးသွားလုပ်ငန်းသည် အလျင်အမြန်ဖွံ့ဖြိုးလာဖို့ရှိသည်ဟု Ecotourism လုပ်ကိုင်သည့်ကုမ္ပဏီများက သုံးသပ်ကြသည်။

၂၀၀၈ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့တွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်က ခရီးသွားလုပ်ငန်းမှရသည့် အမျိုးသားဝင်ငွေသည် လူထုထဲမှ လူတန်းစားအသီးသီးသို့ စိမ့်ဝင်စီးဆင်းပြီး ပြည်သူတို့ကို တိုက်ရိုက်အကျိုးပြုသောလုပ်ငန်းဖြစ်သည်ဟုလည်း နေပြည်တော်တွင်ကျင်းပခဲ့သည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းမြှင့်တင်ရေးအစည်းအဝေးတစ်ခုတွင် ပြောကြားခဲ့သည်။

သို့ရာတွင် လာမည့်ခရီးသွားရာသီသည် ၂၀၀၃ ခုနှစ် ဝန်းကျင်နှစ်များကဲ့သို့ ငှက်ကြည့် Tour များ အားရဖွယ်ရာမရှိဘဲ ယမန်နှစ် ၂၀၀၇ ကဲ့သို့ပင် ငှက်ကြည့်ခရီးသွားနည်းပါးလိမ့်မည်ဟုလည်း ခန့်မှန်းကြသည်။

## ဒေသခံများ၏ မေးခွန်းတစ်ခု

၂၀၀၇ ခုနှစ်တွင်းက အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော မြန်မာ့ဟိုတယ်နှင့် ခရီးသွားလမ်းညွှန်စာအုပ်တွင် အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ အင်းတော်ကြီး ဘေးမဲ့တော၊ ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်နှင့် မိုးယွန်းကြီးအင်းတို့ကို မြန်မာနိုင်ငံရှိ ငှက်များနှင့် ရှားပါးငှက်များကို လေ့လာနိုင်သောနေရာများအဖြစ် ထည့်သွင်းဖော်ပြထားခဲ့သည်။

နောင်တွင် အရှည်သဖြင့် ခရီးသွားကုမ္ပဏီများသည် ငှက်ကြည့်ခရီးသွားဒေသများတစ်ဝိုက်တွင် ဒေသခံများအတွက် အကျိုးအမြတ် အခွင့်အလမ်းများပေးခြင်း၊ ဒေသဖွံ့ဖြိုးရေးများတွင် ပါဝင်ခြင်းတို့ဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး (Sustainable) ကို လုပ်ဆောင်သင့်သည်ဟု ကိုသက်ဇော်နိုင်က အကြံပြုသည်။

ငှက်ဝါသနာရှင်တစ်ဦးသာမက ငှက်ကြည့်ဧည့်လမ်းညွှန်လည်းဖြစ်သူ ကိုသက်ဇော်နိုင်က ခရီးသွားကုမ္ပဏီများ၏ မတော်မတည့်အဖြစ်အပျက်ကလေးများနှင့် ပတ်သက်၍ ဤသို့ ပြန်ပြောင်းပြောပြသည်။

"ပြီးခဲ့တဲ့နှစ်တွေတုန်းက Tour ကုမ္ပဏီတစ်ခုက ဒေသခံလမ်းပြငှားတယ်။ ပုံမှန်ဈေးရှိတာရဲ့ ဆယ်ပုံတစ်ပုံလောက်ပဲ ပေးပြီး ငှားတယ်။ အဲဒီတော့ ဒေသကလူတွေက ဘာဖြစ်သွားလဲဆိုတော့ ဟာ . . . ရတော့ ရန်ကုန်ကကောင်တွေကပဲ ရတာပါ၊ ငါတို့ ဘာမှအကျိုးမရှိပါဘူးဆိုပြီး ဖြစ်သွားတယ်။ ဒေသခံတွေအပြင် သစ်တောဝန်ထမ်းတွေကပါ ဒီလိုဝင်ငွေရနိုင်သမျှနည်းလမ်းတွေကို ဖန်တီးပေးဖို့ ကုမ္ပဏီတွေက လုပ်ပေးဖို့လိုတယ်။ သူတို့အတွက် အကျိုးအမြတ်မရှိဘူးဆိုရင် ငှက်တွေ၊ သစ်တောတွေ၊ သဘာဝပတ်ဝန်းကျင်တွေကို အထူးတလည် ထိန်းသိမ်းဖို့ စိတ်ဝင်စားမှာမဟုတ်ဘူး"

ယင်းကဲ့သို့ သွားရောက်လည်ပတ်သူများကို လမ်းညွှန်ပို့ဆောင်သည့်ကုမ္ပဏီများအနေဖြင့် ဒေသခံများအတွက် ပူး



www.foreverspace.com.mm

## မျက်ခုံးဖြူငှက်ပြာခြောက် (White-browed Nuthatch)

| | |
|---|---|
| **သိပ္ပံအမည်** | – *Sitta Victorae* |
| **အရွယ်အစား** | – ၁၁ စင်တီမီတာခန့် |
| **သားပေါက်ချိန်** | – မတ်လနှင့် ဧပြီလ |
| **တွေ့ရှိရာဒေသ** | – အပူပိုင်းရွက်ပြတ်ရောတောနှင့် အမြဲစိမ်းသစ်တောများ ရောနှောပေါက်ရောက်ရာ မြန်မာနိုင်ငံ ရခိုင်ရိုးမ ချင်းပြည်နယ်တောင်ပိုင်း မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်တို့ရှိ ဝိတိုရိယ တောင်ထိပ်အနီး၊ ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၇၅၀၀ မှ ၁၀၅၀၀ ကြားတွင် ပေါက်ရောက်သော ဝက်သစ်ချ၊ တောင်ဇလပ်နှင့် ထင်းရှူးတောများ။ |
| **ထင်ရှားသည့်အရောင်** | – ခန္ဓာကိုယ်မှာ မွဲပြာပြာအရောင်ရှိ၊ မျက်ခုံးတွင် ထင်ရှားသည့် အဖြူစင်းကြောင်းပါရှိ၊ ခန္ဓာကိုယ်ဘေးတစ်ဖက်တစ်ချက် အဝါရောင်ရှိပြီး ဗမ်းဗိုက်ပိုင်းအနည်းငယ် အဖြူရောင်သန်း။ |
| **ထူးခြားမှု** | – မြန်မာနိုင်ငံ ချင်းပြည်နယ်တောင်ပိုင်းရှိ ယင်းဒေသတစ်ခုတည်းတွင်သာ တွေ့ရှိနိုင်သည့် ဒေသရင်းငှက်မျိုးစိတ် (Endemic Species) ဖြစ်ပြီး ရှားပါး၍ မျိုးတုံးပျောက်ကွယ်တော့မည့် စာရင်း (Red List of Threatend Species) တွင် ပါဝင်။ |
| **အလေ့အထ** | – အုပ်စုဖွဲ့မနေဘဲ တစ်ကောင်ချင်းတွေ့ရှိရတတ်။ |

ပေါင်းပါဝင်ထည့်ဝင်ခြင်းမရှိဘဲ လက်ဝါးကြီးအုပ်အမြတ်ထုတ်သွားခြင်းကြောင့် အိမ်နီးချင်း ထိုင်းနိုင်ငံတွင် ဒေသခံတို့နှင့် ကုမ္ပဏီတို့ကြား သေမှုသေခင်းဖြစ်သည်အထိ ပဋိပက္ခများဖြစ်ပွားခဲ့သည်ဟု သဘာဝပတ်ဝန်းကျင်နှင့် ခရီးသွားလုပ်ငန်းများအကြောင်းရေးသားသူ Jame Ferns ၏ 'မီးသင့်နေသောမြေ' (A Land on Fire) စာအုပ်တွင် ရေးသားထားသည်။ မြန်မာနိုင်ငံငှက်ကြည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာရေးအတွက် အချက်နှစ်ချက် လိုအပ်သည်ဟု SST Tourism မှ ကိုသက်ဇော်နိုင်က သုံးသပ်သည်။

"လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးလာဖို့ လိုတယ်။ အစိုးရ၊ ပုဂ္ဂလိက ပူးပေါင်းပြီး သစ်တော၊ သစ်ပင်၊ သဘာဝပတ်ဝန်းကျင်တွေ ထိန်းသိမ်းဖို့ လိုတယ်" ဟုလည်း ဆိုသည်။



ငှက်ကြည့်ဝါသနာရှင်တစ်ဦးအဖို့ ငှက်ကြည့်ရန်မှန်ပြောင်း (Binoculars) နှင့် ငှက်ကြည့်လမ်းညွှန်စာအုပ် (Field Guide) မရှိမဖြစ် ပါရှိရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၌ အရည်အသွေးကောင်းမွန်သည့် ငှက်ကြည့်မှန်ပြောင်းတစ်ခု၏ဈေးနှုန်းမှာ သာမန်ငှက်ကြည့်ဝါသနာရှင်တစ်ဦးအဖို့ ဝယ်ယူရန်မလွယ်ကူသည့်ဈေးနှုန်းတွင်ရှိနေပြီး မှန်ပြောင်းချို့ယွင်း ပျက်စီးသွားပါကလည်း ပြုပြင်ရန် ခက်ခဲလှကြောင်း၊ ထို့အတူ မြန်မာနိုင်ငံရှိ ငှက်အမျိုးအစားများ စုံလင်စွာပါဝင်သည့် Birds of South East Asia, Birds of Thailand စသည့် Field Guide စာအုပ်များမှာလည်း ပြည်တွင်း၌ ဝယ်ယူရရှိရန် ခက်ခဲကြောင်း ဝါသနာရှင်တစ်ဦး၏ လိုအပ်ချက်နှင့် ရင်ဆိုင်ရလေ့ရှိသည့် အခက်အခဲကို အသင်းအမှုဆောင် ဦးကျော်နိုင်က သုံးသပ်ပြောကြားသည်။

"ငှက်ဝါသနာရှင်တွေ စနစ်တကျ ငှက်ကြည့်တတ်အောင်၊ ကျွမ်းကျင်တဲ့ ငှက်ကြည့်ဧည့်လမ်းညွှန်တွေ ပေါ်ထွက်အောင်နဲ့ တစ်ဖက်တစ်လမ်းကလည်း သဘာဝအခြေခံခရီးသွားလုပ်ငန်းကို အထောက်အကူပြုအောင် ကျွန်တော်တို့အသင်းနဲ့

www.foreverspace.com.mm

သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နဲ့ သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာနတို့ ပေါင်းပြီး ငှက်ကြည့်အခြေခံသင်တန်းကို နှစ်စဉ်လှော်ကားဥယျာဉ်မှာ ပို့ချပေးနေပါတယ်။ အသင်းက အခါအားလျော်စွာ ထွက်တဲ့ ငှက်စာရင်းကောက်တဲ့ ခရီးစဉ်တွေမှာလည်း အသင်းဝင်တွေရော သင်တန်းဆင်းပြီးတဲ့သူတွေပါ အတွေ့အကြုံရအောင် လိုက်ပါနိုင်အောင် စီစဉ်ပေးတယ်" ဟု လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုအတွက် အသင်းက တစ်တပ်တစ်အားဆောင်ရွက်နေမှုကို ၎င်းကရှင်းပြသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ (World Tourism Organization) စာရင်းများအရလာမည့် ၂၀၁၀ ခုနှစ်တွင် ကမ္ဘာနှင့်အဝန်း ခရီးသွားလာမည့် ဧည့်သည်သည် တစ်ဘီလီယံထိ ရောက်ရှိလာမည်ဟု ခန့်မှန်းထားခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ၈၅၀ ကျော်ရှိခဲ့သည်ဟုလည်း ဆိုသည်။

နာဂစ်မုန်တိုင်းကြောင့် လှော်ကားဥယျာဉ်အပါအဝင် ရန်ကုန်မြို့ရှိ သစ်ပင်များ ပျက်စီးမှုကြောင့် အင်းလျားနှင့် လှော်ကားဥယျာဉ်တို့တွင် ငှက်မျိုးစိတ်များ တွေ့ရှိရမှုလျော့နည်းလာသည်ဟုလည်း ငှက်ကြည့်ဧည့်လမ်းညွှန်တို့က ဆိုကြသည်။ ငှက်မျိုးစိတ်များ လျော့နည်းလာသည့်နည်းတူ ယခုနှစ်အတွင်း ငှက်ကြည့်ရန် လာရောက်သူ အရေအတွက်မှာလည်း လျော့နည်းလျက်ရှိသည်။

'Ecology of White-browed Nuthatch' မျက်ခုံးဖြူငှက်ပြာခြောက်၏ ဂေဟဗေဒစနစ်စာတမ်းဖြင့် လန်ဒန်အရှေ့တိုင်း ငှက်ဝါသနာရှင်များအသင်းစာစောင်တွင် ဖော်ပြခံရသူ ကိုသက်ဇော်နိုင်ကမူ SST Tourism နှင့်အတူ ငှက်ကြည့်ဧည့်လမ်းညွှန်အဖြစ် ယနေ့အထိ ရပ်တည်လျက်ရှိသည်။ SST ကုမ္ပဏီတွင် ငှက်ကြည့်ဧည့်လမ်းညွှန်အဖြစ် ရှစ်နှစ်ခန့်၊ ငှက်ဝါသနာရှင် အတွင်းရေးမှူးအဖြစ်လည်း ရှစ်နှစ်ခန့်ဖြတ်သန်းခဲ့သူ ၎င်းသည် ယနေ့ခရီးသွားနည်းပါးသည့် ခရီးသွားရာသီကို ရင်ဆိုင်ရဦးမည်ဖြစ်၏။ မြန်မာနိုင်ငံတွင်သာမဟုတ်ဘဲ တစ်ကမ္ဘာလုံး စီးပွားပျက်ကပ်ကြောင့် ခရီးသွားကျဆင်းနေခြင်းဟုလည်း သူကဆိုသည်။ အခြားခရီးသွားကုမ္ပဏီဝန်ထမ်းများကဲ့သို့ အခြားအလုပ်များပြောင်းလဲရန်မရှိဘဲ သူ၏ SST ကုမ္ပဏီနှင့်အတူ ကြံ့ကြံ့ခံနေမည်ဟု ၎င်းကဆိုသည်။






"ကုမ္ပဏီက ငှက်ကြည့်ခရီးစဉ်တွေလုပ်နေသရွေ့ ကျွန်တော် ဒီအလုပ်ပဲ လုပ်နေမှာပါ" ဟု ကိုသက်ဇော်နိုင်က ဆိုသည်။

**တင်အောင်ကျော်**

■

# နာဂစ်အလွန်လပွတ္တာနှင့် ပြောင်းလဲလာသည့်လုပ်ငန်းခွင်

ကျော်ဆန်းမင်း ၊ အောင်ငိုး



www.foreverspace.com.mm

www.foreverspace.com.mm

**နာဂစ်ဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်ခံဒေသများတွင် ကြေကွဲဖွယ်ဖြစ်ရပ်ဆိုးကြီးများနှင့် ရင်ဆိုင်ခဲ့ရခြင်းမျိုးကဲ့သို့ အဆိုးဘက်ခြမ်းရှိသကဲ့သို့ စနစ်ကျနမှုမရှိသည့် မူလတည်ဆောက်ထားမှုပုံစံမှ စနစ်ကျနစွာတည်ဆောက်ထားသည့်ကျေးရွာများအဖြစ်သို့ ရောက်ရှိလာခြင်း၊ မုန်တိုင်းကြောင့် နိုင်ငံတကာ INGO(အစိုးရမဟုတ်သောအဖွဲ့အစည်း) များနှင့် ဒေသခံတို့ ထိတွေ့ဆက်ဆံမှုရလာပြီး ယင်း NGO များကြောင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာခြင်းကဲ့သို့ အကောင်းဘက်အခြမ်းလည်းရှိနေပေသည်။**

## ယခင်

နာဂစ်မုန်တိုင်း မတိုက်ခတ်မီ လပွတ္တာမြို့နယ်တွင် နေထိုင်ကြသူအများစုမှာ ဆားချက်လုပ်ငန်း၊ ရေလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းများ လုပ်ကိုင်ကြပြီး ရုပ်ပိုင်းဆိုင်ရာ (Physical) လုပ်ငန်းများထွန်းကားရာ ဒေသများဖြစ်သည်။ စီးပွားရေးဖွံ့ဖြိုးသည့် ဒေသဖြစ်သော်လည်း သားသမီးများ၏ ပညာရေးကို ငွေကုန်ကြေးကျခံ၍ အားပေးသော မိဘအရေအတွက်မှာ ရာခိုင်နှုန်းအားဖြင့်တော့ လွန်စွာနည်းပါးလှသည်။

ဧရာဝတီတိုင်းရှိ ဒေသများတွင် စီးပွားရေးဖွံ့ဖြိုးရခြင်း၏ အဓိကအကြောင်းအရင်းမှာ ဒေသ၏ ပထဝီမြေအနေအထားအရ သဘာဝသယံဇာတများပေါကြွယ်ဝသဖြင့် ယင်းသဘာဝသယံဇာတများကို အသုံးပြု လုပ်ကိုင်ကြခြင်းကြောင့်ဖြစ်သည်။ တစ်နည်းအားဖြင့် ယင်းဒေသ၏ အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သော ဆားချက်လုပ်ငန်း၊ ရေလုပ်ငန်း၊ လယ်ယာလုပ်ငန်းများမှာ ပညာအခြေပြုစီးပွားရေးလုပ်ငန်းများမဟုတ်ဘဲ ကာယအခြေပြု စီးပွားရေးလုပ်ငန်းများဖြစ်သည်ကို တွေ့ရသည်။

## ယခု

နာဂစ်မုန်တိုင်း တိုက်ခတ်မှုအပြီး ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် INGO အဖွဲ့အစည်းများစွာ ထပ်မံရောက်ရှိ အခြေစိုက်လာပြီး ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ကိုင်ရန် Project များရေးဆွဲ၍ လို အပ်သည့်ရာထူးများအတွက် အလုပ်အကိုင်များ ခေါ်ယူလာကြသည်။ ယင်းအလုပ်အကိုင်များ၏ မြင့်မားလာသောလစာနှုန်းထားကြောင့် ဒေသခံများမှာ အလုပ်အကိုင်ရရှိရေး ဝင်ရောက်ယှဉ်ပြိုင်ရန် စိတ်ဝင်စားလာကြသည်။

INGO များ၏ Project များမှာ လပွတ္တာမြို့နယ်အတွင်း ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ကိုင်ရန် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အလုပ်ခေါ်ယူရာတွင်လည်း နယ်မြေကျွမ်းကျင်သည့်ဒေသခံများကိုသာ ဦးစားပေးခေါ်ယူသဖြင့် ဒေသခံများအတွက် လစာ



www.foreverspace.com.mm



ဖြင့် အလုပ်အကိုင်ရရှိရေး အခွင့်အလမ်းကောင်းများပင် ဖြစ်နေသည်။

ယင်းကြောင့် လပွတ္တာမြို့နယ်မှ ယခင်ကကဲ့သို့ ဝန်ထမ်းလုပ်ရန်စိတ်ဝင်စားမှု နည်းပါးသည့်အနေအထားမျိုးမှ INGO များတွင် အလုပ်အကိုင်ရရှိရေးအတွက် နေ့စဉ် INGO ရုံးများ၏ မျက်နှာစာတွင် ကြေညာထားသည့်အလုပ်ကြော်ငြာများကို ကြိတ်ကြိတ်တိုးလာရောက်ကြည့်ရှုကြပြီး အလုအယက်လျှောက်ထားကြသည်မှာ ယခင်နှင့်မတူသည့်မြင်ကွင်းတစ်ခုဖြစ်သည်။

## လျှောက်ကြသူများ

INGO များ၏ အလုပ်လစ်လပ်ရာထူးများမှာ ဒေသခံများကို ဦးစားပေးခေါ်ယူသည်ဆိုသော်လည်း ပညာရေးလိုအပ်ချက်မှာ ဒေသခံများအတွက်အဓိကအတားအဆီးတစ်ရပ်ဖြစ်နေသည်။ လစ်လပ်ရာထူးအများစုမှာ အနိမ့်ဆုံးဘွဲ့ရအဆင့်များကိုသာခေါ်ယူခြင်းဖြစ်သဖြင့် ဘွဲ့ရရှားပါးသည့်ရွာမှ လူငယ်များအတွက် အခွင့်အလမ်းနည်းပါးလှသည်။

"ကျွန်တော်က ၁၀ တန်းအောင်ထားတာပါ။ ICRC, Save the Children တို့ ဒီ UNDP ရုံးတွေမှာလည်း ပြီးခေါ်သမျှ လျှောက်နေတာများလှပြီ။ အင်တာဗျူးတောင် အခေါ်မခံရသေးဘူး။ ကျွန်တော်လျှောက်တဲ့ စားနပ်ရိက္ခာဖြစ်ပွားရေးအလုပ်အတွက်က အနိမ့်ဆုံးလိုအပ်တဲ့ပညာအရည်အချင်းက ဆယ်တန်းအောင်လို့ သတ်မှတ်ထားတယ်။ တခြားဒီထက်လစာကောင်းတဲ့ အလုပ်နေရာတွေက အင်္ဂလိပ်စာနဲ့ ကွန်ပျူတာတတ်မှဖြစ်မှာ။ ရွာမှာက အင်္ဂလိပ်စာတွေ၊ ကွန်ပျူတာတွေမပြောနဲ့ ဆယ်တန်းအောင်တဲ့လူက ခပ်ရှားရှားပဲ" ဟု UNDP အလုပ်လျှောက်လွှာလာတင် သည့် အသက် ၂၈ နှစ်ခန့်ရှိ ဒေသခံလူငယ်တစ်ဦးက ပြောပြသည်။

ရွာသူ၊ ရွာသားများအနေဖြင့် အလုပ်ရရှိရန်အခွင့်အရေးနည်းပါးလှကြောင်း၊ ပညာအရည်အချင်းအားဖြင့် ပြည့်စုံသည့်သူနည်းသကဲ့သို့ INGO များအခြေစိုက်ရာ လပွတ္တာမြို့နှင့်ဝေးကွာသည့်အတွက် အသိနောက်ကျသဖြင့် မြို့ခံများသာ ဦးစွာအလုပ်ရလေ့ရှိကြောင်း ၎င်းက ရှင်းပြသည်။

အလုပ်လျှောက်လွှာတစ်ထပ်ကြီးကိုင်၍ အလုပ်လျှောက်ထားရန် လာရောက်သူအမျိုးသမီးငယ်တစ်ဦးက "ကျွန်မလျှောက်လွှာတင်ထားတာ သုံးနေရာလောက်ရှိပြီ။ လျှောက်လွှာပိတ်ရက်ကလိုသေးတော့ အင်တာဗျူးပါ၊ မပါမသိရသေးဘူး။ ကျွန်မက ဘွဲ့ရပြီးသွားပြီ။ ကွန်ပျူတာလည်း တတ်တယ်ဆိုတော့ လျှောက်လို့ရတဲ့ရာထူးတွေများပါတယ်" ဟုဆိုသည်။

UNDP လက်အောက်ရှိ ကျေးရွာဖွံ့ဖြိုးရေး၊ စားနပ်ရိက္ခာဖြစ်ဖြိုးရေး အစီအစဉ်တွင် လုပ်ကိုင်နေသူ ဒေသခံလူငယ်တစ်ဦးက "ကျွန်တော်တို့ ဒီမှာရှိနေတာအားလုံး ဒေသခံတွေပဲ။ ကျွန်တော်တို့က WFP အစီအစဉ်နဲ့ ရိက္ခာဖြန့်ဝေဖို့ တာဝန်ယူထားရတဲ့ Program တစ်ခုပါ။ အဲဒီတော့ ကျေးရွာတွေကိုဆင်းပြီး ရိက္ခာဖြန့်ရတယ်ဆိုတော့ နယ်မြေကျွမ်းကျင်တဲ့သူတွေမှဖြစ်မှာ။ ဒါကြောင့် ဒေသခံတွေပဲခန့်ထားတာ။ အများစုက ဘွဲ့ရတွေပဲ။ ရွာကလူတွေ အများစုက



www.foreverspace.com.mm





လိုအပ်တဲ့အရည်အချင်း ပြည့်မီမှုမရှိကြဘူး။ အဲဒီတော့ လပွတ္တာမြို့ပေါ်ကလူတွေပဲ အလုပ်ရတာများတယ်။ အလုပ်ကလျှောက်တဲ့အထဲမှာတော့ ရွာဘက်ကလူတွေလည်း အများကြီးတွေ့ရတယ်" ဟု ရှင်းပြသည်။

## အလုပ်ခေါ်ယူမှု

INGO များအနေဖြင့် အလုပ်ခေါ်ယူရာတွင် လစ်လပ်ရာထူးနှင့် အံဝင်ခွင်ကျရှိရုံမက လုပ်ငန်းခွင်နှင့် အဆင်အပြေဆုံးသူများကို ရရှိရန်ဦးစားပေးအဆင့်များသတ်မှတ်၍ ခေါ်ယူကြသည်မျိုးရှိရာ ဒေသခံအချို့မှာ INGO များအနေဖြင့် နီးစပ်ရာလူများကိုသာခေါ်ယူခန့်ထားသည်ဟု အထင်ရောက်လျက်ရှိကြသည်။

"ကျွန်တော်တို့အလုပ်ခန့်တဲ့နေရာ မှာ မြို့နယ်အဆင့်ပုဂ္ဂိုလ်တွေကလွဲရင် ကျန်ဝန်ထမ်းတွေအားလုံးက လပွတ္တာဒေသခံတွေပါ။ မြို့ကလူတွေအများစု အလုပ်ရကြတယ်ဆိုတာက ဘွဲ့ရအများစုက ရွာကလူတွေနည်းတယ်။ ဘွဲ့လည်းရမယ်။ ရွာကလည်းဖြစ်မယ်ဆိုရင် ရွာကလူတွေကိုဦးစားပေးပါတယ်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နဲ့ စားနပ်ရိက္ခာဖြန့်ဖြူးရေးအစီအစဉ်တွေမှာက ဒေသခံတွေကိုပဲ ဦးစားပေးခန့်ထားပါတယ်" ဟု UNDP မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ရှင်းပြသည်။

UNDP အနေဖြင့် မူလကတည်းက လပွတ္တာတွင် ငွေချေးလုပ်ငန်းများလုပ်ကိုင်လျက်ရှိရာ ယင်းအစီအစဉ်အတွက် ဒေသခံများကို အလုပ်ခန့်ထားကြောင်း၊ ယခုနာဂစ်မုန်တိုင်းတိုက်ခတ်သည့်အတွက် Program အသစ်များထပ်မံတိုးချဲ့လာ၍ အလုပ်နေရာသစ်များခေါ်ယူရာတွင် အပြင်လူများထက် လုပ်ငန်းခွင်ထဲမှ ဒေသခံများနှင့်ဆက်နွယ်သူများကို အဓိကထားခေါ်ယူခဲ့ကြောင်း ယင်းမှသာ လုပ်ငန်းခွင်တွင် နားလည်မှုရှိသဖြင့် အဆင်ပြေနိုင်မှာဖြစ်ကြောင်း ၎င်းက ဆက်လက်ရှင်းပြသည်။

"ကျွန်မတို့ မာလင် (Marlin) မှာက ဆေးဘက်ဆိုင်ရာကိစ္စတွေပဲလုပ်ရတာဆိုတော့ ဒေသခံတွေကိုခန့်လို့မဖြစ်ဘူး။ ဒါပေမယ့် စက်လှေသမားတို့ ဆေးဖြန့်ဖို့အတွက်တို့လို ဒေသခံတွေနဲ့ ဆက်ဆံရမယ့်နေရာမျိုးတွေမှာတော့ ဒေသခံတွေကိုခန့်ထားပါတယ်။ ကျွန်မတို့လုပ်ငန်းက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆို တော့ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူတွေများပါတယ်" ဟု Marlin မှ Emergency Response Programme Manager Dr. Paula San Som က ဆိုသည်။



## နိဂုံး

INGO များ လပွတ္တာတွင် လာရောက်အခြေစိုက်မှုကြောင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများစွာ ပွင့်လင်းလာပြီး ဒေသခံများ၏စိတ်တွင်လည်း အလုပ်ရလိုစိတ်များ ပြင်းထန်စွာဖြစ်ပေါ်ခဲ့သည်။ ယင်းကြောင့်ဒေသခံများမှာ လစာနှုန်းထားမြင့်မားသည့် ပညာအခြေစိုက်လုပ်ငန်းခွင်များနှင့် ထိတွေ့ခွင့်ရလာကြပြီ ဖြစ်သည်။

"NGO တို့ INGO တို့မှာ အလုပ်လျှောက်မယ်ဆိုရင် အရေးကြီးဆုံးက ကိုယ်လုပ်ရမယ့်အလုပ်ကို သေသေချာချာကျွမ်းကျင်ဖို့ပဲ။ ဆရာဝန်ဖြစ်ဖြစ်၊ IT ပညာရှင်

www.foreverspace.com.mm



ဖြစ်ဖြစ်၊ Logistic ပဲဖြစ်ဖြစ် ကိုယ့်နယ်ပယ်နဲ့ပတ်သက်ပြီး ကျွမ်းကျင်နေရမယ်။ လူငယ်အများစုထင်ထားသလို အင်္ဂလိပ်စာတော်ရင် ရပြီဆိုတာမျိုးမဟုတ်ပါဘူး။ အင်္ဂလိပ်စာမှာတော်ပြီး တခြားနေရာမှာ သုံးလို့မရတဲ့သူတွေ အများကြီးပဲ။ အင်္ဂလိပ်စာဆိုတာ လုပ်ငန်းခွင်ဆက်သွယ်ရေးကောင်းဖို့အတွက် လိုအပ်တဲ့သတ်မှတ်ချက်တစ်ခုပါပဲ" ဟု Marlin တွင် Field Logistician အနေဖြင့် တာဝန်ယူဆောင်ရွက်နေ သူ ဦးဇာနီဋ္ဌေးအောင်က ရှင်းပြသည်။

လပွတ္တာမြို့တွင် အလုပ်လျှောက်ထားမှု မြင့်မားလာသည့်အတွက် မိတ္တူကူးဆိုင်များ ပိုမိုပေါ်များလာပြီး မိတ္တူလုပ်ငန်းများစွာ အလုပ်ဖြစ်နေကြောင်း၊ ပညာရေး



၏အရေးပါမှုကို ဒေသခံများစတင်စိတ်ဝင်စားလာပြီဖြစ်၍ နောက်ပိုင်းတွင် ဘာသာစကားသင်တန်းကျောင်းများ၊ ကွန်ပျူတာသင်တန်းကျောင်းများပါ ဖွံ့ဖြိုးလာနိုင်ကြောင်း၊ INGO များ၏ အလုပ်ခေါ်ယူမှုမှာ ကာလတိုဟုဆိုသော်လည်း ၂ နှစ်၊ သုံးနှစ်ခန့် ဆက်လက်ရှိသွားနိုင်ဦးမည်ဖြစ်ကြောင်း၊ ယင်းကြောင့်ဒေသခံများအတွက် အခွင့်အရေးများစွာရှိနေသေးကြောင်း ICRC မှ ဝန်ထမ်းတစ်ဦးက ဆိုသည်။

လပွတ္တာမြို့နယ်မှာ ကျေးရွာအုပ်စုပေါင်း ၅၀ ကျော်ရှိပြီး ကျေးရွာငယ်ပေါင်း ၃၀၀ ခန့်ရှိသော်လည်း လပွတ္တာမြို့ပေါ်



တွင်ဖွင့်လှစ်ထားသည့်ဘော်ဒါဆောင်မှာ နှစ်စဉ် ကျောင်းသား ၈၀ မှ ၁၀၀ အောက်သာ တက်ရောက်လေ့ရှိသည်။ သို့သော် ယခုကဲ့သို့မြင့်မားသည့် လစာနှုန်းထားနှင့် အခွင့်အလမ်းကောင်းများရှိသည့်လုပ်ငန်းများ ပေါ်ပေါက်လာသောအခါ ဝင်ရောက်လုပ်ကိုင်လိုသော်လည်း ပညာရေး လိုအပ်ချက်များကြောင့် အလှမ်းမမီဖြစ်ရသည်ကို ကိုယ်တွေ့ဒိဋ္ဌ ကြုံတွေ့ကြရပြီဖြစ်ပေရာ မကြာမီကာလများတွင် ပညာရေးပေါ်တွင် အာရုံကျက်စားသည့် လူငယ်များ ပိုမိုပေါ်ပေါက်လာဖွယ်ရှိနေသည်။

**ကျော်ဆန်းမင်း ၊ အောင်စိုး**

www.foreverspace.com.mm



# မြန်မာ့ Software လောက ပြိုင်ဘက်တွန်းလှန်ရှေ့နိုင်ပါသည်

ဂျီအောင်ဘန်း

## ပြုမယ် ပြင်မယ် အိုင်တီလောကဖြစ်ရပ်

### ဖြစ်ရပ် (၁)


ပူပြင်းလှသောရာသီဥတုနှင့် ဆန့်ကျင်စွာ နိုင်ငံခြား အိုင်တီကုမ္ပဏီတံဆိပ်ရိုက်နှိပ်ထားသည့် တီရှပ်များကိုဝတ်ဆင်ထားသည့် ဆယ်ကျော်သက်အရွယ် လူငယ်များမှာ လက်ခုပ်လက်ဝါးဆူညံစွာ အော်ဟစ်အားပေးလျက် ကျယ်ဝန်းသောခန်းမထဲတွင် ကျင်းပပေးနေသည့် ကွန်ပျူတာဂိမ်းပြိုင်ပွဲမှာ စီးဝင်နစ်မျောနေ၏။ ယင်းခန်းမအပေါ်တည့်တည့်မှာရှိသည့် အမှန်တကယ်တန်ဖိုးရှိသည့် Software နှင့်ပတ်သက်သည့် ဟောပြောပွဲကျင်းပရာ (အများဆုံးဝင်ဆံ့လျှင် လူတစ်ရာ့ငါးဆယ်ထက်မပိုသည့်) ခန်းမငယ်ထဲမှာတော့ အမေရိကန်ပြည်ထောင်စုရှိ နည်းပညာတက္ကသိုလ်မှ မဟာဘွဲ့ယူလာသည့် လူငယ်ပညာရှင်၏ နောက်ဆုံးပေါ်နည်းပညာရပ် (Programming Language)နှင့် ပတ်သက်သည့် မိတ်ဆက်ဟောပြောပွဲမှာတော့ တက်ရောက်လာသည့် ကျိုးတို့ကြဲတဲ သက်ကြီးပရိသတ်ကိုကြည့်ပြီး ဟောပြောမည့်သူကိုယ်တိုင် ဟောပြောနေရင်း သက်ပြင်းအကြိမ်ကြိမ်ချနေ၏။ အဘယ်ကြောင့်ဆိုသော် သူမျှော်လင့်ထားသည်က နုပျိုသောမျှော်လင့်ချက်အားမာန်တို့ဖြင့် လန်းဆန်းတက်ကြွနေသည့် လူငယ်လူရွယ်ဆယ်ကျော်သက်များကိုသာ။

### ဖြစ်ရပ် (၂)

ရိုးရိုးဘာသာရပ်ဖြင့် ဘွဲ့ရပြီး ပေါင်းကူးဘွဲ့လွန်သင်တန်းများဖြင့် ကွန်ပျူတာမဟာဘွဲ့ရလာသူ ကိုမျိုးအေးတစ်ယောက် ပြည်တွင်း IT ကုမ္ပဏီတစ်ခု၏ အဆောက်အအုံတွင်းမှ အားလျော့သောခြေလှမ်းများဖြင့် စိတ်မသက်မသာဖြစ်ကာ ပြန်ထွက်လာ၏။ လာတုန်းက သူထင်ထားတာတစ်မျိုး။ သူကြားဖူးဖတ်ဖူးနေကျထဲကလို ထိတ်ထိတ်ကြဲပညာရှင်တွေ၊ ပညာရှင်တွေကို တန်ဖိုးထားမွေးမြူတတ်သည့် စီးပွားရေးလုပ်ငန်းရှင်များနှင့် အင်တာဗျူး (လူတွေ့စစ်ဆေး) ခံရမည်ဟု ထင်ထားခဲ့သည်။ ခုတော့ ကွန်ပျူတာဆိုတာကိုပဲသိပြီး Software ဆိုတာ ဘာမှန်းတောင်မသိသည့် တကယ့်လူလည်ပတ်တီး ဖျံကျလေးရှေ့မှာ ကိုယ်ရရှိထားသည့် အသိအမှတ်ပြုလက်မှတ် (Certificate) ကို ထုတ်ပြခွင့်တောင်မရှိသည့်အခါ (အမှန်တကယ် ထုတ်ပြခွင့်ရသော်လည်း ဘာအတွက် ကျွမ်းကျင်၍ပေးသည်ကိုသိမည့်ပုံမပေါ်) ကိုယ်ငယ်စဉ်ကတည်းက မရှိမဲ့၊ ရှိမဲ့ကြားထဲက ပညာရေးအားပေးခဲ့သည့် မိဘတွေကိုပဲ အပြစ်တင်ရမလို ဖြစ်နေသည်။ သူ့လို Software နှင့်ပတ်သက်ပြီး ကျမ်း (Thesis) တင်လာသည့်ပုဂ္ဂိုလ်ကို အလုပ်သင် Programmer အဖြစ် တစ်လသုံးသောင်းနှင့် လုပ်မလားတဲ့။ စိတ်ထဲမှာတော့ ညှော်ခန်းမှာချိတ်ဆွဲထားသည့် ဘွဲ့ဓာတ်ပုံတွေကို ဖြုတ်သိမ်းပြီး ဆိုက်ကား ထွက်နင်းလျှင်ကောင်းမလားလို့။

### ဖြစ်ရပ် (၃)

မြန်မာအင်ဖိုတက်တွင် ပြုလုပ်သည့် လူငယ်ကွန်ပျူတာအုပ်စုတစ်ခု၏ နှစ်ပတ်လည်ပွဲသို့ လက်ရှိအကျပ်အတည်းမှ လွတ်မြောက်စရာနည်းလမ်းများ ရှိမလားဟု



www.foreverspace.com.mm



**နိုင်ငံတစ်နိုင်ငံ၏ ကွန်ပျူတာလောက အမှန်တကယ်ဖွံ့ဖြိုးဖို့ဆိုလျှင် ကွန်ပျူတာသမားများကို နေရာတစ်ခုတည်းစုပေး၊ လိုအပ်သမျှ ရုပ်ပိုင်းဆိုင်ရာအသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေး၊ နားလည်တတ်ကျွမ်းသည်ဟု ကိုယ့်စိတ်ထဲ၊ ကိုယ့်အဖွဲ့အစည်းကယုံကြည်သည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုကို လုပ်ပိုင်ခွင့်ပေးလိုက်ရုံဖြင့် မရပါ။ အခြေခံကျသော ပညာရေးပြောင်းလဲမှုကြီးတစ်ခုကို မလွဲမသွေလုပ်ရမည်ဖြစ်သည်။**

မျှော်လင့်ချက်ဖြင့် လာရောက်အဖြေရှာသူဖိုးအောင်တစ်ယောက် စားပွဲခုံမှာထိုင်ပြီး အာဘောင်အာရင်းသန်သန်ဖြင့်ပြောနေကြသူများ၏စကားကြောင့် သူ့အတွက် အမြင်မှန်တစ်ခုရသွား၏။

သူ့လို ကွန်ပျူတာ Software ပညာရှင်ဖြစ်ချင်သူအဖို့ ရှေ့မှာကြိုနေတာချောက်ကမ်းပါးလို ငတ်ကိန်းမြင်နေ၍ဖြစ်သည်။ သူဒီလိုမြင်လိုက်ရတာလည်း သူ့အလွန်မဟုတ်။ သူ့ထက်အရင် မြန်မာနိုင်ငံ၏ Software အတော်များများကို နောက်ကွယ်မှရေးပေးနေသူဟု သိထားသည့် ပညာရှင်တွေက "သူတို့တီထွင်သမျှသည် ပြည်သူတွေကို အလကားပေးချင်လို့" ဟု တစ်ယောက်ပြီးတစ်ယောက်ပြောနေကြ၍ ဖြစ်၏။ သူက စိတ်ကူးထဲမှာ ဒီပညာရပ်ဖြင့် ကြီးပွားချမ်းသာလိုသူတစ်ယောက်ဖြစ်ချင်တာ။ ခုတော့ ဒီပုံအတိုင်းဆိုနောက်ဖြစ်လာမည့် သူ၏မိသားစုအတွက် ဘဝမျှော်လင့်ချက်ရှိနိုင်တော့မည်မဟုတ်။ သူက ဘယ်တော့မှ အလကားဆိုတာကို ယုံသည့်လူမဟုတ်တော့ ဖြစ်နိုင်သည် မဖြစ်နိုင်သည်ထား၊ သူသံယောဇဉ်ရှိသည့်လူတွေကို အငတ်မထားနိုင်။ ဒီတော့ . . . ။

အထက်ပါအဖြစ်အပျက်သုံးရပ်သည် ယနေ့ မြန်မာနိုင်ငံ Software လောက၏ ရေသောက်မြစ်သဖွယ်ဖြစ်နေသည်။ လူငယ်ပညာရှင်များ၊ စိတ်ကူးစိတ်သန်းကောင်းမွန်သည့်အချိန်သို့ရောက်နေသည့် လူငယ်လူရွယ်များထဲတွင် လတ်တလောကြုံတွေ့နေရသည့် Shock များပင်ဖြစ်သည်။ စာရေးသူကိုယ်တိုင် ကွန်ပျူတာမဟာသိပ္ပံဘွဲ့အတွက် Thesis ရေးရန် လိုအပ်သည့်အခါကျမှသာ တကယ်ပညာရှင်များနှင့် နဖူးတွေ့ဒူးတွေ့ကြုံ၍ ဤသို့သောပြဿနာမျိုးကို သိရှိခြင်းဖြစ်သည်။

ဒီနေရာမှာ အကြောင်းသင့်၍ ကုမ္ပဏီတစ်ခုတွင် မန်နေဂျာလုပ်နေသည့် သူငယ်ချင်းဖြစ်သူ၏ ကိုယ်တွေ့ကြုံရပုံကို ပြောပြချင်ပါသည်။ စာရေးသူ သူငယ်ချင်းမှာ ကွန်ပျူတာဖြင့် ဘွဲ့ရပြီး DMA ဘွဲ့လွန်ဒီပလိုမာဖြင့် မန်နေဂျာဝင်လုပ်နေခြင်းဖြစ်သည်။ ဘယ်လောက် မဆီမဆိုင်ကျပါသလဲ။ ဒါကထားလိုက်ပါတော့။ ပြီးခဲ့သည့်လက သူတို့ကုမ္ပဏီသို့ IT မန်နေဂျာဆိုပြီး အမျိုးသမီးတစ်ဦးဝင်လာ၏။ ဖြစ်ချင်တော့ သူမဝင်ပြီး ရက်သိပ်မကြာခင် ထိုကုမ္ပဏီရှိ စက်တစ်ဝက်လောက် ဗိုင်းရပ်စ်ကိုက်၏။ နာမည်ကျော် Kespersky လည်းမတတ်နိုင်။ နောက်တစ်ရက်နှစ်ရက်ဆို ၎င်းကိုနိုင်သည့် Update ထွက်လာနိုင်သော်လည်း ပိုင်ရှင်ကမစောင့်နိုင်။ ဒီတော့ သူမကို ပွဲဦးထွက် ဒီပြဿနာရှင်းခိုင်း၏။ သူမ ရှင်းပုံကလှ၏။ စက်တွေအားလုံး Format ပြန်ရိုက်ပစ်လိုက်သည်။ အဆိုပါကုမ္ပဏီလည်း သူမလက်ချက်ဖြင့် မပျက်ရုံတမယ်ဖြစ်သွားပြီး ပျောက်သွားသည့် Data များကို ပြင်ပပညာရှင်ကိုခေါ်ပြီး ပြန်ရှာလိုက်ရသည်။ နောက်မှ ထိုအမျိုးသမီးမှာ ကွန်ပျူတာဖြင့် ပြည်တွင်းပြည်ပ ဒီပလိုမာမျိုးစုံရရှိထားပြီး ကွန်ပျူတာဖြင့် ဘွဲ့ရထားသူတစ်ဦးလည်း ဖြစ်သည်ဟုသိရ၏။ စာရေးသူ 'သြော်' ဟုသာ သက်မချမိတော့သည်။

တကယ်တော့ ပညာရပ်ဟူသည် စာအုပ်ထဲမှာသာရှာရမည်မဟုတ်။ ပြည်တွင်းတွင်လည်းရှာနိုင်သည်ကို မေ့နေကြသလိုဖြစ်သည်။ ယခုလက်ရှိ ဝန်ကြီးဌာနတစ်ခု၌ လက်တွေ့အသုံးဝင်နေသော Software ကိုရေးပေးခဲ့သူတစ်ဦးဆိုလျှင် လက်ရှိပညာရေးအဆင့်အတန်းအရ ဘွဲ့ပင်မရခဲ့သူဖြစ်သည်။ ပြည်ပတွင်စားဝတ်နေရေးအတွက် လက်သမားလုပ်ရင်း ကွန်ပျူတာ Software နှင့်ပတ်သက်သော စာအုပ်စာတမ်းများကို တစိုက်မတ်မတ်လေ့လာကြိုးစားရေးသားခဲ့ရာမှ ယခုလိုအောင်မြင်သော အနေအထားတစ်ရပ်ကို ရောက်လာခြင်းဖြစ်သည်။ ယခုလက်ရှိ ကွန်ပျူတာ Software လောက (ပြည်တွင်း) တွင် ခပ်မာမာနေနိုင်သူ ဆယ်ဦးရှိလျှင် တစ်ဦးမှာ သူ့တပည့်ဖြစ်နေသကဲ့သို့ နည်းပြများ၊ ကထိကများ၊ ပါမောက္ခများမှာလည်း သူ့လက်ထွက်ဖြစ်သည်။ ဆယ်တန်းမအောင်ဘဲ ကွန်ပျူတာပညာရှင်ဖြစ်လိုသူတို့ အားတက်ဖွယ်ရာဖြစ်၏။

စာရေးသူတို့ မြန်မာအများစုက ကွန်ပျူတာဆိုသည်နှင့် တွန့်သွားကြသလို ဆယ်တန်းမအောင်ခဲ့သည့် လူငယ်လူရွယ်များနှင့် စနစ်ဟောင်းဘွဲ့ရများက ကိုယ်နှင့်ဘယ်တော့မှ နီးစပ်တော့မည့်အရာမဟုတ်ဟု ယူဆထားကြလေ့ရှိသည်။ အဘယ်ကြောင့် ဤကဲ့သို့ဖြစ်ရပါသနည်း။ ရှင်းပါသည်။

စာရေးသူကြုံဖူးသော မိသားစုတစ်ခု၏ အဖြစ်တစ်ခုနှင့်တင်ပြပါမည်။ ထိုမိသားစုတွင် သားဖြစ်သူက မိသားစုအတွင်းရှိ တူ တူမများ၊ သားချင်းများ လူတန်းစေ့သုံးနိုင်အောင် အသုံးပြုနိုင်အောင် ပြည်ပမှ အနေအစားဒုက္ခခံကာ Laptop ကွန်ပျူတာတစ်လုံး ပို့လိုက်သည်။ ထိုအချိန်တုန်းက နောက်ဆုံးပေါ်အမျိုးအစား ဖြစ်ပါလိမ့်

www.foreverspace.com.mm

မည်။ သို့သော် လူငယ်လူရွယ်များ အသုံးပြုဖို့ဝေးစွ။ ထိုမိသားစုမှ လူကြီးများက ဂုဏ်ထူးဆောင်အထိမ်းအမှတ်ပစ္စည်းတစ်ခု ပမာ ဘုရားစင်ပေါ်သို့သာ အမြတ်တနိုး တင်ထားပြီး ဧည့်သည်စောင်သည်များ လာတိုင်း ဂုဏ်ယူဝင့်ကြွားစွာ ထုတ်ပြလေ့ရှိသည်။ စာရေးသူမှတ်မိသလောက် ၁၉၉၂ ခုနှစ်လောက်မှစပြီး ကွန်ပျူတာ Software ဖွံ့ဖြိုးလာခဲ့သည်မှာ ယခုထိ ကွန်ပျူတာ Hardware တွေ မိုးပျံအောင်ဖွံ့ဖြိုးနေချိန်ထိ လောက်လောက်လားလား ဘာမှဖြစ်မလာခဲ့သည်က အမှန်ပင်။ ကျွန်တော်တို့ ဘာတွေများမှားခဲ့ပါသလဲ။ ဘယ်နေရာများ မှားခဲ့ပါသလဲ။ ခုနက မိသားစုလိုများ ဖြစ်နေခဲ့ပြီလား။

ဤနေရာတွင် နည်းပညာ၏တန်ဖိုး မည်မျှအရေးပါသည်၊ အကျိုးဖြစ်ထွန်းသည်ကို အနည်းငယ်မျှ နွားရှေ့ထွန်ကျူး ပြချင်သည်။ စာရေးသူတို့ မြန်မာနိုင်ငံသားများက ကွန်ပျူတာအလယ်အလတ်စား တစ်ခု၏ အဓိကအစိတ်အပိုင်းဖြစ်သော စီပီယူ (CPU) တစ်ခုကို ပျမ်းမျှ ဒေါ်လာ သုံးရာဝန်းကျင်ခန့်ဖြင့်ပေးချေနေရချိန်တွင် ပြည်ပနိုင်ငံများက မြန်မာနိုင်ငံ၏ ရတနာများဖြစ်သော နှစ်တစ်ရာ၊ နှစ်ငါးဆယ်ဝန်းကျင်ခန့်ထိ စိုက်ပျိုးခဲ့ရသည့် သစ်နှင့် သစ်တောထွက်ပစ္စည်း၊ ကျောက်မျက်ရတနာ ပစ္စည်းများကို ထိုဒေါ်လာ ရာဂဏန်းမျှဖြင့် တန်နှင့်ချီ၍ ဈေးပေါပေါရသလိုဖြစ်နေသည်။ အဘယ်မျှ ရင်နာစရာကောင်းပါသနည်း။


ထိုကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို အတိုင်းအဆမရှိ ပမာဏများများ ထုတ်လုပ်နိုင်သော်လည်း သစ်တောနှင့် သယံဇာတများမှာ အကန့်အသတ်ရှိသည်ကို စာရေးသူတို့ မေ့နေကြသလိုဖြစ်သည်။ ဒီကြားထဲ မြေပူရာကင်းမှောင့်ဆိုသလို အိမ်နီးချင်း အာရှစီးပွားရေးအင်အားကြီး နိုင်ငံကြီးများက အမှိုက်ပုံမှာ Lot အလိုက် စွန့်ပစ်သောပစ္စည်းများကို ပြည်တွင်းသို့ ခပ်တည်တည်ဖြင့် သွင်းယူကာ မသိနားမလည်သူ ကျောင်းသားလူငယ်များနှင့် မိဘများကို ပြည်ပရှိ နောက်ဆုံးပေါ်ဈေးများ အတိုင်း ရောင်းချနေသည့် (တိုင်းရင်းသားကော၊ နိုင်ငံခြားသားကော) လုပ်ငန်းရှင်မျိုးများကြောင့် ကွန်ပျူတာလောကမှာ လူလတ်တန်းစားအလွှာပင် လက်လှမ်းမမီနိုင်လောက်အောင်ရှိနေဆဲဖြစ်သည်။

တကယ်တော့ နိုင်ငံကိုချစ်ပါသည်ဆိုသည့်လူက များနေ၍ဖြစ်သည်။ ထိုသူများက နိုင်ငံကိုချစ်ကြတာမဆန်း။ သူတို့အတွက်နိုင်ငံက ဆင်ဖြူတော်ပမာဖြစ်နေ၍ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ ကွန်ပျူတာလောက အမှန်တကယ်ဖွံ့ဖြိုးဖို့ဆိုလျှင် ကွန်ပျူတာသမားများကို နေရာတစ်ခုတည်းစုပေး၊ လိုအပ်သမျှ ရုပ်ပိုင်းဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေး၊ နားလည်တတ်ကျွမ်းသည်ဟု ကိုယ့်စိတ်ထဲ၊ ကိုယ့်အဖွဲ့အစည်းက ယုံကြည်သည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုကို လုပ်ပိုင်ခွင့်ပေးလိုက်ရုံဖြင့်မရပါ။ အခြေခံကျသော ပညာရေးပြောင်းလဲမှုကြီးတစ်ခုကို မလွဲမသွေလုပ်ရမည်ဖြစ်သည်။

ယနေ့ခေတ် ကလေးသူငယ်ကျောင်းနေအရွယ်များတွင် အသေမှတ်ပညာရေးစနစ် (Dead Intelligent Education) ပုံစံမျိုးများနေပြီဖြစ်သည်။ သင်္ချာဘာသာရပ်ကို ကျက်ပြီးဖြေသော ဆယ်တန်းကျောင်းသား၊ စာစီစာကုံးကို အလွတ်ကျက်ပြီး ဖြေလာခဲ့သော အတန်းအသီးသီးရှိကျောင်းသူ၊ ကျောင်းသားများ၊ သင်္ချာပုစ္ဆာအဖြေမှန်သော်လည်း တွက်နည်းအသစ်အဆန်းကို လက်သင့်မခံသော ကြီးကြပ်သူများ၊ ကဲ… ဘယ်မှာလဲ? လူငယ်တစ်ယောက်၏ ဆန်းသစ်တီထွင်သော အိပ်မက်များကို အစပျိုးသည့် ပြုစုပျိုးထောင်ပေးသည့် Open Mind စနစ်။

ပညာရေးလောကထဲသို့ မြေဖြူကိုင်မည့်လက်များအစား ငွေကိုင်သည့်လက်များ၊ ကိုယ့်ထက်တော်စေချင်သည့် နှလုံးသားပိုင်ရှင်များအစား ကိုယ့်ဘဝအဆင်ပြေစေဖို့သာအဓိကဆိုသည့် လူစားမျိုးများ ဝင်လာကတည်းက တိုင်းပြည်၏မျိုးစေ့များ ရေနွေးပူလောင်းခံလိုက်ရသလို ဖြစ်လာခဲ့သည်။ စာရေးသူ၏အိမ်အနီးတွင် မူလတန်းကျောင်းတစ်ခုရှိသည်။ အဆိုပါ ကျောင်းက သူငယ်တန်းကျောင်းသား၊



www.foreverspace.com.mm



ကျောင်းသူများမှာ မိုးလင်းကနေ မိုးချုပ် ကျောင်း၊ ကျူရှင် ဒီနှစ်မျိုးတည်းနှင့် နေ့တိုင်း နေကုန်နေရသည်။ ဘယ်မှာလဲ ကလေးဘဝ၏ လွတ်လပ်မှု။ ကျောင်းသည် ကလေးငယ်များစိတ်ထဲမှာ အကျဉ်းထောင်တစ်ခုသဖွယ်၊ သူငယ်တန်းအရွယ်နှင့် ကျူရှင်တစ်ခုကတစ်ခု တက်နေခြင်းမှာ တစ်နေ့လုံး ကျောင်းကဆရာမတွေ ဘာလုပ်နေကြလို့လဲ။ ဒါမှမဟုတ် မိဘတွေကပဲ အတ္တကြီးနေလို့လား။ အဲဒီတော့ ကလေးတွေမှာ စာတစ်ပုဒ်ကို အခါါးဆယ်လောက် ကူးရေးနေရတော့ ဘာကြောင့် ဒီလိုဖြစ်လာရသည် ဆိုသည့် Concept ကို မသိသွားခဲ့သလို သင်ပေးနေရသည့်သူများကလည်း နားအေးပြီးရော လွယ်လွယ်နဲ့ များများရေး များများကူးဆိုသည့် အခြေအနေသို့သာ။

ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ထွက်ပေါက်သည် နည်းပညာဖြစ်သည်။ ဤအချက်ကို အမိအရဆုပ်ကိုင်နိုင်လိုက်သည်က အိန္ဒိယ။ ယနေ့မိုက်ခရိုဆော့ဖ်ကုမ္ပဏီတွင် အိန္ဒိယနိုင်ငံသားဦးရေ ဘယ်လောက်ရှိနေပြီလဲ။ ပြီးတော့ နာမည်ကြီး ပြုလုပ်ပြီးလုပ်ဆဲ Project တွေရှိ အိန္ဒိယနိုင်ငံသား ပညာရှင်များ၏ အခန်းကဏ္ဍသေချာသည်ကတော့ ပညာရေးအတွက် အမှန်တကယ် တစိုက်မတ်မတ်ရင်းနှီးမြှုပ်နှံခဲ့ခြင်း၏ အကျိုးကျေးဇူးပင်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အိန္ဒိယနိုင်ငံသား ကဲကုလ (Calculus) ပညာရှင်တွေ ဘယ်လောက်ရှိနေပြီလဲ။ ဒါက အဖြေတစ်ခု ဖြစ်သည်။ သင်္ချာဘာသာရပ်သည် ကွန်ပျူတာ Software ၏ ရေသောက်မြစ်ဖြစ်သကဲ့သို့ စိတ်တွက်သည်လည်း အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ကျွန်တော်တို့ဆီမှာ ဘယ်မှာလောက်လောက်လားလား သင်္ချာပညာရှင် ဘယ်မှာပေါ်ထွန်းခဲ့ပါသလဲ။ ပျိုးကောပျိုးထောင်မိခဲ့ရဲ့သလား။ စိတ်တွက်ကို အဓိကထားသင်ပေးခဲ့သော မူလတန်းပညာရေးစနစ်ကို နေရာပေးဖို့ ဝန်လေးခဲ့လို့လား။

ပြည်တွင်းရှိနိုင်ငံသားတစ်ဦးချင်း၏ တစ်ရက်ပျမ်းမျှဝင်ငွေ ကျပ်နှစ်ထောင်သုံးထောင်သာရှိနေချိန်တွင် PAC (Public Access Centre) တစ်ခုတွင် တစ်နာရီသုံးစွဲသည် ပျမ်းမျှ ၄၀၀ ကျပ်ဖြစ်နေသည့်အခါ အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် Software နောက်ပေါက်နိုင်ငံများ၏ အင်တာနက်အသုံးပြုခနှုန်းသည် သူတို့နိုင်ငံ၏ ဝင်ငွေအချိုးအစားနှင့်စာလျှင် ဆင်နှင့်ဆိတ်လောက်ကွာနေသည်ကိုတော့ သတိပြုမိသည်ဟုထင်ပါသည်။ နည်းပညာဖြင့် ထိုးဖောက်လွှမ်းမိုးမှုကို နည်းပညာဖြင့်သာ ပြန်၍ခုခံတိုက်ပွဲဆင်ရမည်ဖြစ်သည်။ ဤနေရာတွင် နိုင်ငံရပ်ခြားနည်းပညာဟာသ တစ်ခုကို ပြောပြချင်ပါသည်။

ထိုဟာသတွင် ကွန်မြူနစ်နောက်ဆုံးလက်ကျန်နိုင်ငံကြီးရှိ ကျောင်းသားနှင့် အနောက်နိုင်ငံသား ကျောင်းသားတစ်ဦးတို့ ကွန်ပျူတာပညာရပ်နှင့်ပတ်သက်ပြီး ပညာစွမ်းပြိုင်ကြသည်။ ထိုသို့ တစ်ယောက်တစ်လှည့်စီ ပညာစွမ်းပြနေရင်း အနောက်နိုင်ငံသားက Virus တစ်မျိုးရေးပြီး ကွန်မြူနစ်နိုင်ငံသားဆီ ပေးပို့လိုက်၏။ ကွန်မြူနစ်နိုင်ငံသားမှာ နည်းအမျိုးမျိုးဖြင့်ကာကွယ်သော်လည်း မရ။ အဲဒီတော့ သူ့ညံ့တာကို လည်း ဝန်မခံချင်သဖြင့် Network ချိတ်ထားသည့်ကြိုးကို မတော်တဆဖြစ်သလို နင့် ဖြုတ်ပစ်လိုက်၏။ ဒါလည်း မရ။ အနောက်နိုင်ငံသားက Wireless သုံးပြီး ထပ်ပို့၏။ ဒီတော့ ကွန်မြူနစ်နိုင်ငံသား က အခန်းစောင့်နေသူကို သေနတ်ပြပြီး လျှပ်စစ်ပါဝါမိန်းကို ချခိုင်း၏။ နောက်ဆုံးတော့ ပြိုင်ပွဲက သရေဖြစ်သွား၏။ ပြီးတော့ ထိုကွန်မြူနစ်နိုင်ငံသားကျောင်းသားက ပြောလိုက်သေးသည်။ "တောက် . . . မီးပျက်သွားလို့ပေါ့ . . . နို့မို့ဆို"

စာရေးသူတို့က နည်းပညာနှင့်ပတ်သက်သည့် စိန်ခေါ်မှုမျိုးကို ဘယ်လိုပုံစံနှင့်ပဲလာလာ လက်ခံယှဉ်ပြိုင်နိုင်စွမ်းရှိရမည်။ လောလောဆယ် နည်းပညာနှင့်ပတ်သက်၍ လူရာမဝင်လျှင် နေပါစေ။ နောက်လာမည့်မျိုးဆက်များ တူတူတန်တန် လူဝင်ဆံ့လျှင်၊ လူဝင်ဆံ့ရန်က ပို၍အရေးကြီးသည်။ အရေအတွက်ထက် အရည်အချင်းက ဒီနေရာမှာ ပို၍အရေးကြီးလာပြီဖြစ်သည်။ လူများပြီး ပွဲမစည်၍မရတော့။ နည်းနည်းနှင့်ကြကြဝိုင်းရသည့် ဘာသာရပ်လည်းမဟုတ်တော့။ ဒါ ကျူရှင်သင်တန်းတစ်ခုလို၊ ရပ်ကွက်လူမှုရေးအစည်းအဝေးပွဲလို လူများရင်ပြီးရောဆိုသည့် အရေအတွက်မှ အရည်အချင်းသို့ဆိုသည့် ဗျူဟာမျိုး ကျင့်သုံး၍မရတော့။ အရည်အချင်းက အဓိကဖြစ်လာပြီ။

စာရေးသူလက်ထဲသို့ နိုင်ငံခြားဖြစ် ကွန်ပျူတာ Hardware ပစ္စည်းတစ်မျိုးရောက်လာတိုင်း ငါ့နိုင်ငံက သဘာဝဂေဟစနစ် ဘယ်လောက်ပျက်စီးသွားပြီလဲဆိုတာသာ အမြဲတမ်း တွေးတွေးနေမိသည်။ အဲဒီယိုပေါက်ကို လွန်ခဲ့သောဆယ်နှစ်ကျော်လောက်ကတည်းက ထိုစဉ်က တာဝန်ရှိသူတွေမြင်၍ ပိတ်နိုင်အောင်ကြိုးစားခဲ့ကြသည်။ ဘာကြောင့် ခုထိမပိတ်နိုင်သေးလဲ။ ဖယောင်းချက်လိုလူစားမျိုးတွေ ဒုနှင့်ဒေး ဖြစ်နေလို့လား။ ချစ်တယ်ပြောပြီး နှစ်ခဲ့တဲ့လူတွေ စာရေးသူတို့ ကွန်ပျူတာလောကမှာ များလာခဲ့လို့လား။

Software တစ်ခုရေးပြီး ဒေါ်လာသောင်းချီ၍ အိမ်နီးနားချင်းနိုင်ငံများမှ ကုမ္ပဏီများ၊ ပုဂ္ဂိုလ်တစ်ဦးချင်းက ရနေချိန်တွင် စာရေးသူတို့က ဥတုသုံးပါးလုံး ကျွဲ၊ နွားနှင့်ဖက်ရုန်း၍ စိုက်ပျိုးခဲ့ရသော လယ်ယာသီးနှံများကို တစ်တန်လျှင် ဒေါ်လာ ရာဂဏန်းလောက်ရဖို့အရေး ခက်ခက်ခဲခဲ လုံးပန်းနေရသည်ဆိုလျှင် . . . . ။

ရုန်းစရာရှိလျှင် စာရေးသူတို့ပဲ ရုန်းပါမည်။ နောက်မျိုးဆက်ထိ အဲဒီလိုအခြေအနေကြီးကို ဆက်မပါစေလိုတော့ပါ။ ဆက်မဖြစ်စေလိုတော့ပါ။ အဲဒီလိုမဖြစ်အောင်လုပ်ဖို့ ဘယ်နေရာတွေက ပို၍အရေးကြီးပြောင်းလဲဖို့လိုလာမည်နည်း။ ပထမဦးဆုံး အခြေခံပညာကျောင်းအဆင့် (မူလတန်း၊ အလယ်တန်း၊ အထက်တန်း) ရှိ အရွယ်အားလုံး ကွန်ပျူတာနှင့် ရက်သတ္တပတ်တစ်ပတ်လျှင်တစ်ရက်တော့ မဖြစ်မနေ

www.foreverspace.com.mm

ထိတွေ့ဖို့လိုသည်။ ထိုကဲ့သို့ပြုလုပ်ရမည်မှာ စီမံကိန်းများလို့ သုံးနှစ်တို့၊ ငါးနှစ်တို့မဟုတ်၊ ပညာရေးစနစ်ဆိုတာရှိသရွေ့ ဖြစ်သည်။ အဆိုပါကျောင်းများသို့ ကွန်ပျူတာတက္ကသိုလ်များမှ နောက်ဆုံးနှစ်ကျောင်းသားများကို On Job Training မျိုး စေ့လွှတ်ပေးရမည်။ ပြင်ပကွန်ပျူတာ Software သင်တန်းများကလည်း လက်လှမ်းမီနိုင်သောဈေးနှုန်း၊ အရစ်ကျငွေပေးသွင်းနိုင်သောအစီအစဉ်၊ ပညာသင်ဆုမျိုး တစ်ခုမဟုတ်တစ်ခု ပြုလုပ်ပေးသင့်သလို ဖွင့်သမျှ သင်တန်းများကို သင်ကြားမည့်ဆရာများ၏ သင်ကြားရန် တတ်သင့်သည့် အခြေခံပညာပြည့်စုံမှု ရှိ၊ မရှိကို သက်ဆိုင်ရာဝန်ကြီးဌာန၊ အထူးတာဝန်ပေးခံရသည့် အဖွဲ့အစည်းက သမာသမတ်ကျစွာ ပုံမှန်ရောင်တခင်စစ်ဆေးပေးသင့်သည်။ သို့မှသာ ရိုက်စားဆရာများနှင့် သင်တန်းများကို ထိထိရောက်ရောက် အရေးယူဖယ်ရှားနိုင်မည်ဖြစ်သည်။

မူလတန်းအရွယ်ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပေးမည့် ဆရာဆရာမများကို နိုင်ငံတကာမှာကဲ့သို့ အထူးအခွင့်အရေးပေးရမည်ဖြစ်သလို ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးဆိုင်ရာ အခြေခံစံနှုန်းနှင့် ပြည့်စုံသူများကိုသာ ရွေးချယ်၍ ခန့်ထားရန်လိုအပ်သည်။ သို့မှသာ ကျောင်းသား၊ ကျောင်းသူချင်းအတူတူ အခွင့်အရေးကွာဟမှု ကျဉ်းမြောင်းသွားနိုင်ပေမည်။

ထို့အတူ စဉ်းစားဆင်ခြင်ဉာဏ်၊ တွေးတောဉာဏ်အားကောင်းမွန်သည့် အသုံးချသင်္ချာဘာသာရပ်မျိုး (Applies Maths) ကို ငယ်စဉ်ကတည်းက သင်ကြားပေးရန်၊ မိတ်ဆက်ပေးရန် လိုလာလိမ့်မည်။ ထိုကဲ့သို့ပင် သင်္ချာဘာသာရပ်အတွက် အနည်းဆုံး သင်္ချာဘာသာရပ်ဖြင့် အဓိကဘွဲ့ရခဲ့သူများကို ခန့်ထားရန်က အရေးကြီးပေသည်။ သို့မှသာ သမိုင်းဖြင့်ဘွဲ့ရပြီး သင်္ချာဝင်သင်နေရသောအဖြစ်မျိုးကို ကျော်လွှားနိုင်မည် ဖြစ်သည်။

ကွန်ပျူတာနှင့်ပတ်သက်သော အစိုးရတက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများတွင် ဆရာမကသင်ကြားပေးသောစနစ်မှ ကိုယ်တိုင်လေ့လာသင်ယူရသော (ကိုယ်တိုင်စိတ်ဝင်စား၍၊ ဘာသာရပ်ကိုတန်ဖိုးထား မြတ်နိုးသော) ကျောင်းသား၊ ကျောင်းသူများသာရှိစေရန်၊ သို့မှသာ သူများကွန်ပျူတာဆိုတိုင်း လိုက်၍ကွန်ပျူတာနေသူများ၊ အမှတ်မီနေ၍ မိဘကတက်ခိုင်းလို့သာ လာတက်နေရသည့်သူများ၊ ဘွဲ့တစ်ခုအနေဖြင့်သာ သဘောထားပြီး ခပ်လွယ်လွယ်ပေါ့ပေါ့တန်တန်လာတက်နေသည့် ကျောင်းသားများ၊ Thesis ရေးဖို့ ပြင်ပကပညာရှင်ကို လိုက်ရှာနေရသည့် ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ မပေါ်ပေါက်စေရန်) သင်ကြားရေးစနစ်သို့ ပြောင်းလဲရန် (Revolution)၊ ပြည်တွင်းရှိ PAC များအတွက် ဈေးနှုန်းလျော့ကျစေနိုင်သော အခွင့်အလမ်းများ ဖန်တီးပေးရန် (အခါအားလျော်စွာ ဆိုင်များပိတ်ခြင်း၊ မီးပြတ်ခြင်း၊ Band width များနည်းခြင်း၊ နှစ်စဉ်ကြေးစသည်) သက်ဆိုင်ရာဝန်ကြီးဌာန၊ ဦးစီးဌာနများက ထိပေါက်သလို ဘဝပြောင်းလဲသွားနိုင်သည့် ငွေကြေးမက်လုံးများဖြင့် ပုံမှန်နည်းပညာ (Hardware, Software) တီထွင်ဆန်းသစ်မှုပြိုင်ပွဲ ပြုလုပ်ပေးသင့်သလို ပညာရှင်များ၏တီထွင်မှု (Innovation) များကို ဆက်လက်သုတေသနပြုလုပ်နိုင်ရန်ထောက်ပံ့ပေးခြင်း၊ ပြည်တွင်းပညာရှင်များ၏ထုတ်ကုန် Software များကို ပြည်ပမှပေါက်ဈေးအတိုင်း ပြည်တွင်းရှိကုမ္ပဏီများနှင့် ဝန်ကြီးဌာနများမှ နေရာပေးအသုံးပြုသင့်ပေသည်။


ထို့အတူ IT နှင့်ပတ်သက်သော ဆက်စပ်ပစ္စည်းမှန်သမျှကို ပြည်တွင်းတွင် လွယ်လင့်တကူ လက်လှမ်းမီနိုင်သော ဈေးနှုန်းဖြစ်စေရန်နှင့် လက်ဝါးရိုက်၍ မော်ဒယ်လ်နိမ့်ပစ္စည်းမျိုးကို ဈေးကြီးပေးနေခြင်းမျိုး မဖြစ်စေရန် ပြုလုပ်တားဆီးသင့်ပေသည်။ စာရေးသူတို့သည် ပညာရှင်များကို ပြုစုပျိုးထောင်ရပေမည်။ ဤနေရာတွင် ကြုံလာနိုင်သည်က ဦးနှောက်ယိုစီးသည့်ကိစ္စ။ ပြဿနာမရှိပါ။ ကွန်ပျူတာပညာရှင်စစ်စစ်တွေက Zero State (သုညအခြေအနေ) မှာတောင် စိတ်ကကိုယ်လုပ်ချင်တာလုပ်နေရလျှင်၊ အကာအကွယ်ရနေလျှင် နေပျော်သည့်လူတွေပဲဖြစ်သည်။ ကွန်ပျူတာတစ်စုံ၊ ဖုန်းလိုင်းတစ်လိုင်း၊ စိတ်ထင်တိုင်း လက်စွမ်းပြနိုင်သည့် နည်းပညာ သတ်ကွင်းရှိနေဖို့ပဲ လိုသည်။

အချုပ်အားဖြင့်ဆိုသော် IT လောကဖွံ့ဖြိုးရန်ဆိုသည့် စကားလုံးလှလှလေးဖြင့် တွေးခဲ့၊ ရေးခဲ့၊ ပြောခဲ့၊ ဆိုခဲ့၊ လုပ်ခဲ့၊ ကိုင်ခဲ့၊ လျှောက်ခဲ့၊ လှမ်းခဲ့ကြပြီးဖြစ်သည်။ ဒီလောက၏ အပျော့အမာကို သိသင့်သလောက် သိကြပြီး ဖြစ်ပေလိမ့်မည်။ Hardware လောကထက် Software လောကက မြန်မာနိုင်ငံက လူငယ်လူရွယ်တွေအတွက် ပို၍အခွင့်အလမ်းကောင်းသည်ဟု စာရေးသူ ထင်သည်။ ဘာကိုမယုံရဲဖြစ်နေကြပါသလဲ။ ကိုယ်လုပ်နိုင်မည်ဟု အရင်ဦးဆုံးယုံကြည်ရန် လိုအပ်မည်ထင်သည်။ Software ဆိုသည်က အိပ်မက်တစ်ခုကို လူတွေမြင်အောင် လက်တွေ့ချပြသည့် ဘာသာရပ်တစ်ခုဖြစ်သည်။ ထိုအိပ်မက်က သေနေပါသည်ဆိုလျှင် . . . ။ ကလေးတွေကို စဉ်းစား တွေးတောခွင့်၊ စိတ်ကူးယဉ်ခွင့်၊ မည်သည့် အရာကမျှ အမြဲတစေ ကိုယ့်ကို လွှမ်းမိုး မချုပ်ကိုင်နိုင်ဘူးဆိုသည်ကို စဉ်းစားနေရန် အခွင့်အလမ်းပေးဖို့ လိုနေပြီဟု စာရေးသူ ထင်သည်။ Software လောက၏အခြေခံ ကိုက Open Mind ဖြစ်သည်။ ယနေ့ မြန်မာ့ Software လောကနှင့်ပတ်သက်ဆက်နွှယ်နေသူအားလုံး Open Mind မဟုတ်သရွေ့ နည်းပညာစစ်ပွဲတွင် ခြေမနောက်ပိတ်ခွေးသာသာသာ ဖြစ်နေပေလိမ့်မည်။ ဤအချက်ကို သတိချပ်၍ အထူးသိစေချင်ပါသည်။

**ဂျီအောင်ဘန်း**

■

www.foreverspace.com.mm



# ရန်ကုန်

## ကုန်စည်ဈေးကွက်

နိုင်မင်းဝေ ၊ ဇာသိကျော်

www.foreverspace.com.mm

## ဘုရင့်နောင်ကုန်စည်ဈေးကွက်

လယ်ယာထွက်ကုန်သီးနှံမျိုးစုံအနက် ယခုလ၌ အလှုပ်ခတ်ဆုံးဈေးကွက်မှာ ဆန်ဈေးကွက်နှင့် ဆီဈေးကွက်ဖြစ်ခဲ့သည်။ ဆန်ဈေးကွက်၌ ရန်ကုန်တိုင်း ကုန်ဈေးနှုန်းကြီးကြပ်မှုကော်မတီ၏ နယ်သို့ ဆန်တင်ပို့ခွင့်ပုံမှန်အတိုင်း တင်ပို့ခွင့်ပြုမည်ဆိုသည့် သတင်းကြောင့် ဆန်ပွဲရုံများ အလုပ်များခဲ့ရသည်။ ထို့အတူ စားအုန်းဆီသည် တစ်လလုံးအေးနေရာမှ လကုန်ရက်တွင် ရုတ်တရက် မြင့်ခဲ့သဖြင့် စားအုန်းဆီ ကိုယ်စားလှယ်များအတွင်း လှုပ်လှုပ်ရှားရှားရှိပြီး ကြက်သွန်နီ၊ ငရုတ်၊ အာလူးကဲ့သို့ စားဖိုဆောင်သီးနှံများ သိသိသာသာ အပြောင်းအလဲမရှိကြောင်း သိရှိရသည်။

စက်တင်ဘာလဆန်း ဘုရင့်နောင်ဈေးပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်း၏ ထူးခြားချက်မှာ ပွဲရုံများရှေ့တွင် စတီသဘော ပလတ်စတစ်ကြိုးအနီ၊ အဝါ၊ အပြာများဖြင့် ကြိုးတားကာ ယာဉ်မဝင်အောင်၊ ယာဉ်မရပ်အောင် ယာယီအတားအဆီးများ လုပ်ထားကြသည့် မြင်ကွင်းဖြစ်သည်။ ညဘက်ပိတ်၍ ပြန်ကြသည့်ပွဲရုံများ၊ လူစောင့်မရှိသည့်ပွဲရုံများ၏ မျက်နှာစာများ၊ အဖီအမိုးများကို ယာဉ်တိုက်မိပြီး တရားခံမပေါ်ခြင်း၊ နံနက်ခင်းပွဲရုံဖွင့်ချိန်တွင် ယာဉ်ဖယ်မပေးခြင်း၊ ပွဲရုံ၏ ရှေ့မျက်နှာစာကို ပိတ်ရပ်ထားသည့်ယာဉ်ကြောင့် ယာဉ်၏ လုံခြုံရေးကို ထိခိုက်ခြင်းတို့ကြောင့် ယာဉ်မရပ်ရန် အတားအဆီးလုပ်ထားကြပြီး အချို့ပွဲရုံများကလည်း သံပိုက်လုံးများစိုက်၍ သံကြိုးငယ်များနှင့် တားဆီးရန် ပြင်ဆင်နေသည်ကိုပါ တွေ့မြင်ရသည်။

## လဆိုင်းများသည့်ပဲ

ပြည်ပပို့ကုန်ပဲမျိုးစုံ ဈေးကွက်တွင် ယခုနောက်ပိုင်း လက်ငင်းရောင်းဝယ်မှုထက် လဆိုင်းအကြွေးအရောင်းအဝယ်သာ သိသိသာသာမြင့်နေသည်ကို ကုန်စည်ဒိုင်များမှတစ်ဆင့် သိရသည်။

ပဲဈေးကွက်ထဲသို့ ငွေကြေးနေရာချထားသူအသစ်များ သိသိသာသာဝင်ရောက်ပြီး သင်္ဘောတင်ရန်ထက် ငွေတိုးနှုန်းဖြင့် ပဲဈေးကိုကိုင်၍ လဆိုင်းရောင်းဝယ်လာကြခြင်းဖြစ်သည်ဟု ကုန်စည်ဒိုင်သို့ နေ့စဉ်လာရောက်လေ့ရှိသူတစ်ဦးက ဆိုသည်။

လက်ရှိပြည်တွင်းဈေးနှုန်းသည် ပြည်ပပေါက်ဈေးနှုန်းထက်မြင့်နေပြီး အမှန်တကယ်သင်္ဘောတင်မည့်သူများ အဝယ်နည်းပါးနေကာ လက်ငင်း တန် ၁၀၀ ရောင်းရလျှင် အကြွေးမှာ တန် ၁၀၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ပြည်တွင်းဈေးမြင့်နေချိန် ယခုအရောင်းအဝယ်မြင့်နေ၍သာ ပဲသမားများ အလုပ်ရှိနေခြင်းဖြစ်သည်ဟု ပဲရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဆိုသည်။

စက်တင်ဘာ ၉ ရက်နေ့က ပဲပိသဲ ၆၀ ဝင်တစ်အိတ် လက်ငင်းအရောင်း



www.foreverspace.com.mm



အဝယ် ၇၀,၁၀၀ကျပ်၊ SQRC တစ်တန် ၇၀၅,၀၀၀ ကျပ်၊ အကြွေးသုံးလဆိုင်း တစ်အိတ် ၇၉,၅၀၀ ကျပ်၊ နိုဝင်ဘာလ ပစ္စည်းအပ်ငွေချေ တစ်အိတ် ၇၆,၂၀၀ ကျပ်၊ စက်တင်ဘာလကုန်ပစ္စည်းအပ်ငွေချေ ၇၁,၈၀၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး အတိုးနှုန်းမှာ သုံးကျပ်တိုးခန့်ဖြစ်သည်ဟု ကုန်စည်ဒိုင်သတင်းများအရ သိရသည်။

## ငုံ့လိုက်မော့လိုက် စားအုန်းဆီ

အခြေခံစားကုန်ဖြစ်သည့် စားအုန်းဆီဈေးနှုန်းသည် ဩဂုတ်လတစ်လလုံး ကျဆင်းနေခဲ့ပြီး စက်တင်ဘာလဆန်းပိုင်းတွင် သိသိသာသာမြင့်တက်လာကာ ဈေးကောင်းလာသဖြင့် ထုတ်ရောင်းချသူများလာပြီး ဈေးနှုန်းများ ပြန်လည်ကျဆင်းလာခဲ့သည်။ သင်္ဘောမဝင်ခင်စပ်ကြား ဈေးတက်ခဲ့ခြင်းသာဖြစ်ပြီး နိုင်ငံတကာတွင် သင်္ဘောတင် စားအုန်းဆီဈေးနှုန်း ၂၅ ရာခိုင်နှုန်းကျဆင်းနေခဲ့သည်ဟု ဆီကိုယ်စားလှယ်ကြီးတစ်ဦးက ဆိုသည်။

ဩဂုတ်လ ၂၈ ရက်နေ့ ကြာသပတေးနေ့က တစ်ပိဿာ ၂၆၇၀ ကျပ်မှ ဩဂုတ်လ ၃၁ ရက်တွင် ၂၆၃၀ ကျပ်အထိ ထူးထူးခြားခြားကျဆင်းခဲ့ပြီး ကုန်စည်ဒိုင်ပြန်ဖွင့်သည့် စက်တင်ဘာ ၁ ရက်နေ့ တနင်္လာနေ့တွင် ၂၇၃၀ ကျပ်အထိ ပြန်မာလာကာ စက်တင်ဘာ ၂ ရက်နေ့တွင် ၂၈၂၀ ကျပ်၊ ၃ ရက်နေ့တွင် ၂၉၅၀ ကျပ်အထိမော့ခဲ့ပြီး နောက်ပိုင်းတွင် ၂၇၀၀ ကျပ်မှ ၂၇၂၀ ကျပ်အထိ ပြန်ဆင်းသွားသည်။ ထို့အပြင် သွင်းဈေး ၃၅/ ၂၀၀၈ တွင် တစ်ပိဿာ ၂၅၂၁ ကျပ်၊ ၃၆/ ၂၀၀၈ တွင် ၂၅၁၇ ကျပ်ဖြစ်ရာ တစ်ပိဿာလျှင် ၄ ကျပ် ကျဆင်းခဲ့သည်။ ပုံးဆီများမှာ ဝယ်ယူရခက်ခဲပြီး မြေပဲဆီ ပီပါလိုက်ဈေးနှုန်းမှာလည်း ၄၆၀၀ ကျပ်မှ ၄၁၀၀ ကျပ်အထိ ကျဆင်းနေသည်ကို တွေ့ရသည်။



## ပျော်ဘွယ်ငရုတ်

ကျောက်ဆည်ဒေသထွက် ငရုတ်သီးများ အဝင်ရပ်သွားပြီး ပျော်ဘွယ်၊ ရမည်းသင်းဒေသများမှငရုတ်များ ဝင်လာရန်ရှိကြောင်း၊ ပျော်ဘွယ်ငရုတ်သည် အညှာသေး၊ အသားထူပြီး ကြာကြာထားသော်လည်း အရောင်မပြောင်းကြောင်း၊ ထို့အတွက် အသားပါးပြီး ဖလံများ (နီကြောင်းဖြူကြောင်း) သည့် ကျောက်ဆည်ငရုတ်ထက် ပျော်ဘွယ်ငရုတ်မှာ ပြည်ပဝယ်လက်ပိုကြိုက်သကဲ့သို့ လိုင်းသမားဟုခေါ်သည့် နယ်စပ်ကုန်သွယ် ရေးသမားလည်း ကြိုက်ကြကြောင်း ငုဝါလမ်းမှ ငရုတ်သီးရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

ထို့ပြင် ယခုနောက်ပိုင်း ငရုတ်သီးဈေးကွက်၏ ထူးခြားချက်တစ်ရပ်မှာ ငရုတ်ရှည်နှင့် ငရုတ်ပုဈေးနှုန်း သိသိသာသာ ကွာခြားချက်ကျဉ်းလာခြင်းဖြစ်သည်။ ယခင်တစ်ပိဿာ ကျပ် ၂၀၀၀ ကျော်ခန့် ဈေးနှုန်းကွာခြားချက်ရှိသော ငရုတ်ရှည်နှင့် ငရုတ်ပုဈေးနှုန်းသည် ယခုတစ်ပိဿာ ကျပ် ၃၀၀၊ ၄၀၀ ခန့်သာ ကွာခြားချက်ရှိတော့ကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ယခုလောလောဆယ်တွင် ငရုတ်အပုစိုက်သူများ၍ အထွက်ကောင်းသော်လည်း ခေါင်းသီး (အရည်အသွေးကောင်း) အထွက်နည်းသဖြင့် ငရုတ်ပုဈေးနှုန်းကျဆင်း၍ မြင့်သည်ဟု ဈေးကွက်အတွင်းမှ သိရှိရသည်။ ထို့ပြင် ငရုတ်ပုသည် ပြည်ပက ဝယ်ယူခြင်းမရှိသကဲ့သို့ ငရုတ်သီးမှုန့် လုပ်သူများကလည်း ငရုတ်ပုမသုံးကြဘဲ ငွေကြေးတတ်နိုင်သူ အိမ်ရှင်မများလောက်သာ ငရုတ်သီးပုကိုအသုံးပြု၍ ဖြစ်သည်။

စက်တင်ဘာလဆန်းပိုင်းတွင် မိုးထောင်တစ်ပိဿာ ၁၆၀၀၊ ၁၆၂၅ ကျပ်၊ ဝါးခယ်မ ၁၈၅၀၊ ၁၉၀၀ ကျပ်၊ ရွှေလောင်း ၁၇၅၀၊ ၁၈၀၀ ကျပ်၊ စိမ်းစား ၂၁၀၀၊ ၂၂၀၀၊ ၂၄၀၀ ကျပ်ခန့်ရှိကြောင်း ကုန်စည်

www.foreverspace.com.mm



ဒိုင်စာရင်းများအရ သိရသည်။

## မှန်းချက်နှင့်မကိုက်သည့် ကြက်သွန်နီ

ယခုနှစ် နယ်မှကြက်သွန်ကုန်သည်များအနေဖြင့် မျှော်မှန်းထားသည့်ဈေးမရဘဲ အရှုံးများကြောင်း၊ နယ်သမားတောင်သူများအနေဖြင့် စိုက်စရိတ် တစ်ပိဿာ ၃၅၀ ကျပ်၊ ၄၀၀ ကျပ်ရှိပြီး တစ်ပိဿာ ၇၀၀ ကျပ်၊ ၈၀၀ ကျပ်အထိ မျှော်မှန်းထားသော်လည်း ယခုနှစ်ကြက်သွန်စိုက်ပျိုးချိန်၌ မိုးများပြီး ရေကြီးသဖြင့် ကြက်သွန်နီ အရည်အသွေးနိမ့်ကြောင်း၊ ကြက်သွန် အရည်အသွေးမကောင်းသဖြင့် နယ်စပ် လိုင်းသမားတို့ အဆွဲမရှိသောကြောင့် လက်ကျန်များနေပြီး ကြက်သွန်ရာသီလည်း ကုန်ခါနီးသဖြင့် ဈေးကျနေကြောင်း၊ အညံ့တစ်ပိဿာ ၂၀၀ ကျပ်၊ ၂၅၀ ကျပ်၊ အမြင့်တစ်ပိဿာ ၅၀၀ ကျပ်ရှိပြီး ပြည်ပသို့ မထွက်သဖြင့် ရောင်းလိုအားများနေကြောင်း၊ ယခုစက်တင်ဘာအတွင်းဈေးနှုန်း ကြီးကြီးမားမား ပြောင်းလဲရန်မရှိဘဲ တက်လျှင်လည်း တစ်ပိဿာ ၄၀ ကျပ်၊ ၅၀ ကျပ်၊ ကျလျှင်လည်း ၅၀ ကျပ်ဝန်းကျင်သာဖြစ်နိုင်ကြောင်း၊ သို့ရာတွင် ရုတ်တရက် ဘင်္ဂလားနယ်စပ်မှ ကြားဖောက်ဆွဲလျှင်မူ ကြက်သွန်ဈေးမြင့်တက်နိုင်ပြီး နေ့စဉ်ကား ၁၀ စီးအထက် ပုံမှန်ဝင်နေကြောင်း ကုန်စည်ဒိုင်သတင်းများအရ သိရသည်။ စက်တင်ဘာလ ၈ ရက်တွင် ရှမ်းကြက်သွန်ဖြူ တစ်ပိဿာ ၂၇၅ ကျပ်၊ ၃၇၅ ကျပ်၊ ၄၇၅ ကျပ်၊ ကြူကုတ်ကြက်သွန်ဖြူ ၇၀၀ ကျပ်ခန့်ရှိကြောင်း၊ အာလူးမှာ ဈေးကျပြီး တစ်ပိဿာ ၁၄၀ ကျပ်၊ ၂၅၀ ကျပ်၊ ၂၈၀ ကျပ်၊ ၃၃၀ ကျပ်၊ ၃၈၀ ကျပ်ရှိကြောင်း ကုန်စည်ဒိုင်စာရင်းများအရ သိရသည်။

## ကုန်ကားခ ထက်ဝက်ကျ

ပြီးခဲ့သည့် ဩဂုတ်လ ဒုတိယပတ်က ရန်ကုန်–ပုသိမ်ကားလမ်းပိတ်မည်ဆိုသည့်အသံများကြောင့် အောက်ခံကုန် တစ်ပိဿာ ၅၀ ကျပ်နှင့် ပိဿာ ၃၀ ဝင်တစ်အိတ်ကို ၁၅၀၀ ကျပ်ခန့်အထိ ကုန်ကားခများ မြင့်တက်ခဲ့သော်လည်း စက်တင်ဘာလ ၉ ရက်နေ့တွင် တစ်ပိဿာ ၂၃ ကျပ်ဖြင့် ပိဿာ ၃၀ ဝင် အောက်ခံကုန် ၃၀ ဝင် တစ်အိတ်ကို ၇၀၀ ကျပ်ခန့်အထိ လျော့ကျခဲ့ကြောင်း၊ လမ်းမကောင်းသဖြင့် ခြောက်ဘီးယာဉ်များသွားလာ၍မရဘဲ ၁၂ ဘီးကားများသာသွားရစဉ်က ကုန်ချိန်ပိဿာ ၂၁,၀၀၀ ကျော်အတွက် ရန်ကုန်မှ ပုသိမ်သို့ တစ်ကြောင်းတည်း ကျပ် ၉၅၀,၀၀၀ အထိဖြစ်ခဲ့သော ၁၂ ဘီးကုန်ကားခသည် ယခုလမ်းချိုင့်အချို့ပြန်ဖို့ပြီးသဖြင့် ရန်ကုန်–ပုသိမ် အသွားတစ်ကြောင်း ၃၉၀,၀၀၀



www.foreverspace.com.mm

ကျပ်၊ ပုသိမ်–ရန်ကုန်အပြန် ၅၆၀,၀၀၀ ကျပ်သာဈေးရပြီး အသွားအပြန် ကျပ် ၉၅၀,၀၀၀ သာရ၍ ယခင်ထက် ကုန်ကားနှုန်းထား ထက်ဝက်ခန့်လျော့ကျလာပြီး စက်သုံးဆီဈေးနှုန်းများ ကျလာခြင်းနှင့်လည်းသက်ဆိုင်ကြောင်း၊ ရန်ကုန်မှ မန္တလေးအပါအဝင် အထက်သို့တက်သည့် ကုန်တင်ယာဉ်စီးရေ ယခင်က ၄၀၀ ကျော်အထိရှိသော်လည်း ယခု ၃၀၀ ခန့်သာရှိတော့ကြောင်း၊ စက်သုံးဆီဈေးနှုန်းများ တစ်ပီပါ ၂၅၀,၀၀၀ ကျပ်ခန့်သာရှိတော့ကြောင်း၊ ဒီဇယ်ကော်မတီအနေဖြင့် ရောင်းချပေးပြီးနောက် ပြင်ပပေါက်ဈေးပါ ကျဆင်းလာကြောင်း၊ ကုန်တင်ယာဉ်များအနေဖြင့် ဒီဇယ်ကော်မတီ၏ ဒီဇယ်ဈေးနှုန်းနှင့် ပြင်ပပေါက်ဈေးတူညီသဖြင့် ငွေဆိုင်းငံ့ထားနိုင်သော၊ ဆီမပြည့်လျှင်ပြော၍ ထပ်ဖြည့်ခိုင်းနိုင်သော ပုဂ္ဂလိကဆိုင်များတွင်သာ ဝယ်ထည့်မှုများလာကြောင်း ကုန်ကားဂိတ်များမှ သိရှိရသည်။

## ညောင်ပင်လေးဈေးကွက်

မြန်မာနိုင်ငံအတွင်းရှိ အဓိကဒေသကြီးတစ်ခုဖြစ်သော ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ ရောင်းဝယ်ဖောက်ကားသူ ရာခိုင်နှုန်းအများဆုံး လာရောက်ဝယ်ယူရာ ညောင်ပင်လေးဈေး၌ ယခုလတ်တလောတွင် ထိုင်းနိုင်ငံမှပစ္စည်းများ အဝင်ပြတ်လျက်ရှိနေသည့်အတွက် ဈေးနှုန်းအနည်းငယ်မြင့်တက်သွားခဲ့ပြီး စားကုန်အချို့မှာလည်း လက်ကားဈေးကွက်အတွင်း ပစ္စည်းပြတ်နေကြောင်း ညောင်ပင်လေးဈေးအတွင်း ရောင်းဝယ်ဖောက်ကားသူများထံမှ သိရသည်။



## ငါးသေတ္တာ၊ အသားဘူး

ပြည်ပမှ ပစ္စည်းအဝင်နည်းပါးနေခြင်းကြောင့် ဈေးကွက်အတွင်း ပြည်ပမှတင်သွင်းသည့် ငါးသေတ္တာဘူးများ ပေါက်ဈေးအနည်းငယ်မြင့်မားလျက်ရှိနေရာ တြိဂံအကြီး အမှတ်တံဆိပ်မှာ တစ်ဘူးလျှင် ၁၄၀၀ ကျပ်ရှိကာ လက်ကားဆိုင်ကြီး အချို့တွင် ပစ္စည်းပြတ်နေကြောင်း သိရသည်။ ထို့အတူ ဇူလိုင်လက ဈေးကွက်အတွင်းသို့ ပစ္စည်းအဝင်ပြတ်ခဲ့၍ ယင်းနောက်ပိုင်းတွင်မူ ဈေးကွက်အတွင်း အလှည့်ကျဝင်ရောက်နေသော HiQ အမှတ်တံဆိပ်နှင့် Family အမှတ်တံဆိပ် ငါးသေတ္တာတို့မှာ သြဂုတ်လအတွင်းက Family အမှတ်တံဆိပ် ဈေးကွက်အတွင်း ပြန်ဝင်ရောက်လာခဲ့သော်လည်း ယခုအခါ ဈေးကွက်၌ ပစ္စည်းပြတ်လျက်ရှိနေပြီး HiQ သာ ဈေးကွက်အတွင်း ရောက်ရှိ လာကြောင်းနှင့် တစ်ဘူးလျှင် ၇၂၀ ကျပ် ဈေးရှိကြောင်း ညောင်ပင်လေးဈေးကွက် အတွင်းမှ သိရသည်။

ပြည်တွင်းထုတ် Ready အမှတ်တံဆိပ် ငါးသေတ္တာဘူးများမှာမူ ဈေးကွက်အတွင်း ပုံမှန်ဝင်ရောက်နေပြီး ဈေးနှုန်းအားဖြင့် Ready A1 ၃၆၀ ကျပ်၊ ငါးသလောက် ၇၇၅ ကျပ်၊ ဆိတ်သား ၇၇၅ ကျပ်၊ အမဲသား ၆၇၅ ကျပ်နှင့် Ready ရိုးရိုး ၄၇၅ ကျပ်ရှိသည်။ Ready ရိုးရိုးမှာ ဈေးကွက်အတွင်း ပိုမိုအရောင်းသွက်ကြောင်းလည်း လက်ကားရောင်းချသူတို့က ဆိုသည်။

## ကစားတဲ့သကြားနဲ့ ငြိမ်တဲ့နို့ဆီ

မိုးအနည်းငယ်ပါးလျလာပြီဖြစ်ရာ ကုန်စည်စီးဆင်းမှုတွင် အဓိက အရေးပါသည့် လမ်းပန်းဆက်သွယ်ရေးမှာ ပြန်

www.foreverspace.com.mm

လည်ကောင်းမွန်လာခြင်းကြောင့် ဘုရင့်နောင်ရှိ သကြားပွဲရုံအချို့ ကုန်စည်ရောင်းချရမှု ယခုရက်ပိုင်းအတွင်း ပြန်လည်သွက်လက်လာပြီဖြစ်ကြောင်း အဆိုပါပွဲရုံများမှ သိရှိရသည်။

ဩဂုတ်လဆန်းပိုင်းအတွင်းက ထိပ်စတစ်ပိဿာ ဈေးနှုန်း ၇၁၀ ကျပ်မှ ၇၅၀ ကျပ်အထိရှိခဲ့သည့် သကြားဈေးမှာ ယခုစက်တင်ဘာလပထမပတ်အတွင်း၌ ထိပ်စ ၇၈၀ ကျပ်အထိ ပေါက်ဈေးရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ပြီးခဲ့သည့် ဇူလိုင်လအတွင်းကမူ ထိပ်စဈေးနှုန်းမှာ ၈၀၀ ကျပ်ခန့်အထိ ပေါက်ဈေးရှိခဲ့သည်။ ထို့အတူ ယခုစက်တင်ဘာလဆန်းပိုင်းရက်အတွင်း သကြားအလတ်စ ဈေးနှုန်းမှာ ၇၆၀ ကျပ်ဖြစ်နေကြောင်း၊ ဇူလိုင်လနောက်ဆုံးပတ်အတွင်းက အောက်စပေါက်ဈေးမှာ ၇၅၀ ကျပ်မှ ၇၈၀ ကျပ်ကြားရှိခဲ့ကြောင်း၊ ဩဂုတ်လလယ်တွင် အနည်းငယ်သာကျဆင်းခဲ့ပြီး ယခုစက်တင်ဘာလဆန်းတွင် ၇၂၀ ကျပ်ခန့်သာ ပေါက်ဈေးရှိနေကြောင်း တွေ့ရှိရသည်။ သကြားဈေးနှုန်းများမှာ ကျပ်ဆယ်ဂဏန်းဝန်းကျင်ခန့်သာ ကွာခြား၍ လစဉ်ပြောင်းလဲလှုပ်ရှားနေခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရှိရသည်။

သကြားဈေးအတက်အကျပေါ်မူတည်၍ ဈေးနှုန်းလိုက်ပါပြောင်းလဲတတ်လေ့ရှိသည့် နို့ဆီမှာ ပြည်တွင်းထုတ်များသာမက ပြည်ပမှတင်သွင်းသည့်နို့ဆီများ ဈေးနှုန်းလှုပ်ရှားခြင်းမရှိဘဲ တစ်ဘူးလျှင် အမြင့်ဆုံး ကျပ် ၈၀၀ ကျော်ဝန်းကျင်ခန့်တွင်သာ ရှိနေခဲ့ကြောင်း ဈေးကွက်၌ လက်ကားရောင်းချသည့်ဆိုင်ကြီးများထံမှ သိရသည်။



မှဝင်ရောက်သည့် အချိုရည်ဈေးနှုန်းများ အနည်းငယ်လှုပ်ခတ်လျက်ရှိနေကြောင်း ဈေးကွက်အတွင်းရောင်းချသည့် လက်ကားဆိုင်ကြီးအချို့ထံမှ သိရသည်။ ဈေးကွက်အတွင်း ပြည်ပမှဝင်ရောက်သော ကိုကာကိုလာသံဘူးအချို့မှာ ယခင်လကထက် ၁၀၀၀ ကျပ်ကျော်ခန့်မြင့်တက်သွားခဲ့ပြီး စက်တင်ဘာ ပထမပတ်တွင်မူ ၁၂,၈၀၀ ကျပ်ခန့် ပေါက်ဈေးရှိကြောင်း၊ ယခင်လအတွင်းက ၁၁,၃၀၀ ကျပ်ဝန်းကျင်သာရှိသည့် ကွဲရိုင်းအချိုရည်မှာ လက်ရှိတွင် ၁၃,၀၀၀ ကျပ်နှင့် ဆန်းကစ် ၁၂,၄၀၀ ကျပ် ရှိနေကြောင်း ညောင်ပင်လေးဈေးကွက်ရှိ အရောင်းဆိုင်ကြီးများမှ သိရှိရသည်။

ပြည်တွင်းထုတ်အချိုရည်ဈေးကွက်တွင်မူ Juicy အမှတ်တံဆိပ်တွင် လတ်တလော၌ လိမ္မော်အမျိုးအစားမှာ ပစ္စည်းပြတ်နေကြောင်း၊ Queen တံဆိပ်မှာမူ ဈေးကွက်၌ မတွေ့ရတော့ကြောင်းနှင့် အခြားအချိုရည်တို့မှာလည်း ပုံမှန်သာရောင်းချရမှုရှိနေပြီး ဈေးနှုန်းအပြောင်းလဲမရှိသေးကြောင်း အချိုရည်ရောင်းချသည့် ဆိုင်ကြီးများထံမှ သိရသည်။

## အချိုရည်လှုပ်ရှား

ယခင်လအတွင်းက ဈေးကွက်၌ ဈေးအနည်းငယ်ကျဆင်းခဲ့သည့် ပြည်ပအချိုရည်တို့မှာ ယခုစက်တင်ဘာလဆန်းခန့်တွင် ဈေးကွက်အတွင်းသို့ ပစ္စည်းဝင်ရောက်မှုနှုန်းကျဆင်းခဲ့ခြင်းကြောင့် ပြည်ပ

## ကော်ဖီမစ်

ပြည်တွင်းထုတ် Coffee Mix များ၏ ဈေးနှုန်းအောက်တွင်သာ ကာလအတန်ကြာရှိနေခဲ့သည့် ထိုင်းနိုင်ငံမှဝင်ရောက်သော Mister Cup Coffee Mix မှာ ယခင်ရောင်းချသည့် ၂၇၀၀ ကျပ်မှ ယခုအခါ ၃၀၀၀ ကျပ်သို့ ရောက်ရှိလာခဲ့သော်လည်း လတ်တလောတွင် ဈေးကွက်အတွင်း၌ ပစ္စည်းမရှိတော့ကြောင်း လက်ကားရောင်းချသူတို့ကဆိုသည်။ ထို့အတူ စက်တင်ဘာလဆန်းရက်များတွင် ထိုင်း Supper Coffee Mix တံဆိပ်ဝင်ရောက်နေပြီး 3 in 1 အထုပ် ၂၅ ထုပ်ပါ အထုပ်ကြီး တစ်ထုပ်လျှင် ၂၈၀၀ ကျပ်ရှိကာ KHAO SHONG တံဆိပ် 3 in 1 အထုပ်ရှည် ၃၀ ပါ တစ်ထုပ်လျှင် ၃၂၀၀ ကျပ်ဖြင့် ဈေးကွက်အတွင်း ဝင်ရောက်လာကြောင်း ဝယ်ယူသောက်သုံးသူအချို့၏ ပြောကြားချက်အရ သိရသည်။

ပြည်တွင်းထုတ် Super Coffee Mix မှာ ၄၂၀၀ ကျပ်၊ Gold Roast မှာ ၄၇၀၀ ကျပ်၊ Royal Tea မှာ ၃၀၀၀ ကျပ် ဖြင့် ပုံမှန်အတိုင်းသာရှိနေကြောင်း လက်လီ၊ လက်ကားရောင်းချလျက်ရှိသည့် ဆိုင်များထံမှ စက်တင်ဘာပထမအပတ်အတွင်း စုံစမ်းသိရှိရသည်။

## မုန့်ချက်နဲ့မကိုက်သေးတဲ့ဆပ်ပြာ

နိုင်ငံပိုင်စက်ရုံများက ထုတ်လုပ်သည့် ရွှေဝါဆပ်ပြာမှာ စက်တင်ဘာလ

www.foreverspace.com.mm

ဆန်းရက်တွင် ယခင်လပေါက်ဈေး ၁၆,၄၀၀ ကျပ်မှ ၁၆,၅၀၀ ကျပ်သို့ ရောက်ရှိနေသည်ဟု လက်ကားအရောင်းဆိုင်များမှ သိရသည်။ သို့ရာတွင် ပြည်ပမှတင်သွင်းသည့် ဆပ်ပြာကုန်ကြမ်းဈေးမှာမူ အကျဘက်တွင်သာရှိနေသေးကြောင်း အဆိုပါဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။ နယ်အဝယ်ကိုသာ အဓိကအားထားရသည့် ဆပ်ပြာတောင့်ဈေးကွက်မှာ ကျဆင်းလျက်ရှိနေသည်။ နယ်ဝယ်လက်တို့၏ ဝယ်လိုအားပြန်တက်မှုကိုသာ စောင့်မျှော်လျက်ရှိကြရာ ဆပ်ပြာရာသီ နှစ်ရာသီ ကျော်လွန်ခဲ့ပြီဖြစ်သော်လည်း ယခင်ဝယ်လိုအားပြည့်မီသည်အထိ တက်မလာနိုင်သေးကြောင်း လက်ကားကုန်သည်အချို့က ဆိုသည်။

ပြည်တွင်း ပုဂ္ဂလိကပိုင်စက်ရုံများက ထုတ်လုပ်သည့် ဆပ်ပြာများတွင် နေဝါဆပ်ပြာတောင့်မှာ ပိုမိုအရောင်းသွက်လျက်ရှိပြီး ၁၄,၅၀၀ ကျပ် ပေါက်ဈေးရှိကြောင်း၊ ရွှေခါးဆပ်ပြာတောင့်မှာမူ ၁၅,၀၀၀ ကျပ်ဈေးနှုန်းရှိကြောင်း ဈေးကွက်အတွင်းမှ သိရှိ ရသည်။

ဆပ်ပြာမှုန့်ဈေးကွက်တွင် ရောင်းအားအသွက်ဆုံးဖြစ်သည့် အီလန်အမှတ်တံဆိပ်မှာ ၂၀၀ ဂရမ်အထုပ်ကြီး ၅၀ ပါ တစ်အိတ်လျှင် ၁၃,၆၀၀ ကျပ်မှ ၁၃,၈၀၀ ကျပ် ဖြစ်သွားပြီး အခြားဆပ်ပြာမှုန့်များမှာလည်း ၁၃,၀၀၀ ကျပ်ဝန်းကျင်တွင်သာ ဈေးငြိမ်လျက်ရှိနေကြောင်း ညောင်ပင်လေးဈေးကွက်အတွင်းမှ သိရသည်။



## ဈေးကွက်စီးပွားနှင့် အမျိုးသားအကျိုးစီးပွား

ဈေးကွက်စီးပွားရေးစနစ်ဟုဆိုသည်နှင့် လက်ရှိကမ္ဘာလုံးဆိုင်ရာ အပြောင်းအလဲများနှင့် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးသဘောအရ မည်သည့်ဈေးကွက်မျှ သီးခြားရပ်တည်၍မရဘဲ နိုင်ငံတကာဈေးကွက်နှင့် ချိတ်ဆက်နေသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။ စိုက်ပျိုးရေးနှင့် သဘာဝသယံဇာတကိုအခြေပြုအားထားနေသော မြန်မာဈေးကွက်သည်လည်း ဝယ်လက်ဖြစ်သည့် နိုင်ငံတကာဈေးကွက်နှင့် မဖြစ်မနေထိတွေ့ချိတ်ဆက်နေပါသည်။ ဤအချက်နှင့် ပတ်သက်၍ မြင်သာထင်သာအရှိဆုံးမှာ ရွှေဈေး ဖြစ်သည်။ ကမ္ဘာ့ရွှေဈေးအပေါ်မူတည်၍ ပြည်တွင်းရွှေဈေးလည်း အနိမ့်အမြင့်လှုပ်ရှားပြောင်းလဲလျက်ရှိသည်။ သိသိသာသာမရှိလှသော်လည်း အခြားသီးနှံကုန်စည်များအားလုံးလည်း ဤသို့ပင်။ ယနေ့အချိန်တွင် နိုင်ငံတကာဈေးနှင့် သိသိသာသာကွာဟနေပြီဆိုလျှင် တစ်ခုခု တစ်နေရာရာတွင် လွဲမှားမှုတစ်စုံတစ်ရာ ရှိနေပြီဆိုသည့်သဘောက ထင်းခနဲ မြင်သာလှသည်။

အထူးသဖြင့် တစ်နိုင်ငံလုံး၏ လုပ်သားအင်အား ၇၀ ရာခိုင်နှုန်းခန့် လုပ်ကိုင်နေသော လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့် ထွက်ကုန်သီးနှံများ၏ အထွက်အတိုးအလျော့နှင့် ဈေးနှုန်းအပြောင်းအလဲများက ၇၀ ရာခိုင်နှုန်းသော လုပ်သားအင်အားသာမက နိုင်ငံသားအားလုံးနှင့် သက်ဆိုင်နေသည့် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုနှင့်ပါ တိုက်ရိုက်သက်ဆိုင်နေပါသည်။ ဈေးကွက်စီးပွားရေးဟု အမည်တပ်ထားသည်နှင့် ထိုဈေးကွက်တွင် တစ်ဦးတစ်ယောက်၊ ကုမ္ပဏီအဖွဲ့အစည်းတစ်ခု၏ အကျိုးစီးပွားအလို့ငှာ ဈေးကွက်ကို လက်ဝါးကြီးအုပ် အမြတ်ထုတ်၍ မရတော့ဘဲ ဈေးကွက်အတွင်းရှိ ပတ်သက်ဆက်စပ်သမျှအားလုံးအနေဖြင့် မိမိတို့စိုက်ထုတ်ထည့်ဝင်ထားသော ရင်းနှီးမြှုပ်နှံမှုနှင့် ဉာဏစွမ်းရည်အပေါ် မူတည်ကာ အချိုးကျအကျိုးအမြတ်ခံစားခွင့်ရှိသော စနစ်မျိုး ဖြစ်သည်။ ထို့အတွက် သေချာပေါက် အကျိုးအမြတ်ရအလုပ်ဖြစ်မည့် ပို့ကုန်သီးနှံတစ်ခုကိုသော်လည်းကောင်း၊ မရှိမဖြစ် လူသုံးကုန်၊ စက်မှုကုန်ကြမ်းသွင်းကုန် တစ်ခုခုကိုသော်လည်းကောင်း တစ်ဦးတစ်ယောက် အဖွဲ့အစည်းတစ်ခုတည်း လက်ဝါးကြီးအုပ် ဈေးဖြတ်၊ ရောင်းချ၊ ကုန်သွယ်ခြင်းငှာ မလုပ်စကောင်း၊ စီးပွားရေးအာပတ်သင့်သောကိစ္စမျိုး ဖြစ်သည်။ ထို့အပြင် နိုင်ငံနှင့်နိုင်ငံသားတို့၏ မူလကရှိထားသော ရိုးဖြောင့်မှုတသည့် အမျိုးသားစရိုက်လက္ခဏာကို ညစ်ထေးစွန်းထင်းစေသည်။ ဤအတွက် ထိုသို့သောကိစ္စရပ်မျိုး ပေါ်ပေါက်လာပါက အမျိုးသားအကျိုးစီးပွားအလို့ငှာ ဖော်ထုတ်တားဆီးပေးရမည်မှာ အမျိုးသားအကျိုးစီးပွားလိုလားသူအားလုံး၏ တာဝန်ဖြစ်ပါသည်။

**နိုင်မင်းဝေ ၊ ဇာလီကျော်**

www.foreverspace.com.mm





# အသွင်သစ်ဖြင့် နိုးထလာမည့် ဆားအိုးကြီး

ဟန်စိုးထိုက်

**မြန်မာနိုင်ငံ၏ ဆန်အိုးကြီးသာမက ဆားအိုးကြီးဟုပင်တင်စားရမည့် အဓိကဆားထုတ်လုပ်ရေးဒေသကြီးတစ်ခုဖြစ်သော ဧရာဝတီတိုင်း၏ ဆားထွက်ရှိရာဒေသကြီးတွင် မုန်တိုင်းထိဆားကွင်းများ ပြန်လည်ထူထောင်ရေးအတွက် အစိုးရ အပါအဝင် ပြန်လည်ထူထောင်ရေးဆိုင်ရာ လူမှုရေးအဖွဲ့အစည်းအသင်းအဖွဲ့ပေါင်းစုံက လိုအပ်သည့်အရင်းအနှီး ထောက်ပံ့မှုများ လုပ်ဆောင်ပေးနေသော်လည်း ယင်းဒေသခံဆားလုပ်ငန်းများကမူ ၎င်းတို့လုပ်ငန်းများ ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းပိုင်းဆိုင်ရာကိစ္စရပ်အချို့မှာ မဖြစ်မနေဖြေရှင်းရန် လိုအပ်နေသေးသည်ဟုဆိုနေရာ ယင်းမှာ အဖြေရှာရမည့်ပုစ္ဆာ တစ်ပုဒ်ပင် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံ၏မရှိမဖြစ်ရိက္ခာတစ်ခုဖြစ်သောဆားကို မူလအခြေအနေ၊ မူလပမာဏ အတိုင်း အချိန်တိုအတွင်း ပြန်လည်ထူထောင်ထုတ်လုပ်နိုင်ရန်မှာ မဖြစ်မနေ ဝိုင်းဝန်းပံ့ပိုးလုပ်ဆောင်ကြရမည့် အရေးပါသော လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့်ပင်။**

## ဆားကွင်းတို့ အစပျိုးရာ

ဆားကွင်းတစ်ကွင်းဖြစ်ပေါ်လာစေရန် ပထမအဆင့်မှာ ဂရန်ရရှိရေးဖြစ်သည်။ ဂရန်ရရှိရန်အတွက် လျှောက်ထားသည့်မြေသည် ပလပ်မြေဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်စိုက်ပျိုးရေးမန်နေဂျာရုံး၏ ထောက်ခံစာ၊ အဆိုပါလျှောက်ထားသော ပလပ်မြေ၏ အရပ်လေးမျက်နှာနယ်စပ် လယ်မြေပိုင်ရှင်များ၏ သဘောတူခွင့်ပြုချက်၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ထောက်ခံချက်တို့နှင့်အတူ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနမှတစ်ဆင့် သက်ဆိုင်ရာ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြ

www.foreverspace.com.mm



လျှောက်ထားရသည်။

ယင်းသို့အဆင့်ဆင့်ဖြတ်ကျော်ပြီးမှ နှစ် ၂၀ ဂရန် (လန-၃၉) အဖြစ်ကင်းလွတ်ခွင့် မြေဦးပိုင်ကိုချပေးခြင်းဖြစ်သည်။ နှစ်စဉ် လုပ်ပိုင်ခွင့်လိုင်စင်ကိုမူ အဏ္ဏဝါ/ ဓာတုသို့ တင်ပြလျှောက်ထားရသည်။ ဆားကွင်းတစ်ကွင်းသည် ကုန်သွယ်ခွန်အဖြစ် ဆားတစ်ပိဿာတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းကိုလည်းကောင်း၊ အမြတ်ခွန်အဖြစ် အသားတင်အမြတ်၏ ၄၀ ရာခိုင်နှုန်းနှင့် လိုင်စင်ကြေးအတွက် ပိဿာတစ်ရာလျှင် နှစ်ပိဿာနှုန်း ပေးဆောင်ရသည်။ ရာသီဥတုနှောင့်ယှက်၍ ဆားအထွက်လျော့နည်းပါက ထောက်ခံစာအဆင့်ဆင့်ဖြင့်တင်ပြပြီး အမြတ်ခွန်သက်သာစေရန် လျှောက်ထားရသည်။

## လပ္ပတ္တာကမ်းခြေဒေသ

ဆင်ခြေယာ၊ ကန့်ဘလာ၊ ပြင်စလူ၊ တယ်ပင်ကိုင်း၊ ရေတွင်းဆိပ်၊ ရွှေး၊ သဃ်န်းကြီး၊ မဲစရိ၊ မန်ကျည်းပင်၊ ကညင်ချောင်း၊ သင်္ကန်းကုန်း၊ မရမ်းကွင်း၊ ပုံးတန့်၊ သမဲ့ဖြူ စသောဒေသများတွင် နေလှန်းဆားကို အကြီးအကျယ်လုပ်ကိုင်ကြသည်။ ထိုဒေသများတွင် နေလှန်းဆားလုပ်ကိုင်နိုင်ရန် သဘာဝပတ်ဝန်းကျင်ကောင်းများလည်းရှိနေပေသည်။ စိုက်ပျိုးမြေအဖြစ် အသုံးပြု၍ မရနိုင်သည့် ဆားငန်ရေဝင်သော သဲနုန်းနှင့် နုန်းမြေကွင်းပြင်အမြောက်အမြားရှိသည့်အပြင် ထိုကွင်းများနှင့် ဆက်စပ်နေသော ချောင်းများသည်လည်း ဆားဓာတ်အများဆုံးပါသောရေများ စီးဝင်လျက်ရှိသည်။ ကွင်းဖျက်သတ္တဝါများဖြစ်သော ကဏန်း၊ ဂန်းမ၊ ငါးယောက်များလည်း နည်းပါးသည့်ဒေသများ ဖြစ်သည်။

“ဆားလုပ်ငန်းစလုပ်ကိုင်နိုင်ရန် ဆားကွင်းတွေထဲမှာ ရေချိုမဝင်အောင် တာဘောင်ပတ်ကာရတာ။ အောက်တိုဘာလလောက်ကစပြီး မြေကိုထွန်ယက်ပြုပြင်ပြီးတော့ မြေညှိရတယ်။ မြေပြင်တာ လေးလလောက်ပြင်ရတာ။ ချောင်းထဲကဆားငန်ရေကို စက်နဲ့မောင်းတင်ပြီးတော့ တစ်ဆင့်ချင်း နေလှန်းရတာ” ဟု ဆားစတင်ထုတ်လုပ်ရပုံကို ဆားလုပ်ငန်းရှင်အသင်းဝင်လည်းဖြစ်သူ ဆားကွင်းဧက ၂၀၀ ကျော် လုပ်ကိုင်သည့်လုပ်ငန်းရှင် ဦးသိန်းလွင်က ပြောပြသည်။

ချောင်းထဲမှ ဆားငန်ရေများကို စတင်မောင်းတင် သိုလှောင်ထားရှိရာနေရာကို ခိုအိုင်ဟုခေါ်ကြောင်း၊ တစ်ညခန့် ညှိသိပ်ထားပြီး ကွင်းကြမ်းခေါ် ရေကြမ်းကွင်းကို ထပ်မံဖြတ်သန်းစေရကြောင်း၊ ယင်းအဆင့်တွင် ကွင်းအနေအထားအလိုက် သုံးဆင့်မှ ငါးဆင့်အထိ ဖြတ်သန်းရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ ယင်းမှဖြတ်သန်းလာသော ဆားငန်ရေများကို ဆားကန်တွင် ထည့်သွင်းသိုလှောင်ကာ ရေလတ်ကွင်းသို့ ထပ်မံ မောင်းတင်ရသည်။ ယင်းအဆင့်တွင်လည်း ဆားကွင်းဧရိယာအလိုက် သုံးဆင့်မှငါးဆင့်အထိ ဖြတ်သန်း



www.foreverspace.com.mm

စေပြီး လှောင်ကန်တွင် ထပ်မံသိုလှောင်ထားရပေသည်။ လှောင်ကန်မှတစ်ဆင့် ရေချောကွင်းသို့ ထပ်မံမောင်းတင်ရပြီး အဆင့်သုံးဆင့်မှ ငါးဆင့် ထပ်မံဖြတ်သန်းစေကာ ခဲဖြူးခေါ် ၂၅ ဖြူးကွင်းသို့ ထည့်သွင်းသိုလှောင်ထားရပေသည်။ ယင်းမှတစ်ဆင့် ကျုံးကွက်ဧရိယာများထဲ ထည့်သွင်းနေလှန်းကာ ဆားထုတ်ယူကြရပေသည်။

“မြေပြင်တဲ့အလုပ်ကို အောက်တိုဘာလဆန်းလောက်ဆို စပြီ။ ဆားက ရာသီဥတုပေါ်မူတည်ပြီးလုပ်ရတာဆိုတော့ မြေပြင်ချိန်နောက်ကျရင် ထုတ်လုပ်ချိန်လျော့သွားမယ်။ ဆားကွင်းမှာ ပတ်တာက အရေးကြီးဆုံးပဲ။ ဆားကွင်းထဲ ရေချိုဝင်ရင် ဆားကွင်းဖျက်တယ်။ ချောင်းထဲရေမောင်းတင်လိုက်တဲ့အချိန်မှာ ဒီဂရီက သုညပဲရှိတယ်။ တစ်ရက်ကို ဒီဂရီက နှစ်မှတ်နှုန်းတက်တယ်။ အဆင့်ဆင့်ဖြတ်စီးလာတဲ့ရေက ဖြူးကွင်းရောက်ရင် အနိမ့်ဆုံးဒီဂရီက ၁၈ ရှိနေပြီ။ ဒီဂရီ ၂၅ ဒသမ ၂၅ ဆိုရင် ဆားစဖြစ်ပြီ။ ရာသီဥတုပေါ်မူတည်ပြီး ကြားမှာအများဆုံး ၁၄ ရက်လောက်ကြာတယ်။ ဖြူးကွင်းက ရေကိုကျုံးကွက်ထဲ ထည့်ရင် ၁၀ ရက်ခန့် ထည့်မလားဆိုတာ ဆားရေကိုင်က ဆုံးဖြတ်တယ်။ ဧကတစ်ရာဆားကွင်းတစ်ကွင်း မှာ ၁၂ လံ × ၁၃ လံကျုံးကွက်က ၈၀ ပဲ ရှိတယ်။ ရှစ်ရက်ခန့် ထည့်မယ်ဆိုရင် တစ်ရက် ၁၀ ကွက်နှုန်းနဲ့ ထည့်သွားတယ်။ နောက်ဆုံး ကျုံးကွက်ရေထည့်ပြီးတဲ့အချိန်မှာ အရင်ဆုံးထည့်ထားတဲ့ကျုံးကွက်က ခန်းနေပြီ။ အဲဒီလို ပတ်လည်လှည့်ပြီးလုပ်ရတာ။ ရေကကျုံးကွက်ထဲမှာ နှစ်လက်မနဲ့ သုံးလက်မ ရာသီဥတုပေါ်မူတည်ပြီး သင့်တော်သလို ထည့်သွားတာ” ဟု ဆားလုပ်ငန်းရှင်များအသင်းဝင် လုပ်ငန်းရှင် ဦးစိုးကြည်က ရှင်းပြသည်။

လပွတ္တာမြို့နယ်တွင် သဃ်န်းကြီး၊ ရွှေး၊ ပြင်စလူ၊ တယ်ပင်ကိုင်း၊ ရေတွင်းဆိပ်၊ ဆင်ခြေယာ၊ ကန့်ဘလာ ဆားတိုက်နယ်များတွင် လုပ်ကိုင်သည့် လုပ်ငန်းရှင် ၁၇၀ ဦးရှိပြီး ဆားထုတ်လုပ်ဧက ၈၈၃၀.၇၄ ရှိရာ တစ်ဧက လုပ်ငန်းလည်ပတ်စ ရိတ်လေးသိန်းနှင့် ငါးသိန်းကြား လိုအပ်ကြောင်း၊ ပြန်လည်ထူထောင်စရိတ်မှု လုပ်ငန်းပမာဏအလိုက် လိုအပ်မှုများ ရှိကြောင်း၊ လိုအပ်မှုများကို အစိုးရမှ ပံ့ပိုးမှုရရှိစေရန်အတွက် အသင်းအနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အသင်းဝင် ဦးစိုးကြည်က ပြောကြားသည်။

## စိန်ခေါ်ခံရသော ဆားကွင်းရှင်များ

ဧကတစ်ရာဆားကွင်းတွင် ဆားရေကိုင်မှ ဆားကျုံးလုပ်သားအထိ လုပ်သားအင်အား ၃၀ နှင့် ၄၀ အတွင်း လုပ်ကိုင်ကြရသည်။ တစ်ဧကကုန်ကျစရိတ် ကျပ်လေးသိန်းနှင့် ငါးသိန်းကြား ကုန်ကျနိုင်သည်။ တစ်ဧကလျှင် တစ်ရာသီဆားပိဿာချိန် ၅၀၀၀ မှ ၈၀၀၀ အတွင်း၊ ရာသီဥတုကောင်းမွန်ပါက ပိဿာချိန် ၁၀၀၀၀ ထိ ရရှိနိုင်သည်။ ဆားလုပ်ငန်းရှင်များသည် လုပ်ငန်းစတင်လည်ပတ်ချိန်မှစတင်၍ ငွေကြေးမြှုပ်နှံထားရပြီး ဆားစတင်ထွက်ရှိချိန်တွင် လုပ်ငန်းထပ်မံလည်ပတ်နိုင်ရန် ထွက်ရှိသည့်ဆားများကို ကုန်သည်ထံတွင် ရောင်းချရသည်။ လိုအပ်သည့်ငွေကြေးပမာဏကို ကုန်သည်ထံတွင် ကြိုတင်ထုတ်ယူနိုင်ပြီး ဆားထွက်ရှိချိန်တွင် တန်ဖိုးသင့်ပြန်လည်ပေးချေရပေသည်။ မေလကုန်ဇွန်လဆန်းပိုင်းတွင် ဆားလုပ်ငန်းများသိမ်းဆည်းချိန်ဖြစ်ရာ လုပ်ငန်းရှင်နှင့် ကုန်သည်ကြားတွင် အပေးအယူကိစ္စဖြေရှင်းရာ ရာသီဖြစ်သည်။ ဆားလုပ်ငန်းရှင်များအနေဖြင့် ရေငန်ပုစွန်ကို တွဲဖက်မွေးမြူကြပြီး အဆိုပါ ကန်ဖော်ချိန်တွင် လုပ်ငန်းအရင်းအနှီး၏ သုံးပုံတစ်ပုံခန့်ရရှိသည်ဖြစ်ရာ မိရိုးဖလာလုပ်ငန်းတစ်ခုအဖြစ် လုပ်ကိုင်ကြပေသည်။

ဒီနှစ်လုပ်ငန်းသိမ်းကာနီးမှာ မုန်တိုင်းတိုက်သွားတာ ဆားဂိုဒေါင်တွေ၊ အလုပ်သမားတန်းလျားတွေ၊ ရေတင်စက်ရုံတွေ၊ ကျွဲ၊ နွား၊ စက်ပစ္စည်းတွေ၊ လုပ်ဖက်ကိရိယာတွေ၊ ကျွမ်းကျင်လုပ်သားတွေပါ ဆုံးရှုံးသွားရတာ။ လုပ်ငန်းရှင်ကလည်း ကုန်သည်ကို ကြွေးမဆပ်လိုက်ရဘူး။ ကုန်သည်ကလည်း ရစရာရှိတဲ့ကုန်တွေမသိမ်းလိုက်ရဘူး။ ဒီတော့ ဒီနှစ်လုပ်ငန်းစချိန်မှာ သူတို့ဆီက ငွေထုတ်လို့မရသလို ကိုယ့်ဆီမှာလည်း အရင်းအနှီးမကျန်ရစ်ခဲ့ဘူး။ မွေးထားတဲ့ပုစွန်ကန်တွေကလည်း ရေကျော်သွားတော့ ပုစွန်ကတစ်ကောင်မှမကျန်ရစ်ဘူး။ ရာသီဥတုကလည်း ဒီနှစ်ပိုင်းတွေမှ ဖောက်လာပြီ။ သုံးနှစ်ရှိပြီ။ ဧပြီဆိုရင် မိုးကရွာနေပြီ။ ပုစွန်ကန်တွေပျက်တာက မာလာမုန်တိုင်းတုန်းကလည်း တစ်ကြိမ်ခံလိုက်ရသေးတယ်” ဟု ရေပေါ့လေးကျေး



www.foreverspace.com.mm

ရွာမှ ဆားလုပ်ငန်းရှင် ဦးမြင့်ဆွေက ပြောပြသည်။

ယခင်နှစ်များက လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလည်ပတ်ရန် ငွေကြေး လိုအပ်သော်လည်း ယခုနှစ်တွင် ပြန်လည်ထူထောင်ရေးအတွက်ပါ ငွေကြေးလိုအပ်မှုများရှိကြောင်း၊ ယခင်က လိုအပ်သော ငွေကြေးပမာဏကို ဆားကုန်သည်နှင့် အကျိုးတူပူးပေါင်း၍ ရရှိနိုင်သော်လည်း ယခုနှစ်ပိုင်းတွင် ကုန်သည်များပါ ဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့သဖြင့် ၎င်းတို့ အကူအညီမရနိုင်သဖြင့် အစိုးရ၏ ပံ့ပိုးမှုကိုသာ မျှော်လင့်နေရကြောင်း လုပ်ငန်းရှင်များက ရှင်းပြသည်။

"မုန်တိုင်းတိုက်တော့ ဆားတွေက ဂိုဒေါင်ထဲမှာပဲရှိသေးတာ။ ကုန်သည်နဲ့ လုပ်ငန်းရှင် စာရင်းမရှင်းရသေးဘူး။ မုန်တိုင်းလည်းတိုက်တော့ ကုန်သည်လည်း ဆားမရဘူး။ လုပ်ငန်းရှင်ကလည်း ကြွေးမဆပ်လိုက်ရဘူး။ ဒါကြောင့် ကုန်သည်ကလည်း ဒီနှစ်မှာ လုပ်ငန်းရှင်ကို ငွေကြိုမထုတ်ပေးနိုင်တော့ဘူး" ဟု လုပ်ငန်းရှင် ဦးစိန်ဝင်းက ဆိုသည်။

လက်ရှိတွင် ဆားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများပြန်လည်ထူထောင်ရန်မှာ (၁) အခြေခံအဆောက်အဦနှင့် အရင်းအနှီး၊ (၂) စက်ကိရိယာပစ္စည်းများ၊ (၃) ဆုံးရှုံးသွားသော ကျွဲ၊ နွားများနေရာတွင် အစားထိုးသုံးစွဲမှု၊ (၄) စက်သုံးဆီနှင့် (၅) လုပ်သားရှားပါးမှု စသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ရပေသည်။

**၁။အခြေခံအဆောက်အဦနှင့်အရင်းအနှီး**

ဆားလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းစတင်လည်ပတ်နိုင်ရန်အတွက် အလုပ်သမားများနေထိုင်နိုင်ရန် အဆောက်အအုံ၊ ရေတင်စက်ရုံများ၊ ကုန်ပစ္စည်းသိုလှောင်ရာဂိုဒေါင်များ ဆောက်လုပ်ရတော့မည်ဖြစ်သည်။ ယင်းအဆောက်အအုံများဆောက်လုပ်ရန် လိုအပ်သောသစ်၊ ဝါးဝယ်ယူရန်အတွက် လက်ရှိတွင် ဈေးနှုန်းကြီးမြင့်ပြီး ဝယ်လိုအားမြင့်မားသဖြင့် လိုအပ်သောသစ်၊ ဝါး အချိန်မီရရှိရန်လိုအပ်ပေသည်။ လုပ်ငန်းစတင်နိုင်ရန် ပျက်စီးတာဘောင်များ ပြန်လည်ပြုပြင်ခြင်း၊ သစ်၊ ဝါးဝယ်ယူခြင်းများအတွက် အရင်းအနှီးမှာ အရေးတကြီးလိုအပ်လာနေသည်။ အလုပ်သမားများနေထိုင်ရန်အဆောက်အအုံ၊ စားသောက်ရေးအတွက် လိုအပ်သောဆန်၊ ဆီ စသည်များ မဖြစ်မနေဖန်တီးပေးရတော့မည်ဖြစ်သည်။ ယခင်က လိုအပ်သည့်အရင်းအနှီးကို ဆားကုန်သည်များထံမှ ကြိုတင်ထုတ်ယူရရှိနိုင်သော်လည်း ယခုအခါတွင် အဆိုပါကုန်သည်များပါ ထိခိုက်မှုရှိသဖြင့် ၎င်းတို့ထံမှ အကူအညီမှာ မျှော်လင့်၍မရနိုင်တော့ပေ။ လိုအပ်သောအရင်းအနှီးကို လုပ်ငန်းရှင်များအနေဖြင့် မဖြစ်မနေရှာဖွေရတော့မည်ဖြစ်ရာ စွမ်းအားပြည့်လည်ပတ်နိုင်ရန်မှာ ၎င်းတို့အတွက် ကြီးမားသောအခက်အခဲကြီးတစ်ခု ဖြစ်နေပေသည်။

"ကျွန်တော်တို့လုပ်ငန်းက သိန်း ၅၀



www.foreverspace.com.mm

ကုန်မယ်ဆိုပါတော့။ ကျွန်တော်တို့ ၂၅ သိန်းလောက်ထုတ်နိုင်မယ်။ ရှိတဲ့ငွေနဲ့ လုပ်ငန်းစမယ်ဆိုရင် နောက်ထပ် ပံ့ပိုးပေးမယ့်သူမရှိရင် ကျွန်တော်တို့ရင်းထားတဲ့ငွေက ဆုံးပြီ။ လုပ်ငန်းအစအဆုံးလုပ်နိုင်မှ ဒီငွေက လည်ပတ်နိုင်မှာ။ လယ်လုပ်ငန်းလို တစ်ဝက်ဖိုးပဲရှိလို့ တစ်ဝက်လုပ်လို့မရနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ သွားရမယ့်အဆင့်တွေက ကျော်လို့မရဘူး။ ဧက ၁၀၀ ကွက်တည်ထားရင် ဧက ၁၀၀ စာ ဒီရေက ဖြတ်စီးရတာ။ ဧက ၅၀ စာပဲရှိလို့လုပ်မယ်ဆိုရင် ခိုအိုင်တွေ၊ ရေကြမ်းကွင်းတွေကို ဘယ်လိုသွားခွဲမလဲ"ဟု ဆားလုပ်ငန်းရှင်များအသင်းမှ လုပ်ငန်းရှင် ဦးစိန်ဝင်းက ဆိုသည်။

## ၂။ စက်ပစ္စည်းကိရိယာ

ဆားလုပ်ငန်းရှင်များအနေဖြင့် မြေယာပြုပြင်ရန်၊ စက်ကိရိယာပစ္စည်း၊ ချောင်းတွင်းမှရေကို ကွင်းအတွင်းမောင်းတင်နိုင်ရန်အတွက် ဂျပ်ပုံး၊ ဂျပ်ရွက်နှင့် တွဲဖက်သုံးစွဲရမည့်အင်ဂျင်များမှာ မဖြစ်မနေလိုအပ်လာသည်။ ဧကနည်းသောလုပ်ငန်းရှင်များအတွက်မူ လက်တွန်းထွန်စက်ငယ်များဖြင့် လုပ်ကိုင်နိုင်သော်လည်း ဧကများပြားသောလုပ်ငန်းရှင်များအတွက် အချိန်မီလုပ်ငန်းလုပ်ကိုင်နိုင်ရန်မှာ ထွန်စက်ကြီးများ လိုအပ်လာပေသည်။ လက်တွန်းထွန်စက်ငယ်များကို အကြွေးစနစ်ဖြင့် ပံ့ပိုးပေးခြင်း၊ ထွန်စက်ကြီးများကို အလှည့်ကျစနစ်ဖြင့် ငှားရမ်းအသုံးပြုပေးခြင်း စသည့် ပံ့ပိုးမှုများပြုလုပ်ပေးရန် လိုအပ်နေပါကြောင်းလည်း လုပ်ငန်းရှင်တို့ကဖွင့်ဟသည်။ မြေပြင်ချိန်တွင် ချောင်းအတွင်းမှရေကို မောင်းတင်ပေးရမည်ဖြစ်ရာ ဂျပ်ပုံး၊ ဂျပ်ရွက်ကဲ့သို့သောပစ္စည်းများလုပ်ကိုင်ရန် သစ်လိုအပ်လာသည်။ လုပ်ကွက်တစ်ခုတွင် ဂျပ်ပုံး၊ ဂျပ်ရွက်အပါအဝင် ယင်းနှင့်တွဲဖက်သုံးစွဲမည့် အင်ဂျင်စက်များ သုံးလုံးနှင့်အထက် လိုအပ်မည်ဖြစ်ရာ ကွင်းအရွယ်အစားအလိုက် မြင်းကောင်ရေ ၁၀ မှ ၃၀ အတွင်းလိုအပ်ပေသည်။ အဆိုပါပစ္စည်းများအတွက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လူမှုရေး၊ အဖွဲ့အစည်းအသင်းအဖွဲ့ပေါင်းစုံက ပံ့ပိုးပေးပါက လျင်မြန်စွာ ပြန်လည်လုပ်ကိုင်နိုင်မည်ဟု လုပ်ငန်းရှင်များ မျှော်လင့်ယုံ ကြည်နေပေသည်။

"လုပ်ကွက်ကြီးတွေမှာ ပထမအဆင့် စက်ကြီးတွေနဲ့ထယ်ခွဲမယ်။ ပြီးတော့ ချောင်းရေမောင်းတင်လိုက်တယ်။ အရင်ကတော့ ကျွဲတွေ၊ နွားတွေနဲ့ သမန်းရအောင် ထွန်ပေးတယ်။ အဲဒီအဆင့်တွေပြီးသွားရင် ကျိုးကွက် တွေပြင်ရတယ်။ ပထမအဆင့် ဒီဂရီတစ်၊ နှစ်လောက်ရှိတဲ့ ရေသွင်းပေးရတယ်။ ဆားရေကျွေးတယ်လို့ ခေါ်တယ်။ သုံးရက်လောက်နေလှန်းပြီး လက်တွန်းထွန်စက်လေးတွေမှာ သံဒလိမ့်တုံးတွေတပ်ပြီး စက်အားနဲ့ဖိပေးရတယ်။ အဲဒီလို သုံးကြိမ်လေးကြိမ်လောက်ဖိပြီးမှ ဆားပေးဖောက်ရတယ်။ အဲဒီမှာ အဆင်မပြေသေးရင် မြေထပ်ပြင်ပေးရသေးတယ်။ ဆားလုပ်ငန်းက



www.foreverspace.com.mm

စက်အား၊ လူအား အပြည့်သုံးရတဲ့လုပ်ငန်း" ဟု ဆားလုပ်ငန်းရှင်များအသင်းဝင် လုပ်ငန်းရှင် ဦးအုန်းသန်းက ရှင်းပြသည်။

### ၃။ ဆုံးရှုံးသွားသော ကျွဲ၊ နွားများအတွက် အစားထိုးသုံးစွဲမှု

ဆားလုပ်ငန်းများတွင် အခြောက်ထယ်ခွဲပြီးချိန် ရေသွင်းမြေပြင်ခြင်းကို ကျွဲ၊ နွားများဖြင့် လုပ်ကိုင်ကြရာတွင် ယခုအခါ အဆိုပါကျွဲ၊ နွားများဆုံးရှုံးခဲ့ရသဖြင့် အစားထိုးသုံးစွဲရမည့်စက်ကိရိယာများ လိုအပ်လာသည်။ ကျွဲ၊ နွားများနေရာတွင် အစားထိုးသုံးရန်အတွက် တစ်ဘီးထွန်ကဲ့သို့သော စက်ကိရိယာများလိုအပ်သည်။ အဆိုပါစက်များ မောင်းနှင်နိုင်ရန်အတွက် ကျွမ်းကျင်လုပ်သားသည်လည်း တွဲဖက်လိုအပ်လာသည်ကို တွေ့ရသည်။

### ၄။ စက်သုံးဆီ

ကျွဲ၊ နွားများရှားပါးလာမှု၊ စက်ကိရိယာများအသုံးပြုမှု တွင်ကျယ်လာခြင်းတို့ကြောင့် စက်သုံးဆီမှာ အဓိကအခန်းကဏ္ဍမှ ပါဝင်လာသည်။ ဆားကွင်းတစ်ကွင်းတွင် မြေပြင်ချိန်မှစတင်၍ ဆားထွက်ရှိချိန်ထိ တစ်ဧကလျှင် ဒီဇယ်ဂါလန် ၂၀ လိုအပ်ရာ အဆိုပါလိုအပ်သော ဒီဇယ်ကို ထိုက်သင့်သောဈေးနှုန်းဖြင့် လွတ်လပ်စွာဝယ်ယူခွင့်ရရှိရန်မှာလည်း အဓိကကျသော အချက်တစ်ခုဖြစ်ကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် ကျွဲ၊ နွားများဆုံးရှုံးသွားခဲ့သဖြင့် ၎င်းတို့နေရာတွင် စက်ပစ္စည်းကိရိယာများမဖြစ်မနေသုံးစွဲရန်လိုအပ်သဖြင့် စက်သုံးဆီမှာလည်း တွဲဖက်လိုအပ်လာကြောင်း ဆားလုပ်ငန်းရှင် ဦးဝင်းနိုင်ဝင်းက ဆိုသည်။ အဆိုပါလိုအပ်သောစက်သုံးဆီကို လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာပေါက်ဈေးထက် မြင့်မားသောနှုန်းထားဖြင့်ဝယ်ယူသုံးစွဲရပါက ထုတ်လုပ်မှုကုန်ကျစရိတ်ကြီးမြင့်လာမည်ဖြစ်ရာ သင့်တင့်သောနှုန်းထားတစ်ရပ်ဖြင့် ပံ့ပိုးပေးမည်ကို ဆားလုပ်ငန်းရှင်အများစုက လိုလားနေကြသည်။



### ၅။ လုပ်သားရှားပါးမှုပြဿနာ

ဆားလုပ်ငန်းများတွင် လုပ်သားရှားပါးမှု နှစ်စဉ်ကြုံတွေ့နေရပြီး လက်ရှိတွင် ပိုမိုကြီးထွားလာသည့် ဆားလုပ်ငန်းတွင် လုပ်ကိုင်သော အလုပ်သမားများအနေဖြင့် မိမိလုပ်ကိုင်ရာဆားကွင်းတွင်သာ နေထိုင်ရပြီး သဘာဝဘေးအန္တရာယ်ကျရောက်ပါက ခိုင်မာသောအကာအကွယ်မရှိခြင်းမှာ လည်း လုပ်သားရှားပါးရခြင်းအကြောင်း တစ်ခုဖြစ်လာနေသည်။ ဆားဧကတစ်ရာလုပ်ကွက်တစ်ခုတွင် လုပ်သားအင်အား ၃၀ နှင့် ၄၀ ကြား အသုံးပြုနေပြီး ၎င်းတို့နှင့် တွဲဖက်၍ ပါဝင်လာမည့် မိသားစုများမှာလည်း အဆိုပါဆားကွင်းတွင် နေထိုင်ရသည်။

ဒေသခံလုပ်သားများ ၎ားရမ်းရရှိမှုနည်းပါးသဖြင့် လုပ်ငန်းရှင်များမှာ အခြားဒေသများမှ လုပ်သားများကို အဓိကအားထား၎ားရမ်းနေရကြောင်း၊ ယခုအခါတွင် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကဲ့သို့သော သဘာဝဘေးအန္တရာယ်များကြောင့် ဆားလုပ်ငန်းများလာရောက်လုပ်ကိုင်လိုသူနည်းပါးမှုမှာ ဆားထုတ်လုပ်ရေးအတွက် ကြီးမားသောပြဿနာတစ်ရပ်ဖြစ်လာနေကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် လုပ်သားခေါ်ယူရာတွင် ခိုင်မာသော အာမခံချက်နှင့် မက်လုံးကောင်းသောငွေကြေးပမာဏပေးဆောင်ရန်လည်း လိုအပ်လာကြောင်း လပွတ္တာဒေသခံများက သုံးသပ်ကြသည်။

"ကျွန်တော်တို့လုပ်နေရတာက ဘာအာမခံချက်မှမရှိဘူး။ ကိုယ်ဖြစ်ရင်ကိုယ်ပဲခံရမှာ။ အလုပ်ရှင်က အလုပ်ရာသီအချိန်အတွင်းမှာပဲ ကျွန်တော်တို့မိသားစုစားဝတ်နေရေးကို စီစဉ်ပေးတာ။ အခုဆို ကျွန်တော့်ဆွေမျိုးသားချင်းတွေ၊ မောင်နှမတွေ၊ သားမယားတွေ ဆုံးရှုံးသွားတာ သူတို့ဘာမှလုပ်ပေးနိုင်တာမဟုတ်ဘူး။ ကျွန်တော်တို့အတွက် ခိုင်မာတဲ့အာမခံချက်တစ်ခုတော့ရှိဖို့လိုပါတယ်" ဟု လုပ်သက်နှစ် ၂၀ ကျော်ရှိ ဆားရေကိုင်လုပ်သားကြီး ဦးဘကြည်ကဆိုသည်။

## လူကိုမစောင့်သောအချိန်နှင့် ဒီရေ

လပွတ္တာ၊ ပြင်စလူ၊ ငပုတော၊ ဟိုင်းကြီးဒေသများသည် တစ်နိုင်ငံလုံးဆားထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းကျော်ကို ထုတ်ပေးနေသော နေရာဌာနတစ်ခုဖြစ်သည်။ လက်ရှိတွင် လုပ်ငန်းများစတင်ရန်အတွက် လုပ်ငန်းရှင်များအနေဖြင့် အရင်းအနှီး အရေးတကြီးလိုအပ်နေကြောင်း ဆားလုပ်ငန်းရှင်များက တညီတညွတ်တည်း ပြောကြားသည်။

www.foreverspace.com.mm

“ဆားလုပ်ငန်းက ဒီနှစ်အကျိုးအမြတ် အများကြီးရနိုင်သလို စွန့်စားရမှုတွေကလည်းများလိမ့်မယ်။ ဆားက ကုန်သည်ဆီမှာကော လုပ်ငန်းရှင်ဆီမှာပါ မကျန်ရစ်တော့ဘူး။ ကုန်သည်တွေအနေနဲ့ ဆားလုပ်ငန်းရှင်တွေကို အပြည့်အဝ ပံ့ပိုးပေးဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ကုန်သည်တွေက ရင်းထားတဲ့ငွေတွေ ဆုံးရှုံးသွားတယ်။ လုပ်ငန်းရှင်ဆီပြန်တောင်းဖို့ဆိုတာက သူတို့မှာ ကုန်ပစ္စည်းတွေ၊ လုပ်သားတွေ၊ အဆောက်အအုံတွေ၊ တချို့လုပ်ငန်းရှင်တွေဆိုရင် အသက်တောင်ဆုံးရှုံးသွားတာ” ဟု ပုသိမ်မြို့မှ ဆားစက်လုပ်ငန်းရှင်ကုန်သည်ကြီးတစ်ဦးက ဆိုသည်။

“ကျွန်တော်တို့လုပ်ငန်းက ရာသီကိုမှီပြီးလုပ်ရတဲ့လုပ်ငန်း။ ပံ့ပိုးမှုနောက်ကျရင် ဘာမှလုပ်လို့ရမှာမဟုတ်ဘူး။ အောက်တိုဘာ ၂၀ လောက်မှစပြီး မြေမပြင်နိုင်ရင် လုပ်ငန်းနောက်ကျမယ်။ လုပ်ငန်းနောက်ကျရင် ဆားထွက်လျော့မယ်။ အောက်တိုဘာမှာ မြေပြင်တာလုပ်နိုင်မှ ဖေဖော်ဝါရီလထဲမှာ ဆားစကျုံးရမယ်။ မတ်လနဲ့ ဧပြီနှစ်လပဲကောင်းကောင်းလုပ်ရမယ်။ မေလဆိုတာကတော့ စဉ်းစားလို့မရတော့ဘူး။ ဧပြီလလယ်ကျော်ရင် မိုးက စရွာနေပြီ” ဟု လပွတ္တာမြို့နယ် ဆားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက လုပ်ငန်းအခြေအနေကို ရှင်းပြသည်။


## အချိန်မလင့်ခင်

နာဂစ်ကဲ့သို့ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သော ရေလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းများကဲ့သို့ပင် နိုင်ငံစားနပ်ရိက္ခာကဏ္ဍကိုလည်း အစိုးရအပါအဝင် ပြန်လည်ထူထောင်ရေးအဖွဲ့အစည်းအသီးသီးက လုပ်ကိုင်ပေးလျက်ရှိပါသည်။ သို့သော် ဆားလုပ်ငန်းကဏ္ဍသည် လယ်ယာလုပ်ငန်းကဲ့သို့ပင် ရာသီပေါ် တည်မှီလုပ်ကိုင်ရသည်ဖြစ်ရာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ အချိန်အနည်းငယ် လင့်သွားလျှင်ပင် တစ်နိုင်ငံလုံး၏ မရှိမဖြစ် မီးဖိုချောင်စားကုန် ဆားအထွက်နှုန်းကို ထိခိုက်သွားနိုင်ပါသည်။

လုပ်ငန်းရှင်များအနေဖြင့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ကြောင့် ကျွမ်းကျင်လုပ်သားများ၊ လုပ်ငန်းသုံးကိရိယာများ၊ အခြေခံအဆောက်အဦများ၊ တွဲဖက်လုပ်ကိုင်သည့်ပုစွန်ကန်များ၊ ရင်းနှီးမြှုပ်နှံထားသည့်ငွေကြေးများ များစွာဆုံးရှုံးခဲ့ရသဖြင့် လုပ်ငန်းစတင်နိုင်ရန် မျှော်လင့်လျက်ရှိကြပါသည်။

အချုပ်အားဖြင့်ဆိုသော် ဆားလုပ်ငန်းများ ပြန်လည်နိုးထလာရန် မြစ်ဝကျွန်းပေါ် လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်နေကြသောအဖွဲ့အစည်းများက စနစ်တကျ ဝိုင်းဝန်းပံ့ပိုးပေးနိုင်ပါက အဓိက ဆားထုတ်လုပ်ရေးဒေသကြီးဖြစ်သော ဧရာဝတီဆားအိုးကြီးမှာ အသွင်သစ်ဖြင့် အလျင်အမြန်တိုးတက်လာမည်ဟု မျှော်လင့်ရသည်။

**ဟန်စိုးထိုက်**





# မြန်မာ့ရေလုပ်ငန်း ၂၀၀၉ အလားအလာ

ကျော်သော်နေဝင်း၊ [illegible]သင်း၊ ဖိုးစိုင်

www.foreverspace.com.mm

www.foreverspace.com.mm



**အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် မြန်မာ့ရေချိုငါးမွေးမြူရေးလုပ်ငန်းမှာ မေလ ၂ ရက်နှင့် ၃ ရက်နေ့က တိုက်ခတ်ခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းအပြီး စိန်ခေါ်မှုများစွာဖြစ်ပေါ်ခဲ့ရသောကြောင့် ၂၀၀၉ ခုနှစ် မြန်မာ့ရေလုပ်ငန်းကဏ္ဍအဖို့ အပြောင်းအလဲများစွာ ရင်ဆိုင်ရဖွယ်ရှိနေသည်။**

## မွေးမြူရေးအမှီပြု

သဘာဝသယံဇာတဆိုသည် အကန့်အသတ်ဖြင့်သာရရှိနိုင်သည်ဖြစ်သောကြောင့် မြန်မာ့ရေလုပ်ငန်းကဏ္ဍမှာ သဘာဝကိုအခြေခံမှု (သဘာဝမှဖမ်းဆီးမှု) ထက် မွေးမြူရေးကိုအခြေခံ၍ ထုတ်လုပ်မှုများ တိုးမြင့်ဆောင်ရွက်လာရာ မြန်မာတစ်နိုင်ငံလုံးတွင် ငါးကန်ဧက နှစ်သိန်းခန့် တူးဖော်မွေးမြူလျက်ရှိသည်။

ငါးမွေးမြူရေးကန်များ၏ ထက်ဝက်ကျော်မှာ မအူပင်၊ တွံတေးနှင့် ခရမ်းမြို့နယ်တို့တွင်တည်ရှိပြီး ဧရိယာဧကပေါင်းတစ်သိန်းနှစ်သောင်းခန့်ရှိပေရာ မေလ ၂ ရက်နှင့် ၃ ရက်နေ့တို့က တိုက်ခတ်ခဲ့သော မုန်တိုင်းကြောင့် ငါးကန်ဧကပေါင်း ၂၀၀ ခန့် ပြင်းထန်စွာပျက်စီးခဲ့ပြီး ဧကတစ်သောင်းငါးထောင်ခန့် ရေနစ်မြုပ်ခဲ့သည်ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်က ခန့်မှန်းထားသည်။

"လက်ရှိကောက်ထားတဲ့စာရင်းအရ ဧက ၁၅၀ ကျော်ကတော့ လုံးဝပျက်စီးသွားတယ်။ ဒါပေမဲ့ လုပ်ငန်းရှင်တွေရဲ့ အဆိုအရတော့ အဲဒီပမာဏထက်ပိုတယ်လို့ သိရတယ်။ စာရင်းတိတိကျကျကတော့ တကယ်ကန်ပြင်မယ့် ပွင့်လင်းရာသီကျမှပဲ သိရမယ်။ အဲဒီတော့မှ ကန်တွေကို စစ်ဆေးရေးအဖွဲ့တွေနဲ့ ကွင်းဆင်းစစ်ဆေးပြီး တကယ် ပျက်စီးသွားတဲ့ကန်တွေကို တစ်ဧကနှစ်သိန်းနှုန်းနဲ့ ထုတ်ချေးမယ်။ သိပ်မပျက်စီးတဲ့ကန်တွေကိုတော့ တစ်ဧက ငါးသောင်းနှုန်း ထုတ်ချေးပေးမယ်" ဟု မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသန်းလွင်က ပြောကြားသည်။

မုန်တိုင်းတိုက်ခတ်ရာ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းရှိ မြို့နယ်များမှာ ငါးမွေးမြူရေးကန်အများအပြားတည်ရှိရာ ဒေသများဖြစ်ပြီး မုန်တိုင်းတိုက်ခတ်မှုကြောင့် ယင်းဒေသရှိ ငါးမွေးမြူရေးကန်ဧက သုံးပုံတစ်ပုံခန့် ပျက်စီးသွားကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်များ၏ လက်တလောခန့်မှန်းချက်အရ သိရသည်။

## မွေးငါးထုတ်လုပ်မှု

မိုးအဆက်မပြတ်ရွာသွန်းနေမှုကြောင့် ငါးကန်ဖော်ယူရန် ရေလျှော့၍မရသဖြင့် ဈေးကွက်အတွင်းသို့ မွေးမြူရေးငါးဝင်ရောက်မှုပမာဏ ကျဆင်းခဲ့ပြီး ငါးဈေးနှုန်းမှာ မူလပေါက်ဈေးထက် တစ်ပိဿာ ၅၀၊



www.foreverspace.com.mm

၁၀၀ ကျပ်ခန့် ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း တွေ့ရသည်။

လတ်တလောမွေးမြူရေးငါးထုတ်လုပ်မှု ကျဆင်းနေသော်လည်း အောက်တိုဘာလနောက်ပိုင်းတွင် မွေးမြူရေးငါးကုန်တက် ပြန်လည်မြင့်တက်လာဖွယ်ရှိကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ရေကြီး၊ ရေလွှမ်းခံခဲ့ရသည့် ငါးကန်များကို ဒီဇင်ဘာလတွင် ပြန်လည်ပြုပြင်ရန် စီစဉ်ရမည်ဖြစ်သည့်အတွက် အောက်တိုဘာလနှောင်းပိုင်းမှစ၍ ကန်ဖော်ရမည်ဖြစ်ကြောင်း ငါးမွေးမြူရေးလုပ်ငန်းရှင်များက ဆိုသည်။

"ပျက်စီးသွားတဲ့ ငါးကန်တွေကို နောင်နှစ်မွေးဖို့ ဒီဇင်ဘာလလောက်မှာ ပြန်လည်ပြုပြင်ရမှာဆိုတော့ ကန်အခြောက်လှန်းတာတွေ၊ ရေသြဇာပြုပြင်တာတွေလုပ်ရမယ်ဆိုတော့ ဒီဇင်ဘာမတိုင်ခင် ကန်တွေဖော်ရမယ်။ အဲဒီတော့ အဲဒီကာလမှာ မွေးငါးကုန်တက် အရမ်းများသွားနိုင်တယ်။ အရင်နှစ်ကထက်တောင် ပိုပြီးကုန်တက်များဖို့ရှိတယ်" ဟု ငါးမွေးမြူရေးလုပ်ငန်းရှင်တစ်ဦးက ရှင်းပြသည်။

ငါးကန်ပြုပြင်မှုများပြုလုပ်ပြီးပါက လာမည့်မိုးရာသီ (၂၀၀၉ မိုးဦးကာလ) တွင် ငါးသားပေါက်ထည့်သွင်းမွေးမြူရမည်ဖြစ်ရာ ငါးမြစ်ချင်းမှာ တစ်နှစ်ပတ်လည် မွေးမြူရသည့်ငါးဖြစ်၍ ၂၀၁၀ မိုးရာသီတွင်မှ ကန်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ယင်း ကြောင့် ၂၀၀၉ ခုနှစ်တွင် ငါးမြစ်ချင်းထုတ် လုပ်မှု အလုံးစုံကျဆင်းနိုင်ကြောင်း ငါးမြစ်ချင်းမွေးမြူသူများက ခန့်မှန်းသည်။

"အခုက ရေကြီးရေလွှမ်းတာ မိုးများတာတွေကြောင့် ကန်သမားတွေ ကန်ဖော်တဲ့အချိန်က တူနေတယ်။ အရင်ကတော့ အလျဉ်းသင့်သလို ဖော်နေတော့ တစ်နှစ်လုံး ဟန်ချက်မီမီထွက်နေတယ်။ အခုကတော့ ဖော်ချိန်တူနေတော့ မွေးချိန်တူပြီး ထွက်ချိန်လည်းမကွာတော့ဘူး။ အဲဒီတော့ ငါးအထွက်နည်းတဲ့အချိန်မှာ ဈေးကွက်ထဲမှာ မရှိသလောက်ဖြစ်သွားနိုင်တယ်။ ငါးမြစ်ချင်းဆို တစ်နှစ်ပတ်လုံးမွေးရတဲ့ ငါးမျိုးပဲ။ ငါးတန်ဆို ခြောက်လလောက်မွေးရတယ်။ အဲဒီတော့ ၂၀၀၉ မှာ မွေးငါးကုန်တက်မရှိသလောက်ဘဲ။ သဘာဝပဲအားကိုးရမှာ" ဟု ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ဆိုသည်။

## သဘာဝမှဖမ်းဆီးရရှိမှု

ငါးဖမ်းလုပ်ငန်းများတွင် သဘာဝမြစ်ချောင်း၊ အင်းအိုင်များမှ ဖမ်းယူသည့် ရေချိုငါးဖမ်းလုပ်ငန်းနှင့် ပင်လယ်အတွင်းမှ ဖမ်းယူသည့် ရေငန်ငါးဖမ်းလုပ်ငန်းဟူ၍ ရှိပြီး ယခုနှစ် မိုးဦးကျစောသဖြင့် မျိုးငါးပေါက်ဖွားမှုများပြားကာ ငါးရစ်ငါးသန်များ သဘာဝတွင် ပိုမိုလွတ်လပ်စွာ ရှင်သန်ခွင့်ရခြင်း၊ မုန်တိုင်းကြောင့် ဧရာဝတီမြစ်အတွင်း ငါးဖမ်းမှု တစ်လခွဲခန့် ရပ်ဆိုင်းခဲ့သဖြင့် ငါးရစ်ငါးသန်များ ကြီးထွားခွင့်ရခြင်း၊ ရေကြီးရေလွှမ်းမှုကြောင့် မွေးကန်များအတွင်းမှ ငါး၊ ပုစွန်များ မြစ်ချောင်းများအတွင်းရောက်ရှိ၍ ရှင်သန်ကြီးထွားခွင့်ရခြင်းတို့ကြောင့် သဘာဝငါး၊ ပုစွန် ပိုမိုပေါများစွာ ပေါက်ဖွားဖွယ်ရှိသည်။



www.foreverspace.com.mm

"သဘာဝမှာ ငါး၊ ပုစွန်ပေါတယ်၊ ရှားတယ်ဆိုတာ ရာသီဥတုပေါ်မူတည်တယ်။ မိုးဦးနောက်ကျပြီး မိုးရွာတာနည်းရင် သဘာဝပတ်ဝန်းကျင်မှာ ငါး၊ ပုစွန်ရှားမယ်။ တကယ်လို့ မိုးဦးကျစောမယ်ဆိုရင် ငါးရစ်ငါးသန်တွေ မိုးရေနဲ့အတူ မြစ်ချောင်းထဲ အလွယ်တကူရောက်ရှိသွားလို့ ငါး၊ ပုစွန် ပေါတယ်။ နောက် ငါးပေါက်ဖွားချိန် မိုးဦးကာလမှာ ငါးဖမ်းလုပ်ငန်းတွေ တစ်လခွဲလောက် ရပ်နားထားသင့်တယ်။ ဒါမှ ငါးရစ်ငါးသန်လေးတွေ ကြီးထွားခွင့်ရမှာ" ဟု ရေချိုငါးဖမ်းလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဝင်းကြိုင်က ဆိုသည်။

နာဂစ်မုန်တိုင်းကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ ထိခိုက်ပျက်စီးသဖြင့် ၂၀၀၉ ခုနှစ်တွင် မွေးငါးထွက်ရှိမှု နည်းသွားနိုင်သော်လည်း ယခုနှစ်တွင် မိုးဦးစောခြင်း၊ မွေးငါးများသဘာဝအတွင်း လွတ်မြောက်သွားခြင်း၊ မျိုးပွားကာလဖြစ်သော မိုးဦးကာလတွင် သဘာဝအတွင်း ငါးဖမ်းဆီးမှု တစ်လခွဲခန့် လုံးဝရပ်ဆိုင်းသွားခြင်းတို့ကြောင့် သဘာဝမှ ငါးဖမ်းဆီးရရှိမှုမှာ မြင့်တက်လာဖွယ်ရှိကြောင်း ၎င်းက ရှင်းပြသည်။

"အခုအနေအထားအရက ကန်သမားတွေက ကန်ပြင်ဖို့ရှိနေတော့ ဒီဇင်ဘာမတိုင်မီမှာ မွေးငါးတွေကို အစာထိုးကျွေးပြီး ကန်စောစောဖော်ရမယ်။ ဒီတော့ ဒီနှစ်ကုန်ပိုင်းမှာ မွေးငါးအတက်များမယ်။ ဒါပေမဲ့ ၂၀၀၉ တစ်နှစ်လုံး မွေးငါး အတက်ကျမယ်။ ၂၀၁၀ မိုးဦးလောက်မှ ပြန်တက်မယ်။ ၂၀၀၉ ခုနှစ်ကတော့ သဘာဝကရမယ့် ဖမ်းငါးကိုပဲ အားကိုးရမယ်" ဟု ငါးဖမ်းလုပ်ငန်းရှင်တစ်ဦးက သုံးသပ်သည်။

မုန်တိုင်းကြောင့် ပင်လယ်ငါးဖမ်းစက်လှေများထွက်ရှိမှုနည်း၍ ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် ငါး၊ ပုစွန် ပိဿာချိန် ၆၉ သိန်းရရှိသော်လည်း ၂၀၀၈ ခုနှစ် ဇူလိုင်လတွင် ငါး၊ ပုစွန် ပိဿာချိန် ၂၇ သိန်းသာ ဈေးကွက်အတွင်း ဝင်ရောက်ခဲ့ကြောင်း၊ သို့သော် ဝင်ငွေအားဖြင့်မူ ၂၀၀၇ ခုနှစ် ဇူလိုင်လတွင် ကျပ် ၃၈ သိန်းကျော် ရရှိခဲ့ပြီး



၂၀၀၈ ခုနှစ်တွင် ကျပ် ၃၉ သိန်းကျော် ရရှိ၍ ပမာဏအားဖြင့် လျော့နည်းသော်လည်း ဝင်ငွေအားဖြင့် တိုးတက်လာကြောင်း၊ ပို့ကုန်ဈေးနှုန်းများမှာ ဇွန်လထက် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လာကြောင်း ရေငန်ငါးဖမ်းလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမောင်မောင်စိုးက ပြောကြားသည်။

စက်တင်ဘာလမှစတင်၍ သဘာဝမြစ်ချောင်း၊ အင်းအိုင်များနှင့် ဆည်များတွင် ငါးဖမ်းခွင့်ရပြီဖြစ်၍ သဘာဝမှ ငါး၊ ပုစွန်များထွက်ရှိမှု တိုးတက်လာမည်ဖြစ်ရာ ယခုနှစ်ကုန်ပိုင်းတွင် မွေးငါး၊ ဖမ်းငါးများ စုပြုံ၍တက်မည်ဖြစ်သဖြင့် ငါး၊ ပုစွန် ကုန်တက်ယခုနှစ်ကုန်ပိုင်းတွင် များစွာမြင့်တက်ဖွယ်ရှိနေသည်။

## အပြိုင်အဆိုင် ပြည်ပပို့ဈေးကွက်

မြန်မာ့ရေလုပ်ငန်းကဏ္ဍမှာ နိုင်ငံခြားငွေရှာဖွေပေးနေသည့် အဓိကကဏ္ဍကြီးငါးခုတွင် တစ်ခုအပါအဝင်ဖြစ်ပြီး နှစ်စဉ် တိုးတက်မှုရှိရှိဖြင့် ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်သည့် ကဏ္ဍတစ်ရပ်ဖြစ်သည်။ နာဂစ်မုန်တိုင်းကြောင့် ရေလုပ်ငန်းကဏ္ဍ၏



www.foreverspace.com.mm

အစိတ်အပိုင်းအချို့ ထိခိုက်သွားရာ ပြည်ပပို့ကုန်အပေါ် ထိခိုက်မှု အနည်းနှင့်အများ ဆိုသလိုဖြစ်ပေါ်နိုင်သော်လည်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၏ ထိရောက်သောစီမံမှုနှင့် လှုပ်ရှားမှုများကြောင့် ၂၀၀၉ ခုနှစ် တစ်နှစ်တွင်သာ ရေထွက်ပို့ကုန်ပမာဏ ကျဆင်းဖွယ်ရှိပြီး နောက်ပိုင်းနှစ်များတွင် အခြေအနေပြန်လည်ကောင်းမွန်လာဖွယ်ရှိသည်။

"အခုလောလောဆယ်တော့ မွေးမြူရေးငါးမြစ်ချင်း ကုန်အတက် နည်းနည်းလျော့လာတာ တွေ့ရတယ်။ ဈေးကို တစ်ပိဿာ ၅၀ ကျပ်၊ ၁၀၀ ကျပ်လောက် တိုးပေးပြီး ဝယ်နေရတယ်။ လိုတဲ့ကုန်ပမာဏတော့ ပြည့်ပြည့်ဝဝမရသေးဘူး။ မွေးမြူရေးပိုင်းမှာ နည်းပညာလိုအပ်ချက် တွေရှိနေတယ်။ နည်းပညာပိုင်းတိုးတက်လာရင် ထုတ်လုပ်မှုအခြေအနေကောင်းလာနိုင်တယ်" ဟု မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်အသင်း အတွင်းရေးမှူး ဦးမျိုးအောင်က သုံးသပ်သည်။

မြန်မာ့ငါးမြစ်ချင်းမှာ ယခင်က ဈေးကွက်အတွင်း ယှဉ်ပြိုင်တင်ပို့နိုင်သည့် ပြိုင်ဘက်နိုင်ငံမရှိသော်လည်း ယခုအခါတွင် ထိုင်းနိုင်ငံတွင် ငါးမြစ်ချင်းကိုတွင် ကျယ်စွာမွေးမြူနေပြီး အိန္ဒိယနိုင်ငံတွင်လည်း အင်အားကြီးမားစွာ မွေးမြူလာကြောင်း၊ မြန်မာ့ငါးမြစ်ချင်းမှာ လတ်ဆတ်မှုနှင့် အရည်အသွေးပိုင်းတွင် ၎င်းတို့ကို မယှဉ်နိုင်သဖြင့် မျိုးရိုးဗီဇမြှင့်တင်မှု ပြုလုပ်ရန်လိုအပ်နေကြောင်း ပို့ကုန်လုပ်ငန်းရှင်များက သုံးသပ်ကြသည်။

၂၀၀၉ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အဓိကပို့ကုန် ငါးမြစ်ချင်းထုတ်လုပ်မှု ကျဆင်းဖွယ်ရှိနေချိန်တွင် အိမ်နီးချင်း ထိုင်းနှင့် အိန္ဒိယနိုင်ငံတို့မှာ ပမာဏကြီးမားစွာ မွေးမြူလာရာ မြန်မာနိုင်ငံ၏ အဓိက ငါးမြစ်

**၂၀၀၈–၂၀၀၉ ခုနှစ် ဘဏ္ဍာရေးနှစ် ရေထွက်ပစ္စည်းတင်ပို့မှု လျာထားချက်နှင့် အမှန်ဝင်ငွေရရှိမှု အခြေအနေ**

| စဉ် | အမည် | ၂၀၀၈–၂၀၀၉ လျာထားချက် | ၁–၄–၀၈ မှ ၇–၉–၀၈ ထိ | | လိုအပ်သည့်ငွေ | တင်ပို့ပြီးသည့် ရာခိုင်နှုန်း |
|---|---|---|---|---|---|---|
| | | | လျာထားချက် | ရရှိငွေ | | |
| ၁။ | Normal Trade | ၄၇၀.၀၀၀ | ၁၈၈.၀၀၀ | ၁၂၈.၀၅၉ | ၃၄၁.၉၄၁ | ၂၇.၂၅ |
| ၂။ | မှုဆယ် | ၁၆၉.၀၀၀ | ၆၇.၆၀၀ | ၂၆.၀၆၀ | ၁၄၂.၉၄၀ | ၁၅.၄၂ |
| ၃။ | မြဝတီ | ၅၀.၀၀၀ | ၂၀.၀၀၀ | ၉.၅၉၁ | ၄၀.၄၀၉ | ၁၉.၁၈ |
| ၄။ | ကော့သောင်း | ၃၇.၀၀၀ | ၁၄.၈၀၀ | ၆.၄၀၁ | ၃၀.၅၉၉ | ၁၇.၃၀ |
| ၅။ | သံတွဲ | ၁.၇၅၀ | ၀.၇၀၀ | ၀.၂၀၈ | ၁.၅၄၂ | ၁၁.၈၉ |
| ၆။ | စစ်တွေ | ၃၀.၅၀၀ | ၁၂.၂၀၀ | ၆.၁၃၄ | ၂၄.၃၆၆ | ၂၀.၁၁ |
| ၇။ | မြိတ် | ၈၄.၇၅၀ | ၃၃.၉၀၀ | ၂၄.၁၃၀ | ၆၀.၆၂၀ | ၂၈.၄၇ |
| ၈။ | မောင်တော | ၆.၈၅၀ | ၂.၇၄၀ | ၄.၇၁၈ | ၂.၁၃၂ | ၆၈.၈၈ |
| ၉။ | တမူး | ၀.၁၅၀ | ၀.၀၆၀ | ၀.၀၀၇ | ၀.၁၄၃ | ၄.၆၇ |
| | **စုစုပေါင်း** | **၈၅၀.၀၀၀** | **၃၄၀.၀၀၀** | **၂၀၅.၃၀၈** | **၆၄၄.၆၉၂** | **၂၄.၁၅** |

**၂၀၀၈–၂၀၀၉ ခုနှစ် ဘဏ္ဍာရေးနှစ် အသင်းအဖွဲ့များမှ ရေထွက်ပစ္စည်းတင်ပို့မှု လျာထားချက်နှင့် အမှန်ဝင်ငွေရရှိမှုအခြေအနေ**

| စဉ် | အမည် | ၂၀၀၈–၂၀၀၉ လျာထားချက် | ၁–၄–၀၈ မှ ၇–၉–၀၈ ထိ | လို/ပိုသည့်ငွေ | တင်ပို့ပြီးသည့် ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ကဏန်းလုပ်ငန်းရှင်များအသင်း | ၃၅.၀၀၀ | ၁၂.၄၅၈ | –၂၂.၅၄၂ | ၃၅.၅၉ |
| ၂။ | ငါးရှဥ့်လုပ်ငန်းရှင်များအသင်း | ၃၅.၀၀၀ | ၇.၈၇၉ | –၂၇.၁၂၁ | ၂၂.၅၁ |
| ၃။ | အလှမွေးငါးအသင်း | ၀.၃၀၀ | ၀.၀၆၅ | –၀.၂၃၅ | ၂၁.၅၇ |
| ၄။ | မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း (ရေချိုငါး) | ၁၅၀.၀၀၀ | ၃၀.၁၆၅ | –၁၁၉.၈၃၅ | ၂၀.၁၁ |

www.foreverspace.com.mm

### ၂၀၀၈–၂၀၀၉ ခုနှစ် နယ်စပ်စခန်းအလိုက် ရေထွက်ပစ္စည်းတင်ပို့မှုဝင်ငွေ

(အမေရိကန်ဒေါ်လာသန်း)

| ကဏန်း | | ငါးရှဥ့် | | ရေချိုငါး | |
|---|---|---|---|---|---|
| မူဆယ် | ၄.၀၄၅ | မူဆယ် | ၇.၇၂၂ | စစ်တွေ | ၅.၄၉၇ |
| မြဝတီ | ၃.၇၁၄ | မြဝတီ | ၀.၀၁၀ | Normal | ၂၄.၆၆၈ |
| Air Line | ၂.၄၁၂ | Air Line | ၀.၁၄၇ | | |
| Normal | ၀.၃၀၁ | | | | |
| မြီတ် | ၀.၁၉၄ | | | | |
| မြီတ်(Soft Shell Crab) | ၁.၀၉၂ | | | | |
| စုစုပေါင်း | ၁၂.၄၅၈ | | ၇.၈၇၉ | | ၃၀.၁၆၅ |

### ၂၀၀၇–၂၀၀၈ ခုနှစ် ဘဏ္ဍာရေးနှစ် ရေထွက်ပစ္စည်းတင်ပို့မှု

| စဉ် | အမည် | ပြည်ပတင်ပို့မှုပမာဏ(မက်ထရစ်တန်) | ပြည်ပတင်ပို့မှုတန်ဖိုး(ကန်ဒေါ်လာသန်း) |
|---|---|---|---|
| ၁။ | ရေချို၊ ရေငန်ငါး | ၂၄၅၄၇၃.၁၅၄ | ၃၁၅.၄၆၃ |
| ၂။ | ရေချို၊ ရေငန်ပုစွန် | ၂၁၀၆၁.၂၉၆ | ၁၀၉.၇၄၄ |
| ၃။ | အခြားပို့ကုန် | ၈၅၁၁၇.၆၀၃ | ၁၃၅.၈၁၆ |
| | စုစုပေါင်း | ၃၅၁၆၅၂.၀၅၃ | ၅၆၁.၀၂၃ |



ချင်းဈေးကွက်ဖြစ်သည့် ဘင်္ဂလားဒေ့ရှ် ဈေးကွက်သို့ တင်ပို့ရာတွင် အပြိုင်အဆိုင် ဖြစ်လာဖွယ် ရှိနေသည်။

ယင်းကြောင့် ရေလုပ်ငန်းပြန်လည် ထူထောင်ရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် ယခုကဲ့သို့အချိန်မျိုးတွင် ငါးမျိုးဗီဇ မြှင့်တင်ခြင်း၊ ခေတ်မီသည့် မွေးမြူရေး နည်းပညာများ စတင်အသုံးပြုခြင်းဖြင့် တစ်ပြိုင်တည်း လုပ်ဆောင်သွားနိုင်မှသာ ပြည်ပငါးမြစ်ချင်းဈေးကွက်တွင် မြန်မာ့ ငါးမြစ်ချင်း ဆက်လက်စိုးမိုးဖွယ်ရှိနေကြောင်း ရေလုပ်ငန်းနယ်ပယ်အတွင်းရှိ ကျွမ်းကျင်သူများက အကြံပြုသုံးသပ်ကြသည်။

**ကျော်ဆန်းမင်း၊**
**ကြူကြူသင်း၊ မိုးခိုင်**

■

www.foreverspace.com.mm

ဤကဏ္ဍတွင် .....

၈၂ အမှားများနှင့်ဖွံ့ဖြိုးရေး
၈၆ ဖောက်သည်တွေကို ရေရှည်ထိန်းထားနိုင်ဖို့

(ယခင်လမှအဆက်)

# အမှားများနှင့် ဖွံ့ဖြိုးရေး

နွဲ့ကေခိုင်

**ပြီးခဲ့သည့် စက်တင်ဘာလထုတ် Living Color မဂ္ဂဇင်းတွင် 'အမှားများနှင့် ဖွံ့ဖြိုးရေး' ဟူသောအမည်ဖြင့် နိုင်ငံများ၏ဖွံ့ဖြိုးရေးကိုဆောင်ရွက်ရာတွင် ပေးကမ်းထောက်ပံ့သူ (Donor)များ မှားတတ်သောအမှားကြီး ခုနစ်ချက်ကို နိဒါန်းပျိုး ဖော်ပြခဲ့ပြီးဖြစ်သည်။ ယခုတဖန် ဖွံ့ဖြိုးရေးတွင် ကြုံတွေ့ရတတ်သည့်အမှားများ၏အကြောင်းကို မသုံးသပ်မီ ဖွံ့ဖြိုးရေးဟူသောအကြောင်းရပ်ကို ပဏာမ မိတ်ဆက်လိုက်ပြီး ကျန်ရှိသည့် Donor အမှားများအနက်မှ ဒုတိယအမှားနှင့် ထိုအမှားကိုကုစားရန် နည်းလမ်းများကို သုံးသပ်လိုက်ရပါသည်။**

ဖွံ့ဖြိုးရေးဟူသော အိုင်ဒီယာသစ်တစ်ရပ်သည် ဆင်းရဲသောကမ္ဘာ့တတိယနိုင်ငံများမှ စတင်ပေါ်ပေါက်လာခြင်းမဟုတ်ပါ။ ချမ်းသာသောပထမကမ္ဘာ (အနောက်အုပ်စု) နိုင်ငံများကြားမှပေါ်ထွက်လာခြင်းဖြစ်သည်ဟု ဆိုကြပါသည်။ ကိုလိုနီခေတ်ဦးပိုင်းတွင် အနောက်ဥရောပရှိနိုင်ငံများက နယ်ပယ်သစ်များ ချဲ့ထွင်ရှာဖွေ၍ ၎င်းတို့၏ စက်မှုစီးပွားဖွံ့ဖြိုးရေးကို အရှိန်အဟုန်မြှင့်ကြိုးပမ်းခဲ့ကြသည်။ စက်မှုလုပ်ငန်းများပို၍ထွန်းကားသော၊ လက်နက်အင်အား ပို၍တောင့်တင်းသော စီးပွားရေးဖွံ့ဖြိုးမှုတွင် ပို၍ရှေ့ရောက်သော အနောက်နိုင်ငံများသည် မိမိတို့သိမ်းပိုက်ထားသော ကိုလိုနီနယ်မြေများမှ ဒေသခံများကို အမြဲတမ်းတစ်ဆင့်နိမ့်သောအနေအထားတွင်ထားလျက် ဆက်ဆံခဲ့ကြသည်။




၎င်းတို့သတ်မှတ်ထားသော လူမှုရေး၊ ဖွံ့ဖြိုးရေး စံချိန်စံညွှန်းများကို လိုက်မမှီနိုင်သည့် ကိုလိုနီနိုင်ငံများကို ၎င်းတို့ကဲ့သို့ မယဉ်ကျေးဟုသတ်မှတ်လျက် ထိုသူများကို ပြုပြင်ပေးရန်မှာ မိမိတို့၏တာဝန်ဟု အနောက်နိုင်ငံကြီးများက သတ်မှတ်ခဲ့ကြသည်။ ဤသည်ကိုပင် 'White Man's Burden' ဟု ဆိုခဲ့ကြသည်။ ဆင်းရဲသော၊ မဖွံ့ဖြိုးသောနယ်မြေများမှာ လူဖြူများ၏ ဝန်ထုပ်ဝန်ပိုးဟူသောအမြင်မျိုးမှ ဖွံ့ဖြိုးရေး

www.foreverspace.com.mm



ဟူသော အိုင်ဒီယာမှာ အခြေပြုခဲ့ခြင်းဖြစ်သည်။

သို့သော် ဒုတိယကမ္ဘာစစ်အပြီးတွင် ဖွံ့ဖြိုးရေးသည် မော်ဒယ်အသစ်ဖြင့် ပေါ်ထွန်းလာပြန်သည်။ စစ်အပြီး ကျွန်ဘဝမှ လွတ်မြောက်၍ ဘဝကိုတစ်ကပြန်စရန် ကြိုးစားနေသော လွတ်လပ်ရေးရခါစ နိုင်ငံများကား မိမိတို့ မဖွံ့ဖြိုးခြင်းကြောင့် ကျွန်အဖြစ်ရောက်ခဲ့ရသောဘဝကို စိတ်နာလျက် အနောက်နှင့်နည်းတူ ဖွံ့ဖြိုးလိုကြသည်။ တစ်ဖက်တွင်လည်း လွတ်လပ်ခါစနိုင်ငံများနှင့်ဆက်လက်၍ အလွမ်းသင့်လိုသူ အနောက်နိုင်ငံကြီးများကလည်း ဖွံ့ဖြိုးရေးအကူအညီပေးရန် ဝန်မလေးကြပေ။ အကြောင်းမှာ ၎င်းတို့အနေဖြင့် အချုပ်အခြာအာဏာပိုင်ဖြစ်လာပြီးဖြစ်သော ကိုလိုနီဟောင်းများထံမှ သယံဇာတများကို ရှေးယခင်ကကဲ့သို့ အလကားနီးပါးမရနိုင်တော့သောကြောင့် ဖြစ်သည်။ သို့ဖြစ်ရာ ၎င်းတို့အနေဖြင့် 'Give and Take' သဘောကို ဆောင်လျက် ဖွံ့ဖြိုးရေးအကူအညီနှင့် သယံဇာတများ ဆက်လက်ထုတ်ယူပိုင်ခွင့်ကို အလဲအလှယ်လုပ်လိုသောသဘောဖြင့် အကူအညီကို မဆိုင်းမတွပေးလိုကြ၏။

ဤနည်းဖြင့်စခဲ့သော ဖွံ့ဖြိုးရေးသည်ကား ကမ္ဘာကြီး၏ (Global Interdependence) သဘောဆောင်လာချိန်တွင် ပို၍အရှိန်ရလာခဲ့သည်။ ကမ္ဘာကြီး၏ တစ်ထောင့်တစ်နေရာမှ စီးပွားရေးအခြေအနေမကောင်းခြင်းက အခြားတစ်နေရာကို ရိုက်ခတ်လာမှု လျင်မြန်လာသည်နှင့်အမျှ ကမ္ဘာလုံးစီးပွားရေးတည်ငြိမ်မှုကို ထိန်းသိမ်းရန်မှာ ဖွံ့ဖြိုးရေးအကူအညီမပါဘဲ မဖြစ်နိုင်သည့်အခြေအနေသို့ ဆိုက်လာချိန်တွင် ဖွံ့ဖြိုးရေးအကူအညီများ စီးဆင်းမှုလျင်မြန်လာပြီး အကူအညီပမာဏလည်း ပို၍များလာခဲ့သည်။

ဒုတိယကမ္ဘာစစ်အပြီး အမေရိကန်ပြည်ထောင်စု၏ ကမကထပြုမှုဖြင့် ပေါ်ပေါက်လာသော ကမ္ဘာ့ဘဏ်သည်လည်းကောင်း၊ နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့သည်လည်းကောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) ၏ အမြုတေအဖွဲ့အစည်းဖြစ်သော GATT သည်လည်းကောင်း ဖွံ့ဖြိုးရေးအတွက် အရေးပါသောမဏ္ဍိုင်ကြီးများ ဖြစ်လာကြသည်။ ဤမျှမကသေး ဖွံ့ဖြိုးရေးအကူအညီကို ခုတုံးလုပ် အသုံးချခြင်းကို စစ်အေးကာလအတွင်း ပြိုင်ဘက်အုပ်စုကြီးနှစ်ခု၏ စစ်မဟာဗျူဟာအဖြစ် တွေ့မြင်ခဲ့ရသည်။

သို့ဖြစ်ရကား ကမ္ဘာ့စီးပွားရေးမှာ ဖွံ့ဖြိုးရေးအကူအညီကြောင့် တစ်ဟုန်ထိုးတက်လာတော့မည်ဟု ယုံမှတ်စရာဖြစ်သည်။ သို့သော် လက်တွေ့တွင်ကား ဖွံ့ဖြိုးရေးခရီးမှာ ထင်သလောက်မချောမွေ့ခဲ့ချေ။ ဖွံ့ဖြိုးရေးကြောင့် စီးပွားရေးအရ နိုင်ငံလုံး၊ ကမ္ဘာလုံးဆိုင်ရာ (Growth) အနေဖြင့် တိုးတက်လာသော်လည်း ဆင်းရဲချမ်းသာကွာဟမှုမှာ တစ်နေ့ထက်တစ်နေ့ ပိုဆိုးလာခဲ့သည်။ အကျိုးရလဒ်မှာ ကမ္ဘာကြီး၏ လူဦးရေကို ငါးပုံပုံလျှင် အချမ်းသာဆုံး ငါးပုံတစ်ပုံနှင့် အဆင်းရဲဆုံး ငါးပုံတစ်ပုံကြားကွာဟချက်မှာ ၁၉၆၀ တွင် ၃၀ း ၁ ဖြစ်ခဲ့ရာ ၁၉၉၀ ခုနှစ်တွင် ၆၀ း ၁ သို့ ရောက်ရှိလာခဲ့သည်။ များမကြာမီ ၁၉၉၈ တွင်ကား ၇၈ း ၁ သို့ ရောက်ရှိလာခဲ့သည်။ ထင်ရှားသော ဥပမာတစ်ခုမှာ ၁၉၉၇–၁၉၉၉ ခုနှစ်တွင် တစ်ကမ္ဘာလုံးရှိ အချမ်းသာဆုံးပုဂ္ဂိုလ်ပေါင်း ၄၇၅ ဦး၏ ပိုင်ဆိုင်မှုစုစုပေါင်းသည် ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ အဆင်းရဲဆုံး ၅၀ ရာခိုင်နှုန်းထက် ပို၍ပမာဏများနေခြင်း ဖြစ်သည်။

သို့ဆိုလျှင် ဖွံ့ဖြိုးရေးအကူအညီများသည် မထိရောက်ဟုဆိုရမည်လော။ ပေးနေလျက်နှင့်မှ လိုရာကိုမရောက်လျှင် ပေးပုံပေးနည်းကမှား၍လော။ ပေးနေသည့် ပမာဏကနည်း၍လောဟူ၍ ဖွံ့ဖြိုးရေးအကူအညီများ၏ထိရောက်မှုကို အရည်အသွေးအရလည်းကောင်း၊ အရေအတွက်အရလည်းကောင်း ဆန်းစစ်ရန်လိုအပ်လာပါသည်။

ယခင်လက 'အမှားများနှင့် ဖွံ့ဖြိုးရေး' ကို ဆက်ရလျှင်ကား ပေးလက်စဖွံ့ဖြိုးရေးအကူအညီများ၏ အရည်အသွေးကို

**ဖွံ့ဖြိုးရေးဟူသော အိုင်ဒီယာသစ်တစ်ရပ်သည် ဆင်းရဲသောကမ္ဘာ့တတိယနိုင်ငံများမှ စတင်ပေါ်ပေါက်လာခြင်း မဟုတ်ပါ။ ချမ်းသာသော ပထမကမ္ဘာ (အနောက်အုပ်စု) နိုင်ငံများကြားမှ ပေါ်ထွက်လာခြင်းဖြစ်သည်ဟု ဆိုကြပါသည်။ ကိုလိုနီခေတ်ဦးပိုင်းတွင် အနောက်ဥရောပရှိနိုင်ငံများက နယ်ပယ်သစ်များချဲ့ထွင်ရှာဖွေ၍ ၎င်းတို့၏ စက်မှုစီးပွားဖွံ့ဖြိုးရေးကို အရှိန်အဟုန်မြင့် ကြိုးပမ်းခဲ့ကြသည်။ စက်မှုလုပ်ငန်းများ ပို၍ထွန်းကားသော၊ လက်နက်အင်အားပို၍တောင့်တင်းသော စီးပွားရေးဖွံ့ဖြိုးမှုတွင် ပို၍ရှေ့ရောက်သော အနောက်နိုင်ငံများသည် မိမိတို့သိမ်းပိုက်ထားသော ကိုလိုနီနယ်မြေများမှ ဒေသခံများကို အမြဲတမ်း တစ်ဆင့်နိမ့်သောအနေအထားတွင်ထားလျက် ဆက်ဆံခဲ့ကြသည်။**

www.foreverspace.com.mm

ဆန်းစစ်ရာ၌ တွေ့ရှိရသော Donor အမှားကြီး ခုနစ်ချက်အနက် ဆွေးနွေးပြီးသား ပထမအမှား 'စိတ်မရှည်ခြင်း' ကို ဖယ်၍ ကျန်အမှားခြောက်ခုကို ဆက်ရမည်ဖြစ်သည်။

## ဒုတိယအမှား - Donor အချင်းချင်းမပူးပေါင်းခြင်း၊ ဘာသိဘာသာနိုင်ခြင်း

ယခုအခါ ဖွံ့ဖြိုးရေးအကူအညီကို လက်ခံနေရသောနိုင်ငံအများစုအဖို့ ၎င်းတို့ဆက်ဆံနေရသော Donor အဖွဲ့အစည်းများ၊ နိုင်ငံများ၏အရေအတွက်မှာ ရေးယခင်ကထက်များစွာ ကျယ်ပြန့်ခဲ့ပြီဖြစ်သည်။ Donor အဖွဲ့အစည်းများမှာ ယခင်ကကဲ့သို့ နိုင်ငံကြီးတစ်ခု၊ နှစ်ခုမှ လာရောက်ကြခြင်း မဟုတ်တော့။ ဂျာမနီ၊ နယ်သာလန်၊ အမေရိကန်ပြည်ထောင်စု၊ ပြင်သစ်၊ ဂျပန်နှင့် ဗြိတိန်တို့ကဲ့သို့သော နိုင်ငံကြီးမျိုးတွင် အကူအညီပေးရေးအဖွဲ့ကြီးပေါင်း တစ်ရာစီထက်မနည်းရှိကြ၏။ ဤကဲ့သို့ ခေါင်းစဉ်မျိုးစုံဖြင့် ဆောင်ရွက်နေကြသော နိုင်ငံအသီးသီးမှ အဖွဲ့အစည်းအသီးသီးသည် အထောက်အပံ့လက်ခံမည့်နိုင်ငံများသို့ အလျှိုလျှိုဝင်ရောက်လာကြလျက် ၎င်းတို့၏ရည်ရွယ်ရာ ဖွံ့ဖြိုးရေးအစီအစဉ်များကို ဆောင်ရွက်ကြကုန်၏။ ယင်းအဖွဲ့အစည်းအသီးသီး၏ လုပ်ဆောင်ချက်များ၌ ရည်ရွယ်ရင်းသည်ကား 'Donor Visibility' ခေါ် မိမိဆောင်ရွက်နေသောအလုပ်ကိုလည်း လူသိများအောင်လုပ်ရခြင်းသည်လည်း တစ်ပိုင်းဖြစ်၏။ နိုင်ငံတစ်ခုတွင် မိမိတို့၏အထောက်အပံ့ဖြင့် ဆောင်ရွက်နေသော ဖွံ့ဖြိုးရေးအစီအစဉ်များရှိနေခြင်းက ဤနိုင်ငံမှာ မိမိတို့၏သြဇာနှင့်မကင်းဟူသောအဖြစ်မျိုးကို ရောက်စေခြင်းမှာလည်း မရှားလှချေ။ ထို့ပြင် ဖွံ့ဖြိုးရေးအကူအညီပေးထားခြင်းကြောင့် အပြန်အလှန်အားဖြင့် သံတမန်ရေးရာ အားပေးထောက်ခံမှုကိုလည်း ရရှိနိုင်သေးသည်။




ဤသို့ရည်ရွယ်ချက်အသီးသီးဖြင့် ဝင်ရောက်လာကြသော နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီကြီးများ အချင်းချင်းကြားတွင် ညှိနှိုင်းမှုမလုပ်မိဘဲ ဘာသိဘာသာနေမိခြင်းကြောင့် တစ်ခါတစ်ရံ မလိုလားအပ်သောဆိုးကျိုးများဖြစ်နိုင်ပေသည်။ အမှန်စင်စစ် 'ဘာသိဘာသာ' ဟူသော ဝေါဟာရကိုသုံးစွဲရခြင်းမှာ အဆိုပါဖွံ့ဖြိုးရေးအေဂျင်စီကြီးများသည် တစ်ခုနှင့်တစ်ခုပြိုင်ဆိုင်နေခြင်းမဟုတ်သကဲ့သို့ ညှိညှိနှိုင်းနှိုင်းလုပ်နေခြင်းလည်းမဟုတ်ပေ။ ထို့ပြင် ပို၍ဆိုးသည်မှာ 'Donor Visibility' အတွက်သော်လည်းကောင်း၊ သံတမန်ရေးရာထောက်ခံမှုကို လိုချင်၍သော်လည်းကောင်း Donor များသည် နိုင်ငံပေါင်းများစွာရှိ ဖွံ့ဖြိုးရေးကဏ္ဍပေါင်းများစွာသို့ မိမိတို့၏ Project များ ဆန့်ထုတ်ထားသည်။ သို့သော် Donor နိုင်ငံကြီးတစ်ခုအနေဖြင့် အထောက်အပံ့အတွက် တစ်နှစ်စာ ဘတ်ဂျက်မှာ အကန့်အသတ်ရှိပြီးဖြစ်ရာ Project အရေအတွက်များလေလေ၊ လက်ခံရရှိသော နိုင်ငံအနေဖြင့် ရရှိသော အကူအညီပမာဏ

www.foreverspace.com.mm



**ဤသို့ရည်ရွယ်ချက်အသီးသီးဖြင့် ဝင်ရောက်လာကြသော နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီကြီးများ အချင်းချင်းကြားတွင် ညှိနှိုင်းမှုမလုပ်မိဘဲ ဘာသိဘာသာနေမိခြင်းကြောင့် တစ်ခါတစ်ရံ မလိုလားအပ်သောဆိုးကျိုးများ ဖြစ်နိုင်ပေသည်။ အမှန်စင်စစ် "ဘာသိဘာသာ" ဟူသောဝေါဟာရကို သုံးစွဲရခြင်းမှာ အဆိုပါ ဖွံ့ဖြိုးရေးအေဂျင်စီကြီးများသည် တစ်ခုနှင့်တစ်ခု ပြိုင်ဆိုင်နေခြင်းမဟုတ်သကဲ့သို့ ညှိညှိနှိုင်းနှိုင်းလုပ်နေခြင်းလည်း မဟုတ်ပေ။**

နည်းလေလေဖြစ်သည်။ ဥပမာ–၂၀၀၀–၂၀၀၂ ခုနှစ်ကြားကာလတွင် အမေရိကန်ပြည်ထောင်စုသည် တန်ဇန်းနီးယားသို့ ဒေါ်လာသန်းတစ်ရာခန့် အထောက်အပံ့ပေးရန် ဘတ်ဂျက်လျာထားခဲ့သည်။ ဤသန်းတစ်ရာဖြင့် ဖွံ့ဖြိုးရေး Project ပေါင်း ၅၀ ခန့်ဆောင်ရွက်ရာ Project တစ်ခုလျှင် ဒေါ်လာနှစ်သန်းသာရသောအဖြစ်သို့ ရောက်သွားလေသည်။ တန်ဇန်းနီးယားအနေဖြင့် ဆက်ဆံနေရသော Donor မှာ အမေရိကန်ပြည်ထောင်စုတစ်ခုတည်း မဟုတ်ရာ ထိုအချိန်တွင် တစ်နိုင်ငံလုံး Project စုစုပေါင်း ၁၃၀၀ ခန့်ဖြင့် ချာလပတ်ရမ်းရသောအဖြစ်သို့ ရောက်သွားလေ၏။ ဖွံ့ဖြိုးရေးအေဂျင်စီတို့၏သဘောမှာ လုပ်ငန်းဆောင်ရွက်ရသည်နှင့်အမျှ ဆောင်ရွက်ထားသောလုပ်ငန်းပြီးစီးမှုများကို အစီရင်ခံစာမပြတ်တင်ရသော သဘောရှိရာ ဤမျှ စီမံကိန်းများများကိုင်တွယ်နေရသော တန်ဇန်းနီးယား၏အဖြစ်မှာ မသက်သာလှဘဲ လေးလတစ်ကြိမ် Donor များထံ အစီရင်ခံစာပေါင်း ၂၄၀၀ ခန့် တင်ပြပေးပို့ရသည့်အဖြစ်သို့ ဆိုက်ရောက်လေသည်။ ထို့ပြင် Donor များနှင့်လုပ်ရသည့် တစ်နှစ်လျှင် အကြိမ်တစ်ထောင်မျှရှိသော အစည်းအဝေးများအတွက် ကုန်ကျသောငွေအား၊ လူအားကလည်း တန်ဇန်းနီးယားကို ဖွံ့ဖြိုးအောင် လုပ်နေသည်နှင့်မတူဘဲ ဖိထောင်းနေသည်နှင့် သာတူတော့၏။ အကျိုးဆက်မှာ နောင်အခါ တန်ဇန်းနီးယားက လေးလခန့် မည်သည့် Donor များ၏ လာရောက်လည်ပတ်မှုကိုမှ လက်မခံတော့ဟု ကြေညာလိုက်ရခြင်းဖြစ်သည်။

## ကုထုံး

Donor များအနေဖြင့် တစ်ဦးချင်း 'Fragmentation' ဖြစ်စေသည့် ပွစာကြဲ အထောက်အပံ့ အစီအစဉ်များနှင့် ကဏ္ဍပေါင်းစုံတွင် ဝင်စွက်သည့်နည်းများအစား အများနှင့်ပူးပေါင်းလျက် ဆောင်ရွက်သင့်သည်ဟု Center for Global Development မှ နန်စီဘတ်ဆဲလ်က အကြံပြုပါသည်။ ပေးရသည့်ကဏ္ဍကို ချုံ့ပစ်လိုက်ခြင်းဖြင့် ပေးနိုင်သည့်အထောက်အပံ့ ပမာဏလည်း ပို၍ကြီးလာဖွယ်ရှိသည်ဟု ၎င်းကခန့်မှန်းပါသည်။ အကူအညီလက်ခံသော နိုင်ငံအနေဖြင့် Donor မျိုးစုံကို အစီရင်ခံစာမျိုးစုံတင်ရခြင်းဒုက္ခမှ ကင်းဝေးစေရန်အတွက် နိုင်ငံတစ်နိုင်ငံတွင် ဦးဆောင်အကူအညီပေးသူ နိုင်ငံကြီးတစ်ခု သို့မဟုတ် နှစ်ခုက ဝင်ရောက်လာသော အကူအညီအားလုံးကို ကြီးကြပ်ကွပ်ကဲခွင့်၊ ဦးဆောင်စီမံခွင့်ရှိလျှင်၍ ကောင်းမည်ဟုလည်း နန်စီက ဆိုပါသည်။

ဤသို့ နိုင်ငံကြီးများက ဦးဆောင်မှုအခန်းကဏ္ဍကိုရယူထားသော်လည်း Donor အားလုံး၏ စိတ်ကျေနပ်မှုအတွက် Evaluation ခေါ် လုပ်ငန်းများ၏ ထိရောက်မှုကို ပြန်လည်သုံးသပ်ချက်ထုတ်ပြန်ရန်နှင့် ပုံမှန်အစီရင်ခံစာထုတ်ပြန်နိုင်ရန် စုပေါင်းထားရှိသော နိုင်ငံစုံအကူအညီများထဲမှ ငွေအချို့ကို ဖယ်ထားသင့်သည်ဟုဆို၏။ ထို့ပြင် NGO များနှင့် ဖွံ့ဖြိုးရေးနယ်ပယ်အတွင်းသို့ ဝင်ရောက်လာသည့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့များကို စေတနာအလျောက် လူသားကောင်းကျိုးပြုလုပ်ငန်းရပ်များလုပ်ကိုင်နေရသည့် အဖွဲ့အစည်းများအဖြစ် သဘောမထားဘဲ ၎င်းတို့၏ဝန်ဆောင်မှုကို ဈေးကွက်အတွင်း အပြိုင်အဆိုင်ရောင်းချနိုင်ရန် ကြိုးပမ်းခွင့်ပေးလိုက်ခြင်းသည်လည်း ထိရောက်သောဖွံ့ဖြိုးရေးကို ဖော်ဆောင်ခြင်းပင်ဖြစ်သည်ဟု ၎င်းကဆိုသည်။ နိုင်ငံတကာတွင်ကား NGO တို့၏ လုပ်ငန်းဆောင်တာများ ထိရောက်သည်ထက်ထိရောက်စေရန် တရားဝင်လုပ်စားခွင့် (သို့မဟုတ်) Development Service Provider များ Service ရောင်းစားသူများအဖြစ် ပြောင်းလဲဆက်ဆံခြင်းကို စတင်မိတ်ဆက်လာချိန်တွင် NGO များသည် အစားချောင်သောအဖွဲ့အစည်းများဖြစ်သည်ဟု ရှုမြင်သူအချို့ ရှိနေကြပါသေးသည်။ NGO များသည် လုပ်စားသောအဖွဲ့များဖြစ်သည်ဟူသောအချက်ကို ပြုပြင်ရန်မှာကား ၎င်းတို့၏လုပ်စားခွင့်ကို တရားဝင်အသိအမှတ်ပြုပြီး Donor တို့က ဝန်ဆောင်မှုရောင်းစားသူများထံမှ အကောင်းဆုံးကို စိတ်တိုင်းကျရွေးချယ်ဝယ်ယူခြင်းပင်ဖြစ်သည်ဟု နန်စီက တစ်နည်းတစ်ဖုံ အကြံပြုပါသည်။

**(ရှေ့လဆက်ပါမည်)**

**နွဲ့ကေခိုင်**

Ref: Seven Deadly Sins: Reflections on Donor Failing

www.foreverspace.com.mm

# ဖောက်သည်တွေကို ရေရှည်ထိန်းထားနိုင်ဖို့

မျိုးခန့်စံ

**ယနေ့ကမ္ဘာတစ်ဝန်းတွင် စီးပွားရေးလုပ်ငန်းများ ရင်ဆိုင်နေရသော အဓိကပြဿနာမှာ ကုန်စည်ရှားပါးပြတ်လပ်မှုမဟုတ်တော့ဘဲ ဝယ်ယူစားသုံးသူဖောက်သည်များ လက်လွတ်ဆုံးရှုံးရမှုသာ ဖြစ်လာပါသည်။ Globalization ခေါ်ကမ္ဘာပြုမှုဖြစ်စဉ်နှင့် နာနိုနည်းပညာ (Nano Technology) ကဲ့သို့သော အဆင့်မြင့်နည်းပညာများ တိုးတက်ဖွံ့ဖြိုးလာမှုကြောင့် စားသုံးနိုင်မှုထက်ပိုလျှံ၍ စက်ရုံများက ပိုမိုထုတ်လုပ်နိုင်စွမ်းရှိလာပါသည်။ ကုန်ထုတ်လုပ်နိုင်စွမ်း ၁၀ ရာခိုင်နှုန်းတိုးတက်ချိန်တွင် အရောင်းနှင့်ဈေးကွက်ဝေစုမှာ ၃၇ ရာခိုင်နှုန်းခန့်သာ တိုးတက်လာလေ့ရှိပါသည်။ အဘယ်ကြောင့်ပါနည်း။ ယှဉ်ပြိုင်မှုမြင့်မားသောဈေးကွက်တွင် ဖောက်သည်များကို နည်းလမ်းမျိုးစုံဖြင့် အပြိုင်ဆွဲဆောင်ကြရာ ဖောက်သည်များရရှိရန်ခက်ခဲခြင်းနှင့် သစ္စာရှိသောဖောက်သည်များကို ရေရှည်ထိန်းသိမ်းထားနိုင်ရန် ခက်ခဲခြင်းတို့ကြောင့်ဖြစ်ပါသည်။**

ကုမ္ပဏီတို့သည် မဟာဗျူဟာ၊ နည်းဗျူဟာမျိုးစုံသုံး၍ ဖောက်သည်များကို အပြိုင်အဆိုင်ဆွဲဆောင်ကြရာ ဈေးနှုန်းများ အပြိုင်လျှော့ချခြင်းသည် အမြတ်ငွေနည်းပါးပြီး အရှုံးနှင့်ရင်ဆိုင်ရသည့်အဖြစ်များရှိလာသည်။ ကုမ္ပဏီများဖျက်သိမ်းခြင်း၊ ပူးပေါင်းခြင်းများ ဆောင်ရွက်ကြရသည်အထိ ဖြစ်လာသည်။ ယှဉ်ပြိုင်မှုမြင့်မားသောဈေးကွက်တွင် ဈေးကွက်ရေးရာဌာနသည် ပိုလျှံသော ကုန်ထုတ်လုပ်မှု၊ ဈေးနှုန်းလျှော့၍ရောင်းချရမှု၊ ဖောက်သည်များရှားပါးမှု စသည့်ပြဿနာများကို ရင်ဆိုင်ဖြေရှင်းလာရသည်။ ဤပြဿနာများကို ကိုင်တွယ်ဖြေရှင်းရသည့်အတွက် ဈေးကွက်ရေးရာဌာနသည် မူလကထက်ပင် ပို၍ပို၍အရေးပါလာသောဌာန ဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော် ဈေးကွက်ရေးရာဌာနသည် 'ဖောက်သည်များ မွေးထုတ်ပေးရာဌာန' (Customer Manufacturing Department) ဖြစ်သောကြောင့်ပင် ဖြစ်ပါသည်။

သို့ရာတွင် ဝမ်းနည်းဖွယ်ရာကောင်းသည်မှာ အများစုသည် ဈေးကွက်ရှာဖွေထူထောင်ခြင်း (Marketing) ကို ယခုအချိန်ထိ လွန်မင်းစွာ နားလည်မှုလွဲမှားနေကြခြင်းပင်ဖြစ်သည်။ ဈေးကွက်ရေးရာဌာန (Marketing Department) သည် ကုမ္ပဏီ၏ ကုန်ပစ္စည်းထုတ်လုပ်မှု (Manufacturing) ကို ကူညီရန် တည်ရှိနေသည်ဟု လွဲမှားစွာ တွေးထင်လေ့ရှိကြသည်။ အမှန်တကယ်တွင်မူ အထက်ပါတွေးထင်မှု၏ ပြောင်းပြန်ဖြစ်သည်။ ထုတ်လုပ်မှု (Manufacturing) သည်သာ Marketing ကို ကူညီထောက်ပံ့ရန် တည်ရှိနေရခြင်းဖြစ်သည်။ ထို့အတူ ဝယ်ယူထောက်ပံ့ရေး၊ သုတေသနနှင့်ဖွံ့ဖြိုးမှု၊ ဘဏ္ဍာရေး အစရှိသည့် လုပ်ငန်းတာဝန်များသည် ဈေးကွက်ရေးရာဌာန (Marketing) ကို ကူညီရန်၊ စားသုံးသူဖောက်သည်များကို ကူညီထောက်ပံ့ရန် ဖြစ်ကြပါသည်။ ကုမ္ပဏီလုပ်ငန်းရှိ အရေးကြီးဆုံးပုဂ္ဂိုလ်မှာ Boss မဟုတ်ပါ။ ဖောက်သည်သည်သာ အရေးကြီးဆုံးပုဂ္ဂိုလ်ဖြစ်သည်။ ဖောက်သည်များရှိမှသာလျှင် ကုမ္ပဏီရပ်တည်နိုင်မည်ဖြစ်ပြီး ဝယ်ယူစားသုံးသူမရှိဘဲ၊ ဖောက်သည်မရှိဘဲ ကုမ္ပဏီရပ်တည်၍မရနိုင်ပါ။ Marketing သည် ဖောက်သည်တို့ ရှာဖွေမွေးထုတ်ရာဌာနဖြစ်သဖြင့် Marketing ကို



www.foreverspace.com.mm



ကူညီထောက်ပံ့မှုပေးခြင်းသည် ဖောက်သည်များကိုအလေးထားခြင်း၊ ကုမ္ပဏီအကျိုးကို ရေးရှုဆောင်ရွက်ခြင်းပင်ဖြစ်သည်။ ဖောက်သည်တို့ စိတ်ကျေနပ်မှုရရှိစေရန် ဌာနပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါသည်။

လုပ်ငန်းများ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းသည် ဖောက်သည်များက လုပ်ငန်းအပေါ် နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းအပေါ် များစွာမူတည်ပါသည်။ မည်သည့်ဖောက်သည်မဆို ၎င်းတို့အနှစ်သက်ဆုံးသော ကုမ္ပဏီလုပ်ငန်းအဖွဲ့အစည်းများနှင့်သာ ဆက်သွယ်ဆောင်ရွက်လိုကြသည်။ ကုမ္ပဏီမှ မိမိတို့တတ်နိုင်သမျှ စွမ်းဆောင်၍ ဖောက်သည်တို့ စိတ်ကျေနပ်မှုရရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ 'ဖောက်သည်တို့၏လိုအပ်ချက် (Need) သည်ဘာလဲ၊ လိုအင်ဆန္ဒ (Want) သည်ဘာလဲ' စသည်တို့ကို သိရှိရန် လိုအပ်သလို ဖြည့်ဆည်းပေးရန်လည်း လိုအပ်ပါသည်။ ယင်းအပြင် ယနေ့ခေတ်၌ ဖောက်သည်တို့၏လိုအင်ဆန္ဒကို ဖန်တီးပေးရန် လိုအပ်လာပြီဖြစ်သည်။ ဖောက်သည်တို့ စိတ်ကျေနပ်မှုရရှိရေးသည် အဓိကသော့ချက်ဖြစ်ပြီး ဖောက်သည်တို့ကို ရေရှည်ထိန်းထားနိုင်မှသာ လုပ်ငန်းအောင်မြင်ပြီး ကုမ္ပဏီအကျိုးအမြတ်ရရှိနိုင်မည် ဖြစ်သည်။

သတိပြုဖွယ်အချက်တစ်ချက်မှာ ကုမ္ပဏီတို့သည် မိမိတို့စွမ်းဆောင်နိုင်သမျှ လုပ်ဆောင်ပေးတိုင်းလည်း ဖောက်သည်တို့က နှစ်သက်လိမ့်မည်မဟုတ်သော အချက်ပင်ဖြစ်ပါသည်။ ဖောက်သည်တို့၏ လိုအင်ဆန္ဒနှင့် တစ်ထပ်တည်းကျမှသာလျှင် ၎င်းတို့နှစ်သက်သဘောကျပေလိမ့်မည်။ ထို့ကြောင့် ဖောက်သည်များအား စိတ်ကျေနပ်အောင်ဆောင်ရွက်ပေးနိုင်ရန်မှာ ဖောက်သည်တို့၏လိုအင်ဆန္ဒကို သိရှိနိုင်မှသာ ဖြစ်ပေလိမ့်မည်။ ဖောက်သည်တို့၏ လိုအင်ဆန္ဒကို သိရှိနိုင်ရန်အတွက် ဖောက်သည်များကို ရေးရှုအလေးထားရန်၊ ရင်းနှီးနွေးထွေးသော ဆက်ဆံရေးရှိရန်၊ မိမိပေးလိုက်သောဝန်ဆောင်မှုကို ဖောက်သည်များက နှစ်သက်ကျေနပ်ခြင်းရှိ၊ မရှိမေးမြန်းရန်၊ သုတေသနပြုရန်နှင့် Database Management ဖြင့် ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဝန်ဆောင်မှုအမျိုးအစားကို ဝန်ဆောင်မှုပေးသူက ဆုံးဖြတ်နိုင်သော်လည်း ထိုဝန်ဆောင်မှုကို ဖောက်သည်က ကျေနပ်မှုရှိ၊ မရှိဖောက်သည်ကသာ ဆုံးဖြတ်မည်ဖြစ်သည်။ မည်သို့သောဝန်ဆောင်မှုသည် ဖောက်သည်အတွက် အကောင်းဆုံးဖြစ်သည်ဟူ၍ ဝန်ဆောင်မှုပေးသူက မဆုံးဖြတ်သင့်ပေ။ ဖောက်သည်ကို အကြံဉာဏ်ပေးနိုင်သလို အကြံဉာဏ်လည်း တောင်းခံနိုင်ပါသည်။ ဖောက်သည်၏ဆုံးဖြတ်ချက်သည် ကုမ္ပဏီ၏ခံယူချက်နှင့် မတူညီသော်လည်း ဖောက်သည်၏ဆုံးဖြတ်ချက်ကို လေးစားရပါသည်။

ဖောက်သည်တို့၏ထင်မြင်ယူဆချက်သည် ကုမ္ပဏီအတွက် အသက်တမျှအရေးကြီးပါသည်။ ဖောက်သည်တို့က ဖြူဆိုဖြူ၊ မည်းဆိုမည်းရမည်သာဖြစ်သည်။ ဖောက်သည်ထင်မြင်ယူဆသည့်အတိုင်း သူတွေးသလိုတွေး၊ သူစဉ်းစားသလိုစဉ်းစား သူ့နေရာမှနေပြီး ကြည့်တတ်လာမှ သူ့စိတ်ကြိုက်၊ သူတကယ်လိုအပ်လာသည့်ဝန်ဆောင်မှုကို ပေးနိုင်မည်ဖြစ်သည်။ ထိုသို့ဖြည့်ဆည်းပေးနိုင်မှလည်း ဖောက်သည်တို့၏စိတ်ကျေနပ်မှုကို ရရှိမည်ဖြစ်သည်။ ဖောက်သည်တို့စိတ်ကျေနပ်မှ မိမိတို့ ဂုဏ်ရှိ စိုက်မှုများသည် ထိရောက်မှုရှိပေမည်။ ဤနည်းဖြင့်သာ ကုမ္ပဏီအတွက် အကျိုးအမြတ်ရရှိနိုင်ပေမည်။ 'ဖောက်သည်အမြဲမှန်သည် (Customer is always right)၊ ဖောက်သည်သာ ဘုရင်တစ်ဆူဖြစ်သည် (Customer is King)' ဟူသော အဆိုအမိန့်တို့ကို လျစ်လျူမရှုသင့်ပေ။ ဖောက်သည်များအား ဝန်ဆောင်မှုပေးရန် ၎င်းတို့မျှော်လင့်ထားသည်ထက် ပိုမိုလုပ်ဆောင်ပေးခြင်းဖြင့် ဖောက်သည်တို့က 'သူ့အားစေတနာဖြင့်ကူညီပေးသည်၊ မိမိအလုပ်ကိစ္စကဲ့သို့ သဘောထားဆောင်ရွက်ပေးသည်' စသည်ဖြင့် အထင်ရောက်ကာ ဖောက်သည်များ စိတ်ကျေနပ်မှုရရှိနိုင်ပါသည်။ ဤနည်းဖြင့် ဖောက်သည်များကို စိတ်ဓာတ်ရေးရာအရ ဆွဲဆောင်ထားနိုင်သည်။

ဖောက်သည်များကို စိတ်ကျေနပ်မှုရရှိစေရန်အတွက် ဝန်ထမ်းများ၏ အရည်အသွေးကိုမြှင့်တင်ပြီး ဆက်ဆံရေးပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ပါသည်။ လုပ်ငန်းကျွမ်းကျင်မှုရှိခြင်း၊ မိမိလုပ်ငန်းကို သေသေချာချာ ဂဃနဏနားလည်ခြင်း၊ ကျွမ်းကျင်ပိုင်နိုင်စွာဆောင်ရွက်နိုင်ခြင်းတို့ဖြင့် ဖောက်သည်များ၏စိတ်ကျေနပ်မှုကို ဖြည့်ဆည်းပေးနိုင်ပါသည်။ စကားပြောဆိုဆက်ဆံရာတွင် ကောင်းမွန်ခြင်း၊ ဖောက်သည်တို့၏စကားကိုနားထောင်၍ နားလည်ပေးခြင်း၊ ကောင်းသောအရည်အသွေးရှိသော ဝန်ဆောင်မှုများကို ပေးခြင်းတို့ဖြင့် ဆက်ဆံရေးပိုမိုကောင်းမွန်အောင် ပြုလုပ်နိုင်ပါသည်။


သုတေသနပြုချက်များအရ ကျေနပ်မှုမရရှိသောဖောက်သည်တို့၏ ၉၆ ရာခိုင်နှုန်းသည် စောဒကမတက်ဘဲ ဆက်သွယ်မှုကို ဖြတ်တောက်လေ့ရှိကြောင်း တွေ့ရသည်။ ၉၀ ရာခိုင်နှုန်းသော ဖောက်သည်တို့သည် စောဒကလည်းမတက်၊ ဆက်သွယ်မှုကိုလည်းဖြတ်တောက်သည့်အပြင် အနည်းဆုံး အခြားကိုးယောက်ကို မကောင်းသတင်းဖြန့်ဝေလေ့ရှိသည်။ စောဒကမတက်လျှင် ဖောက်သည်တို့ ရာနှုန်းပြည့်ကျေနပ်မှုရရှိသည်ဟူ၍ တစ်ထစ်ချယူဆ၍ မရနိုင်ပါ။ ထို့ကြောင့် ဖောက်သည်တို့မကျေနပ်မှု နည်းနိုင်သမျှနည်းစေရန် ဆောင်ရွက်ပေးခြင်း၊ ထိုမှတစ်ဆင့်တက်၍ ရာနှုန်းပြည့် ကျေနပ်မှုရရှိစေရန် ဆောင်ရွက်ပေးခြင်းတို့ဖြင့် ဖောက်သည်တို့၏ ယုံကြည်ကိုးစားမှု၊ သစ္စာရှိမှုများကို ရရှိအောင် ဆောင်ရွက်နိုင်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း ၃၀ ကျော်ကပင် ဂုရုကြီး Peter Drucker က လုပ်ငန်းများအောင်မြင်ဖြစ်ထွန်းရေးအတွက်

www.foreverspace.com.mm

ဖောက်သည်များ၏ ထင်မြင်ယူဆမှုကို အလေးထားရန် တိုက်တွန်းခဲ့ဖူးပါသည်။ 'ကုမ္ပဏီတို့၏ ရည်ရွယ်ချက်မှာ ဖောက်သည်များကို ဖန်ဆင်းရန်' ဟူ၍ ၎င်းကပင် ဆက်လက်ပြောဆိုခဲ့ဖူးပါသည်။ ကုမ္ပဏီတို့ လုပ်ဆောင်ရန် အဓိကတာဝန်နှစ်ရပ်ရှိကြောင်း၊ ၎င်းတို့မှာ 'Marketing ခေါ် ဈေးကွက်ရှာဖွေထူထောင်ခြင်းနှင့် Innovation ခေါ် တီထွင်ဆန်းသစ်ခြင်းတို့ ဖြစ်သည်' ဟူ၍ ထပ်ဆင့်မိန့်ဆိုခဲ့ကြောင်း လေ့လာမှတ်သားခဲ့ဖူးပါသည်။

ဖောက်သည်ကို အလေးထားသော စီးပွားရေးလုပ်ငန်းတို့သည် အောင်မြင်မှုရသကဲ့သို့ အောင်မြင်မှုရရှိသော ကုမ္ပဏီတိုင်းသည် ဖောက်သည်တို့ကို အလေးထားလေ့ရှိကြသည်။ 'ဖောက်သည်သည် ကျွန်ုပ်တို့လုပ်ငန်း၏ အရေးကြီးဆုံးမိတ်ဆွေ (ဧည့်သည်) ဖြစ်ပြီး ထိုမိတ်ဆွေသည် ကျွန်ုပ်တို့အပေါ် မှီခိုခြင်းမရှိ၊ ကျွန်ုပ်တို့ကသာ သူ့ကို အားထားနေရသည်။ သူသည် ကျွန်ုပ်တို့လုပ်ငန်း၏ပြင်ပတွင် တည်ရှိမနေ။ ကျွန်ုပ်တို့လုပ်ငန်း၏ တစ်စိတ်တစ်ဒေသပင်ဖြစ်သည်' ဟူ၍ L L Bean ကုမ္ပဏီက ခံယူကျင့်သုံးပါသည်။




ကုမ္ပဏီအများစုသည် ဖောက်သည်အသစ်များရရှိရေးကို အလေးထားဆောင်ရွက်လေ့ရှိကြသော်လည်း ဖောက်သည်များ ရေရှည်တည်တံ့ရေး၊ လက်လွတ်ဆုံးရှုံးမှု မရှိစေရေးတို့ကို ဆောင်ရွက်ရာတွင် အားနည်းနေဆဲဖြစ်ပါသည်။ ကုမ္ပဏီတို့သည် ၆၀ ရာခိုင်နှုန်းသော လက်ရှိဆက်ဆံနေသည့် ဖောက်သည်ဟောင်းတို့ထံမှ ဝင်ငွေများရရှိနေချိန်တွင် ၇၀ ရာခိုင်နှုန်းသော Marketing အသုံးစရိတ်များကို ဖောက်သည်သစ်များ ဆွဲဆောင်နိုင်ရေးအတွက် အသုံးပြုလေ့ရှိကြသည်။ ဖောက်သည်သစ်များရရှိရေးသည် အရေးပါသော်လည်း ဖောက်သည်ဟောင်းများ မဆုံးရှုံးစေရေးသည် ပို၍ပို၍ အရေးကြီးကြောင်း သတိပြုရန်လိုအပ်ပါသည်။ ဖောက်သည်များကို ထိန်းထားနိုင်ရန် အကောင်းဆုံးနည်းလမ်းမှာ ဖောက်သည်တို့ စိတ်ကျေနပ်မှုရရှိရေးကို ရာနှုန်းပြည့်ဆောင်ရွက်ပေးရန်နှင့် စာရင်းအင်းကိန်းဂဏန်းများပြုစုခြင်း၊ အချက်အလက်များစုဆောင်းထည့်သွင်းခြင်း၊ ဆန်းစစ်သုံးသပ်ခြင်း အစရှိသည့် Database Management နှင့် Customer Relationship Management တို့ကို အလေးထားဆောင်ရွက်ရန်ပင် ဖြစ်သည်။

ဖောက်သည်များစိတ်ကျေနပ်မှုတစ်ကြိမ်ရရုံမျှဖြင့် လုံလောက်မှုမရှိပါ။ တစ်ကြိမ်ရရှိခြင်းသည် ထာဝရရရှိခြင်းမဟုတ်သဖြင့် ဖောက်သည်များ၏ စိတ်ကျေနပ်မှု ရေရှည်ရရှိရေးစီမံချက်များ၊ အစီအစဉ်များ၊ မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ပြိုင်ဆိုင်မှုပြင်းထန်သော ယနေ့ခေတ်တွင် ဖောက်သည်တို့သည် မိမိပြိုင်ဘက်များထံသို့ အချိန်မရွေး ရောက်ရှိသွားနိုင်ကြောင်း အစဉ်အမြဲသတိ ပြုရပေမည်။ Domino's Pizza လုပ်ငန်းတည်ထောင်သူ Tom Monagham က ဖောက်သည်တို့အတွက် Fans ပြုလုပ်ရန် ဆန္ဒရှိခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ 'ဖောက်သည်တစ်ယောက် မိမိတံခါးမှ ကျော်ဖြတ်သွားသည်ကိုတွေ့ရတိုင်း ဒေါ်လာ ၁၀,၀၀၀ မီးလောင်သွားသည်ဟု မြင်ယောင်မိကြောင်း' Tom Monagham က ညည်းတွားပြောဆိုခဲ့ဖူးပါသည်။

အချို့သောကုမ္ပဏီများကမူ ဖောက်သည်တို့ စိတ်ကျေနပ်မှုရရှိရေးထက် ဈေးကွက်ဝေစု (Market Share) အပေါ် ပိုမိုအာရုံထားလေ့ရှိကြသည်မှာ ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။ ရရှိပြီးသော Market Share အပေါ် အလေးထားနေခြင်းသည် အတိတ်ကို လွမ်းဆွတ်တမ်းတခြင်းဖြစ်ပြီး ဖောက်သည်တို့စိတ်ကျေနပ်မှုရရှိခြင်းသည်သာ အနာဂတ်ကို ရည်မျှော်လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ဖောက်သည်တို့စိတ်ကျေနပ်မှုမရရှိလျှင် Market Share ကို ထိခိုက်လာမည်ဖြစ်ပါသည်။ ကုမ္ပဏီတို့သည် ဖောက်သည်တို့၏ စိတ်ကျေနပ်မှုအခြေအနေကို အစဉ်စောင့်ကြည့်ရန်၊ ဖောက်သည်တို့ စိတ်ကျေနပ်မှုအဆင့် တိုးတက်မြင့်မားလာရေး ဆောင်ရွက်ပေးရန် အထူးလိုအပ်ပါသည်။

ကုမ္ပဏီလုပ်ငန်းများ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းသည် ဖောက်သည်များက လုပ်ငန်းကို နှစ်သက်ခြင်း၊ မနှစ်သက်ခြင်းအပေါ် များစွာမူတည်နေရာ ဖောက်သည်တို့ စိတ်ကျေနပ်မှုရရှိရေးကို အလေးထားဆောင်ရွက်ရန် လိုအပ်ပါသည်။ ဖောက်သည်များစိတ်ကျေနပ်မှုရရှိရေးနှင့် ရေရှည်ထိန်းထားနိုင်ရေးအတွက် ဆောင်ရွက်သင့်သောအချက်များကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါမည်။

(၁) ဖောက်သည်တို့၏ လိုအင်ဆန္ဒကို သိရှိနားလည်အောင်ကြိုးစားရန်။

(၂) ဖောက်သည်များစိတ်ကျေနပ်မှုရှိ၊ မရှိမေးမြန်းရန်။

(၃) ဝန်ထမ်းများ၏အရည်အသွေး

www.foreverspace.com.mm



**အောင်မြင်မှုရှိသောကုမ္ပဏီတိုင်းသည် ဖောက်သည်ကို ဦးစားပေးအလေးထားသော ကုမ္ပဏီများဖြစ်ကြပြီး ဖောက်သည်ကို ဦးစားပေးသောကုမ္ပဏီတိုင်းသည်လည်း အောင်မြင်မှုရရှိကြသည်ဟူသောအချက်ပင် ဖြစ်သည်။ ကုမ္ပဏီ၏ လုပ်ငန်းရှင်များဖြစ်သော၊ အရေးကြီးဆုံးပုဂ္ဂိုလ်များလည်းဖြစ်သော ဖောက်သည်များ စိတ်ကျေနပ်မှုရရှိရေး၊ ရှိရင်းစွဲဖောက်သည်များ ရေရှည်ထိန်းထားနိုင်ရေးတို့ကို ရည်မှန်းချက်တစ်ရပ်ထားရှိကာ မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်လျက် အလေးထားဆောင်ရွက်ခြင်းဖြင့် ကုမ္ပဏီတို့သည် အောင်မြင်မှုအသီးအပွင့်များကို ရရှိခံစားနိုင်မည် ဖြစ်ပါသတည်း။**

မြှင့်တင်၍ ဆက်ဆံရေး ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်။

(၄) ဖောက်သည်များမကျေနပ်မှုကို နည်းနိုင်သမျှ နည်းအောင်ဆောင်ရွက်ရန်။

(၅) ဝန်ဆောင်မှုပေးရာတွင် ဖောက်သည်များမျှော်လင့်ထားသည်ထက် ပိုမိုလုပ်ဆောင်ပေးခြင်းဖြင့် ဖောက်သည်ကို ဆွဲဆောင်ရန်။

(၆) လူအများ၏လိုအင်ဆန္ဒကို သိရှိနားလည်အောင် ကြိုးစားရန်။

(၇) ဈေးကွက်တွင် ဦးဆောင်နိုင်ရမည်ဟူသော ရည်မှန်းချက်များ ထားရှိဆောင်ရွက်ရန်။

(၈) အချင်းချင်း ရိုးသားပွင့်လင်းမှု၊ တစ်ကိုယ်ကောင်းမဆန်မှုနှင့် ကုမ္ပဏီအဖွဲ့အစည်းတစ်ခုလုံးအတွက် စဉ်းစားဆောင်ရွက်ရန်။

(၉) အသင်းအဖွဲ့အလိုက် လုပ်ဆောင်မှုကို အာရုံစူးစိုက်ရန်။

(၁၀) ဝန်ထမ်းများအနေဖြင့် လေ့လာသင်ယူမှုကို အာရုံစူးစိုက်ရန်။

(၁၁) တီထွင်ဆန်းသစ်မှုကို အာရုံထားရန်နှင့် အကြံဉာဏ်သစ်များကို လက်ခံရန်။

(၁၂) အရည်အသွေးကောင်းမှုကို အာရုံစူးစိုက်ရန်နှင့် သင့်တင့်သောဈေးနှုန်းဖြစ်ရန်။

(၁၃) ဝန်ဆောင်မှုကို အကောင်းဆုံးဆောင်ရွက်ပေးရန်။

(၁၄) Customer Value ကို နားလည်ရန်နှင့်

(၁၅) တစ်ဦးချင်းစီ၏ တာဝန်ယူမှုကို အလေးထားဆောင်ရွက်ရန်ဟူ၍ဖြစ်ပါသည်။

လေ့လာတွေ့ရှိမှုများအရ ကုမ္ပဏီတို့၏ အသုံးစရိတ်တွင် ဖောက်သည်ဟောင်းများ စိတ်ကျေနပ်ရေး၊ ရေရှည်ထိန်းထားနိုင်ရေး၊ ကုန်ကျစရိတ်များထက် ဖောက်သည်သစ်ရရှိရေး စရိတ်စကများသည် ငါးဆမှ ၁၀ ဆအထိ ပိုမိုကုန်ကျလေ့ရှိကြောင်း တွေ့ရှိရပါသည်။ ကုမ္ပဏီတို့သည် ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ၁၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ ဖောက်သည်များ လက်လွတ်ဆုံးရှုံးရလေ့ရှိသည်။ လုပ်ငန်းအဖွဲ့အစည်းပေါ်မူတည်၍ ဖောက်သည်တို့ လက်လွတ်ဆုံးရှုံးရမှုနှုန်း ၅ ရာခိုင်နှုန်းလျှော့ချနိုင်တိုင်း အမြတ်ငွေ ၂၅ ရာခိုင်နှုန်းမှ ၈၅ ရာခိုင်နှုန်းအထိ တိုးတက်ရရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ဖောက်သည်တို့ကို ရေရှည်ထိန်းထားနိုင်လေလေ အမြတ်ဝင်ငွေ ပိုမိုရရှိလေလေဖြစ်ပါသည်။ ဖောက်သည်များ ရေရှည်ထိန်းသိမ်းထားနိုင်လေ ကုမ္ပဏီအတွက် ပိုမိုအကျိုးရှိလေလေဖြစ်ရာ ဖောက်သည်တို့ စိတ်ကျေနပ်မှုရရှိရေး၊ သစ္စာရှိသောဖောက်သည်များ တိုးပွားလာရေးတို့အတွက် အလေးထားဆောင်ရွက်ရန် လိုအပ်သည်မှာ လယ်ပြင်မှာ ဆင်သွားသကဲ့သို့ ထင်ရှားသိသာလှပါသည်။

Mars Company ၏ ရည်မှန်းချက် (Mission) တွင် စားသုံးသူဖောက်သည်သည် ကျွန်ုပ်တို့၏ အလုပ်ရှင်၊ အရည်အသွေးသည် ကျွန်ုပ်တို့၏အလုပ်၊ တန်ဖိုးသည် ကျွန်ုပ်တို့၏ပန်းတိုင် 'The Consumer Is Our Boss, Quality Is Our Work & Value Is Our Goal' ဟူ၍ ဖော်ပြအကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ ထို့အပြင် Johnson & Johnson ၏ ရည်မှန်းချက်ပန်းတိုင်နှင့်ပတ်သက်၍ ဦးစားပေးမှုမှာ မှတ်သားအတုယူဖွယ်ကောင်းပါသည်။ 'ပထမဦးစားပေးသည် ဖောက်သည်၊ ဒုတိယဦးစားပေးသည် ဝန်ထမ်း၊ တတိယဦးစားပေးသည် လူမှုပတ်ဝန်းကျင်၊ စတုတ္ထဦးစားပေးသည် ရှယ်ယာရှင်များ' ဟူ၍ ဦးစားပေးအဆင့်များကို သတ်မှတ်ထားသည်မှာ လေးစားဖွယ်ရာဖြစ်သည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် အောင်မြင်မှုရှိသော ကုမ္ပဏီတိုင်းသည် ဖောက်သည်ကို ဦးစားပေး အလေးထားသော ကုမ္ပဏီများဖြစ်ကြပြီး ဖောက်သည်ကို ဦးစားပေးသောကုမ္ပဏီတိုင်းသည်လည်း အောင်မြင်မှုရရှိကြသည်ဟူသောအချက်ပင် ဖြစ်သည်။ ကုမ္ပဏီ၏ လုပ်ငန်းရှင်များဖြစ်သော၊ အရေးကြီးဆုံးပုဂ္ဂိုလ်များလည်းဖြစ်သော ဖောက်သည်များ စိတ်ကျေနပ်မှုရရှိရေး၊ ရှိရင်းစွဲဖောက်သည်များ ရေရှည်ထိန်းထားနိုင်ရေးတို့ကို ရည်မှန်းချက်တစ်ရပ်ထားရှိကာ မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်လျက် အလေးထားဆောင်ရွက်ခြင်းဖြင့် ကုမ္ပဏီတို့သည် အောင်မြင်မှုအသီးအပွင့်များကို ရရှိခံစားနိုင်မည်ဖြစ်ပါသတည်း။

**မျိုးခန့်စံ**

**Ref : (1) Philip Kotler; Marketing Insights From A To Z**
**(2) Simon Knox, Stan Maklan, ... Customer Relationship Management**

www.foreverspace.com.mm

# တွေ့ဆုံဆွေးနွေးမှုများ

## ၂၉-၇-၂၀၀၈

* မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ဌာနေကိုယ်စားလှယ် Dr.Shin Imai သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံသံအမတ်ကြီး H.E.Ms. Michelle Su-Wen Chan သည်လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ ပထမအတွင်းဝန် Mr.Lee Jong Kwon သည်လည်းကောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၄-၈-၂၀၀၈

* ဂျပန်နိုင်ငံ အထက်လွှတ်တော်အမတ် Mr.Shimba Kazuya ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အမှတ် (၂) စက်မှုဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် တွေ့ဆုံဆွေးနွေး။

## ၆-၈-၂၀၀၈

* မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ကူဝိတ်နိုင်ငံဝန်ကြီးချုပ် ရှိတ်နာဆာအယ်မိုဟာမက် အယ်အာမက်အယ်ဂျာဘား အယ်ဆာဘားခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်လည်းကောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။

## ၇-၈-၂၀၀၈

* ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန Comminity Development Department မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr.Sanchai INWANG ခေါင်းဆောင်၍ Community Development Adminstrator သင်တန်းသို့တက်ရောက်နေသည့်သင်တန်းသားများနှင့် အစိုးရဝန်ထမ်းများ စုစုပေါင်း ၆၈ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး။

## ၈-၈-၂၀၀၈

* ဘေဂျင်းအိုလံပစ်ပွဲတော်ဖွင့်ပွဲအခမ်းအနားတက်ရောက်ရန် သွားရောက်သည့် မြန်မာနိုင်ငံဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာဟူကျင်တောင်နှင့်လည်းကောင်း၊ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်နှင့်လည်းကောင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့တွင် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၉-၈-၂၀၀၈

* နိုင်ငံတော်ဝန်ကြီးချုပ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ယူနန်ပြည်နယ်ကော်မတီအထွေထွေအတွင်းရေးမှူး မစ္စတာပိုင်အန်းဖေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူ နန်ပြည်နယ်တွင် တွေ့ဆုံဆွေးနွေး။

## ၁၁-၈-၂၀၀၈

* မြန်မာနိုင်ငံတွင် ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် တွေ့ဆုံဆွေးနွေး။

* မြန်မာနိုင်ငံတွင်ရောက်ရှိနေသည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E.Dr.Nam VIYAKETH ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

## ၁၂-၈-၂၀၀၈

* တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်ပြည်ထောင်စုနိုင်ငံ စစ်သံမှူး Colonel, Daniel N. Tarter နှင့် စစ်သံမှူးအသစ်အဖြစ် တာဝန်ထမ်းဆောင်မည့် Colonel, Brey Sloan တို့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် တွေ့ဆုံဆွေးနွေး။

## ၁၃-၈-၂၀၀၈

* မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E.Ms. Michelle Su-Wen Chan သည် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

www.foreverspace.com.mm

* မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆီဘတ်စ်တီရာနပ်စ်ဆူမာဆိုနိုသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး။

## ၁၅-၈-၂၀၀၈

* ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) မှ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Dr.Shin Imai သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၆-၈-၂၀၀၈

* မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျ နေသဟာယနိုင်ငံ သံအမတ်ကြီး မစ္စမိရှဲလ်ဆူဝန်ချန်သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံ ဆွေးနွေး။

## ၁၈-၈-၂၀၀၈

* မြန်မာနိုင်ငံသို့ရောက်ရှိနေသော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Ibrahim Agbola Gambari နှင့်အဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ တာဝန်ရှိသူများနှင့်လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC) နှင့် လည်းကောင်း၊ သုံးပွင့်ဆိုင်ဗဟိုအဖွဲ့နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။
* တရုတ်ပြည်သူ့သမ္မတနိုင်ငံ CAMC Engineering Co., Ltd. မှ General Manager, Mr. Jin Young Xue ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် အမှတ် (၁) စက်မှုဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၁၉-၈-၂၀၀၈

* ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Ibrahim Agboola Gambari သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့်အာဏာပိုင်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး။

## ၂၀-၈-၂၀၀၈

* ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Ibrahim Agboola Gambari သည် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့်လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးနှင့်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ငြိမ်းချမ်းရေးရယူထားသော ကရင်တိုင်းရင်းသားခေါင်းဆောင်များနှင့်လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ ပြည်ထောင်စုပအိုဝ့်အမျိုးသား အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ အရွေးချယ်ခံတစ်သီးပုဂ္ဂလနှင့် အခြားအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့်လည်းကောင်း အသီးသီး တွေ့ဆုံဆွေးနွေး။

## ၂၁-၈-၂၀၀၈

* ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Ibrahim Agboola Gambari သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်အဖွဲ့ဝင် ဦးသောင်းညွန့် အပါအဝင် အဖွဲ့ဝင်များနှင့်လည်းကောင်း၊ ဆက်ဆံရေးဝန်ကြီး ဦး အောင်ကြည်နှင့်လည်းကောင်း အသီးသီးတွေ့ဆုံဆွေးနွေး။
* ကိုရီးယားသမ္မတနိုင်ငံ Korean Broadcasting Institute မှ General Manager Mr. Harrison Yu နှင့်အဖွဲ့သည် ပြန်ကြား ရေးဝန်ကြီးဌာနဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေး။

## ၂၂-၈-၂၀၀၈

* ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Ibrahim Agboola Gambari သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေ အပါအဝင် အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး။
* ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ဌာနေကိုယ်စားလှယ် Mr. Daniel B. Baker သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်နှင့် တွေ့ ဆုံဆွေးနွေး။

## ၂၃-၈-၂၀၀၈

* မြန်မာနိုင်ငံတွင် ရောက်ရှိနေသော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr.Ibrahim Agboola Gambari သည်လည်းကောင်း၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. Tej Bunnag ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည်လည်းကောင်း နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အသီးသီးတွေ့ဆုံဆွေးနွေး။

## ၂၆-၈-၂၀၀၈

* ကူဝိတ်နိုင်ငံဝန်ကြီးချုပ်ရုံးမှ အကြံပေးပုဂ္ဂိုလ် H.E. Dr. Ismail Khedr Al-Shatti ဦးဆောင်သော ကူဝိတ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေး။

■

www.foreverspace.com.mm



# ရက်စွဲမှတ်တမ်း

**၃-၈-၂၀၀၈*** မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Thomas Ojea Quintana နှင့်အဖွဲ့သည် ဩဂုတ်လ ၃ ရက်နေ့ ညပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာကြောင်း ဩဂုတ်လ ၄ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိ။

**၅-၈-၂၀၀၈*** ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ လမ်းများပေါ်တွင်ဖြစ်ပေါ်နေသော လမ်းပေါက်များ၊ ချိုင့်များ စသည့်လမ်းပျက်စီးမှုများကိုလမ်းပေါက်ဖာစစ်ဆင်ရေးစီမံချက်ချမှတ်ကာ ဩဂုတ်လအတွင်း ပြုပြင်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ပြောကြား။

**၉-၈-၂၀၀၈* နာမည်ကျော် စီးပွားရေးလုပ်ငန်းခွဲများစွာဖြင့် လည်ပတ်လုပ်ကိုင်လျက်ရှိသော ကျော်မိသားစုကုမ္ပဏီလီမိတက်မှ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သော ဦးငွေးမြင့်အောင်နှင့် အပေါင်းပါနှစ်ဦးကို မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးအရေးယူ။**

**၁၁-၈-၂၀၀၈*** ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ကာကွယ်ရေးဝန်ကြီး General, Phung Quang Thanh နှင့်ဇနီး Mrs. Tran Thi Loc တို့ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့လာရောက်။

**၁၂-၈-၂၀၀၈*** မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းဒေသအချို့တွင် မြစ်ရေချောင်းရေများမြင့်တက်ကာ ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် အိမ်ထောင်စုအချို့အား ပြောင်းရွှေ့နေရာချထားပေးခြင်း၊ စာသင်ကျောင်းအချို့ ခေတ္တပိတ်ထားပေးရခြင်း စသည်တို့ဖြစ်ပေါ်ခဲ့ကြောင်း ဩဂုတ်လ ၁၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြပါရှိ။

* လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး H.E. Dr. Nam VIYAKETH ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရန်ကုန် မြို့သို့ ရောက်ရှိ။

**၁၃-၈-၂၀၀၈*** ချစ်ကြည်ရေးခရီးလည်ပတ်ရန်အတွက် ဘရူနိုင်းဒါရုဆလမ်နိုင်ငံသို့ ဩဂုတ်လ ၁၁ ရက်နေ့ကသွားရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

*** ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း၌ ကြော်ငြာထားသည့် ဆိုင်းဘုတ်များအနက် မလုံ့တလုံအဝတ်အစားများဝတ်ဆင်၍ ရိုက်ကူးထားသည့် ကြော်ငြာဆိုင်းဘုတ်များကို အများအမြင်တင့်တယ်သောပုံများဖြင့် အစားထိုးကြော်ငြာစေမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ပြောကြား။**

**၁၅-၈-၂၀၀၈*** နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေအမှတ် ၅/၂၀၀၈ ဖြင့် ဆိပ်ကမ်းများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ဩဂုတ်လ ၁၅ ရက် နေ့စွဲဖြင့် ထုတ်ပြန်ကြေညာ။

**၁၆-၈-၂၀၀၈*** မန္တလေးတိုင်း မိုးကုတ်မြို့နယ် တောင်ပေါ်ဘော်ဗဒန်းကျေးရွာ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဩဂုတ်လ ၁၆ ရက် ည ၁၀ နာရီ ၄၅ မိနစ်ခန့်တွင် မြေပြိုပြီး ဦးညွန့်ရှိန်၏ နှစ်ထပ်အိမ်ပေါ်သို့ မြေများပိကျခဲ့ရာ အိမ်ရှင်ဦးညွန့်ရှိန်အပါအဝင် မိသားစုငါးဦး၊ ဧည့်သည်တစ်ဦးတို့ သေဆုံးခဲ့ကြောင်း ဩဂုတ်လ ၂၀ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ဖော်ပြ။

**၁၈-၈-၂၀၀၈*** ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibranhim Agboola Gambari နှင့်အဖွဲ့ ရန်ကုန်မြို့သို့ရောက်ရှိ။

* နိုင်ငံတော်သြဝါဒါစရိယ မွန်ပြည်နယ်၊ ရေးမြို့နယ် လမိုင်းမြို့ ကော့ဒွတ်ကျေးရွာမဟာဝိဟာရ ပရိယတ္တိကျောင်းဆရာတော် ဘဒ္ဒန္တဝံသပါလ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) (သက်တော် ၉၃ နှစ်၊ သိက္ခာတော် ၇၂ ဝါ) ဘဝနတ်ထံပျံလွန်တော်မူ။

**၂၀-၈-၂၀၀၈* ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် Mr. Ibranhim Agboola Gambari သည် ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံရန် ကြိုးစားခဲ့သော်လည်း ဒေါ်အောင်ဆန်းစုကြည်က လက်ခံတွေ့ဆုံခြင်းမရှိ။**

www.foreverspace.com.mm



* အင်ဂျင်ပြုပြင်ပြောင်းလဲထုတ်လုပ်မှု စီမံကိန်းဆိုင်ရာစာချုပ်ကို အမှတ် (၂) စက်မှုဝန်ကြီးဌာန မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China New Era International Engineering Corporation တို့မှတာဝန်ရှိသူများ နေပြည်တော်ရှိ ရွှင်ရယ်ကုမုဒြာဟိုတယ်တွင် လက်မှတ်ရေးထိုး။

**၂၁-၈-၂၀၀၈* မြန်မာစံတော်ချိန် ၁၈ နာရီ၊ ၅၄ မိနစ်၊ ၃၁ စက္ကန့်အချိန်တွင် ကမ္ဘာ့အေးမြေငလျင်စခန်း၏ မြောက်ဘက် မိုင် ၅၈၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (တရုတ်–မြန်မာနယ်စပ်) နေရာကို ဗဟိုပြု၍ ရစ်ချ်တာစကေး ၅.၉ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသောငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာ။**

**၂၂-၈-၂၀၀၈* စွမ်းအင်ဝန်ကြီးဌာန ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ စက်သုံးဆီအရောင်းဆိုင်များတွင် ဓာတ်ဆီနှင့်ဒီဇယ်ဆီများကို ပုံမှန်နေ့စဉ်ရောင်းချသည့်ခွဲတမ်း ၂ ဂါလန်ထက် ပိုမိုဝယ်ယူလိုပါက FEC ဖြင့် လိုသလောက်အရေအတွက်ကို ရောင်းချပေးမည်ဖြစ်ကြောင်း အဆိုပါအရောင်းဆိုင်များတွင် ထုတ်ပြန်ကြေညာ။**

*** မစ္စတာဂမ်ဘာရီ၏ အဖွဲ့ဝင်နှစ်ဦးဖြစ်သည့် Mr. Erwan Pouchous နှင့် Ms. Hua Jiang နှင့် တာဝန်ရှိသူများ နံနက် ၇ နာရီ မိနစ် ၅၀ တွင် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့သွားရောက်၍ တွေ့ဆုံခွင့်ရရန် ဒုတိယအကြိမ်ကြိုးစားခဲ့သော်လည်း တွေ့ဆုံခွင့်မရ။**

* ၂၀၀၈ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်ရောင်းချပြီး အောက်တိုဘာ ၁ ရက်တွင်စတင်ဖွင့်လှစ်မည့် (၂၃၇) ကြိမ်မြောက် ထီဖွင့်ပွဲမှစ၍ ကျပ် ၁၀၀၀၀၀၀ (၁၀ သိန်း) နှင့်အောက် ဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများအပြင် ရန်ကုန်တိုင်းပြင်ပရှိ ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် ထုတ်ပေးမည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

**၂၃-၈-၂၀၀၈*** ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး H.E. Tej Bunnag နှင့်ဇနီး Madam Phensri Bunnag တို့ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံသို့လာရောက်။

**၂၅-၈-၂၀၀၈*** အာဆီယံ–အိန္ဒိယ ဗုဒ္ဓဘာသာဘုရားဖူးခရီးစဉ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ်လ ၂၅ ရက်မှ ၂၉ရက်အထိ ပုဂံ၊ မန္တလေးနှင့် ရန်ကုန်မြို့များတွင် ကျင်းပ။

**၂၆-၈-၂၀၀၈*** ကူဝိတ်နိုင်ငံဝန်ကြီးချုပ်ရုံးမှ အထူးအကြံပေးပုဂ္ဂိုလ် H.E. Dr. Ismail Khedr Al-Shatti ဦးဆောင်သော ကူဝိတ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့မြန်မာနိုင်ငံသို့လာရောက်။

* စာရေးဆရာ မောင်အုန်းသောင်း (မကွေး) (အသက် ၅၉ နှစ်) ကွယ်လွန်။

**၂၈-၈-၂၀၀၈*** နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဥပဒေအမှတ် ၆/၂၀၀၈ ဖြင့် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကို ဩဂုတ်လ ၂၈ ရက် နေ့စွဲဖြင့် ပြဌာန်း။

**၂၉-၈-၂၀၀၈*** မြန်မာ–ဗီယက်နမ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဦးဆောင်သည့် စတုတ္ထအကြိမ် မူဝါဒရေးရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ရန်အတွက် ဩဂုတ်လ ၂၅ ရက်မှ ၂၈ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့သွားရောက်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ဩဂုတ်လ ၂၉ ရက်နေ့တွင် ပြန်လည်ရောက်ရှိ။

**၃၀-၈-၂၀၀၈*** မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံ တိရစ္ဆာန်ဥယျာဉ်များအကြား တိရစ္ဆာန်လဲလှယ်ရေးအစီအစဉ်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင်ဂွင်းငှက် ၁၁ ကောင် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) သို့ရောက်ရှိ။

**၃၁-၈-၂၀၀၈*** အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ဩဂုတ်လ ၂၉ ရက်နေ့ကကျင်းပသည့် ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှုအစီအစဉ် (ဘင်းမ်စတက်) ၏ (၁၀) ကြိမ်မြောက် ဝန်ကြီးအဆင့်အစည်းအဝေးသို့တက်ရောက်ခဲ့သော နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

* စင်ကာပူသမ္မတနိုင်ငံတွင် ဩဂုတ်လ ၂၅ ရက်နေ့မှ ၂၉ ရက်နေ့အထိကျင်းပသော အကြိမ် (၄၀) မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်ခဲ့သော အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာ ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ။

**၁-၉-၂၀၀၈*** ဒေါ်အောင်ဆန်းစုကြည်သည် ရှေ့နေဦးကြည်ဝင်းနှင့် တတိယအကြိမ် တွေ့ဆုံလိုကြောင်း တင်ပြသည့်အတွက် စက်တင်ဘာလ ၁ ရက် နံနက် ၉ နာရီခန့်တွင် ဦးကြည်

www.foreverspace.com.mm

ဝင်းကို ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ ဝင်ရောက်တွေ့ဆုံနိုင်ရန် တာဝန်ရှိသူများက စီစဉ်ပေးခဲ့ကြောင်း စက်တင်ဘာလ ၂ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းဌာနများတွင် ထုတ်ပြန်ကြေညာ။

* စာပေထုတ်ဝေရေးလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရေးတွင် မူပိုင်ခွင့်စနစ်၏ အခန်းကဏ္ဍဆိုင်ရာ နှီးနှောဖလှယ်ပွဲကို မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့နှင့် ကမ္ဘာ့ဉာဏပစ္စည်းမူပိုင်ခွင့်အဖွဲ့ချုပ် (WIPO) တို့ပူးပေါင်း၍ ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ Parkroyal ဟိုတယ်တွင် ကျင်းပ။

**၃-၉-၂၀၀၈*** မြန်မာစံတော်ချိန် ၁၂ နာရီ၊ ၅၉ မိနစ်၊ ၃၃ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ အရှေ့မြောက်ဘက် မိုင် ၆၀၀ ခန့်ကွာဝေးသော တရုတ်–မြန်မာနယ်စပ်နေရာဗဟိုပြု၍ ရစ်ချ်တာစကေး ၅.၉ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသောငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှထုတ်ပြန်ကြေညာ။

* ရုပ်ရှင်သရုပ်ဆောင်ဒေါ်မေရှင်၊ အသက် (၉၂ နှစ်) ကွယ်လွန်။

**၅-၉-၂၀၀၈* မြန်မာစံတော်ချိန် ၁၅ နာရီ၊ ၁၆ မိနစ်၊ ၀၀ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်း၏ မြောက်ဘက် ၂၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း နေရာဗဟိုပြု၍ ရစ်ချ်တာစကေး ၃.၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော ငလျင်တစ်ခုလှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာ။**

**၆-၉-၂၀၀၈*** မြန်မာနိုင်ငံကုန်းပိုင်းလုပ်ကွက် A (ဟူးကောင်းဒေသ) နှင့် B-1(ဥရုဒေသ) တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများလုပ်ကိုင်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်များ (Production Sharing Contracts) ကို မြန်မာနိုင်ငံ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Close Joint Stock Oil Company "Nobel Oil" ကုမ္ပဏီတို့မှ တာဝန်ရှိသူများ စက်တင်ဘာလ ၆ ရက်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာနအစည်းအဝေးခန်းမတွင် လက်မှတ်ရေးထိုးချုပ်ဆို။

* လေ့လာရေးခရီးလည်ပတ်ရန်အတွက် အိန္ဒိယသမ္မတနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ကျောင်းအုပ်ကြီး Vice Admiral S.Bhasin, AVSM,VSM နှင့် ဇနီးဦးဆောင်သော လေ့လာရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ။

**၇-၉-၂၀၀၈* မြန်မာစံတော်ချိန် ၁၉ နာရီ၊ ၂၃ မိနစ်၊ ၀၇ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၁၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း နေရာဗဟိုပြု၍ ရစ်ချ်တာစကေး ၃.၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသောငလျင်တစ်ခု လှုပ်ရှားသွားကြောင်း သက်ဆိုင်ရာမှ ထုတ်ပြန်ကြေညာ။**

LIVING COLOR MEDIA
သမ္မတဟိုတယ် (Business Suite)
အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm

# Which & Why ဘယ်ပစ္စည်းဘာ့ကြောင့်

## Coolgo MP3 Speaker

Coolgo အမှတ်တံဆိပ် ခွေးရုပ်ငယ်သဏ္ဌာန် MP3 Speaker ဖြစ်။ MP3, MP4, ကွန်ပျူတာ, Note Book တို့ဖြင့် တွဲဖက်အသုံးပြုနိုင်။ တရုတ် (တိုင်ပေ) ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၉,၅၀၀ ကျပ်ဖြစ်။





## WT ကြိုးမဲ့နားကြားကိရိယာ

WT အမှတ်တံဆိပ် A-22 မော်ဒယ်လ်အမျိုးအစား ကြိုးမဲ့နားကြားကိရိယာဖြစ်။ အကြားအာရုံအားနည်းသူများ၊ နားမကြားသူများ နားတွင်လွယ်ကူစွာ ချိတ်ထား၍ အသုံးပြုနိုင်။ AG-5 ဓာတ်ခဲတစ်လုံးဖြင့် အသုံးပြုရ။ ရောင်းဈေး ၂၅,၀၀၀ ကျပ်ဖြစ်ပြီး တရုတ် (တိုင်ပေ) မှ ထုတ်လုပ်။




## Super Mini Sound Box

Super အမှတ်တံဆိပ်အိတ်ဆောင် Sound Box ဖြစ်။ သေးငယ်ပေါ့ပါးသောကြောင့် လွယ်ကူစွာသယ်ဆောင်နိုင်။ USB ကြိုးပါရှိခြင်းကြောင့် ကွန်ပျူတာ, Headset, MP3, MP4 တို့ဖြင့် တွဲဖက်အသုံးပြု၍ရ။ အသံအနိမ့်၊ အမြင့်ပါရှိ။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၆,၅၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm



## SOLAR Charger

P1100F မော်ဒယ်လ်အမျိုးအစား Solar Charger ဖြစ်။ အလင်းရောင်ရှိရုံဖြင့် MP4, Mobile Phone, PAQ, Digital Camera, MP3 တို့ကို လျှပ်စစ်အားသွင်းနိုင်။ Mobile Phone မျိုးစုံအားသွင်းနိုင်ရန်အတွက် ခေါင်းကြီးမျိုးစုံပါရှိ။ တရုတ်(တိုင်ဝမ်)ထုတ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၇,၅၀၀ ကျပ်ဖြစ်။



## IMPULSE ပလတ်စတစ်အိတ်ပိတ်ကိရိယာ

IMPULSE အမှတ်တံဆိပ် PFS-500 မော်ဒယ်လ်အမျိုးအစား ပလတ်စတစ်အိတ်ပိတ်သည့်ကိရိယာဖြစ်။ အလျား လက်မ ၂၀ အရွယ်ရှိသည့် ထုပ်ပိုးမှုလုပ်ငန်းသုံးရန်အတွက် အထူးသင့်လျော်။ တရုတ်(တိုင်ဝမ်)ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၇၀,၀၀၀ ကျပ်ဖြစ်။



## Miyako Blender

Miyako အမှတ်တံဆိပ် LT-2202 မော်ဒယ်လ်အမျိုးအစား အသားကြိတ်၊ အမှုန့်ကြိတ်ကိရိယာဖြစ်။ ကော်ဖီစေ့များကိုလည်း အမှုန့်ကြိတ်နိုင်။ 350 walt ဖြစ်ပြီး အနေးအမြန်နှစ်ဆင့်ပါရှိ။ တရုတ်(တိုင်ဝမ်) မှ ထုတ်လုပ်ခြင်းဖြစ်ပြီး။ ရောင်းဈေး ၂၈,၀၀၀ ကျပ်ဖြစ်။



## MITSUMARU Air Cooler

MITSUMARU အမှတ်တံဆိပ် SY-06 မော်ဒယ်လ်အမျိုးအစား Air Cooler ဖြစ်။ 70 watt ဖြစ်ပြီး အင်တာတာဖြင့် အသုံးပြုနိုင်။ Romote ပါရှိ။ ရေပါပြီး အောက်ခြေတွင် ဘီးပါသောကြောင့် အလွယ်တကူရွှေ့ပြောင်းနိုင်။ တရုတ်(တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၅၅,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm

## Vegetable Press

A-6 မော်ဒယ်လ်အမျိုးအစား Vegetable Press ဖြစ်။ အရည်ရွှမ်းသောအသီးများကို အရည်နှင့်အနှစ် သီးခြားခွဲထုတ်ပေးနိုင်ပြီး Hand-Press ဖြစ်။ စင်ကာပူလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၁၃,၀၀၀ကျပ်ဖြစ်။





## Eye Water Vibratier

မျက်စိကို အပူပေး၍နှိပ်ပေးနိုင်သည့် Eye Water Vibratier ဖြစ်။ အဆိုပါကိရိယာထဲတွင် ရေထည့်၍ AA ဓာတ်ခဲဖြင့် အသုံးပြုနိုင်။ စင်ကာပူလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၄,၀၀၀ ကျပ်ဖြစ်။

## အိတ်ဆောင်ပန်ကာ

052 မော်ဒယ်လ်အမျိုးအစား အိတ်ဆောင်ပန်ကာဖြစ်။ ပူအိုက်တတ်သောသူများအတွက် သွားလေရာ အလွယ်တကူ သယ်ဆောင်နိုင်။ AA ဓာတ်ခဲနှစ်လုံးထည့်၍ အသုံးပြုရ။ စင်ကာပူလုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၂,၆၀၀ ဖြစ်။






## SONY Portable DVD Player

SONY အမှတ်တံဆိပ် Portable DVD Player ဖြစ်။ MP3, MP4, DVD, CD, VCD များ အသုံးပြု၍ရ။ Player တွင် Screen ပါရှိပြီး TV ဖြင့်လည်း ချိတ်ဆက်အသုံးပြုနိုင်။ AA ဓာတ်ခဲနှစ်လုံးဖြင့် အသုံးပြုနိုင်သလို AC ဖြင့်လည်း တိုက်ရိုက်အသုံးပြုနိုင်။ Speaker ပါရှိ။ တရုတ် (တိုင်ဝမ်) လုပ်ပစ္စည်းဖြစ်ပြီး ရောင်းဈေး ၈၄,၀၀၀ ကျပ်ဖြစ်။

www.foreverspace.com.mm

## SONY MP5 Game Player

SONY အမှတ်တံဆိပ် 9500 မော်ဒယ်လ်အမျိုးအစား Game MP5 Player ဖြစ်။ Video, Music, Photo, Recording, Video Camera, FM စသည်တို့ကို အသုံးပြုနိုင်။ Speaker ပါရှိပြီး Memory 2G ဖြစ်။ Rechargeable ဖြင့် အသုံးပြုနိုင်။ ဂျပန်လုပ်ပစ္စည်းဖြစ်ပြီး ဈေးနှုန်း ၇၀,၀၀၀ ကျပ်ဖြစ်။





## HITACHI မုတ်ဆိတ်ရိတ်စား

HITACHI အမှတ်တံဆိပ် RM-1700 မော်ဒယ်လ်အမျိုးအစား မုတ်ဆိတ်ရိတ်စားဖြစ်။ ရိတ်ပြီးသားမုတ်ဆိတ်များကို ပြန်လည်သန့်ရှင်း၍ရ။ Rechargeable System ဖြစ်။ ဂျပန်လုပ်ပစ္စည်းဖြစ်ပြီး ဈေးနှုန်း ၃၈,၀၀၀ ကျပ်ဖြစ်။



## SMART SENSOR Security Alarm

Smart Sensor အမှတ်တံဆိပ် AR-181 မော်ဒယ်လ်အမျိုးအစား Security alarm ဖြစ်။ တံခါးလက်ကိုင်တွင် ချိတ်ဆွဲထားနိုင်ပြီး လှုပ်ရှားမှုဖြစ်ရုံနှင့် အသံမြည်။ တီးလုံးသံ၊ ခွေးသံနှစ်မျိုးပါရှိ။ အသံမြည်ပါက LED မီးသီးမှ အချက်ပေးမီးလင်း။ AAA ဓာတ်ခဲလေးလုံး အသုံးပြုရ။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်း ဖြစ်ပြီး ဈေးနှုန်း ၁၅,၅၀၀ ကျပ်ဖြစ်။



## JXD MP4 Player

JXD အမှတ်တံဆိပ် JXD-380 မော်ဒယ်လ်အမျိုးအစား MP4 Player ဖြစ်။ Screen ကို လက်ဖြင့်နှိပ်ရသော Touch Screen System ဖြစ်။ MP3, MP4, Game, Recording, Camera, Video စသည်တို့ကို အသုံးပြုနိုင်။ Rechargeable System ဖြစ်ပြီး Memory မှာ 2G ဖြစ်။ တရုတ် (တိုင်ပေ) လုပ်ပစ္စည်း ဖြစ်ပြီး ဈေးနှုန်း ၇၅,၀၀၀ ကျပ်ဖြစ်။

ယခုလ Which & Why ကဏ္ဍတွင်ပါဝင်သော ပစ္စည်းများနှင့်ပတ်သက်သည့်အချက်အလက်များကို ရန်ကုန်မြို့ စိန်ဂေဟာဆူပါစင်တာ၊ ဒေါ်ဘေး အဆင့်မြင့်လျှပ်စစ်ပစ္စည်းနှင့် Ever Fine စတိုးတို့မှ ရယူထားပါသည်။

အယ်ဒီတာ

www.foreverspace.com.mm



# Noti Stationery ပစ္စည်းများ

**ကျောင်းသုံးပစ္စည်းဈေးကွက်အတွင်း ပစ္စည်းအမျိုးအစားစုံလင်စွာ ထုတ်လုပ်လျက်ရှိပြီး ဈေးကွက်ဝေစု အသင့်အတင့်ရရှိထားသော သွင်းကုန်အစားထိုးကုန်ပစ္စည်းများဖြစ်သည်။**




☆ အောင်မေတ္တာကုမ္ပဏီက ၁၉၉၇ ခုနှစ်တွင် စတင်ထုတ်လုပ်။

☆ ကုမ္ပဏီ၏အကြီးအကဲမှာ ဦးသိန်းအောင်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့ဝင်နှစ်ဦး အပါအဝင် ဝန်ထမ်းအင်အား ၂၀၀ ဦးဝန်းကျင်ရှိ။

☆ ထုတ်လုပ်မှုတွင် အသုံးပြုသော စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများကို တရုတ် (တိုင်ပေ) နှင့် ဂျာမနီနိုင်ငံတို့မှ တင်သွင်း။

☆ တရုတ် (တိုင်ပေ) နည်းပညာဖြင့် ထုတ်လုပ်ထားဟုဆို။

☆ ဈေးကွက်အတွင်းသို့ ကုမ္ပဏီက တိုက်ရိုက်ဖြန့်ချိ။

☆ ထုတ်လုပ်လျက်ရှိသော Noti အမှတ်တံဆိပ်စာရေးကိရိယာများမှာ ဘောပင်၊ ခဲတံ၊ ခဲဖျက်၊ Soft Pen၊ Correction Pen၊ ကွန်ပါဘူး၊ ပေတံ အစရှိသည့်ပစ္စည်းများ ဖြစ်။

☆ ကုမ္ပဏီမှ Super Reynolds ဘောပင်၊ Towo အမှတ်တံဆိပ် စာရေးကိရိယာများ၊ Pass Reynolds ဘောပင်၊ Brontosourus အမှတ်တံဆိပ်နှင့် Tempo အမှတ်တံဆိပ် စာရေးကိရိယာများ စသည်တို့ကိုပါ ထုတ်လုပ်လျက်ရှိ။

☆ စီးပွားရေးလုပ်ငန်းများအတွက် Promotion ကြော်ငြာ ဘောပင်များကိုလည်း လက်ခံဆောင်ရွက်ပေးလျက်ရှိဟု ဆို။

☆ ဈေးကွက်လိုအပ်ချက်ပြည့်မီအောင် ထုတ်လုပ်နိုင်ကြောင်း သိရ။

☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် လိပ်စာ**

ဒေါ်စန္ဒာထွေး (အရောင်းမန်နေဂျာ)
အောင်မေတ္တာကုမ္ပဏီလီမိတက်
အမှတ်-(၃-ခ)၊ ဓမ္မဒါနလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၅၄၉၁၄၊ ၅၅၃၉၈၉၊ ၅၄၅၅၃၀၊ ၅၅၄၆၄၆။

www.foreverspace.com.mm

# Creative Traditional Wear

**မြန်မာနိုင်ငံထွက် ချည်ထည်ပိုးထည်ကုန်ကြမ်းများကို အပြည့်အဝအသုံးပြုချုပ်လုပ်ထားသော Creative အမှတ်တံဆိပ် အမျိုးသမီးဝတ် အဝတ်အထည်များဖြစ်သည်။**





- ☆ CREATIVE TRADITIONAL WEAR FOR LADIES AND GENTS က ၂၀၀၇ ခုနှစ် ဇွန်လတွင် စတင်ထုတ်လုပ်ဖြန့်ချိ။
- ☆ လုပ်ငန်းအကြီးအကဲမှာ ဦးမောင်မောင်ဌေး ဖြစ်ပြီး ဝန်ထမ်းအင်အား ခုနစ်ဦးခန့်ရှိ။
- ☆ မြန်မာနိုင်ငံ မန္တလေးတိုင်း အမရပူရမှ ချည်ထည် ပိုးထည်များ၊ အင်းလေးမှ ခွန်တိုင်ချည်ထည်များကို အဓိကအသုံးပြုထား။
- ☆ ပြည်ပကုန်ကြမ်းအနည်းငယ်ကိုရယူ၍ ပြည်တွင်းရှိကုန်ကြမ်းပစ္စည်းများဖြင့် ပေါင်းစပ်ထုတ်လုပ်ဟုဆို။
- ☆ ချုပ်လုပ်ရာတွင်သုံးသောစက်ပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှရယူ၍ ကိုယ်ပိုင်နည်းပညာ၊ ကိုယ်ပိုင်ဒီဇိုင်းများဖြင့် တီထွင်ချုပ်လုပ်ထားကြောင်း သိရ။
- ☆ အမျိုးသမီးဝတ်အင်္ကျီများကို ဆိုက်အမျိုးအစားအစုံအလင်ချုပ်လုပ်ထားသည့်အပြင် ဆေးပန်းချီပတ်စကတ်၊ ဆေးပန်းချီ ဘောင်းဘီ၊ ဆေးပန်းချီလုံချည်များကို ထုတ်လုပ်လျက်ရှိဟုဆို။
- ☆ အမျိုးသားဝတ်နှင့်ပတ်သက်၍ လတ်တလော ရှမ်းဘောင်းဘီစတိုင်တစ်မျိုးတည်းကိုသာ ထုတ်လုပ်ထားပြီး ဆက်လက်၍ အမျိုးသားဝတ် အဝတ်အထည်များ၊ အမျိုးသမီးဝတ်ချည်ထည်ဘောင်းဘီများ တိုးချဲ့ထုတ်လုပ်သွားရန် အစီအစဉ်ရှိကြောင်း သိရ။
- ☆ ချည်ထည်များကို သဘာဝပျော့ဆေး၊ ပေါင်းဆေးများဖြင့် ပေါင်းခံပြီးမှ ချုပ်လုပ်ထားခြင်းဖြစ်သောကြောင့် ဆေးရောင်ကျွတ်ခြင်း၊ ကျုံ့ခြင်းမျိုးမရှိဟု အာမခံထား။
- ☆ ဈေးနှုန်းများမှာ အမျိုးအစားအလိုက် အနိမ့်ဆုံး ကျပ် ၈၀၀၀ မှ ကျပ် ၁၅၀၀၀ ဝန်းကျင်အထိ အသီးသီးရှိ။
- ☆ လပြည့်ဝန်းပလာဇာတွင်ပင် ဆိုင်ခွဲထပ်မံဖွင့်လှစ်သွားရန်စီစဉ်နေကြောင်းသိရ။
- ☆ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့် ကုမ္ပဏီလိပ်စာ**

ဦးရဲမျိုးလတ် (Manager)

CREATIVE TRADITIONAL WEAR FOR LADIES AND GENTS

အမှတ် ၃၇၊ လပြည့်ဝန်းပလာဇာ၊ Level 3၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။

ဈေးဝယ်လမ်းညွှန်

အမှတ် ၁၅၉ ၂၀၀၈ ခုနှစ်၊ အောက်တိုဘာ

www.foreverspace.com.mm



## မင်္ဂလာမောင်နှံတွေ ကျန်းမာရေးစစ်မယ်ဆိုရင်

ဝါကျွတ်ကာလမှာ လက်ထပ်ဖို့ရည်ရွယ်ထားတဲ့ မင်္ဂလာမောင်နှံတွေအတွက် အထူးကျန်းမာရေးစစ်ဆေးမှု အစီအစဉ်ပါ။ CBC သွေးဆဲလ်အမျိုးအစားများစစ်ဆေးခြင်း၊ သွေးအုပ်စုအမျိုးအစားစစ်ဆေးခြင်း၊ သွေးချိုစစ်ဆေးခြင်း၊ ဆီးစစ်ပေးခြင်း၊ အသည်းရောင်ဘီပိုးရှိ/ မရှိစစ်ဆေးပေးခြင်း၊ HIV ပိုးရှိ/ မရှိ စစ်ဆေးပေးခြင်း၊ ကာလသားရောဂါပိုးရှိ/ မရှိ စစ်ဆေးခြင်း စတာတွေကို နိုင်ငံတကာရှိ ဓာတ်ခွဲခန်းများနည်းတူ Fully Automatic စက်ကြီးများနဲ့ ပြည်ပမှာ သင်တန်းတက်ရောက်ထားကြတဲ့ ကျွမ်းကျင်ဓာတ်ခွဲပညာရှင်များကိုယ်တိုင် စစ်ဆေးပေးတယ်လို့ဆိုပါတယ်။ ဓာတ်ခွဲခန်းဆိုင်ရာ စံချိန်စံညွှန်းတွေကို အပြည်ပြည်ဆိုင်ရာ စံညွှန်းအဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ဆောင်ရွက်ထားတာမို့လို့ စိတ်ချလက်ချစစ်ဆေးနိုင်တယ်လို့ သိရပါတယ်။ ပိတ်ရက်မရှိဘဲ နေ့စဉ် နံနက် ၇ နာရီမှ ည ၁၀ နာရီအထိ ဖွင့်လှစ်ထားပါတယ်။



**လိပ်စာ –**

SML အဆင့်မြင့်နည်းပညာသုံးဓာတ်ခွဲခန်း
အမှတ်–၀၀၃–၀၀၄၊ ဒဂုံတာဝါ၊
ကိုယ့်မင်းကိုယ့်ချင်းလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၄၄၆၃၊ ၅၄၄၄၆၄၊ ၅၄၄၄၆၅

www.foreverspace.com.mm



# စင်ကာပူရောက် မြန်မာများအတွက်

စင်ကာပူကို အလည်အပတ်သွားရောက်ဖို့ပဲဖြစ်ဖြစ်၊ အဲဒီမှာ အခြေချပြီး အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းတွေငှားပြီး နေထိုင်အလုပ်လုပ်ကိုင်လိုရင်ပဲဖြစ်ဖြစ် အစစအရာရာအဆင်ပြေစေဖို့ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ငှားရမ်းခသင့်တင့်တဲ့အပြင် MRT ဘူတာနဲ့နီးတဲ့ကွန်ဒိုအခန်း၊ HDB အိမ်ခန်း၊ ရုံးခန်း၊ ဆိုင်ခန်းတွေကို ရနိုင်မှာမို့ စင်ကာပူရောက် မြန်မာတွေအတွက် အထူးလမ်းညွှန်ပေးလိုက်ရခြင်းပါ။ ဒီဆောင်ရွက်ပေးနေတဲ့သူက စင်ကာပူ ERA အကျိုးဆောင်ကုမ္ပဏီရဲ့လိုင်စင်ကို ရရှိထားတယ်လို့လည်းဆိုပါတယ်။ အလွယ်တကူဆက်သွယ်နိုင်အောင် ဆက်သွယ်ရမယ့်ပုဂ္ဂိုလ်၊ ဖုန်းနံပါတ်နဲ့ E-mail လိပ်စာကို ဖော်ပြပေးလိုက်ပါတယ်။

ဆက်သွယ်ရန်–

ဒေါ်မေသူ

ဖုန်း–(၆၅)–၉၈၅၅–၆၆၁၂

E-mail: maythuera@yahoo.com

# Car Audio ပစ္စည်းစုံတဲ့ မန္တလေးက F-1

ကားမောင်းရင်း သီချင်းနားထောင်ရတာကို ကြိုက်နှစ်သက်တဲ့သူတွေအတွက် ရည်ရွယ်ပြီး လမ်းညွှန်လိုက်ရခြင်းပါ။ Car Audio နဲ့ပတ်သက်တဲ့ Amplifier, Speaker, TV, DVD, CD Tape, Woofer, MP3 အစရှိတာတွေ အစုံအလင်ရနိုင်တယ်လို့ ဆိုပါတယ်။ စိတ်ဝင်စားလို့ သွားရောက်လေ့လာလိုသူတွေအတွက် လိပ်စာကို အောက်မှာ ဖော်ပြပေးလိုက်ပါတယ်။

F-1 Car Audio

အမှတ်–၉၉/၁၀၀၊ ၃၅ လမ်း၊

၆၇× ၆၈ လမ်းကြား၊ ရေနီမြောင်းထောင့်၊

မန္တလေးမြို့။



# ရခိုင်မုန့်တီစစ်စစ် သောက်ရအောင်

ရခိုင်မုန့်တီကြိုက်နှစ်သက်ကြသူများအတွက် ရခိုင်လက်ရာမုန့်တီစစ်စစ်ကို သောက်သုံးနိုင်တဲ့အပြင် ရခိုင်ရိုးရာဟင်းလျာအမျိုးမျိုးကိုလည်း စားသုံးနိုင်တဲ့ နာမည်ကျော် မင်းလမ်းရခိုင်မုန့်တီဆိုင်ရဲ့ ဆိုင်ခွဲသစ်ပါ။ သန့်ရှင်းလတ်ဆတ်တဲ့ ရိုးရာလက်ညှစ်မုန့်ဖတ်နဲ့ ပြုလုပ်ထားတဲ့ ရခိုင်မုန့်တီနဲ့ မုန့်တီသုပ်တို့ မှာယူသုံးဆောင်နိုင်ပြီး ပြည်ကြီးငါးကင်၊ ခရု (မရွတ်) သုပ်၊ ငါးနီတူသုပ်၊ ကင်းမွန်ကင်/သုပ်၊ ကင်းပုစွန်ကင်၊ ကဏန်းကင်၊ ဂုံးယောက်မသုပ်၊ ရေဘဝဲသုပ် စတဲ့ ထူးထူးခြားခြားပင်လယ်အစားအစာများနဲ့ အစပ်အရသာကဲတဲ့ ရခိုင်ဟင်းလျာအမျိုးမျိုးတို့ကိုပါ မှာယူသုံးဆောင်နိုင်ကြပါတယ်။ မုန့်တီသောက်သုံးပြီးတဲ့အခါမှာ အစပ်အရသာပြေ မုန့်လက်ဆောင်း၊ ကြံရည်နဲ့ ခေါပျဉ်တို့ကိုလည်း မှာယူသုံးဆောင်နိုင်မှာပါ။ မူလမင်းလမ်းဆိုင်ထက် ဆိုင်နေရာထိုင်ခင်း ပိုမိုသန့်ရှင်းသပ်ရပ်ကျယ်ဝန်းပြီး ယာဉ်ရပ်နားဖို့နေရာပါ အဆင်ပြေတာကို တွေ့ရပါတယ်။



**လိပ်စာ– မင်းလမ်း**

ရခိုင်ရိုးရာလက်ညှစ်မုန့်တီနှင့်

ပင်လယ်အစားအစာများ

ဆိုင်ခွဲအမှတ်–၁၆၊

ပါရမီလမ်း၊ အနောက်မေခလမ်းထိပ်၊ တက္ကသိုလ်များ လှိုင်နယ်မြေ၊ မရမ်းကုန်းမြို့နယ်၊

ရန်ကုန်။

ဖုန်း–၀၉–၅၀၂၅၁၁၀

www.foreverspace.com.mm

# မသန်စွမ်းသူတွေရဲ့ ‘ရှေ့သို့’

ကုသိုလ်လည်းရ၊ ရုပ်လည်းလှချင်ပါတယ်ဆိုတဲ့သူများအတွက် မသန်စွမ်းသူတို့ ပေါင်းစုဖွင့်လှစ်ထားတဲ့ အမျိုးသား၊ အမျိုးသမီးဆံသနဲ့ အလှပြုပြင်ရေးဆိုင်ကို လမ်းညွှန်လိုက်ပါတယ်။

ဒီဆိုင်ကို သွားရောက်ခြင်းက တစ်ဖက်မှာ ခန္ဓာကိုယ်ကို အလှပြင်နိုင်မှာဖြစ်သလို အခြားတစ်ဖက်မှာလည်း မသန်စွမ်းသူတွေရဲ့ အလုပ်အကိုင်အခွင့်အလမ်းများရရှိလာစေရန် အားပေးရာရောက်မှာပါ။ ဒီအလှပြင်ဆိုင်ရဲ့အမည်ကိုတော့ ‘ရှေ့သို့’ လို့ အမည်ပေးထားပါတယ်။ ဝန်ဆောင်မှုပေးနိုင်တာကတော့ ဆံပင်ကို ညှပ်၊ လျှော်၊ ဆေးဆိုး၊ ပေါင်းတင်၊ ကောက်၊ ဖြောင့်၊ ရွှေသွင်း၊ ပုလဲသွင်း၊ ဖယောင်းသွင်း စသည်တို့ ဖြစ်ပါတယ်။ မျက်နှာအတွက်ဆိုရင်တော့ မျက်နှာသစ်၊ ချေးချွတ်၊ ပေါင်းတင်၊ ရွှေသွင်း၊ ပုလဲသွင်း၊ မျက်ခုံးရိတ်၊ နားဖောက်၊ မိတ်ကပ်၊ ဆံထုံးနှင့် အလှပြုပြင်ခြင်းတို့ကို အစုံလုပ်ပေးနိုင်ပါတယ်။ အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးအသင်း (ဂျပန်) မှ သင်တန်းဆင်းကျွမ်းကျင် မသန်စွမ်းလူငယ်များက ဂျပန်နည်း ပညာသုံး၍ ဈေးနှုန်းချိုသာစွာဖြင့် စိတ်တိုင်းကျဝန်ဆောင်မှု ပေးမှာ ဖြစ်ပါတယ်။

ဆိုင်လိပ်စာကတော့ အမှတ်–၉၄၊ ရဲရင့်အောင်ကားမှတ်တိုင်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

# နေရာပြောင်း၊ လိပ်စာသစ်

- **Myanmar World Distribution Co., Ltd.**
  အမှတ်–၃/ဓ၊ ၃၄ လမ်း၊ ၇၃ လမ်းနှင့် ၇၄ လမ်းကြား၊ မန္တလေး။
- **Miracle Travels & Tours Co., Ltd.**
  အမှတ်–၁၃၊ အခန်း–၄၊ ကျောင်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၁၉၇၁၊ ၅၁၆၉၅၅၊ ၅၁၆၉၇၇၊ ဖက်စ်–၅၁၆၉၇၇။
  E-mail:miracle-tour@myanmar.com.mm

# ဇာတ်လမ်းရှိသူတွေအတွက် အခွင့်ကောင်း

စိတ်ကူးထဲမှာ ဇာတ်လမ်းဆင်တတ်သူပဲဖြစ်ဖြစ်၊ စာရေးဆရာဖြစ်ဖို့ကြိုးစားနေသူပဲဖြစ်ဖြစ် ဇာတ်လမ်းတိုလေးတွေရေးထား၊ သိမ်းထားတတ်သူတွေအတွက် အခွင့်အလမ်းတစ်ခုပါ။ အဲဒါကတော့ ဗီဒီယိုဇာတ်လမ်းစုဆောင်းသူ ကြည်စိုး I.C နဲ့ ဆက်သွယ်ဖို့ပါပဲ။ ဇာတ်ရဲ့စာမြည်းတစ်မျက်နှာခန့် ၎င်းကိုပေးထားမယ်ဆိုရင် ဒီဇာတ်ကို အကြိုက်တွေ့တဲ့ ဗီဒီယိုရုပ်ရှင်ကုမ္ပဏီတွေ၊ ဒါရိုက်တာတွေက ဇာတ်လမ်းရေးသူထံကို ဆက်သွယ်လာမှာဖြစ်တယ်လို့ ဆိုထားပါတယ်။ ခြွင်းချက်တွေ၊ ကတိတွေ၊ မရှင်းလင်းတာတွေကိုတော့ ကြိုတင်မေးမြန်းထားဖို့လိုပါလိမ့်မယ်။

ဆက်သွယ်ရန်–
ဖုန်း–၀၉–၈၀၂၂၆၄၆၊ ၂၅၃၅၁၂ (နံနက် ၉ နာရီမှ ညနေ ၅ နာရီ)



www.foreverspace.com.mm



# မြန်မာ Font ဝယ်မလား

ကွန်ပျူတာမြန်မာစာလုံးပုံစံများကို ရောင်းချပေးတဲ့နေရာတစ်ခုကို လမ်းညွှန်လိုက်ပါတယ်။ အသံထွက်ကို အဓိကထားပြီး လက်ကွက်ကိုအခြေခံတဲ့ PC အတွက် ရေးထားတဲ့ Font များနဲ့ Win Font သုံးသူများအတွက် အလွယ်တကူအသုံးပြုနိုင်ရန် ရေးထားတဲ့ Font များဖြစ်ပါတယ်။ Font ဝယ်ရင် တိရစ္ဆာန်ပုံစာလုံး ပုံစံများကိုလည်း လက်ဆောင်အဖြစ်ပေးမယ်လို့ ဆိုပါတယ်။ CD တစ်ချပ်ကို စာလုံးပုံစံ ၄၀ ပါဝင်ပြီး ၃၅၀၀ ကျပ်နှုန်းဖြင့် ရန်ကုန်နဲ့ မန္တလေးမြို့တို့ရှိ ကွန်ပျူတာနဲ့ ဆက်စပ်ပစ္စည်းအရောင်းဆိုင်တွေမှာ ရရှိနိုင်ကြောင်း သိရပါတယ်။ စာလုံးရိုက်ရမယ့် လက်ကွက် ပုံစံသီးသန့်ကို CD အတွင်း တစ်ပါတည်း ထည့်ပေးထားတယ်လို့ ဆိုပါတယ်။

တိုက်ရိုက်မှာယူချင်ရင်–

၄၂ × ၄၆ လမ်းကြား၊ ၈၅ လမ်း၊ မန္တလေးမြို့။
ဖုန်း–၀၂–၆၀၂၄၀

# ဖုန်းနံပါတ်ပြောင်း

- ❑ **နှင်းကြာဖြူ မော်တော်ယာဉ်ထုတ်လုပ်ရေး**

ဖုန်း– ၅၅၆၄၉၄ (အစား) ၄၀၀၄၂၅၊
၅၅၇၇၉၈ (အစား) ၄၀၀၄၃၆

# သားရေစစ်စစ်ပစ္စည်းအမျိုးမျိုး အခမဲ့ ဆေးအရောင်တင်ချင်ရင်

သားရေစစ်စစ်နဲ့ ချုပ်လုပ်ထားတဲ့ မည်သည့်ပစ္စည်း၊ ဂျာကင်ကိုမဆို ဆေးအရောင်တင်ပေးခြင်း ရက်အကန့်အသတ်မရှိ ရန်ကုန်နှင့် မန္တလေးမြို့က ဆန်းရှိုင်းဆိုင်ခွဲတိုင်းမှာ အခမဲ့ဆောင်ရွက်ပေးမယ်လို့ဆိုတဲ့အတွက် လမ်းညွှန်ပေးလိုက်ပါတယ်။

ဆေးအရောင်တင်နိုင်မယ့်နေရာတွေကတော့ –

- ❑ အမှတ်–၄၃၃၊ ကုန်သည်လမ်း၊ ၄၃ လမ်းထိပ်၊ ရန်ကုန်မြို့။
- ❑ အမှတ်(၁၄/ A)၊ ၈၃ လမ်း၊ ၁၈ လမ်းနှင့် ၁၉ လမ်းကြား၊ မန္တလေးမြို့။
- ❑ အမှတ်–၁၆၈၊ ၈၃ လမ်း၊ ၂၄ လမ်းနှင့် ၂၅ လမ်းကြား၊ မန္တလေးမြို့။
- ❑ ၈၄ လမ်း၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ မန္တလေးမြို့။
- ❑ မြို့မရုပ်ရှင်ရုံရှေ့၊ ပြင်ဦးလွင်မြို့။
- ❑ လမ်း ၈၀ × ၉ လမ်းထောင့်၊ မန္တလေးမြို့။
- ❑ အမှတ်–၁၃၉၊ မြေညီထပ်၊ မြောက်ဘက်တိုက်တန်းကြီး၊ ဈေးချို၊ မန္တလေးမြို့။
- ❑ ၈၁ လမ်း × ၁၉ လမ်းထောင့်၊ မန္တလေးမြို့။
- ❑ အမှတ်–၅၉၊ ၂၆ လမ်း × ၈၈ လမ်းထောင့်၊ မန္တလေးမြို့။



www.foreverspace.com.mm

# သီချင်းကြိုက်တဲ့ User တွေ အပန်းဖြေဖို့

ကွန်ပျူတာရှေ့မှာ အမြဲတကုပ်ကုပ်နဲ့ အလုပ်ရှုပ်နေတဲ့သူတွေ အပန်းဖြေနိုင်ဖို့ Windows Media Player မှာ သီချင်းစာသားတွေဖြည့်ဆည်းနိုင်တဲ့ နည်းလမ်းလေးလမ်းညွှန်ပေးလိုက်ပါတယ်။

သီချင်းအသစ်လေးတစ်ပုဒ်ရလာတဲ့အခါ ကိုယ့်ရဲ့ကွန်ပျူတာမှာ ဖွင့်ပြီးနားထောင်ရင်းနဲ့ သီချင်းစာသားလေးပါ တစ်ခါတည်းတွဲကြည့်လို့ရအောင်ပါ။

Windows Media Player မှာ သီချင်းစာသားတွေထည့်ဖို့ စာသားတွေ အင်တာနက်ကနေ အခမဲ့ပေးတဲ့ Free Lyrics Website တွေ အများကြီးရှိနေတဲ့အထဲက ကိုယ်လိုချင်တဲ့သီချင်းစာသားကိုတော့ အရင် Download လုပ်ထားပြီး Note Pad မှာဖြစ်ဖြစ်၊ Winword မှာဖြစ်ဖြစ် အရင် Copy & Paste လုပ်ထားဖို့တော့ လိုပါလိမ့်မယ်။

သီချင်းစာသားတွေထည့်ရမယ့်နည်းကတော့ ဒီလိုပါ။

၁။ သီချင်းစာသား အသင့်ထည့်ထားပြီးသား Text File ကိုဖွင့်ပြီး စာသားကို Copy လုပ်လိုက်ပါ။

၂။ Windows Media Player ကိုဖွင့်ပါ။

၃။ အဲဒီ Player တက်လာရင် Title Bar (Windows Media Player) နဲ့ Menu Bar (File, View, Play, Tools, Help) တွေရဲ့အောက် ကပ်လျက်မှာပေါ်နေတဲ့ Tab တွေထဲက 'Library' ဆိုတဲ့ Tab ကိုနှိပ်ပါ။

၄။ သီချင်း List တွေပေါ်လာပြီဆိုရင် ကိုယ့်စာသားထည့်ချင်တဲ့သီချင်းပေါ်မှာ Right Click နှိပ်ပါ။

၅။ အဲဒီအခါ ပေါ်လာတဲ့ Menu တွေထဲကမှ 'Advanced Tag Editor' ကိုရွေးပါ။

၆။ Advanced Tag Editor Box ပေါ်လာရင် အဲဒီက Tab တွေထဲကမှ Lyrics ဆိုတဲ့ Tab ကို ရွေးနှိပ်လိုက်ပါ။

၇။ ပြီးရင် 'Add' Button ကိုနှိပ်ပါ။

၈။ ဒါဆိုရင် ခုနကအလွတ်ကြီးပေါ်နေတဲ့နေရာမှာ Language နဲ့ Text ဆိုတဲ့ Box နှစ်ခု ပေါ်လာပါတယ်။

၉။ အဲဒီအခါ Language ကို ကိုယ်ကြိုက်တာရွေးပါ။

၁၀။ ပြီးရင် အဲဒီအောက်ကပ်လျက်က Text ဆိုတဲ့ Box ထဲမှာ Cursor ကို Click တစ်ချက်နှိပ်ပြီး ချပါ။ ပြီးရင် Right Click နှိပ်ပါ။

၁၁။ ပြီးရင် ပေါ်လာတဲ့ Menu ထဲက Paste ကို ရွေးလိုက်လို့ရပါပြီ (ဒါက အဆင့်–၁ ကတည်းက Copy လုပ်ထားပြီးဖြစ်လို့ပါ။)

၁၂။ ဒီအချိန်ရောက်ရင်တော့ Text Box ထဲကို စာသားတွေအားလုံးရောက်လာတာကို မြင်ရပြီဖြစ်ပါတယ်။

၁၃။ ဒီအဆင့်တွေအားလုံး ပြီးပြီဆိုရင်တော့ Apply Button ကို နှိပ်ပြီးရင် OK လုပ်လိုက်လို့ရပါပြီ။

၁၄။ ဒါတွေအားလုံးပြီးတဲ့အခါ ကိုယ့်ရဲ့စာသားတွေ ရောက်



www.foreverspace.com.mm



ဘာ မလာကြည့်ခိုင်းဖို့ ကိုယ့်သီချင်းကို တစ်ခါလောက် Play ကြည့်လိုက်ပါဦး။

၁၅။ အခုလိုအားလုံးပြီးတဲ့အခါ ပုံမှန်အတိုင်းကို စာသားတွေ ပေါ်လာပါပြီ။ ဒီလိုအဆင့်မှာမှ စာသားတွေ မမြင်ရသေးဘူးလို့ဆိုသူတွေကတော့ အောက်ကအဆင့်တွေ ဆက်လုပ်ကြည့်ပါ။

၁၆။ Windows Media Player ရဲ့ ဟိုးထိပ်ဆုံးက Play Menu ကို ရွေးပါ။

၁၇။ အဲဒီထဲက Captions and Substitles ပေါ်ကို Pointer တင်လိုက်ပါ။

၁၈။ အဲဒီမှာ Off ဖြစ်နေရင် On if Available ကို ရွေးလိုက်ပါ။

၁၉။ ဒါဆိုရင်တော့ စာသားတွေကို အသေအချာ မြင်ရပြီ ဖြစ်ပါတယ်။

သီချင်းစာသားတွေ အဲဒီလိုထည့်ထားပြီးတဲ့အခါ Windows Medai Player မှာ ဖွင့်ရင်ပဲဖြစ်ဖြစ်၊ တခြား Jet Audio တို့လို Software တွေနဲ့ ဖွင့်တာပဲဖြစ်ဖြစ် စာသားတွေ ပေါ်နေဦးမှာပါ။

ဒါ့အပြင် အဲဒီလိုစာသားတွဲထည့်ထားပြီးသား သီချင်းကို Copy ကူးပြီး သူငယ်ချင်းကို ပေးလိုက်ရင်ဖြစ်ဖြစ်၊ ကိုယ့်ဘာသာ တခြားစက်ကို Copy ကူးသွားပြီးဖွင့်ရင်ပဲဖြစ်ဖြစ် စာသားတွေ ကျန်မနေခဲ့ဘဲ ဖွင့်တဲ့စက်တိုင်းမှာ ပေါ်နေမှာဖြစ်လို့ သီချင်းကြိုက်တဲ့ ကွန်ပျူတာသမားတွေ နှစ်သက်မှာပါ။

# စားသောက်ဆိုင်သစ်

- **စံပြထမင်းဆိုင်**
  အမှတ်–၂၉၇၊ အနော်ရထာလမ်း၊ ဝင်းသူဇာဆိုင်ရှေ့၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၃၆၅၉
- **Thai AWADEE**
  အမှတ်–၆၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၂၄၃၂၁
- **မင်းလမ်းရခိုင်ရိုးရာ လက်ညှစ်မုန့်တီနှင့် ပင်လယ်အစားအစာ (ဆိုင်ခွဲ)**
  အမှတ်–၁၆၊ ပါရမီလမ်း၊ အနောက်မေခလမ်းထိပ်၊ တက္ကသိုလ်များလှိုင်နယ်မြေအနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၀၂၅၁၁၀
- **ပုသိမ်မေမုန့်ဟင်းခါး**
  အမှတ်–၁၇၊ အင်းစိန်လမ်း၊ သမိုင်းလမ်းဆုံမှတ်တိုင်အနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
- **ဒေါ်ပု ဟသ်ာတမုန့်ဟင်းခါး**
  အမှတ်–၈၃၊ အင်းစိန်လမ်း၊ သုခမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်။
- **ကိုးကန့်စားသောက်ဆိုင် စည်ဘီယာနှင့် အကင်အမျိုးမျိုး**
  အမှတ်–၆၄၊ အင်းစိန်လမ်း၊ ဘူတာရုံလမ်းမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်။
- **ရွှေစည်တော် Food Villa**
  စမ်းချောင်းလမ်း၊ တင်တင်အေးမုန့်ဟင်းခါး ဆိုင်နံဘေး၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။



www.foreverspace.com.mm

# လုပ်ငန်းသစ် ၊ ဆိုင်သစ်

- **ဟွားမိန် Beauty Centre**
၃၅ လမ်းနှင့် ၇၃× ၇၄ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေး။
- **SMART GUY FASHION**
အမှတ်–B-7၊ ပထမထပ်၊ မန်းမြန်မာပလာဇာ၊ မန္တလေး။
- **Camera Baby World (ရွှေဂုံတိုင်ဆိုင်ခွဲ)**
အမှတ်–၁၅၂၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
- **မှုခင်းရှုထောင့်ဂျာနယ်ရုံးခွဲသစ်**
အမှတ်–၃၈၄၊ မြောင်းခြားရပ်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်း။
- **Excellence Choice & Star Choice Studio Wedding Studio**
အမှတ်–၂၁၈၊ ကျိုက္ကဆံလမ်းမ၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၅၇၈၉၁၊ ၀၉–၅၁၃၇၇၆၁
- **KOSE'(Japan) Cosmetic အရောင်းကောင်တာသစ်**
မင်းနန္ဒာလမ်း၊ Capital Hypermart၊ ဒေါပုံမြို့နယ်၊ ရန်ကုန်။
- **ARTS Sanitary Wares & Nobility Doors**
အမှတ်–Va–၂၃၊ ၂၄၊ ၂၅၊ ပဒုမ္မာကွင်းတောင်ဘက်တန်း၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **Jasmine Phyu**
**Gem & Jewellery Shop**
အမှတ်–၅၆၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၁၇၆၂
- **UNIVERSE ENTERTAINMENT GROUP**
၈၃ လမ်း၊ ၂၇ × ၂၈ လမ်းကြား၊ Universe ဟိုတယ်၊ မန္တလေး။
- **Kettler အားကစားပစ္စည်းအရောင်းခန်းမ**
မြေညီထပ်၊ Grand Meeyahta Executive Residence၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
- **Decle'or အလှကုန်အရောင်းကောင်တာသစ်**
ဦးဝိစာရလမ်းနှင့် ချင်းတွင်းလမ်းထောင့်၊ Blazon Department Store၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **ဈေးချိုအိုင်တီဇုန်**
စတုတ္ထထပ်၊ ပဥ္စမထပ်၊ အဆင့်မြင့်ဈေးချိုပလာဇာ၊ ၈၅ လမ်းနှင့် ၂၆ လမ်းထောင့်၊ မန္တလေး။
- **ခါကာဘိုဆိုက်ဘာကဖေး**
အမှတ်–၁၂၄၊ မြေညီထပ်၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
- **Connect Computer Sales & Services**
အမှတ်–၁၆၆၊ မြေညီထပ်၊ ၃၄ လမ်း (အထက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၆၅၄၅၊ ၀၉–၅၁၀၆၈၀၉
- **Season's Beauty Studio**
အမှတ်–၁၁၈/၁၂၂၊ ဗိုလ်အောင်ကျော်လမ်း၊ Millennium Cafe၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
- **DAP ပညာဒါနအခမဲ့သင်တန်း**
– ဆရာတော် ဦးသောဘိတ (သင်တန်းမှူးချုပ်)၊ စွယ်တော်ကျောင်းတိုက်၊ ပုဂံလမ်းမ၊ ၅၄ ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၉၀၂၉၄
– ဦးအေးကျော်၊ Myanmar Human Resources (MHR)၊ အခန်း–၉၀၄၊ ၉–ထပ်၊ သံဈေးကွန်ဒိုမီနီယမ်၊ လမ်းမတော်လမ်း၊ လသာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၀၇၈၂၂၊ ၃၉၅၈၀၂၊ ၂၁၆၁၆၈
– ဦးအောင်ဆန်းလင်း (ခ) D အောင်ပိုင် (သင်တန်းမှူး)၊ ဖုန်း–၀၉–၅၁၈၂၅၁၃
- **Spring Board 4 Myanmar**
Ocean Gate Education Services၊
အမှတ်–၃၅၅၊ အခန်း (၂၀၆)၊ ပထမထပ်၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၈၀၁၃၀
- **S.M.L Advanced Medical Laboratory**
အခန်း–၀၀၃/၀၀၄၊ ဒဂုံတာဝါ (မြေညီထပ်)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၄၄၆၃၊ ၅၄၄၄၆၄၊ ၅၄၄၄၆၅၊ ဖက်စ်–၅၅၂၈၃၄၊
E-mail: sml-lab@yangon.net.mm
- **A2S IT Solution**
Computer Sales & Services and IT Solution
အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
- **ZilDa**
International Learning Development Academy
F–၁၉၊ ပထမထပ်၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၅၇၄၄၈ (လိုင်းခွဲ–၈၄၈)၊ ၇၀၆၆၄၅၊ ၀၉–၅၀၃၃၅၃၆၊
- **ရွှေမြင်းရာဇာ အထူးကုဆေးခန်း**
အမှတ်–၄၁၃၊ ၃၅ × ၃၇ လမ်းကြား၊ ၆၂ လမ်း၊ မန္တလေး။
- **3 Mobile Sales & Services**
အမှတ်–၇၀၊ ရွှေဂုံတိုင်လမ်း၊ ရွှေဂုံတိုင်လမ်းဆုံအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

www.foreverspace.com.mm

- **Sky Choice**
  Digital Video & Photo Studio
  အင်းစိန်လမ်း၊ ဘူတာရုံလမ်းမှတ်တိုင်အနီး၊ လှိုင်မြို့နယ်၊ ရန်ကုန်။
- **Flora ပန်းအလှဆိုင်**
  အမှတ်–၁၀၂/က၊ မြေညီထပ်၊ ဘိုကလေးဈေးလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၆၇၂၂
- **STEP ဖက်ရှင်ဆိုင်ခွဲ**
  အမှတ်–၁၆၆ (A)၊ စမ်းချောင်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
- **ရွှေလဝင်း ခေတ်မီကြိတ်သားပရိဘောဂပစ္စည်းထုတ်လုပ်ရောင်းဝယ်ရေး**
  နှင်းဆီလမ်း၊ ပေါင်းလောင်း (၂) ရပ်ကွက်၊ ပျဉ်းမနားမြို့။
- **Korea Language Centre**
  အမှတ်–၂၅၊ တတိယထပ်၊ မဟာဗောဓိလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
  ဖုန်း–၂၄၅၇၄၃၊ ၆၆၂၅၄၇၊ ၀၉–၅၀၉၁၉၆၄၊
  ၀၉–၅၁၈၁၂၈၃၊ ၀၉–၅၁၈၆၄၂၇၊ ၀၉–၅၁၈၈၄၀၉
- **Global စာအုပ်တိုက်**
  အမှတ်–၅၁၊ လမ်းသစ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်။

# မန္တလေးလက်ရာ ပန်းသေးမြီးရှည်

အစားအသောက်တွေကို အရသာရှိရှိစားသုံးလိုသူတွေနဲ့ မန္တလေးလက်ရာတွေကိုကြိုက်နှစ်သက်သူတွေ အဆင်ပြေစေမယ့် ဆိုင်တစ်ဆိုင်ဖြစ်ပါတယ်။ ဆိုင်ခွဲ သုံးဆိုင်ဖွင့်လှစ်ထားပြီး မန္တလေးမုန့်တီစစ်စစ်စားလိုသူတွေ တကူးတကသွားရောက်ကြတဲ့ဆိုင်တွေဖြစ်တယ်လို့ ဒီဆိုင်တွေမှာစားနေကျ ပုဂ္ဂိုလ်တစ်ဦးကဆိုပါတယ်။ ပန်းသေးမြီးရှည်ကတော့ အခုမှအသစ်ရောင်းချတဲ့ အမယ်သစ်ဖြစ်ပြီး စနေ၊ တနင်္ဂနွေနေ့တွေအတွက် အထူးအစီအစဉ်ပါ။

လိပ်စာ–

– **ရွှေဇင်ယော်**
  စကားဝါလမ်း၊ ရုရှားသံရုံးအနီး၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
– **စိန်ပန်းခိုင်**
  မြို့မကျောင်းလမ်း၊ အမှတ် (၂) တပ်မတော်ဆေးရုံဘေး၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
– သံသုမာလမ်းမကြီး၊ စုပေါင်းမှတ်တိုင်အနီး၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။

# ဗန်းမော်က ရေပေါ်စားသောက်ဆိုင်

ဗန်းမော်မြို့ကို အကြောင်းကိစ္စအမျိုးမျိုးနဲ့ သွားရောက်ကြမယ့်သူတွေအတွက် စိတ်ကူးယဉ်ဆန်ဆန်လေး ဖန်တီးထားတဲ့ ဆိုင်ကလေးတစ်ဆိုင်ကို ညွှန်ပြလိုပါတယ်။ ဂေါ်ရာကန်အနီးမှာရှိပြီး ရေပေါ်မှာဆောက်ထားတဲ့ ဘန်ဂလိုပုံစံ တဲငယ်လေးတွေပေါ်မှာ စားသောက်နိုင်မှာပါ။ ပေါက်စီ၊ အသားပေါင်း၊ သစ်သီးဖျော်ရည်စတာတွေရနိုင်ပြီး အထူးအစားအစာအနေနဲ့ ထိုင်ဝမ် (မြေအိုး) မြီးရှည်ကိုပါ ရနိုင်တယ်လို့ ဆိုပါတယ်။ သွားရောက်မြည်းစမ်းလိုသူတွေအတွက် လိပ်စာကို ဖော်ပြပေးလိုက်ပါတယ်။

လိပ်စာက– **နမ့်ခေးမော (ဝ်) စားသောက်ဆိုင်**
မက–၁၇၂၊ မင်းကုန်းရပ်၊ ဂေါ်ရာကန်အနီး၊ ဗန်းမော်မြို့။
ဖုန်း–၀၇၄–၅၀၆၃၄

# ဘိုကလေးက မြတ်ချမ်းသာ

ဘိုကလေးမြို့မှာရှိတဲ့ တစ်ခုတည်းသော အကျိုးဆောင်လုပ်ငန်းပါ။ လေဘေးဒဏ်ခံရပြီးတဲ့နောက် ပြန်လည်ထူထောင်ရေး၊ ကယ်ဆယ်ရေးလုပ်ကိုင်မယ့်သူတွေ အဆင်ပြေအောင် ဆောင်ရွက်တာလို့ ဆိုပါတယ်။ နေအိမ်၊ လုံးချင်းတိုက်၊ စက်လှေမျိုးစုံ ရောင်း၊ ဝယ်၊ ငှား အားလုံး ဆောင်ရွက်ပေးနိုင်သလို ငွေလွှဲငွေယူကိုလည်း ဆောင်ရွက်ပေးနိုင်တယ်လို့ သိရပါတယ်။ ရန်ကုန်ကလာချင်သူတွေ တည်းခိုခန်းအခက်အခဲဖြစ်ပါက တည်းခိုခန်း အဆင်ပြေအောင် ဖုန်းနဲ့ကြိုမှာထားရင် စီစဉ်ပေးမယ်လို့ ဆိုပါတယ်။

လိပ်စာ–**ကိုကျော်ဝင်းစိန်**
ထော်လီကွေ့ဆိပ်ကမ်းအနီး (၃) ရပ်ကွက်၊ ဘိုကလေးမြို့။
ဖုန်း–၀၄၅–၄၅၄၇၀၊ ၀၄၅–၄၅၄၈၆၊ ၀၉–၈၅၉၅၃၄၆

# ဗုဒ္ဓတရားတော်တွေကို MP3 ၊ MP4 မှာ အခမဲ့ထည့်သွင်းလိုပါသလား

မြန်မာနိုင်ငံမှာ ကျော်ကြားတဲ့ဆရာ တော်ကြီးတွေဟောကြားတော်မူခဲ့တဲ့ ဗုဒ္ဓဒေသနာတော်များနဲ့ပတ်သက်တဲ့တရားတွေကို MP3, MP4 Player များမှာ မည်သူ့ကိုမဆို အခမဲ့ထည့်သွင်းပေးမယ်လို့ ဆိုပါတယ်။

လူငယ်လူရွယ်များ တရားတော်များကို အလွယ်တကူနာကြားနိုင်ရန် ရည်ရွယ်တယ်လို့ ဆိုပါတယ်။ ဆိုင်မှာမရှိတဲ့ တရားတော် CD ခွေတွေနာယူလိုပါကလည်း ဆိုင်ကပဲ ဝယ်ယူထည့်သွင်းပေးမယ်လို့ ဆိုပါတယ်။

လိပ်စာ– **Dual Digital Store**
၇၈ လမ်း၊ ၃၆ နှင့် ၃၇ လမ်းကြား၊ မန္တလေးမြို့။

www.foreverspace.com.mm

# ခြေသည်း လက်သည်း အလှဆင်

ဒီကနေ့ခေတ်ကာလဟာ အရာရာအပြေးအလွှားအပြိုင်အဆိုင်အလုပ်လုပ်ကြရင်း သင်ယူခြင်းကိုလည်း အမြဲတစေ မျက်ခြည်ပြတ်မခံဘဲ လုပ်ဆောင်နေကြရင်းက ကိုယ့်ကိုယ်ကိုယ်လည်း သပ်ရပ်သန့်ရှင်းလှပအောင် ပြုပြင်နေကြရတဲ့ခေတ်ဆို မှားမယ်မထင်ပါဘူး။ အပေါ်ယံလှပသန့်ရှင်းမှုထက် အရည်အချင်း၊ စိတ်ဓာတ်တွေ ကောင်းမွန်လှပနေဖို့ကသာ လိုရင်းဆိုတာသိထားကြပေမယ့်လည်း ကိုယ့်ရဲ့အပြင်အဆင်သပ်ရပ်မှုနဲ့ ပေါင်းစပ်လိုက်ရင်တော့ အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားလို့ ကောင်းချီးပေးကြမှာ အသေအချာပါ။

ဒီတစ်လ Living Color အနေနဲ့ လမ်းညွှန်ပေးလိုတာကတော့ ခြေသည်း၊ လက်သည်းတွေ သပ်ရပ်သန့်ရှင်းလှပစေအောင် ပြုလုပ်ပေးတဲ့နေရာတချို့ပါ။ နာမည်ကျော်အလှပြုပြင်တဲ့ ဆိုင်တိုင်းလိုလိုမှာ ခြေသည်းလက်သည်းအလှဆင်တာမျိုးကို ပြုလုပ်နိုင်ပေမယ့် ခြေသည်းလက်သည်းအလှပြင် ဦးစားပေးဆိုင်တွေမှာတော့ ပန်းချီဆွဲ၊ ကျောက်စီ၊ 3D၊ ခြေသည်းတု၊ လက်သည်းတုတပ်ဆင်ခြင်း၊ ခြေ၊ လက်ပေါင်းတင်၊ ခြေမွေးလက်မွေး ရွှေရောင်သွင်း စတာတွေကိုပါ အတော်များများပြုလုပ်နိုင်တာ တွေ့ရပါတယ်။ ဒီလိုဆိုင်တွေ များစွာရှိတဲ့ထဲကမှ ဒီခြေသည်း၊ လက်သည်းကို အဓိကထားကြော်ငြာတဲ့ဆိုင်၊ ခြေသည်းလက်သည်း အလှဆင်နဲ့ပတ်သက်ပြီး နာမည်ရတဲ့ဆိုင် စတာတွေကို လက်လှမ်းမီသရွေ့ စုစည်းပေးလိုက်တာပါ။ တချို့အမျိုးသမီးတွေဆို သုံး၊ လေးရက်တစ်ခါလောက်တောင် ခြေသည်းလက်သည်းအရောင်တွေ၊ ဒီဇိုင်းတွေ ပြောင်းလေ့ရှိတယ်လို့ ဆိုပါတယ်။

ဘယ်လိုပဲဖြစ်ပါစေ ကိုယ့်ရဲ့ခြေထောက်လေးတွေ၊ လက်လေးတွေ သပ်ရပ်သန့်ရှင်းလှပနေတာကိုကြည့်ရင်း ယုံကြည်မှု တိုးတက်စေမှာကတော့ အသေအချာပါ။

❑ **AMY KO KO**

– အမှတ်–၁၉(A)၊ ကမ္ဘောဇလမ်း၊ ရွှေတောင်ကြား (၂) ရပ်ကွက်၊ မူကြိုကျောင်းရှေ့၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၃၁၄၅၊ ၀၉–၈၀၂၀၂၀၆

– အမှတ်–B-12၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ ဟာမစ်တစ်မီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၇၄၈၆ (လိုင်းခွဲ–၈၇၅)

❑ **Nail Art Beauty Line**

တိုက်–၁၊ ၂၊ ၃ ပထမထပ်၊ စံရိပ်ငြိမ်နှင့် ဆင်ရေတွင်းမှတ်တိုင်ကြား၊ အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၁၃၆၁၂

❑ **MI DORI Beauty Centre**

အမှတ်–၃၂/၃၊ အလံပြဘုရားလမ်း၊ Parkroyal Hotel ရှေ့၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၂၃၁၄၊ ၃၈၉၂၁၈၊ ၀၉–၉၈၄၁၆၀၄

❑ **Aroma Hair & Beauty Spa**

Aroma Wellness Shopping Centre Level-4၊ အမှတ်–S-25၊ ဦးချစ်မောင်အိမ်ရာ၊ ဦးချစ်မောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၆၈၁၁

❑ **White Angel**

– အမှတ်–၁၆၊ ပထမထပ်၊ တာဝါ (B)၊ ပုလဲကွန်ဒို၊ ဆရာစံလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၇၅၅၀

❑ **Beauty Mall**

အမှတ်–၅၆ (A)၊ မြေညီထပ်၊ ကျောက်မြောင်းလမ်းနှင့် သြဘာလမ်းထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၂၄၂၇၊ ၅၅၂၄၂၈

❑ **Organic Nail Art**

– အမှတ်–၃၉၊ ရှင်စောပုဘုရားလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၁၈၅၄

– ၃၄ လမ်း၊ ၈၀× ၈၁ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၆၆၀၅၅

❑ **Spice Girls**

– တိုက် A-2၊ အခန်း–၀၀၂၊ G Floor၊ လေးထောင့်ကန်လမ်း၊ မင်းရဲကျော်စွာအိမ်ရာ၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၁၁၂၀၊ ၅၅၄၇၈၇

– အမှတ်–၇၆၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၁၀၅၇၆

❑ **KO KO RO**
**Japanese Nailist YUKINO**

အမှတ်–၁၇၂၊ လမ်း ၄၀(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၁၆၂၄

❑ **X Xing**

အမှတ်–၁၂၉၊ အောင်မြေသာစည် (၁) လမ်း၊ အင်းစိန်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၄၃၃၄

❑ **PARAGON Beauty Saloon**

အမှတ်–၁၉၊ ပဒုမ္မာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၀၄၂၃၀၊ ၀၉–၅၁၀၄၄၃၉၆

❑ **CARNATION Hair & Nail Beauty Saloon**

တိုက်–၃၊ ခန်း (၀၀၁)၊ မြေညီထပ်၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၀၃၅၆

www.foreverspace.com.mm



- **Spirits Beauty Spa**
  - အမှတ်-၉၊ ဗားကရာလမ်း၊ ပဒုမ္မာအားကစားကွင်းမြောက်ဘက်တန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၁၀၅၇၆
  - အမှတ်-၂၇၂၊ အခန်း (၀၀၁)၊ ခနောင်တိုလမ်း၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၂၆၇၂၉
- **KO KO Beauty Salon**
  - အမှတ်-၆၊ UK Mart၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၄၀၉၆၆ (လိုင်းခွဲ-၇၃၄)
  - အမှတ်-၃၀၁၊ ဒုတိယထပ်၊ ယုဇနပလာဇာ၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၇၀၈၃၈၊ ၃၇၀၈၃၉ (လိုင်းခွဲ-၃၀၁၊ ၃၀၆)
  - အမှတ် F(6)၊ ပထမထပ်၊ ဒဂုံစင်တာ၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၉-၅၀၀၈၇၇၈၊ ၀၉-၅၁၉၁၇၂၅
  - ဒုတိယထပ်၊ စိန်ဂေဟာဆူပါစင်တာ၊ ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၈၃၈၁၂၊ ၃၇၉၈၂၃၊ ၂၅၄၄၄၆ (လိုင်းခွဲ-၃၀၄)
  - အမှတ်-၉၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၄၈၁၃
  - သီရိရတနာဈေး၊ နေပြည်တော်။

# နေပြည်တော် ပျဉ်းမနားက အဆင့်မီ စားသောက်ဆိုင်

နေပြည်တော်နဲ့ နေပြည်တော် ပျဉ်းမနားမြို့ကို လာရောက်တဲ့ ခရီးသွားဧည့်သည်တွေ စားသောက်ဖွယ်ရာများကို အဆင့်မီမီစားသောက်ချင်တယ်ဆိုရင် ဆိုင်အခင်းအကျင်းသပ်သပ်ရပ်ရပ်နဲ့ နေရာကျယ်ကျယ်ဝန်းဝန်းရှိတဲ့ဆိုင်တစ်ခုကို လမ်းညွှန်လိုပါတယ်။

ပျားရည်လွှင်ပြင်စားသောက်ခန်းမမှာ နံနက်စာအဖြစ် လက်ဖက်ရည်၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ နန်းကြီး၊ မြီးရှည်၊ ကော်ရည်ခေါက်ဆွဲ၊ ထမင်းကြော်နဲ့ဟင်း၊ နေ့လယ်စာနဲ့ ညစာအဖြစ် တရုတ်ဟင်းလျာနဲ့ ရှမ်းထမင်းဟင်း (ပုံစား/ဟင်းလေး) စားသောက်ဖွယ်ရာများကို ရောင်းချလျက်ရှိပါတယ်။ ဒါ့အပြင် ရှမ်းထမင်း (ပုံစား၊ ဟင်းလေး)၊ ဂျပန်တို့ဟူးဝက်သားပေါင်း၊ ဂျပန်တို့ဟူးနှစ်ရောင်ခြယ်၊ ဂျပန်တို့ဟူးအချိုချက်၊ ဂျပန်တို့ဟူးမြေအိုး၊ ကြက်ပေါင်းမြေအိုး၊ အသားစုံမြေအိုး၊ ဥရောပအစားအစာ၊ တရုတ်အစားအစာ၊ သက်သတ်လွတ်ဟင်းလျာများ အပါအဝင် ဟင်းလျာအမျိုးအမယ် ၁၈ မျိုးကို သုံးဆောင်နိုင်ပါတယ်။

# Hand Set အမျိုးအစားစုံတဲ့ 09 Mobile

မကြာသေးခင်ကမှ ဖွင့်လှစ်ထားတဲ့ဆိုင်သစ်ဖြစ်ပါတယ်။ Mobile Hand Set အတော်စုံစုံလင်လင်ကို ရောင်းချပေးနေတာဖြစ်ပြီး SERVICE CENTER ပါ ဖွင့်လှစ်ထားလို့ တစ်နေရာတည်းနဲ့ အဆင်ပြေတာ တွေ့ရပါတယ်။ NOKIA, Sony Ericsson, SAMSUNG, LG, MOTOROLA စတဲ့ နာမည်ကျော်အမှတ်တံဆိပ် Hand Set တွေအပြင် Fancy တွေကိုမှ သဘောကျသူတွေအတွက်လည်း China Hand Set တွေကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်မှာမို့ လမ်းညွှန်ပေးလိုက်ရခြင်းပါ။ Hand set အတော်များများကို စင်ကာပူနိုင်ငံက တင်သွင်းတာဖြစ်ပြီး ဒီစင်ကာပူ Hand Set တွေကို တစ်နှစ်အာမခံနဲ့ ရောင်းချပေးတာဖြစ်တယ်လို့ သိရပါတယ်။ Battery , Charger, Leather Bag, Bluetooth Hand Set, Hand Free စတဲ့ ဆက်စပ်ပစ္စည်းတွေ ဝယ်ယူနိုင်မယ့် အပြင် Ring Tone ထည့်ခြင်း၊ ပြောင်းလဲခြင်းနဲ့ အခြား Hard Ware ပြဿနာတွေကိုလည်း ဖြေရှင်းဝန်ဆောင်မှုပေးတာ တွေ့ရပါတယ်။

လိပ်စာ-

09 Mobile PHONE SALES & SERVICE CENTER
အမှတ်-၅၃၊ ရန်ကုန်-အင်းစိန်လမ်း (လှည်းတန်း)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း-၅၃၇၂၂၉၊ ၀၉-၅၀၂၂၄၂၃၊ ၀၉-၅၀၆၀၄၂၃

နေပြည်တော် ပျဉ်းမနားမြို့မှာ ရှမ်းထမင်းပုံစား စားသောက်ဖွယ်ရာရောင်းချမှုဟာ အဲဒီစားသောက်ဆိုင်တစ်ခုတည်းသာရှိပါတယ်။ တရုတ်ဟင်းလျာများနဲ့ ရှမ်းထမင်းဟင်း (ပုံစား/ဟင်းလေး) တစ်ပုံကို ၁၂၀၀ ကျပ်၊ ဟင်းလေးတစ်ပွဲ (နှစ်မျိုးစပ်၊ သုံးမျိုးစပ်၊ တစ်မျိုးတည်း စသည်ဖြင့်) ကို ၁၅၀၀ ကျပ်နဲ့ ရောင်းချပေးနေပါတယ်။

ဟင်းပွဲတွေကို အော်ဒါများ လက်ခံဆောင်ရွက်ပေးပြီး နေပြည်တော် ပျဉ်းမနားမြို့တွင်း အိမ်တိုင်ရာရောက် (Door to Door) ပို့ဆောင်ပေးပါတယ်။ မြန်မာစည်ဘီယာ ကြိုက်နှစ်သက်သူများအတွက်လည်း စားသောက်ဖွယ်ရာ အကြော်အလှော်တွေနဲ့အတူ တွဲဖက်စားသောက်နိုင်ပါတယ်။

လိပ်စာ-

ပျားရည်လွှင်ပြင်စားသောက်ခန်းမ
ဗိုလ်လကျာ်လမ်း၊ မင်္ဂလာရပ်၊ ဇာမဏီဟိုတယ်အနီး၊
နေပြည်တော် ပျဉ်းမနားမြို့။ ဖုန်း-၀၆၇-၂၂၃၉၉

www.foreverspace.com.mm



# ယူနီဖောင်းဝတ်စုံတွေ အပ်မယ်ဆိုရင်

ဝန်ထမ်းတွေအတွက် ယူနီဖောင်းတွေကို ဘယ်မှာချုပ်ပေးရင်ကောင်းမလဲလို့ စဉ်းစားနေရတဲ့ လုပ်ငန်းရှင်တွေ ခေါင်းစားရသက်သာအောင်လို့ ယူနီဖောင်းချုပ်လို့ရနိုင်မယ့် ရန်ကုန်နဲ့ မန္တလေးက ဆိုင်အချို့ကို စုစည်းဖော်ပြပေးလိုက်တာပါ။ တချို့နေရာတွေမှာ ယူနီဖောင်းချုပ်လို့ အဆင်ပြေမယ့်ပိတ်စတွေကိုပါ ရောင်းချပေးနေတာမို့လို့ တစ်ခါတည်း စိတ်ကြိုက်ရွေးပြီး အပ်နှံနိုင်မှာပါ။

ကုမ္ပဏီရဲ့အမှတ်တံဆိပ်တွေ၊ Logo တွေကို ပန်းထိုးပါ တစ်ခါတည်းအပ်နှံနိုင်မယ့်နေရာတွေလည်း ရှိပါတယ်။ ကိုယ်လိုချင်တဲ့ ဝန်ဆောင်မှုတွေ၊ ဈေးနှုန်းတွေကို အရင်ဆုံး စုံစမ်းနိုင်စေဖို့ လိပ်စာတွေနဲ့ ဖုန်းနံပါတ်တွေကို ဖော်ပြပေးထားပါတယ်။

❑ **Universal**

အမှတ်–၂၁၂၊ အနော်ရထားလမ်း၊ (၃၁ လမ်းနှင့် ၃၂ လမ်းကြား)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၃၈၅၄၈၅၊ ၃၈၃၃၈၀၊ ၀၉–၅၁၃၇၉၀၉

❑ **Online**

တိုက်–၁၀၊ အခန်း (၄)၊ ယုဇနလမ်း၊ ယုဇနပလာဇာဘေး၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၇၉၅၈)၊ ၀၉–၅၀၀၃၇၁၄၊ ၀၉–၅၁၂၉၀၉၅
E-mail: essential @mptmail.net.mm.
limelight@myanmar.com.mm

❑ **MANTOPS**

အမှတ်–၁၂၅၊ ဗိုလ်ချုပ်အောင်ဆန်းဈေးအနောက်ဘက်တန်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၀၃၃၆၉၊ ၀၉–၉၉၂၆၉၄၁

❑ **ရွှေနီ**

တိုက်–စီ–၄၊ အခန်း–၀၀၂၊ နှင်းဆီလမ်း၊ ယုဇနပလာဇာ၊ မင်္ဂလာဥယျာဉ်အိမ်ရာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၇၇၈၈)၊ ၇၂၄၇၂၈၊ ၀၉–၅၁၅၈၉၈၄

❑ **CAIRO TAILORS**

အမှတ်–၁၉၀၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖက်စ်–၃၈၅၁၃၆၊ ဖုန်း–၃၇၂၇၄၃၊ ၃၉၁၅၇၈

❑ **PRINCESS**

တိုက်–၃၊ အခန်း–၀၀၂၊ လှိုင်သီရိအိမ်ရာ၊ (၉) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၁၂၈၂၉၊ ၇၀၉၃၄၆၊ ၀၉–၅၁၀၁၄၉၇၊ ၀၉–၅၁၀၁၁၅၁

❑ **TEN**

တိုက်–၇၊ အခန်း–၃၊ နှင်းဆီလမ်း၊ မြေညီထပ်၊ ယုဇနပလာဇာဘေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၇၀၆၀)၊ ၀၉–၅၀၀၈၀၁၈

❑ **CNC**

– အမှတ်–၁၉၈/၁၃၊ ဦးဘိုးလှိုင်လမ်း၊
ဒဂုံဆိပ်ကမ်းစက်မှုဇုန် (၁)၊
ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ရန်ကုန်။
– အမှတ်–၄၀၊ ၁၄၁ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း–၀၉–၅၁၂၉၁၄၆၄

❑ **Golden Tex Trading Co., Ltd.**

အမှတ်–၁၉ A/B၊ မြေညီထပ်၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၂၉၈၆၊ ၅၁၆၆၄၅၊ ၀၉–၅၁၈၇၄၅၃၊ ဖက်စ်–၅၁၆၆၂၂

❑ **MICO Garment**

အမှတ်–၁၉၁၊ စက်မှု (၅) လမ်း၊ မေတ္တာညွန့်စက်မှုရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၅၄၂၂၉၊ ၇၂၀၅၂၆၊ ၀၉–၅၁၄၁၀၈၆၊
ဖက်စ်–၂၅၁၉၈၆–၇

❑ **ကိုဝင်း**

S–၄၊ အရှေ့မျက်နှာစာ၊ ယုဇနပလာဇာ၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၁၀၀၅)၊ ၀၉–၅၀၂၅၂၂၈

❑ **Sweet**

အမှတ်–၁၆၀၊ အထက်ပုဇွန်တောင်လမ်း၊
ပုဇွန်တောင်စာတိုက်အနီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၉၈၄၂၆၊ ၀၉–၅၁၃၂၇၂၁

❑ **ထိုက်ထိုက်**

အမှတ်–၂၅၂၊ မြခွာညိုလမ်း၊ သာကေတစက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၇၁၀၇၊ ၀၉–၅၂၁၁၈၇၃

❑ **Tip Top Tailor**

အမှတ်–၂၈၇၊ မဟာဗန္ဓုလလမ်း၊ ၄၃ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၅၄၂၈၊ ၀၉–၉၉၂၄၂၂၉၊ ၀၉–၉၉၇၃၉၀၀

❑ **Brother's Club**

အမှတ်–၇၁၄-A၊ ဗိုလ်တေဇလမ်း၊ (၁၀) မိုင်၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၃၆၄၅

❑ **အောင်ကမ္ဘာ**

– လမ်း–၃၀၊ ၆၇× ၆၈ လမ်းကြား၊ မန္တလေး။
ဖုန်း–၀၂–၆၁၅၂၅၊ ၀၉–၂၀၁၆၂၉၀

www.foreverspace.com.mm



– ဆိုင်ခွဲ–ရန်အောင် (၁) ရပ်ကွက်၊ မြင်းရတနာအနီး၊ နေပြည်တော်။ ဖုန်း–၀၆၇–၂၂၇၄၆

- **လစ်ဖန်း**
  အမှတ်–၄၁၁၊ ၈၂ လမ်း၊ ၃၁× ၃၂ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၉–၂၀၁၇၄၆၂၊ ၀၉–၂၀၀၆၂၁၄၊ ၀၉–၉၀၆၀၇၇၄၊ ၀၂–၃၂၂၁၃
- **Nikko**
  အမှတ်–၄၇၆၊ လမ်း–၈၀၊ ၂၉× ၃၀ လမ်းကြား၊ မန္တလေး။

# စာရေးကိရိယာယူသွားစရာမလိုတဲ့ Preschool

ဒီနေ့ကာလမှာ အမေရော၊ အဖေရော လုပ်ငန်းခွင်အတွက် အချိန်ပေးကြရတဲ့ မိသားစုအတွက် ရင်သွေးတွေကို အပ်နှံထားနိုင်တဲ့နေရာကောင်းတစ်ခုပါ။ ပညာရေးအခြေခံကောင်းဖို့ပဲဖြစ် ဖြစ်၊ လူမကြောက်ဘဲ သွက်လက်ထက်မြက်တဲ့ကလေးငယ်တွေ ဖြစ်လာစေဖို့ပဲဖြစ်ဖြစ် သင်ယူနိုင်တဲ့နေရာလည်းဖြစ်လို့ လမ်းညွှန်ပေးလိုက်ရခြင်းပါ။

ဒီ Preschool ကို ဩဂုတ်လ ၂၂ ရက်နေ့ကမှ ဖွင့်လှစ်လိုက်တာဖြစ်ပြီး အသက် ၂ နှစ်ခွဲကနေ ငါးနှစ်အရွယ်အထိ ကလေးငယ်တွေကို အသက်အရွယ်အလိုက် တန်းခွဲတွေခွဲပြီး လက်ခံသင်ကြားပေးမှာဖြစ်တယ်လို့ ဆိုပါတယ်။ အသက် ၂ နှစ်ခွဲကနေ သုံးနှစ်အထိကို Nursery တန်းခွဲ၊ သုံးနှစ်ကနေ လေးနှစ်အထိကို Pre-K3၊ လေးနှစ်အထက်ကို Pre-K4 စသည်ဖြင့် ခွဲခြားထားပါတယ်။ အင်္ဂလိပ်စာ၊ သင်္ချာ စတဲ့ ပညာရပ်တွေအပါအဝင် ပြုမူဆက်ဆံရေး၊ ပန်းချီ၊ လက်မှုပညာ၊ ဂီတ စတဲ့သင်ယူစရာတွေကိုလည်း Games တွေ Computer သင်ထောက်ကူပစ္စည်းတွေ၊ လေ့လာရေးခရီးစဉ်တွေနဲ့ စနစ်တကျသင်ကြားပေးမှာဖြစ်တယ်လို့ဆိုပါတယ်။ ထူးခြားတာက ဒီမှာလာရောက်သင်ကြားသူတွေအနေနဲ့ ဘယ်လိုစာရေးကိရိယာကိုမှ ယူလာစရာမလိုဘဲ ကျောင်းကပဲ အစစအရာရာ တာဝန်ယူပေးတာပါ။

လိပ်စာ–

**Distinct Educare Preschool (DE)**
အမှတ်–၂၄၆ (C1)၊ ဆိပ်ကမ်းသာလမ်း (အထက်)၊ ကျောက်တံတားမြို့နယ်။ ရန်ကုန်။

LIVING COLOR
ဖုန်း –၂၄၂၄၄ ၊ ၃၉၃၁၃၂

# Club နွဲရင်း အင်္ဂလိပ်စာလေ့ကျင့်ရအောင်

သောကြာနေ့တိုင်း Club မှာ ပျော်ပျော်ပါးပါးလာရောက်ဆင်နွဲရင်း အင်္ဂလိပ်စာလေ့ကျင့်နိုင်မယ့် အစီအစဉ်တွေပဲဖြစ်ပါတယ်။ အင်္ဂလိပ်စကားပြောဖို့ ဝန်လေးနေသူများ၊ Practice လုပ်လိုသူများ၊ Fluent ဖြစ်လိုသူများအတွက် Speaking Club အပြင် အထွေထွေဗဟုသုတနဲ့ ဉာဏ်ရည်ပိုမိုတိုးတက်လာစေဖို့ အုပ်စုဖွဲ့ဆွေးနွေးနိုင်တဲ့ Critical Thinking Club၊ အင်္ဂလိပ်အသံထွက်ပီပီသသ သီချင်းဆိုတတ်ချင်သူများ၊ Music နဲ့ Dance ဝါသနာပါသူများ သီချင်းဆိုရင်း ကနိုင်တဲ့ Music Club၊ Comedy နဲ့ Drama ဇာတ်ကားတွေကြည့်ပြီး Discussion ပြုလုပ်ပြီး အပန်းဖြေနိုင်မယ့် Movie Club တို့ကို အပတ်စဉ် သောကြာနေ့တိုင်း အရောက်ဆင်နွဲနိုင်ပါတယ်။

ဒါ့အပြင် ပြည်ပကို ကျောင်းလျှောက်ထားသူများရဲ့ အင်္ဂလိပ်စာအရည်အချင်းကို လေ့ကျင့်ဖြေဆိုနိုင်မယ့် IELTS, TOEFL, GCE, SAT စတဲ့သင်တန်းများနဲ့ Liberal Arts တက္ကသိုလ်ကောလိပ်တွေကို သွားရောက်ပညာဆည်းပူးလိုသူများအတွက် အဲဒီတက္ကသိုလ်မှာ သင်ကြားပို့ချတဲ့ဘာသာရပ်နဲ့ အတွေးအခေါ်တွေကို ကြိုတင်သိရှိလေ့လာနိုင်မယ့် Liberal Arts အကြိုသင်တန်းတွေကိုပါ လက်ခံဖွင့်လှစ်ပေးနေပါတယ်။

လိပ်စာ–

**ZILDA**
International Learning and Development Academy
အမှတ်–၁၉ (F)၊ Pearl Shopping Mall၊ ပထမထပ်၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့် ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၅၇၄၄၈ (လိုင်းခွဲ–၈၄၈)၊ ၀၉–၅၀၃၃၆၃၆၊ ၇၀၆၆၄၅
Website: www.zilda.org

# ပရိဘောဂပစ္စည်းတွေ ဝယ်မလို့လား

ဝါကျွတ်ချိန်ကိုရောက်လာပြီဖြစ်လို့ အိုးသစ်အိမ်သစ်ထူထောင်မယ့်သူများအတွက် မရှိမဖြစ်လို့ဆိုရမယ့် အိမ်ထောင်ပရိဘောဂပစ္စည်းတွေ ရောင်းချပေးနေတဲ့ဆိုင်တချို့ကို ဖော်ပြပေးမှာပါ။ လူတစ်ကိုယ်အကြိုက်တစ်မျိုးစီဆိုသလိုပဲ ပရိဘောဂပစ္စည်းတွေကို ရွေးချယ်သုံးစွဲကြရာမှာလည်း ကြိုက်နှစ်သက်မှုပုံစံတွေ အမျိုးမျိုးရှိနိုင်ပါတယ်။ တချို့က ရိုးရိုးရှင်းရှင်းပုံစံကိုကြိုက်တယ်၊ တချို့က ခေတ်ဆန်ဆန်ဒီဇိုင်းလေးတွေကို နှစ်သက်တယ်၊ ကျွန်းပရိဘောဂကို ကြိုက်တဲ့လူရှိသလို အလူမီနီယံ၊ ကြိမ်သား၊ သံ

www.foreverspace.com.mm

စ[illegible]တွေနဲ့ ပြုလုပ်ထားတဲ့ ပရိဘောဂပစ္စည်းတွေကိုမှ ဝယ်ချင်တဲ့၊ သုံးချင်တဲ့လူတွေလည်း ရှိပါတယ်။ ပရိဘောဂပစ္စည်းလေးတွေကို တစ်အိမ်လုံးမှာ သူ့နေရာနဲ့သူ အသုံးဝင်အောင် လှလှပပလေးတွေ ထားလိုက်မယ်ဆိုရင် အိမ်ကိုလည်း အလှဆင်ပြီးသားဖြစ်သွားတာကြောင့် အခုနောက်ပိုင်းမှာ ဒီလိုအလှဆင်ဖို့ အသားပေးပြီး ဝယ်ယူလာကြတာကိုလည်း တွေ့ရပါတယ်။ လိုအပ်မယ့်ပရိဘောဂတွေကို ဘယ်မှာသွားရှာပြီး ဝယ်ရမလဲလို့ စဉ်းစားနေသူတွေ အချိန်ကုန်သက်သာအောင် လိပ်စာနဲ့ ဖုန်းနံပါတ်တွေကို အောက်မှာ ဖော်ပြပေးလိုက်ပါတယ်။

❑ **Ocean Glory Limited.**

– အမှတ်–၅၄/၆၂၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၅၉၄၈၊ ၂၂၅၄၂၆၊ ဖက်စ်–၂၁၂၂၇၁
E-mail: Oceangloryhhin@mptmail.net.mm.
– အမှတ်–၂–၃၊ ဘုရင့်နောင်လမ်း၊ အေးရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၈၂၂၆၀၊ ၆၈၂၃၄၂၊ ၀၉–၉၉၂၆၉၉၀၊ ဖက်စ်–၆၈၂၂၆၅

❑ **Taw Win Family Co., Ltd.**

– အမှတ်–၃၅၅၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၂၉၂၃၊ ၅၃၈၃၉၃၊ ဖက်စ်–၅၂၆၃၄၅
– အမှတ်–၆၅၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၅၅၅၆၅

❑ **မြန်မာစတိုင်လ်ပရိဘောဂ**

အမှတ်–၈၁ (A)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၉၁၄၄၊ ၀၉–၉၉၂၂၂၅၉၊ ၀၉–၅၀၂၂၁၅၉

❑ **Pwint Oo**

– အမှတ်–၁၃/၁၄၊ ပဒုမ္မာကွင်းရှေ့ဆိုင်တန်း၊ ဗညားဒလလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၂၅၄၁
– အမှတ်–၆၇၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၂၇၀၇
– အမှတ်–၇၄/၈၂၊ ထီးတန်းအိမ်ရာ၊ ကမ်းနားလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၇၂၀၂၇၀
– စတုတ္ထထပ်၊ ယုဇနပလာဇာ၊ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။
ဖုန်း–၇၂၃၅၄၈၊ ၂၀၀၇၄၇ (လိုင်းခွဲ ၅၃၃၃၊ ၅၄၄၄)

❑ **ရွှေမှီ**

အမှတ်–၁၀၅၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၂၆၈၇၊ ၅၄၆၈၂၅၊ ၅၄၆၈၂၀၊ ၅၅၉၀၂၀

❑ **Cupid**

အမှတ်–၈၊ ရှင်စောပုလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၁၀၅၄၁၊ ၅၁၀၇၆၄

❑ **ရွှေယွန်းမီ**

စတုတ္ထထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၀၉–၅၁၄၁၄၇၆၊ ၂၀၀၇၄၇ (လိုင်းခွဲ–၅၆၀၀)

❑ **EMU Crafts Work**

ဆရာစံပလာဇာ၊ ဒုတိယထပ်၊
တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့်
ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၅၆၀၁၆၊ ဖက်စ်–၅၅၅၃၁၀
E-mail:info@emustyle.com.

❑ **Super Fine**

– အမှတ်–၉၇–အေ၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၈၈၀၈၊ ၅၄၃၃၄၂၊ ဖက်စ်–၅၄၃၃၄၂
– စတုတ္ထထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၅၅၄၄)၊ ၇၂၂၂၅၉
– အမှတ်–အေ–၁၂/၁၆၊ ၇၈ လမ်း၊ ၃၁× ၃၂ လမ်းကြား၊ Fantasy World အောက်ထပ်၊ မန္တလေး။ ဖုန်း–၀၂–၆၄၅၈၉

❑ **SINMA**

– အမှတ်–၇၁၊ ဘုန်းကြီးလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၂၇၀၂၆
– အမှတ်–၁၃၅၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း–၂၄၂၇၆၂၊ ၃၉၁၃၉၇၊ ၂၄၃၇၇၉၊ ၀၉–၅၁၅၃၀၀၉၊ ၂၁၁၉၉၇၊ ၂၁၂၂၆၃၊ ၂၂၀၄၂၈၊ လိုင်းခွဲ–၁၀၃–၁၁၃
– အမှတ်–၂၀၅၊ ၈၄ လမ်း၊ ၃၂× ၃၃ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။ ဖုန်း–၀၂–၃၈၄၆၈၊ ၀၉–၅၂၀၁၃၈၈

❑ **ASIA WOOD Co., Ltd.**

အမှတ်–၂၄၊ မြဝတီမင်းကြီးလမ်း၊ စက်မှုဇုန်–၄၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။
ဖုန်း–၆၈၅၁၄၀၊ ၇၂၅၀၅၁၊ ၂၂၅၉၆၂၊ ၂၁၄၃၆၄

❑ **အောင်မင်းသူ**

အမှတ်–၁၁၂၊ သဗိန်ဗရမ်းလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်။
ဖုန်း–၅၄၁၆၁၈၊ ၅၄၈၅၀၅၊ ၀၉–၅၀၂၈၀၇၂

❑ **ရွှေကြာဖြူ (ပရိဘောဂနှင့် အိမ်တွင်းအလှဆင်)**

အမှတ်–၆၆၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၉၇၄၃၇၊ ၀၉–၅၁၉၄၀၄၀

❑ **Cham Myae Tha**

အမှတ်–၉၇ (ဘီ)၊ အနောက်ရွှေဂုံတိုင်လမ်း၊ အုတ်လမ်းအနီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၄၅၂၉၅

❑ **Sweet Home**

အမှတ်–၇၄၊ နဝဒေး၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း–၆၆၁၇၁၆၊ ၇၂၅၉၀၀၊ ၀၉–၉၉၂၁၃၁၄၊

www.foreverspace.com.mm

၀၉–၅၀၀၆၉၂၈

- **Sweety Home**

– အမှတ်–၄၇၃၊ ပြည်လမ်း၊ မြန်မာ့အသံအနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၅၀၁၆၁၁၊ ၅၀၁၆၂၂၊ ၅၃၆၁၃၉

– စတုတ္ထထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၀၀၇၄၇ (လိုင်းခွဲ–၅၅၂၂၊ ၅၅၉၉)

– အမှတ်–A-6၊ အထက်ပန်းဆိုးတန်းလမ်း၊ အောင်ဆန်းကွင်းမြောက်ဘက်တန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။ ဖုန်း–၃၉၄၁၉၉

– အမှတ်–၂၃၆၊ ၃၃ လမ်း၊ ၈၁× ၈၂ လမ်းကြား၊ မန္တလေး။ ဖုန်း–၀၂–၃၄၀၂၁၊ ၆၁၆၆၈၊ ၆၀၈၁၀

- **Lin Lin Thar Co., Ltd.**

အမှတ်–၁၁၊ ဗိုလ်အောင်ကျော်လမ်း၊ လှိုင်သာယာစက်မှုဇုန် (၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်။ ဖုန်း–၂၅၁၆၁၇၊ ၂၅၁၀၇၂၊ ၆၈၅၃၈၆

# ပညာရေးလမ်းညွှန်

## ပညာသင်ဆုရဖို့ ဘာတွေလိုသလဲ

ပညာသင်ဆုရရှိသွားသော ကျောင်းသားများကို လေ့လာကြည့်ရင် သူတို့ဟာ 'P' ငါးခုကို ဘယ်တော့မှ မမေ့သူတွေဖြစ်ကြပါတယ်။ သူတို့ရဲ့လက်စွဲဆောင်ပုဒ်ဖြစ်တဲ့ 'P' ငါးခုကတော့ 'Prior Preparation နဲ့ Prevent Poor Performance' တို့ပဲ ဖြစ်ကြပါ တယ်။ ပညာသင်ဆုမလျှောက်ထားမီ မိမိလျှောက်ထားလိုတဲ့ တက္က သိုလ်နဲ့ အစီအစဉ်တွေကို ရှာကြည့်တာကို ကြိုကြိုတင်တင်လုပ်ဖို့ လိုပါတယ်။ စောလေကောင်းလေပါပဲ။ အနားကပ်မှလုပ်ရတာ အင် မတန် ကသီလင်တနိုင်ပါတယ်။ ပညာသင်ဆုရသွားကြတဲ့သူတွေ ဟာ သူတို့ဘာသာသူတို့ ဘာမှမလုပ်တတ်ဘဲ မိဘက ဝင်လုပ်ပေးရ တာကို စောင့်နေတဲ့သူတွေ မဟုတ်ပါဘူး။ ပြီးတော့ လျှောက်လွှာ ဖြည့်တဲ့နေရာမှာ၊ အက်ဆေးရေးတဲ့နေရာမှာ မမှားဖို့ ဂရုစိုက်ကြပါ တယ်။ စာလုံးပေါင်းကအစ စာအသွားအလာကအစ မိမိဘာသာ မှန် မမှန် ပြန်စစ်ပြီးတဲ့အပြင် အခြားတစ်ယောက်ယောက်ကိုလည်း စစ်ကြည့်ခိုင်းဖို့ ဝန်လေးတဲ့သူတွေမဟုတ်ပါဘူး။ ပြင်ပကမ္ဘာမှာ တော့ ပညာသင်ဆုရလွယ်တဲ့သူတွေဟာ ပညာသင်ဆုပမာဏ အနည်းအများကိုမကြည့်ဘဲ လျှောက်တတ်ကြလို့ပါ။ ဒေါ်လာ ၅၀ လောက်ပဲရတဲ့ ပညာသင်ဆုကအစမချန် လျှောက်တတ်ကြလို့ ပေါ့။ ပြီးတော့ ငွေကြေးအထောက်အပံ့ရနိုင်တဲ့နေရာတွေကို တွေ့ အောင်ရှာဖို့ အင်တာနက်တစ်ခုတည်းကို အားမကိုးပါနဲ့။ တတ်နိုင် သလောက် သတင်းအချက်အလက်ရရှိနိုင်တဲ့ မိမိရဲ့အသိုင်းအဝိုင်း ကို ချဲ့ထွင်ထားပါ။ တတ်နိုင်သမျှ အချက်အလက်တွေ စုဆောင်း ပါ။ အင်တာနက်ပေါ်ကရနိုင်တဲ့ ပညာသင်ဆုမျိုးဆိုတာက တစ် ကမ္ဘာလုံးက သိပြီးသားဖြစ်လို့ မိမိအတွက် ရနိုင်တဲ့အခွင့်အရေး နည်းပါတယ်။ လူနည်းနည်းပဲသိတဲ့ ပညာသင်ဆုအမျိုးအစားကို



www.foreverspace.com.mm

မိမိက လျှောက်ထားခဲ့မယ်ဆိုရင် ရနိုင်ခြေပိုများပါတယ်။ ဒီလိုလူနည်းနည်းလေးပဲသိတဲ့အဖွဲ့အစည်းတွေကပေးတဲ့ ပညာသင်ဆုအကြောင်းကို တစ်ခါတလေ အင်တာနက်ပေါ်မှာရှာမတွေ့နိုင်ပါဘူး။

ပြီးတော့ ပညာသင်ဆုရသွားတဲ့ကျောင်းသားတွေကိုကြည့်ရင် သူတို့ဟာ ကိုယ့်ကိုယ်ကိုယ် Marketing လုပ်ရာမှာ အင်မတန်တော်သူတွေ ဖြစ်ကြပါတယ်။ လျှောက်လွှာပေါ်မှာ သူတို့ရဲ့အတွေ့အကြုံ၊ ဘဝဖြတ်သန်းမှု အထူးသဖြင့် သူတို့ပါဝင်လှုပ်ရှားခဲ့တဲ့ ရပ်ကျိုးရွာကျိုးသယ်ပိုးမှုတွေကို လှလှပပဖြစ်အောင် ရေးတတ်ကြပါတယ်။ ဒီလိုရေးတဲ့နေရာမှာလည်း အထက်စီးလေသံနဲ့မဟုတ်ဘဲ ရိုးရိုးကလေးနဲ့ ဆွဲဆောင်မှုရှိနေရပါမယ်။ ပညာသင်ဆုကို တကယ်လိုချင်ရင် သတိထားရမယ့်အချက်တစ်ခုရှိပါသေးတယ်။ ပညာသင်ကြားရေးအစီအစဉ်တစ်ခုထဲကို ရွေးလျှောက်ပြီး အဲဒီတစ်ခုကအကြောင်းမပြန်မချင်း ထိုင်စောင့်နေတာမျိုးမလုပ်ပါနဲ့။ မိမိအရည်အချင်းနဲ့အံဝင်မယ့် တက္ကသိုလ်ပညာရေးအစီအစဉ်မှန်သမျှကို လျှောက်ထားပါ။

ပညာသင်ဆုရသွားတဲ့ကျောင်းသားတွေဟာ စနစ်ကျသူတွေဖြစ်ကြောင်းလည်း မကြာခဏ သတိထားမိပါတယ်။ သူတို့ဟာ ဘယ်တက္ကသိုလ်ရဲ့ ဘယ် Program ဟာဖြင့် ဘယ်အချိန်မှာ လျှောက်လွှာပိတ်မယ်ဆိုတာကို မပြတ်သတိထားနေသူတွေပါ။ နောက်ပြီး သူတို့ဟာ ကျောင်းသင်ခန်းစာတစ်ခုတည်းမှာ တော်တဲ့သူတွေမဟုတ်ဘဲ တခြားအရည်အချင်းတွေပါ ညီတူညီမျှ ဖွံ့ဖြိုးနေတာကို တွေ့ရပါတယ်။ ကျောင်းသင်ခန်းစာနဲ့ အင်္ဂလိပ်စာစစ်ဆေးမှုတွေမှာ အမှတ်တွေ ပုံနေအောင် ကောင်းရုံနဲ့ ပညာသင်ဆုမရနိုင်ဘူးဆိုတာ သူတို့ သဘောပေါက်ကြပါတယ်။ ဒီတော့ အခြားအခြားသော လူမှုရေးလှုပ်ရှားမှုတွေကို အက်ဆေးရေးတဲ့အခါ ဖတ်ရတဲ့သူအနေနဲ့ သတိထားမိအောင် ထင်သာမြင်သာဖြစ်အောင် ရေးဖို့မမေ့နဲ့ပေါ့။

ပညာသင်ဆုရသွားတဲ့သူတွေ အောင်မြင်မှုဟာ အမြဲတမ်းလက်တစ်ကမ်းမှာရှိနေတာလို့ ယုံမှားနေကြသူတွေမဟုတ်ပါဘူး။ တစ်ခါတလေမှာ ပညာသင်ဆုရဖို့ အချိန်အကြာကြီးစောင့်ရပါတယ်။ အခက်အခဲတွေနဲ့လည်း ကြုံနိုင်ပါတယ်။ ခက်ခဲတဲ့အရာတွေကို ဖြတ်သန်းပြီးရလာတဲ့အောင်မြင်မှုက ပိုပြီးချိုမြိန်တယ်မဟုတ်လား။ အခုပြောခဲ့တဲ့အချက်တွေအားလုံးကို နှလုံးသွင်းထားပြီး ပညာသင်ဆုလျှောက်လွှာကို စဖြည့်တော့မယ်ဆိုရင် ဒီအချက်ကလေးတွေကို မမေ့ဖို့ သတိပေးလိုက်ပါရစေ။ လျှောက်လွှာဖြည့်ရင်းမှားတတ်တဲ့ အမှားတွေကတော့–

– လျှောက်လွှာမှာဖော်ပြထားတဲ့ညွှန်ကြားချက်ကို အတိအကျမလိုက်နာတာ။

– လျှောက်လွှာတင်ရမယ့် နောက်ဆုံးသတ်မှတ်ရက်ကို ကျော်သွားတာ။

– ကွန်ပျူတာနဲ့ပုံနှိပ်စာလုံးမရေးဘဲ လက်ရေးနဲ့ ဖြစ်ကတတ်ဆန်းရေးတာ။

– စာလုံးပေါင်းစစ်ဖို့၊ အကြောင်းအရာ အသွားအလာကိုစစ်ဖို့မေ့တာ။

– မိမိယခင်က ရရှိထားဖူးတဲ့ပညာရပ်ဆိုင်ရာ အရည်အချင်းမှတ်တမ်း (Transcription) နဲ့ မိမိကို ထောက်ခံပေးမယ့်သူနဲ့ပတ်သက်တဲ့အကြောင်းအရာတွေကို ဖော်ပြဖို့ကျန်သွားတာ။

– မေးထားတဲ့မေးခွန်းတွေ ကုန်အောင်မဖြေဘဲ ချန်ခဲ့တာ။ အက်ဆေးကို လိုရာရောက်အောင် မရေးတာ။

## ဆင်ခြင်စရာမေးခွန်းများ

**မေး ။ ။ ပညာသင်ဆုဆိုတာ အတန်းထဲမှာ Grade A ပဲ အမြဲရတဲ့ ကျောင်းသားတွေအတွက်ပဲလား။**

**ဖြေ ။ ။** မဟုတ်ပါဘူး။ ကျောင်းသားတစ်ယောက်ရဲ့ Grade A ဟာ ပညာသင်ဆုရဖို့အတွက် ရာနှုန်းပြည့်အာမခံပေးနိုင်တဲ့အရာတစ်ခုတော့ မဟုတ်ဘူး။ အများအားဖြင့် ပညာသင်ဆုပေးတဲ့ ဖောင်ဒေးရှင်းကြီးတွေက လိုချင်တဲ့သူတွေဟာ ပညာရေးတစ်ခုထဲမှာ ထူးချွန်ပြီး အခြားကဏ္ဍအသီးသီးမှာ ညံ့နေသူတွေကို မစဉ်းစားပါဘူး။ ဘက်စုံညီညီမျှမျှတော်သူတွေ 'Well-rounded' တွေကို ဦးစားပေးစဉ်းစားပါတယ်။

**မေး ။ ။ နှစ်စဉ်နှစ်တိုင်း ပညာသင်ဆုပေါင်း မြောက်မြားစွာဟာ ကျောင်းသားတွေအတွက် မသုံးဖြစ်ဘဲ ကျန်နေတယ်ဆိုတာ ဟုတ်ပါသလား။**

**ဖြေ ။ ။** မဟုတ်ပါဘူး။ ပညာသင်ဆုပေးတဲ့ ဖောင်ဒေးရှင်းတွေဟာ ထိုက်တန်သူကို မတွေ့တွေ့အောင်ရှာပေးတဲ့အတွက်ကြောင့် ပညာသင်ဆုအကျန်ဆိုတာ မရှိပါဘူး။ ဖောင်ဒေးရှင်းတွေကိုယ်တိုင်က ဆုထိုက်တန်သူကို ရွေးချယ်တဲ့နေရာမှာ အရည်အချင်းကိုလိုတိုး ပိုလျှော့လုပ်လိုက်တာပဲ ရှိပါတယ်။

**မေး ။ ။ Grade B နဲ့ Grade C ပဲ ရထားတဲ့ ကျောင်းသားတွေအနေနဲ့ ပညာသင်ဆုလျှောက်ရင် အခွင့်အရေးလုံးဝနည်းတယ်ဆိုတာ ဟုတ်သလား။**

**ဖြေ ။ ။** Grade B နဲ့ C ကျောင်းသားတွေအတွက် ပညာသင်ဆုရချင်ရသွားနိုင်တာပါပဲ။ အထူးသဖြင့် သူတို့မှာ ရပ်ကျိုးရွာကျိုးသယ်ပိုးလိုတဲ့စိတ်၊ ကျောင်းပြင်ပအကျိုးပြု လှုပ်ရှားမှုတွေမှာ အများနဲ့မတူ ထူးချွန်မှုမှတ်တမ်းတွေက ဒီလိုကျောင်းသားတွေကို အထောက်အကူပြုသွားမှာပါ။

**မေး ။ ။ မိဘကငွေကြေးတောင့်တင်းရင်၊ ငွေကြေးအကူအညီလိုတဲ့သူမဟုတ်ရင် ပညာသင်ဆု မရနိုင်ဘူးဆိုတာ ဟုတ်ပါသလား။**

**ဖြေ ။ ။** ငွေကြေးအထောက်အပံ့မလိုတဲ့ လူလတ်တန်းစားတွေလည်း ပညာသင်ဆုရနေကြတာ တစ်ပုံကြီးပါ။ တချို့ တချို့သော ဝင်ငွေနိမ့်လူတန်းစားတွေအတွက်လို့ ရည်ရွယ်သတ်မှတ်ထားတဲ့ ပညာသင်ဆုတွေကို လျှောက်လို့မရတာကလွဲလို့ ကုသိုလ်ဖြစ်ပေးတဲ့ ပညာသင်ဆုတော်တော်များများကို လျှောက်ထားနိုင်ကြပါတယ်။


www.foreverspace.com.mm



# စာအုပ်လမ်းညွှန်
Editor's Choice

## လက်တွေ့အသုံးချ ဂလိုဘယ်လိုက်ဇေးရှင်း (ဒုတိယတွဲ)

**ကျော်ဝင်း**




နာမည်ကျော်ဘောဂဗေဒပညာရှင် ဂျိုးဇက်စတစ်ဂလစ်၏ Making Globalization Work စာအုပ်ကို ကျော်ဝင်းက ဒုတိယတွဲအဖြစ် ဘာသာပြန်ဆိုထားခြင်း ဖြစ်သည်။ ပထမတွဲကိုလည်း ယခုနှစ် ဇူလိုင်လထုတ် ဤမဂ္ဂဇင်းတွင် ဖတ်ညွှန်းဖော်ပြခဲ့ပြီးဖြစ်သည်။ ဤဒုတိယတွဲတွင် အခန်းငါးခန်းအပြင် ဂျိုးဇက်စတစ်ဂလစ်၏ ဝါရင့်တန်သဘောတူညီချက်နှင့်ပတ်သက်သည့် အပြင် သဘောထားကို နာမည်ကျော် နိုင်ငံရေးအတွေးအခေါ်ပညာရှင် ပါမောက္ခ ဖရန့်စစ်ဖူကူယားမား၏ လက်တင်အမေရိကမှ အသံတိတ်တော်လှန်ရေး ဆောင်းပါးနှင့်နှိုင်းယှဉ်လေ့လာရန် နောက်ဆက်တွဲ ထည့်သွင်းပေးထားသည်။

"သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာရပ်များမှာ ဂလိုဘယ်လိုက်ဇေးရှင်း၏ အခြားပြဿနာများနှင့်မတူ။ ဖွံ့ဖြိုးပြီးရော ဖွံ့ဖြိုးဆဲနိုင်ငံများကိုပါ တိုက်ရိုက်ထိခိုက်နိုင်စရာရှိသည်ဖြစ်၍ ကမ္ဘာလုံးချီပြဿနာဟု အသေအချာဆိုရမည်ဖြစ်ပါသည်"ဟု ဂျိုးဇက်စတစ်ဂလစ်ကဆိုထားသည့် အခန်း (၆) မြေကမ္ဘာကို ကယ်တင်ခြင်းသည် စင်စစ်သူပြောသကဲ့သို့ ကမ္ဘာလုံးချီဖြေရှင်းရမည့် အရေးအကြီးဆုံးပြဿနာတစ်ရပ်ဖြစ်သည်။ ဖွံ့ဖြိုးသည့်နိုင်ငံကလည်း ဖွံ့ဖြိုးသည့်အလျောက်၊ ဆင်းရဲသည့်နိုင်ငံကလည်း ဆင်းရဲသည့်အလျောက် မြေကမ္ဘာအပေါ် အလွဲသုံးစားပြုမှုများကြောင့် ယိုယွင်းပျက်စီးနေသော ကမ္ဘာမြေကြီးကို အားလုံးဝိုင်းဝန်းကယ်တင်ကြရမည်ဖြစ်သည်။ (စာ-၂၇၂)

'ကမ္ဘာကြီးပူနွေးလာမှု' ခေါင်းစဉ်အောက်မှ ကမ္ဘာကြီးပူနွေးလာသောကြောင့် သိသာမြင်သာလာသော အပြောင်းအလဲကြီး ခုနစ်ချက်မှာ ထိတ်လန့်ဖွယ်ပင်ဖြစ်သည်။ ဂျိုးဇက်စတစ်ဂလစ်အနေနှင့် သူ့စာအုပ်တွင် သီးသန့်အခန်းတစ်ခန်းဖွင့်၍ ဤကိစ္စအပေါ် အလေးအနက်သဘောထားဖြေရှင်းကြရန် တစ်ကမ္ဘာလုံးကို မေတ္တာရပ်ခံထားသည်။ အောက်ပါ သူ့သတိပေးချက်ကလည်း အထူးသတိပြုစရာကောင်းသည်။

"အကယ်၍ လာမည့် နှစ်ငါးဆယ် (သို့မဟုတ်) အနှစ်ခုနှစ်ဆယ်အတွင်း ဝင်ရိုးစွန်းဒေသများမှ ရေခဲတုံးကြီးများ အရည်ပျော်ကျလာလျှင် ယနေ့နယူးယောက်နှင့် လန်ဒန်မြို့၏ နေရာတော်တော်များများမှာ ပင်လယ်ရေအောက်သို့ ရောက်သွားပါလိမ့်မည်။ ကျွန်းနိုင်ငံအများစုလည်း ကမ္ဘာမြေပေါ်မှ ပျောက်ကွယ်သွားနိုင်စရာရှိပါသည်။ ဤအခြေအနေရောက်တော့မှ ကမ္ဘာကြီးကို နဂိုအတိုင်း ပြန်ဖြစ်အောင်လုပ်ဖို့ဆိုလျှင် သိပ်ကိုနောက်ကျသွားပါလိမ့်မည် . . ."

. . . သို့အတွက် အချိန်မနှောင်းမီ ယခုအချိန်ကပင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို စတင်ကြရတော့မည်ဖြစ်ပါသည်။ ပိုမိုဆိုးဝါးလာနိုင်သည့် ရှုမြင်ကွင်းများအတွက် စီမံကိန်းရှိရှိကြိုတင်ပြင်ဆင်ကြသည်က အခြေအနေဆိုးကို ထိုင်စောင့်နေသည်ထက် ပိုမိုလျော်ကန်သင့်မြတ်လိမ့်မည်ဟု သဘောရပါသည်" (စာ-၂၈၂)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဟုဆိုလိုက်သည်နှင့် ကမ္ဘာ့နိုင်ငံအသီးသီး၏ အလေးထားဆောင်ရွက်မှုကို လက်ဆုပ်လက်ကိုင်ပြစရာမှာ ကျိုတိုပရိုတိုကောဖြစ်သည်။ ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စက်ရုံ၊ အလုပ်ရုံ၊ စက်ယန္တရား၊ မော်တော်ယာဉ်နှင့် လောင်စာအသုံးပြုလူသုံးကုန်ပစ္စည်းမျိုးစုံမှ ထွက်ရှိသော ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို ဤကျိုတိုပရိုတိုကောက လျှော့ချသွားရန် သဘောတူညီခဲ့ကြခြင်းဖြစ်သည်။ ဤနေရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ အတိတ်တစ်ချိန်လုံးက ကျူးလွန်ခဲ့သည့် ဒုစရိုက်မှုများအပေါ် ဆင်းရဲမှုလျှော့ချရေးတိုက်ပွဲ အသည်းအသန်နွှဲနေရသည့်ကြားက ညစ်ညမ်းမှုလျှော့ချရေး ဝန်ထုပ်ဝန်ပိုးကို ခွဲတမ်းရမည့် ဖွံ့ဖြိုးဆဲနိုင်ငံနှင့် ဆင်းရဲသောနိုင်ငံများအတွက်မူ မျှတမှုမရှိဟု ကန့်ကွက်ကြသည်။

အခြားတစ်ဖက်တွင်လည်း ကမ္ဘာ့နိုင်ငံအားလုံး၏ ဂျီဒီပီတစ်ဒေါ်လာတိုင်းတွင် သဘာဝပတ်ဝန်းကျင်အပေါ် ထိခိုက်စေသည့်နှုန်းမှာ ဖွံ့ဖြိုးဆဲနှင့် ဆင်းရဲနိုင်ငံများကသာ ဆိုးဆိုးရွားရွား များပြားနေသည်မှာ ငြင်းဆန်၍မရပေ။ ခေတ်မမီတော့သည့် အိုဟောင်းနေသော စက်ယန္တရားများက လောင်စာဆီပိုကုန် ဓာတ်ငွေ့ပိုထုတ်လွှတ်နေသည်ကြောင့်လည်းဖြစ်သည်။ စတစ်ဂလစ်က ဤနှစ်ဖက်အခြေအနေကို ချိန်ထိုးပြအပြီး ကိုယ်ကျိုးစီးပွား အဓိကထားသော အမေရိကန်ပြည်ထောင်စုက ကျိုတိုသဘောတူညီချက်ကို လက်မှတ်မထိုးခြင်း

www.foreverspace.com.mm

အပေါ် ခပ်စပ်စပ်ကလေး ဝေဖန်ထားသည်။ (စာ–၂၈၆–၂၈၇–၂၈၈)

အခန်း (၇) 'နိုင်ငံစုံကော်ပိုရေးရှင်းများ' ခေါင်းစဉ်ကြီးအောက်မှ ကော်ပိုရိတ်ပါဝါကန့်သတ်ရေး ခေါင်းစဉ်ခွဲတွင် ကော်ပိုရိတ်ကြီးများ၏ လက်ဝါးကြီးအုပ် လုပ်ရပ်များကို စတစ်ဂလစ်က ဖော်ထုတ်သုံးသပ်ပြထားသည်။ ကော်ပိုရိတ်ကြီးများကလည်း ဖွံ့ဖြိုးပြီးနိုင်ငံကြီးများတွင်သာ အခြေစိုက်ကြ၍ ကော်ပိုရိတ်အကျိုးစီးပွားနှင့် မိမိတို့နိုင်ငံသားများအကျိုးကိုသာ ကာကွယ်ရေးကိုသာ အဓိကထားကြသောကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံငယ်ကလေးများရှိ စားသုံးသူများမှာ အကာအကွယ်မဲ့ဖြစ်နေရကြောင်း၊ ထိုလက်ဝါးကြီးအုပ်မှုအန္တရာယ်နှင့် ကုန်ကျစရိတ်က အလွန်ကြီးမားလှသည်ဖြစ်ရာ ထိရောက်သော ကမ္ဘာလုံးဆိုင်ရာတရားရေးစနစ်နှင့် နိုင်ငံစုံကြီးကြပ်ရေးအဖွဲ့တစ်ဖွဲ့တို့ လိုအပ်ကြောင်း ထောက်ပြသည်။ (စာ–၃၃၃–၃၃၇)

မျက်မှောက်နိုင်ငံတကာ၏တရားစီရင်ရေးနှင့် တရားဥပဒေစနစ်တွင် ဟာကွက်များရှိနေကြောင်း စတစ်ဂလစ်က ဤသို့နှိုင်းယှဉ်ဖော်ထုတ်ပြသည်။

"ကုမ္ပဏီကြီးများအနေနှင့် အကောင်းဆုံးရှေ့နေများကို ငှားနိုင်သည်ဖြစ်ရာ နှိုင်းယှဉ်ခြင်းအားဖြင့် ဆင်းရဲသော ထိခိုက်နစ်နာခံရသူများဘက်မှ ငှားရမ်းနိုင်သောရှေ့နေများနှင့် ယှဉ်လိုက်လျှင် တရားရုံးတွင် တစ်ပန်းသာနေပါသည် . . . . .

. . . . လူ့အသက်ပေါင်း သန်းနှင့်ချီ ပျက်စီးဆုံးပါးစေခဲ့သော စီးကရက်ကုမ္ပဏီကြီးများထံမှဆိုလျှင် မဖြစ်စလောက်အရေအတွက်သာရှိသော အနည်းငယ်လောက်သည်သာ ထိုက်သင့်သော လျော်ကြေးငွေကို ပေးဆောင်ခဲ့ကြပါသည်။ အများစုမှာ တစ်ပြားတစ်ချပ်မှ မကုန်ဘဲ ပန်းပန်နေဆဲဟုဆိုရပါလိမ့်မည်" (စာ–၃၃၉၊ ၃၄၀)

ဤအချက်သည်နိုင်ငံတကာတွင်ပင်ဖြစ်ပေါ်နေလျှင် Anthorian နိုင်ငံများရှိ တစ်ဖက်သတ်ကျင့်သုံးနေသော တရားဥပဒေစနစ်များအောက်ရှိ ပြည်သူလူထုအဖို့မှာကား တွေးရဲစရာပင်မရှိတော့ချေ။ ဂျိုးဇက်စတစ်ဂလစ်အနေဖြင့် ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကြီးတစ်ခုလုံး အမှန်တကယ်လက်တွေ့ကျကျ အလုပ်ဖြစ်စေလိုသူဖြစ်သည့်အတွက် အလုပ်ဖြစ်နိုင်သည့်နည်းလမ်းများကို ဤစာအုပ်၏ အခန်းတိုင်းအခန်းတိုင်းတွင် အချက်အလက်ခိုင်မာစွာ ပြဆိုထားသည်။ အထူးသဖြင့် သမိုင်းမတင်မီခေတ်မှ ယနေ့ကာလအထိတိုင် အင်အားကြီးသူသာ အနိုင်ရ အသားစီးယူနေသည့် လူ့သမိုင်းဖြစ်စဉ်သဘောအတိုင်းရှိနေသေးရာ ယနေ့ အင်အားအကြီးဆုံးနိုင်ငံကြီးများသည်လည်း ၎င်းတို့ အသားစီးရရေးကိုသာ ဦးတည်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း စတစ်ဂလစ်က ကွင်းကွင်းကွက်ကွက် ထောက်ပြသည်။ ကမ္ဘာပေါ်ရှိလူသားအားလုံး ကမ္ဘာလုံးဆိုင်ရာအကျိုးစီးပွားကို အချိုးကျမျှဝေခံစားနိုင်ရေး အများလက်ခံထားသည့် ဂလိုဘယ်လိုက်ဇေးရှင်း အမှန်တကယ်အလုပ်ဖြစ်စေရေးအတွက်ဆိုလျှင် ဂျိုးဇက်စတစ်ဂလစ်ပြောသကဲ့သို့ "တစ်ကမ္ဘာလုံးအတိုင်းအတာ တရားဥပဒေစိုးမိုးနိုင်ဖို့လိုပါသည်"ဟု ဆိုရမည်ဖြစ်သည်။

ဥပဒေအထက်တွင် နိုင်ငံကြီးတစ်ခုက အမြဲရှိနေလျှင်သော်လည်းကောင်း၊ ထိုနိုင်ငံကြီးနှင့် မကင်းရာမကင်းကြောင်းနိုင်ငံအဖွဲ့အစည်းတစ်ခုခု၏ အကျိုးစီးပွားကိုငဲ့၍သော်လည်းကောင်း ဥပဒေတို့ကျော့ာသားရင်သား ခွဲခြားနေလျှင် ပြည်သူလူထု (အထူးသဖြင့်) ဆင်းရဲသောနိုင်ငံသားများ နင်းပြားဘဝတွင်ရှိနေပေဦးမည်။ သည်ကြားထဲ ဥပဒေကို မိမိအကျိုးစီးပွားအတွက် လိုလျှင်လိုသလိုသုံး၊ မလိုလျှင် မလိုသလို မျက်ကွယ်ပြုနေသော နိုင်ငံကြီးများနှင့် ၎င်းတို့အဖွဲ့ဝင်ထားသော ဒေသဆိုင်ရာအဖွဲ့အစည်းနှင့် ကမ္ဘာလုံးဆိုင်ရာ အဖွဲ့အစည်းများကလည်း အဖိနှိပ်ခံကမ္ဘာ့လူသားအများစု၏ သန်းနှင့်ချီသော မျက်နှာများကို မထောက် မိမိတို့ကိုယ်ကျိုးစီးပွားအလို့ငှာ တစ်ဖက်သတ် မတရားသည့်နိုင်ငံကြီးများဘက်မှ မျက်စိစုံမှိတ်ရပ်တည်နေကြခြင်းမှာလည်း ရေနစ်သူဝါးကူထိုးသကဲ့သို့ ရှိနေပါသည်။

"ဂလိုဘယ်လိုက်ဇေးရှင်းဖြစ်စဉ်ကြီးတစ်ခုလုံးကို အမှန်တကယ်ပြုပြင်ပြောင်းလဲဖို့ဆိုလျှင် စီးပွားရေးမျက်နှာစာသက်သက်တွင် ကန့်သတ်ဆောင်ရွက်ရုံမျှဖြင့် လုံလောက်လိမ့်မည်မဟုတ်ပါ။ ပြောရလျှင် ဂလိုဘယ်လိုက်ဇေးရှင်း ပြုပြင်ပြောင်းလဲရေးဆိုသည်မှာ နိုင်ငံရေးပြဿနာပင်ဖြစ်ပါသည်" ဟူသော အခန်း (၁၀) 'ဂလိုဘယ်လိုက်ဇေးရှင်းကို ဒီမိုကရေစီဇာတ်သွင်းခြင်း' ခေါင်းစဉ်အောက်မှ စတစ်ဂလစ်၏ အမြင် သုံးသပ်ချက်မှာ ဤစာအုပ်၏သော့ချက်အကျဆုံးဖြစ်သည်။ မူဝါဒရေးရာများ၊ စီမံကိန်းများအစရှိသဖြင့် နိုင်ငံတစ်ခုအတွက် ပေါ်လစီရေးရာများ ချမှတ်ရမည့် နိုင်ငံရေးနယ်ပယ်တွင် ဦးစွာပြုပြင်ပြောင်းလဲရမည် ဖြစ်သည်။ နိုင်ငံရေးဟုဆိုသည်နှင့် Power Politic တစ်ခုတည်းကို ဆိုလိုခြင်းမဟုတ်ဘဲ အခြားအခြားသော ပြုပြင်ပြောင်းလဲစရာများကိုလည်း ဆိုလိုခြင်းဖြစ်သည်။ ဒီမိုကရေစီအလေ့အထများကလည်း စင်စစ် ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ဂလိုဘယ်စီးပွားဖွံ့ဖြိုးမှုကို ကြီးစွာအအထောက်အကူပြုသည်။ စတစ်ဂလစ်နမူနာဆွဲထုတ်ပြသောပြဿနာများအနက် 'ကျွမ်းကျင်မှုမဲ့ အလုပ်သမားများ၏ အနာဂတ်'၊ ဆင်းရဲချမ်းသာ ကွာဟမှုအပေါ် ဂလိုဘယ်လိုက်ဇေးရှင်း၏ သက်ရောက်မှု'၊ 'ကမ္ဘာလုံးချီ စီးပွားရေးအဖွဲ့အစည်းများ၏ ဒီမိုကရေစီချို့ယွင်းမှု' တို့မှာ ယနေ့ကမ္ဘာကြီးအတွက် ခေါင်းခဲစရာပြဿနာများ ဖြစ်သည်။ ဤပြဿနာများကို ဖြေရှင်းရန်မှာ ဤအခန်း၏ ခေါင်းစဉ်အတိုင်း ဇာတ်သွင်းနိုင်မှသာ ပြေလည်နိုင်စရာရှိသည်။

မည်သို့ပင်ဖြစ်စေ ဂျိုးဇက်စတစ်ဂလစ်၏ ဤစာအုပ်သည်နိုင်ငံတည်ဆောက်ရေး

www.foreverspace.com.mm



ကို အမှန်တကယ်စိတ်ဝင်စားသူများ၊ အထူးသဖြင့် ဖွံ့ဖြိုးဆဲနှင့် ဆင်းရဲနိုင်ငံများအတွက် မဖြစ်မနေရင်ဆိုင်ရမည့် ဂလိုဘယ်လိုက်ဖေးရှင်းအဟုန်တွင် အလိုက်သင့်မျောပါကူးခတ်ရေးအတွက် ပြဋ္ဌာန်းချက်စာအုပ်သဖွယ်အလေးထားရမည့် စာအုပ်ဖြစ်သည်။


ထုတ်ဝေတိုက် – Plastic Rainbow
မျက်နှာဖုံးဒီဇိုင်း– KZO
ထုတ်ဝေသည့်လ– ဩဂုတ်လ ၂၀၀၈
ထုတ်ဝေသည့်အကြိမ်– ပထမအကြိမ်
အုပ် – ၅၀၀
တန်ဖိုး – ၂၀၀၀ ကျပ်
စာမူပုံနှိပ်ထုတ်ဝေခွင့်ပြုအမှတ်–၃၁၀၀၄၂၀၆၀၈

## မြန်မာဝတ္ထုတို (၂၀၀၆)

စာအုပ်ထုတ်ဝေဖြန့်ချိရေးနယ်ပယ်တွင် စေတနာပါသောလုပ်ဆောင်မှုများကြောင့် နာမည်ရနေသော စိတ်ကူးချိုချိုစာအုပ်တိုက်မှ တိုက်၏ (၉) နှစ်ပြည့် အမှတ်တရအဖြစ် ထုတ်ဝေလိုက်သည့် ဝတ္ထုတိုပေါင်းချုပ်စာအုပ်ဖြစ်သည်။

နန္ဒာစိုး (ဆင်ဖြူကျွန်း)၊ ဆွန်အဲလှု၊ သစ္စာနီ၊ နတ်မျိုး၊ ယဉ်ယဉ်နု (မန္တလေး)၊ မြင့်သန်း၊ ငွေဇင်ယော်ဦး (မိုးကုတ်)၊ သက်ထွန်း (ဆေးသိပ္ပံ)၊ ရဲဘုန်းခေါင်၊ မောင်လွင်မွန် (ကသာ)၊ ရွှေသဥ္စာ၊ မောင်ညိုပြာ၊ စုမီအောင်၊ မောင်ရင့်မာ (ကျောင်းကုန်း)၊ လက်ာရည်ကျော်၊ လွန်းထားထား (ဆေးတက္ကသိုလ်)၊ နုနုရည် (အင်းဝ)၊ အဏ္ဏဝါစိုးမိုး၊ မောင်ကျော်သာ (ပဲခူး)၊ အမ်လှိုင်၊ လင်းသော်ဝေ၊ ပိုင်စိုးဝေ၊ ငြိမ်းအေးအိမ်၊ ဂျူး၊ မောင်ခိုင်အောင်၊ ခင်အောင်ဝင့်၊ နှင်းဝေငြိမ်း၊ ကိုမောင်ဌေးသိန်း (ပွေးလှ)၊ နှင်းပန်းအိမ် ကလောင်ရှင် ၂၉ ဦး၏ ရသဝတ္ထုတိုများ ပါဝင်သည်။

နန္ဒာစိုး (ဆင်ဖြူကျွန်း)၏ 'မြင်းမိုရ်ပြို၍ပိသူများ' တွင် ဇာတ်ကွက် ၂ နှင့် ၃ မှာ စာဖတ်သူများ ခံစားဆင်ခြင်နိုင်မည့် ကလောင်ချက်ဖြစ်သည်။ ဆွန်အဲလှု၏




'ကိုးနှစ်လီဆယ့်ငါး' မှာမူ ထူးဆန်းသောလှည့်ကွက်မပါဘဲ အစိုးရဝန်ထမ်းတစ်ခု၏ ဘဝအမောပြေမှုနှင့် အမောဖောက်မှုများ ကို တွေ့မြင်ရမည်ဖြစ်သည်။ ရုပ်ရှင်ဇာတ်လမ်းဆန်သော သစ္စာနီ၏ 'ထိုနှစ်ယောက်' တွင် အနုပညာမာနမှန်များ ဟန်မကျသေးမှုကို ပုံဖော်ထားသည်။ နတ်မျိုး၏ဝတ္ထုတို 'ကောင်းကင်မရှိတဲ့ကြယ်' မှာ မည်သည့်ဝတ္ထုကို မိုငြမ်းထားသည်ဟု ဖော်ပြမထားသော်ငြား လူစိတ်ရှိသူများ လှုပ်ရှားခံစားကြမှုနှင့် အကျိုးဆက်ကို ရေးဖွဲ့ထား၍ ဖတ်သင့်သောစာမူကောင်းတစ်ခုဖြစ်သည်။ ယဉ်ယဉ်နု၏ 'မုဆိုးမသုံးယောက်၏ သားများ'၊ မြင့်သန်း၏ 'ဆေးရုံ'၊ ငွေဇင်ယော်ဦး (မိုးကုတ်) ၏ 'အသံမမြည်သော ခေါင်းလောင်းများ' မှာ ရသမြောက်သည်ကို တွေ့ရမည် ဖြစ်သည်။ သက်ထွန်း (ဆေးသိပ္ပံ) ၏ 'ယနေ့မှစ နှစ်တစ်ရာတိုင်' မှာမူ ထူးခြားမှုမတွေ့ရပေ။ ရဲဘုန်းခေါင်၏ 'စာသုံးစောင်' မှာ ဝတ္ထုတိုကောင်းတစ်ပုဒ်ဖြစ်၏။ သို့သော် ဇာတ်ကောင် မည်သို့သောပြစ်မှုကျူးလွန်၍ ရဲဘက်စခန်းရောက်လာသည်ကို ဖော်ပြမထား၍ 'ဆား' နည်းနည်းလိုနေသကဲ့သို့ ခံစားရသည်။

မောင်လွင်မွန် (ကသာ)၏ 'မိုးခါးရေအယ်လဂျီ'၊ ရွှေသဥ္စာ၏ 'တွယ်ငြိတတ်သည်'၊ မောင်ညိုပြာ၏ 'အိမ်ငှားသူများ' မှာလည်း ရသမြောက်၏။ မောင်ရင့်မာ (ကျောင်းကုန်း)၊ လက်ာရည် ကျော်၊ နုနုရည် (အင်းဝ)၊ အဏ္ဏဝါစိုးမိုးတို့၏ ကလောင်တို့ချက်များမှာ ဝတ္ထုတိုတစ် ပုဒ်ဖတ်ရခြင်း၏ အရသာမှန်ကို ခံစားကြည့်နိုင်မည့် အခွင့်အလမ်းဖြစ်နေသည်ကိုတွေ့ရသည်။ ဝတ္ထုတိုကောင်းများ ဖတ်ရှုခံစားစေလို၍ ထုတ်ဝေသည်ဟု ယူဆရသော ဤစာအုပ်တွင် ပိုင်စိုးဝေ၏ 'သောကြာနေ့ည မီးရထားဥသြသံ'၊ ငြိမ်းအေး အိမ်၏ 'စနေသားကျောင်း'၊ ဂျူး၏ 'ပြ တင်းပေါက်ကိုဖွင့်ချင်တယ်'၊ ခင်အောင်ဝင့်၏ 'သက်ဆိုး'၊ နှင်းဝေငြိမ်း၏ 'ယတြာ'၊ နှင်းပန်းအိမ်၏ 'ကြားသုံးကြား' တို့သည် ရသစုံပေးစွမ်းနိုင်သည့် ဝတ္ထုတိုများဖြစ်နေသည်ကို တွေ့ရသည်။

ခြုံ၍ဆိုရလျှင် လူ့အဖွဲ့အစည်းတစ်ရပ် ခိုင်မာဖွံ့ဖြိုးတိုးတက်ရေးတွင် ဝတ္ထုတိုများ၏ အခန်းကဏ္ဍအရေးပါမှုကို လျစ်လျူရှု၍မရသည်မှာ သေချာသည်ဖြစ်၍ မြန်မာဝတ္ထုတို (၂၀၀၆) စာအုပ်ထွက်ရှိလာခြင်းမှာ ကြိုဆိုအပ်သည့်ကိစ္စပင်ဖြစ်သည်။

စာအုပ်အပြင်အဆင် သပ်ရပ်ကောင်းမွန်သည်။ ၂၀၀၆ ခုနှစ်အတွင်း ထွက်ရှိခဲ့သော ဝတ္ထုတိုများအနက် ရသဝတ္ထုတိုကောင်းများကို ဖတ်ရှုခံစားနိုင်မည်ဖြစ်သည်။ ကလောင်ရှင်များ၏ ခံစားရေးဖွဲ့တင်ဆက်ပုံကောင်းသည်ကို တွေ့ရမည်။ ထုတ်ဝေရသော စိတ်ကူးချိုချိုစာအုပ်တိုက်၏ စီစဉ်စွန့်စားမှုကို အလေးအနက်အသိအမှတ်ပြုရမည်ဖြစ်သည်။

ထုတ်ဝေတိုက် – စိတ်ကူးချိုချိုစာအုပ်တိုက်
မျက်နှာဖုံးဒီဇိုင်း– Aung Kyaw
ထုတ်ဝေသည့်နှစ် – ၂၀၀၈ ခုနှစ် ဩဂုတ်လ
အကြိမ် – ပထမအကြိမ်
တန်ဖိုး – ၂၃၀၀ ကျပ်
စာမူခွင့်ပြုချက်အမှတ် – ၅၀၀၇၇၉၀၆၀၈

■

www.foreverspace.com.mm

# ၂၀၀၈ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ထွက်ရှိသောစာအုပ်များ

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ်အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ပထမတန်းစားစိတ်ဓာတ်<br>စာမူခွင့်ပြုချက်အမှတ် –၄၀၀၅၈၆၀၅၀၈ | လူထုစိန်ဝင်း | ၁၀၀၀ | ၂၅၀၀ | ပင်ဝါးရုံ | ၂၀၀၈၊ ဩဂုတ် (ပ–ကြိမ်) | ဆောင်းပါး ပေါင်းချုပ် |
| ၂။ | တူးလုစ်လောထရက်<br>စာမူခွင့်ပြုချက်အမှတ် – ၄၀၀၇၇၇၀၇၀၈ | လှိုင်ဘွား | ၁၀၀၀ | ၃၀၀၀ | Genius | ၂၀၀၈၊ စက်တင်ဘာ (ပ–ကြိမ်) | အတ္ထုပ္ပတ္တိ |
| ၃။ | ကိုယ်တွင်းသမားတော်<br>စာမူခွင့်ပြုချက်အမှတ် – ၄၀၁၂၂၀၀၆၁၈ | ဒေါက်တာမြင့်လွင် စိတ်ပညာ | ၅၀၀ | ၂၅၀၀ | | ၂၀၀၈၊ ဩဂုတ် (ပ–ကြိမ်) | ကျန်းမာရေး ပညာပေး |
| ၄။ | စပယ်ဦးလက်ရွေးစင်မြန်မာ ဝတ္ထုတိုများ ၁၉<br>စာမူခွင့်ပြုချက်အမှတ် – ၅၀၀၀၆၇၀၁၀၈ | စာရေးဆရာစုံ | ၁၀၀၀ | ၈၀၀ | စပယ်ဦး | ၂၀၀၈၊ ဩဂုတ် (ပ–ကြိမ်) | ဝတ္ထုတို ပေါင်းချုပ် |
| ၅။ | နိုင်ငံတကာသတင်းမီဒီယာ<br>စာမူခွင့်ပြုချက်အမှတ် – ၄၀၀၆၇၆၀၆၀၈ | ရဲတင့် | ၅၀၀ | ၂၅၀၀ | တူဒေး | ၂၀၀၈၊ ဩဂုတ် (ပ–ကြိမ်) | ပညာရပ်စာစဉ် |
| ၆။ | သင့်ကလေးလူတော်လူကောင်းဖြစ် အောင် ပုံဖော်နည်း<br>စာမူခွင့်ပြုချက်အမှတ် – ၄၀၀၅၄၇၀၅၀၈ | ဒေါက်တာ ကျော်စိန် | ၅၀၀ | ၂၃၀၀ | တူးဒေး | ၂၀၀၈၊ ဩဂုတ် (ပ–ကြိမ်) | ပညာရပ်စာစဉ် |
| ၇။ | အဖြစ်များတဲ့အရေပြားပြဿနာများ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၇၀၁၀၆၀၈ | ဒေါက်တာ ကျော်ကျော် | ၅၀၀ | ၃၀၀၀ | ရှင်မတောင် | ၂၀၀၈၊ စက်တင်ဘာ (ပ–ကြိမ်) | ကျန်းမာရေး |
| ၈။ | ဦးဆောင်သူဘယ်လောက်အရေးကြီးလဲ<br>စာမူခွင့်ပြုချက်အမှတ် –၄၀၀၄၄၈၀၄၁၈ | နေဇင်လတ် | ၅၀၀ | ၁၅၀၀ | စိတ်ကူးချိုချို | ၂၀၀၈၊ စက်တင်ဘာ (ပ–ကြိမ်) | စီမံခန့်ခွဲမှု |
| ၉။ | အင်္ဂလိပ်စာမိတ်ဆက်ရပ်စုံအဘိဓာန်<br>စာမူခွင့်ပြုချက်အမှတ် –၄၀၀၆၃၃၀၆၀၈ | လင်းတည်ဦး | ၅၀၀ | ၁၆၀၀ | စိတ်ကူးချိုချို | ၂၀၀၈၊ စက်တင်ဘာ (ပ–ကြိမ်) | ပညာရပ် |
| ၁၀။ | သေနင်္ဂဗျူဟာစစ်ပညာ<br>စာမူခွင့်ပြုချက်အမှတ်–၃၁၀၀၇၅၀၆၁၀ | အောင်မြတ်ဦး | ၅၀၀ | ၁၅၀၀ | Quality Publishing House | ၂၀၀၈ ၊စက်တင်ဘာ (ပ–ကြိမ်) | စစ်ပွဲမှတ်တမ်း |
| ၁၁။ | စစ်နှင့်နိုင်ငံရေး<br>စာမူခွင့်ပြုချက်အမှတ် –၃၁၀၀၄၆၀၇၀၈ | နိုင်ဦး | ၅၀၀ | ၂၅၀၀ | The Key | ၂၀၀၈၊အောက်တိုဘာ (ပ–ကြိမ်) | ဂျပန်နိုင်ငံရေး သမိုင်း |
| ၁၂။ | သင့်ဘဝအတွက်အရေးကြီးဆုံးအရာ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၄၃၄၁၂၀၇ | မြတ်ငြိမ်း | ၅၀၀ | ၁၅၀၀ | ရှုဝံ | ၂၀၀၈၊ ဩဂုတ် (ပ–ကြိမ်) | စာပဒေသာ |
| ၁၃။ | ကြည်အေး၏ကဗျာများ<br>စာမူခွင့်ပြုချက်အမှတ်–၄၂၀၀၁၈၀၆၀၈ | ကြည်အေး | ၅၀၀ | ၂၀၀၀ | စိတ်ကူးချိုချို | ၂၀၀၈၊ ဩဂုတ် (ဒု–ကြိမ်) | ကဗျာစုစည်းမှု |
| ၁၄။ | ရသပညာနိဒါန်းနှင့်ဒဿနစာတမ်းများ<br>စာမူခွင့်ပြုချက်အမှတ်– ၄၀၀၄၉၈၀၄၀၈ | မြဝင်း (ဒဿန) | ၁၀၀၀ | ၁၈၀၀ | အလင်းသစ် | – | ဒဿနစာအုပ် |

www.foreverspace.com.mm

| စဉ် | စာအုပ်အမည် | စာရေးသူ | အုပ်ရေ | တန်ဖိုး (ကျပ်) | ထုတ်ဝေတိုက် | ထုတ်ဝေနှစ် | စာအုပ် အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁၅။ | အလိုမပြည့်သူရဲ့ပွဲလမ်းသဘင်<br>စာမူခွင့်ပြုချက်အမှတ်–၄၂၀၀၃၀၀၆၀၇ | အိုအောင် | ၇၀၀ | ၁၀၀၀ | The deep books | ၂၀၀၈၊ ဩဂုတ်<br>(ပ–ကြိမ်) | ကဗျာပေါင်းချုပ် |
| ၁၆။ | အောင်ခြင်းရှစ်ပါး<br>စာမူခွင့်ပြုချက်အမှတ်–၃၂၀၁၉၁၀၃၀၈ | မင်းယုဝေ | ၅၀၀ | ၁၅၀၀ | စိတ်ကူးချိုချို | ၂၀၀၈၊စက်တင်ဘာ<br>(ပ–ကြိမ်) | ဘာသာရေး |
| ၁၇။ | သံယောဇဉ်ကမ်းခြေ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၁၀၅၆၀၉၀၇ | တင်မောင်မြင့် | ၁၀၀၀ | ၃၀၀၀ | ပုဂံ | ၂၀၀၈၊ ဩဂုတ်<br>(ဒု–ကြိမ်) | ဘာသာပြန် |
| ၁၈။ | ပီမိုးနင်းဝတ္ထုတိုများ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၃၅၄၀၃၀၈ | ပီမိုးနင်း | ၅၀၀ | ၁၂၀၀ | ရှုဝံ | ၂၀၀၈၊စက်တင်ဘာ<br>(ပ–ကြိမ်) | ဝတ္ထုတိုစုစည်းမှု |
| ၁၉။ | သွေးလွန်တုပ်ကွေး<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၆၉၇၀၆၀၈ | ဒေါက်တာ<br>အောင်သန်း | ၁၀၀၀ | ၁၀၀၀ | ပင်ဝါးရုံ | ၂၀၀၈၊စက်တင်ဘာ<br>(ပ–ကြိမ်) | ကျန်းမာရေး |
| ၂၀။ | ဘဝမီးတိုင်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၄၃၃၀၄၀၈ | ပါရဂူ | ၁၀၀၀ | ၆၀၀ | သူရိယ | ၂၀၀၈၊ ဩဂုတ်<br>(ပ–ကြိမ်) | ဘာသာပြန် |
| ၂၁။ | ပန်းနာရင်ကျပ်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၀၉၇၀၁၀၈ | မောင်မောင်<br>ထွန်းအောင် | ၁၀၀၀ | ၂၀၀၀ | ဟိန်းထက် | ၂၀၀၈၊စက်တင်ဘာ<br>(ပ–ကြိမ်) | ကျန်းမာရေး |
| ၂၂။ | ဆန်းကြယ်ထူးခြားစစ်သားတို့၏<br>လက္ခဏာများ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၆၄၂၆၀၈ | သောင်းဝေဦး | ၁၀၀၀ | ၁၈၀၀ | မြရတနာ | ၂၀၀၈၊စက်တင်ဘာ<br>(ပ–ကြိမ်) | – |
| ၂၃။ | ပါဝါကျဆုံးခြင်းနှင့် စင်ကာပူဘဝရှန်း<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၆၄၆၀၆၀၇ | ဝင်းထွဋ်ဖော် | ၅၀၀ | ၁၅၀၀ | နန်းဒေဝီ | ၂၀၀၈၊ ဩဂုတ်<br>(ပ–ကြိမ်) | ဝတ္ထုတိုစု<br>(ဘာသာပြန်) |
| ၂၄။ | ဖူမန်ချူးနှင့် ပရဏဗုံသံ<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၈၀၅၀၇၀၇ | စိုးမြိုင် | ၅၀၀ | ၂၀၀၀ | ယဉ်မျိုး | ၂၀၀၈၊ ဩဂုတ်<br>(ဒု–ကြိမ်) | ဘာသာပြန် |
| ၂၅။ | ပုဂံခရီးသည်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၅၁၈၀၅၀၈ | ပါရဂူ | ၅၀၀ | ၃၃၀၀ | စိတ်ကူးချိုချို | ၂၀၀၈၊စက်တင်ဘာ<br>(ဒု–ကြိမ်) | ဝတ္ထု |
| ၂၆။ | ဒေါက်တာကွိုက်<br>စာမူခွင့်ပြုချက်အမှတ်–၅၀၀၃၄၃၀၃၀၈ | နတ်နွယ် | ၁၀၀၀ | ၁၅၀၀ | သူရိယ | ၂၀၀၈၊ ဩဂုတ်<br>(ဒု–ကြိမ်) | ဘာသာပြန် |
| ၂၇။ | နှောင်းခေတ်တက္ကသိုလ်ဘဝ<br>မှတ်တမ်းလွှာများ<br>စာမူခွင့်ပြုချက်အမှတ်–၄၀၀၆၅၈၀၆၀၈ | မြကေတု | ၅၀၀ | ၃၀၀၀ | ရှုဝံ | ၂၀၀၈၊ ဩဂုတ်<br>(ပ–ကြိမ်) | အတွေ့အကြုံ |
| ၂၈။ | ဣတ္ထိယနယ်ဝင်သိစေချင်<br>စာမူခွင့်ပြုချက်အမှတ်–၄၀၁၂၆၃၁၁၀၇ | အောင်<br>(ဆေး–၁) | ၁၀၀၀ | ၁၅၀၀ | ဖူလုံ | ၂၀၀၈၊ ဩဂုတ်<br>(ပ–ကြိမ်) | ကျန်းမာရေး |

www.foreverspace.com.mm

# မွေးလ ၊ မွေးရက်ကပြောသော စီးပွားရေးကံကြမ္မာ

မောင်မောင်မြင့်သန်းမောင်

**မွေးရက်ဂဏန်းသည် ပြောင်းလဲ၍မရနိုင်ခြင်း၊ မွေးသောရက်၌ကြီးစိုးသော ဂြိုဟ်၏ရောင်ခြည်သြဇာသက်ရောက်ခြင်းနှင့် ဆက်စပ်နေခြင်းကြောင့် မွေးသည်မှသေဆုံးသည်အထိဘဝဖြစ်စဉ်များသို့ သြဇာသက်ရောက်လွှမ်းမိုးနေသော အရေးအကြီးဆုံးဂဏန်းဖြစ်ပေသည်။ မိမိတို့၏ အင်္ဂလိပ်မွေးလနှင့် မွေးရက်ကိုသိရုံမျှနှင့် မိမိတို့၏စီးပွားရေးကံကြမ္မာကိုသိရှိနိုင်စေရန် မွေးဖွားသောလအလိုက် ၂ ရက်၊ ၁၁ ရက်၊ ၂၀ ရက်နှင့် ၂၉ ရက်နေ့ ဖွားမြင်သူများအတွက် စီးပွားရေးကံကြမ္မာဟောကိန်းများကို ဆက်လက်ရေးသားဖော်ပြအပ်ပါသည်။**

## ဇန်နဝါရီလ ၂၊ ၁၁၊ ၂၀ နှင့် ၂၉ ရက်နေ့များတွင် မွေးဖွားသူများ

မိမိတို့၏စားဝတ်နေရေးအတွက်နှင့် မိမိရည်မှန်းချက်အကောင်အထည်ဖော်ရန် လိုအပ်သည့်အခါမှလွဲ၍ ငွေကြေးကို လောဘတကြီးမရှိတတ်ပေ။ ငွေကြေးကိုလိုအပ်သည့် အချိန်တွင် မိမိ၏အတွေးအခေါ် ဉာဏ်ပညာဖြင့်ရယူနိုင်သည်ဟု ယုံကြည်ထားတတ်ကြသည်။

မိမိမျှော်လင့်သလိုဖြစ်မလာသည့်အခါ စိတ်ပျက်အားငယ်တတ်သူ၊ အားနာတတ်သူ၊ စိတ်သဘောလွယ်သူဖြစ်သဖြင့် ကြီးပွားချမ်းသာသင့်သလောက် ကြီးပွားချမ်းသာခြင်း မရှိတတ်ပေ။

ငွေကြေးကိုခုံမင်မက်မောတတ်သူမဟုတ်သော်လည်း ငွေကြေးသုံးစွဲရာတွင် စဉ်းစားချင့်ချိန်သုံးစွဲတတ်သည်။

စီးပွားရေးတွင်အများ၏ ဆန့်ကျင်မှု၊ ချောက်တွန်းမှုများကြောင့်လုပ်ငန်းတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်လေ့ရှိတတ်သည်။ ကြမ်းကြမ်းတမ်းတမ်းနှင့် သွက်လက်လျင်မြန်စွာလုပ်ရသော လုပ်ငန်းမျိုးထက် တည်တည်ငြိမ်ငြိမ်နှင့် စဉ်းစားတွေးခေါ်လုပ်ကိုင်ရသောလုပ်ငန်းမျိုးတွင် ပိုမိုအောင်မြင်မည်။

## ဖေဖော်ဝါရီလ ၂၊ ၁၁၊ ၂၀ နှင့် ၂၉ ရက်နေ့များတွင် မွေးဖွားသူများ

မိမိ၏ ဗီဇအရည်အချင်းကောင်းမွန်သဖြင့် အသက်ကြီးပိုင်းတွင် ငွေကြေးချမ်းသာကြွယ်ဝလာမည်။ မိဘဘိုးဘွားအမွေအနှစ်ရကိန်း ကံဇာတာပါနေခြင်းကြောင့်လည်း ချမ်းသာကြွယ်ဝလာနိုင်သည်။ ဘဝတစ်သက်တာတွင် မိမိအားတန်ဖိုးရှိသော ငွေကြေးဥစ္စာပစ္စည်း စသည်တို့ကို ပံ့ပိုးကူညီထောက်ပံ့ခြင်းမျိုး မကြာခဏရရှိတတ်သည်။

သို့သော် ဖေဖော်ဝါရီလ ၂ ရက်၊ ၁၁ ရက်နှင့် ၂၀ ရက်နေ့ဖွားဖြစ်ပါက ငယ်ရွယ်စဉ်တွင် ငွေကြေးနှင့်ပတ်သက်၍ အခက်အခဲ သို့မဟုတ် ချုပ်ချယ်ကန့်သတ်မှုများကို ကြုံတွေ့ရတတ်သည်။

ချမ်းသာကြွယ်ဝသောမိဘများမှ မွေးဖွားလာသူများအတွက်မူ ခြွင်းချက်ဖြစ်သည်။ သို့ရာတွင် မိဘများမှာ မိမိအပေါ် ငွေကြေးနှင့်ပတ်သက်၍ ချုပ်ချယ်ကန့်သတ်မှုရှိမည်။

ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် မွေးဖွားသူဖြစ်ပါက အခြားဖေဖော်ဝါရီလ ၂၊ ၁၁၊ ၂၀ ရက်နေ့တွင် ဖွားမြင်သူများထက် ငယ်ရွယ်စဉ်တွင် ပိုမိုကံကောင်းပြီး မိမိအပေါ် ချုပ်ချယ်ကန့်သတ်မှုများနည်းပါးမည်။

မိမိ၏ပင်ကိုယ်အရည်အချင်းကြောင့် လူလတ်ပိုင်းအရွယ်ရောက်မှ အနုပညာနှင့်ဆိုင်သောလုပ်ငန်းများနှင့်ပတ်သက်ပြီး အောင်မြင်ဖြစ်ထွန်းမည်။ သေချာပေါက် အကျိုးအမြတ်ရမည့်လုပ်ငန်းဖြစ်သော်လည်း မိမိကိုယ်တိုင် ကြီးကြပ်ကွပ်ကဲနိုင်မှသာလျှင် စီးပွားဖြစ်မည်။

သူတစ်ပါး၏လုပ်ငန်းမျိုးတွင် စွန့်စား၍ ရင်းနှီးမြှုပ်နှံခြင်းမပြုသင့်ချေ။ များသောအားဖြင့် မရေရာမသေချာသည့် စီးပွားရေးလုပ်ငန်းမျိုးတွင် စွန့်စားပြီးရင်းနှီးမြှုပ်နှံမှုကြောင့် စီးပွားပျက်ကိန်းရှိသဖြင့် အထူးသတိထား ဆင်ခြင်သင့်သည်။

## မတ်လ ၂၊ ၁၁၊ ၂၀ နှင့် ၂၉ ရက်နေ့များတွင် မွေးဖွားသူများ

စိတ်မတည်ငြိမ်တတ်သူ၊ စိတ်ကူးယဉ်တတ်သူဖြစ်သဖြင့် ငယ်ရွယ်စဉ်ကာလ

www.foreverspace.com.mm

တွင် ငွေကြေးစီးပွားရေးကို လက်တွေ့ရှာဖွေရာတွင် အခက်အခဲရှိမည်။ ငွေကြေးစီးပွားအခြေအနေမှာ များသောအားဖြင့် သေသေချာချာနှင့် တည်တည်ငြိမ်ငြိမ်မရှိတတ်ပေ။

ရတ်တရက် မမျှော်လင့်ဘဲ ငွေကြေးဝင်လာတတ်သော်လည်း ငွေကြာကြာမမြဲတတ်ချေ။ ထို့ကြောင့် ငွေကြေးသုံးစွဲရာတွင် စစ်စစ်စီစီသုံးစွဲပြီး စုဆောင်းသည့်အလေ့အကျင့်ရှိပါမှ တော်ရုံကျမည်။

များသောအားဖြင့် ငွေကြေးလိုအင်ဆန္ဒသာကြီးမားပြီး လက်တွေ့ငွေကြေးရှာဖွေရာတွင် အဆင်မပြေနိုင်ကြသဖြင့် ငွေကြေးနှင့်ပတ်သက်၍ စိတ်အေးချမ်းသာမှု ရှိနိုင်မည်မဟုတ်ချေ။

မိမိစိတ်ထက်သန်ရာလုပ်ငန်းတစ်ခုခုတွင် ဇောက်ချပြီးလုပ်ကိုင်ပါက အောင်မြင်မှုရနိုင်သည့်အလားအလာရှိသည်။

## ဧပြီလ ၂၊ ၁၁၊ ၂၀ နှင့် ၂၉ ရက်နေ့များတွင် မွေးဖွားသူများ

စီးပွားရေးတွင် တက်ကြွစွာ တွန်းတွန်းတိုက်တိုက်လုပ်ကိုင်ဆောင်ရွက်တတ်သဖြင့် အောင်မြင်မှုရနိုင်သော်လည်း မိမိ၏ကိုယ်ပိုင်အယူအဆကို လွန်လွန်ကဲကဲဦးစားပေးဆောင်ရွက်လေ့ရှိသဖြင့် မိမိအတွက် အကျိုးရှိသင့်သလောက် မရှိနိုင်ပေ။

အစုစပ်များ သို့မဟုတ် အလုပ်တူအလုပ်ဖက်များ၏ အတားအဆီးမရှိပါမှ လုပ်သမျှအောင်မြင်မည်။ တစ်နေရာတည်းတွင် စွဲစွဲမြဲမြဲလုပ်ကိုင်လိုခြင်းမရှိဘဲ လုပ်ငန်းအမျိုးမျိုးကို ပြောင်းလဲလုပ်ကိုင်တတ်သည်။ ရသမျှအဆင့်အတန်းတွင် မည်သည့်အခါမှ စိတ်ကျေနပ်ရောင့်ရဲခြင်းမရှိတတ်ပေ။

မည်သည့်လုပ်ငန်းမျိုးတွင်မဆို လွှမ်းမိုးနိုင်သူဖြစ်နေမည်။ မကြာခဏဆိုသလို စိတ်ကူးယဉ်တတ်သောသဘာဝက ဝင်၍ အတားအဆီးဖြစ်တတ်သည်။

## မေလ ၂၊ ၁၁၊ ၂၀ နှင့် ၂၉ ရက်နေ့များတွင် မွေးဖွားသူများ

ငွေကြေးစီးပွားကံကောင်းခြင်းနှင့် ကံဆိုးခြင်းတို့ကို တစ်လှည့်စီကြုံတွေ့ရတတ်သည်။ တစ်ခါတစ်ရံ ငွေဝင်လမ်းဖြောင့်နေတတ်သော်လည်း ရတ်တရက် ငွေကြေးပြဿနာပေါ်လာတတ်သည်လည်းရှိမည်။ လုပ်သမျှအဆင်မပြေဖြစ်လာတတ်သည်။ လောင်းကစားနှင့် အကျိုးမပေးတတ်သောကံဇာတာပါသဖြင့် လောင်းကစားလုံးဝမပြုသင့်ပေ။ စီးပွားရေးတွင်လည်း လောင်းကစားဆန်ဆန် ပိုင်ပြီထင်ပြီး ပုံအောရင်းနှီးမြှုပ်နှံခြင်းမလုပ်သင့်။ အဆုံးအရှုံးနှင့် ရင်ဆိုင်ရတတ်သည်။

တရားလွန်အသုံးအစွဲကြီးခြင်းကို သတိနှင့် ဆင်ခြင်သင့်သည်။ လောကကြီးတွင် အဆင်ပြေစွာနေထိုင်သွားကြရမည့်ဇာတာပါသော်လည်း အပျော်အပါးနှင့် စည်းစိမ် အလွန်အကျွံခံခြင်းကို အတတ်နိုင်ဆုံး ထိန်းချုပ်သင့်သည်။

## ဇွန်လ ၂၊ ၁၁၊ ၂၀ နှင့် ၂၉ ရက်နေ့များတွင် မွေးဖွားသူများ

ငွေကြေးစီးပွားရေးနှင့်ပတ်သက်၍ စနစ်တကျစီမံလုပ်ကိုင်ဆောင်ရွက်ခြင်းမရှိတတ်ကြချေ။ ငွေကြေးလောဘမရှိတတ်သူများဖြစ်သဖြင့် ငွေကြေးကို လောဘတကြီးရှာဖွေသူများမဟုတ်ကြပေ။ ငွေကြေးလောဘနည်းသူများဖြစ်၍ ဝင်ငွေလည်းနည်းပါးတတ်ကြသည်။ ငွေကြေးရှာဖွေရာတွင်လည်း ထက်မြက်မှုမရှိတတ်ပေ။

သို့သော်လည်း ကြီးပွားတိုးတက်ရေးအတွက် အစဉ်စိတ်ကူးယဉ်အတွေးအိပ်မက်မက်နေတတ်ကြသည်။

မည်သို့ပင်ဖြစ်စေကာမူ အတွေးအိပ်မက်များမှာ လက်တွေ့အကောင်အထည်ပေါ်လာတတ်လေ့ရှိသည်။

■

## ဇူလိုင်လ ၂၊ ၁၁၊ ၂၀ နှင့် ၂၉ ရက်နေ့များတွင် မွေးဖွားသူများ

ငွေကြေးစီးပွားရေးအခြေအနေမှာ မသေချာမရေရာတတ်ဘဲ မကြာခဏပြောင်းလဲမှုရှိနေတတ်သည်။ အကြီးအကျယ်အကျိုးအမြတ်ရရှိမည်ဟု ထင်မြင်ပြီး မဆင်မခြင်ရင်းနှီးမြှုပ်နှံတတ်ကြသဖြင့် အရှုံးပေါ်တတ်သည်။ အရှုံးကိုကာမိစေရန် ထပ်မံပုံအောရင်းနှီးမြှုပ်နှံတတ်ကြသဖြင့် အဆုံးအရှုံး သံသရာလည်နေတတ်သည်။

အသက်ကြီးပိုင်းအရွယ်သို့ရောက်သောအခါ ငွေကြေးစီးပွားရေးအခြေအနေမှာ အလွန်ဆိုးရွားနေမည်ဖြစ်သည်။

သို့ဖြစ်၍ ငွေကြေးရှာဖွေရာတွင် အလွန့်အလွန်အမြော်အမြင်ကြီးစွာနှင့် သတိကြီးစွာထားပြီး ဖြည်းဖြည်းနှင့် မှန်မှန် ငွေကြေးစုဆောင်းမိလာအောင်သာ ဆောင်ရွက်သင့်သည်။

အကောင်းဆုံးမှာ ခိုင်မာ၍အခြေတကျရှိပြီးဖြစ်သောလုပ်ငန်းများတွင်သာ အတော်အသင့်ရင်းနှီးမြှုပ်နှံခြင်း၊ မိမိကိုယ်တိုင်ဝင်ရောက်လုပ်ကိုင်ခြင်းပြုသင့်သည်။

## ဩဂုတ်လ ၂၊ ၁၁၊ ၂၀ နှင့် ၂၉ ရက်နေ့များတွင် မွေးဖွားသူများ

ငွေကြေးဥစ္စာနေကို မက်မောသူများမဟုတ်ကြပေ။ ငွေကြေးဆိုင်ရာကံကောင်းထောက်မမှု များစွာကြုံတွေ့ရမည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်အပုံလိုက်ရတတ်သည်။ သို့သော် မိမိ၏ရက်ရောသဘောကောင်းမှုကြောင့် ငွေအဖတ်မတင်တတ်ချေ။

မိမိ၏ ပင်ကိုယ်ပါရမီကြောင့် ဝင်ငွေကောင်းနိုင်သည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ခြင်းထက် မိမိ၏ကိုယ်၊ နှုတ်၊ အရည်အချင်း၊ အနုပညာဗီဇစသည်တို့ကို အသုံးချပါက ပို၍အောင်မြင်မှုရနိုင်သည်။ မည်သည့်လုပ်ငန်းရပ်မျိုးတွင်

www.foreverspace.com.mm



မဆို တိုးတက်အောင်မြင်မှုရရှိစေမည့် အခွင့်အရေးများစွာ ကြုံတွေ့ရမည်။

## စက်တင်ဘာလ ၂၊ ၁၁၊ ၂၀ နှင့် ၂၉ ရက်နေ့များတွင် မွေးဖွားသူများ

စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ခြင်းမျိုးထက် ဉာဏ်ပညာကို အသုံးပြု၍ စီးပွားရှာခြင်းကို ပိုပြီးလိုလားသူများဖြစ်သည်။

သို့သော် ချမ်းသာကြွယ်ဝလိုစိတ်ပြင်းထန်သူဖြစ်ပါက စီးပွားရေးလုပ်ငန်းများတွင်လည်း အောင်မြင်သူဖြစ်လာနိုင်သည်။

ငွေကြေးသုံးစွဲရာတွင် သတိကြီးတတ်သူဖြစ်သည်။ ရှေ့ရေးအတွက် အလွန်တွေးမြင်ပူပန်စွာ ငွေကြေးအသုံးအစွဲ ချွေတာတတ်သည်။

သို့သော် မိမိအတိုင်းအတာနှင့် သုံးစွဲနိုင်သောငွေကြေးက အစဉ်လုံလောက်စွာ ရှိနေမည်ဖြစ်သည်။

## အောက်တိုဘာလ ၂၊ ၁၁၊ ၂၀ နှင့် ၂၉ ရက်နေ့တွင် မွေးဖွားသူများ

ငွေကြေးစီးပွားရေးနှင့်ပတ်သက်၍ မိမိအား အခွင့်အရေးယူတတ်သူများအပေါ် အားမနာတတ်ဘဲ သတိထားဆက်ဆံလုပ်ကိုင်နိုင်ပါက ပိုမိုအဆင်ပြေမည်။ ရှုံးထိုင်ပြီး လုပ်ကိုင်ရသောစီးပွားရေးလုပ်ငန်းမျိုးနှင့်ကိုက်ညီမှုမရှိဘဲ အကျိုးမပေးတတ်ချေ။ အချိန်အခါအရ ကြုံတွေ့ရသောအခြေအနေပေါ်တွင်မူတည်၍ ဖြတ်ထိုးဉာဏ်သုံးပြီး အသိဉာဏ်ပညာနှင့် ဆောင်ရွက်ရသည့် လုပ်ငန်းရပ်များတွင် ပိုမိုစီးပွားဖြစ်ထွန်းနိုင်သည်။

အခြေအနေပေးပါက မိမိအရပ်ဒေသမှာထက် ဝေးခြားမြေခြားသော အခြားအရပ်ဒေသမျိုးတွင် ဘဝအောင်မြင်မှုများ ရနိုင်သည်။

## နိုဝင်ဘာလ ၂၊ ၁၁၊ ၂၀ နှင့် ၂၉ ရက်နေ့တွင် မွေးဖွားသူများ

အသက်အရွယ်ငယ်စဉ်အချိန်တွင် မည်သည့်အသက်မွေးဝမ်းကျောင်းအလုပ်အား လုပ်ကိုင်ရမည်ကို မှန်ကန်စွာမရွေးချယ်တတ်သဖြင့် ငွေကြေးအတွက် အထူးစိတ်သောကရောက်ရတတ်သည်။

သို့သော် မကြာခဏ မိမိ၏အရည်အချင်းကြောင့်ဖြစ်စေ၊ မိမိအိမ်ထောင်ဖက်၏ စွမ်းပကားကြောင့်ဖြစ်စေ ငွေကြေးအလုံးအခဲရလာနိုင်သည်။ သို့ရာတွင် မိမိ၏ကံဇာတာကြောင့် ရလာသမျှငွေကြေးသည် အဖတ်တင်မည်မဟုတ်ပေ။

မိမိ၏စိတ်ကူးဉာဏ်ပါရမီ အရည်အသွေးကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါမှ ဝင်ငွေကောင်းနိုင်သည်။ သူတစ်ပါး၏ ကတိစကားများကို ယုံကြည်စိတ်ချစွာ အားကိုးမျှော်လင့်နေရုံနှင့် ငွေကြေးရမလာနိုင်သည်ကို အထူးသတိပြုသင့်သည်။

## ဒီဇင်ဘာလ ၂၊ ၁၁၊ ၂၀ နှင့် ၂၉ ရက်နေ့များတွင် မွေးဖွားသူများ

ငွေကြေးဥစ္စာခနကို မက်မောတတ်သူများမဟုတ်ကြချေ။ ငွေကြေးချမ်းသာခြင်းနှင့် ဆင်းရဲခြင်းဆိုသည်ကို ဂရုမစိုက်ကြဘဲ ရောင့်ရဲသောစိတ်နေသဘောထားရှိကြသူများဖြစ်သည်။

သို့သော် ယေဘုယျအားဖြင့် မြင့်မားသောအဆင့်အတန်းသို့ ရောက်ကြမည်ဖြစ်သည်။ မိမိကိုယ်ကျိုးစီးပွားအတွက် သက်သက်အပင်ပန်းခံ၍ ငွေကြေးစီးပွားရှာလိုသူများမဟုတ်ဘဲ ရည်မှန်းချက်တစ်ခုတစ်ရာအတွက်သော်လည်းကောင်း၊ အများကို ကူညီပေးကမ်းထောက်ပံ့လိုခြင်းကြောင့်သော်လည်းကောင်း ငွေကြေးပြည့်စုံနိုင်ရန် အားထုတ်မှုရှိကောင်းရှိမည်။

မိမိ၏မွေးရာပါ နာမ်ပိုင်းဆိုင်ရာ မြင့်မားသောပါရမီအရည်အချင်းကို အသုံးချပြီး စီးပွားရှာလိုစိတ်နည်းပါးမည်။

ရှေ့ဖြစ်ကို ကြိုတင်မြင်မက်ခြင်း၊ ရှေ့ဖြစ်အတတ်ဟောနိုင်ခြင်း၊ ပင်ကိုယ် ပါရမီကိုအမှီပြု၍ ကိုယ်ကျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ပါက အောင်မြင်မည်။

**မောင်မောင်မြင့်သန်းမောင်**
၂၃.၈.၂၀၀၈

LIVING COLOR MEDIA
သမ္မတဟိုတယ် (Business Suite)
အမှတ် ( ၅ ) ၊ အလံပြဘုရားလမ်း ၊
ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။
ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂

www.foreverspace.com.mm



# ကုန်စျေးနှုန်း

၂၀၀၈ ခုနှစ်၊ စက်တင်ဘာလနောက်ဆုံးပတ်အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်စျေးနှုန်းများ

## ကားစျေးနှုန်း (၂၄-၉-၂၀၀၈)

| ကားအမျိုးအစား | မော်ဒယ် | အက္ခရာ | စျေးနှုန်း (သိန်း) |
|---|---|---|---|
| Suzuki Wagon | $R^+$ | ၁၈(ဒီးရောင်/ပစ္စည်းစုံ) | ၄၁၀ |
| Suzuki Wagon | $R^+$ | (၉ခ)(ဒီးရောင်) | ၃၈၀ |
| Corolla 1.5 Limited | 86/87 | (သ) | ၂၇၀ |
| Corolla 1.5 Limited | 88/89 | (၁က) | ၃၁၀ |
| Corolla 1.5 Limited | 91 | (၆က) | ၃၈၀ |
| Corolla 1.5 Limited | 90/91 | (၁က) | ၃၄၀ |
| Corolla 1.8 Van (ဒီဇယ်) | 86/87 | (သ) | ၂၄၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (၂က) | ၃၁၀ |
| Corolla 1.8 Van (ဒီဇယ်) | 88/89 | (အ) | ၃၀၀ |
| Corolla 1.8 Van (ဒီဇယ်) | 90/91 | (၁ခ) | ၄၀၀ |
| Corolla 1.3 Dx Van (ဓာတ်ဆီ) | 86/87 | (အ) | ၂၉၀ |
| Toyota Publica | 81 | (၃) | ၁၂၀ |
| Toyota Publica | 86 | (ဘ) | ၁၄၀ |
| Toyota Publica | 88 | (၂သ) | ၁၆၀ |
| Sunny Pick-up | 86/87 | (၁က) | ၁၄၀ |
| Sunny Pick-up | 90/91 | (၂က) | ၁၇၀ |
| Sunny Super Saloon (1.5) | 86/87 | (သ) | ၂၇၀ |
| Sunny Super Saloon (1.5) | 86/87 | (၁က) | ၃၀၀ |
| Sunny Super Saloon (1.5) | 88/89 | (၁က) | ၂၉၀ |
| Sunny Super Saloon (1.5) | 88/89 | (သ) | ၃၁၀ |
| Sunny Super Saloon (1.5) | 92 | (၆က) | ၄၀၀ |
| TOYOTA LANDCRUISER | 2004 | (၉ခ) | ၂၈၀၀ |
| TOYOTA PRADO | 97 | (၃ခ) | ၁၇၀၀ |

* အထက်ပါကားများသည် အက္ခရာပေါ်မူတည်၍ စျေးအတက်အကျရှိသည်။

* ကားဟောင်းများဖြစ်သည့်အတွက် ကားအခြေအနေပေါ်မူတည်၍ စျေးကွာခြားသည်။

* အဝယ်နည်းပါးသည့်အတွက် ခေါ်စျေးများသာ ဖြစ်သည်။



www.foreverspace.com.mm

## တီဗီရောင်စုံ

(၂၉-၉-၂၀၀၈)

| အမျိုးအစား | မော်ဒယ် | အရွယ် | နှုန်း(ကျပ်) |
|---|---|---|---|
| SAMSUNG | LA40S81 | 40" | ၁,၉၅၀,၀၀၀ |
| SAMSUNG | LA32S81 | 32" | ၈၉၅,၀၀၀ |
| STAR | 29185 | 29" | ၂၆၉,၀၀၀ |
| STAR | 21T88 | 21" | ၁၄၁,၆၀၀ |
| LG | 21 FB5RG | 21" | ၁၇၉,၀၀၀ |
| LG | 21FS2CL | 21" | ၁၉၅,၀၀၀ |
| LG | 21FU6RL | 21" | ၂၃၉,၀၀၀ |
| SONY(LCD) | 215400A | 21" | ၉,၉၉၀,၀၀၀ |
| SONY | KV-SZ292M80 | 29" | ၄၇၉,၀၀၀ |
| SONY | KV-SW14M51 | 14" | ၂၂၉,၀၀၀ |
| SONY | KV-BZ213M50 | 21" | ၂၃၉,၀၀၀ |
| SAKURA | 21 SHF2M2 | 14" | ၁၄၀,၀၀၀ |
| SAKURA | 29 F29 M2 | 29" | ၁၃၄,၀၀၀ |

## ရေခဲသေတ္တာ

(၂၉-၉-၂၀၀၈)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| MITSUBISHI | MR-F25R | ၄၃၉,၀၀၀ |
| MITSUBISHI | 14T-GYN | ၂၄၅,၀၀၀ |
| MITSUBISHI | MR17U(onedoor) | ၂၄၅,၀၀၀ |
| MITSUBISHI | MR445R(2 door) | ၇၀၀,၀၀၀ |
| MITSUBISHI | MR-F/62T18DR4H+A(2door) | ၄၈၀,၀၀၀ |
| STAR(2 door) | R-130 | ၂၆၅,၀၀၀ |
| STAR | R-170 | ၃၂၄,၀၀၀ |
| Daewoo(Two door) | FR 360 | ၄၆၂,၀၀၀ |
| Daewoo(One door) | FR 064 | ၁၄၅,၀၀၀ |
| Daewoo(Two door) | FR 291 | ၃၅၅,၀၀၀ |
| LG | GC-051SNS | ၁၄၉,၀၀၀ |
| LG | GC-151SNA | ၁၉၅,၅၀၀ |
| LG | GNV 212 | ၃၆၈,၅၀၀ |
| SAMSUNG (Two door) | RT-24MHBBK | ၄၂၄,၇၀၀ |
| SAMSUNG (Two door) | RT-21 MGBB/K | ၄၀၃,၀၀၀ |
| SAMSUNG (One door) | RA 18FHSS/K | ၂၇၀,၅၀၀ |

## DVD ပြစက်

(၂၉-၉-၂၀၀၈)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | 351 | ၆၅,၀၀၀ |
| LG | 801K | ၅၈,၀၀၀ |
| LG | DVDP256K | ၆၉,၀၀၀ |
| STAR | B-036 | ၆၁,၀၀၀ |
| STAR | B-096(MP4+DC) | ၅၆,၀၀၀ |
| STAR | T51DC | ၅၁,၆၀၀ |
| STAR | T11 | ၆၂,၃၀၀ |
| Daewoo | DV 1400S | ၆၆,၅၀၀ |
| Panasonic | DV DS2 | ၈၉,၀၀၀ |

## လေအေးစက်

(၂၉-၉-၂၀၀၈)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| SAMSUNG | AW-09P/HDA | ၂၄၈,၀၀၀ |
| SAMSUNG | AW-12P/HDA | ၃၃၉,၀၀၀ |
| SAMSUNG | AS-09 WHWD | ၃၃၈,၅၀၀ |
| SAMSUNG | AS-12 WHWD | ၃၂၈,၀၀၀ |
| SAMSUNG | Aw-07FISDA | ၃၆၅,၀၀၀ |
| STAR | MS-12 | ၂၃၆,၀၀၀ |
| STAR | MS-09 | ၂၄၈,၀၀၀ |
| Daewoo(Splite Type) | 1HP DSB 095L | ၂၉၅,၀၀၀ |
| LG | CO964F73 | ၃၅၀,၀၀၀ |
| LG | CO96QDA3 | ၃၂၅,၀၀၀ |

## အဝတ်လျှော်စက်

(၂၉-၉-၂၀၀၈)

| အမျိုးအစား | မော်ဒယ် | နှုန်း(ကျပ်) |
|---|---|---|
| LG | WP-750 (Semi Auto) | ၁၉၀,၅၀၀ |
| LG | WP-900 (Semi Auto) | ၂၀၉,၀၀၀ |
| LG | WP.S 650(Full Auto) | ၂၉၈,၀၀၀ |
| SAMSUNG | WA-90R3 | ၂၈၁,၉၀၀ |
| SAMSUNG | WA-90F3 | ၃၂၆,၂၀၀ |
| SAMSUNG | WA-90J7 | ၃၄၇,၀၀၀ |
| STAR | WT-75 H2 | ၁၅၉,၀၀၀ |

## ဟောလစ်၊ မာတိုဘာ၊ မိုင်လို၊ အိုဗာတင်း၊ ကော်ဖီမစ် (လက်လီ)

(၂၇-၉-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Horlick (900g) | ၆,၅၀၀ |
| Horlick (200g) (အိန္ဒိယ) | ၁,၉၀၀ |
| Junior Horlick (400g) | ၃,၄၀၀ |
| Milo (400g) ခဲထုပ် | ၃,၀၀၀ |
| Milo (400g) (ပုလင်း) | ၃,၃၅၀ |
| Maltova (450g) (နီ) | ၃,၀၅၀ |

www.foreverspace.com.mm

| | |
|---|---|
| Ovaltine (400g) နီ | ၃,၅၀၀ |
| Ovaltine (200g) နီ | ၁,၈၅၀ |
| Ovaltine 400g (ဖြူ) | ၃,၉၀၀ |
| Ovaltine 200g (ဖြူ) | ၂,၃၀၀ |
| Ovaltine 400g (စက္ကူဘူးဖြူ) | ၃,၅၀၀ |

## နို့မှုန့်ဘူး

(၂၇-၉-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Dumex (Step 1,2)(900g) | ၁၂,၃၀၀/၁၁,၂၀၀ |
| Dumex (3plus)(700g) | ၈,၀၀၀ |
| Dumex Step 1,2 700g | ၈,၉၀၀၊ ၈,၆၀၀ |
| Dumex 1Plus 700g | ၈,၁၀၀ |
| Dumex Ma Ma Plus 400g | ၇,၁၀၀ |
| Dumex Lactose free 400g | ၇,၉၀၀ |
| Nestle ဆန် သံဘူး Stage 1 300 g | ၄,၉၀၀ |
| Nestle ဂျုံ သံဘူး | ၅,၈၀၀ |

## နိုင်ငံခြားအရက်

(၂၇-၉-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| J&BJet(75Cl) (12YearsOld) | ၁၁,၆၀၀ |
| VAT 69 (75Cl) | ၁၀,၈၀၀ |
| Jonnie Walker (Red)(75Cl) | ၁၁,၉၀၀ |
| Jonnie Walker (Red)(37.5Cl) | ၇,၂၀၀ |
| Jonnie Walker (Red)(1Liter) | ၁၅,၂၀၀ |
| Jonnie Walker (Black)(37.5Cl) | ၁၃,၀၀၀ |
| Jonnie Walker (Black)(75Cl) | ၂၃,၁၀၀ |
| Jonnie Walker(Black)(1Liter) | ၄၁,၈၀၀ |
| Black & White (1Liter) | ၁၄,၀၀၀ |
| Black & White (75Cl) | ၁၂,၇၀၀ |
| Gold Label (75Cl) | ၄၅,၁၀၀ |
| SCOTTISH LEADER | ၇,၂၀၀ |
| Grand Royal (အပြား)ရွှေပတ်ကြီး/သေး | ၃,၃၀၀/၁,၅၀၀ |
| SPY(CLASSIC)(Red) (Wine) | ၁,၃၀၀ |
| Mekhong (75CL) | ၅,၈၀၀ |
| Mekhong (37.5CL) | ၂,၅၀၀ |
| SPEY ROYAL (70Cl) | ၇,၂၀၀ |

## မုန့်ပုံးသံဘူး

(၂၇-၉-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| မိသားစု | ၆,၉၀၀ |
| Cream Crackers(Hup Seng) | ၇,၂၀၀ |
| (KHIAN GUAN) Top Choice | ၆,၇၀၀ |
| (HWA TA) Choice | ၅,၅၀၀ |
| (Munchys) Funmix | ၈,၈၀၀ |
| Hwa Tai Wonderful | ၅,၅၀၀ |
| Lee Daily Delight | ၅,၅၀၀ |
| Every Time | ၅,၅၀၀ |
| Summer Day | ၅,၈၀၀ |
| (Shan Fatl) Party | ၅,၅၀၀ |
| (Julie's) Biscuit Assorties | ၆,၅၀၀ |
| (Julie's) Love letters | ၄,၉၀၀ |

## ခေါက်ဆွဲခြောက်

(၂၇-၉-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Yum Yum (ကြက်ပေါင်) | ၁၅၀ |
| Yum Yum ချဉ်စပ်(ပုစွန်) | ၂၀၀ |
| Yum Yum (ဘဲသားဆီချက်) | ၁၅၀ |
| Yum Yum (သီးစုံခေါက်ဆွဲ) | ၁၅၀ |
| MAMEE ကြာဆံ | ၂၀၀ |
| MAMEE (ရိုးရိုး)(ဆီချက်) | ၂၀၀ |
| MAMEE (ကြက်သားချဉ်စပ်) | ၂၀၀ |
| MAMEE (ကြက်ခေါက်ဆွဲပြုတ်) | ၁၅၀ |
| MAMEE (ကြက်သားဆီချက်ခေါက်ဆွဲ) | ၂၀၀ |
| MAMEE (သက်သတ်လွတ်ခေါက်ဆွဲပြုတ်) | ၂၀၀ |
| MA MA (ချဉ်စပ်ခေါက်ဆွဲပြုတ်) | ၂၀၀ |
| Wai Wai (ကြာဆံ) (ပြာ) | ၂၅၀ |
| Shin Shin (ကြာဆံ) | ၂၀၀ |
| Yum Yum ပုစွန်မလိုင်ချဉ်စပ် | ၂၀၀ |
| Yum Yum ကြက်သားချဉ်စပ် | ၂၀၀ |
| MA MA ညှပ်ခေါက်ဆွဲ(စိမ်း) | ၂၅၀ |
| MA MA ညှပ်ခေါက်ဆွဲ(နီ) | ၂၅၀ |

## သွားတိုက်ဆေး

(၂၇-၉-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Fresh Up ဘူးကြီး | ၇၅၀ |
| Best-T (125g) White | ၆၅၀ |
| Colgate (40g) Double Cool Stripe | ၄၅၀ |
| Col gate (160g) Double Cool Stripe | ၁,၈၅၀ |
| Close-Up (New)(18 g) | ၂၀၀ |
| Close-Up (160g) ပြာ | ၁,၈၀၀ |

www.foreverspace.com.mm

| | |
|---|---|
| Colgate Fresh Cool Mint 200g | ၁,၈၀၀ |
| Colgate Great Regular 200 g | ၃,၀၀၀ |
| Colgate Whitening 160g | ၂,၆၀၀ |
| Colgate gel (စိမ်း) 160g | ၁,၈၅၀ |
| 3D | ၄၅၀ |

## ကိုယ်တိုက်ဆပ်ပြာ

(၂၇-၉-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Imperial Leather (65g) | ၂၅၀ |
| Imperial Leather (125g) | ၄၅၀ |
| Fashion | ၃၀၀ |
| Miss | ၃၀၀ |
| DOVE | ၈၅၀ |
| Kanebo | ၁,၁၃၀ |
| YOKO WHITENING Herbal 110g | ၁,၂၀၀ |
| Family Care 125g | ၄၅၀ |
| ASEPSO | ၈၀၀ |
| CAMAY | ၅၅၀ |
| Spa | ၃၅၀ |
| E-Lan | ၃၅၀ |
| LUX 100g | ၃၅၀ |
| KAO | ၅၀၀ |
| Parrot | ၂၅၀ |
| Paris 135g | ၄၀၀ |
| A21 (နက်)70g | ၃၀၀ |
| A21 (နက်)125g | ၄၀၀ |
| DG Soap 100g | ၃၅၀ |

## ခေါင်းလျှော်ရည်

(၂၇-၉-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Head and Shoulder 400g | ၄,၄၀၀ |
| Head and Shoulder 200g | ၂,၂၅၀ |
| Head and Shoulder 90g | ၇,၅၀ |
| Pantene 400g | ၄,၃၀၀ |
| Pantene 200g | ၂,၂၀၀ |
| Pantene 90g | ၇,၅၀ |
| Clinic Clear 380g | ၄,၃၀၀ |
| Clinic Clear 90g | ၄,၀၀၀ |
| Palmolive 100 g | ၁,၂၀၀ |
| Palmolive 200 g | ၂,၇၀၀ |
| Rejoice 100 g | ၆၀၀ |
| Rejoice 200 g | ၁,၆၅၀ |

## ခြင်ဆေးခွေ

(၂၇-၉-၂၀၀၈)

| အမျိုးအစား | နှုန်း(ကျပ်) |
|---|---|
| Jumbo (12)coils | ၃၅၀ |
| Fumakilla (10) coils | ၂၅၀ |
| MARS | ၂၅၀ |
| Fuji | ၃၀၀ |
| Raid | ၃၅၀ |
| ATAK | ၄၀၀ |
| FIGHTER | ၂၅၀ |
| GO! | ၂၅၀ |
| ပါရမီ | ၃၀၀ |
| MOSFLY | ၂၅၀ |
| ဂေါ်ဇီလာ | ၃၅၀ |
| Spider | ၃၅၀ |
| Golden Lion | ၂၅၀၀ |
| Special | ၃၅၀ |

LIVING COLOR MEDIA

ဖုန်း - ၂၄၂၄၂၄ ၊ ၃၉၃၁၉၂ ၊

၀၉-၉၉၇၄၃၄၃

www.foreverspace.com.mm




(၂၆-၉-၂၀၀၈)

### ❑ Lucky Bird P4 Budget PC 775

- Intel Pentium 4-775 Dual Celerom 1.6 GH2
- S12 MB DDR2 667
- 80 GB HDD
- 15" CRT (Samsung/ Viewsonic) Monitor
- PS2 Keyboard & Opital Mouse & PAD
- P4 ATX Tower Casing

Price 280 US$

### ❑TOSHIBA Notebook Satellite L300- OOH003

- Intel Celeron 550 2.0 GHz
- 512 MB DDR 667
- 15.4" WXGA 200 NIT CSV (Latest Clear Super View) Dispaly
- Intel X 3100 GL Graphic
- 80 GB HDD
- WIFI 802.11g
- Builtin 10/100 Ethernet Lan, 56K Fax & Data Modem
- DVD RW Super, Card Reader, Web Camera
- Intel Graphic 960
- 1 Year International Warranty

Price 580 US$

### ❑ KMD Basic Model

- Intel Celeron 1.6 GHz (420)(512 KB L2 Cache, 800 MHz)
- MSI M900 Pentium 4 Motherboard (775/DDR2/1066) with PCIE + Sound + LAN
- 80 GB HDD (Seagate, 7200 RPM) SATA
- 512 MB DDR2 RAM (PC 667, Kingston)
- 15" Color Digital Monitor (Viewsonic)
- 1.44 MB Floppy Disk Drive
- A4 Tech PS II Keyboard , A4 Tech PSII Optical Mouse & Pad
- P4 Tower Casing

Price 374,000 Ks

### ❑ CFTG SOHO Computer Intel 77!

- Intel P4 Celeron 1.6 GHz Processor
- MSI P4 M900 M/B (Sound+PCIE+LAN Builtin)
- 512MB DDRII RAM (PC 400MHz)
- 80GB IDE HDD (Seagate, 7200 RPM)
- 1.44 MB FDD(Mitsumi)
- P4 Tower Casing with 500W Power Supply
- PS2 Keyboard, Mouse and Pad
- Viewsonic 15" Digital Monitor (Digital Control)

Price 378,000 Ks

### ❑ Lucky Bird P4 Accelerator PC 775

- Intel Pentium 4-775 Core 2 Duo 2.53 GHz (775 CPU)
- ASUS I'ntel 945 Chipset
- 1GB DDR RAM
- 160 GB HDD SATA
- 15" Samsung Monitor
- PS2 Keyboard & Optical Mouse & Mouse Pad
- P4 ATX Tower Cusing
- Free Speaker

Price 396 US$

### ❑ KMD CLASSIC MODEL

- Intel Pentium Dual Core 2.0 GHz (1MB, L2 Cache, 800 MHz)
- GIGA 945 GCM S2C Pentium4 Motherboard (775/DDR2/ 1333) (With PCIE+Sound+LAN)
- 512 MB DDR RAM (PC 667 MHz) Kingston
- 80 GB HDD (Seagate, 7200 RPM)
- 15" SVGA Color Monitor (Viewsonic)
- PS II Keyboard & PS II Optical Scroll Mouse
- Optical Mouse Pad
- P4 Casing (Medium Light)

Price 413,000 Ks

www.foreverspace.com.mm

### ❑ CFTG High Performance Computer

- Intel Pentium Core 2 Duo 2.22 GHz Processor
- ASUS GCMX M/B 1MB (Sound+ AGP + LAN Built-in)
- 1 GB DDR Ram (PC 400 MHz)
- 1.44 MB Floppy Drive (Mitsumi)
- 160 GB IDE HDD (Seagate PRM 7200)
- P4 Tower Casing with 500W Power Supply
- 15" Digital Color Monitor (Viewsonic / Samsung)
- PS2 Win 98 Keyboard, mouse (PS/2)
- Mouse Pad

Price 520,000 Ks

(အထက်ပါဈေးနှုန်းများသည် Printer နှင့် Multimedia မပါဝင်သေးသော ကွန်ပျူတာတစ်လုံး၏ ၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၆ ရက်နေ့ ဈေးနှုန်းဖြစ်သည်။ ပစ္စည်းတစ်မျိုးချင်းစီ ထပ်ဖြည့်လဲလှယ်လိုပါက ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။ အချိန်ကာလအလိုက် အပြောင်းအလဲရှိနိုင်ပါသည်။)

### ❑ Multimedia

| | |
|---|---|
| 16x DVD ROM (Sony) | 30,000 KS |
| Sony CD Writer (52 x 32 x 52 x) | 30,000 Ks |
| Sony 20 x 8x 48 x 24DVD Writer | 39,000 Ks |
| 52 x 32 x 52 x 16 Combo (Sony) | 30,000 Ks |
| 20 x 10x 40x 32 DVD Writer (ASUS) | 47,000 Ks |
| Microlab M 666 Speakers with sub woofer | 39,000 Ks |
| Microlab M-300ll Speakers with sub woofer | 58,000 Ks |
| Microlab M900 Speakers with sub woofer | 53,000 Ks |

### ❑ Memory

| | |
|---|---|
| 512 MB (DDR RAM) PC 400 MHz (Kingston) | 32,000 Ks |
| 512 MB (DDR 2 RAM) PC 667 MHz (Kingston) | 17,000 Ks |
| 1GB (DDR 2 RAM) 667 MHz (Kingston) | 26,000Ks |
| 1GB (DDR 2 RAM) 800 MHz (Kingston) | 26,500Ks |
| 2GB (DDR 2 RAM) 800 MHz (Kingston) | 49,000Ks |

### ❑ Storage Device

| | |
|---|---|
| 160 GB (Hitachi) IDE | 68,000 Ks |
| 160 GB (Seagate) IDE | 70,000 Ks |
| 320 GB (Hitachi) SATA | 83,000 Ks |
| 320 GB (Seagate) SATA | 85,000 Ks |
| 320 GB (Samsung) SATA | 84,000 Ks |

### ❑ Monitor

| | |
|---|---|
| 15" SVGA Color Monitor (Sammie) | 9,100 Ks |
| 15" SVGA Color Monitor (Samsung) | 117,000 Ks |
| 15" SVGA Monitor (View Sonic) | 109,000 Ks |
| 17" SVGA Monitor (View Sonic) | 138,000 Ks |
| 17" SVGA Color Monitor (Dyna) | 101,000 Ks |
| 17" SVGA Color Monitor (NEC) | 149,000 Ks |
| 17" LCD Color Monitor (Samsung) | 249,000 Ks |
| 17" LCD Color Monitor (View Sonic) | 213,000 Ks |
| 17" LCD Color Monitor (ASUS) | 258,000 Ks |
| 19" LCD Color Monitor (View Sonic) Wide View 1926W | 273,000 Ks |
| 19" LCD Color Monitor (ASUS)Wide View 193T | 294,000 Ks |

### ❑ Printer

| | |
|---|---|
| Canon Laserjet LPB 2900 Printer (USB) | 159,000 Ks |
| HP Laserjet 2015 Printer (USB) | 335,000 Ks |
| HP Color Laserjet 2600N Printer (USB) | 535,000 Ks |
| HP Laserjet 1005 A Printer (USB) | 148,000 Ks |
| EPSON Acculaser C 1100 | 736,000 Ks |
| EPSON C x 9300 F Printer | 315,000 Ks |
| EPSON Dot Matrix Printer-LQ 300+ | 250,500 Ks |
| EPSON Dot Matrix Ptinter LQ 2180 | 812,000 Ks |
| EPSON T11 Inkjet Printer | 85,000 Ks |
| EPSON TX 400 SPC Printer | 214,000 Ks |
| EPSON SP 230 Photo Printer | 210,000 Ks |
| EPSON SP 1390 Photo Printer | 595,000 Ks |
| EPSON TX 200 SPC Printer | 177,000 Ks |
| EPSON 6200 L Laser Printer | 220,000 Ks |
| Fuji Xerox Color Laser DPC 1110 Network Ready | 605US$ |
| Fuji Xerox Colour Laser DPC 1110B | 480US$ |
| Fuji Xerox Colour Laser Multifunction 2090Fs | 1350US$ |
| Fuji Xerox Multifunction WC PE 220 | 500US$ |

### ❑ Toner

| | |
|---|---|
| HP 1100/ 1200/ 5L / 6L Toner | 68,000 Ks |
| HP 1010/ 1320/ 1300 Toner | 76,500 Ks |
| HP 2015 Toner | 83,000 Ks |
| Canon 2900 Toner | 64,000 Ks |
| Canon 1120 Toner | 64,000 Ks |

### ❑ Scanner

| | |
|---|---|
| EPSON Perfection V30 Scanner | 133,000 Ks |
| EPSON Perfection V200 Scanner(A4 Film) | 213,000 Ks |
| HP Flatbed Scanner 2410 (USB) | 129,000 Ks |
| Canon Flatbed Scanner Lide 25 (USB) | 74,000 Ks |

### ❑ UPS

| | |
|---|---|
| 650 VA (Power Tree) Basic | 52,000 Ks |
| 1250 VA (Power Tree) | 92,000 Ks |

**မှတ်ချက်။ ။ ဖော်ပြပါဈေးနှုန်းများကို Client Focus Technology Group ၊ Lucky Bird Co., Ltd.၊ Concordia International Ltd. နှင့် KMD Computer Centre တို့မှ ရယူထားပါသည်။**

**(အယ်ဒီတာ)**

www.foreverspace.com.mm

# RV Management Services Co., Ltd. (RV Centre Yangon)

**စင်ကာပူနိုင်ငံတွင် ပညာသင်ကြားလိုသော မြန်မာကျောင်းသားများအတွက် ပညာရေးအတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသော မြန်မာနိုင်ငံရှိ စင်ကာပူအစိုးရအသိအမှတ်ပြု ကုမ္ပဏီလေးခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။**






- ❑ ကုမ္ပဏီကို ၁၉၉၆ ခုနှစ်တွင် ဩဂုတ်လ ၈ ရက်နေ့တွင် တည်ထောင်ဖွင့်လှစ်ခဲ့။
- ❑ ဥက္ကဋ္ဌမှာ ဦးဝင်းစိန်နှင့် အုပ်ချုပ်မှုဒါရိုက်တာမှာ Mr.Argus Ang တို့ဖြစ်ပြီး ဝန်ထမ်းစုစုပေါင်း ၆၀ ဦးခန့်ရှိ။
- ❑ စင်ကာပူနိုင်ငံသို့ ကျောင်းတက်ရောက်လိုသူ ကျောင်းသားများအတွက် ပညာရေးအတိုင်ပင်ခံအဖြစ် ဆောင်ရွက်ပေးခြင်း၊ စင်ကာပူအစိုးရတက္ကသိုလ်များ၊ Poly Technics ကျောင်းနှင့် အခြားပုဂ္ဂလိကကျောင်းများသို့ ဝင်ခွင့်ရရှိစေရန် ဆောင်ရွက်ပေးခြင်း၊ ကျောင်းမတက်ရောက်မီ အခြေခံသင်တန်းများ သင်ကြားပေးခြင်း၊ ဝင်ခွင့်ဖြေဆိုမှုများ ဆောင်ရွက်ပေးခြင်း၊ အင်္ဂလိပ်စာသင်တန်းများကို အခြေခံအဆင့်မှ အဆင့်မြင့်အင်္ဂလိပ်စာအထိ သင်ကြားပေးခြင်းတို့အပြင် Executive Diploma in HR Management၊ Executive Diploma in Managerial Skills၊ Advanced Executive Diploma in Management၊ Executive Diploma in Sales & Marketing ဘာသာရပ်များကိုပါ ဖွင့်လှစ်သင်ကြားပေးလျက်ရှိ။
- ❑ မြန်မာနိုင်ငံ စင်ကာပူပညာရေးအတိုင်ပင်ခံ ဝန်ဆောင်မှုလုပ်ငန်းတွင် Singapore Tourism Board ကချီးမြှင့်သော အကောင်းဆုံးကျွမ်းကျင်မှုဆု (Singapore Education Specialist) ကို ၂၀၀၇ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ရရှိခဲ့။
- ❑ မြန်မာကျောင်းသား ၃၀၀၀ ဦးကျော်ကို စေလွှတ်ဝန်ဆောင်မှုပေးခဲ့ပြီးဟုဆို။
- ❑ စင်ကာပူနိုင်ငံရှိ RV ရုံးချုပ်အပါအဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံတွင် RV ရုံးခွဲများ ဖွင့်လှစ်ထား။
- ❑ RV မှထုတ်ဝေသော ကျောင်းမဂ္ဂဇင်းကို တစ်လတစ်ကြိမ်နှင့် သတင်းလွှာကို နှစ်လတစ်ကြိမ် အခမဲ့ဖြန့်ချိပေးလျက်ရှိ။
- ❑ **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့်လိပ်စာ–**

Mr. Jenny Ho (Centre and Training Manager)
RV Management Services Co., Ltd.
ရန်ကုန်(ရုံးချုပ်) – Parkroyal Hotel၊ အမှတ်–၃၃၃၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၂၅၀၃၈၈(လိုင်းခွဲ–၃၃၃)
E-mail:ygn.ctm@rvcentre.com.sg,
rvms@mptmail.net.mm
လသာရုံးခွဲ – အမှတ်–၁၀၄ ၊ လသာလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၂၄၆၅၆၀၊ ၂၄၂၄၁၀၊ ၂၅၃၅၃၈
ပုလဲရုံးခွဲ – အမှတ်– ၂၀၃/၂၀၄၊ တိုက် (B)၊ ပုလဲကွန်ဒို၊ ဆရာစံလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၅၄၃၆၁၈
ဖိုးစိန်လမ်းရုံးခွဲ– (၁၂/G)၊ ဖိုးစိန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၅၄၁၈၈၆

www.foreverspace.com.mm



# Advanced Technologies & Solutions


**စင်ကာပူနိုင်ငံတွင် ပညာသင်ကြားလိုသူလူငယ်များအတွက် ပညာရေးအတိုင်ပင်ခံနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသော မြန်မာနိုင်ငံရှိ စင်ကာပူအစိုးရအသိအမှတ်ပြုကုမ္ပဏီလေးခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။**

Advanced Technologies & Solutions



- ကုမ္ပဏီကို ၂၀၀၃ ခုနှစ်တွင် တည်ထောင်ဖွင့်လှစ်ခဲ့။
- အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်မေဇင်အေးနှင့် ဒေါ်ချိုမာအေး၊ Miss Emmy Saito တို့က စတင်တည်ထောင်ဖွင့်လှစ်ခဲ့။
- ဒါရိုက်တာအဖွဲ့ဝင်များမှာ ဒေါ်မေဇင်အေး၊ ဒေါ်ချိုမာအေး၊ ဦးလှမင်းတို့ဖြစ်ပြီး ဝန်ထမ်းအင်အား ၃၀ ဦးခန့်ရှိ။
- စင်ကာပူနိုင်ငံသို့ ပညာသင်သွားရောက်လိုသူများကို ပညာရေးအတိုင်ပင်ခံအဖြစ်ဆောင်ရွက်ပေးခြင်း၊ တက်ရောက်လိုသောဘာသာရပ်များကို ရွေးချယ်လျှောက်ထားပေးခြင်း၊ ပညာသင်ဆု (Scholorship) များ ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးခြင်း၊ စင်ကာပူနိုင်ငံရှိ အစိုးရ၊ ပုဂ္ဂလိကကျောင်းများနှင့် နိုင်ငံတကာကျောင်းများကို တက်ရောက်နိုင်ရန် ဝန်ဆောင်ခမယူဆောင်ဘဲ ကူညီဆောင်ရွက်ပေးခြင်း၊ ကျောင်းပြီးပါက စင်ကာပူနိုင်ငံတွင်သာမက အခြားနိုင်ငံများတွင်ပါ အလုပ်လုပ်နိုင်ရန်အတွက် ဝန်ဆောင်ခမယူဆောင်ဘဲ ဆောင်ရွက်ပေးခြင်းတို့ကို ဝန်ဆောင်မှုပေးလျက်ရှိ။
- ကျောင်းသားများ ကျောင်းတက်နိုင်ရန်စီစဉ်ပေးခြင်းသာမက လေဆိပ်အကြိုအပို့၊ စင်ကာပူတွင် သက်သာစွာနေထိုင်နိုင်၍ အဆောင်စီစဉ်ပေးခြင်းတို့ကိုလည်း ဝန်ဆောင်ခမယူဆောင်ဘဲ ဆောင်ရွက်ပေးသည်ဟုဆို။
- မြန်မာနိုင်ငံ၏ စင်ကာပူပညာရေးအတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်းတွင် Singapore Tourism Board ကချီးမြှင့်သော အကောင်းဆုံးကျွမ်းကျင်မှုဆု (Singapore Education Specialist) ကို ၂၀၀၇ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ရရှိထား။
- စင်ကာပူနိုင်ငံရှိ ERC Institute ကျောင်း၏ တစ်ဦးတည်းကိုယ်စားလှယ်ရယူထား။
- ကုမ္ပဏီ၏လုပ်ငန်းခွဲ Myanmar World Wide Web Institute (M3WI) သင်တန်းတွင် ကွန်ပျူတာ Programming ဘာသာရပ်များ၊ Website Designe နှင့် 3D Design & Animation ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိ။
- **ဆက်သွယ်ရန်ပုဂ္ဂိုလ်နှင့်လိပ်စာ–**

ဒေါ်သာယာအေး (မန်နေဂျာ)
Advanced Technologies & Solutions Co., Ltd. (AT & S)
တိုက် (၅)၊ အခန်း (၄)၊ Myanmar Info-Tech ၊ တက္ကသိုလ်များလှိုင်နယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၆၅၂၂၈၈၊ ၆၅၂၃၂၀၊ ဖက်စ်–၆၅၂၃၂၀ ၊ Email: advts@myanmar.com

Overseas Education Channel
YOUR ONE-STOP SHOP FOR SINGAPORE EDUCATION

အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျ တက္ကသိုလ်ကြီးများမှ ချီးမြှင့်မည့် နိုင်ငံတကာ အသိအမှတ်ပြု ဘွဲ့ဒီဂရီများကို စင်ကာပူနိုင်ငံတွင် တက်ရောက်ပညာသင်ယူဆည်းပူးလိုသူများ၊ စင်ကာပူထိပ်တန်းတက္ကသိုလ်ကျောင်းကြီးများမှ နိုင်ငံတကာအသိအမှတ်ပြု ပညာရေးအောင်လက်မှတ်များ၊ ဘွဲ့ဒီဂရီများကို ရရှိလိုသူများ အတွက် ......

www.foreverspace.com.mm

# Smart Resources

**စင်ကာပူနိုင်ငံတွင် ပညာသင်ကြားလိုသူလူငယ်များအတွက် ပညာရေးအတိုင်ပင်ခံနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသော မြန်မာနိုင်ငံရှိ စင်ကာပူအစိုးရအသိအမှတ်ပြုကုမ္ပဏီလေးခုအနက် တစ်ခုအပါအဝင်ဖြစ်သည်။**






- ကုမ္ပဏီကို ၂၀၀၅ ခုနှစ်တွင် တည်ထောင်ဖွင့်လှစ်ခဲ့။
- အုပ်ချုပ်မှုဒါရိုက်တာမှာ ဦးအောင်ကျော်ဆန်း (ခ) James ၊ အမှုဆောင်အရာရှိချုပ် (CEO) မှာ ဦးနေလင်းဖြိုးတို့ဖြစ်ပြီး ဝန်ထမ်းစုစုပေါင်း ၁၄ ဦးခန့်ရှိ။
- မိဘနှင့်ကျောင်းသားများအတွက် နိုင်ငံတကာပညာရေးအကြံပေးခြင်း၊ အသက်မွေးဝမ်းကျောင်းပညာရပ်များစိစစ်ရွေးချယ်ပေးခြင်း၊ ပညာသင်ဆု (Scholarship, Grant/Loan) များရရှိရန် လမ်းညွှန်ကူညီပေးခြင်း၊ စင်ကာပူအစိုးရကျောင်းများကို ဝင်ခွင့်ရရှိရန် လျှောက်လွှာတင်ပေးခြင်း၊ စင်ကာပူပုဂ္ဂလိကကျောင်းများနှင့် နိုင်ငံတကာကျောင်းများကို တက်ရောက်နိုင်ရန် ကူညီဆောင်ရွက်ပေးခြင်း၊ ကျောင်းသွားတက်မည့် ကျောင်းသူကျောင်းသားများအတွက် ခရီးသွားဝန်ဆောင်မှုပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိ။
- စင်ကာပူနိုင်ငံရှိ အစိုးရနှင့် ပုဂ္ဂလိကကျောင်းများသို့ မြန်မာကျောင်းသားစုစုပေါင်း ၅၀၀ ဦးကျော် စေလွှတ်ဝန်ဆောင်မှုပေးခဲ့ပြီး ကျောင်းစုစုပေါင်း ၂၀ ကျော်နှင့် ချိတ်ဆက်ထားဟုသိရ။
- မြန်မာနိုင်ငံ၏ စင်ကာပူပညာရေးအတိုင်ပင်ခံဝန်ဆောင်မှုလုပ်ငန်းတွင် အကောင်းဆုံးကျွမ်းကျင်မှုဆု (Singapore Education Specialist) ကို ၂၀၀၇ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင်လည်းကောင်း၊ အခြားအာဆီယံနိုင်ငံများနှင့် ကျွမ်းကျင်မှုအဆင့်ယှဉ်ပြိုင်ရာတွင် အကောင်းဆုံးကျွမ်းကျင်မှုဆု (Best Winner Singapore Education Specialist) ကို ၂၀၀၈ ခုနှစ်အတွင်းတွင်လည်းကောင်း လက်ခံရရှိဟုဆို။
- စင်ကာပူသို့သွားရောက်မည့် မြန်မာကျောင်းသူကျောင်းသားများအတွက် Singapore Education Guide-2008 လမ်းညွှန်စာအုပ်ကို ၂၀၀၈ ခုနှစ်အတွင်း ပထမဦးဆုံးပုံနှိပ်ထုတ်ဝေဖြန့်ချိခဲ့ပြီး www.studying-singapore.com ပညာရေးလမ်းညွှန် Website ကို အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရေးဆွဲလွှင့်တင်ခဲ့။
- စင်ကာပူနိုင်ငံရှိ TMiS (Management Institute of Singapore) ကျောင်း၏ တစ်ဦးတည်းကိုယ်စားလှယ်ရယူထား။
- **ဆက်သွယ်ရန်လိပ်စာ-**

Smart Resources Co., Ltd.
(ရန်ကုန်)-မြန်မာနိုင်ငံအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းအဆောက်အအုံ (MWEA Tower) ပထမထပ်၊ အမှတ်-၂၈၈/၂၉၀၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၇၄၇၄၇၊ ၃၇၄၇၄၈၊ ဖက်စ်-၃၈၁၆၀၇
(မန္တလေး)-Mandalay Swan Hotel Business Suite ၊ မန္တလေးမြို့။ ဖုန်း-၀၂-၃၁၅၉၃၊ ၃၁၆၁၉ (လိုင်းခွဲ-၈၁၅)၊ ၀၉-၂၀၂၃၅၆၇၊ ဖက်စ်-၀၉-၅၂၃၅၆၇၇ ၊ Website: www.studying-singapore.com

www.foreverspace.com.mm

# တစ်ဦးတည်းကိုယ်စားလှယ်

| စဉ် | ပစ္စည်းအမည်နှင့် ထုတ်လုပ်သည့် နိုင်ငံ | ကိုယ်စားလှယ်ရယူ ဖြန့်ဖြူးသည့် မြန်မာကုမ္ပဏီနှင့် လိပ်စာ | ဆက်သွယ်ရမည့် ပုဂ္ဂိုလ် | အထက်မြန်မာပြည် ကိုယ်စားလှယ် |
|---|---|---|---|---|
| ၁။ | Solar Camping Light<br>နေရောင်ခြည်သုံးမီးအိမ်<br>(တရုတ်) | TREASURE PALACE INTERNATIONAL TRADING CO., LTD.<br>အမှတ်-၂၆၊ ကျောင်းလမ်း၊ (၁၄) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၅၆၄၅၈၃၊ ၀၉-၅၀၂၁၇၁၇၊<br>၀၉-၈၇၀၁၂၇၇ | ဦးဝင်းနိုင်<br>(Director) | စီစဉ်ဆဲ |
| ၂။ | National Heart Institute (IJN)<br>နှလုံးအထူးကုဆေးရုံကြီး<br>(မလေးရှား) | S.M.L ADVANCED MEDICAL LABORATORY<br>အခန်း-၀၀၃/၀၀၄၊ ဒဂုံတာဝါ၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ရွှေဂုံတိုင်လမ်းဆုံ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၅၄၄၄၆၃၊ ၅၄၄၄၆၄၊ ၅၄၄၄၆၅၊<br>ဖက်စ်-၅၅၂၈၃၄<br>E-mail:sml.lab@yangon.net.mm. | Dr.ချောချောလင်းစန္ဒာ<br>(Managing Director) | မရှိ |
| ၃။ | Spring Board4 Myanmar<br>နိုင်ငံတကာအသိအမှတ်ပြုကွန်ပျူတာအသက်မွေးဝမ်းကျောင်းစာမေးပွဲများ<br>(မလေးရှား) | OCEAN GATE EDUCATION SERVICES<br>အမှတ်-၃၅၅၊ အခန်း(၂၀၆)၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၃၈၀၁၃၀၊ ၀၉-၉၀၆၁၃၂၅<br>E-mail:oceangate@myanmar.com.mm.<br>www.oceanngate.info. | ဦးသိန်းစိုး<br>(CEO) | မရှိ |
| ၄။ | NEC Notebooks<br>(ဂျပန်) | KMD CO., LTD.<br>NEC Show Room & Sales Centre<br>အမှတ်-(၅၅၀/၅၅၂)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၂၄၅၁၈၀၊ ၂၀၄၀၇၁၊ ၃၈၄၁၀၉၊<br>ဖက်စ်-၂၄၅၁၈၀<br>E-mail:sales@kmd.com.mm | ဒေါ်သင်းသင်းစိုး<br>(Sales Director) | KMD CO., LTD.<br>အမှတ်-၁၀၃/၁၊ ၇၇ လမ်း၊ ၂၇× ၂၈ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေး။<br>ဖုန်း-၀၂-၆၀၂၃၉၊ ၆၀၃၆၀ |
| ၅။ | Ogival<br>နာရီများ<br>(ဆွစ်ဇာလန်) | NAING FAMILY CO., LTD.<br>NFC GROUP<br>အမှတ်-၁၁၇/၁၂၇၊ ၃၃ လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။<br>ဖုန်း-၃၈၈၃၈၇၊ ၃၇၂၈၀၆ | ဒေါ်ဝါဝါခိုင်<br>(Brand Manager) | CHERRY OO<br>အမှတ်-၁၂၈၊ ၂၆(B)၊ ၈၃× ၈၄ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။<br>ဖုန်း-၀၂-၇၂၉၉၂ |

ဤတစ်ဦးတည်းကိုယ်စားလှယ်ကဏ္ဍကို ဈေးကွက်အတွင်းရှိ စားသုံးသူများနှင့် ကုန်ပစ္စည်းထုတ်လုပ်ရောင်းချသူများအကြား အခမဲ့(အခမဲ့) ဝန်ဆောင်မှုပေးခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ် ရရှိထားသူများအနေနှင့် သတင်းအချက်အလက်များ ပေးပို့ပါက အခမဲ့ထည့်သွင်းဖော်ပြပေးမည် ဖြစ်ပါသည်။

www.foreverspace.com.mm


ဤကဏ္ဍတွင် . . . . .

၁၃၂ နည်းပညာနှင့်လူသား
၁၄၀ တောင်ကြီးသို့ နောက်တစ်ခေါက်
၁၄၆ သူတို့ဆီက စည်ပင်သာယာ
၁၅၀ လုပ်ငန်းတွင်းမှ ခိုးလိုးခုလုများ
၁၅၄ သူဌေးဖြစ်နည်းလျှို့ဝှက်ချက် (၁၃)

# နည်းပညာနှင့် လူသား

မြသန်းသန်းနု

**၂၀၀၇ ခု နှစ်ဆန်းပိုင်းက ကျွန်မဘာသာပြန်ဆိုတဲ့ 'လူတိုင်းအတွက်မျက်စိနှင့် မျက်စိဂရုစိုက်နည်း' ကျန်းမာရေးစာအုပ်ငယ်ကို ပြည့်စုံစာအုပ်တိုက်က ပုံနှိပ်ထုတ်ဝေပေးခဲ့ပါတယ်။ မူရင်း 'EYE AND ITS CARE' ကို အင်္ဂလိပ်ဘာသာနဲ့ ရေးသားခဲ့သူ Dr.(Col) M.L. BEHAL နဲ့ ကျွန်မတို့မိသားစု သိကျွမ်းခင်မင်ရင်းနှီးခဲ့ရပုံကို ကျွန်မရဲ့ ဘာသာပြန်စာအုပ်အစ 'ဘာသာပြန်ရခြင်းအကြောင်းရင်း' မှာ ရေးသားဖော်ပြထားပါတယ်။**



ကျွန်မတို့မိသားစု ၁၉၈၀ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ (အိန္ဒိယနိုင်ငံ လွတ်လပ်ရေးနေ့) မှာ Bhopal မြို့ကနေ နယူးဒေလီမြို့ ရောက်ရှိခဲ့ကြပါတယ်။ နေရာသစ်မှာ အရေးအကြီးဆုံးဖြစ်တဲ့ ကလေးတွေပညာရေးနဲ့ မိသားစုကျန်းမာရေးအတွက် မိတ်ဆွေများရဲ့အကူအညီ ရရှိခဲ့ပါတယ်။

မျက်စိဆရာဝန်ကြီး Dr.Behal နဲ့ မျက်စိစစ်ရာက သိရှိခဲ့ရတာမဟုတ်ပါဘူး။ ဒေလီမြို့ရောက်ပြီး ခြောက်လလောက်အကြာ ကျွန်မ 'သွား' ဆရာဝန်နဲ့ပြဖို့ အကြောင်းရှိလာပါတယ်။ သားနှစ်ယောက်ကျောင်းအားရက်ဖြစ်နေတာကြောင့် ကျွန်မတို့မိသားစုလေးယောက်စလုံး ဒေလီမြို့ South Extension ရပ်ကွက်မှာရှိတဲ့ Poly Clinic က 'သွား' ဆရာဝန်ဆေးခန်းကို သွားကြပါတယ်။ ကျွန်မတို့ မိတ်ဆွေတစ်ဦးကညွှန်လိုက်တဲ့ အမျိုးသမီး 'သွား' ဆရာဝန်ပါ။ ကိုယ့်အလှည့်မကျသေးလို့ အပြင်ဧည့်ခန်းမှာ စောင့်နေကြပါတယ်။ ခဏကြာတော့ ကျွန်မတို့ရှေ့မှာ အသက် ၆၀ အရွယ်လောက်ရှိမယ့်အမျိုးသားတစ်ဦး လာရပ်ပြီး "မာရဲ့လား" (ကျန်းမာရဲ့လား) လို့ မြန်မာလိုနှုတ်ဆက်လိုက်ပါတယ်။ အမျိုးသားကြီးက အရပ်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ ဒါပေမဲ့ ကျန်းမာတောင့်တင်းပြီး ခန့်ခန့်ညားညားရှိတဲ့ အိန္ဒိယအမျိုးသားတစ်ဦးပါ။ ကျွန်မတို့မိသားစုကို ပြုံးပြီးနှုတ်ဆက်နေတဲ့ သူ့ရဲ့အပြုံးဟာ လှိုက်လှိုက်လှဲလှဲ ရှိလှတာကြောင့် မျက်လုံးအစုံမှာပါ ရွှန်းလဲ့နေပါတယ်။ ကျွန်မတို့မိသားစုလည်း လူကြီးတစ်ယောက်က ရှေ့မှာမတ်တတ်ရပ်ပြီး အိန္ဒိယယဉ်ကျေးမှုအတိုင်း လက်အုပ်ချီနှုတ်ဆက်နေတာတွေ့လိုက်ရတော့ ဓာတ်တိုက်ထားသလို ပြိုင်တူမတ်တတ်ရပ်လက်အုပ်ချီရင်း 'နမတ်စ်ကားရ်' ဂါရဝပြုပါတယ်ဆိုတဲ့အဓိပ္ပာယ်နဲ့ပြန်ပြီး နှုတ်ဆက်ခဲ့ကြပါတယ်။ အိန္ဒိယနိုင်ငံရောက်စက လူငယ်တွေက 'နမတ်စ်ကားရ်– Namaskar' လို့ လက်အုပ်ချီနှုတ်ဆက်ရင် လူကြီးတွေက တုံ့ပြန်ဖို့မလိုဘူးလို့ အထင်ရှိခဲ့ပါတယ်။ ကျွန်မအထင် 'မှား' တယ်ဆိုတာ အချင်းချင်း နှုတ်ဆက်ကြတာလေ့လာရင်း သိရှိလာပါတယ်။ လူကြီးက လူငယ်ကိုလည်း လက်အုပ်ပြန်ချီပြီး နှုတ်ဆက်ရပါတယ်။ လူငယ်အရိုအသေပေးတာကို အသိအမှတ်ပြုကြောင်း ပြန်ပြီးနှုတ်ခွန်းဆက်တဲ့သဘောပါ။

ဒီနေရာမှာ အခွင့်အခါရတုန်း ကျွန်မအံ့ဩသွားရတဲ့ အဖြစ်အပျက်တစ်ခုကို ပြောပြချင်ပါသေးတယ်။ ကျွန်မရဲ့ အမျိုးသမီးမိတ်ဆွေတစ်ဦးဟာ NGO အဖွဲ့တစ်

www.foreverspace.com.mm

**ဝန်ကြီးက စင်မြင့်ပေါ်ရောက်တာနဲ့ အိန္ဒိယယဉ်ကျေးမှုဓလေ့အတိုင်း ကိုယ်ညွတ်ခေါင်းငုံ့ပြီး ဝန်ကြီးဟောင်း သဘာပတိကြီးရဲ့ခြေဖမိုးကို ညာလက်နဲ့ ထိပြီး ဂါရဝပြုခဲ့ပါတယ်။ ဒီအမူအကျင့်ဟာ အိန္ဒိယနိုင်ငံမှာ ရှိသေလေးစား ထိုက်သူကို ဦးညွတ်ဂါရဝပြုနည်းဖြစ်မှန်း သိပေမယ့် ဇာတ်မြင့်တဲ့မင်းမျိုးမင်းနွယ်က စစ်သူကြီးမျိုးနွယ်ကို ခြေထောက်ကိုင်ဦးညွတ်အရိုအသေပေးလိုက်ပုံဟာ ကျွန်မအတွက် အထူးအံ့အားသင့်စရာပါပဲ။**

ဖွဲ့ရဲ့ အထွေထွေအတွင်းရေးမှူးဖြစ်ပါတယ်။ အဲဒီအဖွဲ့ကနေ New Delhi မြို့တော်ဂုဏ်ဆောင် Vigyan Bhavan ခန်းမကြီးမှာ 'အမျိုးသမီးများလုပ်ပိုင်ခွင့် အာဏာပေးရေး Women's Empowerment' ညီလာခံ ကျင်းပခဲ့ပါတယ်။ ကျွန်မကိုလည်း ဖိတ်လို့ ညီလာခံတက်ခဲ့ရပါတယ်။ ညီလာခံမှာ ဂုဏ်ထူးဆောင်ဧည့်သည်တော်အဖြစ်တက်ရောက်ခဲ့သူဟာ အဲဒီအချိန်က အိန္ဒိယဗဟို အစိုးရအာဏာရပါတီရဲ့ အမျိုးသမီးဝန်ကြီး တစ်ဦးဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှာ 'ဇာတ်' ခွဲခြားတဲ့ဓလေ့ ရှိနေပါသေးတယ်။ အဲဒီအမျိုးသမီးဝန်ကြီးဟာ အိန္ဒိယနိုင်ငံအလယ်ပိုင်း Madhya Pradesh ပြည်နယ် Gwalior ဒေသရဲ့ မင်းမျိုးမင်းနွယ်ဖြစ်ပါတယ်။ ညီလာခံသဘာပတိအဖြစ် တက်ရောက်သူကတော့ ကျွန်မမိတ်ဆွေရဲ့ဖခင်ကြီး ဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်ကြီးဟာ အဲဒီအချိန်က ဝန်ကြီးဟောင်းဖြစ်ပါတယ်။ အာဏာရပါတီကမဟုတ်ဘဲ အတိုက်အခံပါတီဝင် ဖြစ်ပါတယ်။ Madhya Pradesh ပြည်နယ် Sathna ဒေသရဲ့ စစ်သူကြီးမျိုးနွယ် ဖြစ်ပါတယ်။ သဘာပတိကြီးနဲ့ တခြားမိန့်ခွန်း ပြောကြားမယ့်သူတွေ စင်မြင့်ပေါ်ရောက်ပြီးတဲ့နောက် ညီလာခံဖွင့်ပေးဖို့ မင်းမျိုးမင်းနွယ်အမျိုးသမီးဝန်ကြီးကို စင်မြင့်ပေါ်ကြွရောက်ပါလို့ ဖိတ်ကြားခဲ့ပါတယ်။ ဝန်ကြီးက စင်မြင့်ပေါ်ရောက်တာနဲ့ အိန္ဒိယယဉ်ကျေးမှုဓလေ့အတိုင်း ကိုယ်ညွတ်ခေါင်းငုံ့ပြီး ဝန်ကြီးဟောင်း သဘာပတိကြီးရဲ့ခြေဖမိုးကို ညာလက်နဲ့ထိပြီး ဂါရဝပြုခဲ့ပါတယ်။ ဒီအမူအကျင့်ဟာ အိန္ဒိယနိုင်ငံမှာ ရှိသေလေးစားထိုက်သူကို ဦးညွတ်ဂါရဝပြုနည်းဖြစ်မှန်း သိပေမယ့် ဇာတ်မြင့်တဲ့မင်းမျိုးမင်းနွယ်က စစ်သူကြီးမျိုးနွယ်ကို ခြေထောက်ကိုင်ဦးညွတ်အရိုအသေပေးလိုက်ပုံဟာ ကျွန်မအတွက် အထူးအံ့အားသင့်စရာပါပဲ။ အစဉ်အလာယဉ်ကျေးမှုလေးစားသူတစ်ယောက်က အခုလိုရှင်းပြပါတယ်။ ဇာတ်မြင့်လေ ဒီလိုအစဉ်အလာတွေကို ပိုပြီးလေးစားရလေပါပဲ။ အထူးသဖြင့် ပြည်သူလူထုရှေ့မှာ ပိုပြီးသတိထားရလေပါပဲ။ ဒါမှလည်း မိဘဆရာသမားတွေရဲ့ သွန်သင်ဆုံးမမှုကို အပြည့်အဝခံယူတတ်သူမည်ပါသတဲ့။

ကျွန်မတို့မိသားစုကို ဗမာလိုပြောပြီး နှုတ်ဆက်ခဲ့တဲ့အမျိုးသားကြီးအကြောင်း ပြန်ဆက်ပါဦးမယ်။ အဲဒီအမျိုးသားကြီးက သူ့နာမည် Dr.(Col) Behal ဖြစ်ကြောင်း၊ မျက်စိဆရာဝန်ဖြစ်ကြောင်း ပြောပြပြီး 'သွား' ကိစ္စပြီးရင် သူ့ဆေးခန်းဝင်လည်ဖို့ ဖိတ်ကြားသွားပါတယ်။ Dr.Behal ဆေးခန်းက 'သွား' ဆေးခန်းရဲ့ မျက်စောင်းထိုးမှာရှိပါတယ်။ ကျွန်မတို့လည်း 'သွား' ကိစ္စအပြီး တကူးတကလာပြီးဖိတ်သွားတဲ့ Dr. Behal ဆေးခန်းဘက် ကူးကြပါတယ်။ ဆရာဝန်ကြီးက ပျူပျူငှာငှာကြိုဆိုပြီး "ဗမာစကားနည်းနည်းတတ်ပါတယ်" လို့ ရယ်ရယ်မောမောနဲ့ ပြောလိုက်ပါတယ်။ ဆရာဝန်ကြီးက ကျွန်မ မြန်မာအဝတ်အစားဝတ်ထားတာတွေ့လို့ မြန်မာမိသားစုဖြစ်ရမယ်ဆိုပြီး လာနှုတ်ဆက်တာဖြစ်တယ်လို့ ပြောပြပါတယ်။ အခုမှသိရှိရပေမယ့် ကျွန်မတို့ကို ကွဲကွာနေတဲ့ဆွေမျိုးရင်းချာတွေ တွေ့ရသလို တရင်းတနှီးရှိလှပါတယ်။ ကျွန်မတို့သားနှစ်ယောက်ကိုလည်း သူ့မြေးတွေလို သဘောထားကြောင်းပြောပါတယ်။ နောက်ပိုင်း ဆရာဝန်ကြီးနဲ့ဇနီး Dr.(MRS) Kailash တို့ကို ကျွန်မတို့က 'အန်ကယ်ကြီး'၊ 'အန်တီကြီး' လို့ ခေါ်ပြောပါတယ်။ အန်ကယ်ကြီးက သူခပ်ငယ်ငယ် စစ်အတွင်း၊ ဖခင်ဖြစ်သူ သရက်မြို့မှာ တာဝန်ကျစဉ် ဖခင်နဲ့အတူရှိနေခဲ့ကြောင်း၊ သရက်မှာ မူလတန်းမပြီးပေမယ့် ဘုန်းတော်ကြီးကျောင်းမှာ စာသင်ခဲ့ဖူးကြောင်း၊ အခုတော့ ဗမာစကားဆိုလို့ ထမင်းစားရေသောက်လောက်ပဲ မှတ်မိတော့ကြောင်း အားပါးတရပြောပြပါတယ်။

အန်ကယ်ကြီးနဲ့ အဲဒီကအစ သိရှိခဲ့ရာက အန်တီကြီးနဲ့လည်း အကျွမ်းဝင်သွားကြပါတယ်။ ဇနီးမောင်နှံနှစ်ယောက်လိုက်ဖက်ကြပါတယ်။ အန်တီကြီးက သားဖွားမီးယပ်ဆိုင်ရာ ဆရာဝန်မကြီးဖြစ်ပါတယ်။ ဖော်ရွေပွင့်လင်းပုံ၊ လက်တွေ့ကျကျတွေးခေါ် လုပ်ကိုင်တတ်ပုံကလည်း တစ်ထပ်တည်းပါပဲ။ အန်ကယ်ကြီးက ဆရာဝန်ဖြစ်ပြီးကတည်းက မကြာခဏဆိုသလို ဝေးလံသီခေါင်တဲ့ကျေးလက်ဒေသတွေမှာ အခမဲ့မျက်စိကုသမှုစခန်းတွေဖွင့်ပြီး ချို့တဲ့တဲ့သာမန်ပြည်သူတွေကို စေတနာအပြည့်နဲ့ ကြည့်ရှုကုသပေးနေတာ ဒီကနေ့အထိပါပဲ။ ဒေလီမြို့တောင်ပိုင်း Panchkuin ရပ်ကွက်မှာ ဖခင်ကြီးကိုရည်စူးပြီး အခမဲ့ဆေးပေးခန်းတစ်ခုဖွင့်လှစ်ထားသလို အခုလက်ရှိနေထိုင်နေတဲ့ ဒေလီမြို့မြောက်ဘက် Haryana ပြည်နယ် Gurgaon မြို့နားက ရွာလေးတစ်ရွာမှာလည်း ဖခင်ကြီးကို ရည်စူးပြီး အခမဲ့ဆေးပေးခန်းဖွင့်လှစ်ထားပါတယ်။ အဲဒီမှာ တခြားအထွေထွေရောဂါကုဆရာဝန်တွေအတွက်ပါ သီးသန့်လူနာကြည့်ဆောင်တွေ ထားရှိပေးပါတယ်။ အန်ကယ်ကြီးက လက်တွေ့သမားပီပီ သမီးနှစ်ယောက်ဖြစ်တဲ့ Nirupa နဲ့ Suchitra တို့ကလေးဘဝမှာ မျက်စိကုသမှုစခန်းတွေဆီခေါ်သွားပြီး လက်တွေ့ရှင်းပြခဲ့ပါတယ်။

ကျွန်မတို့မိသားစု ဒေလီမြို့မှာနေခဲ့

www.foreverspace.com.mm

တဲ့ကာလအတောအတွင်း အန်ကယ်ကြီးနဲ့ အန်တီကြီး အိမ်သုံးကြိမ်ပြောင်းရွှေ့ခဲ့ပါတယ်။ အန်ကယ်ကြီးရဲ့ညီဖြစ်သူက ဆောက်လုပ်ရေးကန်ထရိုက်တာဆိုတော့ အမြတ်အစွန်းရလို့ အိမ်ရောင်းပြီး နေရာသစ်ပြောင်းတိုင်း အန်ကယ်ကြီးကိုပါ နီးနီးနားနားနေရအောင် နေရာသစ်ရွှေ့ပြောင်းစေပါတယ်။ အခုလက်ရှိအိမ်က စောစောကပြောတဲ့ Haryana ပြည်နယ်ထဲမှာပါ။ နှစ်ထပ်တိုက်ကလေးတစ်လုံးကို သမီးငယ်မိသားစုနဲ့ စုပေါင်းဆောက်ပြီး အန်ကယ်ကြီးတို့ဇနီးမောင်နှံက အောက်ထပ်မှာနေပါတယ်။ သမီးငယ်မိသားစုက အပေါ်ထပ်မှာဆိုတော့ အရေးအကြောင်းဆိုရင် အဆင်ပြေပါတယ်။ အန်ကယ်ကြီးတို့ ဘယ်နေရာပြောင်းပြောင်း ကျွန်မတို့မိသားစု ရောက်သွားတာချည်းပါပဲ။ ဒေလီမြို့ကနေ အန်ကယ်ကြီးတို့နေတဲ့ Gurgaon မြို့ နေအိမ်သစ်ကို လမ်းရှင်းရင်တောင် တစ်နာရီကျော်ကျော်မော်တော်ကားနဲ့သွားရပါတယ်။ လမ်းကလည်း အမြဲရှုပ်နေပါတယ်။ အန်ကယ်ကြီးနဲ့ အန်တီကြီးတို့ တစ်ပတ်နှစ်ရက်စီ ဒေလီမြို့မှာ ဆေးခန်းထိုင်ကြပါတယ်။ အန်ကယ်ကြီးဟာ ၂၀၀၇ ခုနှစ်က နှလုံး By Pass ခွဲစိတ်ကုသထားရပေမယ့် ဆေးခန်းထိုင်ဆဲဖြစ်ပါတယ်။ နှလုံးခွဲပြီး ခြောက်လအကြာမှာ ကျွန်မ ဒေလီတစ်ခေါက်ရောက်သွားလို့ အန်ကယ်ကြီးနဲ့ တွေ့ပါတယ်။ ပြောမပြရင် နှလုံးခွဲစိတ်ခံထားရသူဆိုတာ ဘယ်လိုမှမသိနိုင်ပါဘူး။ အရင်လိုပဲ သပ်သပ်ရပ်ရပ်ဝတ်စားပြီး သွက်လက်နေပါတယ်။ အန်တီကြီးကလည်း လွန်ခဲ့တဲ့ငါးနှစ်လောက်က လိမ့်ကျလို့ ပေါင်ကျိုးသွားတာကြောင့် သံချောင်းထည့်ထားရပါတယ်။ ဆရာဝန်ညွှန်ကြားချက်အရ နှစ်လလောက် ငြိမ်ငြိမ်လေးနားနေရတဲ့အချိန်ကလွဲပြီး ထမင်းဟင်းချက်၊ ဆေးခန်းသွားနဲ့ ပုံမှန်လှုပ်ရှားလျက်ပါ။ အန်တီကြီးက ထမင်းဟင်းချက်ရတာလည်း ဝါသနာပါပါတယ်။ ကျွန်မတို့သွားလည်တဲ့အခါ အချိုပွဲတောင် ကိုယ်တိုင်လုပ်ရမှ ကျေနပ်သူပါ။ အခု အန်ကယ်ကြီးက ၈၈ နှစ်၊ အန်တီကြီးက ၈၀၊ အန်ကယ်ကြီးက ကိုယ်တိုင်မော်တော်ကားမောင်းပြီး အန်တီကြီးက ထမင်းဟင်းချက်နေဆဲပါ။

အခုနေတဲ့ Haryana ပြည်နယ်က ဆရာဝန်ကြီးဇနီးမောင်နှံ အိမ်လေးဟာ သေးငယ်ပေမယ့် သပ်သပ်ရပ်ရပ်ရှိလှပါတယ်။ ခေတ်မီမီ ပြင်ဆင်ထားပါတယ်။ အိမ်ရှေ့မှာ မြက်ခင်းပြင် မကျယ်လှပေမယ့် ဆောင်းတွင်း နေပူဆာလှုံရင်း အေးအေးဆေးဆေး စာဖတ်နိုင်ပါတယ်။ အိမ်နောက်ဘက် ခြံလေးကလည်း အသင့်အတင့်ရှိပါတယ်။ အိမ်ပြောင်းပြီးခါစ ကျွန်မတို့ရောက်သွားတော့ အန်ကယ်ကြီးနဲ့ အန်တီကြီးတို့က သူတို့အိမ်လေးနဲ့ အိမ်နောက်ဘက်ခြံလေးကို လိုက်ပြပါတယ်။ ခြံထဲမှာ ပန်းပင်ဆိုလို့ နှင်းဆီပင်နည်းနည်းပါးပါးရှိပြီး ဟင်းသီးဟင်းရွက်စိုက်ခင်းလေးတွေ စနစ်တကျ



တန်းစီပြီး စိုက်ပျိုးထားတာ တွေ့ရပါတယ်။ ရုံးပတီပင်၊ ခရမ်းသီး၊ ခရမ်းချဉ်၊ ကြက်သွန်မိတ်၊ ငရုတ်စိမ်း၊ ပဲစိမ်း၊ ဟင်းနုနွယ်စတဲ့ ဟင်းသီးဟင်းရွက်ပင်တွေ စုံနေအောင် စိုက်ထားပါတယ်။ အန်ကယ်ကြီးတို့ အိမ်နောက်ဖေး ဈေးဆိုင်တည်ဆိုသလို ခြံထွက်ဟင်းသီးဟင်းရွက်ပဲ စားကြတော့မယ်လို့ ထင်လိုက်မိပါတယ်။ မေးကြည့်တဲ့အခါ အိမ်အပေါ်ထပ်က မြေးနှစ်ယောက် လက်တွေ့ကျကျလေ့လာဖို့ စိုက်ပေးထားတာလို့ ပြောပြပါတယ်။ အဲဒီအချိန်က မြေးအကြီးယောကျ်ားလေးက ၁၀ နှစ်၊ အငယ်မလေးက ခုနစ်နှစ်ရှိပါပြီ။ “ဒီကလေးနှစ်ယောက် ကျောင်းပြီးတာနဲ့ ကွန်ပျူတာရှေ့မှာထိုင်ပြီး Games ကစားတော့တာပဲ။ သူတို့အမေ Chitra နဲ့ အကြီးမ Niru (Nirupa နဲ့ Suchitra) တို့ကို အိမ်မှာ Niru, Chitra ဆိုပြီး ချစ်စနိုးခေါ်ပါတယ်) ငယ်ငယ်က ဆိုရင် မျက်စိကုသမှုစခန်း (Eye Relief Camp) တွေခေါ်သွားပြီး လက်တွေ့လေ့လာစေခဲ့ပါတယ်။ အဲဒီစခန်းတွေခေါ်သွားတော့ အလွှာအသီးသီးက လူမျိုးစုံနဲ့လည်း ဆက်ဆံသိကျွမ်းခွင့်ရခဲ့ပါတယ်။ ဒါမှ ဘဝကို နားလည်ကြမှာပေါ့။ အခုတော့ မိဘတွေကိုယ်တိုင်က သားသမီးတွေကို အချိန်မပေးနိုင်ကြတော့ဘူး။ အန်ကယ်တို့ငယ်ငယ်က ကစားနည်းတွေလည်း သူတို့မသိကြဘူး” လို့ ပြောပါတယ်။ မှန်ပါတယ်။ ကျွန်မတို့ငယ်ငယ်က ဆယ်တန်းရောက်တဲ့အထိ ကျောင်းတက်ချိန် ခေါင်းလောင်းမထိုးမချင်း ကျောင်းစိမ်းထဘီကို တိုတိုဝတ်ပြီး ထုပ်ဆီးတိုးကြ၊ ဖန်ခုန်ကြနဲ့ ကလေးသဘာဝ ပျော်စရာကောင်းလိုက်တာ လွန်ရောပါပဲ။ ကျွန်မ ဆဋ္ဌမတန်းကနေ တက္ကသိုလ်ဝင်တန်းအထိ မြို့မအမျိုးသမီးအထက်တန်းကျောင်းမှာ ပညာသင်ကြားခဲ့ရပါတယ်။ မူလတန်းကတည်းက ကျောင်းသူလေးတွေကို ခြောက်ယောက်စီ အုပ်စုဖွဲ့ပေးပြီး အတန်းသန့်ရှင်းရေး အလှည့်ကျလုပ်စေပါတယ်။ သောက်ရေအိုးရေဆေးပြီး ရေဖြည့်ရပါတယ်။ အတန်းလိုက် ဘုရားကျောင်း

www.foreverspace.com.mm



ဆောင်မရှိပေမယ့် ညောင်ရေအိုး ရေလဲပြီး ပန်းထိုးရပါတယ်။ အတန်းတွင်း တံမြက်စည်းလှည်း၊ စာရေးခုံနဲ့ ထိုင်ခုံတွေ၊ ဆရာမ စားပွဲခုံ၊ ကုလားထိုင်၊ စာအုပ်ဗီရို၊ ကျောက်သင်ပုန်း ဖုန်သုတ်ရပါတယ်။ အလုပြင်ရကောင်းမှန်းလည်းမသိကြပါ။ ကစားလွန်းလို့ အဆူခံရတာလည်း မှတ်မိနေပါသေးတယ်။

အန်ကယ်ကြီးက ဆက်ပြောပါတယ်။ “ကွန်ပျူတာခေတ်ရောက်လာတာ လူငယ်လူရွယ်တွေအတွက်ရော၊ လူကြီးတွေအတွက်ပါ သိပ်ပြီးကံကောင်းတယ်။ ဆက်သွယ်ရေးစနစ်မှာ Internet ကတစ်ဆင့် ထိရောက်မှုသိပ်ရှိတာပဲ။ ဒါပေမဲ့ ဝမ်းနည်းစရာတစ်ခုက ကလေးတွေမပြောနဲ့ လူရွယ် လူလတ်၊ လူကြီးပိုင်းနဲ့ပါ မသင့်တော်တဲ့ Games Series တွေ ပေါ်ပြူလာဖြစ်နေတာပဲ။ ဒီ Games Series ထုတ်လုပ်တဲ့ လုပ်ငန်းတွေဟာ ဒေါ်လာငွေ ဘီလီယံပေါင်းများစွာ လည်ပတ်နေတယ်လို့ ပြောကြတယ်။ Kids-Only, Adults-Only Category ဆိုပြီး ‘ကလေးသူငယ်တွေအတွက်သာ’၊ ‘အရွယ်ရောက်သူအတွက်သာ’ (အသက် ၂၁ နှစ် ပြည့်ပြီးသူ) လို့ အမျိုးအစား ခွဲခြားသတ်မှတ်ထားပေမယ့် IT ခေတ်မှာ ‘ကလေး’ ဆိုတာ မရှိသလောက်ဖြစ်နေတော့ စိတ်မကောင်းစရာဘဲ။ Internet မှာကလည်း ‘စိတ်ကူးယဉ်ကမ္ဘာ Virtural World’ ဖန်တီးယူနိုင်ပြီး ဘယ်လိုမှ အကျိုးမရှိစေတဲ့ Games တွေနဲ့ အချိန်ကုန်နေကြတာလည်း ဝမ်းနည်းစရာပါပဲ”လို့ စိတ်ပျက်လက်ပျက် ပြောပါတယ်။ တစ်ဖက်က အောင်မြင်တိုးတက်မှုတွေရှိသလို တစ်ဖက်က အကျင့်စာရိတ္တပျက်ပြားစရာတွေပါရှိလာတာကြောင့် ဆရာဝန်ကြီးက သူ့မြေးတွေအတွက် ဟင်းသီးဟင်းရွက်စိုက်ပြပြီး မသိမသာပညာပေး ထိန်းကျောင်းသွားသလို ‘ခေတ်နဲ့အညီလည်း တတ်သိကျွမ်းကျင်အောင်၊ အစွန်းလည်းမရောက်အောင်’ နည်းလမ်းကောင်းရှာပေးဖို့ မိဘနဲ့ဆရာသမားနှစ်ဦးစလုံးမှာ တာဝန်ရှိပါတယ်။


**Freecycle Network ပေါ်ပေါက်လာမှ အမှိုက်ပုံထဲရောက်ပြီး အလဟဿဖြစ်သွားမယ့်ပစ္စည်း တန်ချိန် သန်း ၃၀၀ ကျော်ကို နေ့စဉ်ရွေးထုတ်ပြီး လိုအပ်တဲ့မိသားစုတွေဆီ ပို့ပေးနိုင်တယ်လို့ သိရှိရပါတယ်။**

Reuters သတင်းတစ်ရပ်အဆိုအရ အမေရိကန်ပြည်ထောင်စု Texas ပြည်နယ် Houstion မြို့ Menninger Clinic ဒါရိုက်တာ John o'Neill က “နည်းပညာတိုးတက်မှုအပိုင်းကိုကြည့်ရင် ကျေနပ်အားရစရာပါပဲ။ ဒါပေမဲ့ နည်းပညာ မတန်မဆ ဝန်ထုပ်ဝန်ပိုး ဖြစ်လာတဲ့အခါ Cell Phone နဲ့ E-mail အဆက်မပြတ်အသုံးပြုရာက မူမမှန်တော့လို့ ကျွန်တော့်ဆေးခန်းရောက်လာတဲ့လူနာတွေဟာ မူးယစ်ဆေးစွဲနေသူတွေရဲ့ အမူအကျင့်တွေအတိုင်း ဖြစ်နေပါတယ်” လို့ ပြောကြောင်း သိရှိရပါတယ်။ နည်းပညာဟာ အရက်နဲ့မူးယစ်ဆေးဝါးလိုစွဲကောင်းစွဲစေနိုင်တာကြောင့် ပုဂ္ဂိုလ်ရေးအရ ဆက်ဆံရေးများနဲ့ အလုပ်ခွင်ဆက်ဆံရေးများမှာ ဒေါသတကြီးပေါက်ကွဲမှုတွေကို အကြီးအကျယ် ပျက်စီးဆုံးရှုံးစေနိုင်ပါတယ်လို့လည်း O'Neill က ဆက်ပြီးပြောပါတယ်။ O'Neill ရဲ့ လေ့လာဆန်းစစ်ချက်တွေကို စိတ်ပညာရှင်တွေကလည်း ထောက်ခံကြပါတယ်။ နည်းပညာစွဲနေသူများဟာ စိတ်လိုက်မာန်ပါ ပြုကျင့်တတ်တာကြောင့် အရက်စွဲသူ၊ လောင်းကစားစွဲသူနဲ့ မူးယစ်ဆေးဝါးစွဲသူတွေလိုပဲ လူမှုဆက်ဆံရေးမှာ ကမောက်ကမ ဖြစ်စေတယ်လို့ စိတ်ပညာရှင်များက ပြောပါတယ်။ ဝါရှင်တန် Redmond အရပ်မှာရှိတဲ့ ‘The Internet/ Computer Addiction Services’ ဝန်ဆောင်မှုလုပ်ငန်းဟာ နည်းပညာစွဲလမ်းမှုလွန်ကဲနေသူများကို ကုသပေးပြီး ကုထုံးကုနည်းများကိုလည်း ပို့ချပေးပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ Internet အသုံးပြုသူ ၁၈၉ သန်းနီးပါးရှိတဲ့အနက် ၆ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းဟာ ကွန်ပျူတာ၊ E-mail, Internet, Cell Phone, Text Message တွေနဲ့ ကင်းကွာပြီးမနေနိုင်ကြပါဘူး။ “ဒါ့ကြောင့် လူတွေကို ပညာပေးဖို့ လိုအပ်ပါတယ်။ ပညာပေးတယ်လို့ဆိုရာမှာ နည်းပညာကို ဘယ်လိုအကန့်အသတ်၊ ဘယ်လိုနယ်စည်းသတ်မှတ်ပြီး အသုံးချတတ်ဖို့ပါပဲ။ မိမိအတွက်ရော၊ အများအတွက်ပါ ထိရောက်မှုရှိပြီးအစွန်းမရောက်စေဖို့ ကိုယ်ပိုင်ဉာဏ်နဲ့ ပိုင်းဖြတ်တတ်ဖို့ လိုအပ်ပါတယ်” လို့ O' Neill က ရှင်းပြပါတယ်။ “လူတစ်ယောက်ဟာ Technology တစ်ခုခုမရှိရင် မဖြစ်တော့တဲ့ အနေအထား ရောက်နေပြီဆိုတာကို သိသာပေါ်လွင်စေတဲ့အချက်တွေ ရှိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်ပြီးတွေ့ဆုံဆွေးနွေးဖို့ သင့်တော်တဲ့ကိစ္စတွေမှာ လူချင်းတွေ့ပြောဆိုလိုမှုမရှိဘဲ Text Message, E-mail, Voice Mail စတဲ့ နည်းပညာတွေကသာ တစ်ဆင့်ဆက်သွယ်လိုတာတို့ ဒါမှမဟုတ် မိသားစု၊ မိတ်ဆွေ၊ မိတ်ဆွေအပေါင်းအသင်းတွေနဲ့ ဆက်ဆံမှုနည်းလာပြီး Internet နဲ့ အချိန်ဖြုန်းတာတို့၊ E-mail ပို့တာ၊ စစ်တာတို့၊ Cell Phone မှာပါသမျှ နည်းပညာတွေနဲ့ အချိန်ကုန်လွန်စေတာတို့ ဖြစ်လာတတ်ပါတယ်” လို့လည်း O' Neill ဆက်ပြီးရှင်းပြပါတယ်။

Nyt News Service မှာ ပါရှိတဲ့ သတင်းဆောင်းပါးတစ်ပုဒ်မှာ Walt Disney Company's Children's Book and Magazine Publishing Unit ဥက္ကဋ္ဌ Mr. Russell Hampton ရဲ့အတွေ့အကြုံကို တင်ပြထားပါတယ်။ Mr. Hampton ဟာ တစ်နေ့ အသက် ၁၄ နှစ်အရွယ်သမီး Katie နဲ့ သမီးရဲ့သူငယ်ချင်းနှစ်ယောက်ကို ပြဇာတ်ကြည့်ဖို့ မော်တော်ကားနဲ့ ခေါ်သွားပါတယ်။ သူငယ်ချင်းသုံးယောက်

www.foreverspace.com.mm

မော်တော်ကား နောက်ခန်းမှာထိုင်လိုက်ရင်း ရုပ်ရှင်မင်းသားတစ်ယောက်အကြောင်း ဆွေးနွေးပြောဆိုနေကြပါတယ်။ Mr.Hampton က သူသိသမျှ ပါဝင်ဆွေးနွေးတဲ့အခါ တလွဲတချော်ဖြစ်နေလို့ သမီးက မျက်ရိပ်မျက်ခြည်ပြပြီး ဟန့်လိုက်တာကို နောက်ကြည့်မှန်ထဲကနေ တွေ့နေရပါတယ်။ ခဏနေတော့ မော်တော်ကား နောက်ခန်းမှာ ဘာသံမှ မကြားရတော့ဘဲ တိတ်ဆိတ်သွားတာကြောင့် Mr. Hampton က နောက်ကြည့်မှန်ထဲကနေ ဘာများဖြစ်နေသလဲဆိုပြီး သမီးကိုလှမ်းကြည့်လိုက်တဲ့အခါ သမီး Katie က Cell Phone နဲ့ Text Message ပို့နေတာ တွေ့ရပါတယ်။ “Katie၊ သမီး သူငယ်ချင်းတွေ ဘေးထားပြီး Texting လုပ်နေတာ ရိုင်းရာကျတယ်” လို့ ဆုံးမလိုက်တော့ သမီး Katie က “သမီးတို့သုံးယောက် အချင်းချင်း Message ပို့နေကြတာပါ။ သမီးတို့ ပြောချင်တဲ့စကားတွေ အဖေမကြားစေချင်လို့ပါ” လို့ ပြန်ပြောပါတယ်။ အမေရိကတစ်နိုင်ငံလုံးအနှံ့ Cell Phone နဲ့ Text Message ပို့နေကြတဲ့မြင်ကွင်းဟာ မထူးဆန်းတော့ပါ။ မျက်စိနှစ်လုံးပွင့်တာနဲ့ အိပ်ရာထဲကမထခင်မှာဘဲ Message ပေါင်းများစွာ ပို့ပြီးနေကြပါပြီ။ အင်မတန်မှ နုနယ်ငယ်ရွယ်သေးတဲ့ ကလေးသူငယ်တွေအပါအဝင် လူငယ်လူရွယ်အများစုဟာ မိဘများနဲ့ ဆက်ဆံရေးပုံစံပြောင်းလဲလာပြီး Cell Phone လို ကိုယ်ပိုင်နည်းပညာဆိုင်ရာ အီလက်ထရွန်နစ်ကိရိယာတစ်ခုမဟုတ်တစ်ခုအပေါ် အမှီပြုမှုများလာပြီး မိမိစိတ်ကြိုက် လူမှုအသိုင်းအဝိုင်း ချဲ့ထွင်လာကြပါတယ်။ IDC အမေရိက သုတေသနကုမ္ပဏီတစ်ခုအဆိုအရ သက္ကရာဇ် ၂၀၁၀ ခုနှစ်အရောက်မှာ အသက်ငါးနှစ်ကနေ ၂၄ နှစ်အရွယ်ထိ အမေရိက ကလေးသူငယ်၊ လူငယ်၊ လူရွယ် စုစုပေါင်းရဲ့ ၈၁ ရာခိုင်နှုန်း Cell Phone ပိုင်ဆိုင်သူတွေဖြစ်လာလိမ့်မယ်လို့ သိရပါတယ်။ ၂၀၀၅ ခုနှစ်က သုတေသနပြုလုပ်ချက်အရ အခုဖော်ပြခဲ့တဲ့ အသက်အပိုင်းအခြားအတွင်း ၅၃ ရာခိုင်နှုန်းသာ Cell Phone ပိုင်ဆိုင်တယ်လို့ ဆိုပါတယ်။



“အခု Cell Phone တွေကို ကွန်ပျူတာအသေးစားလေးအဖြစ်ရော၊ E-mail, Internet ဆက်သွယ်မှုအပြင် ရုပ်ရှင်ကအစ ဖျော်ဖြေရေးအစီအစဉ်တွေကိုပါ လက်နှစ်လုံးသာသာ ဖန်သားပြင်ပေါ်မှာ ကြည့်ရှုလို့ရအောင် အသုံးပြုနိုင်တာကြောင့် Mobile ဆက်သွယ်ရေးစနစ် ရေပန်းစားမှု တိုးပြီးရင် တိုးတက်ဦးမှာဖြစ်တယ်” လို့ အမေရိကန်ပြည်ထောင်စု Massachusetts Institute of Technology တက္ကသိုလ် လူမှုရေးရာ စိတ်ပညာပါရဂူ ပါမောက္ခ Sherry Turkle က ပြောပါတယ်။ Mobile ဆက်သွယ်ရေးစနစ် အသုံးပြုနိုင်တာနဲ့ ကလေးသူငယ်တွေက ‘ခေတ်နဲ့အညီ လူရာဝင်သွား

www.foreverspace.com.mm



ပြီ' လို့လည်း အထင်ရောက်တတ်ကြပါတယ်။ ဒီ Cell Phone လေးတွေကို အလွဲသုံးစားပြုပြီး ဓာတ်ပုံခိုးရိုက်ကြ၊ မတော်တရော်ကိစ္စမျိုးတွေမှာ အသုံးချကြတဲ့ဖြစ်ရပ်တွေလည်း အများအပြားရှိတာကြောင့် နည်းပညာကို ကိုယ်ကသာနိုင်အောင် ကိုင်တွယ်အသုံးချတတ်ဖို့ အရေးကြီးပါတယ်။ နည်းပညာက အနိုင်ယူသွားပြီဆိုရင်တော့ 'တန်ဖိုးမရှိသူ'ဘဝ ရောက်ရှိသွားနိုင်ပါတယ်။

'အသစ်တွေ ဘယ်လိုကောင်းပေမယ့် အဟောင်းတလည်းလည်း' ဆိုတာမျိုး ဖြစ်ရပ်တွေလည်း ရှိတတ်ပါတယ်။ ဥပမာ –SMS၊ Text Message ပို့ပြီး တစ်ဦးနဲ့တစ်ဦး အဆက်အသွယ်လုပ်ကြတယ်။ မွေးနေ့နဲ့ တခြား ထူးခြားတဲ့အချိန်အခါတွေမှာ နှုတ်ခွန်းဆက်ကြတယ်။ ဆုမွန်ကောင်းတောင်းကြတယ်။ အင်မတန်လွယ်ကူပြီး ဘယ်အချိန် ဘယ်နေရာရောက်ရောက် အဆက်အသွယ်ပြုလုပ်နိုင်ကြပါတယ်။ အဲဒီလို Mobile ကတစ်ဆင့် နှုတ်ခွန်းဆက်သမှုတွေခေတ်စားလာတဲ့အခါ သမားရိုးကျစက္ကူကတ် (Greeting Card) နဲ့ မွေးနေ့ဆုမွန်ကောင်းတောင်းတဲ့ အလေ့အထတွေ လျော့ကျသွားပါတယ်လို့ အိန္ဒိယနိုင်ငံအနှံ့ Greeting Card ရောင်းချတဲ့ဆိုင်ခွဲတွေဖွင့်ထားသူတစ်ဦးက ပြောပါတယ်။ ဒါပေမဲ့ SMS၊Text Message တွေပို့ရတာ ရင်းနှီးမှုမရှိဘူး၊ နွေးထွေးမှုမရှိဘူးလို့ ထင်မြင်ယူဆလာသူတွေလည်းရှိပါတယ်။ ဒါကြောင့် စက္ကူ Greeting Card ရောင်းချမှု ကျဆင်းရာက မနှစ်ကစပြီး ၁၀ ရာခိုင်နှုန်းကနေ ၁၂ ရာခိုင်နှုန်း အရောင်းပြန်ပြီးတက်လာတယ်လို့လည်း သိရှိရပါတယ်။

Internet ဆိုးကျိုးတွေရှိသလို အများ အကျိုးဆောင်တဲ့ Freecycle Network အကြောင်း သိရှိရပြန်တော့လည်း ကျေနပ် အားရစရာကောင်းလှပါတယ်။

အမေရိကန်ပြည်ထောင်စု Charleston ဒေသတောင်ဘက် Marmet မြို့လေးက အသက် ၃၂ နှစ်အရွယ်ရှိတဲ့ Laura Gernell ဟာ သားယောက်ျားလေး မီးဖွားပြီးခါစ အလုပ်လက်မဲ့ဖြစ်ခဲ့ရပါတယ်။ ထရပ်ကားမောင်းပြီး အသက်မွေးဝမ်းကျောင်းနေတဲ့ ခင်ပွန်းသည် Ronald လည်း မရှေးမနှောင်း အလုပ်ပြုတ်ခံခဲ့ရပါတယ်။ Laura က ငွေပေးချေရခြင်းလည်း မရှိ။ တောင်မေးမြောက်မေး၊ မေးခွန်းပေါင်းစုံ မေးမြန်းခြင်းလည်းမရှိဘဲ အကောင်းပကတိဖြစ်နေပေမယ့် ကိုယ်နဲ့အသုံးမတဲ့တော့ဘူးလို့ယူဆတဲ့ပစ္စည်းတွေကို သူစိမ်းတစ်ရံစာတွေကိုပေးပစ်ဖို့ ကမ်းလှမ်းမှုတွေ ပြုလုပ်နေတဲ့ WEB အခြေခံအစီအစဉ်တစ်ခုရှိနေတယ်လို့ ကြားရတဲ့အခါ ဟုတ်မှဟုတ်ရဲ့လားဆိုပြီး မယုံကြည်နိုင်အောင် ဖြစ်ခဲ့ရပါတယ်။ Laura တို့မိသားစုဟာ အိမ်ထောင်ပရိဘောဂဆိုလို့ ဘာမှမရှိတဲ့ တိုက်ခန်းလေးမှာ ငှားနေကြရပါတယ်။ လင်မယားနှစ်ယောက်စလုံး အလုပ်ကလည်းမရှိ။ သားလေးကလည်း ရလာပြန်ပြီဆိုတော့ အိမ်ထောင်ပရိဘောဂဝယ် ဖို့ အိပ်မက်တောင်မမက်နိုင်တော့ပါဘူး။ ဒါကြောင့် ကြံရာမရတော့ဘဲ နောက်ဆုံး Laura ဟာ Freecycle Network ထဲဝင်ပြီး Sofa ထိုင်ခုံတစ်လုံးလောက် မျှနိုင်တဲ့လူများရှိပါသလားလို့ မေးလိုက်ပါတယ်။ Laura က သူ့တိုက်ခန်းလေးကို ပရိဘောဂတွေထည့်ပြီး အလှဆင်ဖို့လည်း စိတ်မကူးပါဘူး။ မောပန်းတဲ့အခါ Sofa လေးပေါ်ထိုင်ပြီး အပန်းဖြေရုံလေးပါ။ Network

**စာရေးသူ၏ ကိုယ်ရေးအကျဉ်း**

**အမည်ရင်း** – သန်းသန်းနု

**မိဘ** – ဦးနု(ဝန်ကြီးချုပ်ဟောင်း)–ဒေါ်မြရီ

**မွေးသက္ကရာဇ်** – ၁၉၄၇ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်

**ပညာအရည်အချင်း**– ၁၉၆၄–၆၈ စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရ။

**အလုပ်အကိုင်** – ၁၉၈၀ ခုနှစ်မှ ၂၀၀၃ အထိ အိန္ဒိယနိုင်ငံ All India Radio (AIR) နိုင်ငံပိုင်အသံလွှင့်ဌာနတွင် ဘာသာပြန်/အသံလွှင့်သူအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၃ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ။

**စာပေလောကဝင်ရောက်သည့်နှစ်** – ၂၀၀၇ ခုနှစ်တွင် ပြည့်စုံစာပေမှ မျက်စိအကြောင်းသိကောင်းစရာ ဘာသာပြန်စာအုပ်ထုတ်ဝေခဲ့။ ကလောင်အမည် သန်းသန်းနုဖြစ်ပြီး ယခု မြသန်းသန်းနု ကလောင်အမည်ထားရှိ။

**ခင်ပွန်း** – ဦးအောင်ငြိမ်း

သားနှစ်ဦးရှိရာ မောင်ရှိန်မင်း (MBA) (အမေရိကန်ပြည်ထောင်စု လော့စ်အိန်းဂျလိစ်မြို့ အစိုးရဌာနတွင် Management Administrator အဖြစ် တာဝန်ထမ်းဆောင်နေ) နှင့် ဒေါက်တာအောင်စည် Ph.D (NEURO SCIENCES) RESEARCHER, AUSTRALIAN NATIONAL UNIVERSITY CANBERRA တို့ဖြစ်။

www.foreverspace.com.mm

ထဲကနေ လူသုံးဦးက Sofa မှုနိုင်ကြောင်း အကြောင်းပြန်လာလို့ Laura လည်း သင့်တော်မယ့်တစ်ခု ရွေးယူလိုက်ပါတယ်။ အဲဒါကတော့ ၂၀၀၄ ခုနှစ်က အဖြစ်အပျက်ပါ။ Laura ဟာ အဲဒီ Sofa ကို ၂၀၀၇ ခုနှစ် နွေဦးရာသီအထိ အားပါးတရ သုံးစွဲခဲ့ပါတယ်။

အခုဆိုရင် Laura ဟာ အနောက် Virginia ပြည်နယ်မှာ အဖွဲ့ဝင် ၂၁၀၀ နဲ့ အကြီးဆုံး Freecycle Network ကတစ်ဆင့် တစ်ဦးမှာ မလိုအပ်တော့တဲ့ပစ္စည်းတွေ လိုအပ်နေသူတွေလက်ထဲ အခမဲ့ရောက်နိုင်အောင် ထိထိရောက်ရောက် တာသွားစေတဲ့ လုပ်ငန်းကို ဦးဆောင်နေပြီဖြစ်ပါတယ်။ Laura က "အခုလို Network အဆက်အသွယ်လုပ်ပေးတော့မှပဲ လူတွေရဲ့ သဒ္ဓါတရားထက်သန်မှု၊ ရက်ရောမှုကို သိရှိရပြီး ဘယ်လောက်ကျေနပ်အားရစရာကောင်းတယ်ဆိုတာ ဖော်ပြဖို့စကားလုံး ရှာမရအောင်ဖြစ်ခဲ့ရပါတယ်" လို့လည်း ပြောပြပါတယ်။ "အထူးသဖြင့် အနောက် Virginia ပြည်နယ်ဟာ အမေရိကန်ပြည်ထောင်စုရဲ့ အဆင်းရဲဆုံးပြည်နယ်တွေထဲမှာ တစ်ခုအပါအဝင်ဖြစ်ပေမယ့် လူတွေရဲ့ရက်ရောမှုကတော့ အံ့သြယူရလောက်အောင် ရက်ရောလွန်းပါတယ်" လို့ ဆက်ပြီးပြောပါတယ်။

Freecycle Network ဟာ တစ်ကမ္ဘာလုံးနဲ့သက်ဆိုင်တဲ့ Network ဖြစ်နေပါပြီ။ ၂၀၀၃ ခုနှစ် မေလအတွင်း Arizona ပြည်နယ်မှာ စခဲ့ရာက အခုဆိုရင် ကမ္ဘာ့မြို့ပေါင်း ၄၁၀၀ ကျော်မှာ အသင်းဝင် လေးသန်းကျော် ရှိနေပါပြီ။ ဖွံ့ဖြိုးပြီးကမ္ဘာ့နိုင်ငံတွေမှာ မလိုချင်တော့တဲ့ သုံးပြီးသားပစ္စည်းတွေကို ကျွန်မတို့ဆီမှာလို ပြုပြင်ပြီး ပြန်ရောင်းချတာမျိုးမရှိပါ။ အမှိုက်ပုံရောက်သွားကြတာချည်းဖြစ်ပါတယ်။ အခု Freecycle Network ပေါ်ပေါက်လာမှ အမှိုက်ပုံထဲရောက်ပြီး အလဟဿဖြစ်သွားမယ့်ပစ္စည်း တန်ချိန် သန်း ၃၀၀ ကျော်ကို နေ့စဉ်ရွေးထုတ်ပြီး လိုအပ်တဲ့မိသားစုတွေဆီ ပို့ပေးနိုင်တယ်လို့ သိရှိရပါတယ်။ Freecycle Network ကို စပြီးဖန်တီးတဲ့ အမှုဆောင် ညွှန်ကြားရေးမှူး Deron Beal က "Network ကတစ်ဆင့် အားရကျေနပ်ဖွယ်ဖြစ်ရပ်အမျိုးမျိုး ကြားသိရပါတယ်။ အထူးသဖြင့် ချို့တဲ့သူတွေအတွက် လိုအပ်ချက်တွေ ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်။ ဥပမာ–Katrina လေပြင်းမုန်တိုင်းကျစဉ်က Network ကရရှိတဲ့ပစ္စည်းတွေနဲ့ အိမ်သစ်ဆောက်ပေးနိုင်တာမျိုး၊ အသက် ၇၈ နှစ်အရွယ်အဘိုးအိုတစ်ယောက်ဟာ Network ကတစ်ဆင့် စက်ဘီးအစိတ်အပိုင်းတွေ (Spare Parts) စုဆောင်းပြီး စက်ဘီးဝယ်ဖို့မတတ်နိုင်တဲ့ကလေးတွေအတွက် စက်ဘီးဆင်ပေးတာမျိုး၊ Texas မြို့နယ် Austin မြို့က အမျိုးသမီးတစ်ဦးကဆိုရင် Haiti ကျွန်းရဲ့ မိဘမဲ့ကလေးဂေဟာအတွက် Network ကတစ်ဆင့် ပစ္စည်းတွေစုဆောင်းပြီး FEDEX ရေကြောင်းသယ်ယူပို့ဆောင်ရေးကုမ္ပဏီကို ဆက်သွယ်တဲ့အခါ အဲဒီကုမ္ပဏီက ကွန်တိန်နာကြီးတွေနဲ့ အခမဲ့ပို့ဆောင်ပေးခဲ့တာမျိုးတွေ ရှိပါတယ်။ မရေမတွက်နိုင်တဲ့ ကြင်နာမှု ဖြစ်ရပ်တွေပါပဲ" လို့ပြောပါတယ်။ "Freecycle Network ရဲ့ အခြေခံမူဟာ မပြည့်စုံသူတစ်ယောက်ရဲ့ ဘဝကို ပြောင်းလဲပေးနိုင်ဖို့ပါပဲ။ ပေးကမ်းခြင်းဟာ လက်ခံရခြင်းထက်ပိုပြီး ကျေနပ်ဖို့ကောင်းပါတယ်။ တစ်ဦးတစ်ယောက်ရဲ့ အမှိုက်ပုံဟာ တခြားတစ်စုံတစ်ယောက်အတွက် ရတနာသိုက်ကြီးဖြစ်နိုင်ပါတယ်။ သူတစ်ပါးကို ကြင်နာမှုရှိမယ်ဆိုရင် မိမိကိုလည်း ကြင်နာသူတွေ ပေါ်လာပါတယ်" လို့ အသက် ၄၀ အရွယ်ရှိ Arizona ပြည်နယ် Tucson မြို့က Network အမှုဆောင် ညွှန်ကြားရေးမှူး Beal က ပြောပါတယ်။ Laura ကတော့ "ဒီ Network ဟာ အချိန်တိုအတွင်း အပွကြဲဖို့ သူဌေးဖြစ်နည်းမဟုတ်ပါဘူး။ ဘယ်အချိန်မဆို လိုတာမှန်သမျှရနိုင်ဖို့လည်း မဖြစ်နိုင်ပါဘူး။ ကိုယ့်ဘက်က များများပေးနိုင်လေ၊ ရလဒ်ကောင်းတွေရလေပါပဲ" လို့ ပြောပါတယ်။ ဒါကတော့ လူသားတွေ အကျိုးကျေးဇူးဖြစ်ထွန်းစေတဲ့ Website တစ်ခုအကြောင်းပါ။

Website ဖန်တီးကြသူတွေဟာ အခုနောက်ပိုင်းမှာ သုံးလေးငါးနှစ် အရွယ်လေးတွေအတွက်ပါ စိတ်ကူးယဉ်ကမ္ဘာ (Virtual World) ဖန်တီးလာကြလို့ တချို့မိဘတွေနဲ့ ကလေးသူငယ်တွေ ကိုယ်ကျင့်တရားမပျက်စေရေး အကာအကွယ်ပေးနေကြတဲ့အုပ်စုတွေက စိတ်ပျက်လက်ပျက်ဖြစ်ကြရပါတယ်။ ဒါပေမဲ့ ကလေးသူငယ်တွေအတွက် ကာတွန်း၊ ရုပ်ရှင်နဲ့ ဖျော်ဖြေရေး အစီအစဉ်တွေ ထုတ်လုပ်ပေး နေတဲ့ Walt Disney ကို ကုမ္ပဏီကြီးတွေ ကပါ Club Penguin အမည်နဲ့ Website ထားရှိပေးနေတာ တွေ့ရပါတယ်။ ဒီ Website မှာ ဒီကနေ့ ကလေးသူငယ်အသင်းဝင် ၈.၂ သန်းရှိရာက ၂၀၁၁ ခုနှစ်အရောက် အသင်းဝင်သန်း ၂၀ ရှိလိမ့်မယ်လို့ Walt Disney emarketer သုတေသီ Debra Aho Williamson က ပြောပါတယ်။


ကလေးသူငယ်တွေအတွက် တခြားစိတ်ကူးယဉ်ကမ္ဘာတစ်ခုဖြစ်တဲ့ Webkinz မှာတော့ ကလေးသူငယ်အသင်းဝင်ခြောက်သန်းကျော်ရှိနေတာကြောင့် ၂၀၀၆ ခုနှစ်နဲ့စာရင် ၃၄၂ ရာခိုင်နှုန်း တိုးများလာတယ်လို့ Comscore Media Metrix သုတေသနကုမ္ပဏီက ဖော်ပြပါတယ်။

IT သတင်းနည်းပညာ တိုးတက်နေတဲ့ခေတ်မှာ ခေတ်နဲ့အညီ တိုးတက်ဖို့ လိုအပ်ပြီး အပြုသဘောဆောင်တဲ့ အသုံးချမှုဖြစ်အောင် ပိုင်းခြားဝေဖန်တတ်ဖို့လည်း လိုပါတယ်။ ကျွန်မတို့အတွက် ဗုဒ္ဓရှင်တော်ဘုရားရဲ့ "မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်" နဲ့ "တန်ဆေးလွန်ဘေး" ရှေးဆိုရိုးစကားရှိနေတာကြောင့် လက်တွေ့ကျင့်သုံးဖို့သာ လိုအပ်ပါတယ်။

**မြသန်းသန်းနု**

www.foreverspace.com.mm





# တောင်ကြီးသို့ နောက်တစ်ခေါက်

သခင်တင်မြ

## ဘုရားဖူးခရီး

ဇနီးသန်းသန်းညွန့် တောင်ကြီး၊ အင်းလေး၊ အောင်ပန်း၊ ပင်းတယသို့ ဘုရားဖူးမရောက်ဖူးသဖြင့် ခရီးထွက်ခဲ့ခြင်း ဖြစ်သည်။ ဤခရီးမထွက်မီကပင် ကြိုတင် စီစဉ်ခဲ့သည်။ စီစဉ်ပေးသူတွေက ရန်ကုန် မှာမွေးပြီး တောင်ကြီးမှာကြီး၊ ယခုရန်ကုန် မှာ အလုပ်လုပ်နေသည့် မြေးမ ဝတ်မှုံက တောင်ကြီးတွင် တည်းခိုမည့်နေရာ၊ ပင်းတယအသွား ကားအစီအစဉ်နှင့် အပြန်ခရီးစဉ် တို့ဖြစ်သည်။

တောင်ကြီးအသွားကားလက်မှတ် စီစဉ်ပေးသူက သန်းသန်းညွန့်၏တူမ ယုယု လှိုင်ခေါ် မီးငယ် ဖြစ်သည်။

၂၉–၄–၂၀၀၈ နံနက် ၁၀ နာရီခွဲမှ အရှေ့ဒဂုံအိမ်မှ ကျွန်တော်၊ သန်းသန်းညွန့်၊ ဒေါ်စန်းနှင့် သန်းသန်းညွန့်ညီမ အေးအေး မာတို့လေးယောက် တက္ကစီဖြင့် ပါရမီကားဝင်းသို့ ထွက်ခဲ့သည်။ လမ်းခုလတ်ကပင် မိုးကတဖွဲဖွဲရွာလာသည်။

ကားဝင်းထဲဝင်တော့ ရပ်နားဆောင်တွင် ခရီးသွားအချို့ရောက်နေပြီဖြစ်သည်။ မိုးကမစဲသေး။ ရပ်နားဆောင်တွင် နေရာဝင်ယူခဲ့သည်။ "ဘယ်ကားစီးရမလဲ" မေးတော့ "ရှမ်းမလေး"ဟု ဝန်ထမ်းတစ်ဦးက ဖြေသည်။ ကားဝင်းထဲတွင် ရွှေမန်းသူ၊ ရှမ်းမလေး စသည့် အဝေးပြေးယာဉ်အများ အပြားတွေ့ရသည်။

လမ်းတွင်စားမည့် လိမ္မော်သီးနှစ်လုံး ဝယ်သည်။ တစ်လုံး ၅၀၀ ကျပ်။ ကားငယ်များဖြင့် ခရီးသွားများ ထပ်ရောက်လာသည်။ ၁၁ နာရီခွဲတော့မည်။ ကြိုကြိုတင်တင် ဆီးသွားထားလိုက်သည်။

မကြာပါ၊ 'ရှမ်းမလေး' ကားဂိတ်ထိုးလာသည်။ အထုပ်အပိုးများကို ဒေါ်စန်းနှင့် အေးအေးမာတို့က ကားပေါ်တင်ပေးသည်။ မိုးကမစဲသေး။ ကျွန်တော်တို့နှစ်ယောက် ကားပေါ်ရောက်သော်လည်း ကားကမထွက်သေး။ ဒေါ်စန်းနှင့် အေးအေးမာတို့နှစ်ယောက် ထီးကိုယ်စီဖြင့် ကားနှင့်မနီးမဝေးမှာရပ်လို့ မပြန်ကြသေး။

ကားပေါ်ခရီးသည်အားလုံးရောက်ပြီး လူစစ်ပြီးမှ ရှမ်းမလေးကားထွက်တော့သည်။ ဒေါ်စန်းနှင့် အေးအေးမာတို့ကို လက်ပြနှုတ်ဆက်ခဲ့သည်။ ရှမ်းမလေးက ပါရမီကားဝင်းမှ မြောက်ဥက္ကလာ အောင်မင်္ဂလာကားဂိတ်သို့ မောင်းခဲ့သည်။ ကားဝင်းအတွင်းမှ ဗန္ဓုလကိုယ်ပိုင်ကားဂိတ်တွင် ခေတ္တဆိုက်ခဲ့ပြီး ခရီးသည်သုံးလေးယောက်တက်၊ မိမိတို့နှစ်ယောက် နောက်ဖေးရေအိမ်သို့ အပြေးအလွှားဆင်းခဲ့သည်။

ကုန်အချို့တင်ပြီးသည်နှင့် 'ရှမ်းမလေး' ကားဂိတ်မှ ထွက်ခဲ့သည်။ ဘယ်ကွေ့ပြီး ညာကွေ့သည်နှင့် မင်္ဂလာဒုံ ခရေပင်လမ်းခွဲသွားရာ လမ်းမကြီးရောက်သွား

www.foreverspace.com.mm

သည်။ လမ်းကွေ့မှ ခရေပင်လမ်းဆုံအထိ တိုက်တာခြံဝင်းများ ကားလမ်းဘေးတွင် သစ်ပင်များနှင့် တစ်ဆက်တည်းဖြစ်နေသည်ကို တွေ့ရသည်။ ခရေပင်လမ်းဆုံမှ မင်္ဂလာဒုံမီးရထားခုံးကျော်တံတားကျော်၊ ဘယ်ဘက်မှာ ကျိုက်ကလဲ့၊ ကျိုက်ကလို့ ဘုရားနှစ်ဆူ။ ဆက်ထွက်တော့ ဝိုင်ယာလက်ကားဂိတ်တစ်ပတ်ကြီးကွေ့သည်နှင့် ရန်ကုန်တစ်မြို့လုံးကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနေသော ထရန်စဖော်မာများရှိသည့်ဝင်းကို ဘယ်တွင်ထားရစ်သည်။ မိနစ် ၃၀ ခန့်အကြာတွင် ထောက်ကြန့်ကို ကျော်ခဲ့ပြီ။ မကြာပါ လမ်းကြေးအကောက်ဌာန (Toll Gate) ဘုလာတံတားကျော်သည်နှင့် ကားလမ်းမကြီးတစ်ခုကို ဘယ်ဘက်တွင် တွေ့ရသည်။ ဒီကားလမ်း အရင်ကမရှိပါ။ ကားစပယ်ယာကို မေးကြည့်တော့ ညောင်နှစ်ပင်သွားတဲ့လမ်းတဲ့။ လှည်းကူးက ငါးဆူတောင်လည်း ရောက်တယ်ဆိုပဲ။ ရန်ကုန်က ပဲခူးကို ကားလမ်းအတိုင်းဆိုက ၅၀ မိုင်ခရီး။

လှည်းကူးမြို့ ဈေးအနီးရောက်တော့ သန်းသန်းညွန့်က ကားလမ်းဘယ်ဘက် အိမ်အမြင့်တစ်အိမ်ကို လက်ညှိုးထိုးပြသည်။ ဒီအိမ်က သူတို့ကို ဗေဒင်တွက်ပေးသူဆရာမရဲ့အိမ်တဲ့။ ဈေးလွန်သည်နှင့် ငမိုးရိပ်တံတား၊ တံတားအဆင်း ဘယ်ဘက်က ဦးသိန်းထွန်းရဲ့ ဘက်ထရီအားသွင်းဆိုင်။ ဦးသိန်းထွန်းကို ဦးငွေတင့်မှတစ်ဆင့် သိခဲ့ရခြင်းဖြစ်သည်။ ဦးသိန်းထွန်းရှိမှ ရှိသေးရဲ့လား၊ မတွေ့တာကြာပြီလေ။ လှည်းကူးမှအထွက် ကားလမ်းဘယ်ဘက်တွင် ဖရဲသီးဆိုင်များ တွေ့ရသည်။ မိုးကျလာပြီဖြစ်၍ ဖရဲသီးဆိုင်များတွင် ဝယ်သူရှင်းလှသည်။ ကားလမ်း၊ တံတားနှင့် ရွာကြီးတစ်ရွာ။ ဒီရွာရောက်တော့ ကွယ်လွန်သူ မောင်တင်ငွေ၊ အုန်းမြိုင်ရဲ့ခင်ပွန်း။ ရေတပ်တိုင်းတာရေးသင်္ဘောမှ ဓာတ်ပုံဆရာတပ်ကြပ်ကြီးကို သတိရမိသည်။ ထိုရွာကြီးသည် မောင်တင်ငွေ၏ မွေးဇာတိ။ သူ့ဖခင်နဲ့ မိထွေးလည်း ကွယ်လွန်ကြပြီ။ သူနဲ့ဖအေတူမအေကွဲ ဖြူမနဲ့နီမ၊ မောင်ငယ်နှစ်ယောက်တို့သာ ကျန်ရစ်သည်။

ထိုမှဆက်ပြီး အုန်းမြိုင်အကြောင်း စဉ်းစားပါသည်။

## အုန်းမြိုင်ရဲ့ဘဝ

သားကြီး ရဲမြင့်ရဲ့ သမီးကြီး ပူစူးကို ထိန်းဖို့ ရွာကို လူမှာတော့ မဖြူရဲ့အမေဒေါ်ဖွားသိန်းက အုန်းမြိုင်ကို ကလေးထိန်းဖို့ ပို့ပေးလိုက်သည်။ အုန်းမြိုင်က ၁၃ နှစ်သမီး။ ကိုယ်လုံးကိုယ်ပေါက်ထွားထွား၊ အရပ်က မနိမ့်မမြင့်။ အဖော်မိန်းမနှင့် ၁၆ လမ်း အိမ်ကို ရောက်လာကြသည်။ အုန်းမြိုင်ကို တစ်ယောက်တည်း အိမ်မှာထားခဲ့ပြီး အဖော်မိန်းမများ ခေတ္တထွက်သွားကြသည်။ ထိုမိန်းမများ ပြန်ရောက်မလာသေး။ "․․․․․တွေ၊ ငါ့ကိုတစ်ယောက်တည်းထားပစ်ခဲ့တယ်" ဟု အုန်းမြိုင်က ကြိမ်ဆဲနေသဖြင့် ပူစူးအမေ ခင်စီက "အစ်မ ဒီကောင်မလေးနဲ့ ဖြစ်ပါ့မလား" ဟု စိုးရိမ်စိတ်ဖြင့် မဖြူကို ပြောသည်။ မဖြူက "ဖြစ်ပါတယ်အေ။ ငါရှိတယ် မစိုးရိမ်နဲ့" ဟု ပြောလိုက်သည်။

အုန်းမြိုင်ရဲ့ဖခင် ဦးဘသိန်းက လက်ဆွဲချောင်းရွာဇာတိ၊ မိခင်က ဓနုဖြူမြို့ မြောက်ဘက် မဲဇလီကုန်းရွာသူ။ သမီးက အုန်းမြိုင်တစ်ယောက်တည်း။ ဖခင်နှင့် မိခင်က တစ်ပြိုင်တည်းလို ကွယ်လွန်ကြသဖြင့် အုန်းမြိုင်ခမျာ မျက်စိသူငယ်ဖြင့် တစ်ယောက်တည်းကျန်ရစ်ခဲ့သည်။ ဒါကြောင့် ဆွေမျိုးများအိမ် နေရရှာသည်။

ပူစူး ကလေးအရွယ်မှာထိန်းဖို့ အဘွားဖြစ်သူ မဖြူက လက်ဆွဲချောင်းကို ကလေးထိန်းတစ်ယောက်ရှာဖို့ မှာခဲ့တာဖြစ်သည်။

အုန်းမြိုင်ခမျာ သေစာရှင်စာပင် မဖတ်တတ်။ ဆင်းရဲတော့ ငယ်စဉ်က အလုပ်နဲ့လက်နဲ့မပြတ်။ ဒီတော့ စာမသင်နိုင်ဘူးပေါ့။ အုန်းမြိုင်က စရိုက်ကြမ်းပေမယ့် သဘောကောင်းပြီး မပျင်းမရိ အလုပ်လုပ်သူဖြစ်သည်။ မဖြူက ရောက်ကတည်းက အုန်းမြိုင်ကို စာသင်ပေးသည်။ အုန်းမြိုင်ကလည်း ကြိုးစားကျက်မှတ်သည်။ အိမ်သာဝင်ရာတွင်ပင် စာအုပ်ယူသွားသူဖြစ်သည်။ တစ်နှစ်အကြာမှာတော့ အုန်းမြိုင် စာကို ဒေါင်ဒေါင်မြည်အောင်ဖတ်နိုင်ပြီး စာရေးနိုင်ရန် အုန်းမြိုင် ခဲတံတိုနှင့် ဗလာစာရွက်ပေါ်တွင် အချိန်ရတိုင်းရေးနေသည်ကို တွေ့ရသည်။ စာရေးတာက စာဖတ်တတ်သလောက်မမြန်။ ၂ နှစ်ကျော်ကြာကာမှ အုန်းမြိုင် ရွာကသူငယ်ချင်းများထံ စာရေးနိုင်သည်။

၁၉၆၇ ခုနှစ်မှာတော့ အုန်းမြိုင် ၁၅ နှစ်ပြည့်ပြီ။ ပူစူး မူကြိုကျောင်းတက်တော့ ကျောင်းတက်ချိန်မှာ အုန်းမြိုင် အလုပ်အားနေသည်။

အားလပ်ချိန်တွင် အလုပ်လုပ်လိုသည်ဟု အုန်းမြိုင်ပြောလာသဖြင့် ၁၃ လမ်းက ကိုကြည်ဝင်း၊ မတင်ရီတို့ရဲ့ ဗလာစာအုပ်လုပ်ငန်းမှာ ပြောပေးလိုက်သည်။ အချိန်ပိုင်းအလုပ်ဝင်လုပ်သည်။ လုပ်ခရသမျှ အုန်းမြိုင်အတွက် အပိုဝင်ငွေဖြစ်သည်။

သည်အပိုဝင်ငွေဖြင့် အုန်းမြိုင်အလုပြင် အပျိုလုပ်လာသည်။ အုန်းမြိုင်ကို ကာလသားများဝိုင်းလာ၊ ပိုးလာကြသည်။

၁၉၆၇ ခုနှစ် ဧပြီလ၊ သင်္ကြန်မှာ အုန်းမြိုင် ၁၆ လမ်းတိုက်အပေါ်ထပ် ပေါ်တီကိုက အတာရေလောင်းသည်။ တပ်မတော်လေ တိုင်းတာရေးတပ်မှ တပ်ကြပ်ကြီးတင်ငွေကို အပေါင်းအသင်းများနှင့် အတူ ကားဖြင့် ရေပက်ခံထွက်ရင်း တွေ့ကြကြိုက်ကြသည်။

အုန်းမြိုင်အဖို့ တင်ငွေမှ တင်ငွေဖြစ်နေတော့သည်။ တစ်ပတ်တစ်ခါ တင်ငွေနှင့် ချိန်းတွေ့ကြသည်။ ချိန်းမတွေ့ရန် အုန်းမြိုင်ကို ပြောမရ၊ မတားနိုင်သဖြင့် အုန်းမြိုင်ကို တံမြက်စည်းနှင့်ရိုက်သည်။ "ချိန်းတွေ့ဦးမလား" မေးသော်လည်း အုန်းမြိုင်က မဖြေ။ မဖြေတော့ ထပ်ရိုက်၊ ထပ်မေးလည်း မဖြေ၊ ထပ်ရိုက်။ အုန်းမြိုင် မျက် ရည်တစ်ပေါက်မှမကျ။ နောက်ဆုံး ရိုက်သူ က လက်လျှော့လိုက်ရသည်။

စုံစမ်းကြည့်တော့ သူ့ရည်စားတပ်

www.foreverspace.com.mm


ကြပ်ကြီးတင်ငွေက လူရိုးလူကောင်း။ အသောက်အစားကင်းသူ၊ တပ်စည်းကမ်း ရှိသေသူဖြစ်ကြောင်း သိရသည်။ ဒါကြောင့် အုန်းမြိုင်က တစ်ဆင့် သူ့တပ်မှူးနဲ့အတူ "မောင်တင်ငွေရဲ့ဖခင်တို့ လာရောက် နားဖောက်ပါ။ နှစ်ဖက်ညှိနှိုင်းပြီး လက်ထပ်ပေးမယ်" ဟုအကြောင်း ကြားလိုက်ရသည်။

၁၉၆၇ ခုနှစ် ဒီဇင်ဘာလလောက်တွင် မောင်တင်ငွေနှင့် အုန်းမြိုင်ကို ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂) ရပ်ကွက် ချင်းချောင်းလမ်းသွယ် (ယခု ကမ္ဘောဇလမ်း) အမှတ်-၁၁၊ ဘီ တစ်ထပ်ခွဲတိုက်သစ်တွင် လက်ထပ်ပေးခဲ့ရသည်။ မောင်တင်ငွေ ဖခင်နှင့် ညီ၊ ညီမ၊ မောင်တင်ငွေ၏ တပ်မှူး (...) ဗိုလ်မှူးနှင့် မောင်တင်ငွေ အပေါင်းအသင်း ရေတပ်မတော်သားများ၊ အုန်းမြိုင်ဘက်ကတော့ သူ့အဒေါ်ဝမ်းကွဲတစ်ယောက်နှင့် ရွာမှ ညီဝမ်းကွဲများနှင့် ကျွန်တော်တို့ မိသားစုအားလုံးမှ မင်္ဂလာပရိသတ်က ၁၄၊ ၁၅ ယောက်ထက် မပိုပါ။

သူတို့လက်ထပ်ပြီးတော့ နေဖို့ အိမ်လိုလာသည်။ ဒီတော့ ခြံထဲက သားမောင်ရဲညွန့်အိမ်ကလေးရဲ့ခေါင်းရင်းမှာ အဖီချပေးလိုက်ရသည်။

အုန်းမြိုင်က လူတိုင်းကို ကူညီတတ်သည်။ ပေါင်းတတ်၊ သင်းတတ်သည်။ ဒါကြောင့် လူချစ်လူခင်ပေါသည်။ ချင်းချောင်းလမ်းသွယ်ထဲက လူမှန်သမျှ သူ့ကို သိသည်။ ခင်မင်ရင်းနှီးသည်။ အမှတ်-၁၀ က ဆရာဇော်ဂျီ့ဇနီး ဒေါ်စောရင်နှင့် သူ အလွန်ရင်းနှီးသည်။ ဒေါက်တာသိန်းမောင်၏သား ကိုပီတာရှေ့နေကြီး ဦး(...) တို့မှာ သူနှင့်ရင်းနှီးပြီးမှ ကျွန်တော်တို့နှင့် သိရခြင်းဖြစ်သည်။

သည်လိုနှင့် ၁၉၇၂ ခုနှစ်ရောက်လာသောအခါ မောင်တင်ငွေနှင့်အုန်းမြိုင်တို့မှာ သားတစ်ယောက်၊ သမီးတစ်ယောက်ထွန်းကားလာသည်။ မောင်တင်ငွေလည်း ဗွေဖောက်လာတော့သည်။ အသောက်အစားကင်းသူက အသောက်အစားမက်လာသည်။ ပထမ ညနေဘက်တွင် အရက်



သောက်မူးလာ၊ နောက်တော့ တစ်နေ့လုံး သောက်လာသည်။ တင်ငွေက အရက်မူးလာလျှင် သွေးဆိုးသည်။ ဘယ်ခွေးမှ လူမထင်တော့။ အုန်းမြိုင်ကို ဆဲသည်။ ရိုက်တော့မရိုက်ရဲ။ အုန်းမြိုင်က ကိုယ်ကာယထွားထွား။ တင်ငွေက ပိန်ပိန်ပါးပါး။ နပန်းသတ်က အုန်းမြိုင်ကို တင်ငွေရှုံးမည်။ တင်ငွေက မူးပေမယ့် အမူးပါး၊ သူရှုံးမယ့် အလုပ်ကို မလုပ်။

တစ်ညနေမှာတော့ တင်ငွေမူးရူးပြီး ဆူပူအော်ဟစ်နေကြောင်း အုန်းမြိုင်က လာတိုင်သည်။ တံမြက်စည်းဆွဲပြီး ကျွန်တော် လိုက်သွားသည်။ "ဟေ့တင်ငွေ ဆူပူအော်ဟစ်မနေနဲ့၊ အိမ်နီးချင်းတွေကို အားနာရမယ်ကွ" ပြောမရသဖြင့် ဒေါ်ထပြီး တံမြက်စည်းနှင့် ရိုက်လိုက်သည်။ တင်ငွေ အော်သံမရပ်။ ထပ်ရိုက်သည်။ ဒီတော့လည်း အုန်းမြိုင်က သူ့လင်ကို သနားသွားပြန်သည်။ "ဦးလေး ကိုတင်ငွေကို မရိုက်ပါနဲ့တော့၊ ကိုတင်ငွေ လိမ္မာပါတော့မယ်၊ အရက်လည်းဖြတ်ပါ့မယ်" ဒီလိုနှင့် အရိုက်ရပ်လိုက်ရသည်။

အိမ်ခေါင်းရင်းကလင်မယား ညနေတိုင်း အရက်မူး ရန်ဖြစ်နေတော့ ဘုရားတရားသမားရဲညွန့် သည်းမခံနိုင်တော့ လာတိုင်သည်။

"အဖေ အုန်းမြိုင်တို့လင်မယား ညနေတိုင်းရန်ဖြစ်တယ်။ ကျွန်တော် ဘုရားတောင် ဖြောင့်ဖြောင့်ရှိမခိုးရဘူး။ သူတို့လင်မယားကို ဒီမှာထားရင် ကျွန်တော်တို့

www.foreverspace.com.mm

သရက်တော (ကြည့်မြင်တိုင်) လေးလမ်းကို ပြောင်းနေမယ်” ဟု ရာဇသံပေးလာသည်။

ဒီတော့ ကျွန်တော်တို့လင်မယား၊ သားအိမ်ထောင်စုနဲ့ အုန်းမြိုင်တို့မိသားစုကို ရွေးရသည်။ သားကအရင်း၊ အုန်းမြိုင်တို့က အဖျား။ ဒါကြောင့် အုန်းမြိုင်တို့ သွား စေပေါ့။

အုန်းမြိုင်တို့မိသားစုကိုလည်း ဥပေက္ခာမပြုနိုင်တဲ့အတွက် တောင်ဥက္ကလာပ လူဆင်းရဲရပ်ကွက်က ဝါးအိမ်လေးတစ်အိမ်ကို ငှားပေးခဲ့သည်။

## သံယောဇဉ်အမျှင်တန်း

သံယောဇဉ်မဖြတ်နိုင်တဲ့အတွက် တစ်ရက်ခြားလောက် အုန်းမြိုင်တို့မိသားစုထံသို့ ညနေဘက်တွင် သွားသွားကြည့်ရသည်။ အိမ်ကတဲအိမ်၊ ဝါးထရံကာ၊ သက်ကယ်မိုး။ မိုးတွင်း အိမ်အောက်ကရေပြင်ကို ကြမ်းကြားကမြင်နေရသည်။

မိအိက သုံးနှစ်သမီး၊ ကြည်သာက မွေးကင်းစ။ ကလေးတွေ ကြမ်းကြားက ကျွံ ကျမှဖြင့် မဖြစ်ချေဘူး။ လင်မယားနှစ်ယောက် အပြန်မှာတိုင်ပင်ကြသည်။ ခြံထဲပြန်ခေါ်မှဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။ ခြံထဲပြန်ခေါ်ဖို့ကလည်း သူတို့မိသားစုပြောင်းသည်နှင့် ရဲညွှန့်က ခေါင်းရင်းက အဖီကလေးကိုဖျက်လိုက်ပြီး အဲဒီနေရာကိုလည်း သူ့အိမ်နဲ့တစ်ဆက်တည်းချဲ့လိုက်ပြီဖြစ်သည်။ အဖီချဖို့နေရာမရှိတော့ပါ။

ဒါကြောင့် ခြံအဝင်ကားလမ်းဘယ်ဘက်ဘေးက မြေကျယ်မှာ အနံ ၈ ပေ အလျား ၁၆ ပေ ရှိသည့် နှစ်ထပ်အိမ်ကလေးကို သစ်တို၊ သစ်စများဖြင့် ကြံဖန်ဆောက်ပေးခဲ့သည်။

တင်ငွေမူးလာပြီး လင်မယားရန်ဖြစ်လည်း ရန်ဖြစ်သံကို မကြားရသဖြင့် နားအေးပါးအေးဖြစ်သည်။ အုန်းမြိုင်ကလည်း သူ့လင်မူးလာရင် အရင်လို လာမတိုင်တော့။ သမီးငယ်နှစ်ယောက်အတွက်လည်း မစိုးရိမ်ရတော့။ ဒီလိုနဲ့ အငယ်ကောင်မွေးလာသည်။ သူတို့မိသားစုလည်း ခြောက်ယောက်ဖြစ်လာသည်။

မောင်တင်ငွေ အသက်က ၄၁ နှစ်။ ဆက်ပြီးတာဝန်ထမ်းနေပါက အသက် ၆၀ သက်ပြည့်ပင်စင်ရဦး ပင်စင်ငွေနှင့် မိသားစုခြောက်ယောက်ဖြင့် ချို့ချို့တဲ့တဲ့နေရမည်ဟုသဘောပေါက်ပြီး တပ်ကထွက်လိုက်သည်။ မောင်တင်ငွေက ရေတပ်တွင် တပ်ကြပ်ကြီးဆိုတော့ နိုင်ငံခြားသင်္ဘောကုမ္ပဏီများက အလွယ်တကူလက်ခံသည်။ အလကားတော့မရ၊ ငွေပေးရသည်။ တက်မကိုင်ရာထူးဖြင့် သင်္ဘောလိုက်ရဖို့ ငွေ ၃၀,၀၀၀ ပေးရသည်။

ဒီငွေအတွက် အုန်းမြိုင်က မဖြူကို အပူကပ်သည်။ မောင်တင်ငွေ ပြန်ရောက်ရင် တစ်လ ၃ ကျပ်တိုးနဲ့ အရင်းရောအတိုးပါ ပြန်ဆပ်မည်ဆိုသဖြင့် မဖြူ ရှိစုမဲ့စုငွေ ၃၀,၀၀၀ ကို မောင်တင်ငွေ သင်္ဘောတက်ရန်ပေးလိုက်သည်။

ပထမနှစ်ခေါက်က အုန်းမြိုင်တို့ ကတိအတိုင်း အရင်းရောအတိုးပါ ပြန်ဆပ်နိုင်သည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလမှာတော့ အတိုးဝေးလို့ အရင်းပင်ပြန်မဆပ်နိုင်တော့။ မောင်တင်ငွေ မင်္ဂလာဒုံလေဆိပ်အရောက် သူနှင့်အတူပြန်လာသူ သင်္ဘောသားက သူ့ထံမှပါသမျှ နိုင်ငံခြားငွေများကို လိမ်ယူသွားသဖြင့် သင်္ဘောသားကြီးမောင်တင်ငွေ လက်ဗလာဖြင့် အိမ်ပြန်ရောက်လာသည်။ မင်္ဂလာဒုံကစီးလာသည့် တက္ကစီခကိုပင် အုန်းမြိုင်က ဆီးပေးရသည်။

ဒါကြောင့် အုန်းမြိုင်ချေးထားတဲ့ငွေကို အတိုးရော၊ အရင်းပါ ပြန်မဆပ်နိုင်တော့။ ဒီဇာတ်မြစ်ကိုသိတဲ့ မဖြူကလည်း “ညည်းတို့ အရင်းကိုပဲ တဖြည်းဖြည်းဆပ်ကြပေါ့” ဟုသာ ပြောရသည်။ ဒါကြောင့် အုန်းမြိုင်လည်း ဘားလမ်းဘေးမှာအကြော်ထွက်ရောင်းရတော့သည်။ အကြော်ရောင်းရင်း တင်နေသည့်အကြွေးကို သုံးနှစ်ကျော်ဆပ်ကာမှ ကျေတော့သည်။

မောင်တင်ငွေလည်း သင်္ဘောမလိုက်နိုင်တော့ စိတ်ညစ်ညစ်နဲ့ အရက်ဖိသောက်၊ အရက်ရဲ့ကျေးကျွန်ဖြစ်လာ၊ အရက်ဒဏ်ပိပြီး ရောဂါရလာသည်။

ဒီကြားထဲ လှည်းကူးက သူ့အဖေက နောက်မိန်းမယူသည်။ မောင်တင်ငွေတစ်ယောက် အရက်ဖြတ်ရင်း ၁၉၈၉ ခုနှစ် . . လတွင် ကွယ်လွန်တော့သည်။

အုန်းမြိုင်တို့မိသားစုလည်း အိမ်ပြောင်းသွားသည်။ အမှတ် ၁၁၊ ဘီလမ်းထိပ် ကားလမ်းဘေးက အကြော်ဆိုင်ကိုတော့မပြောင်း၊ ဆက်ရောင်းမြဲရောင်းနေသည်။ ဒီကြားထဲ သားအကြီးက အသက်ငယ်ငယ်နဲ့ ကွယ်လွန်၊ သုံးနှစ်အကြာမှာ ရေတပ်သား သားငယ်လည်း စစ်တွေမှာ တာဝန်ထမ်းရင်း စစ်သင်္ဘောပေါ်က ရေထဲပြုတ်ကျပြီး ကွယ်လွန်ခဲ့ပြန်သည်။

## အာဂအုန်းမြိုင်

အုန်းမြိုင်ခမျာ လင်သေပြီး သားတွေကဆုံးတော့ မပဋ္ဌာဖြစ်ခဲ့ရတယ်။ သည်အပူမီးကိုမျက်ရည်သုတ်ဖယ်ရှားပြီး သမီးနှစ်ယောက်နှင့်အတူ ဘဝကံကြမ္မာကို အုန်းမြိုင် အန်တုခဲ့သည်။ သမီးနှစ်ယောက်နှင့်အတူ လမ်းဘေးမှာ အကြော်ရောင်းရင်း သမီးနှစ်ယောက်ကို ဘွဲ့ရအောင်သင်ပေးခဲ့သည်။ အုန်းမြိုင် စာမသင်ခဲ့ရသမျှ ခုတော့ အတိုးချပြီး သမီးနှစ်ယောက်ကို ဘွဲ့တွေရအောင် အကြော်သည်အုန်းမြိုင် စာသင်ပေးနိုင်ခဲ့ပြီ။ သမီးအကြီး အိအိခင် ကုမ္ပဏီတစ်ခုတွင်အလုပ်ရပြီး မကြာမီက အလုပ်အတူလုပ်သူ မောင်ဇော်မင်းလူနှင့် လက်ထပ်ခဲ့သည်။ သည်လက်ထပ်ပွဲသို့ ကျွန်တော်သွားခဲ့သည်။ အကြော်သည်အုန်းမြိုင် ကိုယ်ပိုင်တိုက်ခန်းမဝယ်နိုင်မီကပင် သူမွေးရာဇာတိ ဓနုဖြူ မြောက်ဘက် (...) ရွာ ဘုန်းကြီးကျောင်း သွပ်မိုးခြင်း၊ ဘုရားကျောင်းပြုပြင်ခြင်းအလှူကို လှူခဲ့သည်။

လွန်ခဲ့သည့်သုံးနှစ်ကတော့ ကမ္ဘာအေးဘုရားလမ်း ဘိုးဘွားရိပ်သာနှင့် မျက်စောင်းထိုးရှိ ခုနစ်လွှာတိုက်ခန်းကို သိန်း ၉၀ ဖြင့် သုံးနှစ်အတွင်း အရစ်ကျငွေချေပြီး ဝယ်နိုင်ခဲ့သည်။ လူကလည်း အဆမတန်ဝလွန်းသဖြင့် တောင်ဝှေးထောက်ပြီး လှုပ်လှုပ်သာသွားနိုင်လာနိုင်တော့သည်။

www.foreverspace.com.mm

သမီးအငယ် ကြည်သာက ဘွဲ့နှစ်ဘွဲ့ရှင်ဖြစ်သော်လည်း အကြော်လုပ်ငန်းကို မစွန့်။ သူတို့အကြော်ဆိုင်နာမည်ရသည်။ အကြော်နှင့်စားသည့်အချဉ်ရည်က အုန်းမြိုင်၏လျှို့ဝှက်ချက်။ ဒါကြောင့် ကားကြီး၊ ကားငယ်ဖြင့် နေ့စဉ်ဝယ်သူမစဲသည့် အကြော်ဆိုင်။

ရောဂါသည်အုန်းမြိုင်တစ်ယောက် အသက်ကကြီးလာ၊ ခန္ဓာကဝလာသဖြင့် ငယ်စဉ်လိုသွက်လက်ဖျတ်လတ်မှုမရှိတော့။ တိုက်ခန်းမှာနားနေပြီး ဆွေမျိုး၊ အပေါင်းအသင်းများကိုတတ်နိုင်သလောက် ကူညီပေးကမ်းနိုင်ပေသည်။


ဒါကြောင့် ကျွန်တော်က အာဂအုန်းမြိုင်ဟုဆိုခြင်းဖြစ်ပါသည်။

တောင်ကြီးအသွားခရီးကို ဆက်ရေးပါမည်။

## လှည်းကူးအလွန် အင်းတိုင်အရောက်

အင်းတိုင်ရောက်ပြီးသည်နှင့် ကားက ကားလမ်းအတိုင်း ကွေ့ကောက်ဆင်းသွားသည်။ ၁၉၄၉ ခုနှစ် မေလက အဖြစ်အပျက်ကို သတိရမိသည်။ မေလ ၅ ရက်နေ့မှာ သာယာဝတီထောင်ကို ဗမာ့တပ်မတော် သူပုန်တို့က ဖွင့်ပေးလိုက်သည်။ ဗ.က.ပ ဗဟိုကော်မတီ ရဲဘော်မြခေါ် ကျွန်တော်တို့နိုင်ငံရေးသမား သခင်သိန်းမောင်နှင့် အားလုံး သာယာဝတီထောင်မှ လွတ်လာကြသည်။

သာယာဝတီမှ တိုက်ကြီး ဥတိုရွာသွားပြီး ကျွန်တော်တို့ထောင်ထွက်တပ်ဖွဲ့ ရပ်နားသည်။ မေလ ၇ ရက်နေ့မှာတော့ တိုက်ကြီးမှ ဂျုံးဖြူရေလှောင်ကန်ကို ဝါးဖောင်များဖြင့်ကူးပြီး လှည်းကူးမြို့နယ် ဝါးချောင်းဖောင်ကြီးဘက်ရောက်ခဲ့သည်။ ဖောင်ကြီးရွာတွင် နားခိုပြီး ညနေ ၅ နာရီတွင် ကဝမြို့နယ်က ကျောက်တန်းရွာဘက်ကိုမှန်းပြီး ကျွန်တော်တို့ ချီတက်ခဲ့ကြသည်။ ညမှောင်မှောင် ၈ နာရီခန့်တွင် လှည်းကူး–ပဲခူးကားလမ်းကို ကင်းချပြီး ဖြတ်ခဲ့ကြသည်။ ကျွန်တော်တို့ထောင်ထွက်တပ်ဖွဲ့ဦးတည်ရာကား ညအမှောင်တွင်း



ကဝမြို့နယ်ကိုဖြတ်ပြီး နောက်တစ်နေ့ မိုးလင်းသည်နှင့် သနပ်ပင်မြို့နယ်က ကုလားချောင်းကြီးရွာရောက်ရမည်ဖြစ်သည်။ သည်ခရီးကို ဘေးရန်ကင်းစွာ ချီတက်နိုင်ခဲ့သည်။

ဇရပ်ကွင်းရောက်တော့ သန်းသန်းညွန့်ကို လေးထောင့်ကန်ဘက်က အမှတ် (၂) လမ်းမကြီးအတိုင်းလာရင်း ဒီဇရပ်ကွင်းရောက်တယ်ဟု ပြောပြခဲ့သည်။

## ကျောက်တိုင်ကန် တိုက်ပွဲ

ပဲခူးမြို့အဝင် ကျောက်တိုင်ကန်ရွာကို ဘယ်ဘက်တွင်ထားခဲ့သည်။ ကျောက်တိုင်ကန်ရွာက သမိုင်းဝင်နေရာဖြစ်သည်။ ၁၉၄၂ ခုနှစ် မတ်လ ၂ ရက်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်မှ ဗိုလ်ဇလ (ရဲဘော်သုံးကျိပ်) ဦးစီးသည့်တပ်ဖွဲ့ ပဲခူးမြို့ကိုကွင်းပြီး ကျောက်တိုင်ကန်ရွာသို့ ညသန်းခေါင်လောက်တွင်ရောက်ပြီး တပ်စွဲထားလိုက်သည်။ နောက်တစ်နေ့ နံနက် ၅ နာရီလောက်မှ ကျောက်တိုင်ကန်ရွာ၏တောင်ခြေတွင် တပ်ဖြန့်ထားခဲ့သည်။

ပဲခူးမှ ထောက်ကြန့်သို့ ဆုတ်ခွာလာသော အင်္ဂလိပ်တပ်တစ်တပ်ကို ဗိုလ်ဇလတပ်က လမ်းဖြတ်တိုက်ခိုက်သည်။ အင်္ဂလိပ်တပ်၊ ရှေ့ပြေးကင်း၊ သံချပ်ကာကားတစ်စီး မီးလောင်ပြီးရပ်သွားသည်။ နောက်ကပါလာသည့် မော်တော်ကားပေါ်မှ အင်္ဂလိပ်တပ်ဗိုလ်နှင့် ကုလားစစ်သားများ သေကျေဒဏ်ရာရခဲ့သည်။

ထိုအချိန်က ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် ဘီအိုင်အေတပ်မတော် ပဲခူးချောင်းဖျားကိုကျော်ပြီး ပဲခူးရိုးမအနောက် တိုက်ကြီးမြို့နယ်ဘက်သို့ ချီတက်နေဆဲဖြစ်သည်။

ကျွန်တော်တို့စီးလာသည့် ဘတ်စ်ကား ပဲခူးမီးရထားလမ်းခုံးကျော်ပြီး ပဲခူးမြစ်ကူးတံတားကို ဖြတ်ခဲ့သည်။ ဈေးကိုကျော်ပြီး ညာဘက်ကကားလမ်းကို ရောက်တော့ "ဒီလမ်းက သနပ်ပင်ကိုသွားတဲ့လမ်း" ဟု သန်းသန်းညွန့်ကို ပြခဲ့သည်။ နောက်တစ်လမ်းကတော့ ပဲခူးရွှေမော်ဓောဘုရားကို ထင်းထင်းကြီးဖူးမြော်နိုင်သည့်လမ်းဖြစ်သည်။ ရွှေမော်ဓောဘုရားကို သန်းသန်းညွန့် လက်အုပ်ချီခဲ့သည်။

ပဲခူးမြို့အထွက် မီးရထားလမ်းကို ဖြတ်ကျော်ခဲ့သည်။ ဒီရထားလမ်းက မော်လမြိုင်သွားတဲ့ရထားလမ်း။ ပဲခူးမြို့အထွက်က ရထားလမ်းမြင်တော့ ဒီမီးရထားလမ်းဘေးက ရွာသစ်ရွာ၊ ရွာသစ်ရွာသူ မရီ ခေါ် ဒေါ်နှင်းဆီ၊ သူ့ယောကျ်ားက ကိုစိန်လှိုင် ခေါ် ကိုဌေးမြိုင် တော်လှန်ရေးဇနီးမောင်နှံ ယခုတော့နှစ်ယောက်လုံး ကွယ်လွန်ခဲ့ကြပြီ။

မီးရထားလမ်းလွန်သည်နှင့် ကလိရွာ။ အခုတော့ ရွာအမည်ပြောင်းလိုက်ပြီ။ ရွှေပြည်သာတဲ့။ လှလိုက်သည့်ရွာအမည်။ ကားလမ်းဘေးက တာရိုးနိမ့်နိမ့် နှစ်စဉ် မိုးဦးမှာ ဒီတာရိုးကိုရေကျော်လျှင် ကားလမ်းရော၊ ရထားလမ်းပါ ရေအောက်ရောက် လေ့ရှိသည်။ ကားလမ်း၊ ရထားလမ်း ပြတ်တောက်ကုန်သည်။ ဒီအချိန် ပဲခူးကွင်း ရေကြီးလေ့ရှိသည်။ ယခုတော့ တာရိုးများကို မြင့်ထားသဖြင့် နှစ်စဉ်ရေမကြီးတော့။ ဘုရားကြီးရွာက ကြီးမားလှသည့်စေတီကြီးကို အဝေးကပင်လှမ်းမြင်ရသည်။

(နောက်လဆက်ပါဦးမည်။)

**သခင်တင်မြ**


www.foreverspace.com.mm

LIVING COLOR. No.159, OCTOBER. 2008.

# သူတို့ဆီက စည်ပင်သာယာ

ကိုဝမ်း

**စည်**ပင်သာယာဆိုသည်ကိုက စကားအရ ရှင်းနေပါသည်။ စည်ပင်အောင်၊ သာယာလှပအောင် လုပ်ရသည့်သူတွေပါ။ အစိုးရအမှုထမ်းများဖြစ်သည်။ စည်ပင်သာယာကိစ္စနှင့်ပတ်သက်သော် ထိုင်းနှင့် မလေးရှား၌ စည်ပင်သာယာ မည်သို့ရှိသည် ကျွန်တော်က မပြောပြနိုင်ပါ။ မသိ၍ဖြစ်ပါသည်။ မကာအိုစည်ပင်သာယာကိစ္စတော့ ပြောပြနိုင်သည်။ တွေ့ခဲ့၍ဖြစ်သည်။ မြင်ခဲ့၍ဖြစ်သည်။ ပြီးတော့ ဒီမကာအို၏ ဒုတိယကျွန်း တိုင်ပါနှင့် လူ့ဝမ်စည်ပင်သာယာ အလုပ်သမားတွေက ကျွန်တော့်သူငယ်ချင်းတွေဖြစ်သည်။ အစိုးရလခထုတ်ရက် ၁၈ ရက်နေ့တိုင်း သူတို့က ဘဏ်မှာလစာထုတ်သည်။ လူဦးရေ ၃၀၊ ၄၀ ကို ဘဏ်မန်နေဂျာနှင့် စာရေးနှစ်ယောက်က နိုင်အောင်ရေးမပေးနိုင်။ စာရေးနှစ်ယောက်လုံးက ငွေပေးကောင်တာ နှစ်ခုမှာ ထိုင်နေသည်။ ဒီအလုပ်သမားတွေက ငွေထုတ်ပုံစံတွင် လက်မှတ်သာထိုးပြီး ကျန်တာကိုမရေး။ သည်တော့ ကျွန်တော်က မနေနိုင်၍ ကူရေးပေးသည်။ တရုတ်စာမတတ်တော့ အင်္ဂလိပ်လိုရေးသည်။ သို့နှင့် ရောက်ပြီး သုံးလေးလကြာ တော့ သူတို့နှင့်ခင်သွားသည်။ အစိုးရအမှုထမ်းက ဇွန်လနှင့် နိုဝင်ဘာလတွင် နှစ်လခထုတ်ရပေရာ ထိုအခါမျိုးတွင် ရော့ လက်ဖက်ရည်သောက်ဆိုပြီး ငွေ ၂၀၀ ပက်ခနဲပေးသွားသူရှိသည်။ မြင်းနိုင်လာလို့ ထမင်းစားဆိုပြီး ငွေ ၂၀၀ လာပေးသူ ရှိသည်။ တရုတ်နှစ်သစ်ကူးမှာတော့ ပြောစရာမလိုတော့ပါ။ လိုင်စီ (အန်ပေါင်း) တွေပေးကြသည်။ လခထုတ်သည့်နေ့တွင် လူတွေအုန်းထနေ၍ ဘဏ်ဓားပြတိုက်ခံရမှာပူစရာမလို။ အခန်းကျဉ်းလေးထဲမှာ ဆေးလိပ်မီးခိုးတွေ မွှန်ထူနေသည်။ ဤ ဘဏ်က ဆေးလိပ်သောက်ခွင့်ပြု၏။ ဘဏ်မဖွင့်ခင် လက်ဖက်ရည်သောက်နေရာ ပိုက်ဆံသွားပေးတော့ ရှင်းပြီးပြီဟု ဆိုသည်။ ဘယ်သူက လက်ဖက်ရည်ဖိုးစိုက်ပေးသွားသည်ပင် မသိလိုက်တော့ပါ။



ဤကဲ့သို့ ချစ်စရာကောင်းသည့်၊ ခင်မင်ဖို့ရာကောင်းသည့် စည်ပင်သာယာဝန်ထမ်းများနှင့် သူတို့အလုပ်တွေအကြောင်းကို ကျွန်တော်က ပြောပြလိုပါသည်။ သူတို့က ကျွန်တော့်နာမည်ကို မသိပါ။ ခေါ်တော့ 'ဖန်ယောက်' (သူငယ်ချင်း) လို့ပဲ ခေါ်ပါသည်။ ကျွန်တော်ကတော့ အားလုံးကို မဟုတ်သည့်တိုင် အတော်များများ၏ နာမည်ကို သိသည်။ လစဉ်ပဲ သူတို့၏ ဘဏ်စာအုပ်ကိုင်နေ၍ ဖြစ်သည်။ မကာအို၏ ရေကိစ္စ၊ မီးကိစ္စသည် စည်ပင်သာယာ၏ကိစ္စမဟုတ်ပါ။ ရေကုမ္ပဏီ၊ မီးကုမ္ပဏီကိစ္စသာဖြစ်သည်။ သူတို့၏ အဓိကလုပ်ငန်းသည် ပန်းပင်စိုက်ရသည်၊ ပန်းပျိုးရသည်၊ လမ်းပြင်ရသည်၊ ရေမြောင်းရှင်းရသည်၊ အခါကြီးရက်ကြီးများတွင် မီးအလှထွန်းရသည်။ စည်ပင်သာယာဆိုသည့်အတိုင်း မကာအိုမြို့ကို စည်ပင်ပြီး လှပနေအောင် သူတို့က လုပ်ကြရလေသည်။

သည်တော့ စာဖတ်သူက အမှိုက်သိမ်းသည့်ကိစ္စကရောဟု မေးလိုပေမည်။

www.foreverspace.com.mm



မကာအိုတွင် အမှိုက်သိမ်းသည့်အလုပ်ကို စည်ပင်သာယာက မလုပ်ပါ။ ကျွန်တော်ရောက်ခါစ ၁၉၉၁–၉၂ ခုနှစ်ထိ စည်ပင်သာယာကသိမ်းသည်။ သို့သော် နောက်ပိုင်းတွင် ပုဂ္ဂလိကသို့ ကန်ထရိုက်ပေးသည်။ ကန်ထရိုက်ဆွဲသည့် C.S.R ဆိုသောကုမ္ပဏီက ဒေသခံမဟုတ်ပါ။ နိုင်ငံတကာကုမ္ပဏီဖြစ်သည်။ အမှိုက်သိမ်းသည့်ကိစ္စကို စည်ပင်သာယာက မလုပ်တော့သော်လည်း စည်ပင်သာယာလုပ်ငန်းပင်ဖြစ်၍ ဤကိစ္စကစ၍ ပြောပြလိုပါသည်။

၁၉၉၂ ခုနှစ်တွင် မကာအိုအစိုးရက ပုဂ္ဂလိကသို့ လေလံပစ်၍ အမှိုက်သိမ်းဖို့ရန် စီစဉ်ခဲ့ရာ လက်ရှိ အမှိုက်သိမ်းနေသော စည်ပင်သာယာအလုပ်သမားများက သပိတ်မှောက်သည်။ နောက်တော့ အစိုးရနှင့် ဆွေးနွေးပြီး သပိတ်လှန်ခဲ့ရာ သူတို့သည် ပုဂ္ဂလိက C.S.R ကုမ္ပဏီ၏အမှုထမ်းများဖြစ်လာခဲ့သည်။ တစ်ရက်ကို အလုပ်ချိန် ရှစ်နာရီ၊ တစ်လလျှင် နားရက် လေးရက်ရသည်။ မကာအိုမှာက လူစည်ကားရာနေရာတွေမှာ လူတစ်ယောက်၏ပခုံးခန့်မြင့်သော အမှိုက်ပုံးကြီးတွေထားသည်။ အမှိုက်စွန့်မည့်သူက ခြေထောက်နှင့် မောင်းတံကိုနင်းသော် အဖုံးပွင့်လာမည်။ အမှိုက်စွန့်ပြီးသော် အဖုံးပိတ်သွားမည်။ ထို့ကြောင့် ဤအမှိုက်ပုံးကို ခွေး၊ ကြောင် တက်နှိုက်၍ မရပါ။ ဤအမှိုက်ပုံးတွေကို အမှိုက်များသောနေရာတွင် နေ့တစ်ကြိမ်၊ ညတစ်ကြိမ်သိမ်း၍ သာမန်နေရာတွင် ညဉ့်သိမ်းသည်။ အမှိုက်သိမ်းသည့်ကားတွင်ပါ အလုပ်သမားက အမှိုက်ပုံးကိုဆွဲ၍ ကားနောက်တွင်ရှိ ချိတ်မှာချိတ်ပေးလိုက်သည်။ ထို့နောက် ရှေ့ကယာဉ်မောင်းက ကားစက်အားနှင့် ယင်းပုံးကိုချိတ်၍ ကားနောက်ခန်းထဲသို့ သွန်မှောက်ထည့်လိုက်သည်။ ယင်းကား ထွက်သွားသော် ရေဆေးကားဝင်လာသည်။ အမှိုက်ပုံးကို ရေပန်းနှင့်ပက်၍ဆေးသည်။

နေ့စဉ် လမ်းသန့်ရှင်းရေးအလုပ်သမားက မိမိစု၍ရရှိသောအမှိုက်ကို ဤအမှိုက်ပုံးတွင် လာသွန်သည်။ တစ်ဦးတစ်ဦးကို ဤနေရာ၊ ဤနေရာအထိ နေရာသတ်မှတ်ပေးထားသည်။ ဦးဝိစာရလမ်းပေါ်ရှိ သန့်ရှင်းရေးအလုပ်သမားများကဲ့သို့ဖြစ်သော်လည်း မကာအိုသန့်ရှင်းရေးသမားများက ပို၍ပင်ပန်းလေသည်။ မကာအိုမြို့နှင့် ကျန်ကျွန်းနှစ်ကျွန်းတွင် တစ်ကျွန်းနှင့်တစ်ကျွန်းကူးသော တံတားများပေါ်မှအပ သစ်ပင်ကြီးများရှိသည်။ ညောင်ညိုပင်များဖြစ်ပြီး ဆောင်းရာသီတွင် ရှေ့ကနေ သစ်ရွက်ခြောက်တွေလှည်းသွားသော် နောက်က တဖြုတ်ဖြုတ်ကြွေ၏။ ယင်းလမ်းသန့်ရှင်းရေးသမားများကိုကြည့်သော် မည်သူမှ အဆီတွေနှင့် ဝဖြိုး၍မနေ။ ကိုယ်ရေစစ်ကာ ပိန်နေကြသည်။ အဓိက အမှိုက်က လူစွန့်ပစ်အမှိုက်ကို သိမ်းရန်ဖြစ်ပေသည်။ ကျန်သစ်ရွက်ခြောက်တွေက သူတို့ကိုဒုက္ခပေးလှသည်။ တာဝန်ချိန်တွင် လက်ဖက်ရည်သောက်ခြင်း၊ ဈေးသွားခြင်း၊ ဘဏ်သွားခြင်းပြုလုပ်၍ မရပါ။ ဒဏ်တပ်ခံရသည်။ ဒဏ်ငွေကမသေးပါ။ ၇၀၀ ပါတာကပ်ဖြစ်သည်။ အမြဲပင် တာဝန်ကျက လာ၍စစ်ဆေးသည်။

မကာအိုသည် တိုက်ခန်းများနှင့်သာနေကြပေရာ ကိုလိုနီအစိုးရလက်ထက်ကတည်းက ပန်းခြံတွေ၊ ပန်းဥယျာဉ်တွေ လုပ်ပေးထားသည်။ ဘဏ်တွေပေါသလို ပန်းခြံတွေလည်း ပေါသောအရပ် ဖြစ်သည်။ သက်ကြီးရွယ်အိုများက သည်ပန်းခြံမှာပဲ လမ်းလျှောက်ရသည်။ အပန်းဖြေရသည်။ ဤပန်းခြံတွေ သာယာလှပဖို့၊ ထိုင်စရာထိုင်ခုံတွေထားဖို့၊ ညတွင် လျှပ်စစ်မီးထွန်းဖို့က စည်ပင်သာယာဌာန၏ တာဝန်ဖြစ်သည်။ ပန်းခြံများတွင် ကျားထိုးဖို့ ကျားကွက်ကအစ ကျောက်စားပွဲအလယ်ကောင်တွင် ရေးဆွဲပေးသည်။ မည်သည့်ပန်းခြံကိုမှ ဝင်ခမပေးရပါ။ ဘန်ကောက်တွင်လည်း လုမ္ဗနီဥယျာဉ်တွင်းသို့ဝင်ရာ၌ ဝင်ခမပေးရပါ။

နောက်တစ်ခုက အများသုံးအိမ်သာကိစ္စဖြစ်သည်။ လိုအပ်သောနေရာတွင် အများသုံးအိမ်သာထားပေးသည်။ ပိုက်ဆံမပေးရပါ။ စည်ပင်သာယာဝန်ထမ်းက အမြဲတမ်းသန့်ရှင်းရေးလုပ်ရသည်။ အိမ်သာတာဝန်ကျ စည်ပင်သာယာအမျိုးသမီး၏လစာသည် တစ်လလျှင် ရှစ်ထောင် ပါတာကပ်ဖြစ်သည်။ ဒါကို ကျွန်တော့်ဘဏ်မန်နေဂျာ အပန်းက "ငါတောင် လုပ်လိုက်ချင်သေးရဲ့" ဟု ပြော၏။ ဘဏ်ခွဲတစ်ခု၏မန်နေဂျာလခကလည်း ရှစ်ထောင်မို့ပဲ ဖြစ်သည်။ ဘဏ်မန်နေဂျာဆိုသည်က ဂုဏ်သိက္ခာရှိမှန်း သူလည်းသိပါသည်။ သို့ပေမယ့် တာဝန်ကြီးလှသည်။ အထက်ကဖိအားများသည်။ အိမ်သာသန့်ရှင်းရေးတာဝန်က ရေလောင်း၊ တိုက်ချွတ်ဆေးကြော၊ ရေလောင်းချလျှင် ကိစ္စပြီးသည်။ စိတ်ရှုပ်စရာ၊ ခေါင်းရှုပ်စရာ ဘာမှမရှိပါ။ ဒါကြောင့် မန်နေဂျာအပန်းက ဤစကားကို ပြောခြင်း ဖြစ်ပါသည်။ နောက်တစ်ခုက ရွှေ့ပြောင်းအိမ်သာ ထားပေးသည်။ အောက်ခံပုံးပါသောအိမ်သာကို ကားနှင့်ဆွဲလာပြီး ချထားပေးသည်။ သန့်ရှင်းရေးကားက မှန်မှန်လာ၍ သန့်ရှင်းရေးလုပ်သည်။

လမ်းကို ရေဆေးသည်ဆိုလျှင် စာဖတ်သူက အံ့ဩမည်။ လမ်းပဲ မိုးရွာရင်

**အိမ်သာတာဝန်ကျ စည်ပင်သာယာအမျိုးသမီး၏လစာသည် တစ်လလျှင် ရှစ်ထောင်ပါတာကပ် ဖြစ်သည်။ ဒါကို ကျွန်တော့်ဘဏ်မန်နေဂျာ အပန်းက "ငါတောင် လုပ်လိုက်ချင်သေးရဲ့" ဟု ပြော၏။ ဘဏ်ခွဲတစ်ခု၏မန်နေဂျာလခကလည်း ရှစ်ထောင်မို့ပဲ ဖြစ်သည်။ ဘဏ်မန်နေဂျာဆိုသည်က ဂုဏ်သိက္ခာရှိမှန်း သူလည်းသိပါသည်။ သို့ပေမယ့် တာဝန်ကြီးလှသည်။ အထက်ကဖိအားများသည်။**

www.foreverspace.com.mm

စင်သွားမှာပေါ့ဟု ပြောလိုပေမည်။ တစ်ပတ်တစ်ခါ လမ်းကို ရေဆေးသည်။ ရေပိုက်နှင့် ဖျန်းသည်။ နောက်ကားတစ်စီးက လမ်းကို ဘရပ်ချ်နှင့်တိုက်သည်။ ယင်းကား၏ရှေ့တွင် ဘရပ်ချ်အကြီးစား အဝိုင်းပုံစံပါသည်။ အထူးသဖြင့် လမ်းနှင့်စင်္ကြံအစပ်ထောင့်ရှိ ဖုန်တွေ၊ သဲတွေကို တိုက်ပစ်ခြင်းဖြစ်သည်။

ပန်းပင်များပျိုးရသည်။ ပန်းပင်တွေစိုက်ရသည်။ ဟံသာဝတီအဝိုင်းလို အဝိုင်းတွင် ပန်းရောင်စုံတွေ စိုက်သည်။ မြို့လယ်ကောင် ဆမ်းမားလူးဆိုသည့် လူစည်ကားရာလမ်းမျိုးတွင် ပန်းရောင်စုံအိုးတွေချိတ်ဆွဲထားသည်။ တိုးရစ်မြို့တော်ဖြစ်၍ မျက်စိပသာဒရှိအောင် လုပ်စရာမှန်သမျှ အကုန်လုပ်သည်။ ရေမြောင်းတွေ၊ မိလ္လာမြောင်းတွေ ရှင်းရသည်။ မြန်မာနိုင်ငံတွင် ကြာပန်းသည် သီတင်းကျွတ်မှာပွင့်ပြီး မကာအိုမှာက ဇွန်လတွင်ပွင့်သည်။ ဇွန်လမတိုင်ခင်မှာ စည်ပင်သာယာစိုက်ပျိုးရေးအလုပ်သမားတွေက ကြာပန်းတွေပျိုးရသည်။ ဇွန်လရောက်သော် ရေကန်ရှိသည့်ဥယျာဉ်တွေကို ကြာပန်းအိုးတွေပို့သည်။ ရေကန်ထဲတွင် ဝါးဖောင်ခံ၍ ယင်းဝါးဖောင်ပေါ်တွင် ကြာပန်းအိုးတွေတင်လိုက်သောအခါ ရေထဲကဝါးဖောင်နှင့်အိုးကို မမြင်ရတော့ဘဲ ရေထဲကနေ သဘာဝအလျောက် ကြာပန်းတွေပွင့်နေသလိုဖြစ်အောင်လုပ်ထား သည်။ ကြာနီကများ၏ ကြာပြာ သို့မ ဟုတ် ကြာခရမ်းရောင်ကို မကာအိုရောက်မှမြင်ဖူးသည်။ (ယခု မြန်မာနိုင်ငံမှာလည်း ရှိနေပါပြီ)

စည်ပင်သာယာ၏ နောက်အလုပ်တစ်ခုက ခွေးလေခွေးလွင့်တွေ လိုက်ဖမ်းရသည်။ မကာအိုတွင် ခွေးမှတ်ပုံတင်ခကဈေးကြီး၏။ ၂၅၀၀ ပါတာကပ် ဖြစ်သည်။ မှတ်ပုံတင်လည်ပတ်နှင့် ခွေးကို မဖမ်းရပါ။ ပိုင်ရှင်မဲ့ခွေးသာ ဖမ်းရသည်။ ခွေးကိုက်သော် ကိုက်သည့်ခွေးကို ခွေးထောင်ချ၏။ ပိုင်ရှင်မဲ့ခွေး သို့မဟုတ် လည်ပတ်မပါသောခွေးကို နှစ်ပတ်ထား၏။ လာမရွေးသော် လျှပ်စစ်နှင့်တို့၍ သတ်ပစ်သည်။ အိမ်မှာခွေးမွေးထားပြီး ရောဂါရ၍ သေသော် စည်ပင်သာယာကို ဖုန်းဆက်ရသည်။ စည်ပင်သာယာက သွားယူရသည်။ မကာအိုစည်ပင်သာယာဝင်းထဲတွင် ခွေးသင်္ချိုင်းရှိသည်။ မိမိ၏အချစ်တော်ခွေးသေသော် ဤသင်္ချိုင်းမှာမြေဝယ်၍မြှုပ် အုတ်ဂူလုပ်၊ အုတ်ဂူပေါ်တွင် ခွေးဓာတ်ပုံနှင့်ဖြစ်သည်။ ဤသင်္ချိုင်းက သူ့ခွေးအုတ်ဂူတွင် ပန်းစည်းလာချပြီး တရှုံ့ရှုံ့ငိုသော ကောင်မလေးကို တွေ့ဖူးသည်။

နောက်တစ်ဖွဲ့က ကြွက်နှိမ်နင်းရေးအဖွဲ့ဖြစ်သည်။ မဟာအိုအဖွဲ့ကသတ်သတ်၊ တိုင်ပါလူဝမ်အဖွဲ့ကသတ်သတ်ဖြစ်သည်။ ကြွက်သတ်ဆေးတွေကို ကြွက်တွင်းတွေရှာပြီး လိုက်ချရသည်။ ကြွက်ကောင်ရေ မည်မျှသေသည်ကို လိုက်ရှာရသည်။

မကာအိုတွင် တိရစ္ဆာန်ရုံမရှိပါ။ ထို့ကြောင့် မျောက်၊ ဒေါင်း၊ ကြက်ဆင်၊ လင်းယုန်သတ္တဝါအရေအတွက်နည်းနည်းကို လူဝမ်စည်ပင်သာယာဝင်းမှာ ခြံကိုယ်စီနှင့်မွေးထားသည်။ မကာအိုမြို့ထဲက ဥယျာဉ်တွေမှာ လှောင်ချိုင့်နှင့် ပြထားသည်။

သူတို့အရပ်က ခရီးသွားလုပ်ငန်းကို အဓိကထားသည်။ ဧည့်သည်ဆိုသည်မှာ အိမ်သာမှ ဧည့်လာသည်။ ထို့ကြောင့် သူတို့ အိမ်သာယာလှပအောင် နည်းအမျိုးမျိုးနှင့် ဆောင်ရွက်သည်။ စင်္ကြံခင်းသောအုတ်ကို ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့ကအုတ်မှာပြီး ခင်းသည်။ ယင်းအုတ်အနီနှင့်အပြာကို လှပအောင် ရောင်စုံဖော်၍ခင်းသည်။ ဤအုတ်တွေ လှလှချည်လားဆိုပြီး လူစပ်စု ကျွန်တော်က အုတ်ပုံကထုပ်ပိုးလာသော အပြင်စက္ကူကို အသေအချာသွားလေ့လာ၍ ဤသို့သိရပါသည်။ လူဝမ်စည်ပင်သာယာတွင် ဘုရင်ခံ၏မြင်းရှိသည်။ ယင်းမြင်းကိုကျွေးသောမြက်ခြောက်က ဂျာမနီက ဖြစ်သည်။ ပိုက်ဆံရှိသောအရပ်မို့လည်း ဤသို့ အကုန်အကျခံနိုင်၏။ ဤသို့အကုန်အကျခံ၍ လှပအောင်လုပ်သောကြောင့်လည်း ဧည့်လာကာ ဝင်ငွေရရှိလေသည်။



**ကိုဝမ်း**


www.foreverspace.com.mm

# လုပ်ငန်းတွင်းမှ ခိုးလိုးခုလုများ

မောင်မောင်တင်

**ဆေးကုခန်းတွေအကြောင်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ရေးသားဖော်ပြနေကြသည်ကို အခါအားလျော်စွာ ဖတ်နေရသည်တွင် ဆေးကုသရေးဘက်မှ အားနည်းမှုတွေကို အများဆုံးဖော်ပြထားသည်ကို ဖတ်နေရပါသည်။ 'ဘဲအုပ်ကတစ်ရာနှစ်ရာ မဗေဒါကတစ်ပင်ထဲ' လို့ဆိုထားတဲ့ ဆရာဇော်ဂျီကဗျာလိုပါပဲ။ လူနာပေါင်းများစွာရဲ့ဆန္ဒနှင့် မိမိတို့တွင်လည်း မိခင်၊ ဖခင်စုံတွဲပေါင်းများစွာက မွေးဖွားပေးလိုက်သော ဝန်ထမ်းများ၊ ဆရာမများ၊ ဆရာဝန်များနှင့် အံဝင်ခွင်ကျမရှိသည်မှာ ဆုံးအုံ့မထင်ပါ။**

သည်ဆောင်းပါးရေးသည့် ရက်ပိုင်းကပင် 7 Day News စာစောင်တွင် သူနာပြုဆရာမ၏ ဝတ်စားဆင်ယင်မှု အဆင်မပြေပုံနှင့် လူနာအပေါ် ဂရုမစိုက်ပုံများ ရေးသားထားသည်ကို တွေ့ရပါသည်။ ကျွန်တော် ဆေးကုသရေးလုပ်ငန်းကို နှစ်ပေါင်းများစွာ လုပ်လာခဲ့သည့်အားလျော်စွာ လူတစ်ဦးချင်း၏ ချို့ယွင်းအားနည်းချက်များကို၊ အစုအဝေးကို ပညာပေးပြီးပြုပြင်သောနည်းစနစ်ကို သုံးကြည့်ခဲ့ပါသည်။ ဥပမာ– တူညီဝတ်စုံဝတ်စေခြင်း၊ ဆံပင်ရှည်သူများ လုပ်ငန်းတွင်းရောက်လျှင် စီးထားစေခြင်း၊ ဆံပင်အရောင်အနက်ကို အခြားအရောင် မဆိုးစေခြင်း၊ ခြေသဲ၊ လက်သဲရှည် မထားစေခြင်း စသည့်အချက်များကို ဝန်ထမ်းအားလုံး လိုက်နာစေရန် စည်းရုံးဆောင်ရွက်ခဲ့ရာ အထိုက်အလျောက်အောင်မြင်ခဲ့ပါသည်။ သို့သော် ယခုအခါ ဝန်ထမ်း ၁၅၀ ကျော်၊ သူနာပြု ၅၀ ကျော် မိန်းကလေးများများလာသည့်အခါ ထောင့်စုံအောင်မကြည့်နိုင်ဖြစ်လာပါသည်။ လုပ်ငန်းသည် အရှိန်အဟုန်ဖြင့် လည်ပတ်နေရာ သူတို့လေးတွေဘက်ကို အာရုံမစိုက်မိဖြစ်ခဲ့ရပါသည်။



ဆေးကုသရေးလုပ်ငန်းဖြစ်၍ ကျွန်တော်တို့ ဂရုစိုက်ရမည့်သူမှာ (၁) လူနာ၊ (၂) လူနာ၊ (၃) လူနာပင် ဖြစ်ပါသည်။ နာမကျန်း၍ ဆေးခန်းလာခဲ့သောလူနာသည် ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများ၏ ပြုံးရွှင်သောမျက်နှာ၊ ချိုသာသောစကား၊ ရှင်းလင်းပြတ်သားစွာ ပြောဆိုတတ်သောသူများကို လူနာများက လိုချင်ကြပါသည်။ သို့သော် ဘယ်လောက်ပဲကြိုးစားကြိုးစား အခါအားလျော်စွာ တစ်ဦးတစ်ယောက်သည်

www.foreverspace.com.mm



ဖောက်မြဲဖောက်နေသည်ကို တွေ့ရပါသည်။ ဒီလိုဖြစ်ပျက်မှုမျိုးတွေရှိနေခြင်းကြောင့် သတင်းစာ၊ ဂျာနယ်များတွင် ဆေးခန်းတစ်ခုမဟုတ် တစ်ခုအကြောင်း ပါနေတတ်ပါသည်။

ကျွန်တော် မှတ်မှတ်သားသားဖြစ်ခဲ့ဖူးသော လုပ်ငန်းတွင်းမှအဖြစ်အပျက်အချို့ကို ဖော်ပြလိုပါသည်။ ကုမ္ပဏီဝန်ထမ်းတွေခန့်တိုင်း လူတွေ့မေးမြန်းစစ်ဆေးပါသည်။ ဝန်ထမ်းအဆင့်အလိုက် လိုက်နာရမည့်စည်းကမ်းများကို ဖတ်စေပါသည်။ ပြီးလျှင် အစမ်းခန့် (အလုပ်သင်) က သုံးလခန့်ထား၍ သုံးလအတွင်း ကြိုးစားမှု၊ နိုးကြားမှုရှိမှသာလျှင် အမြဲတမ်းဝန်ထမ်းအဖြစ်ခန့်ထားပါသည်။ အမြဲတမ်းဝန်ထမ်းဖြစ်သူများကို လုပ်ငန်းတွင် ပညာပေးသင်တန်းတက်၍ စာမေးပွဲဖြေဆိုစေပါသည်။ မအောင်မြင်လျှင် သင်တန်းထပ်၍တက်ရပါသည်။ ဤသို့ ထောင့်စေ့အောင် ဆောင်ရွက်နေသည့်ကြားက ဖောက်ဖျက်သောဝန်ထမ်းများတွေ့ရပါသည်။

တစ်ရက်တွင် မီးစက်များကို စစ်ဆေးစေပါသည်။ မီးစက်များကို စစ်ဆေးသည့်အခါတိုင်း အင်ဂျင်ဝိုင်၊ ဓာတ်ဆီ (သို့မဟုတ်) ဒီဇယ်ဆီများ တစ်ခုခုလျော့နေတတ်ပါသည်။ ကြီးကြပ်ရေးမှူးက မီးစက်အင်ဂျင်ဝိုင်လျော့၍ အလုပ်သမားတစ်ဦးကို အင်ဂျင်ဝိုင် ဖြည့်ခိုင်းလိုက်ပါသည်။ ဆီများဖြည့်ပြီး၍ အချိန်တန်သောအခါ မီးစက်နှိုးရာ မီးစက်မှာ မီးစက်သံတစ်ချက်မြည်ပြီးနောက် ပေါက်ကွဲသွားပါသည်။ ကျွန်တော်တို့အားလုံး ပျာယာခတ်၍ သွားကြည့်သောအခါ မီးစက်ထဲမှ သံတိုသံစအကျိုးများထွက်နေသည်ကို တွေ့ရပါသည်။ ကျွန်တော်တို့ ဘာဖြစ်သည် မသိပါ။ နားလည်သူတစ်ဦးရောက်ရှိလာသည့်အခါမှ မီးစက်သည် လုံးဝသုံး၍မရတော့ကြောင်း၊ စက်ဆီအစား ဘရိတ်ဆီထည့်မိ၍ စက်ကမလည်နိုင်တော့ကြောင်း ပြောပါသည်။ မီးစက်ကိုဝယ်သည့်ကုမ္ပဏီသို့ပြန်ပို့၍ ပြင်ဆင်စေရာ ကျပ်သုံးသိန်းခန့် ကုန်ကျပြီးမှ စက်မောင်း၍ရပါသည်။ ထိုဝန်ထမ်းမှာ လုပ်ငန်းအတွင်းအရက်သောက်ခြင်း၊ အကြိမ်ကြိမ်သတိပေးခံရခြင်းတို့ဖြင့် နောက်ဆုံးတွင် မီးစက်ကိုဖျက်ဆီး၍ အလုပ်မှ ထွက်သွားပါတော့သည်။

လူတစ်ဦးလျှင် ဉာဉ်တစ်မျိုးရှိပါသည်။ အလုပ်သမားဝန်ထမ်းတွေများလာသည့်အခါ အပတ်စဉ်၊ လစဉ် ခေါ်ယူတွေ့ဆုံ၍ ဆုံးမဩဝါဒစကားပြောကြားနေသည့်ကြားမှ အလုပ်သမားနှစ်ဦး (တစ်ဦးက ကျွန်တော့်ငယ်သူငယ်ချင်း၏သား၊ ကျွန်တော့်ကို ကျွေးအဖေကြီးဟုခေါ်နေသူ) ဒီဇယ်ဆီခိုး၍ ရောင်းကြပါသည်။ တစ်ယောက်ကဆရာကြီး၊ စီစဉ်ပေးသူ။ တစ်ယောက်က ဒီဇယ်ပုံးထမ်း၍ ဆိုင်ပို့သူ။ ထိုသူနှစ်ယောက် အပေးအယူသင့်နေရာ ပျော်ပျော်ရွှင်ရွှင်နှင့် လုပ်ငန်းလုပ်နေသည်ဟု ထင်ရပါသည်။ တစ်ရက်သောနေ့လယ်ခင်း ဒီဇယ်ပုံးထမ်းပေးသူ အလုပ်သမားမျက်နှာတွင် ဖူးရောင်လျက် ကျွန်တော့်ထံရောက်လာပါသည်။ “ဆရာ ကျွန်တော့်ကို မောင်မောင်ကျော် ထိုးတယ်။ သုံးလေးချက်ထိုးလို့ ကျွန်တော် မြောင်းထဲကျသွားတယ်” ပြော၍ ငိုပါတော့သည်။ ကျွန်တော်က “ဘာကြောင့် ရန်ဖြစ်ကြတာလဲ။ ငါလည်းခဏခဏပြောနေတာ နားမထောင်ကြဘူး။ မင်းက ဘာဖြစ်လို့လဲ” မေးတော့မှ “ကျွန်တော် ပိုက်ဆံ ၅၀ ချေးတာ မပေးဘူး။ သူ့မှာ ပိုက်ဆံတွေ အများကြီးရှိပါတယ်”။ “သူ့မှာ ပိုက်ဆံတွေ အများကြီးရှိတာ မင်းနဲ့ဘာဆိုင်လဲ။ သူ့ပိုက်ဆံပဲ” ပြောတော့ “ဆိုင်တာပေါ့ဆရာရဲ့၊ အဲဒီပိုက်ဆံတွေက ဒီဇယ်ဆီခိုးရောင်းတဲ့ပိုက်ဆံတွေ။ အဲဒီတုန်းက ဒီဇယ်ဆီပုံးကို ကျွန်တော်ထမ်းပေးရတာ” တဲ့ဗျာ။

ကျွန်တော် အလုပ်သမားကြီးကြပ်ရေးမှူး၊ ဒီဇယ်ခိုးသူ၊ ဒီဇယ်ထမ်းပေးရသူတို့ကို အစုံအညီခေါ်၍ စစ်ဆေးမေးမြန်းရာ သေချာမှန်ကန်နေ၍ ကျွေးအဖေကြီးလို့ ကျွန်တော့်ကိုခေါ်သော ဒီဇယ်ခိုးအလုပ်သမားနှင့် ဒီဇယ်ခိုးရာတွင် ထမ်းပို့ပေးသော အလုပ်သမားတို့ကို အလုပ်မှ ရပ်စဲလိုက်ရပါသည်။

လာပြန်ပြီနောက်တစ်ဦးဟု ပြောရပါတော့မည်။ များလှသော ကျား၊ မ ဝန်ထမ်းများတွင် အမျိုးသမီးများမှာ အမျိုးသားဝန်ထမ်းများကဲ့သို့ လက်ရဲဇက်ရဲမလုပ်ဝံ့ကြပါ။ ဖြစ်သမျှပြဿနာအားလုံးတွင် ဖြေရှင်းရလျှင် အမျိုးသားများ၏ကိစ္စတွေသာဖြစ်ပါသည်။ ဝန်ထမ်းအမျိုးသားများကို ချော့တစ်မျိုး ခြောက်တစ်ခါ အုပ်ချုပ်နေရသည့်ကြားမှ အမျိုးသားသူနာပြုများအရေးသည် မသေးလှပါ။ အရက်သောက်သူ၊ ကွမ်းစားသူ၊ ယူနီဖောင်းပြည့်စုံအောင် မဝတ်သူတို့ကလည်းတစ်မှောင့်။ ဖြစ်ပြန်ပြီ ကျော်မကောင်းကြားမကောင်း။ လူနာခန်းအလွတ်တွင် တာဝန်နှင့်မပတ်သက်သူ ဆွေမျိုးမတော်စပ်သူ အမျိုးသမီးတစ်ဦးကို ခေါ်ထားခြင်းပင် ဖြစ်ပါသည်။


ကျွန်တော့်ဆေးရုံတွင် လူနာများဆင်းလျှင် ပစ္စည်းစစ်၊ ချက်ချင်းသန့်ရှင်းရေးလုပ်ပြီးလျှင် အခန်းကို သော့ခတ်ပိတ်ထားရန် စည်းကမ်းထုတ်ထားပြီး ဖြစ်ပါသည်။ ထိုနေ့က ဘယ်လိုလွတ်သွားသည်မသိ။ အမည်မသိ အမျိုးသမီးတစ်ဦးကို Male Nurse (အမျိုးသားသူနာပြု) ကခေါ်၍ အတူနေကြသည်။ ကံဆိုးချင်တော့ လူနာသစ်လာ၍ အခန်းပေးရန်ဖွင့်သောအခါ မောင်မင်းကြီးသား ကိုးရိုးကားရားနှင့် အတွင်းမှာ နှစ်ယောက်။ တာဝန်ရှိဆရာမကြီးက ရင်တုန်ပန်းတုန်နှင့်အော်သည့်အခါတွင် မောင်မင်းကြီးသားနှင့်အမျိုးသမီးဆေးရုံမှ ခပ်တည်တည်ဆင်းသွားကြပါသည်။ နောက်နေ့နံနက် ခေါ်ယူဆွေးနွေးအပြစ်ပေးဖို့ခေါ်တော့ ထွက်ပြေးပြီတဲ့။ နောက်လည်း လူနာစောင့်ဖို့မလာတော့ပါ။ ကျွန်တော် ဒေါသတွေ မနည်းထိန်းသိမ်းထားလိုက်ရပါသည်။ နောက်ဆုံးတွင် လူနာခန်းအလွတ်ကို သော့ခတ်ထားရမည့် ဆရာ

www.foreverspace.com.mm

မကြီး အပြစ်ရသွားပါသည်။

ကျွန်တော်တို့ဆေးရုံတွင် လူနာများ၏လုံခြုံရေးကို အထူးဂရုပြုဖို့ မှာထား သင်ထားရပါသည်။ လူနာများကို ပြင်ပမှ လာ၍မနှောင့်ယှက်နိုင်အောင် လူနာများ၏ ပစ္စည်းလုံခြုံမှု၊ ငွေကြေးလုံခြုံမှုများကို အထူးဂရုပြုရန် ညွှန်ကြားရပါသည်။ ညွှန်ကြားသည့်အတိုင်းလည်း လုပ်ကြပါသည်။ သို့သော် လုံခြုံမှုရှိနေသည်မှာကြာတော့ ရိုးသွားသည်ဟု ပြောရပါမည်။ မလုံခြုံမှုကိစ္စတစ်ခု တစ်ရက် ည ၁၁ နာရီအချိန်တွင် ပေါ်လာပါသည်။ လူနာ၏ပိုက်ဆံအိတ် (အမျိုးသမီးလက်ကိုင်အိတ်) အိတ်အတွင်းတွင် ပစ္စည်းမျိုးစုံနှင့် ငွေများပါ ပါသည်။ ၎င်းလက်ကိုင်အိတ်ကို အသက် ၆၅ နှစ်အရွယ် အဘွားတစ်ဦးကယူ၍ ဆေးရုံမှ ထွက်သွားပါသည်။ ဆေးရုံလုံခြုံရေးဝန်ထမ်းများ မသိလိုက်ပါ။ မတွေ့ရှိပါ။ လမ်းမပေါ်မှပုဂ္ဂိုလ်တစ်ဦးက မသင်္ကာ၍ မေးမြန်းစုံစမ်းရာမှ အဘွားအိုက ကြောက်၍အမှန်တိုင်း ပြောလိုက်ပါသည်။ တာဝန်သိသူသည် အဘွားအိုကိုခေါ်၍ ဆေးရုံလုံခြုံရေးအဖွဲ့ထံ လာရောက်အပ်နှံပါသည်။

ထိုအချိန်မှ ကျွန်တော့်တပည့်ကျော်များ ပျာယာခတ်ကုန်ကြပါသည်။ တစ်ချိန်တည်းတွင် လူနာနှင့်လူနာစောင့် ဆရာမပါ ပျာယာခတ်နေကြပါသည်။ ကိစ္စအားလုံးကို ကြားနာလိုက်တော့ လူနာစောင့်ဆရာမလည်း မသိ။ လုံခြုံရေးများလည်းမသိ။ အခြားဝန်ထမ်းများလည်းမသိဖြစ်နေရာ မသိကောင်းလားဟုဆူပူရာ လူနာရှင်ထင်၍ ဂရုမပြုမိကြောင်း ဖြေဆိုပါသည်။ ဤသို့အဖြစ်အပျက်မျိုး တစ်ကြိမ်တစ်ခါမျှ မဖြစ်ခဲ့ဖူးရာ သူတို့အဖြေလည်း မှန်နိုင်ပါသည်။ ဆေးရုံဖြစ်၍ ဧည့်သည်တစ်ဦးဝင်လာလျှင် လူနာလာကြည့်သည့်လူနာရှင် (သို့) ဧည့်သည်ဖြစ်မှာပဲဟုထင်၍ လစ်လပ်မှုများရှိနေတာ ဖြစ်ပါသည်။ ကျွန်တော် ပိုက်ဆံအိတ်ပါသွားသောလူနာကိုတွေ့၍ ဘာများပျောက်ဆုံး လျော့နည်းမှုရှိသေးသလဲမေးကြည့်ရာ ပျောက်ဆုံးမှုမရှိဘဲ အလုံးစုံ ပြန်လည်ရရှိကြောင်း ပြုံးရွှင်စွာဖြေဆို၍ ကျွန်တော် စိတ်သက်သာရာရသွားပါသည်။ လုံခြုံရေးများကိုတော့ ခေါ်ယူသတိပေးရပါသည်။



လုပ်ငန်းတွေ 'ခိုးလိုးခုလု'ဖြစ်ရသည့် အကြောင်းတွေရေး၍ ကုန်မည်မဟုတ်။ သို့သော် သည်လိုကိစ္စမျိုးတွင် ကိုယ်တစ်ယောက်တည်းတွင်ရှိသည်မဟုတ်။ လုပ်ငန်းတိုင်းတွင် ရှိကြမည်မှာမလွဲပါ။ မရေးဖြစ်မရေးကြ၍သာ အများပြည်သူ မသိခြင်းဖြစ်ပါသည်။ ကျွန်တော်ကတော့ ရေးဖြစ်၍ ကျွန်တော့် 'ခိုးလိုးခုလု' တွေကို အများသိသွားပြီဖြစ်ပါသည်။ ယခု နောက်ဆုံး ယဉ်ယဉ်လေးနှင့်ရှုပ်သွားသော တပည့်တစ်ဦးအကြောင်းဖော်ပြ၍ အဆုံးသတ်ရပါမည်။

ကျွန်တော့်ရုံးချိန်အတွင်း အမည်မသိ (လူကိုတော့ မြင်ဖူးနေပါသည်) အသက် ၃၀ နှစ်ခန့် မိန်းကလေးတစ်ဦး ရောက်လာပါသည်။ အမျိုးသမီးက "ဦးလေး စကားနည်းနည်းပြောခွင့်ပြုပါ" ကျွန်တော်က "ပြောပါ" ဟု ပြောသည့်အခါ သူတို့သည် ဘယ်မြို့၊ ဘယ်လမ်းကပါ။ စားဝတ်နေရေးကျပ်တည်းလွန်း၍ ဖခင်ကြီးကို အလုပ်တစ်နေရာပေးရန်နှင့် ဖခင်ကြီးမှာ ယခု ပင်စင်ယူထား၍ ကျန်းကျန်းမာမာသန်သန်စွမ်းစွမ်းရှိကြောင်း၊ ယခင်က သူ့မောင်ငယ်တစ်ယောက် ကျွန်တော့်ထံတွင် အလုပ်လုပ်ဖူးကြောင်း၊ ကျွန်တော့်ထံတွင် သူ့ဖခင် အလုပ်ရပါက သွားရေး၊ လာရေး၊ စားဝတ်နေရေးတွေ အဆင်ပြေလာမည်ဖြစ်ကြောင်း ပြောပါသည်။ ကျွန်တော်က "အေး . . . ကောင်းပြီ၊ မင်းအဖေကို ခေါ်လာခဲ့။ ငါ စကားပြောကြည့်မယ်" ဟု ပြန်ပြောတော့ မိန်းကလေးမှာ ရုံးခန်းမှ ထွက်ခွာသွားပါသည်။ နောက်တစ်ရက် ရုံးချိန်တွင် မိန်းကလေးနှင့် သူ့ဖခင် ရောက်လာပါသည်။ ကျွန်တော့်ရှေ့တွင် ထိုင်လိုက်တော့မှ ကျွန်တော်မြင်ဖူးနေသူဖြစ်ကြောင်း သိရပါသည်။ ကျွန်တော်က အလုပ်လုပ်မယ်ဆိုလျှင် အရက်မသောက်၊

www.foreverspace.com.mm



**ငင်းအလုပ်သမားသည် ဆိုး၍ဆိုး၍သာလာတော့သည်။ လုပ်ငန်းခွင်ခေတ္တအားလျှင် အရက်သောက်သည်။ ကျွန်တော့်ကိုတိုင်၍ ခေါ်ပြောသည့်အခါ လက်အုပ်တချီချီနှင့် တောင်းပန်သည်။ နောက်မဖြစ်စေရပါဘူးဟု အာမခံသည်။ သူအာမခံသည့်ရက်သတ္တပတ်မပြည့် ပြန်သောက်သည်။ တစ်ဖက်က လုပ်ငန်းခွင်ပျက်လာသည်။ ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့် အကြိမ်ပေါင်းများစွာအတိုင်ခံရသောအခါ လုပ်ငန်းပြင်ပတွင်အရက်သောက်မူးပြီး လုပ်ငန်းခွင်လာ၍ ဆဲဆိုကြိမ်းမောင်းသည်။**

ကွမ်းမစား၊ စည်းကမ်းရှိသေသူဖြစ်ရန်လိုကြောင်း ရှင်းပြပြီး လျှောက်လွှာပုံစံဖြည့်၍ အလုပ်လျှောက်စေပါသည်။

ကျွန်တော့်လုပ်ငန်းသည် တိုးချဲ့နေဆဲကာလဖြစ်၍ တစ်လအတွင်း အလုပ်နေရာပေါ်ပေါက်လာပါသည်။ လျှောက်လွှာရှင်ကို လူလွှတ်ခေါ်၍ အလုပ်ပေးတော့မည်။ ဒီမှာ စည်းကမ်းချက်များကို ဖတ်ကြည့်ပါ။ လိုက်နာမယ်ဆိုရင်တော့ အလုပ်ပေးပါမည် ပြောတော့ အားလုံးလိုက်နာနိုင်သောစည်းကမ်းများ ဖြစ်သည်။ ဆရာကျွန်တော့်ကိုစိတ်ချပါ။ ကျွန်တော် အသက် ၆၀ ရှိပါပြီ။ ဘာတစ်ခုမှ မလွဲချော်စေရပါဟု အာမခံချက်ပေး၍ အလုပ်ခန့်လိုက်ပါသည်။

ထိုအလုပ်သမားသည် အလုပ်စတင်ခန့်သည့်နေ့မှစ၍ ခြောက်လခန့် မနားမနေအလုပ်လုပ်နေပါသည်။ ကြည့်လိုက်လျှင် တံမြက်စည်း လက်ကမချ။ သစ်ပင်ရေလောင်း၊ အမှိုက်သွန်၊ လူနာများရွှေ့ပြောင်း၊ ဆေးရုံအလုပ်ဟူသမျှ သူမပါတာမရှိပါ။ ကျန်အလုပ်သမားတွေက ချီးမွမ်းကြပါသည်။ ကျွန်တော်က "မောင်ရင်တို့ချီးမွမ်းမစောကြနဲ့၊ ခုမှ ခြောက်လရှိသေးတယ်။ တော်တော်ကြာ မင်းတို့ကုပ်ခွပြီး ခိုင်းစားလိမ့်မယ်" ပြောလိုက်ပါသည်။ ထိုအလုပ်သမားတစ်နှစ်ပြည့်၍ ဝန်ထမ်းများဆုကြေးပေးရန် အမှတ်ပေးသည့်အခါ ကြီးကြပ်ရေးမှူးက ဟိုတစ်နေ့က ထင်းတွေအိမ်သယ်သွားသည်၊ ဟိုတစ်နေ့က ဒီဇယ်ဆီအဟောင်းတွေ ယူသွားတာတွေ့ရသည်၊ ခိုး၍ ကွမ်းစားသည်၊ ခိုး၍ အရက်သောက်သည်၊ ယူနီဖောင်းနှင့် အရက်ဆိုင်မှာ တွေ့သည်ဟူသော မှတ်ချက်ပေါင်းများစွာနှင့် သူ့ကို အမှတ်လျှော့၍ပေးသည်။ အမှတ်လျော့၍ ဆုကြေးရငွေသည် အခြားအလုပ်သမားတွေထက်နည်းသည်။ ဤတွင် ကိုယ်လေထွား မကျေနပ်တော့။ အနီးရှိ ဘဝတူအလုပ်သမားတွေကို စွေစောင်းပြောသည်။ မခံချင်အောင်ပြောသည်။ ဒီလိုနှင့် အများနှင့်သူတစ်ဦး မတည့်ကြတော့ပါ။

ငင်းအလုပ်သမားသည် ဆိုး၍ဆိုး၍သာလာတော့သည်။ လုပ်ငန်းခွင်ခေတ္တအားလျှင် အရက်သောက်သည်။ ကျွန်တော့်ကိုတိုင်၍ ခေါ်ပြောသည့်အခါ လက်အုပ်တချီချီနှင့် တောင်းပန်သည်။ နောက်မဖြစ်စေရပါဘူးဟု အာမခံသည်။ သူအာမခံသည့်ရက်သတ္တပတ်မပြည့် ပြန်သောက်သည်။ တစ်ဖက်က လုပ်ငန်းခွင်ပျက်လာသည်။ ဒုတိယအကြိမ်၊ တတိယအကြိမ် စသည်ဖြင့် အကြိမ်ပေါင်းများစွာ အတိုင်ခံရသောအခါ လုပ်ငန်းပြင်ပတွင် အရက်သောက်မူးပြီး လုပ်ငန်းခွင်လာ၍ ဆဲဆိုကြိမ်းမောင်းသည်။ "ငါ ဘယ်သူ့မှမကြောက်ဘူး။ သတ္တိရှိလျှင်လာခဲ့။ မင်းတိုင်တဲ့လူကြီး (M.D) ကိုလည်း ငါက ဂရုမစိုက်ဘူး။ သတ္တိရှိလျှင် ငါ့ကို အလုပ်ဖြုတ်ကြည့်။ ငါ့အကြောင်းသိစေရမယ်" တဲ့။

ကျွန်တော် ခေါ်ယူဆွေးနွေးပါသည်။ အလုပ်စတင်လျှောက်စဉ်က ကျွန်တော်မှာသောစကားများကို ပြန်သတိရရဲ့လားမေးတော့ "ရပါတယ်ဆရာရယ်၊ ဆရာ့ကျေးဇူးတွေ ဘယ်တော့မှမမေ့ပါဘူး" တဲ့။

တစ်နှစ်ကျော်ကာလအတွင်း အကြိမ်ပေါင်းများစွာ စည်းကမ်းဖောက်၍ အလုပ်မှထွက်ရမည်ဖြစ်ကြောင်း၊ အလုပ်မှထွက်လျှင် မိသားစုအတွက် တစ်လဝင်ငွေလေးသောင်းကျော်လျော့သွားမည်ဖြစ်ကြောင်း၊ သို့သော်လည်း လုပ်ငန်းတွင်ဆက်ထားရန်မဖြစ်တော့၍ သက်ညှာစွာစဉ်းစားပေးလိုက်ပါမည်။ လစာတစ်လစာပိုထုတ်သွားပြီး မနက်ဖြန်မှာ အလုပ်ထွက်ပေတော့ဟု ပြောလိုက်တော့မှ တုန်တုန်ယင်ယင်ဖြစ်ပြီး ထိုင်ကန်တော့ပါတော့သည်။


ကျွန်တော့်ကို ကန်တော့ပြီးတော့မှ "ဆရာ့ကျေးဇူးတွေရှိပါတယ်။ မမေ့ပါဘူး။ စားဝတ်နေရေးအတွက် ကလေးတစ်ယောက်တော့ အလုပ်ပေးပါဦးဆရာ" ဟု ပြောပါသည်။ ပြီးတော့မှ "ဆရာ့ကို နောက်ဆုံး အသိပေးချင်ပါသေးတယ်။ ဟို ကြီးကြပ်ရေးဆိုတဲ့ကောင် တော်တော်အာဏာပြတယ်။ လက်သမားက သံကိုရောင်းစားပြီး သစ်ခိုးတယ်ဆရာ။ ကျွန်တော်ကိုယ်တိုင်တွေ့တာ။ ပြီးတော့ အားလုံးကတော့ အရက်သမားတွေချည်းပဲ" ဟုဆိုပါသည်။ ကျွန်တော်က "တော်တော် ဒီလောက်ဆို လုံလောက်ပြီ။ ဒီစာယူသွား၊ ငွေစာရင်းဌာနမှာ ပိုက်ဆံသွားထုတ်" ဟု ပြောပြောဆိုဆို အတင်းပြန်လွှတ်လိုက်ရပါသည်။

အနောက်နိုင်ငံသားတွေကတော့ 'Pebbles in the Shoes' လို့ ဆိုပါသည်။ မြန်မာကတော့ 'ခိုးလိုးခုလု' လို့ ပြန်ရမလားပါပေ။

**မောင်မောင်တင်**

www.foreverspace.com.mm

ယခင်လမှအဆက် . . .




**ကမ္ဘာကျော် ကျောက်မျက်ရတနာမြေ မိုးကုတ်မြို့ရှုခင်း**

# သူဌေးဖြစ်နည်း လျှို့ဝှက်ချက် ၁၃

ဦးလှဝင်း (လေသူရဲတစ်ဦး)

ပထမဆုံး သူတို့အားနည်းချက်ဖြစ်တဲ့ ရတနာပညာမရှိဘူးဆိုတာလည်း ပိုက်ဆံရှိသူတွေဖြစ်ကြတဲ့အတွက် သင်ယူနိုင်တဲ့နည်းတွေကို သူတို့ ရှာတွေ့သွားကြမှာပဲ။ ဒီနေရာမှာ ပညာရှင်ဆိုတဲ့စကားနဲ့ပတ်သက်ပြီး ကျွန်တော် ရှင်းပြချင်ပါသေးတယ်။ ကျောက်မျက်လောကမှာ ပညာရှင်ဆိုတာက နှစ်မျိုး ရှိပါတယ်။ ပထမတစ်မျိုးက ကျောက်မျက်ပညာကို သိပ္ပံနည်းအရ တတ်တဲ့လူ။ ဒုတိယတစ်မျိုးက ကျောက်မျက်ကို ငွေရအောင်၊ အမြတ်ထွက်လာအောင် ရောင်းစားတတ်သူ။ အဲဒီနှစ်မျိုးလုံးထဲက ဒေါင်ဒေါင်မြည်တဲ့ ရတနာပညာရှင်တွေကို သူတို့အိတ်ထဲရောက်သွားအောင် သူတို့လုပ်နိုင်ကြမှာပဲ။

ဒုတိယအားနည်းချက်ဖြစ်တဲ့ ရတနာလောက အတွေ့အကြုံမရှိဘူးဆိုတာလည်း လုပ်ကိုင်ရင်းနှင့် သူတို့အတွေ့အကြုံတွေ ရသွားမှာပဲ။

ရတနာလောကမှာ အရှုံးခံနိုင်တဲ့ ငွေအားရှိတယ်ဆိုရင် အတွေ့အကြုံဆိုတာ အလွန်တိုတောင်းတဲ့ အချိန်တိုလေးအတွင်းမှာ ရှာလို့ရနိုင်ပါတယ်။ နောက် . . . အလွယ်ဆုံးလုပ်နိုင်တာက ပညာရှင်ဆိုတာ ငွေပုံပေးငှားမယ်ဆိုရင် ငှားလို့ရတယ်။ ကိုယ့်ရဲ့အကြံပေးအနေနှင့် ခေါ်ခိုင်းလို့ရတယ်။ ဒီပညာရှင်နှင့် တိုင်ပင်ပြီး ဝယ်မယ်၊ ရောင်းမယ်ဆိုရင် ရတနာလောကမှာ သူတို့အတွေ့အကြုံမရှိဘူးဆိုကြပေမယ့် မှားနိုင်တဲ့အမှားတွေက အလွန်နည်းသွားခဲ့ပြီမဟုတ်လား။

နောက် . . . ၁၉၈၈ ခုနှစ် နောက်ပိုင်းမှာ ရန်ကုန်ရတနာလောကကို ဝင်လာကြတဲ့ တခြားလူတန်းစားတစ်မျိုး ရှိသေးတယ်။ လမ်းစဥ်ပါတီခေတ် တစ်ခေတ်လုံးဘေးရန်ကင်းစွာ ဘန်ကောက်မြို့နဲ့ ဟောင်ကောင်မှာသွားနေပြီး ဘန်ကောက်နဲ့ ဟောင်ကောင်ရတနာလောကမှာ ထိုင်းနဲ့ တရုတ်ရတနာကုန်သည်တွေနှင့် ယှဥ်ပြိုင်ပြီး ငွေရှာစားခဲ့ကြတဲ့ မြန်မာရတနာကုန်သည်တွေ . . . ။

www.foreverspace.com.mm

ဒီလူတွေကလည်း မြန်မာနိုင်ငံ ပြန်လာပြီး မြန်မာ့ကျောက်မျက်လောကကို ပြန်ဝင်ကြတယ်ခင်ဗျား။ သူတို့အထဲက အများစုက မိုးကုတ်သား . . . မိုးကောင်းသားနဲ့ သူတို့အဆက်အနွယ်တွေ . . . ။ မိဘလက်ထက်ကတည်းကစပြီး ချမ်းသာပြီးသားလူတွေ . . . ။ ငွေအရင်းအနှီးကလည်း အမြောက်အမြားရှိတယ်။ ပြည်ပအဆက်အသွယ် . . . ပြည်ပဈေးကွက်ကလည်း သူတို့မှာ ကောင်းကောင်းရှိတယ်။

ဒီလူမျိုးကတော့ များများမရှိပါဘူး။ လက်ချိုးရေတွက်လို့ရအောင် နည်းနည်းလေးပါ။ ဒါပေမဲ့ . . . သူတို့ပြန်ပေါ်လာတဲ့အတွက် ကျောက်ကောင်းကို ပြိုင်ဝယ်ဖို့ဆိုတာ မလွယ်တော့ဘူး။ သူတို့ ပြန်ရောင်းနိုင်တဲ့ဈေးကွက်မျိုးမှာ . . . သူတို့ရောင်းနိုင်တဲ့တန်ဖိုးမျိုးနဲ့ ကိုယ်ပြန်မရောင်းနိုင်တဲ့အတွက် သူတို့နှင့်ပြိုင်ပြီး ကျောက်ကောင်းကို ဝယ်လို့မရနိုင်တော့ဘူး။

ကျွန်တော်ဆိုလိုတာက ရန်ကုန်မှာရှိကြတဲ့ ၁၉၈၈ ခုနှစ်မတိုင်ခင်က အောင်မြင်နေကြတဲ့ ရတနာကုန်သည်တွေဟာ ၁၉၈၈ ခုနှစ်နောက်ပိုင်းမှာ အရင်ကလိုလုပ်စားရတာ မချောင်တော့ဘူး။

အောက်ကျောက်နှင့် အလယ်အလတ်ကျောက်လောကမှာလည်း ငွေအားရှိတဲ့လူသစ်တွေ အများကြီး ဝင်တိုးလာကြတဲ့အတွက် အရင်လို ဝယ်လို့ရောင်းလို့မရတော့ဘူး။ ဈေးပိုပေးဝယ်ရတယ်။ အမြတ်လျှော့ယူပြီး ရောင်းရတယ်။

ကျောက်ကောင်းကျတော့လည်း ကျောက်ကောင်းဆိုတာ နဂိုကတည်းကကို ဈေးကွက်မှာ သိပ်ရှားတယ်။ တစ်ခါတစ်ရံမှ ပေါ်လာတတ်တာ။ မြင်ခွင့်ရဖို့ဆိုတာတောင် ဒီကျောက်မျိုးက သိပ်မလွယ်လှဘူး။

ကံရှိမှ ကိုယ့်ဆီရောက်လာတာမျိုး ...။

ခု ပြည်တော်ပြန် မြန်မာရတနာကုန်သည်ကြီးတွေက ရန်ကုန်မှာ မြုံးထိပ်မှာ ဖျိုင်းလာစောင့်သလို ထိုင်စောင့်ဝယ်နေကြတော့ ကျွန်တော့်အဆင့် ရတနာကုန်သည်တွေအတွက်တော့ အနာဂတ် လုံးဝပျောက်သွားပါပြီ။

ဒီလိုခေတ်ပြောင်းသွားတဲ့ အချိန်မျိုးမှာ ကိုယ်ဘယ်လိုရတနာလောကမှာ ဆက်ရပ်တည်မလဲ။

ကျွန်တော် အမျိုးမျိုးစဉ်းစားတယ်ခင်ဗျား။

နှစ်လလောက် အချိန်ယူစဉ်းစားပြီးတဲ့အချိန်မှာ မိမိကို ဘုရားပေးထားတဲ့ ပါရမီ (Gift)ကို မိမိစီးပွားရေးအလုပ်တွေမှာ ချသုံးရတော့မယ်ဆိုတာ အလိုလိုမြင်လာပါတယ်။

ကျောက်မျက်အကြောင်းကို ငါ စာရေးမယ်။

ကျောက်မျက်အကြောင်းကို ငါဘယ်လောက်သိတယ်၊ ဘယ်လောက်တတ်တယ်၊ ဈေးကွက်အတွေ့အကြုံဘယ်လောက်ရှိတယ်ဆိုတာ လူအများသိအောင် ငါလုပ်မယ်။


လိုရင်းကို ချုပ်ပြောရရင်တော့ ခင်ဗျား။ နေ့ချင်းညချင်း တိုင်းပြည်မှာ နာမည်ကြီးရတနာကုန်သည်တစ်ယောက် ဖြစ်လာအောင် စာပေလောကကို ခုတုံးလုပ်ပြီး ကြံစည်ခဲ့တာပဲ။

ကံကောင်းချင်တော့ ကျောက်မျက်အကြောင်းကို စာရေးတဲ့စာရေးဆရာကလည်း အဲဒီခေတ် အဲဒီအချိန်မှာ မရှိသလောက်ကိုပဲ ရှားတယ်ခင်ဗျား။

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနက ကျောက်မျက်အကြောင်း စာရေးတဲ့ဆရာတစ်ယောက် နှစ်ယောက်ရှိပါတယ်။ ဒါပေမဲ့ သူတို့က စာရေးဆရာမဟုတ်ဘူး။ ရတနာကုန်သည်လည်း မဟုတ်ဘူး။ ကျောက်မျက်ဗေဒပညာရှင်တွေ . . . ။

စာရေးဆရာ မဟုတ်ကြတဲ့အတွက် သူတို့ရေးတဲ့စာက ကောင်းပေမယ့် မာနေတယ်။ ပြည်သူလူထုကြားထဲကို ထိုးဖောက်ဝင်ရောက်နိုင်တဲ့စာမျိုး မဟုတ်ဘူး။ ရတနာကုန်သည်မဟုတ်ကြတဲ့အတွက် သူတို့စာ

**မိုးကုတ်ဒေသထွက် ပတ္တမြားတစ်ပွင့်**



www.foreverspace.com.mm

ကို စိတ်ဝင်စားအောင် . . . ရသပါအောင် . . . ဇာတ်သဘောပါအောင် . . . အဲ. . . Dramatise ဖြစ်အောင်. . . မရေးနိုင်ကြဘူး။

အဲဒီအချိန်တုန်းက စာရေးဆရာထဲက ကျောက်မျက်အကြောင်းကိုရေးတဲ့လူကလည်း ကျွန်တော် သတိထားမိသလောက် တစ်ယောက်ပဲရှိတယ်။

ဆရာ ကြီးသဲညွန့်နိုင် . . . ။

ဆရာ ကြီးသဲညွန့်နိုင်ကလည်း စီးပွားရေးလောကကို သိပ်စိတ်ဝင်စားပုံမရဘူး။ စာပေလောကမှာပဲ အားသန်တယ်။

ကျွန်တော် ဘာစာတွေရေးရမလဲ။

ချက်ချင်း ကျောက်မျက်လောကမှာ နာမည်ကြီးအောင်၊ လူသိအောင် စာရေးဖို့က ကျောက်မျက်အကြောင်းကို ဝတ္ထုဆောင်းပါးဟန်ရေးမှဖြစ်မယ်။

နောက် . . . အခန်းဆက်ဝတ္ထုဆောင်းပါးဖြစ်ရမယ်။ အခန်းဆက်ဝတ္ထုဆောင်းပါးက စာရေးဆရာတော်ရင် တော်သလို ပြည်သူလူထုထဲကို အရှိန်အဟုန်နှင့် ထိုးဖောက်နိုင်တယ်။ ဥပမာ . . . ဆရာသိန်းဖေမြင့်ရဲ့ 'အရှေ့ကနေဝန်းထွက်သည့်ပမာ'၊ ဆရာမခင်နှင်းယုရဲ့ 'မွေး'၊ ဆရာအောင်လင်းရဲ့ 'အရိုင်းစံပယ်'၊ ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ 'ညီမလေးရယ် စိုးရိမ်မိတယ်'၊ 'သူ့ကျွန်မခံပြီ'၊ 'မုန်းရစ်လေဦး' . . . ။

မှန်ပါတယ်ခင်ဗျား။

အခန်းဆက်ဝတ္ထုဆောင်းပါးက စာရေးသူ နိုင်အောင်ကိုင်နိုင်ရင် . . . ကိုင်တတ်ရင် ဆွဲဆောင်မှု . . . အောင်မြင်မှုက အလွန်ကြီးတယ်ခင်ဗျား။

ကျွန်တော် ကျောက်မျက်လောက အတွေ့အကြုံတွေကို ဝတ္ထုဟန်ပြန်ရေးမယ်လို့ ချက်ချင်းဆုံးဖြတ်လိုက်တယ်။


အဲဒီအချိန်မှာ ကန့်လန့်ကြီးဖြစ်နေတာကတော့ ကလောင်အမည်ပဲခင်ဗျား။

ကျွန်တော့်ကလောင်အမည်ကို 'လေသူရဲတစ်ဦး' လို့ ယူထားမိတယ်။ လေသူရဲဆိုတဲ့လူက ကျောက်မျက်လောကအကြောင်းတွေကို ဘယ်လိုဝင်ရေးရမလဲ။

ကျွန်တော် စာပေလောကကို ဝင်ခဲ့တာက ၁၉၆၄ ခုနှစ် ဇူလိုင်လကပါ။ မြဝတီနှင့် ငွေတာရီမဂ္ဂဇင်းတွေမှာ လေကြောင်းစွန့်စားခန်းတွေကို ရေးရင်းနဲ့ စာပေလောကကို ဝင်ခဲ့တာပါ။ ဝတ္ထုတိုသမားပါ။ လေကြောင်းဝတ္ထုတိုတွေ အများကြီးရေးခဲ့ဖူးပါတယ်။

ဒါပေမဲ့ ကျွန်တော် လေသူရဲဘဝကို

**ကျောက်မျက်စာရေးဆရာ Richard Hughes**



www.foreverspace.com.mm

စွန့်လိုက်တာကြာပြီ။ ၁၉၆၉ ခုနှစ်ကတည်းက စွန့်ခဲ့တာ။

အဲဒီအချိန်ထဲကစပြီး ရတနာကုန်သည် စဖြစ်ခဲ့တာ။

ခေတ်ပြောင်းသွားတဲ့ ၁၉၈၈–၁၉၈၉ ခုနှစ်တွေ ရောက်တဲ့အချိန်ကျတော့ ကျွန်တော် ရတနာကုန်သည်ဖြစ်နေတာ နှစ်ပေါင်း ၂၀ လောက်ရှိသွားခဲ့ပြီ။ လေသူရဲဘဝအကြောင်း ရေးစရာကုန်ကြမ်းတွေလည်း ကျွန်တော့်မှာ ဘာမှမရှိတော့ဘူး။

ရတနာလောကအကြောင်း ကုန်ကြမ်းတွေပဲ ရင်ထဲမှာ အပြည့်အသိပ်ရှိနေတယ်။

ရယ်ရတယ် ခင်ဗျား။

လမ်းစဉ်ပါတီခေတ် တစ်ခေတ်လုံးမှာတော့ ကိုယ် ရတနာကုန်သည် လုပ်စားနေတာကို လူသိမှာ သိပ်ကြောက်ခဲ့တယ်။ တိတ်တိတ်ပုန်းလုပ်ခဲ့တယ်။ လူမသိအောင်ကြိတ်လုပ်ခဲ့တယ်။

၁၉၈၈ ခုနှစ် နောက်ပိုင်းကျတော့ ကိုယ်ဟာ ရတနာကုန်သည်ကြီးဆိုတာကို လူတွေကို သိပ်သိစေချင်နေတယ်။ စောစောက တင်ပြသလို နာမည်ရှိမှ . . . ကျော်ကြားသူဖြစ်မှ ဒီလောကကို တိုးနိုင်တော့မှာ မဟုတ်လား။

ငွေဂုဏ်နဲ့လည်း ကိုယ်ဒီလောကကို တိုးလို့ရမှာမဟုတ်ဘူး။

အသိုင်းအဝိုင်းဂုဏ်နဲ့လည်း ဒီလောကကို တိုးလို့ရမှာမဟုတ်ဘူး။

ကျော်ကြားတဲ့ဂုဏ် . . . ပညာဂုဏ်နဲ့ပဲ ဒီလောကကို တိုးရတော့မယ်။

ကျွန်တော့်ကလောင်နာမည်ကို ချက်ချင်းပဲ 'လေသူရဲတစ်ဦး' အဖြစ်က ဦးလှဝင်း (လေသူရဲတစ်ဦး) အဖြစ်ကို ပြောင်းပစ်လိုက်ရပါတယ်ခင်ဗျား။

အဲဒီအချိန်မှာ စီးပွားရေးမဂ္ဂဇင်းတွေကလည်း ပေါ်လာကြပြီ။

ဓနနှင့် မြန်မာ့ဓနမဂ္ဂဇင်းတွေကို အလွန်လူကြိုက်များနေတဲ့ခေတ်ပေါ့ခင်ဗျား။

စာရေးဆရာ မောင်ပေါ်ထွန်းက အဲဒီတုန်းက ဓနမဂ္ဂဇင်းမှာ အယ်ဒီတာချုပ်လုပ်ပါတယ်။ မောင်ပေါ်ထွန်းနဲ့ ကျွန်တော်က



**မြန်မာ့ကျောက်မျက်ရတနာအရောင်းဆိုင်တစ်ခု**

စာပေဗိမာန်မှာ အတူလက်တွဲပြီး အလုပ်လုပ်ခဲ့ကြဖူးတယ်။ ဒါကြောင့် မောင်ပေါ်ထွန်း အယ်ဒီတာချုပ်လုပ်တဲ့ ဓနမဂ္ဂဇင်းမှာ 'ကျွန်တော် ရတနာကုန်သည်' ဆိုတဲ့အခန်းဆက်ဝတ္ထုဆောင်းပါးရှည်ကြီးကို စရေးပါတယ်။

၁၉၉၂ ခုနှစ် ဇန်နဝါရီလကစပြီး ၁၈ လကြာရေးခဲ့တဲ့ အခန်းဆက်ခင်ဗျား။ နောက် . . . အခန်းဆက်ရေးပြီးတာနဲ့ ဓနမဂ္ဂဇင်းကပဲ ချက်ချင်း လုံးချင်းပြန်ထုတ်ပါတယ်။

အလွန်အောင်မြင်ခဲ့တယ်ခင်ဗျား ...။

လပေါင်း ၁၈ လ အခန်းဆက်ရေးနေတဲ့အချိန်အတွင်းမှာပဲ မြန်မာနိုင်ငံရဲ့ ရတနာလောကမှာ ကျွန်တော့်နာမည်ကို လူတိုင်းသိကုန်ပြီ။

ကျွန်တော့်နာမည်နဲ့ ကျောက်မျက်ရတနာသင်တန်းတစ်ခုကို ဖွင့်လိုက်တယ်။

အောင်မြင်တယ်။

ကျွန်တော့်နာမည်နဲ့ ကျောက်မျက်ဓာတ်ခွဲခန်းတစ်ခုကို ဖွင့်လိုက်တယ်။

အောင်မြင်တယ်။

ပိုကံကောင်းချင်တော့ ကမ္ဘာ့ကျောက်မျက်စာပေလောကမှာ အလွန်နာမည်ကြီးနေတဲ့ အမေရိကန်စာရေးဆရာ 'Richard Hughs' နဲ့ လက်တွဲပြီး ဗြိတိန်နိုင်ငံထုတ် Journal of Gemmology မဂ္ဂဇင်းမှာ 'Myanma Sapphire Giants by Richard W.Hughes and U Hla Win' ဆိုတဲ့ ဆောင်းပါးကို ရေးနိုင်လိုက်တယ်။

ဒီဆောင်းပါးကို ရေးနိုင်ခဲ့တဲ့အတွက်လည်း ပြည်ပရတနာလောကကို ကျွန်တော့်အတွက် လမ်းပွင့်သွားတယ်ခင်ဗျား။

Richard Hughes နဲ့ခင်တဲ့ ပြည်ပကရတနာကုန်သည်ကြီးတွေ မြန်မာနိုင်ငံကိုရောက်လာတဲ့အခါ ကျွန်တော့်ဆီ ဝင်လာတယ်။ ဥရောပရတနာဈေးကွက်၊ အမေရိကန်ရတနာဈေးကွက်ကလူတွေနဲ့ ပထမဆုံး ဟုတ်တိပတ်တိ စထိတွေ့ခွင့်ရတယ်ခင်ဗျား။ Richard Hughes နဲ့အတူ ထိုင်းနိုင်ငံက ရတနာမြို့တော်ဖြစ်တဲ့ 'ချန်တာဘူရီ' မြို့ကို သွားလေ့လာခွင့်ရတဲ့အတွက် ကျောက်မီးဖုတ်တဲ့ပညာ (Heat Treatment) နဲ့ ကျောက်သွေးပညာ (Cutting Technique) တွေကို သာမန်မြန်မာရတနာကုန်သည်တွေထက် ပိုပြီးသိခွင့် . . . နားလည်ခွင့် . . . အသုံးချခွင့်တွေကို ရခဲ့တယ်။

(ဆက်လက်ဖော်ပြပါမည်)

**ဦးလှဝင်း (လေသူရဲတစ်ဦး)**
၂၃–၇–၂၀၀၈